


# MARILYN MONROE
BY NORMAN MILLER
# NORMA JEAN
BY FRED LAWRENCE GUILES

2002 GRAPHIC DESIGN : KYAW MINN MOUNG

ဒုတိယ အကြိမ်

# [illegible]ဆောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| [illegible] | [illegible] သိမှတ်စရာ | ဆရာကြီးတက်တိုး |
| [illegible] | [illegible] နောက်ဆုံးနေ့များ | မောင်မိုးသူ |
| [illegible] | [illegible] (၃) | ဆင်ဖြူကျွန်းအောင်သိန်း |
| [illegible] | [illegible] | ဟိန်းလတ် |
| [illegible] | [illegible] | ခင်မိမိသက် |
| [illegible] | [illegible] (၆) မျက်ဝန်း | အလောက်တော်လှအောင် |
| [illegible] | [illegible] | ခင်မောင်အေး(မန္တလေး) |
| [illegible] | [illegible] (၈) | ဆင်ဖြူကျွန်းအောင်သိန်း |
| [illegible] | [illegible] (ဒုတိယတွဲ) | ဆရာဦးမောင်မောင်သန်း |
| [illegible] | [illegible] | အောင်သင်း |
| [illegible] | [illegible] | ရွှေဥဒေါင်း |
| [illegible] | [illegible] ဗုဒ္ဓဝင်တော်များနှင့် [illegible] (၄) | မင်းသုဝဏ် |
| [illegible] | [illegible] | ဦးမြင့်အောင် |
| [illegible] | [illegible] ခင်ထွန်းစကား | မြတ်မင်းရှင် |
| [illegible] | [illegible] အောင်မြင်သောကျော်ကြားခဲ့သောတွေ့တို့များ | ရွှေဥဒေါင်း |
| [illegible] | [illegible] | ဦးစိန်ထွန်း(မာယက-သုတေသီ) |
| [illegible] | [illegible] ချစ် အသ | အလောက်တော်လှအောင် |
| [illegible] | [illegible] (၁) | ဒုတိယဝိုင်းမှူးကြီးဆောင်းထိုက်(အငြိမ်းစား) |
| [illegible] | [illegible] | နတ်နွယ် |
| [illegible] | [illegible] | မြသက |
| ၈၀။ | တဲမင်းဆေးစတွေ့တို့ | ကလေးတော်စံ |
| ၈၁။ | ဗုဒ္ဓဂုဏ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ အမှတ် (၅) | ဆရာမင်းသုဝဏ် |
| ၈၂။ | ပုဂ္ဂလပညတ် အကျဉ်းချုပ်ကျမ်း | ဆရာကြီး ဦးသာအောင် |
| ၈၃။ | ရေမီ သို့မဟုတ် ကြောဝင်္ဂအွန်အင်ဖြင့် ရောဂါကုသနည်း | ဟိန်းလတ် |
| ၈၄။ | စာဆိုရှုံးတ | မောင်ခေတ်ထွန်း (စိတ်ဇသူ) |
| ၈၅။ | မျှော်မှည့ | မောင်ကျော်အောင် |
| ၈၆။ | သုတေသီတော်၏ ဂန္ထဝင်တွေ့တို့များ | ဝေယံလင်းခေါင် |
| ၈၇။ | တရုတ်ရှေးဟောင်းနက်နဲ့ပြီးတော် အတတ်ပညာနှင့် ဖွဲ့လျှော့ပညာ | ဆရာရှိအောင်ဟိန်း |
| ၈၈။ | ၂၁ ရာစု အင်္ဂလိပ်စာဆောင်းပါးများပေါင်းချုပ် (ပဉ္စမတွဲ) | ဆရာဦးမောင်မောင်သန်း |
| ၈၉။ | ကလေးများအတွက် ကြိယာအသုံးပြု<br>အင်္ဂလိပ်-မြန်မာ ပုံပြအဘိဓာန် | ပညာရွှေတောင်စာတည်းအဖွဲ့ |
| ၉၀။ | ရှစ်ဝမ်က ရှင်းပြလည်းသူ | အလောက်တော်လှအောင် |
| ၉၁။ | ကမ္ဘာကြီးရဲ့ မနက်ဖြန် | ကျော်ဝင်း |
| ၉၂။ | တန်ဖိုးထောက်မြောက်သည့် ဗုဒ္ဓဂုဏ်တော်နှင့်<br>ကိုယ်တွေ့ဖြစ်ရပ်များ (၁၊ ၂၊ ၃)ပေါင်းချုပ် | မင်းသုဝဏ် |
| ၉၃။ | ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ | ဝင်းနိုင်ဦး (ရေနံ) |
| ၉၄။ | စလေဆရာကြီး ဦးပုည အဖွင့်ကျမ်း | ဦးမြင့်သွင် R.A (C.P.A) |
| ယာ၃ | | |
| ၉၆။ | မွန်မို | အလောက်တော်လှအောင် |

**ဆက်ထုတ်ရန်**

| | | |
|---|---|---|
| ၉၇။ | စနစ်တကျအသုံးပြုရမည့် ဗိုလ်သတ်ဆေး | ကိုရဲ (စိုက်ပျိုးရေး) |

ပညာရွှေတောင်စာချပ် - ၉၅

# မွန်ရိုး

အထောက်တော်လှအောင်
(မြန်မာပြန်)

**Marilyn Monroe**

by

Norman Miller

*and*

**Norma Jean**

by

Fred Lawrence Guiles

ပညာရွှေတောင်စာအုပ်တိုက်
အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၂၈၃၃

အတွင်းစာသားခွင့်ပြုချက်အမှတ် ၃၈/ ၂၀၀၂(၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၅၃/၂၀၀၂(၆)

ထုတ်ဝေသည့်အကြိမ် ပထမအကြိမ်

နံ့သာတိုက်၊ ၁၉၇၄ နိုဝင်ဘာ

ဒုတိယအကြိမ်

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ ၁၀၀၀

အတွင်းပုံနှိပ် ကိုကျော်မင်းမောင်

ဖလင် ဦးထွန်းဆိုင်

ထုတ်ဝေသူ ဒေါ်မိုးကေနိုင်

ချိုတေးသံစာပေတိုက်

(မြ - ၀၁၆၉၂)

ရွှေနံ့သာကျေးရွာ၊ ပုသိမ်မြို့ (၃)

မင်္ဂလာဒုံ

မျက်နှာဖုံးနှင့် ဦးဝင်းအောင်

အတွင်းစာသားပုံနှိပ် သန်းတိုက်ရတနာအော့ဖ်ဆက်

မြ(၀၅၁၃၁)၊ အမှတ် ၇၄၊ လမ်း ၅၀၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ၆၅၀ ကျပ်

## စာရေးသူအမှာ

လွန်ခဲ့သော နှစ်ပေါင်း အစိတ်ခန့်က ကျောင်းသားဘဝ ကျွန်တော်၊ သတင်းစာသမား ပေါက်စ ကျွန်တော်၊ စာပေနယ်မှာ ခြေချစ ကျွန်တော်သည် သူ့ကို အကြိမ်ကြိမ် တွေ့ခဲ့ဖူးပါသည်။

ရွှန်းလဲ့ရီဝေသော သူ့မျက်လုံးများနှင့် တပ်မက်သော ကျွန်တော့် မျက်လုံးတို့သည် ကြိမ်ဖန်များစွာ အပြန်အလှန် စူးစိုက်ကြည့်ခဲ့ဖူးပါသည်။

တောက်ပမြူးကြွသော သူ့အပြုံးများနှင့် ရွှင်လန်း ကြည်မောသော ကျွန်တော့်အပြုံးများသည် လွန်းထိုး ယှက်နွယ် တုန့်လှယ်ခဲ့ကြဖူးပါသည်။

ကျွန်တော်တို့ထက် ငယ်ရွယ်သူများ၊ ကျွန်တော်တို့နှင့် ရွယ်တူများ၊ ကျွန်တော်တို့ထက် ကြီးသူများသည် သူ့အလှကို တမ်းမူးတိမ်းညွှတ်ခဲ့ကြဖူး ပါသည်။

သူ သီဆိုသွားသည့် တေးသီချင်းကလေးများကို ကြည်ဝင်းသော လရောင်လွှမ်းရာ ညမွှေးမွှေးများမှာ လွမ်းမောစွာ ကျွန်တော်တို့ သီဆိုခဲ့ကြ ဖူးပါသည်။

သည်အကြောင်းကလေးများကို တရှိုက်မက်မက်ရင်းဖြင့် သူ့အကြောင်း ကို ကျွန်တော် ရေးမိပါသည်။

သူတို့တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေးစနစ်များ အတွင်းမှာ သူနှင့် အတူ သူ့နိုင်ငံသားများ မည်သို့ ရုန်းကန်လှုပ်ရှားကြရသည်ကို ပေါ်လွင် စေရန် ကျွန်တော် အားထုတ် ကြိုးပမ်းကြည့်ပါသည်။

သူတို့၏ လူနေမှုစနစ်နှင့် ယဉ်ကျေးမှုများက သူ့ဘဝရေစီးကြောင်းကို

မည်သို့ ပြောင်းလဲပေးခဲ့ကြောင်း ရုပ်လုံးကြွလာစေရန် ကျွန်တော် အစွမ်းကုန် ပုံဖော်ကြည့်ပါသည်။

အောင်မြင် ကျော်ကြားမှုကို တရှိက်မက်မက် ရယူလိုမှု၊ လက်ဝယ် ရယူလာသည့် ထို အောင်မြင်ကျော်ကြားမှု၏ဒဏ်ကို ကြံ့ကြံ့ မခံနိုင်မှုများ ပုံလွှာ ထင်ဟပ်လာစေရန် ကျွန်တော် အစွမ်းကုန် စုတ်တို့ ဆေးခြယ် ကြည့်ပါသည်။

လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသူ တစ်ဦးကိုပင် နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်ကြသည့် အကြောင်းကို အဖုံးအကွယ် မရှိ မြင်တွေ့ရစေရန် ကျွန်တော် တတ်စွမ်းသမျှ မီးမောင်းထိုးကြည့်ပါသည်။

အောင်မြင်ကျော်ကြားမှု၊ မေတ္တာမိုးခေါင်မှု၊ အချစ်ဆာလောင် မွတ်သိပ်မှု၊ ခေတ်မီဆေးဝါးများ စွဲလမ်းမှု၊ ကိုယ်ပိုင် လွတ်လပ်ခွင့် အချုပ်သိမ်းခံရမှု စသည့် လူမှုဒုက္ခ အပေါင်းတို့ကြောင့် စိတ်နားနေရာ မရရှာဘဲ ရုန်းကန်လှုပ်ရှားနေရသော လူ့ဘဝခရောင်းတောကို စိတ်မော အောင် ခံစားရစေရန် ကျွန်တော် လက်ကုန် ဖွဲ့နွဲ့ကြည့်ပါသည်။

တစ်ရံရောအခါက ကျွန်တော်တို့၏ အိပ်မက်များမှာ ကြီးစိုးခဲ့ဖူးသူ တစ်ဦး၏ ဆွတ်ပျံ့သာမောဖွယ်ကလေးများကို ကျွန်တော့်စိတ်သန္တာန်တွင် အရိပ်ထင်လာသည့်အတိုင်း လွမ်းမောနိုင်သမျှ ကျွန်တော် အစွမ်းကုန် တမ်းတကြည့်ပါသည်။

လိုရင်းကိုဆိုသော် ကျွန်တော် ပုံဖော်လိုသည်မှာ သူတို့စနစ်၊ သူတို့ ယဉ်ကျေးမှု၊ သူတို့ဘဝနှင့် သူတို့ပတ်ဝန်းကျင်။

အထောက်တော်လှအောင်

## ဝန်လာပြန် ဘယ်ရေးကံမသိ

ရွှေရောင်ဆံပင်တို့သည် ပျောင်းညှံ့နုအိကာ

ဖွာရရာ လွင့်ကျနေ၏။

သူ့တစ်ကိုယ်လုံးသည် ရေများ ရွှဲရွှဲစိုကာ အေးစက်နေသည်။

အအေးဒဏ်ကြောင့် တအား ဟစ်၍ငိုရန် မျက်နှာကို မဲ့လိုက်သည်။ မဲ့လိုက်သော သူ့မျက်နှာပေါ်မှာ အလှသည် ထင်းထင်းပေါ်လာသည်။ မှန်ပါသည်။ (၁၃)လ သမီးမျှသာ ရှိသေးသော်လည်း သူ့အလှသည် ထင်ရှားလွန်းချေသည်။

ကလေးငယ်တို့၏ မျက်နှာပေါ်တွင် အလှတရားသည် ထာဝရတည်ရှိ ကိန်းဝပ်မြဲသာတည်း။

ကလေးငယ် မှန်သမျှတို့သည် လူ့လောကတွင် မစင်ကြယ်သော မည်သည့် အလုပ်ကိုမျှ မပြုလုပ်ကြသေး။ လူ့လောက၏ ပြစ်ချက် တစ်စုံတစ်ရာသည် သူတို့အပေါ်သို့ ကျရောက်ခြင်း မရှိသေး။

စင်ကြယ်သောဘဝ၊စင်ကြယ်သောအလှ၊ပြစ်ချက်အနာအဆာကင်းစင်သော ဘဝ၏အစမှ ငိုသောအခါတွင်လည်း ထိုမျက်နှာငယ်သည် ချစ်ခင်ကြင်နာဖွယ်အတိ ပြီးချေ၏။ ရယ်သောအခါတွင်လည်း ထိုမျက်နှာငယ်သည် နှစ်လိုမြတ်နိုးဖွယ်၊ ကြည်နူးချမ်းမြေ့ဖွယ်တို့ဖြင့် ထုံမွမ်းချေ၏။

ထို့အတူ အအေးဒဏ်ကြောင့် ဟစ်ငိုလိုက်ရန် မျက်နှာမဲ့လိုက်သည့် (၁၃)လ သမီးငယ်ကလေး၏ မျက်နှာသည်လည်း အလှကြီးလှလျက် ရှိပါသည်။ သူ့အလှသည် အခြား အခြားသော ကလေးငယ်တို့၏ အလှထက် ပိုမို ထင်ရှားလွန်းပါသည်။

သာမန်ထက် ပိုမို ထင်ရှားသော အလှဖြင့် ဖွဲ့စည်းထားသည့် ကလေးက သူ့မျက်နှာကို မှဲ့လိုက်လေသောအခါ ချစ်ခင်ကြင်နာတတ်သည့် နှလုံးသည်းပွတ်သည် လှုပ်ရှား၍ သွားသည်။ နှစ်လိုမြတ်နိုးတတ်သည့် အသိစိတ်က နိုးထ၍လာသည်။ ကြည်နူးချမ်းမြေ့တတ်သည့် စေတသိက်သည် ပုတ်ခတ်ခြင်းကို ခံလိုက်ရသည်။

"မေမေ . . . . "

နှိုက်သံနှင့်ရောကာ မပီမသ ဗလုံးဗထွေး ငိုလိုက်သောအသံသည် ဆည်းလည်းပေါင်း များစွာတို့ကို ဆောင်းဦးလေ အသာမှာ အညာမှ ကိုင်လှုပ်သလို နားဝင်ချိုလှပါသည်။

"ပြီးပြီနော် ပြီးပြီ၊ သမီးက လိမ္မာပါတယ်ကွယ်၊ တိတ်တိတ် မငိုနဲ့၊ သမီးကို မုန့်တွေ အများကြီးကျွေးရမယ်ဟုတ် လက်စတော ဆိုတဲ့ အကောင်က တော်တော်ဆိုး၊ သူ့ကို အန်တီ ရိုက်မယ်၊ သမီးကို မုန့်တွေ အများကြီး ကျွေးမယ်၊ အင်္ကျီလှလှလေးလည်း ဝတ်ပေးမယ်၊ အန်တီ့ကို အန်တီအိုက်ဒါလို့ ခေါ်နော်၊ အန်တီက သမီးမေမေ မဟုတ်ဘူးကွယ့်၊ သမီးမေမေက သမီး ဆီကို မကြာခဏ လာတဲ့ ဆံပင်နီနီနဲ့မိန်းမ"

ကြွေရည်သုတ် ရေချိုးကန် အတွင်းမှ သမီးငယ်သည် အိုက်ဒါ ဘိုလင်ဒါ၏ မျက်နှာကို ငေးစိုက်ကြည့်ရင်း အငိုရပ်သွားသည်။

သူ ဘာကို သဘောပေါက်ပါသနည်း။ အိုက်ဒါဘိုလင်ဒါ ပြောသည့်စကားများကို သူ နားလည်ပါမည်လော။ မုန့်အများကြီးနဲ့ အင်္ကျီ လှလှ မှလွဲပြီး အခြား စကားများကို သမီးငယ် နားလည်နိုင်မည် မဟုတ်ပါ။ ယခုမှ သူ့အသက်သည် (၁၃)လသာ ရှိပါသေးသည်။ အခြား ကလေးများ ခေါ်သံကြားသဖြင့် "မေမေ" ဟု သံယောင်လိုက်ခြင်းသာ ဖြစ်ပါသည်။

လူ့လောကအတွင်းသို့ လူအဖြစ် ရောက်ရှိလာသော လူသား တစ်ယောက်အဖို့ သူ့ဘဝတွင် ပထမဆုံး စတင်ပြောသည့် လူစကားမှာ "မေမေ" ဟူသော စကားလုံးပင် ဖြစ်ပါသည်။

သို့သော် ကံဆိုးရှာသော သမီးငယ်သည် "မေမေ" ခေါ်တတ်လျှင် ခေါ်တတ်ချင်း မေမေ အစစ်ကို မေမေဟု ခေါ်ခွင့် မကြုံရရှာချေ။

သည်လိုဖြင့်ပင် လူ့လောက၏အလယ်သို့ မိဘမဲ့ကလေးဘဝဖြင့်

အဖော် မပါဘဲ တစ်ကိုယ်တည်း သူရောက်လာခဲ့သည်။

သူကား . . .

နေဘ်မာဂျီးန်

* * *

ရွှေရောင်ဆံပင်တို့သည် ပျောင်းညံ့နူးအိကာ

ဖွာရရာလွှင့်ကျနေ၏။

သူ့တစ်ကိုယ်လုံးသည် အေးစက်နေသည်။

နှစ်ခြိုက်စွာ အိပ်ပျော်နေသည့်အလား သူ့မျက်လုံးများကို စုံမှိတ်ထားသည်။ နှုတ်ခမ်းအစုံသည် အားပါးတရ ပြုံးလိုက်တော့မလို ထင်မှတ်ရသည်။

အလှသည် ထင်းထင်းကြီး ပေါ်နေ၏။ ကျောက်စားပွဲပေါ်မှာ မလှုပ်မယှက် ငြိမ်သက်နေသည့် သူ့မျက်နှာကလေးကို ငုံ့ကြည့်လိုက်မိလျှင် သူနှင့် ဝေးရာသို့ ထွက်မသွားချင်လောက်အောင်ပင် သူ့အလှက ဖမ်းစားလွန်းချေသည်။

ပါးမို့ကလေးများသည် နှင်းဆီရောင် နှုတ်ခမ်းနှင့် အပြိုင်အဆိုင် ပန်းနုရောင် မပြေးနိုင်တော့သော်လည်း ဖျော့တော့သော ပန်းနုရောင် လက်ကျန်ကိုမူ မြင်တွေ့နေရဆဲ ဖြစ်သည်။

အကြောစိမ်းစိမ်းများ မယှက်သန်းနိုင်တော့သော်လည်း ပြည့်ဖြိုးသည့် လည်တိုင်သည် ချောမွတ် တင်းရင်းကာ ထိရက်စရာ မရှိအောင် လှပနေမြဲပင်။

သူ၏ လက်ဝဲလက်ယာမှာ၊ သူ၏ ခေါင်းရင်းခြေရင်းမှာ ကျောက်စားပွဲတို့သည် အစီအရီ ရှိကြကုန်၏။ ထိုကျောက်စားပွဲ အများစုပေါ်မှာ သူ့လိုပင် ငြိမ်သက်နေကြသည့် ယောက်ျား၊ မိန်းမ အရွယ်စုံ၊ ပုံပန်းသဏ္ဌာန်စုံ၊ အရောင်အသွေးစုံတို့ ရှိကြကုန်၏။ သူ့လိုပင် အားလုံးတို့သည်လည်း အဝတ်ဖြူများ တင်းတင်းပတ်ကာ ရှိကြကုန်၏။

နေရာကား လော့အိန်ဂျယ်လိပြည်နယ် ဆေးရုံ၏ ရေခဲတိုက်ဖြစ်ချေသည်။

ကျောက်စားပွဲပေါ်မှာ ရှိနေကြသူ အားလုံးတို့သည် အမျိုးအမည်

မသိသူများ၊ အမျိုးအမည် မသိသောကြောင့် မည်သို့ သကြိုဟ်ရမည်ကို မသိသေးသူများ၊ အမျိုးအမည် သိသော်လည်း တာဝန်ခံ သကြိုဟ်ပေးမည့်သူ မရှိသေးသူများ ဖြစ်သည်။

သူတို့ အကြားမှာ အလှထူးနေသူကား ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုးပင်တည်း။

သူ့ကို သကြိုဟ်မည့်သူ ယခုအထိ ပေါ်မလာသေး၊ မည်သူကမျှ တာဝန်မယူသေး။ ကြွင်းကျန်ရစ်သော ဤရုပ်အလောင်းသည် မိမိတို့နှင့် သက်ဆိုင်ပါသည်ဟု တင်ပြလာသူ မရှိသေး။ မိမိတို့နှင့် မသက်ဆိုင်သော်လည်း ရင်းနှီးသိကျွမ်းသူ ဖြစ်သဖြင့် မိမိပင် တာဝန်ယူကာ သကြိုဟ်ပေးပါမည်ဟု အကြောင်းကြားလာသူ မရှိသေး။

မာရီလင်မွန်ရိုးကား နော်မာဂျိန်းပင် ဖြစ်ချေသည်၊

လူ့လောကအတွင်းသို့ အဖော်မပါဘဲ တစ်ကိုယ်တည်း ရောက်လာခဲ့သည့် နော်မာဂျိန်းသည် မာရီလင်မွန်ရိုး အဖြစ်ဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားအောင်မြင်ကာ လူ့လောကအတွင်းမှ အဖော်မပါဘဲ တစ်ကိုယ်တည်းပင် ပြန်လည် ထွက်ခွာသွားချေပြီ။ တစ်ကမ္ဘာလုံးက သူ့အလှကို ဝေးမောတပ်မက်ခဲ့ကြသော်လည်း သူ့ဘဝဇာတ်သိမ်းချိန်တွင် အထီးကျန် ဘဝဖြင့် ကြုံရရှာချေပြီ။

မိမိ ဝထမဦးဆုံးတတ်သည့် "မေမေ" ဟူသော စကားဖြင့် မေမေ အစစ်ကို ခေါ်ခွင့် မကြုံခဲ့ရရှာသော နော်မာဂျိန်း ခမျာ နာကြည်းရမှန်း မသိခဲ့၊ ထို့ကြောင့် နာကြည်းခြင်းကြီးစွာ ငိုရကောင်းမှန်း မသိခဲ့။

မာရီလင်မွန်ရိုးသည်လည်း လောကအလယ်မှာ အဖော်မပါ ဇလာကိုယ်ထီး ထွက်သွားရသောအခါ ဇီဝသည် ချုပ်ငြိမ်းပြီး ဖြစ်ချေပြီ။

ထို့ကြောင့် သူ မငိုပါ။ ထူးခြားသော သူ့အလှသည်သာ ရေခဲတိုက်အတွင်းမှ ကျောက်စားပွဲပေါ်မှာ ညှိုးရော် နွမ်းခြောက်မည့် အချိန်ကို ငံ့လင့် စောင့်ကြိုလျက် ရှိချေသည်။

* * *

အထင်သေးသော မျက်လုံးပေါင်း မြောက်မြားစွာတို့သည် အရပ်ရှစ်မျက်နှာမှ ပြေးလာကာ ကလေးအုပ်ကြီးအတွင်းမှာ ရပ်တန့် နှစ်မြှုပ်

ကြကုန်၏။

မိဘမဲ့ကလေးများဂေဟာနှင့် ထိုကလေးများ စာသင်ကြားရာ ကျောင်းသည် လမ်းလေးလမ်းကျော် ကွာဝေး တည်ရှိကြသည်။ မိဘမဲ့ ကလေးများဂေဟာမှ ကလေးတို့သည် နေ့စဉ်နေ့တိုင်း လေးလမ်းကျော် ဝေးသည့် အရပ်ကျောင်းသို့ သွားရောက် စာသင်ကြရသည်။ ကျောင်း တက် ကျောင်းဆင်းခြင်း အလုပ်သည် သူတို့အတွက် နိစ္စဓူဝ ဖြစ်သည်။

ကျောင်းသို့သွားသောအခါ တူညီဝတ်စုံဝတ်ရန် မလို။ ဂေဟာ မှာ နေချိန်တွင်လည်း ကိုယ်ကြိုက်ရာ၊ ကိုယ့်ရှိရာ အဝတ်အစားကို ဝတ်နိုင် သည်။

သို့သော် ကျောင်းတက် ကျောင်းဆင်းများတွင်မူ နှစ်ရှောက် တစ်တွဲ တန်းစီကာ ကျောင်းနှင့်ဂေဟာကို ကူးသန်းကြရသည်။ ထို့ကြောင့် တူညီဝတ်စုံ မဝတ်ရသော်လည်း မိဘမဲ့ကလေးများဂေဟာမှ ကလေးများ ဖြစ်ကြောင်းကိုမူ လမ်းသွားလမ်းလာတို့က သိပြီး ဖြစ်ကြသည်။

ဆယ်နှစ်သမီးကလေး နော်မာဂျီးန်။

သူ့အသက်နှင့် မလိုက်အောင် ကြီးကောင်ဝင်နေပြီ။ ကိုယ်လုံး ကိုယ်ထည် ဖွံ့လာသည်။ အရပ်ကြီး ရှည်လာသည်။

ထို့ထက် ပိုထူးသည်မှာ သိသာထင်ရှား ထူးခြားလှသည့် သူ့ အလှပင်။ သူဝတ်လေ့ရှိသော သိုးမွေးဆွယ်တာ အနီကလေးသည် သူ့ အသားရောင်နှင့် လိုက်လျောနေ၏။ သူ့ရွှေရောင်ဆံပင်နှင့် ဘက်ညီ နေ၏။ သူ့အလှ မည်မျှ ထူးခြားနေသည်ကို သူ ကောင်းစွာ သိနေပြီ။ ဂေဟာဧည့်ခန်းရှိ ကိုယ်လုံးပေါ် မှန်ကြီးထဲမှာ သူ့ကိုယ်သူ အကြိမ်ကြိမ် ကြည့်ခဲ့ဖူးပြီ။ သူ့အိပ်ခန်းအတွင်းရှိ မှန်ထဲမှာ သူ့မျက်နှာကို အထပ်ထပ် ကြည့်ဖူးပြီ။ အခြား အခန်းများရှိ မှန်ထဲမှာလည်း သူ့အရိပ် ထင်ခဲ့ဖူးပေါင်း မရေမတွက်နိုင်တော့။ ထို့ကြောင့် သူ မည်မျှ လှကြောင်း သူ သိခဲ့ပြီ။ အများတကာ၏ အလှထက် သူ့အလှက ပိုထူးကြောင်း ကောင်းစွာ ယုံကြည်ခဲ့ပြီ။ ယုံကြည်လောက်သည့် သက်သေခံ အဖြစ်အပျက်များလည်း ရှိပါ၏။

စနေနေ့ တစ်နေ့တွင် ဂေဟာညွှန်ကြားရေးမှူးက သူ့ရုံးခန်း

အတွင်းသို့ လာရောက်ရပ်၍ သူ့ကို ခေါ်ခိုင်းလိုက်သည်။ ဂေဟာစည်းကမ်း ဖောက်ဖျက်မှု တစ်ခုခုကို တစ်စုံတစ်ယောက်က တိုင်ကြားသောကြောင့် အရေးယူရန် ခေါ်ခြင်း ဖြစ်သည်ဟု သူ ထင်သည်။

သို့သော် အထင်နှင့်အမြင် ပါစင်အောင် လွဲသွားသည်။

"သမီးရယ်၊ မင်းအသားကလေးတွေဟာ တယ်လှပါလား"

ဟူသော ညွှန်ကြားရေးမှူး ဆရာမကြီး၏ စကားကို ကြားလိုက်ရသောအခါကျမှ သူ့ရင်ထဲက အလုံး ကျသွားသည်။

အမှန်တော့ သူ့အလှအပသည် ဂေဟာတစ်ခုလုံးမှာ ဖုံးလွှမ်းစပြုနေပြီ။ အဆောင်မှူးများ အားလုံး၊ ဆရာမများ အားလုံး၊ ကျောင်းသူများ အားလုံးသာမက ညွှန်ကြားရေးမှူး အဘွားကြီးအထိပင် ပေါက်ရောက်နေပြီ။ အဘွားကြီးက ကရိမ်ပတ်တစ်ဘူး ထုတ်ပေးပြီး မျက်နှာကို လိမ်းခိုင်းသည်။ ပြီးတော့ သူ့ကို ဘယ်ပြန်ညာပြန် ကြည့်သည်။

"သမီး သိပ်လှတာပဲ၊ ဒီနေ့ကစပြီး သမီးမျက်နှာကို အခုအတိုင်း အလှပြင်ပေတော့"

ထိုအကြောင်းကို နော်မာ မမေ့နိုင်။ ဆရာမကြီး ကိုယ်တိုင်က သူ့ကို လိုလိုချင်ချင် ခေါ်ပြီး သူ့အလှကို အကဲခတ်ကြည့်ကာ ချီးကျူးထောမနာ ပြုခဲ့ပြီ ဖြစ်သဖြင့် သူ့အလှ သူ ဗိုယ်သွားသည်။

ထို့ကြောင့် ကျောင်းသွားကျောင်းပြန်မှာ သူ့ကိုယ်သူ အလှပိုပြင်တော့သည်။ ကျောင်းသို့ သွားသောအခါတွင်လည်း ဂေဟာမှ ကျောင်းသူများနှင့် အပေါင်းအသင်း မလုပ်လှဘဲ ထိုကျောင်းမှာပင် ပြင်ပမှ လာတက်နေကြသည့် ကျောင်းသူများကိုသာ ရွေး၍ ပေါင်းသည်။

ဂေဟာနှင့် ကျောင်းအကူးတွင် တန်းစီပြီး လျှောက်နေကြသည့် ကျောင်းသူများထဲမှာ နော်မာကို တွေ့ရမည် မဟုတ်။ ကျောင်းသူများထဲမှ ဘေးသို့ သူမဲ့ထွက်စပြပင် ဖြစ်သည်။ သူ့အလှကို လမ်းသွားလမ်းလာများ မြင်နိုင်စေရန် ဟန်လုပ်ပြရသည်မှာလည်း အမောပင်။

သို့သော် . . .

အထင်သေးသောမျက်လုံးပေါင်း မြောက်မြားစွာသည် နော်မာ့ ကိုယ်လုံးကို ပြေးလာဆောင့်တိုးကြစမြဲ ဖြစ်၏။ ရှုတ်ချသော မျက်လုံးပေါင်း

များဟာတို့သည် နော်မာ့မျက်နှာပေါ်မှာ အရှိန်သတ်ကြစမြဲ ဖြစ်၏။ မှေးစင်းလို သော မျက်လုံးပေါင်း များစွာတို့သည် နော်မာ့ အလှကြောင့် မီးဝင်းဝင်း တောက်ကြမြဲ ဖြစ်၏။ ထိုမှုမှက သူတို့ပါးစပ်ဖျားမှာ ကျယ်လောင်သော အသံများကို ကြားရတတ်စမြဲ ဖြစ်၏။

"ဂေဟာက မိမဲ့ဖမဲ့ ကောင်မလေးတွေပါကွာ"

ဟူသတည်း။

* * *

ဒုတိယမြောက်ခင်ပွန်း ဖြစ်သူ ဒီမက်ဂီယို၏ လက်မောင်းကို ရင်ခွင်မှာ ပွေ့ရင်း လေယာဉ်လှေကားပေါ်သို့ ခြေတစ်လှမ်း ချလိုက်၏။ ဟိုနိုလူလူ လေဆိပ်သည် အမြင်ဆန်းနေသည်။ ဆန်းသစ်သော မြင်ကွင်း များကို ကြည့်ရင်း မာရီလင်မွန်ရိုး၏ မျက်နှာမှာ ကြည်နူးနှစ်သိမ့်မှုများနှင့် ပြုံးပန်းတွေပွင့်နေသည်။ အလှမကလေးသည် ကြည်နူးနှစ်သိမ့်မှုများနှင့် ပြုံးပန်းဆင်ပြီ ဆိုတော့ အလှနတ်သမီးကလေး ဖြစ်သွားစမြဲပင်။

"မာရီလင်မွန်ရိုး၊ မာရီလင်မွန်ရိုး"

ဟူသော အော်သံကြီးကို ဘဝဂ်လျှံမျှ ကြားလိုက်ရသည်၊ ရောမ လူအုပ်ကြီးသည် စည်းရိုးများကို ဖျက်ဆီးကျော်လွှားကာ လေယာဉ်ရှိရာသို့ နွားနိုင်းအုပ်လို ပြေးလာကြသည်။ လုံခြုံရေးတာဝန်ခံများနှင့် ရဲအဖွဲ့ဝင် များသည် လူအုပ်ကြီးကို မတားဆီးနိုင်တော့ဘဲ ဖရိုဖရဲ ဖြစ်သွားကြသည်။

မျက်လုံးအစုံတို့ ဝိုင်းစက်သွားသော မာရီလင်မွန်ရိုးသည် ချစ်လင် ဒီမက်ဂီယိုကိုဖက်ကာ လေယာဉ်ကွင်းအတွင်းသို့ ပြန်ဝင် ပြေးခဲ့ရသည်။ အပြင်တွင် လူအုပ်ကြီးကို တော်တော်နှင့် ရှင်းလင်းမပေးနိုင်သောကြောင့် လေယာဉ်ပေါ်မှာပင် အချိန်များစွာ ကုန်ဆုံးလိုက်ရသည်။

ပြီးတော့ ဂျပန်ပြည်၊ ထိုကျိုမြို့တော်။

ဂျပန်ပြည်သည် သူ့အိပ်မက်ထဲမှာ အမြဲ လှနေ၏။ ပြက္ခဒိန်များ ထဲက ဂျပန်ပြည်သို့ သွားသွားချင်သည်မှာ ကြာပြီ။ ယခုမှ အကောင်အထည် ပေါ်သည်။ ဒီမက်ဂီယိုနှင့် လက်ထပ်ပြီး ဖျားရည်ဆမ်းခရီး ဟုတ်ဟုတ်ငြားငြား မထွက်ဖြစ်။ အမေရိကန် ဘေ့စ်ဘောချန်ပီယံ ဒီမက်ဂီယိုကို ဂျပန်ပြည် ဘေ့စ်ဘောအသင်းက ဖိတ်သဖြင့် လမ်းစပေါ်လာသည်။ ဖျားရည်ဆမ်း

ခရီးလည်းဖြစ်၊ သျှောင်နောက်ဆံထုံးပါလည်းဖြစ် ဟူသော သဘောဖြင့် ချစ်လင်နှင့်အတူ ဂျပန်ပြည်သို့ သူလိုက်ခဲ့သည်။

ဟိုနိုလူလူမှာ ထိတ်လန့်တကြား ဖြစ်ခဲ့ရပြီး ဂျပန်ပြည်သို့ ခရီးဆက်ခဲ့သည်။ တိုကျို နိုင်ငံတကာလေဆိပ်သို့ လေယာဉ်ဆိုက်လိုက်သည်နှင့် တစ်ပြိုင်တည်း တစ်သက်လုံး သူတမ်းတခဲ့ရသော ဂျပန်ပြည်ကို မြင်ချင်ဇောဖြင့် လေယာဉ်ပေါ်မှ အပြေးဆင်းခဲ့သည်။

"မွန်ချန်း"

(အဖိုးမဖြတ်နိုင်တဲ့ မိန်းမလှကလေး) ဟု ဂျပန်လို အော်ဟစ်နေကြသည့် လူအုပ်ကြီး၏ ရင်ခွင်တွင်းသို့ ဖြန်းခနဲ သူ ရောက်သွားတော့သည်။ ပန်းမျိုးစုံတို့ကို သူ့ကိုယ်ပေါ်သို့ အဆက်မပြတ် ကြဲချနေကြ၏။ အော်တိုလက်မှတ် ရေးထိုးခိုင်းသူတို့သည် ဝိုင်းဝိုင်းလည်နေ၏။ ဓာတ်ပုံရိုက်သော လျှပ်တစ်ပြက်မီးရောင်တို့သည် မုန်တိုင်းညတွင် လျှပ်စီးပြက်သလို အဆက်မပြတ် ပေါ်ထွက်နေ၏။လက်ဆွဲနှုတ်ဆက်ရန် ကမ်းပေးသည့်လက်တို့သည် မြွေအုပ်ကြီးက ပါးပျဉ်းများ ထောင်ကြသလို ရှောင်မရ တိမ်းမရ ဖြစ်နေ၏။

ထို့ထက် ပိုဆိုးသည်မှာ သူ့ကို ဝိုင်းဝန်း ပွေ့ဖက်ကြခြင်းပင် ဖြစ်သည်။ သူ့ခေါင်းမှ ဆံပင်များကို ကိုယ်တွယ် ပွတ်သပ်ကြည့်ခြင်းပင် ဖြစ်သည်။ သူ့ဆံပင် တစ်ချောင်းပင်ရရ ဟူသော သဘောဖြင့် အမြစ်မှ ဆွဲနုတ်နေကြခြင်းပင် ဖြစ်သည်။ သူ့မျက်လုံးများ ပြာဝေသွားသည်။ စိုးရိမ်ထိတ်လန့်စိတ်တို့ သူ့ရင်ထဲမှာ ကြီးစိုးလာသည်။

နောက်ဆုံး လုံခြုံရေးတာဝန်ခံတို့က စွန့်စွန့်စားစား ဝင်ရောက်ကယ်တင်သဖြင့် သူ့အသက် ချမ်းသာရာရတော့သည်။

သူ့ဘဝ အလှည့်အပြောင်းတို့သည် မိုးနှင့်မြေတမျှ ကွာခြားလွန်းလှ၏။ မိဘမဲ့ကလေးများဂေဟာမှ ကျောင်းသူ အချောအလှကလေး နော်မာကို တစ်ရံရောအခါက ရွှတ်ချွဲသော၊ အထင်သေးသော၊ စက်ဆုပ်သော မျက်လုံးများဖြင့် ဝိုင်းဝန်းကြည့်ခဲ့ကြ၏။

ယခု ဟောလီးဝုဒ်မှ ရုပ်ရှင်မင်းသမီး အချောအလှကလေး မွန်ရိုးကို လူအများတို့သည် တပ်မက်ခြင်း ကြီးစွာ၊ ချစ်ခင်နှစ်သက်ခြင်း

ကြီးစွာ၊ လေးစားအထင်ကြီးခြင်း ကြီးစွာ၊ လိုလားအားကျခြင်း ကြီးစွာတို့ဖြင့် ဒိန်းမနိုင် သိမ်းမရနိုင်လောက်အောင်ပင် သွားလေရာရာသို့ တကောက်ကောက် လိုက်နေကြသည်။

မွန်ရိုး ဂျပန်ပြည်သို့ ရောက်သည့် (၁၉၅၄) ခုနှစ်က ကိုရီးယားစစ်ပွဲ ဖြစ်နေဆဲ ရှိသည်။ ထို့ကြောင့် တိုကျိုသို့ လာရောက် စစ်နားနေသည့် ကိုရီးယားစစ်မြေပြင်မှ အမေရိကန် စစ်ဗိုလ်များနှင့် သူတို့ ဆုံကြသည်။ ကြုံတုန်းကြုံခိုက် စစ်မြေပြင်သို့လိုက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ပြည်ထောင်စုသားတို့အတွက် အသက်ပေး တိုက်ပွဲဝင်နေသော အမေရိကန် စစ်သားများကို ဖြေဖျော်ရန် စစ်ဗိုလ်များက မွန်ရိုးကို မေတ္တာရပ်ခံကြ၏။ ခင်ပွန်းသည်၏ ခွင့်ပြုချက်ဖြင့် မွန်ရိုးက လက်ခံလိုက်သည်။ ခင်ပွန်းကို တိုကျိုမှာ ထားရစ်ခဲ့ပြီး တောင်ကိုရီးယား ဆိုးလ်မြို့သို့ လိုက်ပြေးသည်။

ကိုရီးယားစစ်မြေပြင်သို့ မွန်ရိုး လာမည်ဆိုသည့် သတင်း ကြားသည်နှင့် တစ်ပြိုင်တည်း အမေရိကန်တပ်စခန်းများမှာ ဝမ်းသာ ပျော်မြူးလွန်းသဖြင့် အော်သံဟစ်သံများ မိနစ်မလပ် ဖုံးလွှမ်းနေသည်။

စစ်မြေပြင်သို့ အလှနတ်သမီးကလေး ရောက်ပါပြီ။

ရဟတ်ယာဉ်ဖြင့်ပင် စခန်းများပေါ်မှာ ဝဲပျံကာ နှုတ်ဆက်သည်။ နှုတ်ဆက်အနမ်းတို့သည် မြေပြင်နှင့်ဝေဟင်ကို လွှမ်းယှက်နေတော့သည်။ ရဟတ်ယာဉ် ပြတင်းပေါက်မှ ခေါင်းထွက်လာသော မာရီလင်မွန်ရိုး၏ အလှကို သူတို့ ကြည့်၍ မဝနိုင်ကြ။ အားမရနိုင်ကြ။ ဗိုင်းစက်လှပသည့် သနတ်သမီး အသစ်တစ်ပါး ကောင်းကင်မှာ ပေါ်ထွက်လာပြီဟု သူတို့ ထင်ကြသည်။ တပ်ရင်း(၁၆၀)သို့ ရောက်သောအခါ ပို၍ ဆိုးဝါးသော အဖြစ်အပျက်များနှင့် ကြုံရသည်။ တပ်မတော်ကပွဲရုံအတွင်းရှိ ဇာတ်ခုံပေါ်မှာ မွန်ရိုး ရပ်လိုက်သည်။ တပ်မတော်သားများကို သီချင်းဆိုပြီး ဖျော်ဖြေရန် ဖြစ်သည်။

သို့သော် သူ့အသံကို မည်သူမျှ နားမထောင်ကြ။ သူရှိရာ ဇာတ်ခုံပေါ်သို့ သူ့ထက်ငါဦး ရောက်ရန်သာ အပြင်းအထန် တွန်းထိုး ရုန်းကန်ကြိုးစားကြတော့သည်။ တပ်ထိန်းတို့သည် မည်သို့မျှ မတတ်နိုင်ကြတော့။ သက်ချင်းဆက်ကာ တားထားကြသည့်ကြားမှ တာရိုး ကျိုးပေါက်ကျသလို

လဲသူလဲ၊ ပြိုသူပြို၊ ကျိုးသူကျိုး၊ ပုံသူပုံ ဖြစ်ကုန်ကြတော့သည်။ ကပွဲရုံအတွင်းမှာ စစ်သားအချင်းချင်း၊ စစ်သားနှင့် တပ်ထိန်းများ အဓိကရုဏ်း ဖြစ်ပွားရတော့သည်။ ဒဏ်ရာရသူများကို လူနာတင်ကားများဖြင့် ဆေးရုံသို့ အပြေးအလွှား သယ်ယူပို့ပေးရသည်။

နောက်ဆုံး ထိုတပ်များ၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးဂျွန်ကာယ်လီ ရောက်လာပြီး ဇာတ်စင်ပေါ် သို့တက်ကာ၊ ကိုယ်တိုင်ကိုယ်ကျ အမိန့်ပေး ထိန်းသိမ်းကာမှ အဓိကရုဏ်း ပြီးဆုံးသွားသည်။ မွန်ရိုး၏ ဖျော်ဖြေရေး အစီအစဉ်လည်း ပျက်ပြားသွားရလေတော့သည်။ ထိုအဖြစ်အပျက်နှင့် ပတ်သက်ပြီး ဟင်ဆန်ဘော်လ်ဒွင်က နယူးယောက်တိုင်းသတင်းစာတွင် ဆောင်းပါးရေးရာ . . .

> "တောင်ကိုရီးယားသို့ မာရီလင်မွန်ရိုး သွားရောက်စဉ် သိက္ခာပျက်လောက်အောင် ဖြစ်ရသည့် ကိစ္စကို ကာကွယ်ရေးဝန်ကြီး ရောဘတ်စတီဗင်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျိမ်းရစ်ချ်ဝေးတို့ ကိုယ်တိုင် စုံစမ်းပြီး ထိထိရောက်ရောက် အရေးယူသင့်သည်။ စစ်သားတို့၏ ညှိုးဖျင်း သိမ်ငယ်သော စိတ်ဓာတ်ကို ချက်ချင်း မြှင့်တင်ပေးသင့်သည်။ မင်းသမီးကို အကြောင်းပြုပြီး စစ်သားအချင်းချင်း အဓိကရုဏ်း ဖြစ်ရသည် အထိ ပေါက်ကွဲသွားခြင်းမှာ ရှက်ဖွယ်လိလိ ဖြစ်သည်။ စစ်သားနှင့် မတူ။ သူတို့ကိုယ်ပေါ်မှ ယူနီဖောင်းကိုပင် ဘာအနာရကောင်းမှန်း မသိ၊ တန်ဖိုးထားရကောင်းမှန်း မသိ၊ လမ်းပေါ်က ကာလေ တလွှင့်များ၏ စရိုက်အတိုင်း ထင်ရာစိုင်းလိုက်ကြခြင်း ဖြစ်သည်"

စသည်ဖြင့် ပြင်းထန်စွာ ထည့်သွင်း ရေးသားရသည်အထိ အရုပ်ဆိုးစေတော့သည်။ ကိုရီးယားတွင် မွန်ရိုး လည်ပတ်နေစဉ်က သူ့ကို ရိုက်သော ဓာတ်ပုံများသည် ရေတွက်ခြင်းငှာ မစွမ်းနိုင်ပါ။ ထိုအချိန်အထိ ကမ္ဘာပေါ်တွင် အကြောင်းတစ်ခုနှင့် ပတ်သက်၍ ဓာတ်ပုံ အများဆုံး အရိုက်ခံရသည့် အဖြစ်အပျက် ဖြစ်သည်။နော်မာနှင့် မွန်ရိုး၏ ဘဝသည် နှိုင်းယှဉ်ခြင်းပင် မပြုနိုင်လောက်အောင် ကွာခြားလွန်းလှပါဘိသည်။

ဘယ်ရေးကံသည် အလှနတ်သမီးကို
အဘယ်သို့ ဖန်ခဲ့လေသနည်း။

* * *

မိစုံဖစုံရှိပါလျက်နှင့် မိဘမဲ့ကလေး ဖြစ်ရသူ။
မိဘမဲ့ကလေးများ ဂေဟာမှာ ကြီးပြင်းလာရသူ။
မိဘ၏ မေတ္တာရင်ငွေ့ ခိုလှုံခွင့်ကို အပထား၊ အသက်ထင်ရှား
ရှိနေသေးသည့် ဖခင်ကိုပင် မမြင်ဖူးဘူးလိုက်ဘဲ လူ့လောကမှ
ထွက်ခွာသွားရသူ။
သူစိမ်းတစ်ရံစာတို့၏ လက်ပေါ်မှာ လူ့ဘဝ၏
အစပိုင်းကို အချိန်ဖြုန်းခဲ့ရသူ။

မိဘမေတ္တာနှင့်ပတ်သက်ပြီး ကံဆိုးရှာသော မိန်းမလှကလေး၏ အသည်းသည် ပျော့သည့်အခါ အလွန်ပျော့ပြီး မာသည့်အခါ သံမဏိကပင် အစ်မ ခေါ်ရလောက်ပေသည်။

(၁၉၅၁) ခုနှစ်က ဖြစ်သည်။

မွန်ရိုး၏ဖခင် စတင်လေဂစ်ဖို့သည် နောက်အိမ်ထောင်ဖြင့် ဟဲမက်မြို့တွင် နွားမွေးရင်း နွားနို့လုပ်ငန်းကို လုပ်ကိုင်နေ၏။ စီးပွားရေး အတန်အသင့် ဖြစ်နေသည်။ သို့သော် ကောင်းစွာ မကျန်းမာလှ။ နှလုံး ရောဂါ၏ဒဏ်ကို နှစ်ကြိမ်တိုင်တိုင် ခံစားထားရသဖြင့် ဇနီးဖြစ်သူကသာ လုပ်ငန်းကို ဦးစီးလုပ်ကိုင်နေရသည်။

ဟဲမက်မြို့တွင် သူ့ဖခင် ရှိနေကြောင်း သတင်း အနိုင်အမာ ရသောအခါ မိမိ မမြင်ဖူးဘူးလိုက်သည့် ဖခင်ကို သွားရောက်တွေ့ဆုံရန် မွန်ရိုး ဆုံးဖြတ်လိုက်သည်။ ဖခင်၏ သတင်းကို့ နည်းမျိုးစုံဖြင့် သူ စုံစမ်းခဲ့ ရသည်မှာလည်း ကြာပြီ။ သူနှင့်အတူလိုက်ရန် သူ့ အကသင်ဆရာမလည်း ဖြစ်၊ သူငယ်ချင်းလည်း ဖြစ်သော နာတာရှာလိုက်တက်စ်ကို အဖော်ညှိ သည်။ နာတာရှာကလည်း သဘောတူသည်။

သို့ဖြင့် သူတို့နှစ်ဦး ကားမောင်းပြီး ဟဲမက်သို့ ထွက်ခဲ့ကြသည်။ လမ်းခုလတ် အများသုံးတယ်လီဖုန်းရုံ တစ်ခုအနီးသို့ ရောက်သောအခါ မွန်ရိုးက ကားရပ်လိုက်သည်။

"တယ်လီဖုန်း အရင်ကြိုပြီး ဆက်ထားလိုက်ဦးမယ်"

ဟု ပြောကာ ဆင်းသွားသည်။

"ဟလို . . . မစ္စတာဂစ်ဖို့ ရှိပါသလားရှင်"

"ခုစကားပြောတာ ဘယ်သူလဲ"

တစ်ဖက်က မိန်းမသံတစ်ခုက ပြတ်တောင်းမာကျောစွာ ပြန်မေးသည်။ သို့သော်လည်း မွန်ရိုး၏မျက်နှာမှာ အချိုပေါ် သကာလောင်းလျက်ရှိလေသည်။ ယခုအချိန်တိုင်အောင် သူမမြင်ဖူးဘူးသော မွေးသဖခင်ကျေးဇူးရှင်နှင့် တွေ့ရတော့မည် ဖြစ်သောကြောင့် အပျော်ကြီး ပျော်နေသည်။

"ကျွန်မ မာရီလင်ပါရှင်၊ ကျွန်မ သူ့သမီးကလေးပါ။ ဟို . . . ဟိုနှစ်တွေတော့ သိပ်ကြာသွားပါပြီရှင်၊ ကျွန်မနဲ့ သူ ကွဲသွားတာ၊ ဂလက်ဒီဘောကာရဲ့ သမီးလို့ ပြောပြပေးပါနော်၊ ကျွန်မကို သူသိမှာပါ၊ သေချာပါတယ်ရှင်"

သူသည် တစ်ဖက်မှ မေးခွန်းကို ရှန်းရှန်းဝေအောင် ပြန်ဖြေနေသည်။ သူ တစ်သက်လုံး မျှော်မှန်းခဲ့သမျှတို့ အကောင်အထည် ပေါ်တော့မည် မဟုတ်လော။

"ညည်း ဘယ်သူလဲ ဆိုတာ ငါ မသိဘူး၊ ဒါပေမယ့် ညည်း တယ်လီဖုန်းဆက်ကြောင်း သူ့ကို ငါ ပြောပြလိုက်မယ်"

မာရီလင်မွန်ရိုးသည် တယ်လီဖုန်းကို တစ်ဖက်မှကိုင်ရင်း လှပသွယ်တန်းသည့် ပေါင်တံနှစ်ချောင်းကို လိမ်ချိတ်ကာ တယ်လီဖုန်းနံရံကို မှီထားသည်။ မျက်လုံးအစုံကို မှေးစင်းထားသည်။ သူ့နှုတ်ခမ်းတို့သည် ဝမ်းသာစိတ်ဖြင့် တဆတ်ဆတ် တုန်နေကြသည်။ နှစ်မိနစ်မျှ ကြာသောအခါ . . .

"သူက ညည်းကို မတွေ့ချင်ဘူးတဲ့၊ ညည်း ပြောချင်တာ ရှိရင်၊ တောင်းချင်စရာ ရှိရင် သူ့ရှေ့နေကို သွားတွေ့ပြီး ပြောပြပါတဲ့၊ ရှေ့နေကတစ်ဆင့် စကားပြောပါတဲ့၊ သူ့ရှေ့နေ လော့အိန်ဂျယ်လီမှာ ရှိတယ်၊ ခဲတံရှိရင် ရှေ့နေလိပ်စာ မှတ်ထားလိုက်၊ ငါ ပြောပြမယ်၊ ငါ ပြောတာ ညည်းနားလည်တယ် မဟုတ်လား"

တင်းမာ ပြတ်သားလွန်းသော ထိုမိန်းမ၏ အသံကို နားထောင်

နေရင်း အလှနတ်သမီးကလေး၏ မျက်နှာသည် ဖြူတော့မည့်ဖိုးလို မှိုင်းညို၍ သွားသည်။

"မရှိဘူး၊ ကျွန်မမှာ ဘာခဲတံမှ မရှိဘူး၊ မှတ်ဖို့လည်း မလိုတော့ပါဘူးရှင်၊ ဒါပါပဲ"

တယ်လီဖုန်းကို ပစ်ချလိုက်သည်။ မော်တော်ကားဆီသို့ လျှောက်လာသည်။ မော်တော်ကားတံခါးကို ဆောင့်ပိတ်လိုက်သည်။ ကားကို နောက်ပြန်လှည့်ပြီး လာလမ်းအတိုင်း မောင်းနှင်လာသည်။

လှပသော မျက်လုံးအတွင်းမှ လှပသော မျက်ရည်ပုလဲလုံးတို့သည် လှပသော ပါးပြင်သောင်ကမ်းတစ်လျှောက် ကြေကွဲဝမ်းနည်းဖွယ်ရာ နှုန်းနိမ့်သူများအဖြစ် တွယ်တာရာမဲ့ ဒရောသောပါး ပြေးဆင်းသွားကြသည်။

အလှမကလေးသည် အငိုမကလေး ဖြစ်ရပြန်ပြီ။

* * *

အလှမကလေးသည် အငိုမလေး ဖြစ်တတ်ရုံသာမက ရုံဖန်ရံခါတွင် အသည်းမာမကလေးလည်း ဖြစ်တတ်ချေသေးသည်။ ဖခင်ဖြစ်သူက သမီးဖြစ်သူကို မတွေ့ဆုံနိုင်ကြောင်း ငြင်းဆိုအပြီး ဆယ်နှစ်ခန့်အကြာ (၁၉၆၁) ခုနှစ်တွင် ဖြစ်သည်။

တစ်ညနေတွင် မာရီလင်မွန်ရိုးသည် နယူးယောက်မြို့ရှိ သူ့အိမ်ခန်းသို့ ရုပ်ဖမ်းရောဘတ်ကို ညစာလာစားရန် ဖိတ်ထားသည်။ ရောဘတ်သည် ခန္ဓာကိုယ် အလွန်ကြံ့ခိုင်သော ရုပ်ရှင်မင်းသားတစ်ဦး ဖြစ်ပြီး မွန်ရိုးနှင့် ရင်းနှီးသည်။

ရောဘတ်ရောက်ပြီး တစ်အောင့်အကြာမှာပင် တယ်လီဖုန်းခေါင်းလောင်းမြည်သံကို ကြားရသည်။ မွန်ရိုးကို ပန်းစပရိန်းဆေးရုံက စကားပြောလိုသည် ဆိုသောကြောင့် တယ်လီဖုန်းရှိရာသို့ ထသွားသည်။

"ကျွန်မ ပန်းစပရိန်းဆေးရုံက သူနာပြုဆရာမပါ၊ ရှင့်အဖေက တယ်လီဖုန်းဆက်ခိုင်းလို့၊ သူ ကျွန်မတို့ ဆေးရုံပေါ် ရောက်နေပါတယ်၊ နှလုံးရောဂါပါ၊ မသက်သာဘူး၊ မျှော်လင့်ချက်လည်း မရှိပါဘူးရှင်၊ ဒီလို ဖွင့်ပြောရတာ ကျွန်မ ဝမ်းနည်းပါတယ်၊ ဆေးရုံရောက်ကတည်းက ရှင့်ကိုပဲ

အမြဲတ,နေပါတယ်၊ ရှင့်ကို သူ သိပ်တွေ့ချင်နေပါတယ်၊ ဒီအကြောင်းကို ရှင့်အဖေ မစွတာဂစ်ဖို့ ကိုယ်တိုင်က အကြောင်းကြားခိုင်းလို့ ကျွန်မ အကြောင်းကြားရတာပါ"

မွန်ရိုး၏ မျက်နှာသည် တစ်ချက်ပိုင်ကျသွားပြီး တွေသွားသည်။ တယ်လီဖုန်းခွက်ကို ငေးကြည့်နေသည်။ ပြီးမှ . . .

"တစ်ဆိတ် သူ့ကို ပြောပြပေးပါရှင်၊ ကျွန်မ အဖေ ဆိုတာကို ကျွန်မ တစ်ခါမှ မမြင်ဖူးပါဘူး၊ ဒါပေမယ့် ထူးထူးထွေထွေ ပြောစရာ ရှိနေတယ် ဆိုရင်တော့ ကျွန်မ ရှေ့နေနဲ့ ဆက်သွယ်ပါလို့ သူ့ကိုပြောပေးပါ၊ ကျွန်မ ရှေ့နေရဲ့ တယ်လီဖုန်းနံပါတ် ယူထားဦးမလား"

ဟု ဣန္ဒြေရရ လေသံမှန်မှန်ဖြင့် ပြန်ပြောလိုက်သည်။

တစ်ဖက်မှ သူနာပြုဆရာမသည် တုန်လှုပ်ချောက်ချားသွားကာ ဘာပြန်ပြောရမည်ကို မသိဘဲ တယ်လီဖုန်းကိုကိုင်ပြီး ကြက်သေ,သေနေသည်။ ထိုအချိန်မှာပင် မွန်ရိုးက တယ်လီဖုန်းကို ပြန်တင်ခဲ့ပြီး ရောဘတ်ရှိရာသို့ လျှောက်လာသည်။

"ဟော့ . . . ရောဘတ်၊ မင်း မြင်တယ် မဟုတ်လား၊ ကိုယ်လည်း တစ်ခါတစ်ရံမှာ အသည်းမာတတ်တာပဲကွ"

မှန်ပါသည်။

အလှမကလေးသည် အသည်းမာမကလေး အဖြစ် သူ့အဖေကို သူ့စကားဖြင့်ပင် လက်တုံ့ပြန်လိုက်ခြင်း ဖြစ်ချေသည်တကား။

* * *

အလှမကလေးသည် အားရကျေနပ်လောက်အောင် အဖျော်ဘဝဖြင့် မနေလိုက်ရရှာ။ (၁၆) နှစ်ပြည့်ပြီး ရက်သတ္တ သုံးပတ်အကြာမှာပင် ချစ်ဦးသူနှင့် လက်ထပ်လိုက်ရတော့သည်။

ထိုကစပြီး သူ့ဘဝ၏ မေတ္တာဇာတ်လမ်းများ စသည်။

ပြုံးပန်းတို့ကိုလည်း ဆင်ခဲ့ရပါ၏။ ရှိုက်ရှင်း ငိုရင်းဖြင့်လည်း ညပေါင်း များစွာတို့ကို ကျော်လွှား ဖြတ်သန်းခဲ့ရပါ၏။ မိုးမဆုံး မြေမဆုံး ချစ်ရသူတို့နှင့်လည်း အကြိမ်ကြိမ် ဆုံတွေ့ရပါ၏။ ခါးခါးတူးတူး မုန်းရသူ

ဘို့နှင့်လည်း မျက်နှာချင်းဆိုင်ခဲ့ရပါ၏။ မည်သို့ဆိုစေ သည်သူငယ်မ၏ မေတ္တာအကျိုးပေးသည် ဆန်းကြယ်သည်ဟု ဆိုရမလား မသိပေ။

သူချစ်ဦးသူမှလွဲ၍ သူနှင့်တွေ့ဆုံပြီး ချစ်ရသူ မှန်သမျှတို့သည် သွတ်လပ်သူများ မဟုတ်ကြ။

အောင်မြင်ကျော်ကြား၍ ချောမောလှပသော သူပတ်လည်မှာ ရှိသယောကျ်ားပေါင်းစုံတို့ ဝိုင်းဝိုင်းလည်လျက် ရှိပါသည်။ သူ ရွှေရောင် ခံပင်ကို တစ်ချက်ယမ်းလျှင် ထိုယောကျ်ားတို့ အငမ်းမရ သူနောက် လိုက်ကြမည် ဖြစ်သည်။ မေတ္တာဖြင့် အမြဲတမ်း ရွှန်းလဲ့ရီဝေနေတတ်သည့် သူမျက်လုံး တစ်ချက်ဝင့်လိုက်လျှင် သူအတွက် အရာရာ အသင့် ဖြစ်နေ ကြမည့်သူများ ဖြစ်သည်။

သူတို့အားလုံးသည် သူအလှကို ကိုးကွယ်ကြသောသူများ ဖြစ်ကြ သည်။ သူအလှကို ယစ်မူးတပ်မက်ကြသူများသာ ဖြစ်ကြသည်။ သူ အညို့ကို တိမ်းမောတမ်းညွတ်ကြသူများသာ ဖြစ်ကြသည်။

သူတို့အထဲမှာ သန်းကြွယ်သူဌေးကြီးများ ပါဝင်သည်။ ထိပ်တန်း အရာရှိကြီးများ ပါသည်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီးများ ပါသည်။ ပညာတတ်လူငယ်များ ပါသည်။ အတန်းစုံသည်။ အဆင့်စုံသည်။ အရွယ် စုံသည်။ အလှမကလေး ဘာကို ကြိုက်ပါသနည်း။ သည်ကြားထဲကပင် သူကြိုက်လိုက်လျှင် အိမ်ထောင်ရှိပြီးသား သူတွေသာ ဖြစ်နေတတ်သည်။

ကံဆိုးသည်ဟု ဆိုရမည်လား။

အမှန်မှာတော့ မေတ္တာတရား အကြောင်းကို မွန်မြိုး အလွန် နားလည်သည်။ ယောကျ်ားသား တစ်ယောက်နှင့် မျက်လုံးချင်း ခေတ္တ ဆိုင်ကြည့်ရုံမျှဖြင့် ထိုယောကျ်ား၏ မေတ္တာအတိမ်အနက်ကို သူ ချက်ချင်း သဘောပေါက် နားလည်ပြီးသား ဖြစ်နေတတ်သည်။

ယောကျ်ားတို့အကြောင်း အဆိုးအကောင်း သောင်းပြောင်း ထွေလာ မှန်သမျှတို့ကို ကကြီးမှ အ,အထိ တတ်သိနားလည်လွန်းသော မိန်းကလေး။ သူဖြတ်သန်း ကျော်လွှားခဲ့ရသည့် သူ့ဘဝခရီးကြမ်းက လူ့ ဘဝ၊ လူ့လောက၏ အလျော့အတင်း၊ အလင်းအမှိန်၊ အတိမ်အနက်၊ အခက်အခဲ မှန်သမျှကို သူ့ကို သင်ကြားပေးလိုက်ပြီး ဖြစ်သည်။

ကိုးနှစ်သမီးကလေး နော်မာဂျိုးန်။

အသက်ထက် ပိုပြီး ခန္ဓာကိုယ် ဖွံ့ထွားမှု ကြီးမားနေလင့်ကစား ဒိုးပုတ်၊ ချိုးရုပ်နှင့် ဆော့ကစားသည့် ကလေးအရွယ်မျှသာ ရှိသေးသည်။ လူ့အကြောင်း၊ လူ့လောကအကြောင်း၊ ပတ်ဝန်းကျင်အကြောင်း၊ ဘာအကောင်း၊ ဘာအဆိုးကိုမှ တတ်သိနားလည်ခြင်း မရှိသေးသော အရွယ် ဖြစ်သည်။

သို့သော် . . .

ကိုးနှစ်သမီးကလေး နော်မာဂျိုးန်၏ ထိခိုက်နာကျင်ခြင်း၊ ချောက်ချားတုန်လှုပ်ခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်း တို့နှင့်အတူ စီးကျလာသည့် မျက်ရည်များသည် အရွယ်ရောက်ပြီး ဖြစ်သော ယောကျ်ားရင့်မာကြီး တစ်ဦး၏ ပါးပြင်မှာ၊ လက်ခုံမှာ၊ ရင်ဘတ်မှာ စိုရွှဲခဲ့ရပါချေသည်၊

ကိုးနှစ်သမီးကလေး၏ နုနယ်လန်းဆန်းသော ဘဝအတွင်းသို့ နတ်မိစ္ဆာဆိုးတို့ သယ်ဆောင်လာသည့် ယင်းကြမ္မာဆိုးသည် အိပ်မက်ဆိုး အဖြစ်သို့ ကူးပြောင်းကာ သူကွယ်လွန်သွားသည်အထိ တစ်ရံမလပ် ခြောက်လှန့်ခဲ့လေသည်။

ထို့ကြောင့်လည်း သူ့ဘဝတွင် အလွန်ရင့်ကျက်နေခြင်း ဖြစ်သည်။ အထူးသဖြင့် ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍၊ ပုရိသယောကျ်ားသားတို့နှင့်ပတ်သက်၍၊ ပစ္စည်းဥစ္စာဂုဏ်ဒြပ်တို့နှင့်ပတ်သက်၍ ရင့်ကျက်မှုသည် သူ့ပတ်ဝန်းကျင် တစ်ခုလုံးက ရင်သပ်ရှုမောရလောက်အောင်ပင် ကြီးမားလှချေသည်။

သို့ဆိုလျှင် သူ့ပတ်လည်မှာ ဝိုင်းဝိုင်းလည်နေကြသည့် အားကိုးလောက်သော ယောကျ်ားတို့သည် သူ့အချစ်ကို ဘာကြောင့် ပိုင်ဆိုင်ခွင့် မရကြသနည်း ဟူသောပုစ္ဆာကို မေးရန် မလိုတော့။ မလွတ်လပ်သော အိမ်ထောင်ရှင်များ၊ သူများပန်ပြီးသား ပန်းများကိုမှ ဘာကြောင့် ရွေးချယ်နေရသနည်း ဟူသောပုစ္ဆာကို ထုတ်ရန် မလိုတော့။

အလှမကလေးသည် ... အငိုမကလေး ဖြစ်တတ်ရုံသာမက အသည်းမာမကလေးပါ ဖြစ်တတ်ပြီး မေတ္တာကဝေမကလေး ဘဝဖြင့်ပါ ရပ်တည်ခဲ့လေသည် တကား။

အဘယ်ရှေးကံသည် အဘယ်သို့သော အကြောင်းကို အကြောင်းပြုပြီး သူ့ဘဝ ဆိုးဆိုး၊ လှလှတို့ကို ဖန်တီးခဲ့လေသနည်း။

* * *

# အလှနိဒါန်း

၁၉၂၆၊ ဇွန်-၁၊ အင်္ဂါနေ့ နံနက် ၉-နာရီခွဲ။

ကမ္ဘာသူ ကမ္ဘာသားတို့၏ အသည်းနှလုံးကို ဆွဲကျုံးညှို့ငင်ကာ ဖျော်ဖြေရန်အတွက် အလှမကလေး လူ့လောကသို့ ရောက်လာသည်။ အလှ၏ နိဒါန်းပင် ဖြစ်သည်။

သို့သော် သူ့ဘဝ၏ အလှနိဒါန်းသည် လှပခြင်းဖြင့် မစခဲ့ရပါ။ ပြည့်စုံရွှင်လန်းခြင်းဖြင့် မစခဲ့ရပါ။ ချမ်းမြေ့ကြည်နူးခြင်းဖြင့် မစခဲ့ရပါ။

သူ့ဘဝ နိဒါန်းပျိုးကတည်းက ကြမ်းတမ်းခက်တရော်သော အတွေ့ဆိုးဆိုးတို့ဖြင့် ရင်ဆိုင် ရုန်းကန်ခဲ့ရရှာသည်။

ဂလက်ဒီဘောကာသည် သားကြီးဂျက်နှင့် သမီးလတ်ဘားနီးစ်ကို မျက်နှာမြင်အပြီးတွင် မစ္စတာဘောကာနှင့် ကွာရှင်းပြတ်စဲလိုက်ကြသည်။ ထို့နောက် ဟောလီးဝုဒ်သို့ ပြောင်းလာပြီး ဖလင်စက်ရုံတစ်ခုမှာ အလုပ်လုပ်သည်။ ကလေးနှစ်ယောက်မိခင် တစ်ခုလပ်မကလေး၏ အလှသည် စက်ရုံအလုပ်သမများကြားမှာ ထင်ရှားပေါ်လွင်လှသည်။ ထို့ကြောင့်လည်း သူ့ပတ်လည်မှာ ယောကျ်ားတို့ ဝိုင်းဝိုင်းလည်နေကြသည်။ ထိုအထဲက အက်ဒွပ်မော်တင်ဆင်နှင့် မေတ္တာမျှကာ လက်ထပ်လိုက်ကြတော့သည်။

မော်တင်ဆင်သည် ဂလက်ဒီကို မရမီက သေမရလောက် အဖြစ်သည်းခဲ့သည်။သူ့ရင်သည် မီးတောင်ပေါက်ကွဲသလို ပွင့်ထွက်တော့မည့်အကြောင်း၊ သူ့အသည်းများသည် မေတ္တာအပူမီးကြောင့် လောင်ကျွမ်းကာ ပြာအဖြစ်သို့ ရောက်ရတော့မည့်အကြောင်း တစ်ခုလပ်မကလေး ဂလက်ဒီကို တတွတ်တွတ် ပြောခဲ့သည်။

ဂလက်ဒီနှင့် လက်ထပ်ပြီးသောအခါတွင် မောင်အရင်လို မဟုတ်တော့ပြီ။ မော်တော်ဆိုင်ကယ် တစ်စင်းနှင့် တစ်နေကုန် တစ်နေခန်း ပျောက်နေတတ်သည်။ ကိုးကုန်းကိုးကျင်း သွားချင်ရာ သွားနေတတ်သည်။ သားမှန်းမသိ၊ မယားမှန်းမသိ၊ အိမ်မှန်းမသိ၊ ယာမှန်းမသိ ဖြစ်နေသည်။ စားချိန်တန် ပြန်မစား၊ အိပ်ချိန်တန် ပြန်မအိပ်ဖြင့် လင်သားတစ်ယောက်၏ ဝည်းကမ်း ဟူသမျှတို့ကို ချိုးဖောက်လေတော့သည်။ တစ်ခါတစ်ရံတွင် ရက်ပေါင်းများစွာ အိမ်ပြန်မလာဘဲ ပျောက်နေသည်အထိ ကြုံရတတ်သည်။

နောက်ဆုံးတွင် မော်တင်ဆင်သည် ခရီးရှည်တစ်ခုသို့ သွားရင်း မော်တော်ဆိုင်ကယ်မှောက်ကာ သေဆုံးသွားပြီဟုသာ သူတို့ ကြားကြရတော့သည်။ တစ်ခုလပ်မကလေး ဂလက်ဒီသည် မုဆိုးမကလေးဘဝသို့ ကူးပြောင်းရပြန်၏။ မုဆိုးမကလေး၏ အလှအပသည် လျော့ပါးမသွား။ နှစ်ဆယ်ကျော် အစိတ်အရွယ်မို့ အရွယ်တော် တစ်ဆိတ်ဟိုင်းပြီဟု မဆိုသာနိုင်သေးဘဲ အလှသွေးကြွယ်ဆဲပင် ဖြစ်သည်။ ထို့ကြောင့် သူ့မေတ္တာကို တောင်းခံသူတို့ သူ့ပတ်လည်မှာ ဝိုင်းဝိုင်းလည်နေပြန်ချေပြီ။

ထိုအထဲတွင် မစ္စတာစတင်လေဂစ်ဖို့သည် အကဲဆုံး၊ ဇွဲအကောင်းဆုံး ဖြစ်သည်။ ဂလက်ဒီနှင့် ဂစ်ဖို့တို့ အတွဲကြီး တွဲကြပြန်သည်။ တရားဝင် လက်ထပ်ခြင်းကိုမူကား သူတို့ မပြုကြ။ သွားအတူ၊ လာအတူ၊ စားအတူ၊ သောက်အတူဖြင့် နေ့တတွဲတွဲ၊ ညတတွဲတွဲ သဲကြီးမဲကြီး ချစ်ကြပြန်သည်။

ထိုကာလမှာပင် ဂလက်ဒီ၌ နူတ်ငုံတော် အရင့်အမာ ရှိလာသည်။ မာရီလင်မွန်ရိုး၏ ဘဝအစပင်တည်း။

ထိုမာရီလင်မွန်ရိုးသည် မော်တော်ဆိုင်ကယ်မှောက်ပြီး ကွယ်လွန်သွားသည့် မစ္စတာအက်ဒွပ်မော်တင်ဆင်၏ သမီးလော၊ မစ္စတာစတင်လေဂစ်ဖို့၏ သမီးလော ဆိုသည်ကိုမူ မည်သူမျှ အတိအကျ မပြောနိုင်ကြ။ အများကမူ ဂလက်ဒီနှင့် လက်မထပ်ဘဲ တွဲနေသည့် ဂစ်ဖို့၏သမီး ဖြစ်သည်ဟု ကောက်ချက်ချကြသည်။ ဂလက်ဒီကလည်း မငြင်း။ နောင်သောအခါတွင် မွန်ရိုးက ယုံကြည်လက်ခံလာသည်။ မစ္စတာဂစ်ဖို့ကလည်း သေခါနီးမှာပင် သမီးမွန်ရိုးကို တွေ့ခွင့်ရအောင် ကြိုးစားရှာသေးသည်။

မည်သူ့သမီးဖြစ်ကြောင်း မရေမရာဖြင့်ပင် မွန်ရိုးကို သန္ဓေတည်ခဲ့

ရသည်။ ခွေတာဘောကာနှင့် ထွန်းကားခဲ့သည့် သားကြီးဂျက်နှင့် သမီး ထက်ထားနိုးစ်တို့သည် ဂလက်ဒီနှင့်အတူ နေခွင့် မရခဲ့။ ဘောကာ၏ အမျိုး များက ခေါ်ယူ မွေးစားထားကြသောကြောင့် သူမှာ လက်လွတ်ဖြစ်နေ သည်။ ယခု သမီးကလေးကိုတော့ သူမွေးဖြစ်အောင် မွေးမည်ဟု ဆုံးဖြတ် ထားသည်။ သည်သမီးကလေးနှင့်သာ ရင်အုပ်မကွာ နေတော့မည်ဟု အဓိဋ္ဌာန်ပြုထားသည်။

သို့သော်လည်း သူ့ဘဝသည် ထိုသို့သော အခြေအနေမျိုးကို မပေး သေး။ စီးပွားရေးအခြေအနေ မချောင်လည်သေး။ သမီးကလေးကို တင့် တောင့်တင့်တယ် မထားနိုင်သေး။ သူနေချင်သည့်၊ သမီးကို ထားချင်သည့် အဆင့်အတန်းသို့ ရောက်ရှိအောင် အလုပ် ကြိုးစားလုပ်ရဦးမည်။ ထိုသို့ အလုပ်ကြိုးစားလုပ်နေခိုက် သမီးကို ယုံကြည်စိတ်ချရသည့် တစ်ဦးဦးထံ မှာ အပ်ထားရဦးမည်။ ဂလက်ဒီသည် မိခင် ဒယ်လာဆီသို့ သွား၏။ သူ့မှာ မွေးချိန် နီးနေပြီ ဖြစ်ကြောင်း ပြောပြ၏။ အမေနှင့် အတူနေပြီး မျက်နှာမြင်လို၏။ ပြီးတော့ မွေးလာသည့် ကလေးကို အမေနှင့် ထားခဲ့လို၏။

"မေမေ၊ ဒီကိစ္စကို စီစဉ်ပေးပါဦး၊ ကျွန်မ ကလေး မျက်နှာမြင်ပြီး နေကောင်းတာနဲ့ တစ်ပြိုင်တည်း အလုပ် ကြိုးစားလုပ်ရဦးမယ်၊ ဒီကလေး ကိုတော့ ကျွန်မ မွေးဖွားချင်တယ်၊ သူ့ကို စိတ်တိုင်းကျထားနိုင်ဖို့ ကျွန်မ ငွေစုရဦးမယ်၊ ဒါကြောင့် မေမေ့မြေးကို မေမေ ထိန်းပေးပါ"

"မေမေ အိန္ဒိယမှာရှိတဲ့ ညည်းအဖေဆီကို လိုက်သွားဖို့ စီစဉ်ပြီးပြီ သမီး၊ မေမေ့မြေးကို မေမေထိန်းချင်ပေမယ့် မဖြစ်နိုင်တော့ဘူး၊ အစီအစဉ် တွေက အားလုံး လုပ်ပြီးနေပြီ"

ထိုအချိန်က ဒယ်လာ၏ခင်ပွန်း ဂလက်ဒီ၏ ဖခင်သည် အိန္ဒိယ နိုင်ငံရှိ ရေနံကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေသည်။

အခြား တစ်နည်းနည်းကို သူတို့ စီစဉ်ကြည့်ကြပြန်သည်။ သူတို့ အိမ်အနီးမှာ အိုက်ဒါဘိုလင်ဒါ လင်မယား ရှိသည်။ အိမ်နီးနားချင်းတို့၏ သားသမီးများကို ထိန်းကျောင်းပေးနေသည်။ ယခု မွေးဖွားလာသည့် ကလေးကို လောလောဆယ် အိုက်ဒါဘိုလင်ဒါတို့ လင်မယားကို အပ်ထား ခဲ့မည်ဆိုက ဖြစ်နိုင်ကြောင်း စဉ်းစားမိကြသည်။ ထို့ထက်ကောင်းသော

အခြားနည်းလည်း သူတို့တွင် မရှိပြီ။

ဒယ်လာသည် ယူခင်ပွန်း မစ္စတာဂရိန်ဂျာရှိရာ အိန္ဒိယနိုင်ငံသို့ (၁၉၂၅) ခု၊ ဒီဇင်ဘာလတွင် ထွက်ခွာသွားသည်။

ဂလက်ဒီသည်လည်း (၁၉၂၆) ခု၊ မေလ (၃၁) ရက်နေ့တွင် လော့စ်အိန်ဂျယ်လိဆေးရုံကြီးသို့ တက်ပြီး မာရီလင်မွန်ရိုး ဖြစ်လာမည့် နော်မာဂျိန်းကလေးကို နောက်တစ်နေ့မှာပင် မီးရှူးသန့်စင် ဖွားမြင်လေတော့သည်။

တောက်ပကြည်လင်သော မျက်လုံးဝိုင်းကလေးဖြင့် သမီးငယ်သည် ကျန်းမာသန်စွမ်းစွာပင် လူ့လောကထဲသို့ ရောက်လာ၏။ သူ့အမေနှင့် အဘွားကဲ့သို့ပင် ရွှေရောင်ဆံပင်ကလေးများဖြင့် မြင်သူတိုင်း ချစ်စရာကောင်းသောကလေး ဖြစ်နေသည်။

သားတို့ရုပ်ရည် သမီးတာမည်သား ဆိုသည့်အတိုင်း သမီးမျက်နှာကို မြင်ရသောအခါ ဂလက်ဒီသည် သူကြုံတွေ့ခဲ့ရသည့် ဒုက္ခအပေါင်းတို့ကို မေ့သွားသည်။ သည်သမီးကလေးနှင့် တစ်သက်လုံး မခွဲဘဲ နေတော့မည်ဟု ပိုင်းဖြတ်လိုက်သည်။ သည်သမီးကလေး လူတစ်လုံး သူတစ်လုံးဖြစ်သည်အထိ ပြုစုပျိုးထောင်ပေးတော့မည်ဟု ယတိပြတ် ဆုံးဖြတ်လိုက်သည်။ (၁၂) ရက်ကြာသောအခါ ဆေးရုံမှ ဆင်းခဲ့သည်။ အိုက်ဒါဘိုလင်ဒါဘို့အိမ်သို့ တန်းလာခဲ့ပြီး မွေးကင်းစ (၁၂)ရက်သမီးကလေးကို ဘိုလင်ဒါဘို့ လင်မယား၏ လက်တွင်းသို့ အပ်နှံခဲ့ရသည်။ ဂလက်ဒီ ကိုယ်တိုင်မှာမူ အလုပ်လုပ်ရာ ဟောလီးဝုဒ်ရှိ, ဖလင်ထုတ်လုပ်သောစက်ရုံသို့ ပြန်ခဲ့ရပြန်၏။ ထိုသမီးကို မွေးဖွားပြီးသည့်အချိန်မှစပြီး မစ္စတာစတင်လေဂစ်ဖို့နှင့် ဂလက်ဒီတို့သည် ယခင်ကလို တပူးတွဲတွဲ မဟုတ်ကြတော့။ ကိုယ့်ဘဝကိုယ်တည်ဆောက်ကြပြီ။ ကိုယ့်လမ်း ကိုယ်သွားကြပြီး နောက်ပိုင်း၌ ဂစ်ဖို့သည် ကာလီဖိုးနီးယားပြည်နယ်သို့ ပြောင်းသွားကာ အိမ်ထောင်ပြုပြီး နို့ချက်လုပ်ငန်းဖြင့် အသက်မွေးလျက် ရှိသည်။

မွေးတုန်းပန် နံ့လျှင်ပစ်တတ်သော ယောက်ျားတို့အကြောင်းကို ဂလက်ဒီ ကောင်းကောင်း သိပါသည်။ ထို့ကြောင့်လည်း ဂစ်ဖို့ သူ့ကို စွန့်ခွာသွားခြင်းနှင့်ပတ်သက်၍ မည်သို့မျှ တုန်လှုပ်ခြင်း မရှိ။ ကြေကွဲဝမ်း

နည်းခြင်း မရှိ။ ကံကုန်၍ ခွဲခွာကြရခြင်းသာ ဖြစ်ကြောင်း သဘောထား လိုက်သည်။ မိမိအပေါ် အချစ်ပြယ်သွားပြီ ဖြစ်သောကြောင့် ခွဲကြရခြင်း သာ ဖြစ်သည်ဟု နားလည်လိုက်သည်။

မိမိမှာ အလွန် ချစ်ဖွယ်ကောင်းသည့် သမီးကလေးတစ်ဦးကို အပိုင် ရထားပြီး ဖြစ်သည်။ မိမိ၏ အသည်းနှလုံး ဖြစ်သည်။ မိမိ၏ လည်ဆွဲဒါရွ ဖြစ်သည်။ မိမိနှင့်အတူ သည်သမီးရှိနေသမျှ ကာလပတ်လုံး တစ်လောက လုံးကို ရင်ဆိုင်ရဲသည်။ မည်သည့်အခက်အခဲကို မဆို ရင်ဆိုင်ဖြေရှင်းဝံ့ သည့် သတ္တိများ ရင်တွင်းမှာ ကိန်းအောင်းလာသည်။

သို့သော် . . . .

သူ့မှာ ဘာမှ အဆင်သင့် မဖြစ်သေး။ သမီးနှင့်အတူနေဖို့ သင့်တင့် လျောက်ပတ်သည့် အိမ်ခန်းတစ်ခုတော့ ရှိရမည်။ ယခု မရှိသေး။ မိမိ အလုပ်သွားနေခိုက်တွင် သမီးငယ်လေးကို ကြည့်ရှုစောင့်ရှောက်မည့်သူ တစ်ယောက် ငှားထားနိုင်ဖို့ လိုသည်။ မိမိ မငှားနိုင်သေး။ သို့တည်းမဟုတ် အဆင့်အတန်းမြင့်မားသော ကလေးထိန်းဌာနတစ်ခုသို့ ပို့ပြီး ကလေးကို ထိန်းကျောင်းခိုင်းဖို့ လိုသည်။ ထိုသို့ ပို့မည်ဆိုလျှင် ငွေကြေး အကုန်အကျ များမည်။ ထိုမျှသောငွေကို အကုန်အကျ မခံနိုင်သေး။

ဤသို့ဖြင့် နော်မာဂျိန်းကလေးသည် (၁၂) ရက်သမီးအရွယ်မှာပင် မိခင်၏ ရင်ခွင်တွင်းမှ တစ်ပါးသူ၏ ရင်ခွင်တွင်းသို့ ရောက်ခဲ့ရတော့သည်။

လူ့လောကသို့ သူရောက်ချိန်က တစ်ကမ္ဘာလုံးတွင် စီးပွားပျက်ကပ် ကြီး ဆိုက်ရောက်နေချိန်လည်း ဖြစ်သည်။ ဟောလီးဝုဒ်ရှိ ရုပ်ရှင်ကုမ္ပဏီ ကြီးပေါင်း များစွာတို့သည် အရှုံးနှင့် ရင်ဆိုင်နေကြရသည်။

ထိုအကြောင်းများကြောင့်လည်း ဂလက်ဒီသည် စက်ရုံသို့ အပြေး အလွှားပြန်ကာ အလုပ်ဝင်ရလေသည်။ အလုပ်သမားများ လျှော့ချနေချိန် တွင် မိမိပါ အလျှော့ခံရမည်ဆိုက နောက်ထပ် အလုပ်တစ်ခု ပြန်ရရေးမှာ မလွယ်ကူချေ။

"ကျွန်မ စနေနေ့တိုင်း လာနိုင်ဖို့ ကြိုးစားပါ့မယ်၊ စနေနေ့တိုင်း လာပြီး ဒီမှာ သမီးလေးနဲ့ အတူတူနေပါ့မယ်"

ဟုပြောကာ ဟောလီးဝုဒ်သို့ ပြန်ခဲ့ရသည်။

သို့သော်၊ လူ့ဘဝသည် အစဉ်သဖြင့် ဖြောင့်ဖြူးသာယာခြင်း မရှိ။ ဖြောင့်ဖြူးမယောင်နှင့် ကွေ့ကောက်ခြင်းများကိုလည်း ကြုံရတတ်၏။ ငြိမ်းချမ်းမယောင်နှင့် မုန်တိုင်းထန်ခြင်းများကိုလည်း တွေ့ရတတ်၏။

တစ်သားမွေး တစ်သွေးလှနေသော ဂလက်ဒီ၏ပတ်လည်မှာ သူ့အချစ်ကို တောင်းခံသူများ ပေါ်လာကြပြန်သည်။

ယောကျ်ားတို့၏ အချစ်ကို မည်သို့လျှင် ယုံကြည်ရပါမည်နည်း။ တစ်ယောက်လည်း မဟုတ်။ နှစ်ယောက်လည်း မဟုတ်။ များစွာသော ချစ်သူတို့ကို ဂလက်ဒီ ကြုံခဲ့ရဖူးပြီ။ များစွာသော ချစ်သူတို့၏ မစားရ ဝခမန်း မေတ္တာစကားများကိုလည်း ကြားခဲ့ဖူးပေါင်း များလှပြီ။ ပြီးတော့ မြောက်မြားစွာသော ချစ်သူတို့သည် အသစ်မြင်သောအခါ ချစ်သူဟောင်းကို စွန့်ခွာတတ်ကြစမြဲအတိုင်း မိမိကိုလည်း စွန့်ခွာခဲ့ကြပြီ။

သည်အတွေ့အကြုံများ ကြားထဲက အသည်းနှလုံးရှိသူ၊ ချစ်တတ်သူ၊ မေတ္တာကမ္ဘာမှာ သာယာတတ်သူဆိုတော့ ချစ်မိပြန်သည်။

ချစ်သူက မိမိကို ခွဲခွာသွားပြန်သည်။ ချစ်သောသူနှင့် ကွေကွင်းရခြင်း၏ ဒုက္ခဝေဒနာကို ခံစားလိုက်ရပြန်သည်။ နောက်ချစ်သူတစ်ယောက်နှင့် တွေ့ပြန်သည်။ သူ့အချစ်ကို တောင်းခံပြန်သည်၊ မေတ္တာတရားနှင့် ပတ်သက်ပြီး အမှတ်မရှိသော ဂလက်ဒီသည် ထိုသူကို ချစ်လိုက်မိပြန်သည်။ ထိုသူက မိမိကို စွန့်ခွာသွားပြန်သည်။ ချစ်သူ၏ စွန့်ခွာခြင်းကို ခံရသောအခါ ဖြစ်ရစမြဲသော စိတ်ဒုက္ခဝေဒနာကို ခံစားရပြန်သည်။

မည်သို့သော စိတ်ဝေဒနာမျိုးကို ခံစားနေရစေကာမူ၊ ဂလက်ဒီသည် သမီးငယ်ထံသို့ စနေနေ့တိုင်း ဝက်မပျက် လာမြဲလာလျက် ရှိသည်။ ဘိုလင်ဒါတို့ လင်မယားက သူတို့သားအမိအတွက် အိမ်နောက်ဘက်တွင် အခန်းတစ်ခန်းကို ပြင်ဆင်ပေးထားသည်။

သမီးငယ်ငယ်ကို လက်တွန်းလှည်းမှာတင်ကာ စနေနေ့ညနေတိုင်း ဂလက်ဒီ လမ်းလျှောက်လေ့ ရှိ၏။ အရွယ်လေးနှင့်မလိုက်အောင် အလွန်သိတတ်သည့် သမီးကလေး၏ အသိဉာဏ် ထက်မြက်မှုကို ဂလက်ဒီ သတိထားမိသည်။ နော်မာဂျိန်းကို ထိန်းသိမ်း စောင့်ရှောက်ပေးခဲ့ အနေဖြင့် ဘိုလင်ဒါတို့ လင်မယားကို တစ်လလျှင် နှစ်ဆယ့်ငါးဒေါ်လာ ပေးရသည်။

သမီးလေးအတွက် ငွေကုန်ကြေး ကျများရသည်ကို ဂလက်ဒီ မမှုပါချေ။ သို့သော်လည်း သူ့ပင်ငွေနှင့် ထိုမျှသော (၂၅) ဒေါ်လာမျှ ကုန်ကျခံနေရခြင်းသည် လွန်စွာ အပန်းကြီးလှသည်။

သမီးနှင့်ပတ်သက်ပြီး ကြီးမားသော ဆုံးဖြတ်ချက်များ၊ မြင့်မားသည့် မျှော်လင့်ချက်များ ထားမိပြီ ဆိုတော့လည်း မိမိသာ အငတ်ခံလျှင် ခံမည်။ သမီးကလေး မျက်နှာမငယ်စေရဟု စိတ်ကို တင်းထားလိုက်သည်။

ရွှေရောင်ဆံပင်နှင့် အလွန် ချောမောပြေပြစ်လှပသည့် မိန်းမ တစ်ယောက်ကို စနေနေ့တိုင်း နော်မာဂျိန် မြင်တွေ့နေရသည်။ ထိုမိန်းမ ချောသည် မိမိကို အလွန် ဂရုစိုက်ကြောင်းလည်း နော်မာ သတိထားမိသည်။ ထို့ကြောင့် ရွှေရောင်ဆံပင်နှင့် ချောမောပြေပြစ်လှသည့် မိန်းမ ချောကို နော်မာ တွယ်တာချစ်ခင်မိလေပြီ။ စနေနေ့ဆိုလျှင် ထိုမိန်းမချော အလာကို မျှော်မိချေပြီ။

ထိုအချိန်မှာပင် အိန္ဒိယရှိ ခင်ပွန်းဖြစ်သူ မစ္စတာဂရိန်ဂျာထံသို့ လိုက်သွားသော နော်မာ၏အဘွား ဒယ်လာသည် အိန္ဒိယမှ ပြန်ရောက်လာ၏။ အိန္ဒိယမှာနေမည်၊ အမေရိကန်သို့ ပြန်မည် နယ်လုကြရင်းဖြင့် သူတို့ လင်မယား ကွာရှင်းပြတ်စဲခဲ့ကြပြီ ဖြစ်သည်။

အဘွားပြန်လာသော်လည်း နော်မာ၏ ဘဝအတွက် ဘာမှ ထူးခြားမလာ။ ယောကျ်ားနှင့် ကွဲလာသောကြောင့် စီးပွားရေး အကျပ်အတည်းတွေနှင့်လည်း ကြုံတွေ့နေရ၏။ ထို့ကြောင့် နော်မာကို ခေါ်ယူကျွေးမွေး မထားနိုင်သေး။ မြေးကလေးကို မကြာခဏ သွားကြည့်ပြီး တစ်ခါတစ်ရံ မိမိအိမ်သို့ နေ့အိပ်ညနေ ခေါ်လာခြင်းမှတစ်ပါး မည်သို့မျှ မစီစဉ်နိုင်သေး။

ထိုကြားထဲမှာပင် နော်မာ အသက် နှစ်နှစ်မပြည့်မီ ဘွားအေကြီး ကွယ်လွန်တော့သည်။ ဒယ်လာ၏ မိဘနှစ်ပါးစလုံး စိတ်ရောဂါကုဆေးရုံမှာ စိတ်ရောဂါဖြင့် ကွယ်လွန်ခဲ့ကြသည်။ ယခု ဒယ်လာသည်လည်း စိတ်ရောဂါကုဆေးရုံမှာပင် စိတ်ရောဂါဖြင့် ကွယ်လွန်ခြင်း ဖြစ်သည်။

ဒယ်လာ၏ အသုဘစရိတ်အားလုံးကို သမီးဖြစ်သူ ဂလက်ဒီကပင် ကုန်ကျခံလိုက်ရသည်။

အိုက်ဒါဘိုလ်ဒါနှင့် ခင်ပွန်းဖြစ်သူတို့သည် ချစ်စရာကောင်းသော

နော်မာကလေးကို သံယောဇဉ်တွယ်မိကြပြီ။ သူတို့၏ သမီးကလေး အရင်း သဖွယ် မေတ္တာပွားမိကြပြီ။ ထို့ကြောင့်လည်း နော်မာ စိတ်ချမ်းသာရေး အတွက် သူတို့ အစွမ်းရှိသမျှ ပြုစုကြသည်။ ဂလက်ဒီထံမှ ငွေကြေး ရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ သူတို့ တတ်စွမ်းနိုင်သမျှ နော်မာကို ကျွေးမွေးသုတ်သင်ကြသည်။

နော်မာ သုံးနှစ်သမီးတွင် အိမ်နှင့်မလှမ်းမကမ်းရှိ မူလတန်းကျောင်း ကလေးသို့ ပို့သည်။ သူတို့ မွေးစားထားသည့် လတ်စတာနှင့်အတူ ကျောင်း ထားပေးခြင်း ဖြစ်သည်။ လတ်စတာသည် နော်မာနှင့်ရွယ်တူ ဖြစ်ပြီး အစားဖော် ကစားဖက်လည်း ဖြစ်၏။

နော်မာ ကျောင်းစနေသည့် နှစ်မှာပင် ဂလက်ဒီ၏ ရည်မှန်းချက် တောင်ကြီး ပြိုကျပျက်စီးခဲ့ရသည်။ တစ်သက်လုံး ခဲခဲလေသမျှ သဲရေကျ ဖြစ်ရတော့သည်။

ဂလက်ဒီ အလုပ်လုပ်သည့် ဖလင်ထုတ်လုပ်ရေးစက်ရုံသည် မီးစွဲ လောင်ခြင်းကို ခံရတော့၏။ ထိုအချိန်က ဂလက်ဒီသည် ဒုတိယထပ်မှာ ရှိနေ၏။ မီးလောင်ပြီကို သိသောအခါ သူ့ပတ်လည်မှာ မီးလောင်လွယ် သည့် ဖလင်ပေါင်း များစွာ ရှိနေ၏။ သို့သော်လည်း ဂလက်ဒီသည် အလွန် တည်ငြိမ်စွာဖြင့် သူနှင့် လုပ်ဖော်ကိုင်ဖက်များ အားလုံး လွတ်မြောက်ရေး အတွက် အစွမ်းရှိသမျှ ဦးဆောင် စီစဉ်ပေးသွားသည်။ တစ်ကိုယ်ကောင်း မဆန်ခဲ့။ ကိုယ်လွတ်မရုန်းခဲ့။ အောက်ထပ်ရှိ မီးလွတ်ကင်းရာ ခန်းမကြီး အတွင်းသို့ တစ်ယောက်မကျန် ဘေးမသီ ရန်မခ ရောက်ရှိရန် ဣန္ဒြေရရ ဆောင်ရွက်ပေးသွားသည်။

ထိုကစပြီး သူနှင့် လုပ်ဖော်ကိုင်ဖက်လည်းဖြစ်၊ သူ့အထက်က အပ်ချုပ်သူ အမျိုးသမီးလည်းဖြစ်သော ဂရေ့စ်မက်ကီးက သူ့ကို များစွာ အထင်ကြီး လေးစားသွားတော့သည်။ ဂလက်ဒီနှင့် ဂရေ့စ်သည် ယခင် ကတည်းက ချစ်ခင်ရင်းနှီးကြသူများ ဖြစ်ကြ၏။ ဂလက်ဒီ လိုသမျှ အကူအညီ များကို ပိုင်ခံပေးခဲ့သူ ဖြစ်၏။ နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်းဖြင့် စောင့်ရှောက်ခဲ့သူ ဖြစ်၏။

ယခုလို ဘေးဒုက္ခနှင့် ကြုံသောအခါတွင် မိမိတစ်ကိုယ်ကောင်း

အတွက် ကိုယ်လွတ်မရုန်းဘဲ အများ၏အသက်အား ကယ်တင်သည်ကို မျက်မြင်တွေ့ရလေရာ ဂလက်ဒီကို ပို၍ အထင်ကြီး လေးစားသွားခြင်း ဖြစ်သည်။ ထိုပီးလောင်မှုကြောင့် စက်ရုံသည် ပြာပုံအတိဘာဝသို့ မျက်စိ အောက်မှာပင် ကူးပြောင်းသွားတော့သည်။

စက်ရုံပိုင်ရှင်များက ရက်အနည်းငယ်အတွင်း အခြားကုမ္ပဏီတစ်ခု နှင့် ပူးပေါင်းကာ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြသည်။ ထိုကုမ္ပဏီ တွင် အလုပ်ဆက်လုပ်ရန် ဂလက်ဒီကို ခေါ်ကြသေးသည်။ သို့သော် သူ လက်မခံတော့။ ကိုလံဘီယာကုမ္ပဏီသို့ ပြောင်းပြီး ဖလင်ဖြတ်သူအလုပ်ကို ဝင်ရောက်လုပ်ကိုင်သည်။ သူနှင့်အတူ ဂရေ့စ်မက်ကီးလည်း ထိုကုမ္ပဏီမှာ အလုပ်ဝင်သည်။ သူတို့ သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ကြပြန်သည်။ ဂရေ့စ်သည် သူ့ထက် ရာထူးကြီးသောကြောင့် သူ့ကို စောင့်ရှောက်မြဲ စောင့်ရှောက်ပြန်သည်။

ထိုအခိုက် နော်မာဂျိန်း အသဲအသန် မကျန်းမာကြောင်း ဘိုလင်ဒါ တို့က အကြောင်းကြားသဖြင့် ခွင့်ယူပြီး သမီးရှိရာသို့ လာခဲ့သည်။ သမီးနှင့် အတူတူ ရက်သတ္တသုံးပတ်ကြာအောင်နေသည်။ သမီးကို ကိုယ်ဖိရင်ဖိ ပြုစုသည်။သူ့ဘဝ၊သူ့ရည်မှန်းချက်၊သူ့အသက်သည် ဤသမီးကလေးပင် မဟုတ်ပါလော။

နော်မာ နေကောင်းသည်နှင့် တစ်ပြိုင်နက် သမီးကို အပြီးအပိုင် ခေါ်ကာ ဟောလီးဝုဒ်သို့ ပြန်လာခဲ့သည်။ သူ ရည်မှန်းခဲ့သည့်အတိုင်း၊ ဆုံးဖြတ်ချက်ချထားခဲ့သည့်အတိုင်း သမီးနှင့်အတူ မခွဲတမ်းနေတော့မည်။ သမီးကလေးကို ရင်အုပ်မကွာ ပြုစုတော့မည်။ ဆင်းရဲမကွာ၊ ချမ်းသာအတူ နေတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် သမီးကို သူ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ကိုလံဘီယာကုမ္ပဏီတွင် အလုပ်လုပ်ရင်းဖြင့် ငွေလည်း အတော် အတန် စုမိပြီ။ သူရည်မှန်းခဲ့သည့်အတိုင်း အကောင်အထည်ဖော်မည် ဆိုက ဖော်နိုင်လောက်အောင် ငွေကြေး အတော်အသင့် ရှိပြီ။ ဟောလီးဝုဒ် မြောက်ဘက်ဖျားတွင် အိမ်လေးတစ်လုံးကို အကြွေးဝယ်လိုက်သည်။ ဝင်ငွေထဲမှ အရစ်ကျ ဆပ်သွားရန် ဖြစ်သည်။

အိမ်ကလေးကို သူစိတ်တိုင်းကျ ပြင်လိုက်သည်။ အိမ်ထောင်ပရိ ဘောဂများကို သူ တတ်နိုင်သမျှ အသပ်ရပ်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဝယ်ယူ ပြင်ဆင်လိုက်လေသည်။ ခုနစ်နှစ်သမီး ရှိလာပြီဖြစ်သည့် နော်မာ အတွက်လည်း စန္ဒရားတစ်လုံးဝယ်ကာ ဧည့်ခန်းမှာ ချထားပေးသည်။

အိုက်ဒါဘိုလင်ဒါတို့နှင့်နေစဉ်က နော်မာသည် တစ်နှစ်ခန့် စန္ဒရား သင်ခဲ့ဖူး၏။ ယခု ကိုယ်ပိုင်စန္ဒရားနှင့်၊ ကိုယ်ပိုင်အိမ်နှင့်၊ အမေအရင်းနှင့် နေရတော့မည် ဆိုတော့ ဂလက်ဒီသာမက၊ နော်မာ ကိုယ်တိုင်လည်း အပျော်ကြီး ပျော်နေမိသည်။

အိပ်ခန်းနှစ်ခန်းကို သပ်သပ်ရပ်ရပ် ပြင်သည်။ အမေတစ်ခန်း၊ သမီးတစ်ခန်း စိတ်တိုင်းကျ ပြင်ဆင်မွမ်းမံကြခြင်း ဖြစ်သည်။ သားအမိ နှစ်ယောက် စိတ်တိုင်းကျ ပြင်ဆင်ကြသည့် အိမ်ကလေးသည် ထိုရပ်ကွက် တွင် အသပ်ရပ်ဆုံးနှင့် နေချင့်စဖွယ် အကောင်းဆုံးသော အိမ်ကလေး တစ်လုံး ဖြစ်လာသည်။

နော်မာကို အနီးရှိ ကျောင်းမှာ အပ်လိုက်သည်။

အမေက အလုပ်သွား၊ သမီးက ကျောင်းသွား။ ညနေတိုင်း သားအမိ နှစ်ယောက် ပြန်ဆုံကြ၊ သမီးက စန္ဒရားတီး၊ အမေက ထိုင်နားထောင်၊ စားသောက်ဖွယ်ရာကို သားအမိနှစ်ယောက် ပျော်ပျော်ပါးပါး စားကြဖြင့် သူတို့သားအမိနှစ်ယောက်၏ဘဝသည် သာယာစိုပြည်လျက် ရှိချေပြီ။

ဂလက်ဒီ မျှော်မှန်းခဲ့သည် မိသားစုဘဝကလေးကိုလည်း တည် ဆောက်နိုင်ချေပြီ။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီး တစ်ကမ္ဘာလုံးကို ရိုက်ခတ်နေသည့် စီးပွားပျက်ကပ်သည် သူတို့သားအမိကိုလည်း ချမ်းသာ မပေးခဲ့ပါ။ ထို့ကြောင့် စရိုက်စကမှ သက်သာစေတော့ဟူသည့် သဘောဖြင့် အင်္ဂလိပ်လူမျိုး လင်မယားနှစ်ယောက်ကို မိမိတို့ အိမ်တစ်ခြမ်း ငှားလိုက်ရ သည်။ လင်မယား နှစ်ယောက်စလုံး အသက် (၆၀)ခန့် ရှိကြပြီ ဖြစ်ပြီး အေးချမ်းစွာ နေတတ်ကြသူများ ဖြစ်သည်။

တစ်ညနေ။ (၁၉၃၄) ခုနှစ်၊ မေလ၏ တစ်ညနေ။

နော်မာကိုးနှစ်ဘဝကို မုန်တိုင်းထန်တော့မည့် တစ်ညနေ ဖြစ်သည်။ သူ့ဘဝ၏ အလှည့်အပြောင်းကို စတင်တော့မည့် တစ်ညနေ ဖြစ်သည်။

သူ့ ကျောင်းက ပြန်အလာ သူတို့နှင့်အတူနေသည့် အင်္ဂလိပ်အဘိုးကြီးက သူ့လက်ကို ယုယစွာကိုင်ပြီး ဆီးကြိုသည်။

"သမီးအမေ နေမကောင်းလို့ ဒီနေ့ ဆေးရုံတင်လိုက်ရတယ်၊ သိပ်ကြောပါဘူး၊ နေကောင်းပြီး ပြန်ရောက်လာမှာပါ၊ သမီး ဘာမှ အားမငယ်နဲ့ အန်ကယ်တို့ သမီးနဲ့ အတူတူ ရှိနေတာပဲ"

အဘိုးကြီးက ဆီးကြိုပြောသည်။ နော်မာ့စိတ်ထဲတွင် သာမန်ထက်ပို၍ ထူးခြားသည် မထင်။ သူသူငါငါ ဖျားကြနာကြသလို ယာယီဖျား၊ ယာယီ ဆေးရုံတက်ပြီး မေမေ ပြန်လာလိမ့်မည်ဟုပင် ထင်မှတ်ခဲ့သည်။

သို့သော် သူ့အထင် တက်တက်စင် လွဲချေပြီ။

သူ့အမေသည် လောကဓံလှိုင်းတံပိုးတို့၏ အဆက်မပြတ် ရိုက်ပုတ်ခြင်းဒဏ်ကို နှစ်ပေါင်း များစွာ ခံခဲ့ရသူ ဖြစ်၏။ ဒုက္ခပေါင်းစုံတို့ကြားမှ လွတ်မြောက်နိုင်ရန် နှစ်ပေါင်း များစွာ ကြိုးစားရုန်းကန်ခဲ့ရသူ ဖြစ်၏။ ယခု ထိုဒဏ်တို့ကို စုပြုံခံစားရပြီး စိတ်ဝေဒနာသည် သူ့ကို ကြီးစွာ နှိပ်စက်ကလူ ပြုချေပြီ။ ထိုကစပြီး သူ့သမီးနှင့်သူ အပြီးအပိုင် ခွဲခွာသွားရလေတော့၏။ သေကွဲ မကွဲဘဲ၊ ရှင်ကွဲ ကွဲရခြင်း ဖြစ်သဖြင့် ပို၍ အသည်းနာစရာကောင်းတော့သည်။

စောစောပိုင်းက နော်မာကို အင်္ဂလိပ်အဘိုးကြီး၊ အဘွားကြီးများက စောင့်ရှောက်ထားသည်။ ဂလက်ဒီ၏ သူငယ်ချင်း ဂရေစ်မက်ကီးကလည်း မကြာခဏ လာကြည့်သည်။ နော်မာကို စောင့်ရှောက်ခအဖြစ် တတ်နိုင်သလောက် ငွေကလေး ကြေးကလေး ပေးသည်။

အိမ်အကြွေးဝယ်ထားသောကြောင့် တစ်ဖက်ကလည်း ဘဏ်တိုးများက တက်လှပြီ။ အိမ်တွင်းမှာရှိနေသည့် အိမ်ထောင်ပရိဘောဂကလေးများကို ဂရေစ်၏ အစီအစဉ်ဖြင့် ချရောင်းခဲ့သည်မှာလည်း ကုန်သလောက်ရှိပြီ။ ဂလက်ဒီသည် ဆေးရုံမှ ဆင်းသောအခါ သမီးရှိရာသို့ ပြန်မလာတော့။ ဟောလီးဝုဒ်နှင့်ဝေးရာ တစ်ရပ်တစ်ကျေးသို့ ထွက်ခွာသွားသည်။ သူ မျှော်မှန်းချက်ကြီးခဲ့သည့် သမီးငယ်၏ဘဝ ဖြစ်လိုရာ ဖြစ်စေတော့ဟူသည့် သဘောဖြင့် ပစ်ပယ်ခဲ့ခြင်း ဖြစ်သည်ဟုပင် ဆိုရချေမည်။

အချိန်သည် တစ်လလည်း မဟုတ်၊ နှစ်လလည်း မဟုတ်၊ နှစ်နှစ်

ပင်ပြည့်လှပြီ။ အိမ်ကို ဘဏ်က အကြွေးဖြင့် သိမ်းလိုက်၏။ အင်္ဂလိပ်အဘိုးကြီးများသည် အင်္ဂလန်သို့ ပြန်ကြတော့မည် ဖြစ်၏။

ထို့ကြောင့် အိမ်နီးချင်း ဟာဗေးဂစ်ဖင်တို့ မိသားစုက နော်မာကို သူတို့အိမ်သို့ ခေါ်ထားလိုက်သည်။ သူတို့သမီးနှင့် ကစားဖော် ဖြစ်သည်က တစ်ကြောင်း၊ အိမ်နီးချင်း ဖြစ်သည်က တစ်ကြောင်း၊ နော်မာ ကိုယ်တိုင်က ချစ်ဖွယ်ကောင်းသော မိန်းကလေး ဖြစ်နေသည်က တစ်ကြောင်း၊ မိဘဆိုးဖဘဆိုးဘဝဖြင့် ဒုက္ခရောက်နေသည်ကို မြင်တွေ့ရသည်က တစ်ကြောင်းတို့ကြောင့် သွေးမတော်သော်လည်း ခေါ်ယူထိန်းသိမ်းကာ တာဝန်ယူလိုက်ခြင်း ဖြစ်သည်။

မစ္စတာဟာဗေးဂစ်ဖင်သည် အမေရိကန် ရေဒီယိုကော်ပိုရေးရှင်းတွင် အသံဖမ်းအင်ဂျင်နီယာ ဖြစ်သည်။ နော်မာကို ခေါ်ယူစောင့်ရှောက်ထားပြီး မကြာမီမှာပင် သူတို့၏ ဇာတိဖြစ်သော မစ္စစ်စပီသို့ ပြန်ပြောင်းရန် အကြောင်းပေါ်လာသည်။ ထိုသို့ ပြန်ပြောင်းရမည်ဆိုလျှင် နော်မာကို မည်သူနှင့် ထားခဲ့မည်နည်း။

သူတို့သမီးကလေးလို ချစ်မိနေပြီဖြစ်သောကြောင့် ဆွေမျိုး မျိုးမရှိ သူစိမ်းတစ်ရံစာများကြားမှာ သည်ကလေးငယ်ကို သူတို့ မထားရက်ခဲ့ကြ။ ထားခဲ့မည်ဆိုလျှင်လည်း မည်သူက တာဝန်ယူ ကျွေးမွေးစောင့်ရှောက်မည်နည်း။ နောက်ဆုံး နော်မာကို သူတို့မွေးစားဖို့ ဆုံးဖြတ်လိုက်ကြသည်။ မွေးစားမည်ဆိုလျှင် တရားဥပဒေနှင့် ဘောင်ဝင်အောင် စီစဉ်ရဦးမည်။

ထိုအခိုက်မှာပင် ယခင် ဂလက်ဒီ အလုပ်လုပ်ကိုင်ခဲ့သည့် ဖလင်ထုတ်လုပ်ရေးစက်ရုံမှ ရယ်ဂျီနယ်ကာရိုးနှင့် ဇနီးတို့ကလည်း နော်မာကို မွေးစားချင်သည်ဟု အဆိုပြုလာကြသည်။ ရယ်ဂျီနယ်တို့ ဇနီးမောင်နှံသည် ဂလက်ဒီနှင့် လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။

အလှမကလေးသည် လူတကာ စွဲမက်လောက်အောင် ရုပ်လှသော်လည်း သူ့ဘဝ၏အစက မလှရှာပါ။ တစ်နှစ်ကျော်ခန့် အတူနေလိုက်ရသည့် အမေသည် ဘယ်ဆီဘယ်ဝယ်သို့ ရောက်သွားပြီကို သူမသိ။ မည်သူ့ကို အားကိုးရမည်ကို သူမသိ။ လောကအလယ်တွင် မျက်စိသူငယ်ဖြင့် အားကိုးရာ ရှာမရအောင် ဖြစ်နေရှာသည်။

ယခု မိမိကို မွေးစားလိုသူမှာလည်း မိသားစုနှစ်စု ဖြစ်လေသည်။ မည်သူက သူ့ကို မွေးစားမည်နည်း။ မွေးစားကြမည့်သူများသည် သူတို့ ရင်မှဖြစ်သော သမီးအရင်းကဲ့သို့ သူ့ကို ချစ်ခင်ယုယကြပါမည်လော။

သူ ဉာဏ်မီသလောက် စဉ်းစားကြည့်သည်။ ဘာအဖြေမှ မပေါ်။ စဉ်းစားသမျှ အားလုံးတို့သည် သူ့အသိဉာဏ် နုနုကလေး အတွင်းဝယ် အားလုံး ရှုပ်ထွေးကုန်သည်။ ငိုရမည်လော၊ ရယ်ရမည်လော၊ သူ ဘာကိုမှ မသိတော့။ ဂစ်ဖင်နှင့် ရယ်ကျိနယ်တို့က ဂလက်ဒီရှိရာသို့ အကြောင်းကြား လိုက်သည်။ ခွင့်ပြုမည်ဆိုလျှင် နော်မာကို မွေးစားမည့် အကြောင်း၊ ဂလက်ဒီ ကြိုက်နှစ်သက်သူကို မွေးစားခွင့်ပြုမည့် အကြောင်း။

"ကျွန်မ၏ သမီးသည် သူတစ်ပါး အမွေးစားခံရန် လူဖြစ်လာခြင်း မဟုတ်။ ထို့ကြောင့် မည်သူမွေးစားခြင်းကိုမျှ လက်မခံနိုင်။ ကျွန်မ သမီးကို ကျွန်မ တာဝန်မယူနိုင်လျှင် ဟောလီးဝုဒ်က တာဝန်ယူလိမ့်မည်။ ကျွန်မ သမီးကို ဟောလီးဝုဒ်မှာပင် ရှိနေစေချင်သည်"

ဟူသော ဂလက်ဒီ၏ အကြောင်းပြန်ကြားချက်သည် သူတို့အားလုံး ၏ အစီအစဉ်အားလုံးကို ပျက်စီးစေလေတော့သည်။

အလှမကလေး၏ ဘဝနိဒါန်းသည် မလှမပသော၊ အရုပ်ဆိုး အကျည်းတန်သော အဖြစ်အပျက်များနှင့်သာ ဒွေးရောယှက်တင် ဖြစ်နေ ရတော့သည်။

အဖေ ဘယ်မှာနည်း။ သူ မသိရှာပါ။

အမေ ဘယ်မှာနည်း။ သူ အဖြေမပေးတတ်ရှာပါ။

ထိန်းသိမ်းစောင့်ရှောက်မည့်သူ ဘယ်မှာနည်း။

သူ လက်ညှိုးထိုး မပြတတ်ရှာပါ။

နွေးထွေးလုံခြုံသည့် ဖခင်မေတ္တာ၊ မိခင်မေတ္တာကို မည်သူက ပေးမည်နည်း။ ကိုးနှစ်သမီးငယ်၏ အသိဉာဏ်နှင့် မည်သို့မျှ မမှီနိုင်ရှာပါ။

ငယ်ရွယ်နုနယ် အလှမကလေးသည် မရေရာ မသေချာသော ဘဝခရီးကြမ်းကို မျက်စိသူငယ်ဖြင့် စမ်းတဝါးဝါး လျှောက်ရချေဦးမည်။

* * *

## ဆန့်ကျင်ဘက်၏ သမီးပျို

ဝဲလာသည့် မျက်ရည်ကို တားကြည့်၏၊ မရ။

နှိုက်ချင်လာသည့် ဝမ်းနည်းစိတ်ကို ထိန်းကြည့်၏။ မအောင်မြင်။

ထို့ကြောင့် အရှုံးပေးလိုက်သည်။ ကန်ပေါင်ကျိုးသလို မျက်ရည်များ စီးကျလာသည်။ ပင်လယ်လှိုင်းရိုက်သလို နှိုက်သံများ ပွင့်အန်ထွက်ကျလာသည်။ သည်တော့ ရင်ထဲမှာ လင်းသွားသည်။ ရှုပ်ထွေးနေသော ခံစားချက်များ ရှင်းသွားသည်။

ပတ်လည်ကို မျှော်ကြည့်သည်။ထူထဲသောခြံစည်းရိုးများ ပတ်လည်ဝိုင်းနေသည်။ စိတ်ထဲမှာ ကျဉ်းကျပ်သွားသည်။

ခြံစည်းရိုးများကို ကျော်ကြည့်သည်။ အာကေဒီ့ ရုပ်ရှင်ကုမ္ပဏီကြီးကို လှမ်းမြင်နေရသည်။ စိတ်ထဲမှာ လွတ်လပ်သွားသည်။ သည်စည်းရိုးများကိုကျော်ပြီး လွင့်ပျံ့ထွက်သွားချင်စိတ်များ ပေါ်လာသည်။ ဝမ်းနည်းလာပြန်သည်။ ဝဲလာသည့်မျက်ရည်ကို တားပြန်သည်။ နှိုက်ချင်သည့်စိတ်ကို ထိန်းပြန်သည် မရ။ စိတ်အလိုအတိုင်း ဘာတစ်ခုကိုမှ လုပ်၍ မရ။ ထို့ကြောင့် မျက်ရည်ကို သွန်ချလိုက်သည်။ နှိုက်သံကို ပေါက်ကွဲစေလိုက်သည်။ စိတ်ပေါ့ပါးသွားသည်။ စိတ်အလိုလိုက်ကာ အရှုံးပေးလိုက်ရသည်ကိုပင် ကြည်နူးသလို ဖြစ်သွားသည်။ ထို့ကြောင့် ခြံစည်းရိုးထူထူကြီးကို မျက်လုံးဝေ့ပြီး ကြည့်မိပြန်သည်။

*လော့စ်အိန်ဂျယ်လီ မိဘမဲ့ကလေးများဂေဟာ*

ဧရာမ ဆိုင်းဘုတ်ကြီးသည် နော်မာ့စိတ်ကို ချောက်ချားစေလျက်ရှိသည်။ ထိုဆိုင်းဘုတ်ကြီးကို မြင်ရတိုင်း . . .

"ငါ မိဘမဲ့မဟုတ်ဘူး၊ မိဘမဲ့ မဟုတ်ဘူး"

ဟု ကြောက်လန့်တကြား ရေရွတ် ခေါင်းယမ်းမိသည်။

သို့သော် သူ ဘာတတ်နိုင်မည်နည်း။ သူ့မှာ အမိအဘများ ရှိပါ၏။ သို့သော် ထိုအမိအဘတို့သည် အဘယ်မှာနည်း။ သူ့ကို ထိန်းကျောင်း စောင့်ရှောက်ကျွေးမွေးမည့်သူသည် အဘယ်မှာနည်း။ သို့ဆိုလျှင် မိဘမဲ့ ကလေးများဂေဟာသည်သာလျှင် သူ့အတွက် ဘူမိနက်သန် နေရာမှန် ဖြစ်ချေသည်။

မည်သူ၏ မွေးစားခြင်းကိုမျှ လက်မခံနိုင်ဟု မိခင်၏ အကြောင်း ပြန်ကြားချက်ကိုရသောအခါ ဂရေစ်သည် နော်မာ၏ တရားဝင် အုပ်ထိန်းသူ ဖြစ်လာသည်။ အန်တီဂရေစ်ဘဝမှ မာမီဂရေစ်ဘဝသို့ ကူးပြောင်းလာ သည်။ အုပ်ထိန်းသူ ဖြစ်လာလင့်ကစား အိမ်ထောင် မရှိသော ဂရေစ် အနေဖြင့် နော်မာကို သူနှင့်အတူ မထားနိုင်သေး။ ထို့ကြောင့်လည်း မိဘမဲ့ ကလေးများဂေဟာသို့ ပို့လိုက်ရလေတော့သည်။

မိဘမဲ့ကလေးများဂေဟာဟုသာ ဆိုရသော်လည်း၊ ရှိရှိသမျှသော ကလေးများသည် မိဘမဲ့များချည်းသာ မဟုတ်ကြ။ နော်မာကဲ့သို့ မိဘ ရှိသော်လည်း ကျွေးမွေးသုတ်သင်ခြင်း မပြုနိုင်သည့် မိဘတို့၏ သားသမီး များလည်း ပါသည်။ အမေ မရှိဘဲ အဖေ ရှိသူ၊ အဖေ မရှိဘဲ အမေသာ ရှိသူများလည်း ပါသည်၊ မည်သို့ဆိုစေ နော်မာ အနေဖြင့် သည်မိဘမဲ့ ကလေးများဂေဟာမှာ တစ်မိနစ်၊ တစ်စက္ကန့်ကလေးမျှ မနေချင်။ ထူထဲ သော ခြံစည်းရိုးကြီးများကို ကျော်ဖြတ်ပြီး ဝေးရာသို့ ပြေးလိုက်ချင်သည်။ လွတ်လပ်သည့် အရပ်ဒေသသို့ ပြေးလိုက်ချင်သည်။ အနှောင်အဖွဲ့များ ကင်းမဲ့ရာအရပ်သို့ ပြေးလိုက်ချင်သည်။

ကိုးနှစ်ကျော်သာ ရှိသေးသော်လည်း သူ့အသက်နှင့် မလိုက်အောင် ကြီးကောင်ဝင်နေပြီ။ ကိုယ်လုံးက ဖွံ့ဖွံ့ထွားထွား၊ အရပ်ကြီးက ထောင် ထောင်မောင်းမောင်းနှင့် အပျိုကြီးဖားဖားသဖွယ် သူ့ကို ထင်ရသည်။

ထို့ထက် ပို၍ ထူးခြားသည်မှာ သူ့အလှ။

ရွှေရောင်တောက်ပသော ဆံပင်သည် ဖိတ်ဖိတ်လက်နေ၏။ ကြည်လင်ရွှန်းလဲ့သော မျက်စုံအစုံသည် ပြိုးပြိုးပြက်နေ၏။ နီနှစ်ရောင်

ကဲ့သို့သော အသားသည် ဖါဖါညက်နေ၏။ ရှိုးသားပွင့်လင်းသော အသံ သည် ဆည်းလည်းသံလို စည်စည်ဟာနေ၏။ သူ့အလှအကြောင်း သူ ကောင်းကောင်း သိပါသည်။ သူ့အလှကို အများတကာက ငေးကြသည်။ ထုတ်ဖော်ချီးကျူးကြသည်။ ဂေဟာညွှန်ကြားရေးမှူး ဆရာမကြီးသည် သူ့အလှကို ကောင်းစွာ မြင်သူ ဖြစ်၏။ အန်တီဂရေ့စ်သည် သူ့အလှကို ကောင်းစွာ ဖော်ထုတ်တတ်သူ ဖြစ်၏။ အဆောင်အုပ် ဆရာမများသည် သူ့အလှကို လွှန်မင်းစွာ နှစ်သက်ကြသူများ ဖြစ်၏။

သို့သော် သူသည် အထီးကျန်သက်သက်သာတည်း။

"ဆရာမရယ်၊ မေမေ့ အကြောင်းများ ဘာကြားသေးသလဲ၊ သတင်း အစအနကလေးမှ မရကြတော့ဘူးလား"

သိလိုစိတ်ကို မျိုသိပ် မရနိုင်တော့သည့်အဆုံးတွင် အဆောင်အုပ် ဆရာမကို မျက်ရည်လည်ရွဲနှင့် မေးမိချေတော့သည်။

"နော်မာ၊ ဒီအကြောင်းကို လုံးဝ မေ့ထားပြီး နောက်ထပ် မမေး တော့ရင် ကောင်းမယ်၊ သူဟာ အဝေးကြီးမှာ၊ ဘယ်တော့မှ ပြန်လာတော့ မှာ မဟုတ်ဘူး၊ ဒီတော့ ဒီအကြောင်းကို မေ့ထားလိုက်နော်"

"မေမေ သေသွားပြီလို့ ဆိုလိုတာလား ဆရာမရယ်"

ဆရာမသည် ဇလုံးဇထွေး ဖြေ၏။

နော်မာသည် ဇလုံးဇထွေး ရှိုက်၏။ မျှော်လင့်ချက်ကင်းမဲ့စွာ ငို၏။

သည်ကစပြီး အသည်းကွဲချေသည်။ မှန်ပါသည်၊ အလွန်နုနယ်ပြီး အပြစ်ကင်းစင်လှသည့်၊ လောကအကြောင်းကို ဘာတစ်ခုမှ မသိသေး သည့် ကိုးနှစ်သာ ရှိသေးသော မိန်းမလှကလေး နော်မာ၏အသည်း ကွဲချေ သည်။

ခုတာလူး ပွဲတော်ကြီးဆိုလျှင် အခြား ကျောင်းသူများထံသို့ လက်ဆောင်ကတ်ပြားများ အရပ်ရပ်မှ လာကြ၏။ ညီအစ်ကိုမောင်နှမဆီ က၊ ဆွေမျိုးဆီက၊ သူငယ်ချင်းအပေါင်းအသင်းဆီက။

နှစ်သစ်ကူးပွဲတော် ဆိုလျှင်လည်း အလားတူပင် ဖြစ်သည်။ သူတို့ အထဲမှာ မျက်နှာငယ်ရသူက နော်မာ။

မှတ်မှတ်ရရဆိုလျှင် ဆယ်နှစ်ပြည့်သည့် မွေးနေ့တုန်းက လတ်

ဆောင်ကတ်ပြားကလေးတစ်ခု ရောက်လာဖူးသည်။ ပေးပို့သူမှာ အန်တီဂရေ့စ် ဖြစ်သည်။ သူ့ဘဝမှာ အန်တီဂရေ့စ်ဝစ်ယောက် ရှိနေသေးသည် ဆိုခြင်းကို သတိရလိုက်သည်။

သို့သော်လည်း မဖြေသာပါ။ သူများတကာတွေ အသိုင်းအဝိုင်းကြီးကြီးနှင့် နေကြချိန်၌ သူ့မှာ အန်တီဂရေ့စ် တစ်ယောက်တည်းနှင့်သာ ပြီးပြည့်စုံနိုင်လိမ့်မည် မဟုတ်ပါ။ ထို့ကြောင့်လည်း သူ့မှာ အပေါင်းအသင်းနည်းလာသည်။ တစ်စတစ်စဖြင့် အထီးကျန်ဘဝက ပိုမို ပီပြင်လာသည်။

ဂေဟာဆိုင်းဘုတ်နှင့် ဂေဟာခြံစည်းရိုးသည် သူ့ကို ချောက်ချားစေဆုံး ဖြစ်သည်။ အထီးကျန်ဘဝကို သတိအရစေဆုံး ဖြစ်သည်။ သူ့စိတ်ကို အကျဉ်းကျပ်စေဆုံး ဖြစ်သည်။သည်ကြားထဲမှာ အသက်နှင့်မလိုက်အောင် လူကောင်ကြီးနေခြင်းကလည်း တစ်ဒုက္ခပင်။ အတန်းထဲမှာ သူက အကြီးဆုံး ဖြစ်နေ၏။ ဂေဟာအခန်းထဲမှာ သူက အကြီးဆုံး ဖြစ်နေ၏။ ယုတ်စွအဆုံး ကျောင်းသို့ သွားကြရာမှာပင် သူ့အရပ်ကြီးက ရွယ်တူတွေထဲမှာ ထိုးထိုးထောင်ထောင်နှင့် မားမားကြီး ဖြစ်နေသည်။

သူ့ကို အဘက်ဘက်က နှိပ်စက်ကလူပြုနေသည့် သည်ဂေဟာအတွင်းမှ ထွက်ပြေးလွတ်မြောက်ခြင်းသည်သာလျှင် သူ့ဘဝ၏ ထာဝရလွတ်မြောက်ရာ ဖြစ်ချေတော့မည်။ သူ့စိတ်ကို ချမ်းသာမှုပေးနိုင်မည့် တစ်ခုတည်းသောအကြောင်း ဖြစ်တော့မည်။

"ထမိုစာ၊ ကိုယ် ဒီမှာ မနေချင်တော့ဘူးကွယ်"

သူ့အပေါင်းအသင်းလုပ်သည့် တစ်ဦးတည်းသော သူငယ်ချင်းကို ဖွင့်ပြောမိသည်အထိ ဖြစ်လာရသည်။

"ဒီမှာ မနေချင်လို့ ဘယ်လိုလုပ်မှာလဲ နော်မာ"

"ကိုယ် စဉ်းစားထားတယ်၊ နေရာကိုလည်း ကြည့်ထားတယ်၊ ဒီကနေ ထွက်ပြေးကြရင် ကောင်းမလားလို့၊ တို့ အပြင်ရောက်ပြီး လွတ်မြောက်သွားတော့လည်း တို့ကို မွေးမယ့်လူ ရှိမှာပေါ့ နင် ငါနဲ့ လိုက်မလား"

သူတို့အသက်၊ သူတို့ဘဝဖြင့် ရောမ စွန့်စားမှုကြီးတစ်ခုကို ပြုလုပ်ရန် ကြိုးစားနေသည်။ မသွားတတ် မလာတတ်ဖြင့် သူတို့ ဒုက္ခရောက်မည်။ ထို့ပြင် ညဘက်ဆိုလျှင် တံခါးတွေ အားလုံးက သော့ခတ်ပိတ်ထားသည်။

နေ့ဘက်ပြေးလျှင် အကောင်းဆုံး ဖြစ်သည်။ ထမင်းစားခန်းမှ ထွက်ပြီး ကစားကွင်းကို ကျော်မည်။ ကစားကွင်းတစ်ဖက်ရောက်လျှင် ခြံစည်းရိုးနား ရောက်မည်။ ထိုခြံစည်းရိုးကိုကျော်ကာ အပြင်ဘက် လမ်းမပေါ်သို့ ဆင်းလိုက်မည်။ ကစားကွင်း၏ တစ်ဖက်ခြံစည်းရိုးကိုလည်း အဆောက်အအုံ တစ်ခုက ကွယ်ထားသဖြင့် မည်သူမျှ မြင်နိုင်မည်မဟုတ်။ ခြံစည်းရိုးကျော်ပြီး လမ်းမပေါ်ရောက်သည်နှင့် တစ်မြို့တည်း အနောင်အဖွဲ့ကြီးမှ သူတို့ လွတ်မြောက်ကြတော့မည်မှာ မလွဲကေန် ဖြစ်သည်။

လုပ်ငန်းကို စိတ်ကူးအတိုင်း စလိုက်ကြ၏။

သို့သော် ကိုးနှစ်ကျော်၊ ဆယ်နှစ်သမီးကလေးတို့၏ စီမံကိန်းသည် မည်သို့ အောင်မြင်နိုင်ပါမည်နည်း။

ခြံစည်းရိုးကို မကျော်လိုက်ရဘဲ၊ တစ်ဖက်က လမ်းမပေါ်သို့ ခြေမှ ချခွင့် မရလိုက်ကြဘဲ အဆောင်အုပ်ဆရာမကြီး၏ ဖမ်းဆီးခြင်းကို ခံလိုက်ရတော့သည်။ သူတို့၏ လှုပ်ရှားမှုများ မူမမှန်သောကြောင့် အဆောင်အုပ် ဆရာမကြီးက သူတို့ကို နောက်ယောင်ခံလိုက်နေသည်။ ထိုသို့ နောက်ယောင်ခံလိုက်ခြင်းကို သူတို့ မသိ။

"ဆရာမရယ်၊ ရှိကြီးခိုးပါရဲ့၊ ကျောင်းအုပ်ဆရာမကြီးဆီ မပို့ပါနဲ့နော်၊ ကျွန်မတို့ နောက် မလုပ်တော့ပါဘူး၊ ဆရာမကြီးဆီပို့ရင် ကျွန်မကို သူ ချစ်တော့. . . ချစ်တော့မှာ မဟုတ်"

နော်မာသည် သူ့စွန့်စားခန်းကြီး ပျက်ပြားသွားသဖြင့် ဝမ်းနည်းသည်ကတစ်မျိုး၊ ကျောင်းအုပ်ဆရာမကြီးထံပို့လျှင် အရေးယူ အပြစ်ပေး ခံရမည်ကို ကြောက်ရွံ့သည်က တစ်မျိုးတို့ကြောင့် အမျိုးမျိုး တိုးလျှိုးတောင်းပန်ပါသည်။ နောက်ဆုံးတွင် သူတို့အမှုသည် ဂေဟာညွှန်ကြားရေးမှူး ကျောင်းအုပ်ဆရာမကြီး ရှေ့မှောက်သို့ ရောက်မြဲတိုင်း ရောက်ကြလေတော့သည်။

"သမီးတို့က လိမ္မာပါတယ်ကွယ်၊ နောက် မလုပ်နဲ့၊ ဆရာမတွေ အားလုံးက သမီးတို့ကို ချစ်သားပဲ၊ ဆရာမကြီးလည်း သမီးတို့ကို သိပ်ချစ်တာပဲ၊ သမီးတို့ကို ဆရာမကြီးတို့အားလုံး အရိပ်တကြည့်ကြည့်နဲ့ နေကြတာ မဟုတ်လား။ ကိုယ့်သမီးလေးတွေ စိတ်မှချမ်းသာရဲ့လား၊ ပျော်ရဲ့လား

ဆိုတာ အမြဲ ကြည့်နေတာပဲ၊ ကဲ . . . သွား . . . သွား၊ သမီးတို့ကို အရေး မယူပါဘူး၊ နောက်သာ ဒီလို မလုပ်နဲ့နော်"

ဟု ပြုံးရွှင်သော မျက်နှာနှင့် ချိုသာသော စကားများကို ကြားလိုက်ရသည်။ မျက်နှာပေါ်မှ မျက်ရည်များ အလိုလို ခြောက်ရပြန်ပြီ၊ ကျဉ်းကျပ်သည့်စိတ်နှင့် ဝမ်းနည်းရသည့်ကြားမှ ဝမ်းသာရိပ်ကလေး သန်းရပြန်ပြီ။

ထိုအဖြစ်အပျက်၏ နောက်ပိုင်းတွင် ဂေဟာမှူးက နော်မာ၏ အုပ်ထိန်းသူ အန်တီဂရေ့စ်ကို ခေါ်ယူသည့်အကြောင်းကိုကား သူတို့ မသိရှာပါ။

"နော်မာ အတွက် ကျွန်မ စိုးရိမ်တယ်၊ သူ ဒီမှာ မပျော်တော့ဘူး၊ ဒီအတိုင်း ဆက်ထားရင် ဒီကလေး ပျက်စီးသွားလိမ့်မယ်၊ သူ့ဘဝအတွက် အန္တရာယ်ကြီးလှတယ်၊ မစ္စစ်ဂရေ့စ် ဘယ်လို လုပ်ချင်သလဲ"

"ဒီအကြောင်းကို မြန်းခနဲ အခုမှ သိရတော့ ဘာလုပ်ရမယ်ဆိုတာ ကျွန်မ စိတ်မကူးတတ်ပါဘူး၊ ဘာလုပ်ရင် ကောင်းမလဲဆိုတာ ဆရာမကြီး အကြံညာဏ် ပေးစေချင်ပါတယ်"

"ဒီကလေး အတွက် မိသားစုဘဝကလေး တစ်ခု ဖန်တီးပေးဖို့ အရေးကြီးနေပါပြီ၊ တခြားနည်းနဲ့တော့ ကုစားလို့ ရမယ်မထင်ဘူး၊ နော်မာဟာ သိပ်ချောလွန်း လှလွန်းနေတယ်၊ သူ့အရွယ်ရောက်လာရင် အလွန်ချစ်စရာကောင်းမယ့် မိန်းကလေး ဖြစ်တယ်၊ ဒါကြောင့် သူ့ဘဝမှာ ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကို ကြိုတင် ကာကွယ်ထားနိုင်ဖို့အတွက် ခုကတည်းက စီစဉ်ဖို့ လိုလိမ့်မယ်၊ သူ့ကို ဒီက ခေါ်သွားပြီး ယုံကြည်စိတ်ချရမယ့်၊ သူ့ကိုလည်း ချစ်ခင်ယုယမယ့် မိသားစု တစ်ခုနဲ့ အတူထားပေးနိုင်ရင် အကောင်းဆုံးပဲ"

ဂေဟာမှူး၏ အကြံသည် အကောင်းဆုံး အကြံ ဖြစ်၏။ ဂရေ့စ်ကိုယ်တိုင်လည်း နော်မာကို ရင်မှဖြစ်သည့် သမီးအရင်းကလေးလို ချစ်မိနေပြီ။ သည်ကလေးမ၏ နောင်ရေးအတွက်လည်း ပူပင်သောက ရောက်နေရပြီ။ သည်မျှ လှပသော မိန်းကလေးသည် လုံခြုံသည့် အုပ်ထိန်းမှုကို မပေးနိုင်လျှင် သူ့ဘဝ ကတိမ်းကပါး ဖြစ်သွားပေတော့မည်။

ဝမ်းမနေသမီးကလေး၏ ဘဝကို ကယ်တင်ရန် ဂရေ့စ် ဆုံးဖြတ်

လိုက်တော့၏။ နော်မာ့ဘဝကို လုံခြုံမှုပေးရမည်ဆိုလျှင် အပျိုကြီးဘဝနှင့် မိမိ နေ၍ ဖြစ်တော့မည် မဟုတ်။ မိမိကိုယ်တိုင်က မိသားစုကလေး တစ်ခုကို တည်ဆောက်ရမည်။ ထိုမိသားစုကလေးအတွင်းသို့ နော်မာကို သည့်သွင်းရမည်။ မိသားစု ပျော်ရွှင်မှုကို ဖန်တီးပေးရမည်။ ထို့ကြောင့် အာဝင်ဂေါ့ဒတ်နှင့် လက်ထပ်ရန် ဆုံးဖြတ်လိုက်တော့သည်။

ဂေါ့ဒတ်သည် ပထမအိမ်ထောင်နှင့် မကြာသေးမီကလေးကမှ ကွာ ရှင်းပြတ်စဲခဲ့သူ ဖြစ်သည်။ထိုအိမ်ထောင်နှင့် ရခဲ့သည့် ကလေးသုံးယောက် သူနှင့်အတူ ပါလာသည်။ သားတစ်ယောက်၊ သမီးနှစ်ယောက် ဖြစ်သည်။ သမီးဘီဘီသည် နော်မာထက် နှစ်နှစ်ငယ်သည်။ ပြီးတော့ ခုနစ်နှစ်သား ဂျွန်နှင့် ငါးနှစ်သမီး ဂျူစ်ဖိုင်း တို့ဖြစ်သည်။ ဂေါ့ဒတ် ကိုယ်တိုင်မှာမူ ဂရေ့စ်ထက် ဆယ်နှစ်ငယ်သူ ဖြစ်သည်။

ထိုသို့ ကလေးတစ်ပြုံကြီးနှင့် တစ်ခုလပ် ဂေါ့ဒတ်ကိုပင် ဂရေ့စ် လက်ထပ်လိုက်လေတော့သည်။ အမှန်တော့ သူ့အတွက် အမိကမဟုတ်။ နော်မာ၏ ဘဝအတွက် လုံခြုံမှုပေးနိုင်ရေးသာ အဓိက ဖြစ်သည်။

ဘီဘီနှင့်နော်မာသည် ခဏချင်းပင် ချစ်ခင် ရင်းနှီးသွားကြတော့ သည်။ ကစားဖော်လည်း ဖြစ်သည်။ ကျောင်းသွားဖော်လည်း ဖြစ်လာ သည်။ သူတို့နှစ်ဦး အကြိုက်ချင်းလည်း တူညီကြသည်။ ရုပ်ရှင်မင်းသား မင်းသမီးနှင့် ရုပ်ရှင်ဇာတ်ကားမှစပြီး သူတို့နှစ်ဦး အကြိုက်တူကြသဖြင့် လူကြီးများလည်း စိတ်ချမ်းသာကြရသည်။

နော်မာသည် သူ့အရွယ်ကလေးနှင့် သူ့ဘဝကို မေ့နိုင်အောင် ကြိုးစားနေရရှာသည်။ ဂေဟာမှ လွတ်မြောက်လာခြင်းပင်လျှင် သူ့အတွက် ကြီးမားလှသည့် ဆုလာဘ်ကြီးတစ်ခု ဖြစ်နေသည်။ တစ်ခါတစ်ရံ မိခင်ကို သတိရသော်လည်း ပတ်ဝန်းကျင်၏ အတွေ့အကြုံများက ဖြေဖျောက်နေ သည့်အတွက် သက်သာရာရနေသည်။ သို့သော် နော်မာ၏ဘဝ အကျိုး ပေးသည် အများ ထင်မှတ်မျှော်လင့်ထားကြသလို ဖြစ်မလာချေ။

အချိန်သည် တဖြည်းဖြည်း ရင့်ရော်လာ၏။ လူတို့၏ ဘဝများသည် လည်း များစွာ ပြောင်းလဲခဲ့ကြပြီ ဖြစ်၏။

ဂေါ့ဒတ်နှင့် ဂရေ့စ် မိသားစုသည် စီးပွားရေး အခက်အခဲများနှင့်

ရင်ဆိုင်ကြရပြီ ဖြစ်သည်။ ဂေါ်ဒတ်သည် လေယာဉ်ပျံ အပိုပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံတွင် သုဟေသန အင်ဂျင်နီယာ ဖြစ်သော်လည်း အလုပ်ကို လက်ကြောတင်းအောင် လုပ်ကိုင်သူ မဟုတ်။ အိမ်မှာ အရက် ပုလင်းမျိုးစုံတို့နှင့်သာလျှင် အချိန်ဖြုန်းနေတတ်သူ ဖြစ်သည်။ ထို့ကြောင့် မိသားစု၏ဝင်ငွေမှာ များစွာ ကျဆင်းလာသည်။ စီးပွားရေး အကျပ်အတည်း တွေ့သော အိမ်ထောင်စုမှာ ဖြစ်မြဲအတိုင်း အိမ်ထောင်ရေး အဆင်မပြေမှု များကိုလည်း ဆက်တိုက် ရင်ဆိုင်လာကြရသည်။

ဘီဘီသည် သူ့မိခင်နှင့် သွားနေသည်။ နော်မာမှာ တစ်ကိုယ်တည်း အထီးကျန်ဘဝသို့ ပြန်လည်ရောက်ရှိရပြန်သည်။ ဂရေ့စ်သည် နော်မာကို သမီးကလေး အရင်းသဖွယ် အစစအရာရာ ဂရုတစိုက် ပြုစုယုယသည် မှာ မှန်ပါ၏။ ဝေဟာမှာ ဆက်လက်ထားရှိခြင်းဖြင့် နော်မာ၏ ဘဝသည် ချော်ချော်လက်ချော် ဖြစ်သွားမည်ကို သူတို့ စိုးရိမ်ခဲ့ကြ၏။ ထိုသို့သော စိုးရိမ်မှုကြောင့်လည်း ဂေါ်ဒတ်နှင့် အိမ်ထောင်ပြုခဲ့ခြင်း ဖြစ်သည်။

လက်တွေ့ ဖြေရှင်းကြည့်သောအခါတွင် ပြဿနာအလုံးစုံတို့သည် ချောချောမောမောဖြင့် ပြေပြစ်သွားသည် မရှိချေ။

အိမ်ထောင်သာယာမှု မရှိသော မိသားစုနှင့်အတူ နေရခြင်းထက် ဝေဟာမှာ နေရခြင်းက ပိုကောင်းသေးသည်ဟု နော်မာ ထင်မှတ်လာ သည်။ တညည်းညည်းတညူညူ တစူစူတဆောင့်ဆောင့် ဖြစ်နေကြသည့် မိသားစုကြားတွင် နေရခြင်းထက် ချိုသာစွာ ပြောဆို ဆက်ဆံတတ်ကြ သည့် ဝေဟာမှုများကြားမှာ နေရခြင်းက ပိုမို သာယာကြောင်း သဘော ပေါက်လာသည်။ သို့သော် ဂရေ့စ်၏ စေတနာကို နော်မာ ကောင်းစွာ တန်ဖိုးထားတတ်သည်။ သူ့အပေါ်တွင် ထားရှိသည့် ဂရေ့စ်၏ မေတ္တာကို နော်မာ ကောင်းစွာ နားလည်သည်။ ထိုစေတနာနှင့် ထိုမေတ္တာကြောင့်ပင် ကြုံရသမျှ စိတ်မချမ်းသာမှုများကို ခါးစည်းခံနေခြင်း ဖြစ်သည်။

နော်မာ (၁၂)နှစ်သမီးရှိသောအခါ အိမ်နားရှိ အလယ်တန်းကျောင်း သို့ ပြောင်းရသည်။ နောက်နှစ်တွင် ဘီဘီသည် သူ့ဖခင်ဆီ ပြန်ပြောင်း လာသောကြောင့် နော်မာနှင့် ကျောင်းသွားဖော် ဖြစ်လာပြန်သည်။

နော်မာ့အတွက် ဘီဘီ ရောက်လာသည်ကတစ်ကြောင်း၊ ဂရေ့စ်၏

အဝေ ဲ အင်နာလိုဝါနှင့်အတူ သွားလာလည်ပတ်နေရသည်တစ်ကြောင်း၊ သူတို့အိမ်နှင့် ကျောချင်းကပ်ရှိ ဒေါ်ဂါတီတို့ မိသားစုနှင့် ရင်းနှီးရသဖြင့် တစ်ကြောင်း ဘဝသည် အတန်ငယ် စိုပြည်လာပြန်၏။

"အလွန် စိတ်ကောင်းရှိပြီး သူ့တူမကို အလွန်ချစ်တဲ့ အဘွားကြီး၊ ပြီးတော့ ကျွန်မကိုလည်း သိပ်ချစ်ရှာတယ်၊ တစ်စက်ကလေးမှ တစ်ကိုယ်ကောင်း မဆန်ဘူး"

ဟု အဘွားကြီး အင်နာ လိုဝါနှင့်ပတ်သက်ပြီး မာရီလင်မွန်ရိုးက ပြန်လည် ပြောပြတတ်သည်။ အင်နာသည် နော်မာ၏ စိတ်ဝေဒနာကို ကောင်းစွာ သိသည်၊ နော်မာ၏ ဘဝဒုက္ခကို ကောင်းစွာ ညာတာ ထောက်ထားသူ ဖြစ်သည်၊ သာယာမှုမရှိသော အိမ်ထောင်စု တစ်ခု အတွင်း၌ မျက်စိသူငယ်နှင့် နေထိုင်ရသည်ကို တွေ့သောကြောင့်လည်း သားသမီးချင်း စာနာမိသည်။ ထို့ကြောင့် မကြာခဏ နော်မာကို သူ့အိမ်သို့ ခေါ်သွားတတ်သည်။ ညအိပ် ညနေ ထားတတ်သည်။ နော်မာ လိုချင်သည်များကို ဝယ်ပေးတတ်သည်။ နော်မာ စိတ်ချမ်းသာရေးကို အစွမ်းကုန် ဆောင်ရွက်ပေးရှာသည်၊ ထိုအကြောင်းများကို နော်မာသည် သေသည် အထိ မမေ့။

သည်အိမ်မှာ နေရသည်ထက် ဂေဟာမှာ ပြန်လည် နေထိုင်ရခြင်းက ပို၍ကောင်းသည်ဟု နော်မာ အတွေးပေါက်နေသည်ကို ပထမဆုံး သတိထားမိသူသည် အင်နာ ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး အဘွားကြီးက သူ့တူမ ဂရေ့စ်ကို ဖွင့်ဟ သတိပေးသည်။

"နော်မာ စိတ်မချမ်းမသာ ဖြစ်နေတယ်၊ ညည်းတို့ အိမ်ထောင်ရေးကလည်း မသာယာတော့ ကလေးအဖို့ အနေကျပ်တာပေါ့၊ ဂေဟာနဲ့ ပတ်သက်ပြီး သူ သတိမရအောင်လုပ်ပါ၊ ပန်းကန်ဆေးတာမျိုးတွေ၊ စုပြီး သီချင်းဆိုတာမျိုးတွေ မလုပ်မိပါစေနဲ့၊ တော်တော်ကြာ ဟိုကို စိတ်ပြန်လည်သွားပြီး စိတ်လေနေပါဦးမယ်"

ဟု ပြောပြသည်။ ထိုမျှအထိ နော်မာ အပေါ်မှာ နားလည်သော အဘွားကြီး ဖြစ်သည်။ သူတို့အိမ်နောက်ဘက်မှ ဒေါ်ဂါတီတို့ မိသားစုသည်လည်း နော်မာနှင့် ရင်းနှီးသော အိမ်နီးချင်းများပင် ဖြစ်သည်။

ဒေါ်ဂါတီသည် သားသမီးလေးယောက် ရှိသည်။ သားတစ်ယောက်၊ သမီးတစ်ယောက်မှာ အိမ်ထောင်ခွဲများ ဖြစ်ပြီး၊ သားနှစ်ယောက်သည် သူတို့နှင့်အတူ နေကြသည်။

သားကြီး ဂျင်မီဒေါ်ဂါတီသည် နော်မာထက် နှစ်နှစ်ခန့် အသက်ကြီးသည်။ ယောကျ်ားပီသသော မျက်နှာ၊ ကိုယ်လုံးကိုယ်ထည်၊ အနေအထိုင် အပြောအဆိုဖြင့် အမျိုးသမီးများ မက်မောလောက်အောင် ခန့်ချောချောသူ ဖြစ်သည်။ နော်မာ (၁၄)နှစ် ပြည့်သောအခါ အပျိုကြီးဖားဖား ဖြစ်ချေပြီ။ အရပ်က ငါးပေခြောက်လက်မနှင့် အလွန် အချိုးအစား ပြေပြစ်သော ခန္ဓာကိုယ်ပိုင်ရှင် ဖြစ်လေသည်။

လှေကျင့်ခန်း မှန်မှန်လုပ်၏။ ထို့ကြောင့်လည်း ရှိုက်ဖိုကြီးငယ်၊ အသွယ်သွယ်မှု၊ တင့်တယ်စေမှု၊ သိကြားတသို့ဟု ဆိုရလောက်အောင် မို့သောရင်၊ ကျဉ်းသောခါး၊ ကားသောတင်တို့ဖြင့် အလှကြွယ်နေသည်။

သူ့မျက်နှာ၏အလှကို နေ့စဉ် အရိပ်တကြည့်ကြည့်နေသည်၊ အနည်းဆုံး(၁၅) ကြိမ်လောက် နေ့စဉ် မျက်နှာသစ်လေ့ရှိသည်။ ထို့ကြောင့်လည်း သူ့အသားကလေးများသည် နို့နှစ်ရောင်ပေါက်ကာ ထိရက်စရာ မရှိအောင် အိညက်နေခြင်း ဖြစ်သည်။ အလှမကလေး၏ အလှသွေးသည် အဖူးအငုံဘဝမှ ပွင့်အာစ ပြုလာပြီဖြစ်ကြောင်း အားလုံးက သတိထားမိကြသည်။ လမ်းသွားလျှင် ယောကျ်ားတကာတို့သည် သူ့ကို သမင်လည်ပြန် ကြည့်ကြစမြဲ ဖြစ်၏။ သူ့အလှကို ရင်သပ်ရှုမောကြစမြဲ ဖြစ်၏။

လှပခြင်းသည် သူ့ဘဝအတွက် ကုသိုလ်လော၊ အကုသိုလ်လော အပြောရခက်ပါသည်။ သည်မျှ လှပသော မိန်းကလေးသည် အန္တရာယ်နှင့် နီးကပ်လွန်းလှချေသည်တကား။

နော်မာသည် သူ့အခန်းထဲရှိ ခုတင်ပေါ်မှာ လဲလျောင်းရင်း အတွေးရေလျဉ်ကြောမှာ မျောနေသည်။ မေမေ့အကြောင်းလည်း ပါသည်၊ သူမမြင်ဘူးလိုက်သော ဖေဖေ့ကိုလည်း စိတ်ကူးနှင့် စဉ်းစားကြည့်နေမိသည်။ မိဘမဲ့ကလေးများဂေဟာ၏ ရုပ်လုံးသဏ္ဌာန်သည်လည်း သူ့မျက်စိထဲမှာ ပေါ်လာသည်။ ပြီးတော့ ဂျင်မီ။ ဂျင်မီ အကြောင်းကို တွေးမိတော့ သူ အနည်းငယ် ရှက်မိသည်။ လိပ်ပြာမလုံသလို ဖြစ်မိသည်။

ဖူးရှတောက်ပြောင်သော ဂျင်မီ့မျက်လုံးများသည် သူ့ကို စိုက်ကြည့်နေသည်ဟု စိတ်ထဲမှာ ခံစားရသည်။ ရင်ဖိုသွားသည်။ အမှန်တော့ ဂျင်မီ တော်တော်ဆိုးသည်။ အပြင်မှာသာမက၊ အိပ်မက်ထဲအထိ ဂျင်မီ လိုက်ပြီး နှောင့်ယှက်တတ်သည်။ သူ့ကြောင့် ရင်ဖိုရပေါင်းများပြီ၊ ကြီးမားသော လက်ဖဝါးကြီးများဖြင့် သူ့ခေါင်းကို လာပုတ်သောအခါ လျှပ်စစ်ဓာတ်နှင့် အတို့ခံလိုက်ရသလို ဖြစ်ခဲ့ဖူးပေါင်းလည်း များလှပြီ။ သည်အကြောင်းများကို ဂျင်မီ မသိလေရော့ထင်။

ဂျင်မီနှင့် မတွေ့ရလျှင် သူ့စိတ်ထဲမှာ ဟာတာတာကြီး ဖြစ်နေသည်ကိုတော့ သူ သတိထားမိသည်။ မည်သည့်အကြောင်းကြောင့် ဤသို့ ခံစားနေရသည်ကို နော်မာ မတွေးမိ၊ မစဉ်းစားတတ်။ တစ်ခုတော့ နော်မာ သေသေချာချာ သိသည်။ ဂျင်မီနှင့် တွေ့နေရလျှင်၊ ဂျင်မီနှင့် စကားထိုင်ပြောနေရလျှင် သူ့ပျော်သည့်အကြောင်း။

စေ့ရုံစေ့ထားသည့် အိပ်ခန်းတံခါးသည် တိုးတိတ်သောအသံဖြင့် ပွင့်လာ၏။ ဝင်လာသူမှာ ဂရေ့စ်၏ ယောကျ်ား ဂေါ့ဒတ်။

သူ့မျက်နှာနှင့် သူ့မျက်လုံးများ ရဲရဲတောက်နေသည်။ အရက်ခိုးများ မြန်နေသည်ကို နော်မာ သတိပြုမိသည်။ အတန်ငယ်လည်း ယိမ်းထိုးနေသည်။ ယိုင်လဲမသွားအောင် သူ့ကိုယ်သူ ဟန်ထားပုံရသည်။

ဂေါ့ဒတ်သည် နော်မာ၏ အခန်းတွင်းသို့ မဝင်စဖူး ယခု ဘာအကြောင်းရှိလေသနည်း။ နော်မာသည် ဒူးပေါ်ပေါင်ပေါ်ဖြင့် ဖရိုဖရဲဖြစ်နေသော အဝတ်အစားများကို ကမန်းကတန်း ပြင်လိုက်သည်။ အိပ်နေရာမှ လူးလဲထလိုက်သည်။

"ဒက်ဒီ ဘာလိုချင်လို့လဲ"

သို့သော် ဂေါ့ဒတ် မဖြေ။ နော်မာရှိရာသို့သာ တန်းတန်းမတ်မတ်လာသည်။ ပြီးတော့ နော်မာကို ဆွဲပွေ့လိုက်သည်။

အဖြစ်အပျက်သည် မြန်လွန်းလှ၏။

နော်မာသည် သူ့ရင်ခွင်အတွင်းမှာ နစ်မြုပ်သွားသည်။ ပြီးတော့ ပြည့်ဖြိုးတင်းရင်းသော သူ့နှုတ်ခမ်းအစုံသည် အရက်နံ့ မွှန်နေသော ပုခွေးသည့် နှုတ်ခမ်းအစုံကြားမှာ ညပ်သွားသည်။ သူ့မျက်လုံးများ ပြာသွား

သည်။ အသက် မရှူနိုင်လောက်အောင်ပင် ရင်ထဲမှာ ဆို့ကျပ်လာသည်။ ရှိသမျှ အားအင်များ ကုန်ခန်းသွားသလို ခံစားလိုက်ရသည်။

နောက်ဆုံး ရှိသမျှ ခွန်အားဖြင့် သူ ရုန်းကန်၏။ ဂေါ်ဒတ်၏ ရင်ခွင်တွင်းမှ လွတ်မြောက်သွားသည်နှင့် တစ်ပြိုင်နက် အောက်မှာ ပုံကျနေသည့် သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို ကသုတ်ကရက် ကောက်ယူပြီး သူ့ကိုယ်ပေါ်မှာ လုံနိုင်သလောက် ဖုံးကွယ်လိုက်ရသည်။

သတိပြန်ဝင်သည်မှာ မြန်ပေသမို့၊ ရုန်းနိုင် ကန်နိုင်စွမ်း ကျန်သေးသမို့ဂေါ်ဒတ်ကလည်း အရက်မူးနေသူ ဖြစ်သမို့ သူ့ဘဝသည် ဆိုးဆိုးဝါးဝါး ဖြစ်မသွား။ ရေစုန်မှာ မျောမသွား။

သို့သော်လည်း နော်မာသည် ခုတင်ပေါ်သို့ ပစ်လှဲလိုက်ကာ ချုံးပွဲချ ငိုလိုက်သည်။ သည်ကစပြီး သူ့ဘဝမှာ အန္တရာယ်ပေါင်းစုံ ကြုံတော့မည်ကို သဘောပေါက် နားလည်လိုက်တော့သည်။

ဂရေ့စ်သည် သူ့ဘဝ၏ လုံခြုံရေးအတွက် မိသားစုလေးတစ်ခုကို ဖန်တီးရန် ဂေါ်ဒတ်ကို လက်ထပ်ခဲ့သည်။ သူ့ဘဝ သာယာချမ်းမြေ့ရေး အတွက် မိသားစုတစ်ခုကို ဖန်တီးခဲ့သည်။

သည်လုံခြုံမှုကပင်လျှင် သူ့ကို မလုံခြုံသောဘဝသို့ တွန်းပို့လိုက်ချေပြီ။ မလုံခြုံသောဘဝများနှင့် ရင်ဆိုင်ရစေရန် ဖန်တီးပေးလိုက်ချေပြီ။

ဆန့်ကျင်ဘက်တရားတို့သည်

သူ့ဘဝတွင် ကုန်ဆုံးနိုင်ပါဦးမည်လော။

* * *

## ချစ်သူ့ရှင်ဝယ်

"ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးကြောင့်လေး ဆိုတာမျိုး ကြုံနေ
ပြီ အန်တီ"

ဂရေ့စ်၏မျက်နှာမှာ စိတ်ထိခိုက်နေကြောင်း ဖုံးဖိမရအောင် ပေါ်
နေသည်။ နော်မာကို သူ့ရင်မှဖြစ်သော သမီးကလေး အရင်းပမာ သူချစ်
၏။ ထို့ကြောင့်လည်း နော်မာ့ဘဝအတွက် စွန့်စားမှုများကို သူလုပ်ခဲ့
သည်။ သူသည် နော်မာ၏ တရားဝင် အုပ်ထိန်းသူ ဖြစ်သဖြင့် ဝတ်ကျေ
တန်းကျေ တာဝန်ယူနေခြင်း မဟုတ်။ သည်ကလေး၏ အကျိုးပေး မသန့်
သော ဘဝကံကို မျက်မှောက်မှာ မြင်တွေ့နေရသဖြင့် ကရုဏာသက်မိ
ရာမှအစ မေတ္တာသက်ဝင်လာရခြင်း ဖြစ်သည်။

"တစ်နေ့တော့ ဒီလို ဖြစ်လာလိမ့်မယ်လို့ ငါ အစကတည်းက ထင်
ခဲ့တယ်၊ ကလေးကလည်း မိန်းမချော မိန်းမလှကလေး ဆိုတော့ သူ့မှာ
အနည်းနဲ့အများ အန္တရာယ်က ရှိနေမှာပဲ၊ ညည်းယောကျ်ားကို ညည်းထိန်း
နိုင်ဖို့ ဆိုတာကလည်း မလွယ်ဘူး။ အဲဒီတော့ ဒီကလေးကို ငါ ခေါ်ထား
လိုက်တော့မယ်၊ ငါလည်း တစ်ယောက်တည်း နေတာပဲ၊ ဘာမှ အပန်း
မကြီးပါဘူး၊ ညည်း သဘောတူ မတူသာပြော"

သို့ဖြင့် နော်မာသည် ဂေါ်ဒတ်၏ အန္တရာယ်မှ လွတ်ကင်းစေရန်
ဂရေ့စ်တို့အိမ်ကိုခွာပြီး အင်နာလိုဝါ၏အိမ်သို့ ပြောင်းခဲ့ရသည်။

အထက်တန်းကျောင်းသူ ဘဝဖြင့် အလှသွေး ကြွယ်နေသော
နော်မာ့ပတ်လည်မှာ ယောကျ်ားသားတို့ ဝိုင်းဝိုင်းလည်နေကြပြီ။ သည်
အန္တရာယ်များကြားမှ သည်မိန်းကလေး လွတ်မြောက်အောင် ထိန်းသိမ်း

ရသည့်ဒုက္ခမှာ သေးသောဒုက္ခကား မဟုတ်။

ထို့ကြောင့်လည်း သင့်တော်သူတစ်ယောက်ယောက်နှင့် နော်မာကို အိမ်ထောင်ချထားပေးရန် အင်နာလိုဝါနှင့် ဂရေ့စ်တို့ တိုင်ပင်ကြရသည့် အခြေသို့ ရောက်လာသည်။

"ငါ့သဘောကတော့ ဂျင်မီကို သဘောကျတယ်၊ ဂျင်မီဟာ ရုပ်လည်းချောတယ်၊ ကြိုးကြိုးကုတ်ကုတ်နဲ့ အလုပ်လည်း ကြိုးစားတယ်၊ လိမ်လည်း လိမ္မာတယ်၊ သူ့ဝင်ငွေကလည်း အိမ်ထောင်တစ်ခုကို ထိန်းသိမ်းနိုင်တဲ့ ဝင်ငွေမျိုး၊ သူတို့ချင်း အဆင်ပြေသွားမယ် ဆိုရင် အားလုံးအတွက် အကောင်းဆုံး ဖြစ်မှာပဲ"

အဒေါ်အင်နာ ပြောသည့်စကားကို ဂရေ့စ်ကလည်း သဘောကျသည်။ ဂျင်မီဒေါ်ဂါတီနှင့် အဆင်ပြေမည်ဆိုလျှင် နော်မာ့ဘဝအတွက်လည်း စိတ်အေးရမည် ဖြစ်သည်။ မိမိပခုံးပေါ်တွင် တင်ရှိသည့် ဝန်ထုပ်ဝန်ပိုးကြီးလည်း ကျသွားမည်။ သားရွှေအိုးထမ်းသည့် အဖြစ်မျိုးမှ ထိုအတိုင်း ဖြစ်မည်ဆိုလျှင် အကောင်းဆုံး ဖြစ်ချေသည်။

နော်မာ့အသက် (၁၆)နှစ် ပြည့်တော့မည်။

မတည်ငြိမ်နိုင်သော သူ့ဘဝ အပြောင်းအလဲများကို ပြန်စဉ်းစားရင်း နော်မာသည် စိတ်လေးနေ၏။ ပျော်ပိုက်နိုင်သည်ဟု မရှိခဲ့။ အသက်ကလေးက ရလာပြီ ဖြစ်သဖြင့် စဉ်းစားတတ်လာပြီ။ သူ့ဘဝရှေ့ရေးအတွက် ပူပင်ရကောင်းမှန်း သိလာပြီ။

ဘဝရှေ့ရေးအတွက် ပူပင်သောက ရောက်ရသော်လည်း မိမိဘဝကို မိမိ ဖန်တီးနိုင်စွမ်း မရှိ။ ပညာကလည်း မပြည့်စုံသေး။ ကျောထောက်နောက်ခံကလည်း မရှိ။ ထို့ထက် ပိုဆိုးသည်မှာ မပြည့်သေးသော သူ့အသက် ဖြစ်သည်။ (၁၆)နှစ်မှ မပြည့်သေးသော အသက်အရွယ်သည် မည်သည့်နေရာတွင်မျှ လူရာမဝင်ပါတကား။

ကမ္ဘာစစ်မီးသည် အရှေ့ဖျားမှာ တဟုန်းဟုန်း တောက်လောင်နေပြီ။ အမေရိကန်ပြည်တွင်းမှာလည်း စီးပွားရေး အခြေအနေများမှာ ကသောင်းကနင်း ဖြစ်နေသည်။ ပုလဲဆိပ်ကမ်းကို ဂျပန်တို့ ဗုံးကြဲသည့် (၁၉၄၁) ခု နှစ်ကုန်ပိုင်းမှစပြီး အခြေအနေတို့သည် အမျိုးမျိုး ရှုပ်ထွေး

ကြ၏။ စစ်ဖြစ်သည် ဆိုခြင်းကို နော်မာ နားမလည်ပါ။ လူကြီးများ ပြောသံကြားသဖြင့်သာ စစ်ဖြစ်ခြင်းသည် ကြောက်မက်ဖွယ်ကောင်းကြောင်း ဘဝါး သိထားသည်။ စစ်သည် အမေရိကန်ပြည်သို့ ရောက်မလာ။ တစ်ဝက် ဝေးကွာသည့် အရပ်မှာသာ ဖြစ်ပွားနေခြင်း ဖြစ်သည်။ ကြောင့် ထိုအန္တရာယ်ကို မိမိတို့ ချက်ချင်း လက်ငင်း ခံစားကြရဦးမည် ဘ်။ မည်သို့ဆိုစေ့ ထိုဂယက်တို့သည် နော်မာ့ကိုလည်း ရိုက်ခတ်သည် မှန်ပါ၏။ အတောင်အလက် မစုံသေးသော၊ သူတစ်ပါး၏ အရိပ်အာ သအောက်မှာ စောင့်ရှောက်ကာကွယ်မှုအောက်မှာ ပံ့ပိုးကျွေးမွေးမှု အောက်မှာ နေရသော ဥမမည် စာမမြောက်သည့် နော်မာ ခမျာမှာ မှဲ့တမ်း စိတ်ရှုပ်ထွေးနေရရှာသည်။

"အန်တီ နော်မာ့ကို ကျွန်တော် ကပွဲခေါ်သွားပါရစေ"

တစ်ညနေ။

နော်မာ့တစ်သက်တွင် အဘယ်သောအခါမှ မမေ့နိုင်မည့် တစ်ည နေ၊ ဂျင်မီဒေါ်ဂါတီသည် သူဝယ်ထားသည့် ဖို့မော်တော်ကားဖြင့် ရောက် ၏။ အချိန်ရှိသမျှ နော်မာ့စိတ်ကူးထဲမှာ ကြီးစိုးနေတတ်သည့် ဂျင်မီ သည် နော်မာရှိရာသို့ ရောက်လာ၏။ ပြီးတော့ . . .

"ကပွဲ ခေါ်သွားပါရစေ" တဲ့။

နော်မာ့ရင်သည် လှိုက်ဖိုသွားသည်။ 'ငါ လူကြီးဖြစ်ပါပေါ့ကလား' သော အသိစိတ်ကလေးတစ်ခု မရွံ့မရဲ ဝင်လာသည်။

ယောက်ျားကလေးများဖြင့် အချိန်းအချက်ပြုပြီး ကပွဲသို့သွားကာ မ်းမူးဖွယ် တေးသံများကြားတွင် ကခွင့်ကြုံရတော့မှာပါလား ဟုလည်း ဘွေးမိပြီး ဝမ်းသာသွားသည်။

ဂျင်မီ သူ့အလိုက်ကို အလွန် ဆိုသော ဂျင်မီ။ သူ့စိတ်ကူးထဲမှာ၊ အိပ်မက်ထဲမှာ အမြဲကြီးစိုးခဲ့သော ဂျင်မီသည် ယခု သူ့ကို ကပွဲသို့ ခေါ်သွားတော့မည်တဲ့။

ရင်တထိတ်ထိတ်ဖြင့် စောင့်နေဆဲမှာပင် ခွင့်ပြုချက်ကို ရလိုက် သည်။ ဂျင်မီ့မျက်နှာကြီး ဝင်းဝင်းပပ ပြုံးသွားသည်ကို မြင်တွေ့လိုက်ရ သည်။ ဂျင်မီ ဘယ်လောက် ပျော်ရှာလေမည်လဲ။

သို့သော် အပျော်ဆုံးလူမှာ ဂျင်မီမဟုတ်ပါ။ ဂျင်မီ့ထက်ပျော်သူမှာ နော်မာ ဖြစ်ပါသည်။ သည်အကြောင်းကို နော်မာသာ သိပါသည်။ အထီးကျန်ဘဝ၏ ဒုက္ခဝေဒနာကို ခံစားနေရသူမှာ နော်မာသာ ဖြစ်ပါသည်။ ပိုင်ပိုင်နိုင်နိုင် အားကိုးလောက်သူ တစ်ဦး၏ ရင်ခွင်မှာ ထာဝရ နားခို လဲလျောင်းခွင့်ရမည့်အချိန်ကို တရှိက်မက်မက် စောင့်စားတမ်းတ နေရသူမှာ နော်မာသာ ဖြစ်ပါသည်။

ထို့ကြောင့် ဂျင်မီသည် မည်သည့်အကြောင်းနှင့်မျှ အပျော်ဆုံးလူ မဖြစ်နိုင်ပါ။ ပျော်သည်ဆိုလျှင်လည်း နော်မာ့ကို မမီနိုင်ပါ။

နော်မာသည် သူ့ကိုယ်သူ အလှပြင်၍ မဝနိုင်အောင် ဖြစ်နေသည်။ အဝတ်အစားများကို တစ်မျိုးပြီးတစ်မျိုး ရွေးထုတ်ကာ ဝတ်ကြည့်နေသည်။ စိတ်တိုင်းမကျတိုင်း နောက်တစ်မျိုး လဲဝတ်နေသည်။ ကိုယ်လုံးပေါ်မှန် ထဲမှာ ဘယ်ပြန်ညာပြန် ကြည့်နေသည်။

သူ့ဘဝသည် ယနေ့စပြီဖြစ်၏။ သူ့အလှကို ယနေ့ စိတ်တိုင်းကျ ပြရမည် ဖြစ်၏။ ဥကိုခွဲခဲ့ပြီ၊ အသိုက်ထဲမှ ထွက်ရတော့မည်။ ကျယ်ပြော သော လောကကြီးအတွင်း လွတ်လပ်စွာ သွားလာပျံသန်းခွင့် ရတော့မည်။ အစပျိုးသောနေ့မှာ သူ့အလှသည် ထင်းထင်းကြီး ပေါ်လွင်နေရမည် ဖြစ်သည်။ ထို့ကြောင့် သူ့အလှပန်းကို အစွမ်းကုန် ပွင့်လန်းစေပါသည်။

နော်မာ ကြိုးစားရကျိုးနပ်ပါ၏။

"နော်မာ၊ မင်းသိပ်လှတာပဲကွယ်၊

ဒါလောက်လှတာ ကိုယ် တစ်ခါမှ မမြင်ဖူးဘူး"

"ဂျင်မီ ကိုယ့်ကို သိပ်မမြှောက်နဲ့၊ ကိုယ် ရယ်ချင်တယ်"

"တကယ်ပြောတာ နော်မာ၊ မင်းသိပ်လှမှန်း အစကတည်းက ကိုယ် သိခဲ့တယ်၊ အခုလို ပြင်လိုက်ဆင်လိုက်တော့ မင်းအလှဟာ ဘယ်သူမှ မယှဉ်နိုင်အောင် ပြိုင်ဘက်ကင်းလာတယ်၊ ကိုယ်ပြောတာ မယုံရင် ကပွဲ ကျတော့ကြည့်၊ နော်မာ့ပတ်လည်မှာ ဝိုင်းနေကြလိမ့်မယ်၊ ကိုယ်တော့ နော်မာရဲ့ အဖော်ဖြစ်ရတာ ဂုဏ်ယူလို့ မဆုံးဘူး"

လောကအလုံးသည် သာယာမှုတို့ဖြင့် အတိပြီးချေ၏။ အခါတိုင်း တိုက်နေကျ လေသည်ပင်လျှင် ယနေ့ ပို၍ နူးညံ့ဖွဲ့ထင်သည်။ အခါတိုင်း

မြည်နေကျ ငှက်သံတို့သည်ပင်လျှင် ယနေ့ ပိုမို ချိုမြသည် ထင်သည်။ အခါတိုင်း မြင်တွေ့နေကျ မြင်ကွင်းတို့သည် ယနေ့ ပိုမို လှပနေကြသည် ထင်သည်။ ဂျင်မီ့ကို မော့ကြည့်လိုက်တော့ ဂျင်မီလည်း အလွန်ကြီးလှ သျက်ပါတကား။

ရင်တွေ ခုန်လှပြီ။ မကြုံဖူးဘူးသော စိတ်ဝေဒနာမျိုးကို ခံစားရပြီ။ စိတ်ရှုပ်ထွေးဖွယ်ရာ အကြောင်းများဖြင့်သာ အတိပြီးသည်ဟု ထင်မှတ်ခဲ့ရသော လောကသည် ကြည်နူးဖွယ်ရာ အတိပြီးသော လောကဖြစ်ကြောင်း သဘောပေါက်နားလည်ပြီ။ ထို့ကြောင့် ဂျင်မီ့ကို ကျေးဇူးတင်ပါသည်။

ကပွဲခန်းမကြီးအတွင်းသို့ ခြေတစ်ဖက်ချလိုက်တော့ ကြီးမားသော အာမေဋိတ်သံကြီးက ဆီးကြိုနေသည်။ ခန်းမအတွင်းမှာ လူ မများလှပါ။ အတွဲ နှစ်ဆယ်ခန့်သာ ရှိပါသည်။ ထိုအတွဲ အားလုံးတို့၏ မျက်လုံးအစုံပေါင်း များစွာတို့သည် နော်မာ့ကိုယ်ပေါ်သို့ ကျရောက်လာကြသည်။ နော်မာ့ကိုယ်ပေါ်မှ မခွာနိုင်အောင် ဖြစ်ကြသည်။ ပြီးတော့ ကြီးစွာသော အာမေဋိတ်သံကြီးကို သံချပ်တိုင်လိုက်ဘိအလား တစ်ပြိုင်တည်း မြုလုပ်လိုက်ကြခြင်း ဖြစ်သည်။ ဂျင်မီကိုလည်း အထင်ကြီး လေးစားသည့် မျက်လုံးများဖြင့် ဝိုင်းကြည့်ကြသည်။

ဂျင်မီသည် ရုပ်ချောသူ ဖြစ်၏။ ဝင်ငွေကောင်းသူ ဖြစ်၏။ ရိုးသား ဖြောင့်မတ်သူ ဟူသော နာမည်ကောင်းရှိသူ ဖြစ်၏။ ထို့ကြောင့် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်နေခဲ့သည်မှာ ကြာချေပြီ။ ဂျင်မီတွဲခဲ့သော မိန်းကလေးပေါင်း များစွာ ရှိခဲ့ပြီ။ ထိုထိုသော မိန်းကလေးများထဲတွင် နော်မာ မပါသေး။ နော်မာကို ဂျင်မီ၏ များပြားစွာသော အတွဲများထဲမှ တစ်တွဲအဖြစ် ယနေ့မှ သူကို့မြင်ကြရခြင်း ဖြစ်သည်။ ထိုတစ်တွဲသည် တစ်တွဲဆိုရလောက်အောင် အများ၏ စိတ်အာရုံကို ဖမ်းစားဆွဲဆောင်နိုင်ခြင်းလည်း ရှိသွားလေပြီ။

ယောက်ျားပျို တစ်ဦးနှင့် တွဲဖူးခြင်းသည် နော်မာ့ဘဝအတွက် ပထမဦးဆုံးအကြိမ် ဖြစ်သည်။ ကပွဲတစ်ခုသို့ ရောက်ဖူးခြင်းသည် ပထမဦးဆုံးအကြိမ် ဖြစ်သည်။ သို့သော် နော်မာသည် အံ့သြဖွယ်ကောင်း

လောက်အောင်ပင် အလွန် ကျနေ့ကြီးနေ၏။ ကပွဲပေါင်း များစွာသို့ အကြိမ်ကြိမ် သွားရောက်ဖူးသည့် ဒရစ္စယ်ရောက်ပြီးဖြစ်သော အဖိုးကြီး တစ်ယောက်လို မျက်နှာထားက တည်ငြိမ် ငြိမ်းချမ်းနေ၏။ သူ့ရင်ထဲမှာ တုန်လှုပ်ချောက်ချားမှု လုံးဝ မရှိ၊ စိုးရိမ်ကြောက်လန့်မှု လုံးဝ မရှိ။

ခန်းမ အတွင်းမှာ ရှိနေကြသူများကို ပြုံး၍ နှုတ်ဆက်လိုက်သည်။ အားလုံးက သူတို့အတွဲကို ဆီးကြိုကြသည်၊ နေရာပေးကြသည်။ ပဋိသန္ထာ ရစကား ဆိုကြသည်။

ညသည် ထုံမွှေး၍နေသည်။ ရောင်စုံမီးလုံးတို့သည် လောကအလှ ကို ခြယ်နေကြသည်။ အပြုံးတို့သည် အသည်းနှလုံးကို ပန်းပန်ပေးလျက် ရှိကြသည်။ လွင်မြူးသော တေးသံစုံတို့သည် မေတ္တာမြေတောင် မြှောက် နေကြသည်။ ပူနွေးသော အတွေ့အထိတို့သည် မျက်လုံးအစုံကို မှေးစင်း စေလျက်ရှိသည်။ ကြံ့ခိုင်ကျယ်လွင့်သည့် ရင်အုပ်ကြီးများသည် ဘဝ အုတ်တံတိုင်းကြီးများသဖွယ် လုံခြုံမှုကို ပေးလျက်ရှိသည်။

မမေ့နိုင်ပါ၊ သည်ညကို ဘယ်သောအခါမှ နော်မာ မမေ့နိုင်ပါ။

အိပ်အပြန် လမ်းရောက်တော့ ပို၍ မမေ့နိုင်အောင် ဖြစ်ရသည်။

ထုံမွှေးသောညသည် နှင်းလွှာပါးပါး ခြုံထည်အောက်မှာ မနိုးတစ် ဝက် နိုးတစ်ဝက်ဖြင့် လဲလျောင်းနေသည်။ ကြယ်တို့သည် ပုန်းတစ်လှည့် ကွယ်တစ်ခါဖြင့် လောက အလှတန်ဆာကို ဆင်နေကြသည်။ နှင်းလွှာ ကန့်လန့်ကာ၏ ပိုင်းခြားထားမှုကြောင့် လမင်းသည်လည်း မူလအရောင် ပျောက်နေ၏။ ဝါသလို၊ ရွှေသလိုဖြင့် အကဲဖမ်းရ ခက်လှသည်။

အလှမကလေးသည် သည်ညမှာ အစွမ်းကုန် လှချေပြီ။ လူလည်း လှသည်၊ စိတ်လည်း လှသည်၊ ပြီးတော့ သူ့မေတ္တာပန်းတို့လည်း လှပါပြီ၊ သူ့အလှများ ထင်ရှားပေါ်လွင်စေရန်အတွက် လောက၏ သဘာဝအလှ တို့သည် အလိုက်သိစွာဖြင့် ညှိုးမှိန်ပေးကြလေရော့သလားဟု ထင်မှတ်ရ သည်။ လရောင်အောက်မှာ ရွှေရောင်ဆံပင်သည် ပိုမို ရှန်းလက်နေသည်။ နှင်းလွှာပါးပါးအောက်မှာ နို့နှစ်ရောင်အသားသည် ပိုမို မွတ်စင်ကြည်သန့် နေသည်။ ကြည်နူးမှုနှင့် မေတ္တာရောင်တို့ ထင်ဟပ်ခြင်း ခံနေရသော မျက်လုံးအစုံတို့သည် မီးစုန်းလို ပြိုးပြိုးပြက်နေကြသည်။

ဂျင်မီသည် မော်တော်ကားကို ဖြည်းဖြည်း မောင်းလာ၏။ မြို့ပြင်သို့ ထွက်သောအခါ လောကအလုံးသည် အလှဆင်ထားပြီး ဖြစ်နေကြောင်း သူတို့ မြင်တွေ့ကြရလေသည်။

ဂျင်မီ့ပခုံးပေါ်မှာ နော်မာက ခေါင်းမှေးတင်ကာ အချစ်တေးတစ်ပုဒ် ကို ညည်းလာသည်။ ကားမှန်ကိုကျော်ပြီး လေဝင်သောအခါ အလှမ ကလေး၏ ရွှေရောင်ဆံပင်လှလှတို့သည် ဂျင်မီ့မျက်နှာကို ပြေးလာ တိုးဝှေ့ ကြသည်။ ဆံပင်တို့သည် မွှေးထုံသင်းပျံ့နေကြသည်။

မြက်ခင်းစိမ်းစိမ်းလေးပေါ်သို့ မော်တော်ကားကို မောင်းတင်လိုက် သည်။ ဟိုအဝေးမှာ တောတန်းပျပျကို လရောင်အောက်မှာ မြင်ရသည်။ တောတန်း၏ ဟိုဘက်အဆုံးမှာ တောင်တန်းသည် ညဖို့ မဟူရာသွေးဆင် နေသည်။ တောတန်းနှင့် တောင်တန်းတို့သည် အိပ်မောကျနေကြပါ ဘကား။ ည၏ အလှမကလေးကို ငုံ့ကြည့်လိုက်သည်။ ဂျင်မီ့ပခုံးပေါ်မှာ ခေါင်းကို အလိုက်သင့် မှေးတင်ရင် နှုတ်ခမ်းအစုံသည် နှင်းဆီငုံလို မပွင့် ဘပွင့် လှုပ်ရုံကလေး လှုပ်နေသည်။ အလှတရား အားလုံးကို ဖန်ဆင်းနိုင် စွမ်းရှိသော အလှနတ်သမီးတစ်ပါး ကိုယ်တိုင် မိုးပေါ်မှ ဆင်းလာလေ သလားဟု ဂျင်မီ ထင်သည်။

မျက်လုံးအစုံကို ပွင့်ရုံဖွင့်ပြီး ကြည့်လိုက်တော့ မိမိမျက်နှာပေါ်မှာ ငုံ့ပြီး စိုက်ကြည့်နေသည့် ဂျင်မီကို နော်မာ တွေ့ရသည်။ ဂျင်မီ့မျက်လုံး များသည် ရွှန်းလက်နေကြပါသည်။ ဂျင်မီလည်း အလွန် ချောပါသည်။ လရောင်အောက်မှာ ဂျင်မီ့မျက်နှာသည် မေ့ရက်စရာ မရှိ။

နော်မာသည် မျက်လုံးကို ပြန်လည် မှေးစင်းလိုက်ရင်း သီချင်း တစ်ပုဒ်ကို တိုးတိတ်ညင်သာစွာ ညည်းပြန်သည်။

တောပန်းရနံ့တို့သည် လေနှင့်အတူ ပြေးလွှားဆော့ကစားနေကြ၏။ ဘင်းရှူးကိုင်းတို့သည် တောပန်းရနံ့ကို မမီတမီ လိုက်ဖမ်းနေကြသည်။

ဂျင်မီသည် နော်မာ့ကို ပွေ့ယူလိုက်သည်။ မျက်နှာကလေးမော့၊ နင်ကလေးချီကာ ပျော့ပျော့ပျောင်းပျောင်းကလေး ပါလာသည့် နော်မာ့ မျက်နှာအလှကို ရှိုက်မောစွာဖြင့် ငုံ့ကြည့်မိသည်။ ပြီးတော့ နော်မာ့ကို ဘင်းကျပ်စွာ ရစ်သိုင်းထားမိသည်။

ပြည့်ဖြိုးလုံးရစ်ကာ နွေးထွေးနေသည့် နော်မာ့ နှုတ်ခမ်းအစုံကို နမ်းလိုက်မိသည်။ ပြီးတော့ မျက်နှာကလေးကို စိုက်ကြည့်သည်၊ အလှမကလေး၏ အလှသည် နည်းနည်းကလေးမျှ ပျက်မသွား။

လေတစ်ချက် အတိုက်ကြမ်းလိုက်သောကြောင့် မလှမ်းမကမ်းမှာ တောပန်းတို့ ကြွေကျသံကို ဂီတသံစဉ်လို ကြားလိုက်ကြရသည်။

နော်မာနှင့် ဂျင်မီတို့သည်လည်း အနမ်းပွင့်များကို ချွေကြလေတော့သည်။ ထုံပျံ့သောညသည် ပို၍ ထုံပျံ့သွားချေသည်။

"နော်မာ၊ နော်မာ့ကို ကိုယ်သိပ်ချစ်နေပြီ ဒါလင်ရယ်"

ဂျင်မီ ပြောသည်ကို အခြားလူ နားထောင်က နားလည်နိုင်မည် မဟုတ်ပါ။ သူပြောသော စကားများသည် မပီသပါ။ ပီသအောင်လည်း သူ ပြောနိုင်စွမ်း မရှိတော့ပါ။ သို့သော် သူ့စကားများကို နော်မာ ကောင်းစွာ နားလည်ပါသည်။ နော်မာ့အတွက် အလွန် ပီသသော စကားများ ဖြစ်ပါသည်၊ အလွန်ချိုမြသော စကားများ ဖြစ်ပါသည်။ အလွန် တပ်မက်ဖွယ်ကောင်းသော စကားများ ဖြစ်ပါသည်။

"နော်မာဟာ အလှဆုံးပဲ၊ နော်မာ့ကို ကိုယ်အချစ်ဆုံးပဲ၊ နော်မာ့ကို ကိုယ် လက်ထပ်မယ်"

လေသည် ငြိမ်သွား၏။ ထင်းရှူးကိုင်းတို့သည် တောပန်းရနံ့ကို မဖမ်းတော့။ သူတို့အဖို့ ငေးစရာ ရှိသွားပြီ။

ထိုညက ခပ်ဝေးဝေးမှာ ကြယ်ကြွေသည်။

တစ်ပွင့် . . . နှစ်ပွင့်၊

ပြီးတော့ လောကသည် ပိုမို သာယာသွား၏။

အသာယာတကာ့ အသာယာဆုံးပင်။

* * *

## မေတ္တာရှင်တွင် နားဒိုခြင်း

၁၉၄၂ - ခုနှစ်၊ ဇွန်လ (၁) ရက်နေ့က နော်မာ့အသက် (၁၆)နှစ် တင်းတင်းပြည့်သည်။အလှမကလေးသည် အပျိုဘဝတွင် အားရ ကျေနပ် လောက်အောင် မနေလိုက်ရ။အလှပန်း၏ အစွမ်းကုန် ဖူးပွင့်ဝေဆာခြင်းကို မယုယလိုက်ရ။ (၁၆) နှစ်ပြည့်ပြီး ရက်သတ္တသုံးပတ်အကြာ၊ ဇွန်လ (၁၈) ရက်နေ့တွင် ဂျင်မီဒေါ်ဂါတီနှင့် လက်ထပ်လိုက်ရတော့သည်။

မင်္ဂလာ အခမ်းအနားသည် ကြီးကြီးကျယ်ကျယ် မဟုတ်လှ။ နီးစပ်ရာ ဆွေမျိုးနှင့် အပေါင်းအသင်းများကိုသာ ဖိတ်ကြား ဧည့်ခံလိုက် သည်။ လက်ထပ်ပွဲသို့ နော်မာ၏ အမျိုးတစ်ယောက်မျှ တက်မလာနိုင်။ မိခင် ဖြစ်သူ ဂလက်ဒီသည် ဆန်ဖရန်စစ္စကိုသို့ ရောက်နေသည်။ ရောဂါ မသက်သာသောကြောင့် ဆေးရုံတက်နေရဆဲပင် ဖြစ်သည်။ ဂေါ်ဒတ်နှင့် ဂရေ့စ်တို့သည် ဟာကျူနီးယားသို့ ပြောင်းသွားကြပြီ ဖြစ်သဖြင့် လူကိုယ်တိုင် မလာနိုင်ဘဲ ကြေးနန်းဖြင့်သာ ဝမ်းသာကြောင်း ပြောနိုင်ကြသည်။

ထိုလက်ထပ်ပွဲသို့ ခက်ခက်ခဲခဲ ရောက်လာသူမှာ အိုက်ဒါဘိုလင်ဒါ ဖြစ်သည်။အိုက်ဒါဘိုလင်ဒါသည် နော်မာကျိုးနံ ငယ်စဉ်က ကျွေးမွေး စောင့်ရှောက်ခဲ့သူ ဖြစ်ရာ သံယောဇဉ်ကြီးသည် မပြတ်နိုင်သေး။ထို့ကြောင့် သူ့သမီးကလေးလိုချစ်ခဲ့၊ သံယောဇဉ်ကြီးခဲ့ရသူ၏ လက်ထပ်ပွဲသို့ ခက် ခက်ခဲခဲဖြင့် ရောက်ဖြစ်အောင် ရောက်လာသော အဘွားကြီး ဖြစ်သည်။

ထိုနေ့ည မင်္ဂလာဧည့်ခံပွဲ ပြုလုပ်စဉ် နော်မာ့စိတ်ကို စနိုးစနောင့် ဖြစ်စေသည့် အကြောင်းကလေးတစ်ခု ပေါ်ခဲ့သေးသည်။ဟောလီးဝုဒ်မှာ ရှိသည့် ဇီတာလီ ပျော်ပွဲစားရုံတစ်ခုဖြစ်သော ဖလော်ရင်တိုင်းဂါဒင်မှာ

ညည့်ခံပွဲ ပြုလုပ်သည်။ အစားအသောက်များကို ချပေးရင်း စားပွဲထိုး တစ်ယောက်၏ မတော်တဆမှုကြောင့် ခရမ်းချဉ်သီးချဉ်ရည်ပန်းကန်သည် ဂျင်မီကိုယ်ပေါ်သို့ မှောက်ကျသွားသည်။ ဖြူဖွေးသစ်လွင်သော ဂျင်မီ၏ အဝတ်အစားများ ပေကျံညစ်ပတ်ကုန်တော့သည်။

နော်မာ့မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။ သို့သော်လည်း ဂျင်မီကမူ မည်သို့မျှ အပြုံးမပျက်။ တစ်စုံတစ်ရာ မဖြစ်သကဲ့သို့ အရယ် အမော မပျက်ဘဲ စကားပြောမြဲ ပြောနေလိုက်သည်။

တစ်နေ့လုံး အစစအရာရာ ချောချောမောမော ဖြစ်လာခဲ့ပြီးမှ ယခု အဖြစ်အပျက်ကလေး ပေါ်ပေါက်လာရသည့်အတွက် နော်မာ အနေဖြင့် စိတ်မကောင်းနိုင်အောင် ဖြစ်နေမိသည်။ ဂျင်မီက အပြုံးမပျက် သဖြင့် စိတ်ဖြေသာကာ နေသာထိုင်သာတော့ ရှိသွားပါသည်။

သည်လိုဖြင့်ပင် အလှမကလေးသည် (၁၆) နှစ် ပြည့်ရုံကလေး ဖြင့် အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းရကာ အိမ်ထောင်ရှင်မကြီး ဖြစ် လာရလေတော့သည်။ မလုံခြုံသောဘဝမှ လုံခြုံသောဘဝသို့ ရောက်လာ ရတော့သည်။ သူများ ဖန်တီးပေးသောဘဝမှာပင် စိတ်အားငယ်နေရာမှ ကိုယ့်ဘဝကိုယ် ဖန်တီးနိုင်သည့်ဘဝသို့ ရောက်လာသည်။

နော်မာသည် ထိုနှစ်က တက္ကသိုလ်ဝင်တန်း အောင်မြင်သည့်နှစ် ဖြစ်သည်။ သို့သော်လည်း အိမ်ထောင်ကျပြီမို့ ကျောင်းဆက်မတက်နိုင် တော့။ ပျားရည်ဆမ်းခရီးကို သူတို့ ထူးထူးခြားခြား မသွားဖြစ်လိုက်ကြ။ ရှားဝုဒ်ကန်သို့ တစ်ပတ်ခန့်သွားပြီး အနားယူကြခြင်းသာ ရှိသည်။ ကန်စပ် မှာ ရေကူးကြသည်။ မော်တော်ကားစီးကြသည်။ ငါးမျှားကြသည်။ သည်မျှ ဆိုလျှင်ပင် နော်မာ ပျော်ပါပြီ။

အိမ်ခန်းကလေးတစ်ခုကို ငှားကြသည်။ အိမ်ထောင်ပရိဘောဂ အသစ်များကို ဝယ်ကြ၊ ခြမ်းကြသည်။ မီးဖိုခန်းမှာ နော်မာ စိတ်တိုင်းကျ ပြင်ဆင်သည်။ ကိုယ်တိုင်ကိုယ်ကျ အိမ်မပြုပြင်ဘူးသော နော်မာသည် လုပ်သမျှ ကိုင်သမျှ အသစ်အဆန်းချည်းလို ဖြစ်နေ၏။

(၁၆) နှစ်သမီးကလေးက အိမ်ရှင်မကြီးသဖွယ် အိမ်အလှပြုပြင် ခြင်း၊ ပစ္စည်းများ နေထားတကျဖြစ်အောင် စီစဉ်ခြင်း၊ ချက်ရေးပြုတ်ရေး

စီစဉ်ရခြင်းများ အတွက် သူကိုယ်သူလည်း ရယ်ချင်နေသည်။

မည်သို့ပင်ဆိုစေ ဂျင်မီ့ကို သူချစ်ပါသည်။ ဂျင်မီသည် သူ့အဝ ဖြစ်၏။ မှီခိုလဲလျောင်းရာ ဖြစ်၏။ ခိုကိုးရာ ဖြစ်၏။ လုံခြုံမှုအဝဝတို့ကို ပေးသူ ဖြစ်၏။ ထိုမျှမက သူ တစ်သက်လုံး တောင့်တခဲ့ရသည့် မေတ္တာ တရားများ၊ အကြင်နာတရားများ၊ ယုယမြတ်နိုးမှုများကို ပေးသူ ဖြစ်ချေ သည်။ ဂျင်မီ့ကြောင့် နော်မာ့ဘဝသည် ပိုမို ကျယ်ပြောလာရသည်။ ပို၍ ကျယ်ပြောသော ပတ်ဝန်းကျင်မှာ ကျင်လည်လာရသည်။

ဂျင်မီနှင့် နော်မာသည် အကြင်လင်မယားမျှသာ မဟုတ်၊ ချစ်ဖူး သူများမျှသာ မဟုတ်။ အဆွေခင်ပွန်းကောင်းများလည်း ဖြစ်ကြလေသည်။ တစ်ယောက်၏ အခက်အခဲကို တစ်ယောက်က ကောင်းစွာ နားလည် သဘောပေါက်ကြသည်။

ဂျင်မီ အလုပ်သွားခိုက် နော်မာတစ်ယောက်တည်း အိမ်မှာ ကျန်ရစ်ခဲ့ရသည်။ နော်မာသည် တစ်နေ့ကုန်တစ်နေ့ခန်း အိမ်မှုကိစ္စနှင့် ဟင်းဟိရများကို လုပ်ခြင်းဖြင့် အချိန်ကုန်ရသည်။ သူတကာလို အရက် လည်း မသောက်တတ်။ အိမ်လည်း မလည်တတ်။ တစ်ခါတစ်ရံတွင် အင်နာလိုဂါထံသို့ သွားပြီး နှစ်ယောက်အတူတူ ဈေးထွက်ဝယ်ခြင်းမှတစ်ပါး သွားစရာက ရှားလှသည်။

ဂျင်မီ ပြန်လာသောအခါ မာတ်စက်ဖွင့်ပြီး နှစ်ယောက် ကရ သည်မှာလည်း ပျော်စရာကောင်းပါသည်။ ဂျင်မီသည်လည်း အရက် သောက်တတ်သူ မဟုတ်၊ ဆေးလိပ်ကိုပင် ကောင်းစွာ သောက်တတ်သူ မဟုတ်သေး။ ထို့ကြောင့်လည်း သူတို့ လင်မယားနှစ်ယောက်မှာ ဖြေဖျော် စရာ နည်းပါးနေသေးသည်။ နော်မာ ဖြေဖျော်စရာသည် ဂျင်မီဖြစ်သလို ဂျင်မီ စိတ်ချမ်းသာစရာသည်လည်း နော်မာပင် ဖြစ်ချေသည်။

နော်မာ့အလှသည် အိမ်ထောင်ကျရုံဖြင့် လျော့ပါး မသွားရုံမက၊ ပို၍ပင် အလှတိုးလာသည်။ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်လင်သားနှင့် ကိုယ့်ခြေထောက်ပေါ်တွင်ရပ်ပြီး ကိုယ့်ဘဝကို တည်ဆောက်နိုင်နေပြီ ဖြစ်သောကြောင့် စိတ်ချမ်းသာနေသည်။ သို့ကလို စိတ်ချမ်းသာသဖြင့် လည်း အလှတိုးလာခြင်း ဖြစ်သည်။ ထိုသို့ အလှတိုးလာခြင်းသည်ပင်လျှင်

သူတို့နှစ်ယောက်ကို အပြင်သို့ အထွက်နည်းစေသော အကြောင်းရင်း ဟစ်ခု ဖြစ်လေတော့သည်။

နော်မာ့ အလှကြောင့် သွားလေရာမှာ မလွတ်လပ်၊ မြင်မြင်သမျှ ယောကျ်ားတို့သည် ကြွေ မထိန်းသိမ်းနိုင်လောက်အောင် နော်မာ့ကို ငေးကြည့်ကြသည်။ ထိုအကြည့်မျိုးကို ဂျင်မီ အကြည့်မခံနိုင်၊ သဘောထား သေးသည်ဟု ဆိုချင်လည်း ဆိုတော့။ ကိုယ့်မယား အချောအလှကလေးကို အများတကာတို့ ဝိုင်းအုံ ငေးကြည့်ခြင်းကိုမူ ရင်ထဲမှာ ဝေဒနာတစ်မျိုး ခံစားရသည်အထိ ခံပြင်းလာမိသည်။ ထို့ကြောင့် တတ်နိုင်သလောက် အပြင်ထွက်ဖို့ကို ရှောင်ကြသည်။ နော်မာတစ်ယောက်တည်း သွားမည် ဆိုလျှင်လည်း သူ စိတ်မချနိုင်။

"အချစ်ရယ် ကိုယ်မပါဘဲ အပြင် မထွက်ချင်စမ်းနဲ့၊ တခြား ကောင်တွေ ကိုယ့်မယားကို စေ့စေ့ကြည့်တာ မခံချင်ဘူး။ သဘောထား သေးတယ်ပဲပြောပြော ဒီကောင်တွေကို ကိုယ်သတ်ချင်တယ်"

ဂျင်မီ အဖြစ်သည်းသည်ဟု တစ်ဖက်သတ် မပြောသာပါ။

ဂျင်မီ ည တာဝန်ကျသောအခါ ညစာကို ဘူးဖြင့် ထည့်ပေးလေ့ ရှိသည်။ စက်ရုံရောက်၍ ညစာစားရန် ဘူးကို ဖွင့်လိုက်တိုင်း . . .

"မောင်ရေ ဒီဘူးကို မောင်ဖွင့်လိုက်တဲ့ အချိန်မှာ နော်မာ အိပ်ပျော်နေပြီး မောင့်ကို အိပ်မက် မက်နေပြီ"

ဟု ရေးထားသည့် စာရွက်ကလေးတစ်ရွက် ထွက်လာစမြဲဖြစ် သည်။

သည်တော့လည်း ဂျင်မီတစ်ယောက်တည်းကသာ အဖြစ်သည်း နေခြင်း မဟုတ်ပေ။ ချစ်စ ဆိုတော့လည်း နှစ်ယောက်စလုံး အသည်းပိုကြ ရပေမည်။

တစ်ကြိမ်တုန်းကလည်း ဂျင်မီ၏ ရေတပ်စခန်းတွင် ကပွဲတစ်ခု လုပ်သည်။ တပ်ဝင်းအတွင်းရှိ စုံတွဲများ အများအပြား လာကြသည်။ ဂျင်မီတို့လည်း သွားကြသည်။ ကပွဲခန်းမအတွင်းသို့ ရောက်ပြီး ကကြ သောအခါတွင် အခြားသော ယောကျ်ားတို့သည် သူတို့နှင့် ကနေသည့် မိန်းမများ၏ ပခုံးပေါ်မှကျော်ပြီး နော်မာ့ကိုသာ စူးစိုက် ကြည့်နေကြသည်။

ဘို့အဖြစ်ကို ဂျင်မီ သတိထားမိသောအခါ မခံမရပ်နိုင်အောင် ဖြစ်လာသည်။

"ပြန်ကြစို့" ဟု ပြောကာ ကပွဲမန်းထဲမှ ထွက်လာသည်။

"ဘာဖြစ်တာလဲ ဂျင်မီ၊ ကတောင် မကရသေးဘူး"

"ပင်ပန်းတယ်၊ ကိုယ့်တစ်ကိုယ်လုံး နုံးနေပြီ"

ဂျင်မီ ထိုမျှသာ ပြောပြီး နောက်ထပ်စကား မဆက်တော့ချေ။

ဂျင်မီနှင့် နော်မာတို့ကြားမှာ မတူညီမှုကလေး ထိုအချိန်က ...သည်ဟု ဆိုနိုင်ပါသည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် အချစ်ကြီး ...စ်ကြသည်မှာ မှန်ပါသည်။ သို့သော်လည်း တဖြည်းဖြည်းနှင့် အသွင်မတူ ...များသည် မေတ္တာအရှိန်အဟုန် အဖုံးအကွယ်များအောက်မှ တစ်စတစ်စ ...ဖြင့် ပေါ်ထွက်လာတတ်သည်။

နော်မာသည် သူ့အလှကို သူ ယုံစားသူ ဖြစ်သည်။ လှပသော ...မိန်းကလေးတို့ ဖြစ်မြဲ ဓမ္မတာအတိုင်း မိမိအလှကို ယောကျ်ားတကာတို့ ...သေးစေချင်သည်။ တစ်နေကုန် တစ်နေခန်း အိမ်ထဲမှာ ကုပ်နေရသည်ထက် ...အပြင်အပသို့ သွားလိုသည်။ အိမ်ထဲမှာ ကုပ်နေရပြန်တော့လည်း အဖော် ...မရှိ။ သည်လို အထီးကျန် ဘဝကို စက်ဆုပ်လွန်းသောကြောင့် ဂေဟာမှ ...ပြေးရန်လည်း ကြံခဲ့ဖူးသည်။ ဝေါ်ဒတ်နှင့် ဂရေ့စ်တို့အိမ်တွင် နေရစဉ်က ...လည်း အထီးကျန်ဘဝမျိုး ပြန်ရောက်နေရသဖြင့် ဂေဟာသို့ ပြန်ရခြင်းက ...ကောင်းသေးသည်ဟု စိတ်ကူးပေါက်ခဲ့ဖူးသည်။

ယခု ကိုယ့်ဘဝကိုယ် တည်ဆောက်နိုင်ပြီဟု စိတ်ဒုန်းဒုန်းချ ...ဲ့ကာမှ ယောကျ်ား၏သဝန်တိုမှုကြောင့် အထီးကျန်ဘဝသို့ ပြန်ရောက် ...သလို ဖြစ်နေပြန်သည်။ပြီးတော့လည်း ကပွဲမှာ ကနေရသည်ကို နော်မာ ...ဘဝင်စား၏။ တစ်နေကုန် ပင်ပန်းထားသမျှ၊ တစ်ယောက်တည်း ပင်ပန်း ...ထားသမျှ သည်အချိန်ကလေးမှာပင် အနားယူ အပန်းဖြေခွင့်ရသည်ဟု ...နော်မာ ထင်သည်။ လူ့ဘဝဆိုသည်မှာ ကိုယ့်လင် ကိုယ့်သား၊ ကိုယ့်အိမ် ...ကိုယ့်ယာမျှနှင့် ပြီးပြည့်စုံနိုင်သည် မဟုတ်။ ပတ်ဝန်းကျင် ရှိရမည်။ ...အပေါင်းအသင်း ရှိရမည်။ အဆက်အဆံ ရှိရမည်၊ ထိုသို့မျှ မရှိလျှင် ...လူ့ဘဝသည် ဘာအဓိပ္ပာယ် ရှိပါဦးမည်နည်း။

နော်မာ့ အသက်ကလည်း ငယ်လွန်းသည်၊ ယခုမှ (၁၈)နှစ်သာ

ရှိသေးသည်။ ထိုညက နော်မာ စိတ်ကောက်လိုက်သည်။ ဂျင်မီနှင့် တဘောက်ကဆတ် ဖြစ်လိုက်ကြသည်။ အမှန်တော့ ယခု ရောဂပ်စခန်းသို့ ရောက်လာခြင်းက သူတို့ကို ကြိုဟ်ဆိုးမွှေသည်ဟု ဆိုရမလို ဖြစ်နေသည်။

ကမ္ဘာစစ်ကြီးတွင် မဟာမိတ်တို့ဘက်မှ အပေါ်စီး ပြန်ရကာ ဝင်ရိုးတန်းနိုင်ငံများ အင်အား နည်းလာသည်မှာ မှန်၏။ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်သလို ဆုတ်ပြီးမှ အရှိန်အဟုန်နှင့် ထပ်မံ ထိုးနှက်လျှင် မဟာမိတ်တို့ အထိနာနိုင်သည်။ ရန်သူကို အထင်မသေးနိုင်။

ကမ္ဘာစစ်သည် အမေရိကန်မြေပေါ်မှာ လာရောက် ဖြစ်ပွားခြင်း မရှိသော်လည်း အမေရိကန်တို့ ပါဝင် တိုက်ခိုက်နေပြီ ဖြစ်သောကြောင့် တစ်ပြည်လုံး စစ်မက်ရေးရာ ကိစ္စများဖြင့်သာ အလုပ်ရှုပ်နေကြရသည်။

ထိုအချိန်တွင် ဂျင်မီဒေါ်ဂါတီသည် အရပ်သားဘဝဖြင့် နေရသည်ကို လိပ်ပြာမသန့်တော့။ မိမိကဲ့သို့ အသက် (၂၂)နှစ် ရှိသူများကို မဆိုထားဘိ၊ မိမိထက် အသက်ကြီးသူများသည်ပင် စစ်ထဲဝင်ကာ စစ်မြေပြင်သို့ ဆင်းနေကြပြီ ဖြစ်သည်။ ထိုကြားထဲက မိမိက စစ်နှင့် မဆိုင်သလို နေလျှင် သူ့ရဲဘောကြောင်ရာ ကျပေလိမ့်မည်ဟု သူ တွေးထင်လာသည်။

"နော်မာ၊ မင်း စဉ်းစားကြည့်၊ ဒီစစ်ဟာ ကိုယ်တို့ တစ်မျိုးသားလုံး တစ်တိုင်းပြည်လုံးနဲ့ ဆိုင်တာ။ ဒါကြောင့် ကိုယ်တို့လို ကျန်းမာသန်စွမ်းတဲ့ လူငယ်တွေ စစ်ထဲဝင်ရမယ်၊ စစ်မှုထမ်းရမယ်၊ ကိုယ့်ဇနီးချောချောလေး အနားမှာသာ အချိန်ကုန်ခံနေမယ် ဆိုရင် ဘယ်မှန်ပါ့မလဲ အချစ်ရယ်၊ ပြီးတော့ နော်မာ့ယောကျ်ားက သတ္တိ မရှိဘူး၊ သူ့ရဲဘောကြောင်တယ်လို့ သူများတွေ ပြောကြလိမ့်မယ်"

နော်မာ ဘာမှ မပြောပါ။ ကိုယ့်ချစ်လင် ကြိုက်ရာလုပ်။ အားလုံး သဘောတူ ခွင့်ပြုမည်သာ ဖြစ်ပါသည်။ ကိုယ့်လင် စိတ်ချမ်းသာဖို့သာ အရေးကြီးသည်။ ဖြစ်နိုင်မည်ဆိုလျှင် ကိုယ့်လင် ဘယ်ကိုသွားသွား အနားက ခြေဖဝါးထပ် လိုက်မည်။ ထို့ကြောင့် စစ်ထဲဝင်လိုသော ဂျင်မီ၏ ဆန္ဒကို နော်မာ ကန့်ကွက်ခြင်း မပြုပါ။

ဤသို့ဖြင့် စစ်ထဲဝင်ရန် ဂျင်မီ လျှောက်လွှာတင်လိုက်သည်။ တင်လိုက်သည့်အတိုင်းလည်း အလွယ်တကူဖြင့်ပင် ဝင်ခွင့်ရလေသည်။

ချင်မိုကို ကာတာလီနာကျွန်းရှိ မရိန်းရေတပ်စခန်းတွင် ကိုယ်လက်ကြံ့ခိုင်ရေး သင်တန်းမှူးအဖြစ် ခန့်ထားလိုက်သည်။

ထို့ကြောင့် ယင်း မရိန်းတပ်စခန်းရှိရာ ကာတာလီနာကျွန်းသို့ သင်မယားနှစ်ယောက် ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် ရောက်လာကြသည်။ အလွန် ကျယ်ဝန်းသည့် အိမ်ခန်းတစ်ခန်းကို သူတို့ ရကြသည်။ ဧည့်ခန်း၊ ရေချိုးခန်း၊ မီးဖိုခန်း၊ ဧည့်သည်အိပ်ရန်အခန်း စသည်ဖြင့် သားသားနားနား ကျယ်ကျယ်ဝန်းဝန်းပင် ဖြစ်သည်။

အရပ်ဒေသ အပြောင်းအလဲမို့ ပထမတော့ နော်မာ ပျော်ပါသည်။ သို့သော် တဖြည်းဖြည်း အနေကြာလာသောအခါ သည်ကျွန်းကလေးပေါ်မှာ၊ သည်တပ်စခန်း အတွင်းမှာ၊ သည်အခန်း အတွင်းမှာပင် နိစ္စဓူဝ တစ်ယောက်တည်း ပျင်းရိဖွယ် အချိန်ဖြုန်းနေရသည့်အတွက် ပျော်ပိုက်ခြင်း မရှိတော့။ မတတ်သာလွန်းသောကြောင့်သာ ပျော်ရာမှာ မနေဘဲ တော်ရာမှာ နေနေရခြင်းသာ ဖြစ်သည်။

သည်လို အချိန်မျိုးတွင် ကပွဲကလေးတော့ သွားချင်သည်ပေါ့။ အများတကာနှင့် ရောရောနှောနှော နေချင်သည်ပေါ့။ တစ်သက်လုံး မုန်းခဲ့သည့် အထီးကျန်ဘဝကို စွန့်ပယ်ချင်သည်ပေါ့။

သည်အခါ ကပွဲသွားခွင့်ကိုပင် ပိတ်ပင်လာသည့် ခင်ပွန်း၊ ကပွဲ၌ ကနေရင်းတန်းလန်းပင် အုတ်မြုံ မဟုတ်ပါဘဲနှင့် အိမ်ပြန်ခေါ်သည့်ခင်ပွန်း၊ မိမိကို အထီးကျန်ဘဝမှ လွတ်မြောက်အောင် ဖန်တီး မပေးနိုင်သည့် ခင်ပွန်းကို နော်မာ နည်းနည်းတော့ စိတ်ကွက်ချင်လာသည်။

စစ်ရှိန်ကြောင့် အစားအသောက်က စပြီး ရှားပါးလာသည်။ ရာရှင်စနစ်ဖြင့် ခွဲဝေယူနေရသည်။ အိမ်မှုကိစ္စ ဆောင်ရွက်ရာမှာလည်း ဘွပ်စစ်ခေတ်အားကအခ၊ ခေတ်ငွေ့ကအခ အချိန်နှင့် ကန့်သတ် အသုံးပြုနေရသည်။ သည်လို အချိန်မျိုးတွင် စိတ်သက်သာရာ သက်သာကြောင်း အတွက် ဖျော်ဖြေမှုကလေး အနည်းအကျဉ်းတော့ ရှိရပေမည်။

ယခု နော်မာနှင့် ဂျင်မီ ဘဝတွင် ဘာရှိသနည်း။ ညနေ ဂျင်မီ ကပြန်လာလျှင် ထမင်းစားပွဲမှာ နှစ်ယောက် မျက်နှာချင်းဆိုင်ရင်း တစ်ညကုန်သွားသည်။ နောက်တစ်နေ့ ဂျင်မီ ရုံးထွက်သွားသည်။ နော်မာ

တစ်ယောက်တည်း အိမ်တစ်လုံးနှင့် ကျန်ခဲ့သည်။ စာဖတ်ရင်းဖြင့် အချိန်ဖြုန်းရသည်။ ညနေ ဂျင်မီ ပြန်လာပြန်သည်။ ထမင်းစားပွဲမှာ နှစ်ယောက် မျက်နှာချင်းဆိုင်ရင်း တစ်ညနေ ကုန်သွားပြန်သည်။

ဤမျှ စိုပြည်မှု ကင်းမဲ့ကာ ခြောက်ကပ်လှသည့် ဘဝကို နော်မာကဲ့သို့ အသက်အရွယ် ငယ်သေးသည့် မိန်းမလှကလေးသည် မည်မျှကြာအောင် အောင့်အည်းသည်းခံနိုင်ပါမည်နည်း။

အထီးကျန်ဘဝကို နော်မာ ခါးခါးသီးသီး မုန်းပါ၏။

* * *

## ရှင်နဲ့ ပြတ်စဲလိုက်ပါကြောင်း

"အချစ်ရေ၊ မောင်တို့ ဒီမှာ ကြာကြာ နေရတော့မှာ မဟုတ်ဘူး၊ အရှေ့ဖျား တိုင်းပြည်တွေကို မောင် သွားရလိမ့်မယ် ထင်တယ်၊ တကယ်လို့ သွားရရင် မဟာလီးဝုဒ်ကို ပြန်ပြီး မေမေတို့နဲ့ နေပါ"

ထိုသို့ ဂျင်မီ ပြောလာသည့်နေ့က နော်မာ ငိုမိသည်။

စစ်သည် မည်သူ့ကိုမျှ ကောင်းကျိုး မပေး။ သာယာသော ဘဝများကိုလည်း ဖျက်ဆီးစမြဲ ဖြစ်၏။ ချစ်သောသူတို့ကိုလည်း ကွေကွင်းရအောင် ဖန်တီးတတ်၏။ ပျော်ရွှင်ချမ်းမြေ့မှုကိုလည်း မျက်ရည်အတိပြီးအောင် ပြောင်းလဲပစ်တတ်၏။

ထိုအထဲတွင် နော်မာနှင့် ဂျင်မီတို့ဘဝက အများနှင့်စာလျှင် တော်သေးသည်ဟု ဆိုရချေမည်။ ဂျင်မီသည် ဘယ်စစ်မြေပြင်သို့မှ မထွက်ရဘဲ နှစ်နှစ်လုံးလုံး အိုးမကွာ အိမ်မကွာ နေခွင့်ရခဲ့သည်။ ချစ်ဇနီးအပေါ်တွင်လည်း သူ တတ်နိုင်သမျှ အလိုလိုက်ရှာပါသည်။ ညနေ ရုံးဆင်းလျှင် အလပ်ကိုမှ မဝင်တော့ဘဲ အိမ်သို့ တန်းပြန်စမြဲ ဖြစ်၏။

သို့သော်လည်း (၁၉၉၄) ခုနှစ် နှစ်ဦးပိုင်းမှာပင် ဩစတြေးလျနိုင်ငံသို့ စစ်သင်္ဘောနှင့် လိုက်ပါသွားပြီး ကုန်တင်သင်္ဘောများကို စောင့်ရှောက်ပေးရန် တာဝန်ပေးအပ်ခြင်း ခံရတော့သည်။

စစ်ရှိန်သည် မဟာမိတ်တို့ အသာရသဖြင့် အနည်းငယ် လျော့သွားသယောင် ထင်မှတ်ရသော်လည်း ဝင်ရိုးတန်းနိုင်ငံတို့၏ အင်အားသည် သေးငယ်ဆုတ်ယုတ်သွားလှခြင်း မရှိပေ။ မဟာမိတ်နိုင်ငံများ၏ ကုန်တင်သင်္ဘောများကို အနှောင့်အယှက်များ ပေးနေမြဲပင် ဖြစ်သည်။

ထို့ကြောင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ချောမွေ့စေရန် ကုန်တင် သင်္ဘောများကို စစ်သင်္ဘောများဖြင့် မောင့်ရှောက်ပေးနေရသည်။

ဂျင်မီသည် ကျောင်းနေတုန်းက အားကစား ထူးချွန်သူတစ်ဦး ဖြစ်သည်။ တက္ကသိုလ်ရောက်လျှင် အားကစားနည်းပြဆရာ ဖြစ်အောင် လုပ်မည်ဟု ရည်စူးခဲ့သည်။ သို့သော်လည်း တက္ကသိုလ်သို့ မသွားဖြစ်ဘဲ အလုပ်ဝင်လိုက်ရသဖြင့် ရည်စူးချက် ပျက်သွားသည်။

ယခု မရိန်းတပ်သို့ ရောက်သောအခါ သူသည် အလွန် တာဝန် ကျေပွန်သူ၊ အလုပ်ကို လေးစားသူ၊ လုပ်ငန်းတွင် ထူးချွန်သူ ဖြစ်လာ၏။ ထိုအကြောင်းများကြောင့် အရေးကြီးသည့်တာဝန်ကို သူ ထမ်းဆောင်ရ ခြင်း ဖြစ်သည်။ ဂျင်မီ ဩစတြေးလျသို့ ထွက်ခွာသွားသောအခါ နော်မာ သည် အထုပ်အပိုးပြင်ပြီး ဟောလီးဝုဒ်သို့ တစ်ယောက်တည်း ပြန်လာခဲ့ သည်။ ဂျင်မီ၏ မိဘများအိမ်မှာ အတူသွားနေသည်။

ချစ်လင်နှင့် မခွဲစဖူး ခွဲရသည်ဆိုတော့လည်း နေမထိ ထိုင်မသာ ဖြစ်နေသည်။ အရာရာတွင် တစ်ခုခု လိုနေသလို ဖြစ်နေသည်။ အချိန် ရှိသမျှ ဂျင်မီ့ထံသို့ စာရေးနေသည်ကိုသာ တွေ့ရတတ်သည်။

ချစ်ရသည့် အကြောင်းများကို ရေးဖွဲ့၍ မကုန်နိုင်။ လွမ်းမော တမ်းတရသည့် အကြောင်းများကို ရေး၍ မဝနိုင်။ ပြန်လာမည့် ရက်ကို လက်ချိုး ရေတွက်နေရကြောင်းတို့သည် အပ်ကြောင်းထပ်၍ မဆုံးနိုင်။ နော်မာ့စာများ ဂျင်မီ့ထံသို့ အဆက်မပြတ် ရောက်နေသကဲ့သို့ ဂျင်မီ့ထံမှ စာများသည်လည်း နော်မာ့ထံသို့ နေ့စဉ် ရောက်နေသည်။ လွမ်းရသည့် အကြောင်း၊ ပြန်လာချင်သည့် အကြောင်းများပင်တည်း။

ဂျင်မီ၏ဖခင် ဒေါ်ဂါတီမှာ အသက်(၆၀)ကျော်လာပြီ ဖြစ်သောကြောင့် အလုပ် မလုပ်နိုင်တော့။ မိခင်ဖြစ်သူ အီသယ်ဒေါ်ဂါတီ သာလျှင် ရေဒီယိုလေယာဉ်ပျံကုမ္ပဏီမှာ အလုပ်လုပ်နေသည်။ သူ့ဝင်ငွေ နှင့်လည်း အိမ်ထောင်စု စားလောက်သည် မဟုတ်။ စစ်အတွင်းကာလမို့ အစစအရာရာ ဈေးနှုန်းများ မြင့်တက်နေသည်။

နော်မာ့ထံသို့ ဂျင်မီပို့သည့် ငွေများသည် မှန်မှန်ရောက်သည်မှာ မှန်၏။ ဂျင်မီ ကိုယ်တိုင်က အသောက်အစား၊ အလောင်းအစား ကင်းသူ

ဖြစ်သဖြင့် ငွေအတော်များများ ပြန်ပို့နိုင်သည်။

ထိုငွေဖြင့်လည်း နော်မာ့အဖို့ မလောက်နိုင်အောင် ဖြစ်နေသည်။ နော်မာ့မှာ ဝယ်စရာတွေ များနေသည်။ အဝတ်အစားဖိုးကလည်း ကုန်လှသည်။ အိမ်မြူမြင်ဖို့ ဝယ်ရခြမ်းရသည့် ပစ္စည်းများကလည်း အတော မသတတ်နိုင်အောင် ရှိသည်။ ချစ်လင်နှင့် ခွဲနေရသောကြောင့် စိတ်ပြေ သက်ပျောက် အပိုသုံးကလေးများကလည်း ပိုလာသည်။ စာဖတ် ဝါသနာ ကြီးသူ ဖြစ်သဖြင့် စာအုပ်ဖိုးကလည်း ထောင်းလှသည်။

"မာမီရေ ဒီအတိုင်းနေလို့တော့ ဖြစ်မှာ မဟုတ်ဘူး၊ ဂျင်မီပို့တဲ့ ငွေနဲ့လည်း မလောက်ဘူး၊ မာမီတစ်ယောက်တည်း လုပ်စာနဲ့လည်း ဒီအိမ်မှာ စားလောက်မှာ မဟုတ်ဘူး၊ ဒါကြောင့် မာမီလုပ်တဲ့ စက်ရုံမှာ ကျွန်မလည်း အလုပ်ဝင်လုပ်ရရင် ကောင်းမယ်ထင်တယ်"

ဟု သမီးယောက္ခမ တိုင်ပင်ရတော့သည်။

မစ္စစ်ဒေါ် ဂါတီ၏ သဘောတူညီချက်ဖြင့် လေယာဉ်ပျံ စက်ရုံမှာ နော်မာ အလုပ်ရသည်။ ပထမ အလုပ်စဝင်ဝင်ချင်း လေထီးများကို နေ့စဉ်တကျ ခေါက်ပေးရသည့်ဌာနမှာ ခန့်ထားခြင်း ခံရသည်။

(မှတ်ချက်။ ။ နော်မာဂျိန်းသည် လေထီးတစ်ခုကို ဖြစ်ကတတ်ဆန်း ခေါက်လွှတ်လိုက်ကြောင်း၊ ထိုလေထီးဖြင့် လေထီးတပ်သား တစ်ဦး ခုန်ချရာ လေထီး မပွင့်သဖြင့် အသက်ဆုံးရှုံးသွားရကြောင်း၊ ထို့ကြောင့် နော်မာဂျိန်းကို စက်ရုံမှ အလုပ်ထုတ်ပစ်လိုက်ကြောင်းဖြင့် မာရီလင်မွန်ရိုး အဖြစ် နာမည်ကျော်ကြားလာသောအခါတွင် သတင်းစာဆရာ အချို့က ရေးကြသည်။ ။ စာရေးသူ)

လေထီးခေါက်ရသည့် အလုပ်ကို နော်မာ ငြီးငွေ့လာသည်။ ဌာန ပြောင်းပေးရန် အထက်လူကြီးများကို ပြောသည်။ ထို့ကြောင့် ပလတ်စတစ် ဆေးဆိုးဌာနသို့ ပြောင်းပေးလိုက်သည်။ နော်မာသည် အနား မယူတတ်သည့် အကျင့်၊ အလုပ် ကြိုးစားသည့်အကျင့်များ သူ့မိခင်ထံမှ အမွေရ ာသည်ထင့်။ ထိုဌာနတွင် အလုပ်ကို ကြိုးစားပမ်းစား ဆောင်ရွက်သည်။ အများတကာတို့ထက် ပိုမို ဂရုစိုက်သည်။ သူ့ အလုပ်ကြိုးစားမှုကြောင့် လုပ်ဖော်ကိုင်ဖက်များသာမက အထက်လူကြီးများကပါ နော်မာကို သတိ

ထားမိလာကြသည်။ မကြာမီမှာပင် အလုပ်ကြိုးစားသော ထူးချွန်သူအဖြစ် ထုတ်ပြခြင်း ခံရလေတော့သည်။

ဂျင်မီသည် ဩစတြေးလျမှ ပြန်မလာနိုင်သေးဘဲ နယူးဂီနီသို့ တာဝန်ဖြင့် စေလွှတ်ခြင်း ခံရပြန်သည်။ ဂျင်နရယ်မက်အာသာ အုပ်ချုပ်သော တပ်များရှိရာသို့ နောက်ပိုင်းမှ ရိက္ခာနှင့် လက်နက် ထောက်ပံ့ပေးပို့သည့် သင်္ဘောများတွင် လိုက်ပါရန် ဖြစ်သည်။ အီတလီမှာ ဂျာမန်တပ်များနှင့် မဟာမိတ်တပ်များ အပြင်းအထန် စစ်ဆင်နေကြချိန် ဖြစ်သည်။

ဂျင်မီဝယ်ထားခဲ့သည့် ဖိုကားတစ်စင်းဖြင့် နော်မာသည် သူ့ဘဝကို သူ ရှန်းကန်လျက် ရှိသည်။ အန်တီဂရေ့စ်၏ အဒေါ် အင်နာလိုဝါနှင့်လည်း ပြန်တွေ့နေသည်။ အချိန်အားရလျှင် အဘွားကြီးထံ သွားသည်။ အဘွားကြီးနှင့်အတူ ဈေးသွားသည်။ အဘွားကြီးသွားလိုသော နေရာများသို့ လိုက်ပို့ပေးသည်။

စက်ရုံအတွင်းမှာ နော်မာသည် အထီးကျန်ဘဝသို့ ရောက်ရပြန်၏။ အလုပ်ချိန်အတွင်း၌ သူနှင့် စကားပြောဖော် မရှိတော့။ သူတို့ဌာနတွင် အမျိုးသမီးများချည်းသာ ဖြစ်သည်။ နော်မာက အလုပ် ကြိုးစားသူဖြစ်သဖြင့် ကျန်လူများက မနာလိုကြခြင်းပင် ဖြစ်သည်။ ထိုကြားထဲက နာမည်ကောင်း လက်မှတ်ပါ ရလိုက်သဖြင့် ပို၍ မနာလို မရှုစိမ့် ဖြစ်သွားကြသည်။

နော်မာ၏ ထူးခြားသောအလှကလည်း မိန်းမချင်း မနာလိုဝန်တိုစိတ်ကို ဖြစ်စေလျက် ရှိသည်။ သည်လို အထီးကျန်ဘဝသို့ ရောက်လာရပြန်သောကြောင့် အလုပ်က ပြန်လာလျှင် စိတ်ချမ်းသာစရာများကို နော်မာ ရှာလာရတော့သည်။ အပြင်က အပေါင်းအသင်းများနှင့် လူစုပြီး ဖဲကစားသည့်အခါ ကစားသည်။ မြို့ပြင်ထွက်ပြီး ကားမောင်းသည့်အခါ မောင်းသည်။ အင်နာလိုဝါနှင့် အချိန်ဖြုန်းသည့်အခါ ဖြုန်းနေလိုက်သည်။

တစ်နေ့တွင် နော်မာ၏ ဘဝကို အပြောင်းအလဲ ဖြစ်ပေါ်စေမည့် အကြောင်းတစ်ခု ပေါ်လာသည်။

ထို့ထက် ပိုတိကျအောင် ဆိုရလျှင် နော်မာဂျိန်းဘဝမှ မာရီလင်မွန်ရိုးဘဝသို့ ကူးပြောင်းစေမည့် အကြောင်းတစ်ခု ပေါ်လာသည်ဟု ဆိုရ

ပေလိမ့်မည်။

စစ်တပ်မှ ဓာတ်ပုံဆရာ ဒေးပစ်ကိုနီဇာသည် နော်မာ အလုပ်လုပ်ရာ စက်ရုံသို့ ရောက်လာ၏။ စက်ရုံအတွင်း၌ စက်ပစ္စည်းများကို ကြိုးစားပမ်းစား လုပ်နေကြပုံ စစ်မြေပြင်ရှိ စစ်သားများကို ဖျော်ဖြေသော အထူးဓာတ်ပုံ ဆောင်းပါးရေးရန် ဖြစ်သည်။ စစ်သားများ စိတ်ဓာတ်တက်ကြွစေရန်အတွက် စိတ်ဓာတ်စစ်ဆင်ရေးဌာနက မဂ္ဂဇင်းတွင် ဓာတ်ပုံဆောင်းပါး ထည့်သွင်းဖော်ပြရန် ဖြစ်သည်။

စက်ရုံအတွင်း ဖြတ်လျှောက်သွားသည်နှင့် တစ်ပြိုင်တည်း အလှမကလေး၏ အလှသည် စစ်သားဓာတ်ပုံဆရာ ဒေးဗစ်ကိုနီဇာကို ဖမ်းစားဆွဲဆောင်လေတော့သည်။ သို့ဖြင့် အထက်လူကြီး၏ ခွင့်ပြုချက်အရ နော်မာသည် စက်ရုံ၏ စံပြမယ် ဖြစ်ရလေတော့သည်။

စစ်တပ်သုံး လေယာဉ်ပျံ အပိုပစ္စည်းများ အတွက် သံဂဟေဆက်နေသော အပျိုမကလေး နော်မာ။

လေထီးများကို စနစ်တကျ ခေါက်ကာ ထုပ်ပိုးနေသည့် အလှမကလေး နော်မာ။

ပလတ်စတစ် ဆေးဆိုးနေသည့် တိမ်းမူးစဖွယ်သော အချောမကလေး နော်မာ။

စသည်ဖြင့် စက်ရုံအတွင်း၌ ရှိရှိသမျှသော ဌာနပေါင်းစုံသို့ ကူးပြောင်းကာ စံပြမယ်အဖြစ် ဓာတ်ပုံရိုက်ခံရသည်။ သုံးရက်လုံးလုံး စိတ်တိုင်းကျ ဓာတ်ပုံ အရိုက်ခံပြီးသောအခါ နော်မာ့အဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲပေတော့မည်။

ကိုနီဇာ၏သူငယ်ချင်း အခြား ဓာတ်ပုံဆရာ ပိုတာဟူးဝက်သည် ကိုနီဇာရိုက်လာသည့် နော်မာ၏ ဓာတ်ပုံများကို ကြည့်ပြီး အံ့ဩနေ၏။ ထူးခြားသော သဘာဝအလှကို ငေးမောနေမိ၏။

"ဒီလောက်ချောတဲ့ မိန်းကလေးတစ်ယောက် ဒီစက်ရုံထဲမှာ ရှိနေတယ်ဆိုတာ အံ့ဩစရာပဲ ကိုနီဇာရေ၊ ဒါမှ တကယ့် သဘာဝအလှကွ၊ ဘာမှ မပြုပြင်ဘဲ သူ့နဂိုအတိုင်း လှနေတာ"

ပိုတာဟူးဝက်သည် နောက်တစ်ရက်တွင် နော်မာနှင့် ချိန်းလိုက်

သည်။ မြို့ပြင်သို့ သူတို့ ထွက်ကြသည်။ အဖြူအမည်းမျှသာမက ဆေးရောင်စုံ ဓာတ်ပုံများကိုပါ ရိုက်ကြသည်။ အဝတ်အစားအမျိုးစုံကို လဲလှယ်ခိုင်းပြီး စိတ်တိုင်းကျ ဓာတ်ပုံများ ရိုက်ကြသည်။ မည်သို့ ပြုံးရမည်၊ မည်သို့ ထိုင်ရမည်၊ မည်သို့ အမူအရာ ပြုလုပ်ရမည်များကို စိတ်ရှည်လက်ရှည် သင်ပြကာ မမောနိုင် မပန်းနိုင် ဓာတ်ပုံရိုက်ခြင်း ဖြစ်သည်။

နော်မာ့ဓာတ်ပုံများသည် တဖြည်းဖြည်း ပြန့်ထွက်သွား၏။ ဘလူးဘွတ် စံပြမယ်ဌာန အုပ်ချုပ်ရေးမှူး မစ္စစ်အယ်မယ်လင်းစနိုက်ဖ်လီသည် နော်မာ့ဓာတ်ပုံများကို မြင်သည်နှင့်တစ်ပြိုင်နက် ထခုန်မတတ် ဝမ်းသာသွားသည်။

"ဒီကလေးမဟာ ဒါလောက်အဖိုးတန်တဲ့ အချိန်တွေကို ဘာဖြစ်လို့များ ဒီစက်ရုံထဲမှာ ဖြုန်းတီးပစ်နေပါလိမ့်"ဟုပင် မှတ်ချက်ချမိသည်။

နောက်တစ်နေ့တွင် နော်မာထံသို့ မိမိနှင့် လာတွေ့ရန် ခေါ်လိုက်သည်။ စံပြမယ်များ လေ့ကျင့်ရမည့် သင်ခန်းစာများကိုလည်း ပူးတွဲပေးပို့လိုက်သည်။

ညနေပိုင်းတွင် စနိုက်ဖ်လီရှိရာ သံအမတ်ဟိုတယ်သို့ နော်မာသွားသည်။ အဖြူရောင် ရှပ်စကင်အဝတ်များကို သပ်သပ်ရပ်ရပ် ဝတ်သွားသည်။

"ကလေးမရယ်၊ စံပြမယ်လုပ်မယ် ဆိုရင် ဘယ်တော့မှ အဖြူရောင်ကို မဝတ်နဲ့၊ ဘာအရောင်မှ မရှိတော့ မလှဘူး"

ဟု တွေ့လျှင်တွေ့ချင်း ဆီးပြောသည်။

"မင်းဟာ အလွန် အောင်မြင်ကျော်ကြားတဲ့ စံပြမယ် ဖြစ်နိုင်တာ သေချာတယ်၊ ဒီထက်လည်း ပိုပြီး မျှော်လင့်နိုင်တယ်၊ တစ်ခုတော့ ရှိတယ်၊ စံပြမယ် လုပ်မယ်ဆိုရင် စံပြမယ်တို့ တတ်အပ်တဲ့ ပညာတွေတော့ တတ်ရလိမ့်မယ်၊ သင်တန်းတက်ပြီး လေ့ကျင့်ရပေလိမ့်မယ်၊ အနက်တီက စံပြမယ်သင်တန်းဖွင့်နေတာ၊ သင်တန်း အစအဆုံး ဒေါ်လာတစ်ရာပဲ ကျတယ်၊ ဒါကို မပူနဲ့၊ အလုပ်ရအောင်လည်း အန်တီ ရှာဖွေပေးနိုင်တယ်၊ ဟိုလ်ဂါသံမဏိကုမ္ပဏီက သူတို့ ကုန်ပစ္စည်းပြပွဲအတွက် စံပြမယ် ရှာနေတယ်"

နော်မာသည် သူ့ အမျိုး မဟုတ်ကြောင်း လုံးဝ မပြော။ အယ်မယ်

လင်းစနိုက်ဖ်လီ၏ စံပြမယ် သင်တန်းတက်ရန် သဘောတူလိုက်သည်။ သူ့အလှကို သူယုံပြီးသူမို့ သူလုပ်လျှင် အောင်မြင်ရမည်ကိုလည်း မှန်းဆပြီး ဖြစ်သည်။

နောက်တစ်နေ့ ညနေမှာပင် ဟိုလ်ဂါသံမဏီကုမ္ပဏီ တာဝန်ခံ တစ်ယောက်နှင့် တွေ့ရသည်။ (၁၀)ရက်ကြာ ကျင်းပမည့် ပြပွဲအတွက် တစ်နေ့ (၁၀)ဒေါ်လာဖြင့် နော်မာကို ငှားလိုက်သည်။

ထိုအကြောင်းများကို ယောက္ခမ မစ္စစ်ဒေါ်ဂါလီနှင့် ယောက်မ မာရီယံတို့ကို နော်မာ ပြောပြသည်။

"ဂျင်မီ့ဆီကို စာရေးပြီး အကြောင်းကြားပါဦးလား၊ သူက ဘာ ပြောဦးမလဲ မသိဘူး၊ သူ့ကို ကြိုတင် အသိပေးတော့ ကောင်းတာပေါ့"

"အို. . . မာမီကလည်း၊ ဘယ်အချိန်ရှိတော့မှာလဲ၊ မနက်ဖြန်ပဲ အလုပ်ဝင်ရတော့မှာကို၊ နောက်မှ သူ့ကို ပြောတော့မယ်၊ ဂျင်မီ ဘာမှ ပြောမှာ မဟုတ်ပါဘူး"

လေယာဉ်ပျံစက်ရုံမှ ဆေးခွင့်ယူလိုက်သည်။ နေ့ဘက်တွင် ဟိုလ်ဂါသံမဏီကုမ္ပဏီ ကုန်စည်ပြပွဲမှာ အခြား စံပြမယ်များနှင့်အတူ စံပြမယ် ဝင်လုပ်သည်။ ညနေဘက်တွင် အယ်မယ်လင်းစနိုက်ဖ်လီ၏ စံပြမယ်သင်တန်းသို့ ပြေးတက်သည်။ အချိန်သည် နော်မာအတွက် အဖိုး မဖြတ်နိုင်အောင် တန်ဖိုးကြီးလျက် ရှိချေပြီ။ ထမင်းကိုပင် သေပြေးရှင်ပြေး စားကာ စံပြမယ်အလုပ်နှင့် စံပြမယ်သင်တန်းသို့ ကူးသန်းနေရသည်။

ယောက္ခမနှင့် ယောက်မတို့သည် နော်မာ ယခုလို လုပ်နေသည်ကို နှစ်မြို့က်ခြင်း မရှိကြ။ သို့သော်လည်း သူတို့ ဘာမှ မပြောဘဲ နေလိုက်ကြသည်။ ထိုအကြောင်းကို နော်မာကလည်း သိသည်။ ထို့ကြောင့် သူတို့နှင့် အတူ မနေတော့ဘဲ အန်တီအင်နာလိုဝါနှင့် သွားနေရန် ဆုံးဖြတ်ကာ အိမ်ပြောင်းသွားသည်။ စံပြမယ် လုပ်နေပြီဖြစ်ကြောင်းကိုလည်း ဂျင်မီထံသို့ စာရေး အကြောင်းကြားလိုက်သည်။

သည်အလုပ်ကို ဂျင်မီ မနှစ်သက်။ သူ့ဇနီး ချောချောလှလှ လေး လူတကာ အကြည့်ခံနေရသည်ကို မနှစ်မြို့က်။ သို့သော်လည်း ကမ္ဘာတစ်ဝက် ခြားနေကြသူများမို့ ထွေထွေထူးထူး မပြောတော့။

လေယာဉ်ပျံစက်ရုံမှ နော်မာ အလုပ်ထွက်လိုက်သည်။ သူ့ကို ပထမဦးဆုံး ခေတ်ပုံရိုက်သည့် စစ်တပ်ခေတ်ပုံဆရာ ကိုနီဗာကလည်း အလုပ်ထွက်ရန် တိုက်တွန်းသည်။ ကိုနီဗာ၏ တိုက်တွန်းစာ ရောက်လာသောအခါ နော်မာ အလုပ်ထွက်ပြီး ဖြစ်နေ၏။

ထိုမျှသာမက အယ်မယ်လင်း၏ စံပြမယ်များထဲတွင် အလုပ်အများဆုံး စံပြမယ် ဖြစ်နေချေပြီ။ မဂ္ဂဇင်းအဖုံးများမှာ၊ ပြက္ခဒိန်အချို့မှာ၊ ဒေါက်ကလပ်စ် လေယာဉ်ပျံစက်ရုံမှာ စံပြမယ် နော်မာဂျိးန်ကို အဆက်မပြတ် မြင်တွေ့နေကြရပြီ ဖြစ်သည်။

အယ်မယ်လင်းစနိုက်ဖ်လီသည် နော်မာ၏ တစ်ကိုယ်လုံးကို အပြန်ပြန် အလှန်လှန် စစ်ဆေးကြည့်ရှုသည်။ အချိုးမကျမှုကလေးများကို စိတ်တိုင်းကျ ပြင်ပေးသည်။

"မင်း နှာခေါင်းက နည်းနည်းချွန်တယ်၊ ဒီအတိုင်းပြုံးရင် နှာခေါင်းအရိပ်က နှုတ်ခမ်းပေါ်မှာ ထိုးနေတယ်၊ ဒီတော့ အလှပျက်သွားတာပေါ့၊ အဲဒီတော့ အပေါ်နှုတ်ခမ်းကို အောက်နည်းနည်းချပြီး ပြုံးစမ်း၊ အေး ဟုတ်ပြီ၊ အခုမှ နှာခေါင်းက နေရာမှန် ရောက်သွားတယ်၊ ပိုလည်း လှလာတယ်၊ ဒါကို လေ့ကျင့်ပါ၊ အိမ်ပြန်သွားရင် မှန်ထဲမှာကြည့်ပြီး လေ့ကျင့်ပါ၊ နောက် မမှားအောင်ကျင့်နော်"

နော်မာသည် စံပြမယ်လုပ်ငန်းတွင် အောင်မြင်နေပြီဟု ဆိုရချေမည်။သို့သော်လည်း သူ့အသုံးအစွဲနှင့် သူရသည့် ဝင်ငွေများမှာ မလောက်နိုင်အောင် ဖြစ်နေသည်။ ဂျင်မီထံမှလည်း လစဉ် လစာဝက်ကျော်ကို ရနေသေးသည်။ ထိုကြားထဲကပင် ကြွေးလည်ပင်းခိုက်လာ၏။

အန်တီအင်နာလိုဝါလည်း ကောင်းစွာ နေမကောင်း။ အဘွားကြီးသည် (၇၀)နား နီးနေပြီ ဖြစ်၏။ နော်မာကလည်း သူ့အလုပ်များ လက်မလည်နိုင်အောင် ဖြစ်နေသောကြောင့် အဘွားကြီးကို ပြန်မကြည့်နိုင်။

(၁၉၄၅)ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့တွင် ဂျပန်ပြည် ဟီရိုရှီးမားမြို့ပေါ်သို့ အဏုမြူဗုံး ကြဲလိုက်ခြင်းဖြင့် ကမ္ဘာစစ်ကြီး ပြီးဆုံးသွားတော့သည်။ စံပြမယ်လုပ်နေသည့် နော်မာကို ဂျင်မီ စိတ်မချနိုင်။ ထို့ကြောင့် တပ်မှထွက်ပြီး နော်မာရှိရာသို့ ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ထွက်စာကို

ချက်ချင်း တင်လိုက်သည်။ သို့သော် ဂျင်မီ ကံဆိုးပါသည်။ သူ့ထွက်စာကို အထက်အရာရှိများက ပယ်ချလိုက်လေတော့သည်။

ဂေါ့ဒတ်နှင့် ဂရေ့စ်တို့ မိသားစုသည် အနောက်ဗာဂျီးနီးယားမှ လော့စ်အိန်ဂျယ်လီသို့ ပြန်ပြောင်းရွှေ့လာကြသည်။ သူတို့ ပြန်ပြောင်းလာသောကြောင့် အင်နာကို စောင့်ရှောက်မည့်သူ ရသွားသည်။

ဂရေ့စ်တို့ ပြန်ပြောင်းလာသည်နှင့် မရှေးမနှောင်းမှာပင် ဂျင်မီ ခွင့်နှင့် ပြန်ရောက်လာ၏။ ခွင့်ကလည်း များများစားစား ရသည်မဟုတ်။ ရက်အနည်းငယ်မျှသာ၊ သင်္ဘောစောင့်ပြီး တရုတ်ပြည်သို့ သွားရဦးမည်ဖြစ်သည်။ သူတို့နှစ်ယောက် ဧည့်ခန်းထဲမှာပင် မရှက်နိုင် မကြောက်နိုင် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်နမ်းရှုံ့ကြသည်။ တစ်ယောက်မျက်နှာကိုတစ်ယောက် အလုအယက် ကြည့်ကြသည်။ ကွဲကွာနေရသည့် နှစ်များအတွင်း တွေ့ကြုံရသည်များကိုပင် မပြောနိုင်အား။ နော်မာ့မျက်လုံးအစုံမှာ မျက်ရည်များဖြင့် ဗိုင်းတွန်းနေသည်။ နော်မာသည် ဂျင်မီ့ ပေါင်ပေါ်မှာ ဘက်ထိုင်ပြီး ဂျင်မီ့ကို မျက်တောင်မခတ်စတမ်း စူးစိုက် ကြည့်နေ၏။

အမှန်မှာတော့လည်း ဂျင်မီသည် သူ့ချစ်ဦးသူ မဟုတ်လား။ သူ မျှော်လင့်အားထားခဲ့ရသူ မဟုတ်လား။သူ့ဘဝလုံခြုံမှုကို အကောင်းဆုံးပေးခဲ့သူ မဟုတ်လား။

သူတို့နှစ်ဦး အတူနေရသည့် အချိန်အတွင်းမှာပင် စိတ်ထိခိုက်ရာကလေးတစ်ခု ကြုံကြရသေးသည်။

နော်မာ့ စားပွဲပေါ်မှာ ငွေမချေရသေးသော ပစ္စည်းဝယ်သည့် ဘောက်ချာ တစ်ထပ်ကြီးကို တွေ့ရသည်။ အဝတ်အစားကြွေး၊ ဖိနပ်ကြွေး၊ ဆွယ်တာအင်္ကျီကြွေး၊ ဆံပင်အလှပြင်သည့် အကြွေး . . .

စသည် . . . စသည်ဖြင့်။

"ဒါက ဘယ်လို ဖြစ်ရတာလဲ အချစ်ရယ်၊ အကြွေးတွေကလည်း များလှချည်လား"

"ဟုတ်တယ် ဒါလင်၊ ဒါက နော်မာ့ အရင်းအနှီးတွေပေါ့၊ အလုပ်ရှာရအောင် သွားတဲ့အခါမှာ အဝတ်အစားကောင်းကောင်း ဝတ်ရတယ်။ ကောင်းကောင်းဝတ်နိုင်မှ ငွေများများရတယ်၊ ဖြစ်ကတတ်ဆန်း ဝတ်သွား

ရင် ဝိုင်းနှိမ်ကြတော့တာပဲ၊ ဒါကြောင့်မို့လည်း အမြဲတမ်း အဝတ်အစား ကောင်းကောင်း ဝတ်နေရတယ်"

ဂျင်မီမျက်နှာ ညှိုးကျသွားသည်။ သူ့အိတ်ထဲမှာ ပါလာသည့် ဒေါ်လာသုံးရာကို ထုတ်ပေးသည်။ ထိုငွေများသည် သူ့အတွက် ကျန်သည့် လစာတစ်ဝက်ထဲမှ မစားရက်၊ မသောက်ရက်ဖြင့် စုဆောင်းထားခြင်း ဖြစ်သည်။ သဘော်အရာရှိတို့သည် ရောက်လေရာတိုင်းပြည်မှာ မိန်းမအတွက်၊ ဖဲအတွက်၊ အရက်အတွက် စသည်ဖြင့် နည်းမျိုးစုံဖြင့် ငွေဖြုန်းကြသည်။ ဂျင်မီကမူ မိန်းမလည်း မပွေ၊ အရက်လည်း မသောက်၊ ဖဲလည်း မရိုက်ဘဲ နှင့် လစာတစ်ဝက်ကျော်ကျော်ကို ချစ်ဇနီးထံသို့ မှန်မှန် ပြန်ပို့ပြီး ကျန် သောလစာထဲမှ စုမိအောင် စုသောသူ ဖြစ်ချေသည်။

သည်လို ဆိုပြန်တော့လည်း နော်မာ စိတ်မကောင်းနိုင်ပါ။ သူ့ ချစ်လင်သည် သူ့အတွက် မည်မျှ အနစ်နာခံကြောင်း သူ ကောင်းကောင်း သိသည်။ သူ့အတွက် အပင်ပန်း အဆင်းရဲခံကာ စုဆောင်းခဲ့ကြောင်း သူ သဘောပေါက် နားလည်သည်။ ထိုသို့ ယောက်ျားလုပ်သူက မစားရက်၊ မသောက်ရက် စုဆောင်းနေသည့်ကြားထဲက မိမိက အသုံးအဖြုန်း ကြီးနေ ခြင်းသည် မတရားဟုလည်း နားလည်သည်။ ထို့ကြောင့် ဂျင်မီ ရင်ခွင်မှာ မျက်နှာအပ်ပြီး ငိုချလိုက်မိသည်။ နောင်တကြောင့် ကျရသည့် မျက်ရည် ဖြစ်ပါသည်။ ချစ်လင်ကို စာနာထောက်ထားရာမှ ကျရသည့် မျက်ရည် ဖြစ်ပါသည်။

ချစ်သူနှစ်ဦးတို့ အလွမ်းမပြေသေးမီ ဂျင်မီသည် တရုတ်ပြည်သို့ တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားရပြန်၏။

ဂျင်မီ ပြန်မည့်နေ့မှာ နော်မာ၏ မိခင် ဂလက်ဒီ ရောက်လာမည် ဖြစ်ကြောင်း တယ်လီဖုန်းဖြင့် အကြောင်းကြားသဖြင့် သူတို့အားလုံး ပျော် လိုက်ကြသေးသည်။ ယနေ့ထက်တိုင်အောင် မမြင်ဖူးဘူးသေးသော ယောက္ခမကို ဂျင်မီ မြင်သွားရချေသည်။နော်မာအဖို့လည်း နှစ်ပေါင်းများစွာ ကွဲကွာနေရသည့် မိခင်နှင့် ပြန်လည် ဆုံတွေ့ရမည် ဖြစ်သောကြောင့် ဝမ်းအသာကြီးသာနေသည်။

ဘူတာရုံမှာ သူတို့ သွားကြိုကြသည်။ အမျှော်လင့်ကြီး မျှော်လင့်

ထားသည့်အနေဖြင့် အမေနှင့် သမီးတို့ တွေ့ဆုံကြပြန်တော့လည်း ခပ်စိမ်းစိမ်း ဖြစ်နေသည်။ ဂလက်ဒီနှင့် နော်မာသည် တစ်ယောက်ကို တစ်ယောက် ဖက်ယမ်းနမ်းရှုံ့ခြင်း မပြု။ သမက်ဖြစ်သူ ဂျင်မီနှင့်လည်း လက်ဆွဲနှုတ်ဆက်ခြင်းကို မပြု။ တစ်ယောက်နှင့် တစ်ယောက် အမ်းနေသလို အနေကျပ်နေကြသည်။

ဂျင်မီ တရုတ်ပြည်သို့ ထွက်ခွာသွားပြီးသောအခါ နော်မာသည် ခံပြမယ်လုပ်ငန်းဖြင့် အလုပ်များမြဲ များလျက်ပင် ရှိသည်။

နော်မာက အမေနှင့် တစ်သက်မခွဲတော့ဘူးဟူသော ဆုံးဖြတ်ချက်ဖြင့် အင်နာ၏ အောက်ထပ်ကို ရှင်းလိုက်သည်။ အိပ်ခန်းနှစ်ခန်းကို သားအမိနှစ်ယောက် တစ်ယောက်တစ်ခန်း နေထိုင်ရန် ပြင်ဆင်သည်။ ဒနီးကောင်းတစ်ယောက် ဖြစ်ရေးထက် သမီးကောင်းတစ်ယောက် ဖြစ်ရေးကို ဖောက်ချလုပ်တော့မည်ဟု စိတ်ကူးပေါက်လာသည်။

သို့သော်လည်း ဂလက်ဒီ၏စိတ်သည် နူမှန်မဟုတ်။ ဖောက်ချင်သျှင် ဖောက်နေတတ်သည်။ နော်မာသည် လုပ်ငန်းနှင့် ပတ်သက်သော သူမိတ်ဆွေများနှင့် အချိန်များစွာ ကုန်နေရသည်။ ညနေပိုင်းများတွင်လည်း ထိုသူများနှင့် ညစာစားခြင်း၊ အလုပ်ကိစ္စ ဆွေးနွေးခြင်းများကို ပြုလုပ်နေရသည်။သို့ကလို ယောကျ်ားများနှင့်ချည်းသာ ပေါင်းသင်းနေသည်ကို မိခင်ဖြစ်သူက မကြိုက်။ နော်မာကိုလည်း အကြိမ်ကြိမ်ပင် ပြောသည်။ နော်မာ့အဖို့ကလည်း သူ့အလုပ်ကိစ္စမို့ ယောကျ်ားများနှင့် မပေါင်း၍ မဖြစ်။

ဂလက်ဒီသည် နော်မာနှင့် (၇)လမျှ အတူနေထိုင်ပြီး စိတ်ဖောက်ပြန်ကာ ဆေးရုံသို့ ပြန်ရောက်သွားတော့သည်။ ဤသို့ ဆေးရုံသို့ ပြန်သွားခြင်းသည် နော်မာနှင့် အပြီးအပိုင် ခွဲခွာခြင်းပေတည်း။

(၁၉၄၆)ခု နှစ်လယ်ပိုင်းတွင် ဂျင်မီသည် ရှန်ဟဲမြို့သို့ ရောက်နေ၏။ သူ့လုပ်ငန်းတာဝန်များ ပြီးတော့မည်။ ကိုယ့်တိုင်းပြည်သို့ ပြန်ရတော့မည်။ ချစ်ဇနီးနှင့် ရာသက်ပန် မခွဲတမ်း နေရတော့သည်။ စစ်တပ်မှ ထွက်ခွင့်ကို ရပြီဖြစ်သောကြောင့်လည်း ဇနီးနှင့် မခွဲရသည့်၊ အိုးမကွာ၊ အိမ်မကွာ လုပ်ရသည့် အလုပ်မျိုးကို ရှာဖွေလုပ်ကိုင်တော့မည် ဖြစ်ကြောင်း ဆုံးဖြတ်ထားပြီး ဖြစ်သည်။

စစ်တွင်းကာလ၌ စစ်ထဲသို့ ဝင်မိခြင်းဖြင့် ခံစားရသော ကွေကွင်းရခြင်း ဝေဒနာကို အသည်းနာလှပြီ။ သူသာ ချစ်ဇနီးနှင့် အတူရှိနေမည်ဆိုပါက နော်မာသည် ယခုလို သူ မကြိုက်နှစ်သက်သည့် စံပြမယ်တစ်ယောက် ဖြစ်မည် မဟုတ်။ သားသမီးများ မွေးရင်းဖြင့် အိမ်ရှင်မကောင်းကြီးတစ်ယောက် ဖြစ်နေပေလိမ့်မည်။ ယခုတော့ ဖြစ်မလာခဲ့။ စစ်သည်သူတို့ဘဝ၏ ရည်မှန်းချက်များ အားလုံးကို ချေဖျက်ပစ်လိုက်သည်။

ဂျင်မီသည် ကမ်းပေါ်သို့ တက်ခဲ့၏။ ရုန်ဟဲဈေးထဲမှာ လှည့်လည်ကြည့်သည်။ နော်မာအတွက် တရုတ်ပြည်ပြန် လက်ဆောင် ဝယ်ရမည်။ ချစ်ဇနီး ကြိုက်တတ်သည်များကို ရှာဖွေရသည်။

ပန်းချီကားများ၊ ယပ်တောင်များ၊ တရုတ်ပွင့်ရိုက်ထည်များ၊ ပန်းအိုးအလှများ၊ ပန်းပုရုပ်များ၊ ရုပ်လုံးကြွအရုပ်များ ထုလုပ်ဖော်ထားသည့် သစ်သားကြုတ်များ၊ မာတ်ပုံဘောင်များ၊ လက်ကိုင်ပဝါများ၊ ခေါင်းစီးလှလှများကို စိတ်တိုင်းကျ ရှာဖွေဝယ်ယူသည်။

ပြီးတော့ ထိုပစ္စည်းများ အားလုံးကို အလွန် လှပသည့် အထုပ်တစ်ခု ပြုလုပ်စေပြီး စုပေါင်းထည့်သည်။ အိမ်ပြန်ရောက်လျှင် နော်မာ့လက်ထဲထည့်ရမည်။ နော်မာသည် အထုပ်ကို ကိုယ်တိုင် ဖြေကြည့်သောအခါ တစ်ခုပြီးတစ်ခု ထွက်လာမည့် ပစ္စည်းအထူးအဆန်း အလှအပများကို မြင်တွေ့ပြီး မည်မျှ ပျော်မြူးချေမည်နည်း။ ဝမ်းသာ ပျော်မြူးနေသည့် နော်မာကို ကြည့်ကာ မိမိပင်လျှင် မည်မျှ ပျော်မိချေမည်နည်း။

စိတ်ကူးဖြင့် သင်္ဘောပေါ်သို့ပြန်ဆင်းလာခဲ့သည်။ ဇနီးနှင့် ပြန်လည်တွေ့ဆုံဖို့ ရက်ပိုင်းမျှသာ လိုတော့သည်။

ညနေ (၄)နာရီတွင် သင်္ဘောပေါ်သို့ ပြန်ရောက်လာသည်။ မိမိတို့တိုင်းပြည်နှင့် အနယ်နယ်မှ ရောက်လာသည့် စာဝေချိန်နှင့် တိုးနေသည်။ ဂျင်မီ၏အမည်ကို ခေါ်သံကြားသဖြင့် စာဝေနေသည့် စာတိုက်စာရေးထံသွားပြီး စာယူသည်။ စာအိတ်ကို ဖောက်ကြည့်လိုက်သောအခါတွင် . . .

*"ဂျင်မီခေါ်ဂါတီကို နော်မာဂျိုးန်ခေါ်ဂါတီက*
*ကွာရှင်း ပြတ်စဲလိုက်ပြီ ဖြစ်ကြောင်း"*

အကြောင်းကြားလိုက်သည့် တရားရုံးတော်မှ စာတစ်စောင်

ဖြစ်နေလေတော့သည်။

ဂျင်မီ ပိုက်ထားသည့် အထုပ်ကြီး လွတ်ကျသွားသည်ကို ဘေးလူများ အထိတ်တလန့်ဖြင့် လှည့်ကြည့်လိုက်ကြလေသည်။

ဂျင်မီကား ဘာကိုမှ မမြင်တော့။

* * *

## မာရီလင်မွန်ရိုး

ဂျင်မီနှင့် ကွာရှင်းပြတ်စဲနိုင်ဖို့ အတွက် လပ်စ်ဗီဂတ်မြို့ဆီသို့ သွားကာ ရှေ့နေနှင့် စီစဉ်ခဲ့ရသည်၊ ကိစ္စအားလုံး ပြီးသဖြင့် လော့အိန်ဂျယ်လိသို့ ပြန်ရောက်သောအခါ အယ်မယ်လင်းစနိုက်ဗီသည် နော်မာ အတွက် အစစအရာရာ စီစဉ်ထားသည်ကို တွေ့ရသည်။

"မင်းအတွက် ငါအားလုံး စီစဉ်ထားတယ်၊ စံပြဓာတ်ပုံ အရိုက်ခံဖို့ရော၊ ရုပ်ရှင်မင်းသမီး ဖြစ်လာဖို့တွေအထိ အစုံပဲ၊ အခုလောလောဆယ်တော့ မင်းဆံပင် ပုံစံကို ပြင်ကြမယ်"

အယ်မယ်လင်းသည် စံပြမယ်အဖြစ် မည်သို့ ကိုယ်ဟန်ပြရမည်ဆိုသည်ကို သင်ကြားပေးရုံမျှမက နော်မာ၏ ပင်ကိုအလှကို ပိုမို ထင်ရှားလာစေရန် အတွက်လည်း အစစ အရိပ်တကြည့်ကြည့် ပြုပြင်ပေးလျက်ရှိသည်။ ထိုမှတစ်ဆင့်တက်ပြီး နော်မာ နာမည်ကျော်ကြားဖို့ အတွက် သတင်းစာ ဆက်သွယ်ရေး တာဝန်ခံ အဖြစ်ပါ ဆောင်ရွက်ပေးလျက်ရှိသားဖြစ်နေတော့သည်။

"ဆံပင်က ကောက်နေတာ မလှဘူး၊ မင်းမျက်နှာနဲ့ဆိုရင် လှိုင်းထနေတဲ့ ဆံပင်မှ ပိုလှမယ်၊ နောက်တစ်ခုက ရွှေရောင် သိပ်တောက်လွန်းနေတာလည်း မကောင်းဘူး၊ ရွှေဝါရောင်ကလေးမှ ပိုကောင်းမယ်"

သူတို့သည် ဆံပင်အလှပြင်ဆိုင်သို့ သွားကြပြီး ဆံပင်ပုံစံကို စိတ်တိုင်းကျ ပြုပြင်ကြသည်၊ အယ်မယ်လင်း ပြောသည့် အတိုင်းပင် လှိုင်းထနေသည့် ရွှေဝါရောင်ဆံပင်နှင့် နော်မာသည် အလှသွေးတွေ အကြွယ်ကြီး ကြွယ်လျက် ရှိလေတော့သည်။

နော်မာသည် သာမန်စံပြမယ် လုပ်နေရသည်ထက် ရုပ်ရှင်မင်းသမီး ဖြစ်ရေးကို ပိုမို စိတ်ဝင်စားနေပြီ ဖြစ်သည်။

ရုပ်ရှင် ကုမ္ပဏီတို့သည် ရုပ်ရှင်မင်းသမီးအသစ်ကို ရွေးချယ်ကြ ရာတွင် အိမ်ထောင်ရှိသူကို သတိကြီးစွာဖြင့် ရှောင်ရှားလေ့ ရှိကြသည်။ ငွေကုန်ကြေးကျ မြောက်မြားစွာခံပြီး သင်ကြားပေးပြီးမှ ကိုယ်ဝန်ရှိလာမည် ဆိုလျှင် သူတို့ စိုက်ထုတ်ကုန်ကျထားရသည့် ငွေပေါင်းများစွာ အလဟဿ ဖြစ်ချေမည်။ နော်မာအဖို့ ထိုအတွက် မပူရ။ သူမှာ လွတ်လွတ်ကင်းကင်း ဖြစ်နေပြီ။

လပ်စီဗီဂတ်စ်သို့ ရောက်စဉ်က ရုပ်ရှင်ရိုက်နေသည်နှင့် ကြုံခဲ့ရ သည်။ အများနည်းတူ သူလည်း သွားကြည့်သည်။လာကြည့်နေသည့် ပရိသတ်ထဲမှာ နော်မာ၏ အလှသည် ထင်းထင်းပေါ်နေသည်။ ထို့ကြောင့် ရုပ်ရှင်သမားများ နော်မာဆီကို ဝိုင်းလာကြသည်။ သူတို့နှင့် ညစာအတူ စားဖို့ ဖိတ်သည်။ ရုပ်ရှင်သမားများနှင့် ရောရောနှောနှော ဖြစ်နေသော နော်မာကို မြင်တွေ့ရသည့် အခြားပရိသတ်ကလည်း နော်မာကို ရုပ်ရှင်ထဲ က မင်းသမီးတစ်ယောက်ဟု ထင်မှတ်သွားကြသည်။ ထို့ကြောင့် အော်တိုများ ပေးကာ လက်မှတ်ထိုးခိုင်းကြသည်။ ဘယ်လိုရှင်း၍မှ မရ နောက်ဆုံးတွင် ကမ်းလာသမျှ အော်တိုစာအုပ်များကို ဒိုင်ခံ လက်မှတ်ထိုးပေးခဲ့ရသည်။

ထိုအဖြစ်ပျက်သည် ရုပ်ရှင်မင်းသမီး ဖြစ်ရန် မူလကတည်းက စိတ်အားထက်သန်နေသည့် နော်မာကို မီးလောင်ရာလေပင့် ပြုလုပ်လိုက် ခြင်းနှင့် တူချေတော့သည်။

နော်မာသည် အယ်မယ်လင်း၏ စီစဉ်ပေးမှုအရ မျက်နှာဖုံး ပေါင်းများစွာတို့ အတွက် ဓာတ်ပုံအရိုက်ခံရသည်မှာ လက်မလည်အောင် ဖြစ်နေသည်။

သို့သော် သူ့အသက် (၁၉)နှစ် အရွယ်မှာပင် တစ်ခုလပ်မ ကလေး ဖြစ်ရရှာသော နော်မာသည် အသုံးအစား ကြီးလွန်းလှသူ ဖြစ်၏။ ရသောငွေများနှင့် အလောက်မနိုင်အောင် ကြွေးပတ်လည် ဝိုင်းနေသည်။ ပြည့်ဝတ်အစားအကြွေး၊ ဆံပင်အလှပြင်သည့်အကြွေး၊ အိမ်ခန်းအကြွေးများ လည်း တင်နေသည်။ နော်မာသည် သာမန် စံပြမယ်များနှင့် မတူ။ ဓာ

အလွန်ဖတ်သူ တစ်ဦး ဖြစ်သည်။

နော်မာသည် ဂျင်မီ၏ မော်တော်ကားကို မောင်းနှင်နေခဲ့ပင် ဖြစ်သည်။ နာမည်ကိုမူ မပြောင်း။ ဂျင်မီ၏ နာမည်ဖြင့်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း ရဲက ရိုက်သမျှသော ဒဏ်ငွေများသည် ဂျင်မီထံသို့ပင် ရောက်နေလေတော့သည်။

တစ်နေ့တွင် ဘုန်းကြီးတစ်ပါး၏ မော်တော်ကားနောက်ပိုင်းကို နော်မာ ကားဖြင့် ဝင်တိုက်ပစ်လိုက်ပြန်သည်။ လိုင်စင်ကို စစ်ဆေးသော အခါ ဂျင်မီဒေါ်ဂါတီ၏ကား ဖြစ်နေသောကြောင့် ရုံးတော်က ဂျင်မီကို သမ္မန်စာဖြင့် ဆင့်ခေါ် လိုက်သည်။

"နော်မာနဲ့ ကျွန်တော် ကွာရှင်းပြတ်စဲထားပါတယ်၊ ဒီကားဟာ လည်း နာမည် မပြောင်းရသေးပေမယ့် နော်မာပဲ မောင်းနေတာ ဖြစ်ပါ တယ်၊ ဒါကြောင့် မောင်းတဲ့သူကိုသာ အရေးယူသင့်ပါတယ်"

ဟု ဂျင်မီက ရုံးတော်သို့ လျှောက်ထားခဲ့သည်။

သည်ကိစ္စကို အမြန်ရှင်းမှ ဖြစ်တော့မည်။ မရှင်းလျှင် နော်မာ မော်တော်ကားတိုက်မှု ဖြစ်တိုင်း ဂျင်မီသာလျှင် လျော်ကြေးအတောင်းခံနေ ရမည် ဖြစ်သည်။ ထို့ကြောင့် နော်မာနှင့် တွေ့ဆုံရန် ဆုံးဖြတ်ပြီး တယ်လီဖုန်း ဆက်ကာ မိမိ လာမည်ဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။

ဂျင်မီ ရောက်သွားသောအခါ အသင့်စောင့်ကြိုနေသည့် နော်မာကို တွေ့ရသည်။ နော်မာသည် သူ့လက်ကို ဆွဲယူကာ ရင်ခွင်တွင်းသို့ သွင်း ထားလိုက်ပြီး ဧည့်ခန်းသို့ ခေါ် လာခဲ့သည်။ မျက်နှာချင်းဆိုင်မှာ ထိုင် ကြရင်း ဂျင်မီ့မျက်နှာကို နော်မာ အကြာကြီး စိုက်ကြည့်နေသည်၊

"ဂျင်မီ မင်းရုပ် အများကြီး ပြောင်းသွားတယ်၊ အရင်ရုပ်နဲ့ နည်း နည်းမှ မတူတော့ဘူး"

"ဟုတ်မှာပေါ့ နော်မာ၊ ကိုယ့်အဝတ်အစားက ပြောင်းသွားပြီ မဟုတ်လား၊ ဟိုတုန်းကတော့ ကိုယ့်ကို သင်္ဘောသားဝတ်စုံနဲ့ချည်း တွေ့ နေရာက အခု ရိုးရိုးအဝတ်နဲ့ဆိုတော့ အမြင်တစ်မျိုး ဖြစ်နေမှာပေါ့"

"အင်း . . . ဒါကြောင့်နဲ့ တူတယ်"

သူတို့ နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြပြန်သည်။ တစ်

ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြသည်။ သူတို့ချင်း မတွေ့ကြ
သည်မှာ ကြာပြီ၊ အသွင်ချင်း မတူသဖြင့် ကွာရှင်း ပြတ်စဲခဲ့ကြသော်လည်း
ယောဇဉ်နှောင်ကြိုးသည် အနည်းနှင့် အများတော့ ကျန်ရစ်သေးသည်။
သည်မိန်းမလှကလေး၏ ဘဝလုံခြုံမှုကို နှစ်ပေါင်းများစွာ သူတာဝန်ယူခဲ့
သည်။ နော်မာ စိတ်ချမ်းသာအောင် သူအစွမ်းကုန် အလိုလိုက် အကြိုက်
ဆောင်ခဲ့သည်။ ယခု နော်မာသည် မိမိနှင့် မည်သို့မျှ မပတ်သက်တော့
ပါတကား။

"အလုပ်အကိုင်ရော ဟန်ကျရဲ့လား နော်မာ"

"ကိုယ့်ပုံနဲ့ မဂ္ဂဇင်းတွေ တွေ့မိရဲ့လား"

"တွေ့တယ်၊ သိပ်ကောင်းတာပဲ၊ သိပ်လှတာပဲ၊ မင်းအလုပ်အကိုင်
ဆိုတာထက် ကိုယ်ဆိုလိုတာက ဒီအလုပ်လုပ်နေတာ မင်းပျော်ရဲ့လားလို့
မေးချင်တာပါ"

ဂျင်မီ့စကား ဆုံးသောအခါ နော်မာသည် အတန်ကြာ ငိုင်ကျ
သွားသည်။ ဤသို့သော မေးခွန်းမျိုး ဂျင်မီ့ထံမှ ကြားရလိမ့်မည်ဟု သူ
နည်းနည်းမျှ မမျှော်လင့်ခဲ့။ မျှော်လင့်မထားသော မေးခွန်းကို ရုတ်တရက်
အမေးခံလိုက်ရသဖြင့် ဘာပြန်ဖြေရမည်ကို မသိအောင် ဖြစ်သွားသည်။

"အင်း . . . . နေ့ခင်းပိုင်း အလုပ် လုပ်နေတုန်းတော့ ပျော်တယ်
လို့ပဲ ပြောရမှာပဲ ဂျင်မီ၊ ဒါပေမယ့် ညနေပိုင်းကျတော့ ဟာတာတာကြီး
ဖြစ်နေတယ်၊ အဖော်တစ်ယောက်နဲ့ အပြင်ထွက်ချင်တယ်၊ ကိုယ့်ဆီက
ဘာမှ မမျှော်လင့်ထားတဲ့ အဖော်မျိုးကို ဆိုလိုတာပါ၊ ကိုယ်ဆိုလိုတာ
ဂျင်မီ နားလည်ပါတယ်နော်"

ဂျင်မီ ခေါင်းညိတ်ရုံ ညိတ်ပြလိုက်သည်။ နော်မာ ဆိုလိုသည့်
အဓိပ္ပာယ်ကို ဂျင်မီ နားလည်ပါသည်။ သည်ကလေးမသည် အထိုက်
အလျောက် အောင်မြင်ကျော်ကြားနေပြီ ဖြစ်သော်လည်း အလုပ် လုပ်နေ
သဖြင့် မေ့မေ့ပျောက်ပျောက် ရှိနိုင်သော်လည်း အလုပ်အားနေသည့်
ညနေပိုင်းများတွင် ယောကျ်ားအဖော်ကောင်း တစ်ယောက်ယောက်နှင့်
နားသည်နား သွားချင်ပေလိမ့်မည်။

သူ့အရွယ်သည် အများကြီး ငယ်သေးသည်။ သူ့အလှသည်

အချိန်ကောင်းဆဲ၊ တောက်ပမှု မြင့်မားဆဲပင် ရှိသေးသည်။ သည်ကဲ့သို့သော မိန်းကလေးတစ်ယောက် အနေဖြင့် တစ်ညနေလုံး အိမ်ထဲမှာ ကုပ်နေရခြင်းသည် ကြီးစွာသော စိတ်ဒုက္ခကို ခံစားရမည်မှာ မလွဲချေ။

ဂျင်မီသည် လာရင်းကိစ္စ ဖြစ်သော မော်တော်ကား ကိစ္စကို နော်မာအား ပြောပြသည်။ မရပ်ရသည့်နေရာတွင် ရပ်ခြင်း၊ မော်တော်ယာဉ်စည်းကမ်း ဖောက်ဖျက်ခြင်း၊ အခြားမော်တော်ကားနှင့် တိုက်ခြင်းများအတွက် ဒဏ်ငွေဆောင်ရန် အမိန့်ချသည့် ငွေတောင်းခံလွှာများသည် မိမိထံသို့ချည်း ရောက်နေကြောင်းများ နော်မာ နားလည်အောင် ရှင်းပြရသည်။

"ကိစ္စ မရှိဘူး ဂျင်မီ၊ အဲဒါတွေ အားလုံး ကိုယ်ရှင်းလိုက်ပါ့မယ်၊ ကိုယ့်အတွက်ပဲ ဂျင်မီ ဒုက္ခရောက်နေရတာ စိတ်မကောင်းပါဘူး၊ အခုပေးစရာရှိတဲ့ဒဏ်ငွေ အားလုံး ကိုယ်ပေးလိုက်ပါ့မယ်။ နောက်ထပ် ဂျင်မီ့ဆီ ရောက်မလာအောင်လည်း ကိုယ်တာဝန်ယူပါ့မယ်။ ပြီးတော့ ညနေဘက်တွေမှာ ဂျင်မီအားရင် ကိုယ့်ကို လာခေါ်ပါဦးလား၊ ကိုယ်နဲ့ အတူ အပြင်ထွက်ပါဦးလား"

"ကောင်းသားပဲလေ၊ ကိုယ်အားတဲ့အခါ လာခေါ်ပါ့မယ်၊ အပြင်မသွားရတဲ့ အတွက် နော်မာ ဘယ်လောက် ပျင်းနေမယ်ဆိုတာ ကိုယ်စဉ်းစားမိပါတယ်။ ကဲ- ကိုယ်သွားမယ်နော်၊ နောက်မှ တွေ့ကြသေးတာပေါ့"

အိမ်ပေါ်မှ ဆင်းသွားသော ဂျင်မီကို မျက်စိတစ်ဆုံးအထိ နော်မာ လှမ်းကြည့်နေသည်။ အဟောင်းတို့သည် အသစ်ဖြစ်လာကြသည်။ အကြင်လင်မယားဘဝဖြင့် နေခဲ့ကြသည်များကို နော်မာ ပြန်သတိရနေသည်။ ဂျင်မီကို သူချစ်ပါသည်။ ဂျင်မီ သူ့ကို ချစ်ကြောင်းလည်း ကောင်းစွာ သိပါသည်။ ဂျင်မီသည် သူ့ကို အစစ အလိုလိုက်ကာ ချစ်ခင်ယုယသူဖြစ်သည်။ သူစိတ်ချမ်းသာရေးအတွက် ဘာမဆို အစွမ်းကုန် လိုက်လျောခဲ့သူ ဖြစ်သည်။

သို့သော် ဂျင်မီသည် ခင်ပွန်းကောင်း တစ်ယောက် မဖြစ်နိုင်။ သူနှင့် အသွင်မတူသည့် အချက်က များနေသည်။ ခပေ့ပေ့စရိုက် စိတ်နေသဘောထားချင်း ကွဲလွဲသည်က များနေသည်။ ထို့ကြောင့်လည်း ခင်ပွန်းကောင်းတစ်ယောက် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ မိတ်ဆွေကောင်း

တစ်ယောက်မူကား ဖြစ်နိုင်သည်။ သူငယ်ချင်းကောင်းတစ်ယောက် အနေဖြင့် ဂျင်မီကို နော်မာ ပြန်လည် မျှော်လင့်နေမိချေသည်။

နော်မာ့ဘဝသည် ပီပီပြင်ပြင် ဖြစ်မလာသေး။ စံပြမယ်ဘဝဖြင့် ကျေနပ်နှစ်သိမ့်နေနိုင်ခြင်း မရှိ။ အောင်မြင်ကျော်ကြားသည့် ရုပ်ရှင်မင်းသမီး ဖြစ်ရမည်မှာ သူ့ရည်မှန်းချက်မျှသာမက သူ့ကို သင်တန်းပေးနေသည့် အယ်မယ်လင်းကလည်း အပြင်းအထန် ကြိုးစားပေးနေသည်။

"ငါ့သူငယ်ချင်း တစ်ယောက်နဲ့ တွေ့ဖို့ စီစဉ်ပေးမယ်၊ ငါက ရုပ်ရှင်နယ်ထဲမှာ မကျွမ်းဘူး။ သူကတော့ ရုပ်ရှင်နယ်မှာ နံ့စပ်တယ်၊ သူ ဆက်သွယ်ပေးလို့ မင်းသား၊ မင်းသမီး ဖြစ်သွားသူတွေ မနည်းတော့ဘူး။ မင်းအကြောင်းကိုလည်း သူ့ကို ပြောပြီးသားပါ၊ စီစဉ်နိုင်းပြီးသာပါ"

ဟု အယ်မယ်လင်းက ပြောသည်။

သို့ဖြင့် ဟယ်ရီလစ်ပ်တန်နှင့် နော်မာ တွေ့သည်။ လစ်ပ်တန်ကို မိမိ၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ကြောင်း သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

စာချုပ်ပြီး မကြာမီမှာပင် လစ်ပ်တန်၏ ဆက်သွယ်စီစဉ်ပေးချက်အရ (၁၉၄၆) ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့တွင် မြေခွေးရုပ်ရှင်ကုမ္ပဏီမှ ဇာတ်ကောင်ရွေးချယ်ရေးဌာန ဌာနခွဲ အကြီးအကဲ ဘင်လိုင်ယွန်နှင့် နော်မာတို့ တွေ့ခွင့်ရလေတော့သည်။

ရွှေဝါရောင်ဆံပင်တို့သည် နော်မာ့ပခုံးထက်မှာ ရွှေမျှင်ရွှေတန်းတို့ သွယ်တန်းကျနေသလို တွဲလွဲခိုဖုံးအုပ်နေကြသည်။ သူ့အဝတ်အစားများသည် အလွန် သေသပ်လှပစွာ ဝတ်ထားသဖြင့် ကြည့်ကောင်းနေသည်။ အလွန်တရာ အပြစ်ကင်းစင်သည့် ကလေးငယ်တစ်ယောက်၏ အပြုံးမျိုးဖြင့် လှလှကလေး ပြုံးနေသည်။

သည်ဆံပင်၊ သည်အပြုံး၊ သည်အလှ၊ သည်ခန္ဓာကိုယ် အချိုးအဆက်ဖြင့် သွက်သွက်လက်လက်ကလေး ဝင်လာသော နော်မာကို မြင်တွေ့လိုက်ရသည့် ဘင်လိုင်ယွန်သည် ရုတ်တရက် စကား မပြောနိုင်ဘဲ မှင်တက်မိသူလို နော်မာကို ငေးနေသည်။ နော်မာ့ အလှသည် မြင်သူတိုင်းကို ဖမ်းစားတတ်သည့်အတိုင်း ဘင်ယိုင်ယွန်ကိုလည်း ဖမ်းစားလိုက်

လေပြီ။

"မင်း တယ်လှပါလား၊ ကဲ . . . ပြော၊ ဘာလုပ်ပေးရမလဲ"

ဘင်လိုင်ယွန်က တစ်ကိုယ်လုံးလှသည့် နော်မာ့ကို ငေးကြည့်ရင်း တစ်လုံးချင်း ပြောလိုက်သည်။ မိမိအလှကို မည်မျှ တန်ဖိုးထား ရူးရှကြောင်း သိသွားသည့် နော်မာက ကျေနပ်လိုက်သည်။

"ကျွန်မ ရုပ်ရှင်မင်းသမီး ဖြစ်ချင်လို့ပါ၊ ဒီအကြောင်း လူကိုယ်တိုင် လာတွေ့ပြီး ပြောပြတာပါ"

လိုင်ယွန်သည် အောင်မြင်ကျော်ကြားသည့် ဇာတ်ကောင်များကို ရွေးချယ် မွေးထုတ်ပေးခဲ့သူ ဖြစ်သည်။ အတွေ့အကြုံလည်း နှစ်ပေါင်း နှစ်ဆယ် ကျော်ချေပြီ။ ထိုအတွေ့အကြုံများအရ နော်မာကို ကြည့်ရုံဖြင့် အောင်မြင်ကျော်ကြားသည့် ရုပ်ရှင်မင်းသမီးကောင်းတစ်ယောက် ဖြစ်လာမည်ကို သူ ခန့်မှန်းမိပြီး ဖြစ်လေတော့သည်။

"ဆရာကောင်းနဲ့သာ တွေ့မယ်ဆိုရင် မင်း တစ်နေ့ အောင်မြင်နိုင်တယ်၊ မင်းအလှဟာ အံ့ဩစရာပါပဲ၊ လှတိုင်း ချောတိုင်းလည်း အောင်မြင်တဲ့ မင်းသမီး ဖြစ်ရမယ်ဆိုတာတော့ မမှန်ဘူးပေါ့၊ သာမန်ရုပ်နဲ့ အောင်မြင်သူတွေလည်း ရှိကြတာပါပဲ၊ အေး . . . သေသေချာချာ ကြိုးစားမယ်ဆိုရင်တော့ မင်းလို အလွန်လှတဲ့ မိန်းကလေးမျိုးဟာ သိပ် အောင်မြင်သွားနိုင်တယ်"

နော်မာကို ရုပ်ရှင် အစမ်းရိုက်ကြည့်ရန် စီစဉ်လိုက်သည်။ အဖြူ အမည်း မဟုတ်ဘဲ ရောင်စုံရိုက်ကြည့်ရန် ဖြစ်သည်။ ဤကဲ့သို့ ထူးထူးခြားခြား လှပသည့် အမျိုးသမီးတစ်ယောက်ကို ရောင်စုံဖလင်ဖြင့် ရိုက်ကြည့်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်သည်။ အမှန်ကို ဆုံးဖြတ်နိုင်မည် ဖြစ်သည်။

ပေ(၁၀၀)ခန့် အစမ်းရိုက်ကြည့်ရန် စက်အဖွဲ့ကို စီစဉ်ခိုင်းနေဆဲ ဘင်လိုင်ယွန်နှင့် နော်မာ၏ ကိုယ်စားလှယ် ဟယ်ရီလစ်ပ်တန်တို့ စည်းကမ်းချက်များကို ဆွေးနွေးကြသည်။

မြေခွေးရုပ်ရှင်ကုမ္ပဏီက နော်မာကို ရုပ်ရှင်မင်းသမီးအဖြစ် ရွေးချယ်မည်ဆိုပါက ရက်သတ္တတစ်ပတ်လျှင် (၇၅)ဒေါ်လာ ပေးမည်။ တိုး

ဘက်မှရှိလျှင် ရှိသလို (၂၅)ဒေါ်လာစီ တိုးပေးသွားမည်။ အမြင့်ဆုံး တစ်ပတ်လျှင် ဒေါ်လာ (၁၅၀၀)အထိ တိုးပေးမည်။ ယခု သဘောတူစာချုပ် (၆)လသာ အတည်ဖြစ်မည်။ (၆)လပြည့်လျှင် ကုမ္ပဏီဘက်က ဖျက်လိုက ဖျက်နိုင်သလို နော်မာဘက်က ဖျက်လိုကလည်း ဖျက်နိုင်သည်။

နော်မာ၏ လက်ရှိ ဝင်ငွေသည် တစ်ပတ်လျှင် ဒေါ်လာတစ်ရာ အနည်းဆုံး ရှိနေသည်။ ယခု ကုမ္ပဏီတွင် (၇၅)ဒေါ်လာဖြင့် အလုပ်ဝင်ရမည်ဆိုပါက ဝင်ငွေ လျော့နည်းသွားမည်။ သို့သော်လည်း နောင်ရေးကို ကြည့်ရမည်။ လောလောဆယ် ဝင်ငွေနည်းသဖြင့် ကျပ်တည်းမှုဒုက္ခကို မခံနိုင်ပါက တစ်သက်လုံး တိုးတက်မှု ရှိတော့မည် မဟုတ်ချေ။

ထို့ကြောင့် နော်မာ သဘောတူလိုက်သည်။ မိမိကို ရွေးချယ်မည်ဆိုပါက စာချုပ်ကို လက်မှတ် ရေးထိုးမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။

အစမ်းရိုက်ထားသည့် ဖလင်များကို ဆေးကာ ပြစက်တွင်ထည့်ပြီး ကုမ္ပဏီအကြီးအကဲများ ကြည့်ကြသည်။ အံ့သြဖွယ် ကောင်းသော မိန်းကလေးသည် ပိတ်ကားပေါ်မှာ ဆေးရောင်စုံဖြင့် လှုပ်ရှားနေချေပြီ။

"တယ်လှတဲ့ မိန်းကလေးပါလား"ဟု ဇာတ်ကား ထုတ်လုပ်ရေးမှူးချုပ် ဒါရိုက်ဇနပ်က မှတ်ချက်ချသည်။ ဇနပ်၏ မှတ်ချက်ကို ကြားရသောအခါ လိုင်ယွန်သည် များစွာ ပျော်သွား၏။ မိမိ ရွေးချယ်သည့် ဇာတ်ကောင်တစ်ဦးကို တာဝန်ရှိသူတစ်ဦးက အသိအမှတ်ပြုလက်ခံသဖြင့် မိမိအဆုံးအဖြတ် မှန်ကြောင်း ယုံကြည် စိတ်ချသွားသည်။

နောက်တစ်နေ့တွင် နော်မာကို လွန်ယိုင်က ခေါ်တွေ့သည်။ မိမိတို့ ကုမ္ပဏီတွင် ဇာတ်ကောင်တစ်ဦး အဖြစ် ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ပြောပြသည်။

နော်မာသည် သူ့နားကို သူမယုံနိုင်။ သူ့ဘဝကို သူ မယုံနိုင်။ ခေါင်းကို သွက်သွက်ခါ ခါပစ်လိုက်သည်။ ပြီးတော့ လိုင်ယွန်ကို ငေးစိုက်ကြည့်နေသည်။ ကြည့်နေရင်းမှ သူ့မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ပြည့်လာသည်။ သည်မျက်ရည်ကို သူ မထိန်းနိုင်တော့။ ဝမ်းသာလွန်းသဖြင့် ကျလာသည့် မျက်ရည်များကို သူ မထိန်းနိုင်တော့။ မျည်ရည်များ လျှံကျ

လာခဲ့သာမက နှိုက်ကြီးတင်င် ငိုကြွေးလေတော့သည်။

"မင်းအတွက် ဝမ်းသာစရာ အကောင်းဆုံးပေါ့ ကလေးမရယ်၊ ငို . . . ငို၊ အားရအောင် ငိုလိုက်၊ မင်းဟာ တစ်နေ့ကျရင် မုချ အောင်မြင် ရမယ်ဆိုတာ ငါသေသေချာချာ ယုံတယ်၊ တစ်ခုတော့ ရှိတယ်၊ မင်းနာမည် တော့ ပြောင်းဖို့ စဉ်းစားကြဦးမှ၊ နော်မာဂျိုန်ဒေါ် ဂါတီ ဆိုတဲ့ နာမည်က တော့ ရုပ်ရှင်မင်းသမီးနာမည် အဖြစ်နဲ့ ဖွဲ့မက်စရာ မကောင်းလှဘူး၊ ပရိသတ်မက်လောက်တဲ့ နာမည်လှလှတစ်ခု ပြင်မှည့်ဖို့ လိုလိမ့်မယ်"

"ကျွန်မတော့ ဘာမှ မစဉ်းစားတတ်တော့ပါဘူး ဆရာရယ်၊ ဆရာ ကြိုက်သလိုသာ လုပ်ပါတော့"

နော်မာသည် ရှိုက်ရင်း ငိုရင်း မျက်ရည်များကြားမှ ဘင်လိုင်ယွန်ကို အားကိုးတကြီး မော့ကြည့်လိုက်သည်။ သူ့ဘဝတွင် လိုင်ယွန်သည် မည်မျှ အရေးကြီးနေပြီဖြစ်ကြောင်း သူ ကောင်းစွာ သဘောပေါက် နားလည်ချေပြီ။

"နယူးယောက်မှာ မင်းသမီးတစ်ယောက် ရှိတယ်၊ လူကြိုက်များတဲ့ ပြဇာတ်တွေ ကခဲ့ဖူးတယ်၊ အထူးသဖြင့် ဇာတ်မြူးတွေပဲ၊ သူ့နာမည်က မာရီလင်မေလာ"

"ဟုတ်လား၊ နာမည်ကလေးက လှလိုက်တာ"

"အခု မာရီလင်မေလာက မရှိတော့ဘူး၊ ဆုံးသွားပြီ၊ ဒါကြောင့် ငါတော့ မာရီလင်ဆိုတဲ့ နာမည်ကို ကြိုက်တယ်၊ မင်းက လှကလည်း လှတော့ နာမည်ကလည်း လှမှ ဖြစ်မယ်၊ ဘယ်လို သဘောရသလဲ"

"ကောင်းတယ် ဆရာ၊ သိပ်ကောင်းတာပဲ၊ သူ့နာမည်ကို ကျွန်မ လည်း ကြိုက်ပါတယ်၊ ဒါပေမယ့် သူ့နာမည်က အကုန်လုံးကိုတော့ ကျွန်မ မယူချင်ဘူး၊ ကျွန်မ အဘွားရဲ့ နောက်ဆုံးနာမည်က မွန်ရိုးတဲ့၊ ဒါကြောင့် အဘွားရဲ့ နောက်ဆုံးနာမည်ကိုယူပြီး မာရီလင်မွန်ရိုးလို့ မှည့်လိုက်ရင် မကောင်းဘူးလား ဆရာ"

နော်မာဘဝမှ စတူဒီယိုင်းအတွင်းဝယ် မာရီလင်မွန်ရိုးဘဝသို့ ပြောင်းလဲလာသော မာရီလင်မွန်ရိုးနှင့် ဇာတ်ကောင်ရွေးချယ်ရေးဌာန အကြီးအကဲ မစ္စတာဘင်လိုင်ယွန်တို့ နှစ်ဦးသည် လက်ဆွဲ နှုတ်ဆက်

လိုက်ကြ၏။ တစ်ယောက်ကိုတစ်ယောက် လဲ့ရွှန်းစွာ ပြုံးကြည့်လိုက်ကြ၏။

မာရီလင်မွန်ရိုး၏ နှလုံးသွေးသည် ဝမ်းသာလွန်းသဖြင့် တဒိတ်ဒိတ် ခုန်နေသည်။ သူ့မျက်စိထဲမှာ မြင်ကွင်းတို့သည်လည်း ဝါးတားတား ဖြစ်နေကြသည်။ ထိုင်ရမလို၊ ထရမလိုလည်း ဖြစ်နေသည်။

သည်ကြားထဲက သူ့ရင်ထဲမှာ အပူလုံးတစ်ခု ပေါ်လာပြန်သည်။ ငွေ၊ မှန်ပါသည်။ သူ့မှာ ငွေပြတ်နေပြီ။ ကုမ္ပဏီမှ အလုပ်ကို လက်ခံလိုက်ပြီဆိုလျှင် စတူဒီယိုမှာရှိသော ကလပ်သို့ ပြောင်းနေရမည်၊ သို့မှ သင်တန်းများကို မပြတ် တက်နေနိုင်မည်။ ရုပ်ရှင်လုပ်ငန်းများကို မပြတ် လေ့ကျင့်နေနိုင်မည်။ ကုမ္ပဏီသို့ ဇာတ်ကောင်အဖြစ် ဝင်ရောက်လာသူတိုင်း သင်တန်းကာလတွင် စတူဒီယိုကလပ်မှာ နေကြရမည်ဟု စည်းကမ်းချက်လည်း ချမှတ်ထားသည်။

သို့သော် သူ့မှာ ငွေမရှိ ကလပ်မှာ နေနိုင်ရန် အခန်းခ ကြိုပေးရမည်။အခန်းခကလည်း မများ။(၁၅)ဒေါ်လာမျှသာ ကြိုပေးရမည် ဖြစ်သည်။ ယခုမူ ထို (၁၅)ဒေါ်လာပင် သူ့မှာ မရှိ။ ရောင်းစရာလည်း မရှိတော့။ ဂျင်မီနှင့် လက်ထပ်စဉ်က ဝတ်ခဲ့ရသော လက်ထပ်လက်စွပ်ကိုပင်လျှင် ရောင်းစားပြီးပြီ ဖြစ်သည်။ သူသည် မျက်နှာထားကို ပြင်ပြီး လိုင်ယွန်၏ အနီးသို့ ကပ်လိုက်၏။

"ဆရာရယ်၊ ကျွန်မကို ပိုက်ဆံ (၁၅)ဒေါ်လာလောက် ချေးပါ၊ နောက်တော့ ကျွန်မ ပြန်ဆပ်ပါ့မယ်"ဟု ဆိုင်းမဆင့် ပတ်မပျိုးဘဲ ဒုံးဒုံးပင် ပြောချလိုက်လေတော့သည်။

လိုင်ယွန်သည် မာရီလင်မွန်ရိုး နှုတ်ဖျားမှ ထွက်လာသည့် စကားကို ကြားလိုက်ရသောအခါ အတွန့် အံ့အားသင့်သွား၏။ သည်မိန်းကလေးသည် ယခုမှ မိမိနှင့် တွေ့ရသူ ဖြစ်သည်၊ ယခုမှ အလုပ်ရသူ ဖြစ်သည်။ လစာ တစ်ပြားတစ်ချပ်မျှ မထုတ်ယူရသေး။ သည်လို အချိန်မျိုးမှာပင် ဒိမ်ထံမှ ရဲတင်းစွာ ငွေချေးငှားသည့်အတွက် အံ့အားသင့်သွားခြင်း ဖြစ်သည်။

နောက်တစ်ကြောင်းက မိမိတို့ နှစ်ယောက်တည်းလည်း မဟုတ်၊

သေးမှာ အခြား အမှုထမ်းများ ရှိနေသေးသည်။ သည်အဖြစ်အပျက်ကို အခြားသူများ မြင်တွေ့သိရှိသွားမည် ဆိုပါက မည်မျှ သိက္ခာကျလေမည် နည်း။ မွန်ရိုးအပေါ်မှာ မည်မျှ အထင်သေးကြလေမည်နည်း။ မိမိ ရွေးချယ် ခန့်ထားလိုက်သည့် မင်းသမီးလောင်း တစ်ယောက်အပေါ် အခြားသူများ အထင်သေးခြင်းကို လက်မခံနိုင်။ မဖြစ်စေချင်။

သို့သော်လည်း သည်မိန်းကလေးသည် ငယ်ပေါင်းကြီးဖော်လို ရဲရဲတင်းတင်းပင် တောင်းနေချေပြီ။ အံ့အားသင့်သည့် စိတ်ဖြင့်ပင် လိုင် ယွန်သည် ငွေ(၁၅)ဒေါ်လာကိုထုတ်ပြီး အခြားသူများ မမြင်အောင် မွန်ရိုး ၏လက်ထဲသို့ တိတ်တဆိတ် ထည့်ပေးလိုက်လေတော့သည်။

"ကျုပ်ဆီမှာ ပိုက်ဆံချေးတဲ့လူတွေ အများကြီးပဲ၊ ဘယ်ငတိမှ ပြန်ပေးလေ့ မရှိဘူး၊ ကောင်မလေးတွေလည်း ဒီအတိုင်းပဲ၊ အမေ့ခံလိုက်ကြ တာပဲ၊ ကျုပ်က သတိရလို့ ပြန်တောင်းရင်လည်း ဟိုလိုလို ဒီလိုလိုနဲ့ ဓမ္မ လည်ကြောင်ပတ် လုပ်ပစ်လိုက်ကြတာချည်းပဲ၊ မာရီလင်မွန်ရိုးကတော့ ဒီလို မဟုတ်ဘူး။ ပိုက်ဆံချေးရမှာလည်း နှုတ်မလေးဘူး၊ ပြီးတော့ မှန်မှန် ကန်ကန် ပြန်ဆပ်လေ့ရှိတယ်၊ သူ့လိုလူကတော့ ခပ်ရှားရှားပါပဲ"

ဟု မစ္စတာလိုင်ယွန်က ထိုကိစ္စနှင့် ပတ်သက်ပြီး နောက်နှစ် ပေါင်းများစွာ ကြာသောအခါ ပြန်ပြောသည်။

မွန်ရိုးသည် ကျေးဇူးမေ့တတ်သူ မဟုတ်။ မိမိကို မည်သည့် အခက်အခဲတွင် မည်သူက မည်သို့ ကူညီခဲ့ကြောင်းကို အမြဲ အမှတ်ရနေ တတ်သော မိန်းကလေး ဖြစ်သည်။ အခါအခွင့်သင့်လာလျှင်လည်း ထို ကျေးဇူးတရားကို ထုတ်ဖော်ပြောလေ့ ရှိသည်။ တုံ့ပြန်နိုင်သည့် အခါများ တွင်လည်း လက်မနှေးတမ်း တုံ့ပြန်တတ်သူ ဖြစ်သည်။

မစ္စတာဘင်လိုင်ယွန်ကို သူ ဘယ်တော့မှ မမေ့။ သူ့အပေါ် တွင် မည်မျှ ကျေးဇူးကြီးမားကြောင်းကို နေရာတကာမှာ လူတကာကို ပြောလေ့ ရှိသည်။ မာရီလင်မွန်ရိုး အဖြစ် အောင်မြင်ကျော်ကြားလာပြီးနောက် လိုင် ယွန်ထံသို့ ဓာတ်ပုံတစ်ပုံ ပို့ဖူးသည်။ ထိုဓာတ်ပုံ၏ ကျောဘက်တွင်. . .

"ဆရာဟာ ကျွန်မကို ပထမဆုံး တွေ့ခဲ့သူ ဖြစ်ပါတယ်၊ ရုပ်ရှင် နယ်ထဲ ပို့ခဲ့သူ ဖြစ်ပါတယ်။ ကျော်ကြားလာမယ့် နာမည်ကိုလည်း ပေးခဲ့သူ

ဖြစ်ပါတယ်။ ကျွန်မရဲ့ အရည်အချင်းနဲ့ အလှတရားကို ယုံကြည်သူလည်း ဖြစ်ပါတယ်၊ ကျွန်မ တစ်သက်လုံး ဆရာ့ကို ချစ်ခင်မြတ်နိုးပြီး ကျေးဇူးတင်လို့ မဆုံးနိုင်တော့ပါဘူးရှင်"

ဟု စာတန်းကလေးများ ရေးထည့်လိုက်သည်။

သူတစ်ဖက်သား၏ ကျေးဇူးတရားကို ဤမျှအထိ နားလည်ပြီး တုံ့ပြန်တတ်သော မိန်းကလေးပင် ဖြစ်ချေသည်။

နော်မာကျိုးန်ဘဝသည် ပြည်ဖုံးကားချကာ မာရီလင်မွန်ရိုးဘဝဖြင့် စတင် လှုပ်ရှားရချေတော့မည်။

အလှမကလေး၏ ရည်မှန်းချက်တို့သည် အရှက်ဦးသဖွယ် ရောင်ခြည်တောက်ပ၍ လာချေပြီတည်း။

* * *

## မုန်ဘီလူးရေမှ အသည်းနှိုဒါန်းများ

မြေခွေးရုပ်ရှင်ကုမ္ပဏီခြံကြီးသည် အလွန်တရာ ကျယ်ပြောလွန်းလှ၏။ အဆောင်ဆောင် အခန်းခန်းတို့ဖြင့် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသည်။ တောတန်းကလေးများ ရှိသည်။ တောင်ကုန်းကလေးများ ရှိသည်။ လမ်းသွယ်ကလေးများ ရှိသည်။ စမ်းရေအိုင်ကလေးများ ရှိသည်။ အဆောက်အအုံ ပုံစံအမျိုးမျိုးတို့ ရှိသည်။ မည်သည့် ရုပ်ရှင်ကားကိုမဆို ခြံအတွင်းမှာပင် ရိုက်ကူးနိုင်အောင် လိုလေသေးမရှိ ပြုပြင်မွမ်းမံထားခြင်း ဖြစ်သည်။

မာရီလင်မွန်ရိုးသည် အပြောကျယ်လှသည့် ထိုခြံကြီးအတွင်းသို့ အချိန်အားရတိုင်း လှည့်လည် ကြည့်ရှုနေသည်။ သူ မသိသေးသော ရုပ်ရှင်နှင့်ပတ်သက်သည့် ကြည့်စရာများ၊ လေ့လာစရာများ၊ ဆည်းပူးစရာများကို အနားတမ်း မှတ်သားလေ့လာနေသည်။ ရည်မှန်းချက် ကြီးမားလွန်းသူ ဖြစ်သောကြောင့် မနားမနေ ကြိုးစားရမည်ကို သူ ကောင်းစွာ နားလည်ထားသည်။ သူ့ဆရာ လိုင်ယွန်ကလည်း မနားမနေ ကြိုးစားရန် မပြတ်သတိပေးနေသည်။ အောင်မြင် ကျော်ကြားလိုသူတိုင်းသည် ထို အောင်မြင်ကျော်ကြားမှုကို အပတ်တကုတ် ကြိုးစားခြင်းဖြင့်သာလျှင် ရယူနိုင်ကြောင်း အမြဲ ပြောပြလေ့ ရှိသည်။

စတူဒီယို အတွင်းမှာပင် အသံနှင့် ပတ်သက်သည့် လေ့ကျင့်မှုများ၊ သင်တန်းများ၊ အဆိုသင်တန်းများ၊ အမူအရာ သင်တန်းများ၊ စကားပြောသင်တန်းများ တက်ရသည်။ လမ်းလျှောက်ပုံကအစ စေ့စေ့စပ်စပ် သင်ကြားပေးသည်။ မွန်ရိုးသည် ထိုသင်တန်းများကို မှန်မှန် တက်ရုံမက

ဘာအုပ်များကိုပါ လေ့လာသည်။ ရုပ်ရှင်နှင့် ပတ်သက်သည့် စာအုပ်စာ ဘမ်း မှန်သမျှကို ရရာနေရာမှယူပြီး မပြတ်လေ့လာနေသည်။

အလုပ်ကို ကြိုးစားလုပ်တာတ်သည့်အလေ့၊ မနားမနေ လုပ်တတ်သည့်အလေ့သည် သူ့မိခင်ထံမှ အမွေရခဲ့သည်ထင့်။ လေယာဉ်ပျံစက်ရုံမှာ အလုပ်လုပ်စဉ်ကလည်း အလုပ် ကြိုးစားခဲ့သောကြောင့် နာမည်ကောင်း သက်မှတ်ပေးပြီး ဂုဏ်ပြုခြင်းကို ခံခဲ့ရသည်။

ယခု ရုပ်ရှင်ဇာတ်ကောင်အဖြစ် အရွေးခံရပြန်တော့လည်း မနားမနေ ကြိုးစားနေပြန်သည်။ ထိုသို့သော ကြိုးစားမှုများကြောင့်လည်း အချိန် အနည်းငယ်အတွင်း မွန်ရိုးကို ကုမ္ပဏီတစ်ခုလုံးလိုလိုက သိလာကြသည်။ သူ့ကြိုးစားမှုကို လေးစားလာကြသည်။

သင်တန်းတက်နေဆဲ ကာလမှာပင် နာမည်ကျော် ရုပ်ရှင်မင်းသမီး ဂျွန်ဟေဗာ ခေါင်းဆောင်ပါဝင်သည့် စကပ်ဒါဟူး၊ စကပ်ဒါဟေး ဇာတ်ကား ရိုက်နေသည်။ ထိုဇာတ်ကားတွင် မိန်းကလေးတစ်စုတို့ လှေလှော်ခတ်ရသည့် အခန်းတစ်ခန်း ပါသည်။ ထိုအခန်းတွင် အခြား ဇာတ်ရုံမိန်းကလေးများနှင့်အတူ မွန်ရိုးကိုလည်း တစ်ခန်းထည့်ရိုက်ကြည့်ကြသည်။

ထိုနေ့က မွန်ရိုး စိတ်အလှုပ်ရှားဆုံး ဖြစ်သည်။ ကင်မရာရှေ့မှာ ဖုံးတွေ့ဒုံးတွေ့ ရပ်ပြီး အမူအရာ လုပ်ရမည် ဆိုတော့ ရင်ခုန်နေမိသည်။ ကင်မရာနတ်သည် မည်မျှကြီးကြောင်း ယခုမှပင် သူ သဘောပေါက်လေတော့သည်။ စံပြမယ်ဘဝဖြင့် ရုပ်သေကင်မရာများရှေ့တွင် ရပ်ပေးရခြင်းသည် ဘာမှ အထူးအဆန်း မဟုတ်။ ယခု ရုပ်ရှင်ကင်မရာရှေ့မှာ ရပ်ရသောအခါ အလိုလို တုန်လှုပ်နေမိသည်။

လှေလှော်ကြသည့် မိန်းကလေးများထဲမှ သူ့ကိုရွေးပြီး အနီးကပ်ရိုက်ချက်များ အတော်များများ ရိုက်သည်။ သူ့မျက်နှာကိုလည်း အနီးကပ်ရိုက်သည်။ သူ့စိတ်ကို သူထိန်းကာ သုတတ်သမျှ မှတ်သမျှ အစွမ်းကုန်ကြိုးစားပြီး သရုပ်ဆောင်လိုက်သည်။ ဒါရိုက်တာ ညွှန်ကြားသည်များကို တစ်သဝေမတိမ်း လိုက်နာသည်။

မိမိနှင့်အတူ လှေလှော်နေကြသည့် ဇာတ်ရုံမိန်းကလေးများထဲတွင် မိမိ၏ အလှသည် ထူးထူးခြားခြား ဖြစ်နေကြောင်းလည်း မွန်ရိုး သိသည်။

ထိုသို့ ထူးထူးခြားခြား လှနေသည်က တစ်ကြောင်း၊ တစ်နေ့တွင် ခေါင်းဆောင်မင်းသမီးအဖြစ် နေရာပေးပြီးရိုက်ရန် ကုမ္ပဏီမှ ရည်စူးထားသည်တို့က တစ်ကြောင်းတို့ကြောင့် ဒါရိုက်တာနှင့် ကင်မရာဆရာတို့ကလည်း သူ့ကို အနီးကပ် ပုံကြီးများ ရိုက်ကြခြင်း ဖြစ်သည်။

မွန်ရိုး အကျေနပ်ကြီး ကျေနပ်သွားပါသည်။

သို့သော် ထိုဇာတ်ကား ရုံတင်သောအခါ မြင်ကွင်းမှာ မွန်ရိုး ပါမလာတော့။ အနီးကပ် ရိုက်ထားသော သူ့မျက်နှာများ၊ သူ့လှုပ်ရှားမှုများ၊ သူ့ခန္ဓာကိုယ်များသည် ဖလင်အယ်ဒီတာ၏ ကတ်ကြေးစာမိကာ အမှိုက်ခြင်းထဲသို့ ရောက်သွားကြချေပြီ။ မြင်ကွင်းတွင် သူ့မျက်နှာ ပေါ်မလာဘဲ ကိုယ်လုံးအောက်ပိုင်းကိုသာ မြင်တွေ့လိုက်ကြရတော့သည်။

ရုပ်ရှင်ဇာတ်ကား တစ်ခုတွင် ဖလင်အယ်ဒီတာ၏ အစွမ်းသည် မည်မျှ ကြီးမားကြောင်း၊ သူ သနားညှာတာပါမှ မိမိရုပ်ကို လှလှပပ မြင်နိုင်ကြောင်း။ လူအများက မိမိကို သတိထားမိနိုင်လောက်အောင် ပါဝင်နိုင်မည် ဖြစ်ကြောင်း သဘောပေါက်နားလည်လာရပြန်သည်။ သည်လိုဆိုလျှင် ရုပ်ရှင်လောကမှာ မအောင်မြင်သေးမီ အပတ်တကုတ် ကြိုးစားနေရုံဖြင့် မပြီးသေး။ ဖလင်အယ်ဒီတာ ဆိုသော ကတ်ကြေးပိုင်ရှင်ကြီးများကိုလည်း ပေါင်းထားရဦးမည် ဖြစ်ကြောင်း အတွေးပေါက်လာသည်။

ဖလင်အယ်ဒီတာ တစ်ဦးတည်းကို ပေါင်းထားရုံမျှဖြင့်လည်း မလုံလောက်သေး။ ဒါရိုက်တာက အရေးကြီးဆုံး ဖြစ်သည်။ ဒါရိုက်တာက ထည့်သွင်း မရိုက်လျှင် ရိုက်ပြန်တော့လည်း သာမန်အခန်းက ထည့်သွင်းရိုက်မည်ဆိုလျှင် ဘာမှ အကျိုးထူးမည် မဟုတ်။ နောက်တစ်ဖန် ကင်မရာဆရာကလည်း အရေးကြီးပြန်သည်။ ဇာတ်ကောင်တစ်ကောင်ကို သူလည်း သတ်နိုင်သူ ဖြစ်သည်။ သူကောင်းလျှင် ကောင်းသလို ထင်ပေါ်ကျော်ကြားမှုမြန်မည်။ သူသတ်လျှင် သတ်သလို အသေခံရမည်။ သေစေ ရှင်စေ ဟူသည်မှာ သူ့လက်ထဲတွင် ရှိသည်။

သူတို့လိုပင် ပေါင်းမထားလျှင် မဖြစ်သည့် သူများ ရှိသေးသည်။ ယင်းတို့ကား ကုမ္ပဏီ၏ အကြီးအကဲများ ဖြစ်သည်။ ဇာတ်ကောင်တစ်ယောက် အောင်မြင်လာရေး၊ အသုံးချခံရနိုင်ရေး အတွက် ကုမ္ပဏီအကြီး

အကဲတို့၏ ဩဇာသည် အလွန် ကြီးမား၏။

သည်လို စဉ်းစားပြန်တော့လည်း သူပေါင်းရမည့် သူများသည် များပြားလှပါကလား။ သည်အတွက်တော့ သူစိတ်မပျက်ပါ။ သူ့အလုကို သုံးယုံသည်။ တော်ရုံလူကို သည်အလုဖြင့် ဖမ်းစားမည်။ သူ့ကြိုးစားမှုကို သုံးယုံသည်။ တော်ရုံအခက်အခဲကို ကြိုးစားမှုဖြင့် အနိုင်ယူမည်။

မွန်ရိုးသည် ရုပ်ရှင်ခြံထဲမှာ စိတ်ကူးဖြင့် လမ်းလျှောက်နေ၏။ အတ်ကားများတွင် ပါဝင် ရိုက်ကူးခွင့်ရလျှင် မည်သို့ ကြိုးစားမည် ဖြစ်ကြောင်း စိတ်ကူးဖြင့် အကွက်ရိုက်နေသည်။ ထိုအခိုက် မိမိအနီးမှ မော်တော်ကားတစ်စင်း ဖြတ်မောင်းသွားသည်။ လှမ်းကြည့်လိုက်သောအခါ ကားထဲ၌ ထိုင်လိုက်သွားသူသည် ဤကုမ္ပဏီမှ အကြီးအကဲတစ်ဦး ဖြစ်ကြောင်း သိလိုက်သည်။ သို့သော် မည်သူဟူ၍ကား သေသေချာချာ သူ မသိသေး။

ကုမ္ပဏီအကြီးအကဲများသည် သူ့ဘဝအတွက် မည်မျှ အရေးကြီးကြောင်း သဘောပေါက်ထားပြီးဖြစ်သည့် မွန်ရိုး၏ အပြုံးသည် လျှပ်ပြက်သွားလိုက်သလို လက်ခနဲ ပေါ်လာသည်။ ကားပေါ်မှ ပုဂ္ဂိုလ်ကြီးကို လှမ်းပြုံးပြီး နှုတ်ဆက်လိုက်သည်။ သူပြုံးလိုက်ပုံ၊ နှုတ်ဆက်လိုက်ပုံမှာ ငယ်ပေါင်းကြီးဖော် တစ်ယောက်ကို၊ ဆရာအရင်း တစ်ယောက်ကို၊ ဆွေမျိုးသားချင်း တစ်ယောက်ကို ပြုံးပြလိုက်ပုံမျိုး၊ နှုတ်ဆက်လိုက်ပုံမျိုး ဖြစ်ချေသည်။

အပြုံးခံရသူကား မြေခွေး ရုပ်ရှင်ကုမ္ပဏီ၏ ရုပ်ရှင်ထုတ်လုပ်သူ ဂျိုးဇက်အမ်ရင့်ခ် ဖြစ်လေသည်။

"ကား ခဏ ရပ်စမ်းဟေ့၊ ဟိုနားက မိန်းကလေးဆီကို ပြန်လှည့် မောင်းစမ်း"

ဂျိုးဇက်အမ်ရင့်ခ်သည် သူ့ဒရိုင်ဘာကို အမိန့်ပေးပြီး မွန်ရိုးရှိရာသို့ ပြန်မောင်းစေလိုက်သည်။

မွန်ရိုးက ပြန်လှည့်လာသည့် သူ့ကားဆီသို့ အယားဖားယား ပြေးသွားကာ တရင်းတနှီး နှုတ်ဆက်သည်။ မိမိသည် ဤကုမ္ပဏီမှ ဇာတ်ရံမင်းသမီး အသစ်တစ်ဦး ဖြစ်ကြောင်း ပြောပြသည်။

အလွန် လှပသော အလှမကလေးကို ဂျိုးဇက်အမ်ရင့်ခ် များစွာ

သဘောကျသွားသည်။

"မင်း ငါတယ်လီဖုန်းနံပါတ် ယူထား၊ နောက်အပတ် ဒီလို အချိန်လောက်ကျရင် ငါ့ဆီကို တယ်လီဖုန်းဆက်စမ်း၊ မင်းနဲ့ငါနဲ့ ညစာ အတူတူစားကြရအောင် ကြားလား မမေ့နဲ့နော်"

မမေ့ပါ။ သည်လို အကြောင်းမျိုးဆိုလျှင် မွန်ရိုး ဘယ်လိုနည်းနှင့်မှ မေ့နိုင်မည် မဟုတ်ပါ။ သူ့ဘဝတွင် သည်ထက်အရေးကြီးသော ကိစ္စသည် မရှိနိုင်တော့ပြီ။ ကုမ္ပဏီ တစ်ခုလုံးမှာ ဩဇာအာဏာ အလွန် ကြီးသည့် ထုတ်လုပ်သူကြီးတစ်ဦးက အရေးတယူဖြင့် ညစာကျွေးပါမည် ဆိုခြင်းကို မည်သို့သော အကြောင်းကြောင့် မေ့နိုင်မည်နည်း။ ပြီးတော့ အဆင်ပြေလျှင် ပြေသလို သူ့ဘဝတက်လမ်းသည် ဖြောင့်ဖြူးသာယာသွားနိုင်သည် မဟုတ်ပါလား။

ငွေပြတ်ပြီး ဘိုင်ကျနေသည့် အကြောင်းကလည်း တစ်ခု ဖြစ်သည်။ စားကောင်းသောက်ဖွယ်ကလေးများကို မစားရသည်မှာ ကြာပြီ။ အဖျော်ယမကာကောင်းကလေးများကို မမြိုရသည်မှာ ကြာပြီ။ ဖြစ်သလို စား၊ ဖြစ်သလို ရောင့်ရဲတင်းတိမ်နေရသည်မှာ ကြာပြီ။ ထို့ကြောင့်လည်း ယခုလို ကောင်းကောင်းကလေးကို လျှာရင်းမြိုက်လောက်အောင် စားရမည် ဆိုသောအခါ များစွာလည်း ဝမ်းသာသွားမိသည်။

သည်ကစပြီး ဆံဖြူသွားကျိုး အဘိုးကြီးဂျိုးဇက်နှင့် မာရီလင်မွန်ရိုးတို့အတွဲကို မြေခွေးရုပ်ရှင်ကုမ္ပဏီမှာ လူအများ တွေ့ကြရတော့သည်။ နေ့တတွဲတွဲ ညတတွဲတွဲဖြင့် တွဲလည်းတွဲနိုင်ကြသည်။ နေရာတကာမှာ သူတို့အတွဲကို မြင်နေရသည်။ အလှမကလေးနှင့် အရုပ်ဆိုးလှသော ဆံဖြူသွားကျိုး အဘိုးကြီးတို့ တပူးတွဲတွဲ လုပ်နေခြင်းကို မြင်တွေ့ကြရသူများ အနေဖြင့် ရယ်ချင်စိတ်ကို မျိုသိပ်ထားကြရသည်။

နေ့စဉ်နှင့်အမျှ ညစာကိုလည်း သူတို့ အတူတူစားကြ၏။ နေ့လယ်စာကို အတူတူ ဖြည့်တင်းကြ၏။ ဘိုင်ကျနေသော မွန်ရိုးအဖို့ အစစ ပြဿနာများ ပြီးပြေသွားချေတော့သည်။ အစားကောင်း၊ အသောက်ကောင်းအတွက်တော့ မပူပင်ရတော့။

ဂျိုးဇက်သည် (၁၈၇၈)ခုနှစ် နာတာလူးပွဲတော်နေ့က ရုရှားပြည်

ဘွင် မွေးဖွားခဲ့သူ ဖြစ်သည်။ ယခု အသက် (၆၈)နှစ် ရှိပြီ။ သူ့မိသားစုနှင့် အတူ နယူးယောက်မြို့သို့ ပြောင်းရွှေ့လာရင်း ရုပ်ရှင်နယ်မှာ ခြေချခဲ့သည်။ အသံတိတ်ရုပ်ရှင်ခေတ်မှ အသံထွက်ရုပ်ရှင်ခေတ်သို့ ကူးပြောင်းရာတွင် ရှေ့တန်းမှ စွမ်းစွမ်းတမံ ဦးဆောင်ပါဝင်ခဲ့သူ ဖြစ်သည်။ ဟောလီးဝုဒ်ရှိ ရုပ်ရှင်ထုတ်လုပ်သူများ လောကမှာ ထင်ပေါ်ကျော်ကြားသူ၊ အများ လေးစားခြင်းကို ခံရသူလည်း ဖြစ်သည်။

ရုပ်ရှင်မင်းသမီး ချောချောလေးများကို ချစ်တတ်သူ ဖြစ်သည်။ တစ်ယောက်ပြီးတစ်ယောက် တွဲသည်။ ထိုသို့သော အတွဲကလေးများဖြင့် ဘဝကိုင်းကျ လွတ်လွတ်လပ်လပ် နေထိုင်နိုင်ရန်လည်း အိမ်တစ်ဆောင်ကို သီးခြား ဆောက်လုပ်ထားသူ ဖြစ်သည်။ ဇနီးနှင့် သားသမီးများသည် ထိုကိစ္စနှင့်ပတ်သက်ပြီး သူ့ကို စွက်ဖက်ခွင့် မရှိ။

မည်သည့် မင်းသမီးကိုမျှ သူ လက်ထပ်ယူမည် မဟုတ်။ မူလ ဇနီးခံတောင်ကို အပျက်ခံမည် မဟုတ်။ သူ စိတ်ချမ်းသာသမျှ၊ သူနှင့်တွဲသည့် မင်းသမီးက သူ့ကို ခွာမသွားသေးသမျှ တွဲနေမည်သာ ဖြစ်သည်။ တစ်ပြိုင်တည်းတွင် မင်းသမီးပေါင်း များစွာကိုလည်း တွဲချင်တွဲနေလိမ့်မည်။

သည်လိုတွဲရသည့်အတွက် သူ့ဆီက လုပ်ငန်းနှင့် ပတ်သက်ပြီး အခွင့်အရေး ထူးထူးခြားခြား ရလိမ့်မည်ဟုတော့ မမျှော်လင့်ပါနှင့်။ ဩဇာ ကြီးမားသော ရုပ်ရှင်ထုတ်လုပ်သူကြီး ဖြစ်သဖြင့် သူနှင့်တွဲရသည့် အတွက် နေ့ချင်းညချင်း သူကောင်းပြုခြင်းကို ခံရလိမ့်မည်ဟု မျှော်လင့် ထားထင် မထားပါနှင့်။

"ရုပ်ရှင်ကြည့် ပရိသတ်သည် ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကား ညီမျှကောင်းသနည်း ဆိုသောအချက်ထက် ထိုဇာတ်ကားတွင် ပါဝင်ကြသည့် ဇာတ်ကောင်များသည် မည်သူများ ဖြစ်ကြသနည်း၊ မည်မျှ တော်ကြသနည်း၊ မည်မျှ နာမည်ကြီးကြသနည်း ဆိုသော အချက်ကို ပိုမို အလေးထားကြသည်"ဟု ယုံကြည်သူ ဖြစ်သည်။

သူ့လုပ်ငန်းသည် ရုပ်ရှင်ထုတ်လုပ်ရသော လုပ်ငန်း ဖြစ်သည်။ သူထုတ်လုပ်သည့် ရုပ်ရှင်များ မအောင်မြင်ပါက သူ့ဘဝလည်း ကျဆုံးသွားမည်။ သူ့ဘဝကို အကျဆုံးမခံနိုင်လျှင် သူထုတ်လုပ်သည့် ရုပ်ရှင်များ

အောင်မြင်ရမည်။ ထိုသို့ အောင်မြင်သော ရုပ်ရှင်ကားများ ထုတ်လုပ်နိုင်ရန်အတွက် အသည်းနှလုံးကို ဦးစားပေး၍ မဖြစ်။ မိမိ အကြိုက်ကို လိုက်နေသည့် မင်းသမီး ဖြစ်သောကြောင့် ကောင်းသည်၊ မကောင်းသည်၊ အောင်မြင်သည်၊ မအောင်မြင်သည်ကို မကြည့်ဘဲ သူ့ကောင်းမြူကာ ဦးစားပေးနေ၍ မဖြစ်။ သည်အကြောင်းကလေး တစ်ခုဖြင့် ခေါင်းဆောင်မင်းသမီး တင်ရိုက်၍ မဖြစ်။ မိမိ ဇာတ်ကားများ အောင်မြင်ဖို့သာ ဦးစားပေးဆောင်ရွက်ရမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားသူ ဖြစ်သည်။

ထို့ကြောင့်လည်း မွန်ရိုးအဖို့ လူပေါင်း မှားသွားရပြန်သည်။ ဩဇာတိက္ကမကြီးသည့် ထုတ်လုပ်သူကြီး ဖြစ်သောကြောင့် သူ့အလိုလိုက်အကြိုက်ဆောင်လျှင် ချက်ချင်း အောင်မြင်တော့မည်ဟု ထင်မှတ်ခဲ့ခြင်းမှာ တက်တက်စင်အောင် လွဲလေတော့သည်။

ရုပ်ရှင်နယ်သို့ ခြေချလျှင် ချချင်း အသည်းနှလုံး ပြဿနာမှာ မွန်ရိုး အရှုံးနှင့် ရင်ဆိုင်ရလေတော့သည်။ ကင်မရာ မှန်ဘီလူးရှေ့တွင် ရပ်ရသည့်အချိန်မှာ လပိုင်းကလေးမျှသာ ရှိသေးသော်လည်း အောင်မြင်မှုကို ရင်မဆိုင်ရသေးဘဲ အရှုံးနှင့် နိဒါန်းပျိုးရချေပြီ။

ဂျိုးဇက်သည် အသက်ကြီးရုံသာ မဟုတ် အလွန် အရုပ်ဆိုးသူလည်း ဖြစ်သည်။ ခါးက အတန်ငယ် ကုန်းနေသည်။ အရပ်အမောင်းမှာ သာမန်မျှသာ ဖြစ်သည်။ ပြုံးလိုက်သောအခါ တွဲကျနေသည့် သူ့နှုတ်ခမ်းက အကြည့်ရဆိုးသည်။ ဆေးပြင်းလိပ် ရှည်ရှည်ကို အမြဲ သောက်သူဖြစ်သောကြောင့် သူ့နှုတ်ခမ်းများ အကျင့်ပါကာ တွဲကျနေခြင်း ဖြစ်သည်။

ပွဲဦးထွက် မကောင်းလှကြောင်းကို မွန်ရိုး သိလိုက်သည်။ သည်တစ်ပွဲမှာ ရှုံးနိမ့်ရသော်လည်း နောက်ပွဲများတွင် အနိုင်ယူဖို့ကိုသာ ရည်မှန်းရတော့သည်။

အရှုံးချည်းရှိသည်ဟုတော့ မဆိုသာပါ။ ဂျိုးဇက်နှင့် တွဲနေရသည့်အတွက် ဘိုင်ကျနေသည့် မွန်ရိုးအဖို့ ခုသာခံသာ ဖြစ်လာသည်။ ဂျိုးဇက်သည် မွန်ရိုးကို ငွေကြေးထောက်ပံ့ခြင်း ပြုသည်ကား မဟုတ်။ စားလိုသည်ကိုကျွေးခြင်း၊ ဝတ်လိုသည်ကို ဝယ်ပေးခြင်း၊ သွားလိုသည်ကို ပို့ပေးခြင်းတို့လောက်သာ ပြုလုပ်လေသည်။

"အချစ်ဆိုတာ ဒဲ့ပြဲစရာကောင်းပါတယ်ရှင်၊ ချစ်စရာကောင်းဘဲ့လူကို မုန်းပြီး၊ မုန်းစရာကောင်းတဲ့လူကို ချစ်ရင်လည်း ချစ်နေတတ်ဘာပဲ။ စောစောကတော့ အခွင့်အရေးများ ပိုရမလားဆိုပြီး အဘိုးကြီးကို ချစ်ဟန်ဆောင်ခဲ့တာပဲ။ တဖြည်းဖြည်းနဲ့ သနားစရာကောင်းတဲ့ အဘိုးကြီးကိုကြည့်ပြီး ချစ်လာတာပေါ့။ ချစ်တာနဲ့ လက်ထပ်တာဟာ တခြားစီနော်၊ သူ့ကို ချစ်လာပေမယ့် သူက လက်ထပ်ပါရစေဆိုရင် ကျွန်မက ငြင်းမှာပဲ။ သူကလည်း ဒီစကားမျိုး ဘယ်တော့မှ မပြောပါဘူး"

ဟု မှုန်မှိုင်းက နောက်ပိုင်းတွင် ပြန်ပြောပြသည်။

သူ့ကို ခေါင်းဆောင်မင်းသမီးအဖြစ် တင်မရိုက်သည့်တိုင်အောင် ဒုတိယ ခေါင်းဆောင်မင်းသမီးဖြစ် တင်ပေးရန် မှုန်မှိုင်း ပြောကြည့်သေးသည်။ သို့သော်လည်း မအောင်မြင်။ ကျီးဇက်သည် အလုပ်ကို အလုပ်နှင့်အောင် လုပ်တတ်သူ ဖြစ်သည်။ မိမိ အကြိုက်ကိုလိုက်ကာ တစ်ကိုယ်လုံးအပ်နေသည့် မိန်းမချောကလေး တစ်ဦးကို အလိုလိုက်မိခြင်းဖြင့် မိမိတစ်ခုလုံး အပျက်စီး မခံနိုင်။ ပြီးတော့ အနုပညာကို ထိုနည်းဖြင့်ပျက်ဆင်းပျက် ဖြစ်အောင် မလုပ်နိုင်။ သူသည် ရုပ်ရှင်ဒါရိုက်တာ မဟုတ်၊ သို့သော်လည်း ဒါရိုက်တာဘက်ကပါ ကြည့်မြင်တတ်ရန် အရေးကြီးကြောင်း သူ ကောင်းကောင်း နားလည်သည်။

ဒါရိုက်တာတို့၏ အနုပညာမာနကိုလည်း သူသိသည်။ မှုန်မှိုင်းသည် ခေါင်းဆောင်မင်းသမီး ဖြစ်ရန်အတွက် အချိန်များစွာ စောင့်ရဦးမည်ဖြစ်ကြောင်း သူ ပြောပြဖူးသည်။ ပြောသည့်အတိုင်းလည်း မှုန်မှိုင်း ခများသနှစ်ခန့် မအောင်မြင်ဘဲ မြုပ်ချည်ပေါ်ချည် ဖြစ်နေရရှာသည်။

စကပ်ဒါဟူး၊ စကပ်ဒါဟေး ဇာတ်ကားတွင် ကိုယ်လုံးကလေးမျှသာ ပါဝင်ခွင့်ရခဲ့ပြီးနောက် မည်သည့်ဇာတ်ကားတွင်မျှ ထည့်သွင်းရိုက်ခြင်းမပြုဘဲ လပေါင်း များစွာ နေရပြန်သည်။

နောက်မှ ဒါရိုက်တာ အာသာသိယာဆင်၏ အန္တရာယ်ကြီးသောနယ် ဇာတ်ကားမှာ ပါဝင်ခွင့်ရတော့သည်။ ပါရသည့်အခန်းမှာ စားပွဲထိုးအခန်း ဖြစ်သည်။ ကလေးများ စားသောက်ချိန်တွင် စားပွဲထိုးလုပ်ရသည့်အခန်းမှ ဖြစ်သည်။ မည်သည့်အခန်းမှ ပါရစေကာမူ မိမိ မျက်နှာနှင့်

မိမိ လှုပ်ရှားမှုကို ပိတ်ကားပေါ်တွင် ပြန်လည် မြင်တွေ့ရသောကြောင့် နှစ်သိမ့်ကြည်နူးမှု ဖြစ်ရသည်။ သရုပ်ဆောင်ရသည့် အခန်းသည် များများ စားစားတော့ မဟုတ်။ ပါရသမျှ အခန်းများတွင် သူ့မျက်နှာကို အနီးကပ် ရိုက်ချက်များ ပါသည်။ သို့ကလို အနီးကပ် ရိုက်ချက်များ ပါသောကြောင့် မိမိအလှကို ပရိသတ်က သတိပြုမိသွားလျှင် အမြတ်ဟု သဘောထား လိုက်သည်။

ထိုဇာတ်ကားတွင် သူ့မျက်နှာကို ဖော်ပြသည့် အခန်းများ အရိုက် ခံရသောအခါကျမှ သူ့မှာ ပြုပြင်စရာတွေ အများကြီး ရှိနေသေးကြောင်း အယ်မယ်လင်းစနိုက်ဖ်လီနှင့် မွန်ရိုးတို့ သတိပြုမိကြတော့သည်။

မိတ်ကပ်အခြယ်မကောင်းသည့်အတွက် ပိတ်ကားပေါ်မှာ သူ့ မျက်နှာသည် ဖြူလွန်းနေသည်။ သူ့မျက်လုံးအစုံသည်လည်း မူလ ရှိရင်းစွဲ ထက် ရုပ်ရှင်ထဲမှာ ပိုမို ပြူးကျယ်နေသည်။ အမူအရာတို့သည် ရှင်မနေဘဲ သေနေသည်။

"သိပ်တော့ မနိပ်သေးဘူး၊ အခု အမှားတွေ၊ ပြစ်ချက်တွေကို သေသေချာချာ လေ့လာပြီး ပြုပြင်သွားရင် မင်း အောင်မြင်နိုင်ပါတယ်။ သင်တန်း သေသေချာချာ တက်ဦး၊ လေ့ကျင့်မှုတွေ များများလုပ်ဦး၊ ဘာမှ စိတ်မပျက်နဲ့ ဖြစ်နိုင်တယ်။ မင်းမှာ အနုပညာသန္ဓေ ရှိတယ်"ဟု ထိုကား ကို ရိုက်ကူးသည့် ဒါရိုက်တာ ပီယာဆင်က မှတ်ချက်ချသည်။

ထိုမှတ်ချက်ကြောင့် မွန်ရိုး အားတက်လာပြန်သည်။ အယ်မယ် လင်းနှင့် တိုင်ပင်ပြီး မောရစ်ကာနော့စကီးတို့ တည်ထောင်ထားသည့် ရုပ်ရှင်ဇာတ်ကောင်များ သရုပ်ဆောင်သင်တန်းသို့ သွားရောက်တက်သည်။

ကာနော့စကီးတို့ ဇနီးမောင်နှံသည် ကွန်မြူနစ်များ ဖြစ်ကြ၏။ ဟောလီးဝုဒ်တွင် ရှိနေသော ကွန်မြူနစ်အုပ်စုဝင်များ ဖြစ်ကြ၏။ ကွန်မြူနစ် ဝါဒကို မွန်ရိုး သဘောကျခဲ့သည်မှာ ကြာပြီ။စာအလွန်ဖတ်သော မိန်းကလေး တစ်ယောက် အနေဖြင့် ကွန်မြူနစ်ဝါဒကို ဖတ်ဖူးခဲ့သည်မှာ ကြာပြီ။ ဖတ်ရင်းဖြင့် ကြိုက်နှစ်သက်ခဲ့သည်မှာလည်း ကြာပြီ။ ယခု ကာနော့စကီး တို့နှင့် တွေ့သောအခါ သူ့ယုံကြည်ချက်အတွင်းမှာ ပုန်းခိုနေသည့် ကွန်မြူ နစ်စိတ်ဓာတ်သည် ဘူးပေါ်သလို ပေါ်လာတော့သည်။

"ကွန်မြူနစ်ဝါဒဟာ ပြည်သူတွေအတွက် လုပ်ကြတာပဲ မဟုတ်သား၊ ကွန်မြူနစ်တွေ ကိုယ်တိုင်ကလည်း ပြည်သူတွေ အတွက်ပဲ မဟုတ်သား၊ ကျွန်မလည်း ကွန်မြူနစ်ဝါဒကို ယုံကြည်တော့ ပြည်သူတွေအတွက် ကျွန်မ အစွမ်းရှိသမျှ လုပ်ရမှာပေါ့"ဟု ကွန်မြူနစ်ဝါဒအပေါ် သဘောထားနှင့်ပတ်သက်ပြီး နောက်ပိုင်းတွင် မှန်ရိုးက မှတ်ချက်ချဖူးသည်။

လက်ဝဲဝါဒကို ယုံကြည်သော မှန်ရိုး၏ ယုံကြည်ချက်သည် စောစောပိုင်းကတည်းက ရှိခဲ့သည်မှာ မှန်သော်လည်း ထိုအချိန်က ထင်ပေါ်ခြင်း မရှိခဲ့။ နောက်ဆုံး ပြဇာတ်ရေးဆရာ အာသာမေလာနှင့် လက်ထပ်ပြီးသောအခါကျမှ မှန်ရိုး လက်ဝဲဝါဒကို ယုံကြည်ကြောင်း ယင်ရှားပေါ်လွင်လာသည်။ တက်ကြွသော ကွန်မြူနစ်ကလာပ်စည်းဝင် တစ်ဦးဖြစ်ကြောင်းပါ အများ သိလာကြသည်။

သူ ရုန်းကန်ခဲ့ရသည့်ဘဝသည် အလွန် ကြမ်းတမ်းသည်။ သူဖြတ်သန်းခဲ့ရသည့် ခရီးလမ်းသည် မုန်တိုင်းထန်လွန်း၏။ ထိုဘဝအတွေ့အကြုံများက မှန်ရိုးကို ရင့်ကျက်စေခဲ့သည်။

မေတ္တာတရားနှင့် ပတ်သက်ပြီး ခါးသီးသော အတွေ့အကြုံများကို ကိုးနှစ်သမီး အရွယ်ကတည်းက တွေ့ဆုံခဲ့ရ၏။ အရွယ်ရောက်ပြီးဖြစ်သော ယောက်ျားကြီးတစ်ဦး၏ ရင်ခွင်တွင်းမှာ မျက်ရည် အိုင်ထွန်းခဲ့ရဖူး၏။ ဖခင်၏မေတ္တာမိုးသည် သူ့အပေါ်မှာ ခေါင်ခဲ့၏။ ဆွေမျိုး၏ မေတ္တာတရားသည် သူ့ဝန်းကျင်မှာ ရှားပါးခဲ့၏။ သေးငယ်လှသော မေတ္တာအကြွင်းအကျန်ကလေးများကိုသာ ပတ်ဝန်းကျင်မှ ရရှိခဲ့သော မေတ္တာအငတ်မကလေးဖြစ်သည်။ ထို့ကြောင့်လည်း မေတ္တာနှင့်ပတ်သက်လာလျှင် သူ့မှာ ရင့်ကျက်မှုက ကြီးမားစွာ ရှိနေပြီ ဖြစ်သည်။

မှန်ရိုးသည် သာမန် မိန်းကလေး မဟုတ်။ ရည်ရွယ်ချက် ကြီးမားသည်။ ကြီးမားလှသည့် ရည်ရွယ်ချက်များ အောင်မြင်စေရန် မနားမနေကြိုးစားသူ ဖြစ်သည်။ ကြိုးစားနိုင်လောက်အောင်လည်း အသိတရားရှိသည်။ အလေ့အကျင့် ရှိသည်။ ထို့ကြောင့်လည်း ဘဝတက်လမ်းနှင့်ပတ်သက်လာလျှင် ရေးမဆွကပင် ရင့်ကျက်ခဲ့ပြီး ဖြစ်ချေသည်။

သူ့မှာ အထူးခြားဆုံးသည် စာဖတ်ခြင်း ဖြစ်သည်။ ငယ်စဉ်က

တည်းက စာဖတ် ဝါသနာပါခဲ့သည်။ ကျောင်းသူဘဝတုန်းက အင်္ဂလိပ် ဘာသာနှင့် သမိုင်းဘာသာရပ်များတွင် သူတကာထက် ပိုပြီး ထူးထူးချွန်ချွန် အမှတ်များ ပိုရခဲ့သည်။ အခြား ဘာသာရပ်များမှာမူ သာမန် အဆင့်ထက် မပိုပေ။ ထိုသို့ စာဖတ် ဝါသနာပါပြီး စာဖတ်နေခဲ့သူ ဖြစ်သောကြောင့်လည်း သူ့အတွေးအခေါ်သည် ရင့်ကျက်လျက် ရှိချေသည်။

ထိုအကြောင်းများကြောင့် ဂျူးဇက်ထံမှ သူလိုသည့် အကူအညီကို မရဘဲ သူကသာ အချစ်ကို ပေးရသောအခါ အပြုံးမပျက်ဘဲ ဘဝအကြောင်းကို နားလည်နိုင်ခြင်း ဖြစ်သည်။

ထိုအကြောင်းများကြောင့်လည်း အချစ်နှင့် ပတ်သက်လာလျှင် ရင့်ကျက်သော အတွေးအခေါ်များကို တွေးခေါ်နိုင်ခြင်း ဖြစ်သည်။ မေတ္တာတရား၏ အတိမ်အနက်ကို စူးစမ်းနိုင်ခြင်း ဖြစ်သည်။ မေတ္တာသည် မေတ္တာသာ ဖြစ်သည်။ မည်သူ့ကို မချစ်ရ၊ မည်သူ့ကို မုန်းရမည်ဟု သတ်မှတ်ထား၍ မရ၊ မချစ်သင့်သော သူကိုလည်း ချစ်ချင် ချစ်မိနေပေလိမ့်မည်။ ဤသည်မှာ အသည်းနှလုံးကိစ္စသာ ဖြစ်သည်၊ လက်ထပ်သည့် ကိစ္စမှာမူ တခြား ဖြစ်ချေသည်ဟု ယုံကြည်သက်ဝင်သော မိန်းကလေး ဖြစ်သည်။

သို့ကလို အဘက်ဘက်က ရင့်ကျက်မှုရလာသည့် မွန်ရိုးလို မိန်းကလေးတစ်ယောက် ကွန်မြူနစ်မကလေး ဖြစ်နေခြင်းသည် တကယ်ဆိုမူ အံ့ဩစရာတော့လည်း မဟုတ်။

အရင်းရှင် စီးပွားရေး စနစ်ဆိုးကြီးထဲမှာ သဲသဲရာလည်ရင်း အနိဋ္ဌာရုံများကို မြင်တွေ့နေရသည့်၊ ခေါင်းပုံဖြတ်မှုများကို ကြုံတွေ့နေရသည့်၊ ကြီးနိုင်ငယ်ညှဉ်းများကို ရင်ဆိုင်နေရသည့် မွန်ရိုး ကဲ့သို့သော အသိတရားရှိသူ မိန်းကလေးသည် ကွန်မြူနစ်မကလေး ဖြစ်လာရခြင်းမှာ သဘာဝကျသည်ဟုသာ ဆိုရပါမည်။

ပတ်ဝန်းကျင်သည် လူတို့ကို ဖန်တီးတတ်သည်ပင် မဟုတ်ပါလား။

* * *

## ရန်းရင်းကန်ရင်း ချစ်ရရှင်းဖြင့်

(၁၉၄၇) ခုနှစ်၊ စက်တင်ဘာလတွင် မြေခွေးရုပ်ရှင်ကုမ္ပဏီမှ မွန်ရိုး အလုပ်ပြုတ်သွားသည်။ အလားအလာမရှိ ဇာတ်ရုံအနေဖြင့် အသုံးဝင်အောင် သုံး၍ မရဟူသော အကြောင်းပြချက်ဖြင့် အလုပ်ဖြုတ်လိုက်ခြင်း ဖြစ်သည်။

မွန်ရိုးက သူပါဝင်ရမည့်ဇာတ်ကား ရုံပေါ်ရောက်သည်အထိ စောင့်ကြည့်ပါဦး။ ပရိသတ်က မည်သို့ ထင်မြင်ချက်ပေးမည်ကို ကြည့်ပြီးမှ ဆုံးဖြတ်ရန် တင်ပြသေးသည်။ သို့သော် မအောင်မြင်။

သူ ပါရသည့်အခန်းသည် အလွန်နည်းသည်။ မိနစ်ပိုင်းကလေးမျှ ဖြစ်သည်။ ဤမျှ တိုတောင်းသောအချိန်ကလေးအတွင်း လှစ်ခနဲ ပေါ်လာသည့် မွန်ရိုးကို မည်သည့် ရုပ်ရှင်ကြည့်ပရိသတ်မှ သတိထားမိကြမည် မဟုတ်ကြောင်း၊ ကောင်းသည် မကောင်းသည်၊ အလားအလာ ရှိသည် မရှိသည်ကို ခန့်မှန်းနိုင်ကြမည် မဟုတ်ကြောင်းပြောကာ မွန်ရိုး၏ တင်ပြချက်ကို ပယ်ချလိုက်ကြလေတော့သည်။

ဤကဲ့သို့ မိမိကို အလုပ်ဖြုတ်ပစ်ခြင်းသည် မတရားဟု မွန်ရိုး ယုံကြည်နေသည်။ ထို့ကြောင့် 'ကုမ္ပဏီအကြီးအကဲများနှင့် တွေ့ဆုံပြီး အကျိုးအကြောင်း ရှင်းပြရန် ကြိုးစားသေးသည်။ သူတို့ နားလည်သဘောပေါက်အောင် ပြောပြနိုင်လျှင် အခြေအနေ တစ်မျိုးတစ်ဖုံ ထူးခြားလာနိုင်ကြောင်း ခန့်မှန်းထားသည်။

သို့သော်လည်း မအောင်မြင်ပါ။ မည်သည့်အကြီးအကဲတို့မျှ တွေ့ခွင့်မရဘဲ မြေခွေးရုပ်ရှင်မှ အလုပ်ထွက်ခဲ့ရတော့သည်။

ဒုံရင်းဘဝသို့ ပြန်ရောက်လာပြန်သည်။ စံပြ ခံသအဖြစ်နှင့် တြိုးကြားကြိုကြား ဓာတ်ပုံရိုက်ရသည်။ ဝင်ငွေသည် မဖြစ်လောက်။ သူ့ အသုံးအစွဲကို မကာမိနိုင်။ အသားသွတ်ပေါင်မုန့်နှင့် ကော်ဖီကိုသောက်ပြီး ထမင်းလွတ်သည့်ရက်များ ပိုမို များပြားလာသည်။ တစ်နေ့လျှင် ပြားသုံးဆယ်ဖြင့် အသက်ရှင်သန်နေရသောဘဝ ဖြစ်သည်။ အိမ်လခကြွေးများလည်း လည်ပင်းခိုက်အောင် တက်လာသည်။

ဘဝသည် ကြမ်းတမ်းလွန်းလှချေ၏။ လူများကို သူမယုံတော့။ ကိုယ့်အကျိုး ကိုယ့်စီးပွားတစ်ခုတည်းကိုသာ ကြည့်တတ်သော လူအများကို ရွံမုန်းလာသည်။ နာကြည်းလာသည်။ လူတစ်ဖက်သား၏ အခက်အခဲကို ထောက်ထားညှာတာရကောင်းမှန်း မသိသည့် လူအများကို စက်ဆုပ်လာသည်။ မည်သို့သော အခက်အခဲများနှင့် ရင်ဆိုင်ရစေကာမူ စိတ်ဓာတ်ကား မကျ။ မိမိ ရည်မှန်းသည့်အတိုင်း တစ်နေ့တွင် မသွေမုချ ဖြစ်ရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်နေဆဲပင် ဖြစ်သည်။ အချိန်ကောင်း မကြုံသေးသောကြောင့်၊ အခွင့်အရေး မပေါ်သေးသောကြောင့် တည်ငြိမ်မှု မရသေးခြင်းဖြစ်ကြောင်းကို နားလည်သည်။

ကာနေ့ဇစကီးတို့ လင်မယား ဖွင့်လှစ်ထားသည့် သရုပ်ဆောင်ကျောင်းကိုမူ တက်ရောက်နေဆဲပင် ဖြစ်သည်။ ကျောင်းလခများ မပေးနိုင်သည်မှာလည်း ကြာပြီ။ ကာနေ့ဇစကီးတို့ လင်မယားက သူ့ အခက်အခဲများကို နားလည်ကာ ခွင့်လွှတ်ထားသောကြောင့် သက်သာရာရတော့သည်။ သင်တန်းထဲမှာ ဘယ်အခါကြည့်ကြည့် နောက်ဆုံးတန်းတွင် မွန်ရိုးကို မြင်တွေ့နေကြရသည်။ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားပြီး မျက်မှောင်ကြုတ်နေသည့် မွန်ရိုးကို မြင်တွေ့နေကြရသည်။ ထမင်းနပ်မှန်အောင် စားရမည့်အရေးသည်ပင်လျှင် ရင်လေးစရာ ကောင်းလောက်အောင် အကျပ်အတည်း ရတွေ့နေရသည့် မွန်ရိုးအဖို့ မပျော်နိုင်တော့ပါ။

ထိုသို့ ရှိနေဆဲမှာပင် ပြဇာတ်တစ်ခု၌ ဒုတိယခေါင်းဆောင်မင်းသမီးအဖြစ် အရွေးခံရတော့သည်။ အောင်မြင်မှုကို လိုလားခြင်း ဟူသော ပြဇာတ် ဖြစ်သည်။ မွန်ရိုး ဘဝတာတစ်လျှောက်တွင် ပထမဦးဆုံး ဆည်းပူးရရှိသည့် ဇာတ်ခုံ၏ အတွေ့အကြုံ ဖြစ်သည်။

ပြဇာတ်မင်းသမီး အခုကြိုစ်နှင့် အောင်မြင်လှသည် မဟုတ်ပါ။ သည်ပြဇာတ်ပြီးလျှင် နောက်ထပ် ငှားမည့်သူကို ရှာမတွေ့သေးပါ။ သူ့ဘဝ၏ ရှေ့ရေးသည် လမ်းမမြင်၊ ကမ်းမမြင် ဖြစ်နေသည်။ ဝင်ငွေ အနည်းငယ်ကို မှန်မှန်ရနေသောကြောင့် ရှူသာချိုက်သာတော့ ဖြစ်သွားသည်မှာ မှန်သည်။ သူ့ကိုယ်စားလှယ်ဖြစ်သူ ဟယ်ရီလစ်ပ်တန်ကလည်း ပိုမို အဆင်ပြေမည့်အလုပ်ကို မနားမနေ ရှာဖွေနေဆဲ ဖြစ်သည်။ မည်သည့် ရုပ်ရှင်ကုမ္ပဏီတွင်မျှ အဆင်မပြေသေး။ ညှိနိုင်း၍ မရသေး။

ဂျိုးဇက်နှင့်မူ အဆက်အသွယ် လုံးဝ ပြတ်သွားပြီဟု မဆိုသာပါ။ ခုံဖန်ရံခါ ဆိုသလို တွေ့နေကြဆဲပင် ဖြစ်သည်။ ဂျိုးဇက် ခေါ်ကျွေးသည့် ညစာ ကောင်းကောင်းများကို မကြာခဏ စားနေရဆဲပင် ဖြစ်သည်။

"အခု အချိန်ဟာ မင်း ရုပ်ရှင်နယ်ကို ပြန်လာပြီး ရုပ်ရှင် ပြန်ရိုက်ဖို့ ကောင်းတဲ့အချိန်"ဟု တစ်ညနေတွင် ဂျိုးဇက်က ပြောသည်။

ဂျိုးဇက် စကားကို ကြားရသောအခါ မွန်မိုးသည် မျက်ရည်ကျသည်အထိ ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ လူများသည် ရယ်စရာကောင်းလှပေ၏။ မိမိကို သူတို့ ရုပ်ရှင်ကုမ္ပဏီတွင် အသုံးမတည့်ဟု ဆိုပြီး သူတို့ပင် အလုပ်ဖြုတ်ခဲ့ကြသည်။ ယခု သူတို့ကပင် မိမိ ရုပ်ရှင် ပြန်ရိုက်ရန် အချိန်ကျနေပြီဖြစ်ကြောင်း ပြောကြပြန်သည်။

"ရယ်စရာ ကောင်းလိုက်တာ ဂျိုးဇက်ရယ်၊ အသုံးမတည့်လို့ ရှင်တို့ ကုမ္ပဏီကပဲ ကျွန်မကို အလုပ်ဖြုတ်ခဲ့ကြပြီ မဟုတ်လား၊ ကျွန်မကို ချစ်လှချည်ရဲ့ဆိုတဲ့ ရှင့်လိုလူရဲ့ ကုမ္ပဏီကတောင် ကျွန်မကို မသုံးတာ ဘယ်ကုမ္ပဏီက သုံးမှာလဲ"

"နေပါဦးလေ၊ ငါ စီစဉ်ကြည့်ပါဦးမယ်၊ ကိုလံဘီယာမှာ ငါပြောကြည့်ပေးမယ်။ အဆင်ပြေနိုင်ပါတယ်။ တို့ကုမ္ပဏီကတော့ ဒါရိုက်တာတွေရဲ့ ဆန္ဒကလည်း ရှိသေးတယ် မဟုတ်လား၊ သူတို့က မကြိုက်ဘူးဆိုရင် တို့က သေအောင် ကြိုက်သည့်တိုင်အောင် ဘာတတ်နိုင်တာမှတ်လို့"

ကိုလံဘီယာရုပ်ရှင်မှ အကြီးအကဲ ဟာရီကွန်းနှင့် တွေ့သောအခါ ဂျိုးဇက်ရင့်ခ်က ထိုအကြောင်း ပြောပြသည်၊ အသုံးတည့်မည်ဆိုလျှင် မွန်မိုးကို သုံးကြည့်စေလိုကြောင်း အကြံပေးသည်။

သည်လိုဖြင့်ပင် မတ်လတစ်ရက်နေ့တွင် ကိုလံဘီယာ ရုပ်ရှင်ကုမ္ပဏီနှင့် မွန်ရိုးတို့ စာချုပ် ချုပ်ဖြစ်ကြတော့သည်။ ရှန်းရင်းကန် ရင်းနှင့်တွယ်တာစရာကလေးတစ်ခုကို ရလာသည်။ တနင်္ဂနွေ တစ်ပတ်လျှင် ဒေါ်လာတစ်ရာဖြင့် အလုပ်ဝင်ရခြင်း ဖြစ်သည်။

ကိုလံဘီယာ ဆာမာရီတန်ရိုက်သည့် ရုပ်ရှင်ကားတွင် စတင်ပါဝင်ရသည်။ ဂေါက်သီးပြိုင်ပွဲ၌ ဂေါက်သီးလွယ်အိတ်လွယ်ကာ လိုက်ရသော ကယ်ဒီအဖြစ် သရုပ်ဆောင်ရသည်။ အခန်း များများစားစားတော့မဟုတ်။ ထူးထူးခြားခြားလည်း မဟုတ်။ သာမန် ဇာတ်ရံကလေးတစ်ဦးသာ ဖြစ်သည်။

ထိုဇာတ်ကား ရိုက်နေရင်း မင်းသားဂျွန်ကာရိုးနှင့် သူ့ဇနီးလူစီရှိုင်မင်တို့သည် မွန်ရိုးနှင့် ရင်းနှီးလာသည်။ မွန်ရိုး ဒုက္ခရောက်နေကြောင်း ကာရိုးတို့ လင်မယားနှစ်ယောက်စလုံးက သိကြသည်။ မွန်ရိုးကို ကူညီသည့်အနေဖြင့် သူတို့အိမ်တွင် ခေါ်ထားရန် တိုင်ပင်ကြသည်။ လင်မယားနှစ်ယောက်စလုံး သဘောတူကြသည်။ ထိုအချိန်က မွန်ရိုးသည် ဝါနာဘရားသား ရုပ်ရှင်ခြံ အနီးရှိ အိမ်တစ်လုံးတွင် အခြားသူများနှင့် ပူးပေါင်းပြီး စပ်တူနေနေရခိုက် ဖြစ်သည်။

တစ်ညတွင် ညစာစားပွဲတစ်ခုမှ အတန်ငယ် ညဥ့်နက်ပြီး ပြန်လာ၏။ အိမ်တွင်လည်း အခြား အိမ်သားများ ခရီးသွားနေကြရာ မွန်ရိုးတစ်ယောက်တည်း ရှိနေသည်။ အိမ်ပြန်လာရာ လမ်းတစ်လျှောက်တွင် ရဲသားတစ်ယောက် သူ့နောက်က တကောက်ကောက် လိုက်လာသည်ကို မွန်ရိုး သတိပြုမိ၏။ သို့သော်လည်း ထွေထွေထူးထူး မထင်။ တာဝန်ပြီးဆုံးသဖြင့် သူ့အိမ်သူပြန်ရင်း လမ်းကြုံနေသည်ဟုသာ ထင်မှတ်မိသည်။

အိမ်ရောက်သောအခါ တံခါးကို သေသေချာချာ သော့ခတ်လိုက်သည်။ ထိုသို့ တံခါးပိတ်ပြီးသည်နှင့် တစ်ပြိုင်တည်း နောက်ယောင်ခံလိုက်လာသော ရဲသားသည် ပြတင်းပေါက်မှ မှန်တံခါးကို ရိုက်ခွဲကာ အတွင်းသို့ ဝင်လာတော့သည်။ မွန်ရိုးကို အဓမ္မပြုကျင့်ရန် ကြိုးစားလေတော့သည်။

ထိုရပ်ကွက်သည် အိမ်များ ပူးကပ်ကာ တစ်အိမ်နှင့်တစ်အိမ် အလွယ်တကူ ခေါ်ယူနိုင်သောကြောင့် ကံကောင်းလှချေသည်။ မွန်ရိုး၏

အော်ဟစ်သံကြောင့် အိမ်နီးနားချင်းများ ချက်ချင်း ရောက်လာကြသည်။ ရဲသားလည်း နောက်ဖေးတံခါးကိုဖွင့်ကာ ကိုယ်လွတ်ရုန်း ထွက်ပြေးသွားရသည်။ ထိုအကြောင်းကို ဂျွန်ကာရိုးနှင့် ဇနီး လူစီရိုင်မင်တို့ သိသောအခါ မွန်ရိုးအတွက် စိတ်မကောင်းဖြစ်ကြသည်။

"ဒီ ကလေးမလေး တစ်ယောက်တည်း ဒုက္ခရောက်နေတာ သနားစရာ ကောင်းပါတယ်၊ တို့ သူ့အတွက် တစ်ခုခုတော့ လုပ်ကြမှ ဖြစ်မယ်ထင်တယ်"

ကာရိုး၏ အဆိုပြုချက်ကို ရိုင်မင်ကလည်း သဘောတူသည်။

"တို့အိမ်မှာခေါ်ပြီး၊ တို့နဲ့ အတူတူနေလိုက်ရင် သူ့ဘဝလည်း လုံခြုံမှု ရှိသွားမယ်။ သူ့ခမျာ အနေဆင်းရဲ အစားဆင်းရဲ ဖြစ်နေတာလည်း ဟန်ကျသွားမယ်"

ထိုနည်းဖြင့် မွန်ရိုးသည် ကာရိုးတို့အိမ်သို့ ပြောင်းလာတော့သည်။ ထိုအိမ်တွင် ကာရိုး၏ မိခင်လည်း သူတို့နှင့်အတူ နေထိုင်လျက်ရှိသည်။ သူတို့ အိမ်ခန်းသည် ကြီးကျယ်ခမ်းနားကာ အလွန် သပ်ရပ်လှပလေသည်။ မွန်ရိုးအဖို့ ယခုမှပင် လွတ်လွတ်လပ်လပ်နှင့် စိတ်အေးချမ်းသာ နေခွင့်ရတော့သည်။ သူ့ဘဝ လုံခြုံမှုသည်လည်း အာမခံချက် ရှိသွားပြန်ပြီ။ သည်အိမ်တွင် ပထမဦးဆုံး မွန်ရိုးနှင့် မျက်နှာကြော မတည့်သူမှာ ကာရိုး၏မိခင် ဖြစ်သည်။ အဘွားကြီးသည် ခေတ်နှင့်အမီ မလိုက်နိုင်တော့၊ ဘာကိုမဆို ရှေးရိုးအမြင်ဖြင့်သာ ကြည့်တတ်သည်။

မွန်ရိုးက အိမ်မှာနေသည့်အခါ အတွင်းခံဆို၍ ဘာတစ်ခုမှ မဝတ်ဘဲ၊ အပေါ်ကလည်း အဝတ်ရှိသည်ဆိုရုံ အဝတ်အစားများကို မလုံမလဲဝတ်ကာ နေလေ့ ရှိသည်။ သူသည် မလုံ့တလုံ အဝတ်အစားများဖြင့် ကာရိုးနှင့်ထိုင်ပြီး စကားပြောချင် ပြောနေတတ်သည်။ ကာရိုးကို မထိတထိ ချင် စနေတတ်သည်။ အဘွားကြီး၏ မျက်စိထဲတွင် ကြည့်၍မရတော့၊ သူ့သား အနားမှာ ဝိုင်းကောင်းကျောက်ဖိ နေစေချင်သည်။ ကလက်တတ် ဘက် ပျံတန်တန် နေခြင်းကို အသည်းယားနေသည်။

မွန်ရိုးကလည်း မွန်ရိုးပင်။

သူ့ဘဝကလေး လုံခြုံမှု အတန်အသင့် ရပြီဆိုလျှင် သူ့ရင်ထဲက

အသည်းနှလုံးများသည် လှုပ်ရှားလာကြသည်ထင့်၊ မေတ္တာပန်းများသည် လန်းပွင့်လာကြတော့သည်။

ဂျွန်ကာရိုးနှင့် ဇာတ်လမ်းက ရှုပ်လာပြန်သည်၊ အလှမကလေးနှင့် အမိုးတစ်ခုတည်းအောက်မှာ အတူနေရသည် ဆိုတော့လည်း ကာရိုးသည် ဘာသားနှင့် ထုထားသည်မို့ ခံနိုင်မည်နည်း။

သူတို့ အချစ်ဇာတ်လမ်းများ စကြတော့သည်။ နေ့တတွဲတွဲ ညတတွဲတွဲ တွဲကြပြန်သည်။ ဇနီး၏ မျက်မှောက်မှာပင် ကာရိုးနှင့် ပြောင်တွဲနေသည်မှာ တစ်ဆိတ်တော့ လွန်လွန်းသည်။ သူ့အိမ်မှာ တက်နေပြီး သူ့ယောက်ျားနှင့် ဇာတ်ရှုပ်သည် ဆိုတော့လည်း အရိပ်နေနေ အခက်ချိုးချိုးဟု ဆိုရမည်ကဲ့သို့ ဖြစ်နေသည်။

တစ်နေ့တွင် မွန်ရိုးသည် လူစီရိုင်မင်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"လူစီရေ မင်းကို တစ်ခု ပြောရဦးမယ်၊ မင်းယောက်ျားကို မင်းမချစ်ဘူးလို့ ကိုယ်ထင်တယ်၊ တကယ်လို့သာ မင်း ချစ်တယ်ဆိုရင် မင်းကိုယ်မင်း အလုပ်ထဲမှာ နှစ်မြုပ်ထားပြီး မင်းယောက်ျားကို ပစ်မထားသင့်ဘူး။ ကိုယ်တော့ မင်းယောက်ျားကို ချစ်နေမိပြီ၊ တကယ့်ကို ချစ်နေမိပြီ"

ရုတ်တရက် ခပ်ပြောင်ပြောင် ဖွင့်ပြောချလိုက်သော မွန်ရိုး၏ စကားကို ကြားရသောအခါ လူစီရိုင်မင်သည် ဘာပြန်ပြောရမှန်း မသိလောက်အောင် အံ့အားသင့်သွားတော့သည်။ တစ်နေ့မဟုတ် တစ်နေ့ သည်ဘူတာသို့ ဆိုက်ရောက်တော့မည် ဖြစ်ကြောင်းကို ရိပ်မိနေသည်မှာ ကြာပြီ။ သည်ဘူတာသို့ မဆိုက်မီ အကောင်းဆုံးနည်းဖြင့် မွန်ရိုးနှင့် လမ်းခွဲရန် စိတ်ကူးထားပြီးလည်း ဖြစ်သည်။ ထိုသို့ လမ်းခွဲမည့် အချိန်ကို မရောက်မီ သူတို့က သည်ဘူတာကို ဆိုက်နှင့်နေကြချေပြီတကား။

"မင်း သူ့ကို ကွာပေးမလား လူစီ၊ မင်း ကွာပေးနိုင်မယ်ဆိုရင်တော့ ကိုယ်တို့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်မယ်"

အံ့အားသင့်နေဆဲမှာပင် နောက်ထပ် ဗုံးတစ်လုံး ကွဲပြန်သည်၊ မိုးကြိုးတစ်ချက် ထစ်ပြန်သည်။ လူစီ၏ တစ်ကိုယ်လုံးသည် ကျဉ်စက်နှင့် တို့လိုက်သလို တုန်လှုပ်ချောက်ချားသွားသည်။ သူ့ ပတ်လည်မှ အရာဝတ္ထုများအားလုံးသည် ချာလပတ်လည်သွားသည်။ အရာဝတ္ထုအားလုံးသာမက

…နှာကြီးတစ်ခုလုံးပါ အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်သွားသည်ဟု …င်မှတ်လိုက်ရချေသည်။

"ကိုယ့်အပေါ်မှာ မကောင်းတဲ့လူဆိုရင် ကိုယ့်ချစ်သူ မဖြစ်နိုင် …ဘူး။ ကိုယ်ကလည်း ပြန်ချစ်နိုင်မှာ မဟုတ်ပါဘူး၊ အခု ဂျွန်ကတော့ …ကိုယ့်အပေါ်မှာလည်း ကောင်းတဲ့လူ ဖြစ်နေတယ်၊ ကိုယ့်ကို ချစ်တဲ့သူ …လည်း ဖြစ်နေတယ်၊ ဒီတော့ ကိုယ်ကလည်း သူ့ကို ပြန်ချစ်လိုက်မိတယ်၊ …ကိုယ်ထင်တာကတော့ လူစီဟာ သူ့ကို မချစ်ပါဘူး"

မွန်ရိုးသည် ဘာမှ အရေးမကြီးသော စကားကို ပြောသလို စိတ် …အေးလက်အေးဖြင့် တစ်လုံးချင်း ပြောနေသည်၊ ရင်ထဲမှာ မီးတောင် …ပေါက်ကွဲသူမှာ လူစီ ဖြစ်သည်။ ဤမျှ ရဲတင်းပြီး ဤမျှ ပွင့်လင်းသော …မွန်ရိုးကိုကြည့်ကာ သူ ကြောက်လာသည်။ ပြီးတော့ မိမိသည် အစစ …အရာရာ ရှုံးနိမ့်သွားရပြီ ဖြစ်ကြောင်းကိုပါ နားလည်လိုက်သည်၊ မျက်လုံး …အစုံမှ မျက်ရည်များ အန်ကျလာသည်ကို သူ မသိလိုက်။ ရင်ထဲမှာ မချိ …သည့်ဝေဒနာကို အသည်းကြွေမတတ် ခံစားလိုက်ရသည်၊ သူတို့အားလုံး …အပေါ်စီး ရသွားကြပါပေါ့လား ဟူသော အားငယ်စိတ်ကပါ ကြီးစိုးလာ …ချေသည်။

"မာရီလင်ရယ်၊ ဒီအခြေအနေတောင် ရောက်ကုန်ကြပြီလား။ …ဂျွန်က ကွာပေးပါဆိုရင် ကိုယ် ကွာပေးပါ့မယ်"

နောက်ဆုံး ထိုမျှသောစကားကို အနိုင်နိုင် ကြိုးစားပြီး ပြန်ပြော …လိုက်ရသည်။ သူ့အသံသည် အသနားခံသည့် အသံ ဖြစ်နေ၏၊ သူ့စကား …လုံးများသည် တောင်းပန်တိုးလျှိုးသော စကားလုံးများ ဖြစ်နေ၏။ လက်ရှိ …ဘဝမှ လက်မဲ့ဘဝသို့ ဆိုက်ရောက်ရမည့် အခြေအနေမျိုးဆိုတော့လည်း …သူ ဘာကို အားကိုးရမည်နည်း။

သို့သော် ဂျွန်ကာရိုးနှင့် လူစီရိုင်မင်တို့ ကွာရှင်းပြတ်စဲခြင်းကို …မပြုလိုက်ရပါ။ ငြိမ်းချမ်းစွာ ခွဲခွာခြင်းဖြင့် မွန်ရိုးကပင် ထိုအိမ်ပေါ်မှ ဆင်း …လာခဲ့သည်။လူစီတို့နှင့် လွတ်ကင်းရာမှာ အိမ်ခန်းတစ်ခန်း ငှားနေလိုက်၏၊ …ကာရိုးနှင့်လည်း ဇာတ်လမ်း မဆက်မိအောင် ထိန်းသိမ်းနေလိုက်သည်။

"သူ့မှာ အိမ်ထောင်ကြီးနဲ့မို့ မချစ်ရဘူး ဆိုတာတော့ ဘယ်တရား

မလဲ၊ အသည်းနှလုံးကို ဒီလို ချုပ်ချယ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ အချစ် ဆိုတာ ဒါတွေကို ကြည့်နေဟာမှ မဟုတ်ဘဲ၊ ချစ်စရာကောင်းရင် ချစ်လိုက်မှာပဲ ပေါ့။ ဒီအချစ်ကို အကောင်အထည် ဖော်ရာမှာသာ စဉ်းစားရမှာ"

ဟု မွန်ရိုးက တည်ငြိမ်စွာ ပြောလေ့ ရှိသည်။

ကာရိုးတို့အိမ်မှ ဆင်းလာပြီး ဝိုင်ဒဗလျူစီအေမှာ အခန်းငှားနေသည်။ ယောက်ျားမိတ်ဆွေများဖြင့် ညစာ အတူစားရင်း အားလပ်ချိန်များတွင် စာဖတ်ရင်းဖြင့် အချိန်များ ကုန်လာပြန်သည်။ မွန်ရိုးသည် နေ့စဉ်လေ့ကျင့်ခန်း မှန်မှန်ယူသူ ဖြစ်သည်။ လေ့ကျင့်ခန်း မလုပ်ရလျှင် မနေတတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ကိုယ်ခန္ဓာသည် အလွန်တရာ အချိုးအဆစ် ကျနပြီး ပြေပြစ်ကာ လှပနေခြင်း ဖြစ်သည်။

ဝိုင်ဒဗလျူစီအေမှာနေရင်း စာအုပ်ကြွေးများက တက်လာပြန်သည်။ အဝတ်အစားကြွေးများကလည်း များလာပြန်သည်။ မွန်ရိုးသည် ရသည့်ငွေနှင့် သုံးသည့်ငွေကို တိုင်းတိုင်းဆဆ လုပ်တတ်သူ မဟုတ်။ နောင်ခါလာ နောင်ခါချေး သဘောဖြင့် စိတ်ထင်တိုင်း သုံးနေသူသာ ဖြစ်သည်။ ထို့ကြောင့်လည်း ကြွေးနှင့်မကင်းနိုင်ဘဲ ရှုန်းကန်လှုပ်ရှားနေရခြင်း ဖြစ်သည်။ မည်သို့သော အခက်အခဲကိုပင် တွေ့ရစေကာမူ စိတ်ဓာတ်မကျတတ်သည့် သူ့သတ္တိသည် ချီးကျူးဖွယ်ပင် ဖြစ်ချေသည်။

* * *

# သီရင်း ဆိုရင်း ချစ်ရရင်းဖြင့်

သံပြိုင်ညီညာ ဖျော်ကညာ အမည်ရှိ တေးသံစုံ ဇာတ်မြူးတစ်ခုကို ရိုက်ရန် ကိုလံဘီယာ ရုပ်ရှင်က စီစဉ်နေသည်။ ထိုဇာတ်ကားတွင် မွန်ရိုးကို အရေးကြီးဆုံးသော အခန်းမှာ ထည့်သွင်း ရိုက်ကူးလိုသည်။ ထို့ကြောင့် ကုမ္ပဏီ၏ အဆိုနည်းပြဆရာ ဖရက်ကာဂျာ၏ လက်သို့ မွန်ရိုးကို အပ်လိုက်သည်။

"သူ့အသံကို စမ်းကြည့်စမ်းပါ၊ သုံးလို့ ရမယ်ဆိုရင် သံပြိုင်ညီညာ ဖျော်ကညာ ဇာတ်ကားမှာ ထည့်ရိုက်မယ်၊ လိုအပ်တာတွေလည်း ပြုပြင်ပေးပါဦး" ဟူသော တာဝန်ပေးချက်အရ ကာဂျာ၏ သွန်သင်မှု အောက်သို့ မွန်ရိုး ရောက်လာပြန်သည်။

မွန်ရိုး၏ အသံကို စမ်းကြည့်ပြီးသောအခါ သုံး၍ ရနိုင်မည်ဖြစ်ကြောင်း ကာဂျာက ယုံကြည်သည်။

"သုံးလို့ ရပါတယ်၊ မဆိုးပါဘူး၊ ရိုက်ကွင်းပေါ်မှာ အဆင်မပြေတာ တစ်ခုခုပေါ်လာမယ်ဆိုရင်လည်း မပူပါနဲ့၊ နောက်မှ အသံပြန်သွင်းရမယ်၊ စိတ်ချလက်ချသာ ရိုက်ပေတော့" ဟု ကာဂျာက အာမခံချက် ပေးလိုက်သည်။

မာရီလင်သည် ကာဂျာထံတွင် အသံနှင့် အဆို လေ့ကျင့်မှုများကို ပြုလုပ်ရင်းဖြင့် ကာဂျာကို ချစ်မိပြန်သည်။ သူ့ဘဝတွင် တွေ့ကြုံခဲ့ရသမျှသော ယောက်ျားများအနက် ကာဂျာသည် အခြား ယောက်ျားများနှင့် မတူဆုံးသော ယောက်ျားတစ်ဦး ဖြစ်သည်။

မွန်ရိုးသည် အလိုဆန္ဒကြီးသူ၊ ယောက်ျားနှင့် တင်းတွယ်ပြီး [illegible]

တတ်သူ၊ ယောက်ျား တစ်ယောက်ပြီး တစ်ယောက်ကို ဆက်တိုက် တွဲနေသူ အဖြစ် အများက မြင်ကြသည်။ မှန်သင့်သလောက် မှန်ပါသည်။ သူသည် အချစ်ငတ်နေသည့် မိန်းကလေးသာ ဖြစ်သည်။ ရတာမလို၊ လိုတာမရ ဖြစ်နေသူသာ ဖြစ်သည်။ ငယ်စဉ်ကတည်းက မေတ္တာငတ်ခဲ့ရရှာသော မိန်းကလေး ဖြစ်သဖြင့် သူ့အသည်းနှလုံးတို့သည် ထာဝရ ပူလောင်နေရရှာ၏။

ယခု ကာဂျာနှင့် တွေ့ပြန်ပြီ။

ကာဂျာသည် ပထမ ဇနီးနှင့် ကွာရှင်း ပြတ်စဲထားသူ ဖြစ်သည်။ သားငယ် တယ်ရီ၊ မိခင် အင်ကာဂျာ၊ တစ်ခုလပ် ညီမ မေရီ၊ မေရီ၏ သားသမီးများနှင့် အတူ ဟောလီးဝုဒ် ဟားပါးရိပ်သာမှာ နေထိုင်သည်။

သူ့ဖခင်သည် မက်ထရိုရုပ်ရှင်ကို တည်ထောင်သူများ အနက် တစ်ဦး ဖြစ်ပြီး ကာဂျာ ငါးနှစ်သား အရွယ်က ကွယ်လွန်သွားသည်။

တစ်နေ့ နေ့လယ်စာ စားချိန်တွင် မွန်ရိုးသည် အသားသွတ်ထားသည့် ပေါင်မုန့်ကို လမ်းလျှောက်ရင်း အပြေးအလွှား စားလာသည်။

"ဒီလိုပဲ မင်းအမြဲ စားတာပဲလား" ဟု ကာဂျာက အထူးအဆန်း သဖွယ် မေးကြည့်သည်။

"အမြဲတမ်းတော့လည်း ဘယ်ဟုတ်မလဲ၊ ဒါပေမယ့် ကြုံသလို စားလိုက်တာပဲ၊ ဘိုင်ကျတော့ ကြွေးတွေကလည်း ပတ်လည်ဝိုင်းနေတာ မဟုတ်လား။ ကျွန်မ တစ်နေ့ကို ပြားသုံးဆယ်နဲ့တောင် အသက်ရှင်ခဲ့သေးတာ။ ပိုက်ဆံရှိရင်လည်း ကောင်းကောင်းစားလိုက်တာပဲ၊ ကျွေးမယ့်လူရှိရင်လည်း ကောင်းကောင်းစားလိုက်တာပဲ။ ရယ်စရာပဲနော်"

မွန်ရိုးက သူ့ကိုယ်သူ ပြန်ပြီး သဘောကျသည့်အလား ရယ်နေလိုက်သည်။ သူ့ဘဝကို ကိုယ်ချင်းစာမိပြီး စိတ်မကောင်း ဖြစ်သွားရသူက ကာဂျာ။

"မင်း ဒီနေ့ည ကိုယ့်အိမ်လိုက်ပြီး ညစာစားပါလား"

မွန်ရိုးသည် ကလေးငယ်လို နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ကာဂျာ၏ လက်ကို တင်းတင်းဆွဲယူကာ ဖျစ်လိုက်သည်။ သူ့အမူအရာသည် တကယ့် ကလေးလေးနှင့် တူနေသည်။ သည်လိုဖြင့် ကာဂျာနှင့် အတူလိုက်ပြီး

ညစာ စားဖြစ်သည်။

ထိုညမှာပင် ကာဂျာက မွန်ရိုးကို ချစ်မိသည်။

"ဟောဒီ မိန်းကလေးဟာ တစ်ယောက်တည်း နေပြီး ဘိုင်ကျ နေတာ မေမေ"

ဟု ကာဂျာက သူ့အမေနှင့် မွန်ရိုးကို မိတ်ဆက်ပေးသည်။

အဘွားကြီးသည် မွန်ရိုးကို မြင်လျှင်မြင်ချင်း ချစ်ခင်သွားသည်။ အထီးကျန်ဘဝဖြင့် ဖြစ်သလို ရှန်းကန်နေရသည်ဆိုသော အကြောင်းကို သိရသဖြင့်လည်း အကြင်နာ ပိုသွားမိသည်။

ညီမ မေရီနှင့် မွန်ရိုးသည် သက်တူရွယ်တူ ဖြစ်၏။ သူတို့နှစ်ယောက်လည်း တွေ့တွေ့ချင်း ခင်မင်သွားကြလေသည်။

"ဖရက်ဒီ စိတ်ထဲမှာ ဘယ်လိုရှိမယ် ဆိုတာတော့ မသိဘူး၊ ဒီကလေးမကို အတည်ကြံတာပဲလား၊ အပျော်ပဲလား၊ ဒါပေမယ့် မေမေတော့ သူ့ကို သိပ်သဘောကျသွားပြီ၊ သူသာ ဖရက်ဒီနဲ့ လက်ထပ်နိုင်မယ်ဆိုရင် မေမေ့အဖို့ ချစ်စရာကောင်းတဲ့ သမီးအလှကလေး တစ်ယောက် ရတာပဲ"

ဟု အဘွားကြီးက သမီးမေရီကို ပြောပြသည်။

ညစာ စားပြီးကြသောအခါ ဖရက်ကာဂျာက ကားမောင်းပြီး မွန်ရိုးကို အိမ်ပြန်ပို့ပေးသည်။ အပြန်လမ်းမှာပင် သူတို့နှစ်ယောက် ချစ်မိကြပြီ၊ အနမ်းပွင့်များ ခြွေမိကြပြီ၊ နောက်နေ့များကစပြီး သူတို့နှစ်ယောက်ကို တပူးတွဲတွဲ မြင်ကြရပြီ။ ပျော်သော၊ ပြုံးသော၊ ချစ်သော၊ ကြင်နာသော ချစ်သူများအဖြစ် အများက အသိအမှတ် ပြုကြပြီ။

"ဖရက်ဒီရယ်၊ ကိုယ်နားချင်ပြီ ကိုယ့်ချစ်သူ ရင်ခွင်ထဲမှာ ငြိမ်ငြိမ်ချမ်းချမ်းနဲ့ နားချင်ပြီ၊ ကိုယ့်ကို လက်ထပ်ပါတော့"

ကာဂျာသည် မွန်ရိုးကို သနားစဖွယ်ကောင်းသော ကလေးတစ်ဦးပမာ ငဲ့ကြည့်သည်။ မိမိကို မွန်ရိုး မည်မျှချစ်ကြောင်း သူသိသည်။ သူကလည်း မွန်ရိုးကို အချစ်ကြီး ချစ်မိသည်မှာ မှန်ပါသည်။ သို့သော် လက်ထပ်ဖို့ကို သူစဉ်းစား၍ မရ။

ချစ်ခြင်းမေတ္တာသည် လက်ထပ်ခြင်းနှင့် မဆိုင်ဟု ယုံကြည်ခဲ့

သော မွန်ရိုးသည် ယခု ယုံကြည်ချက်များ ပြောင်းလဲလေတော့သည်။ ကာဂျာကို အချစ်ကြီး ချစ်မိပြီဖြစ်သောကြောင့် ကာဂျာကို သူရယူပိုင်ဆိုင်လိုလာသည်။ ကာဂျာ ရင်ခွင်မှာ တစ်သက်လုံး အနားယူလိုပြီ။

မွန်ရိုးကို လက်ထပ်ရန် ကာဂျာ၏ မိခင်နှင့် အစ်မတို့ကလည်း တိုက်တွန်းနေကြသည်။ သူတို့ အားလုံး၏ အမြင်နှင့် ကာဂျာ့ အမြင်သည် အကွဲလွဲကြီး ကွဲလွဲနေ၏။ ချစ်လျှင် လက်ထပ်ရမည်ဟု သူတို့အားလုံးက ထင်မှတ်နေကြသည်။

ကာဂျာသည် မွန်ရိုးကို လက်ထပ်ဖို့ အမျိုးမျိုး စဉ်းစားကြည့်သည်။ မိမိရင်ထဲမှာ ပေါက်ဖွားနေသည့် မေတ္တာအတိမ်အနက်ကို နှိုင်းဆကြည့်နေသည်။ နှစ်နှစ်ကာကာ ချစ်မိကြောင်းကို သဘောပေါက်သည်။ သို့သော် သည်မိန်းကလေးကို ချစ်သူတစ်ဦး အဖြစ်နှင့် ဆက်ဆံခြင်းထက် ပို၍ မည်သို့မျှ မပိုနိုင်။ ဇနီးအဖြစ်နှင့် လက်ထပ်မယူနိုင်။ မိမိဘဝ ခရီးဖော် အဖြစ် လက်တွဲ၍ ရနိုင်မည် မဟုတ်ကြောင်းကို ကာဂျာ စဉ်းစားမိသည်။

ယခု ချစ်နေတုန်းတော့ အပြစ်မြင်နိုင်ကြမည် မဟုတ်။ အကြင်လင်မယား ဘဝသည် သာယာဖြောင့်ဖြူးကြမည်ဟု ထင်မှတ်ကြမည်သာ ဖြစ်သည်။ တဖြည်းဖြည်း အနည်ထိုင်လာသောအခါ အသွင်မတူမှုများသည် ရှေ့တန်းသို့ ရောက်လာကြမည်သာ ဖြစ်သည်။ ထိုအခါတွင် မိမိတို့၏ အိမ်ထောင်ရေးဘဝသည် သာယာနိုင်တော့မည် မဟုတ်။ သည်အကြောင်းများကို မွန်ရိုး မသိ။ ကာဂျာက ကောင်းစွာ သဘောပေါက်နေသည်။

"မင်းကို ကိုယ်ချစ်ပါတယ်၊ ဒါပေမယ့် ချစ်သူအဖြစ်ထက် ပိုပြီး ကိုယ်မစဉ်းစားရဲဘူး၊ တို့နှစ်ယောက်ဟာ အသွင်ချင်း မတူကြဘူး၊ အခုနေ ချစ်တုန်းတော့ တစ်ယောက်ကို တစ်ယောက် နားလည် ခွင့်လွှတ်နိုင်ကြမှာပဲ။ နားလည် ခွင့်လွှတ်တယ်ဆိုတာလည်း တကယ်တော့ မမှန်သေးဘူး အချစ်ရှိန် တက်နေလို့ အပြစ်မမြင်တဲ့သဘောဘဲ ဖြစ်မယ်၊ နောက်တော့ ဒီလို ခွင့်လွှတ်နိုင်ကြတော့မှာ မဟုတ်ဘူး။ အဲဒီအခါမှာ တို့အိမ်ထောင်ရေးဟာ အဆိပ်တုံးကြီး မျိုနေသလို ဖြစ်တော့မယ်၊ ဒီတော့ ကိုယ့်ဇနီး ဖြစ်ရေးထက် ကိုယ့်ချစ်သူ အဖြစ်နဲ့ နေရတာကိုပဲ ကျေနပ်ပါကွယ်"

"ဖရက်ဒီကို ကိုယ် သိပ်ချစ်နေပြီ။ ဒီလို အချစ်မျိုး ဘယ်တုန်းကမှ မပေါ်ဖူးဘူး၊ ယုံပါ ဖရက်ဒီ၊ ဒါကြောင့် ဖရက်ဒီကို ပိုင်ချင်တယ်"

မှန်သော သစ္စာစကားကို မွန်ရိုး ဆိုခြင်း ဖြစ်သည်။ ကာဂျာကို ချစ်မိသည့် အချစ်မျိုးဖြင့် မည်သူ့အပေါ်မျှ သူ မချစ်ဖူးဘူးသေး။ ချစ်ဦးသူကို ချစ်ရသည့် အချစ်ထက်ပင် ယခု အချစ်က ပိုကြောင်း သူသိနေသည်။

မွန်ရိုးနှင့် လက်ထပ်ရန် ကာဂျာကို မည်သူမျှ တိုက်တွန်း၍ မရ။ မိခင်ရော ညီမကပါ တိုက်တွန်းကြရုံမက၊ ကာဂျာ၏ အပေါင်းအသင်းများကပါ တိုက်တွန်းကြခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ကာဂျာသည် အခြားမိန်းမတစ်ဦးကို လက်ထပ်လိုက်ခြင်းဖြင့် ထိုပြဿနာကြီး ပြီးပြတ်သွားအောင် ဆောက်ရွက်လေတော့သည်။

မွန်ရိုးကိုမူ အသံနှင့် ပတ်သက်၍လည်းကောင်း၊ အဆိုနှင့် ပတ်သက်၍ လည်းကောင်း ဆက်လက် လေ့ကျင့်ပေးနေဆဲပင် ဖြစ်သည်။ သို့မျှသာမက သူချစ်မိသည့် မိန်းကလေးတစ်ယောက် စိတ်ချမ်းသာရေးအတွက် တတ်နိုင်သလောက် သူဆောင်ရွက်ပေးခဲ့သည်။ အောင်မြင်ရေးအတွက် သူ အစွမ်းရှိသမျှ ကူညီခဲ့သည်။ ရုပ်ရှင်ရိုက်သည့် အခါများတွင်လည်း ဘေးမှ အရိပ်တကြည့်ကြည့်နေကာ လိုအပ်သည်များကို ပြုပြင်ပေးသော၊ အကြံပေးလေ့ ရှိသည်။

မွန်ရိုး ရယ်သည့်အခါတွင် ဘေးတိုက်ကြည့်ပါက အပေါ် ရှေ့သွားသည် ရှေ့သို့ အနည်းငယ် ခေါထွက်နေသည်ကို ကာဂျာ သတိထားမိသည်။ ခေါသည့်သွားကို ပြုပြင်ရန်မှာ မခက်ပါ။ ဆရာဝန်ကို ပေးရမည့်ငွေကသာ ခက်နေသည်။ ဒေါ်လာနှင့်ချီပြီး ကုန်ကျမည် ဖြစ်သည်။

"ဒီအတွက်တော့ မပူပါနဲ့၊ ကိုယ့်အသိ ဆရာဝန်တစ်ယောက်ရှိတယ်၊ ကိုယ်ပြောပြပေးမယ်" ဟု ကာဂျာက ပြောကာ သွားရောဂါအထူးကုဆရာဝန် ဒေါက်တာတေလာနှင့် သွားတွေ့သည်။ အကျိုးအကြောင်းကို ပြောပြသည်။ မွန်ရိုးသည် အလွန်ဘိုင်ကျနေချိန်ဖြစ်ကြောင်း၊ တန်ရာတန်ဖိုးကို ပေးနိုင်မည် မဟုတ်ကြောင်း၊ သို့သော်လည်း သည်မိန်းကလေးသည် ကျေးဇူးတရားကို သိတတ်သူဖြစ်သဖြင့် နစ်နာမည်မဟုတ်ကြောင်း၊ တစ်နေ့တွင် အောင်မြင်လာမည့် မင်းသမီး ဖြစ်သောကြောင့် သူ၏ တုံ့ပြန်မှုကို

ရနိုင်မည်ဖြစ်ကြောင်း ပြောပြသည်။

ဒေါက်တာတေလာကလည်း ငွေရေးကြေးရေးကို မျှော်လင့်သည့် ဆရာဝန် မဟုတ်။ အလွယ်တကူပင် လက်ခံကာ မွန်ရိုး၏သွားကို ပြုဖြင် ပေးလိုက်သည်။

ကာဂျာ ပြောသည်မှာ မှန်ပါသည်။ ဒေါက်တာတေလာ ဆေးရုံ တက်ရသောအခါ လူနာသတင်း မှန်မှန်လာမေးသူသည် မွန်ရိုး ဖြစ်နေ တော့သည်။ ညနေတိုင်း ဆေးရုံသို့ မွန်ရိုးသွားသည်။ ထိုဆေးရုံပေါ်မှာပင် ဒေါက်တာတေလာ ကွယ်လွန်တော့ မွန်ရိုး၏ မျက်စိအောက်မှာ အသက် ကုန်သွားခြင်း ဖြစ်သည်။

သံပြိုင်ညီညာ ပျိုကညာ ဇာတ်ကားတွင် မွန်ရိုး ပါဝင်ရသည့် အခန်းသည် များများစားစားတော့ မဟုတ်။ ထိုဇာတ်ကားပြီး၍ ရုံတင်သော အခါတွင်လည်း လူအများက သူ့ကို ထူးထူးခြားခြား သတိမထားကြ။ အမှန်တော့ မအောင်မြင်သော ဇာတ်ကားတစ်ကားပင် ဖြစ်ချေသည်။

ထိုဇာတ်ကား ရိုက်ပြီးသောအခါ ကိုလံဘီယာက မွန်ရိုးကို အလုပ်ထုတ်ပစ်လိုက်ပြန်သည်။

အမှန်တော့ မွန်ရိုး၏ မအောင်မြင်မှု တစ်ခုတည်းသာ မဟုတ်။ ကုမ္ပဏီ၏ အကြီးအကဲဖြစ်သူ ဟယ်ရီကွန်း၏ အမြင်ကျဉ်းမြောင်းမှုကြောင့် လည်း ဖြုတ်ပစ်ခြင်း ဖြစ်သည်။ ယခု ကားများတွင် မအောင်မြင်သော် လည်း အလွန် အလားအလာကောင်းသော မင်းသမီးတစ်ယောက် အဖြစ် အားလုံးက လက်ခံလာကြပြီ ဖြစ်သည်။

ထိုဇာတ်ကား ရိုက်ကူးနေဆဲမှာပင် မွန်ရိုးကို အကနှင့် ပတ်သက် ၍ လည်းကောင်း၊ အမူအရာနှင့် ပတ်သက်၍ လည်းကောင်း၊ ဇာတ် သဘောနှင့် ပတ်သက်၍ လည်းကောင်း နာတာရှာလိုက်တက် ဆိုသော အကနည်းပြ ဆရာမတစ်ယောက်က မွန်ရိုးကို စိတ်တိုင်းကျ သွန်သင်ပေး လျက် ရှိသည်။ မွန်ရိုး၏ တိုးတက်မှုသည် ထူးထူးခြားခြား ဖြစ်လာခဲ့သည်။

နောက်ပိုင်း၌ မွန်ရိုး နာမည် တစ်ရှိန်ထိုး တက်လာခြင်းမှာ နာတာရှာကြောင့် ဖြစ်သည်ဆိုက မမှားနိုင်ချေ။ နာတာရှာသည် ရုပ်ရှင် သဘော၊ ပြဇာတ်သဘော၊ သရုပ်ဆောင်သည့် သဘောများသာ မွန်ရိုးကို

သင်ပြသည် မဟုတ်။ လမ်းလျှောက်ပုံ၊ လက်ထားပုံ၊ ခြေထောက်စုပုံ၊ ားပုံ၊ ရပ်ပုံ၊ ထိုင်ပုံ စသည့် အသေးစိတ် အချက်ကလေးများအထိ စိတ် ည်လက်ရှည် သင်ပေးခဲ့သည်။ ထိုအကျိုးကျေးဇူးများဖြင့် နောက်ပိုင်း၌ အောင်မြင်ကျော်ကြားလာခြင်း ဖြစ်သည်။

ထိုသို့ အလားအလာ ကောင်းနေပါလျက်နှင့် အရှည်ကို မကြည့် ဲ ဟယ်ရီကွန်းက မွန်ရိုးကို အလုပ်ထုတ်ပစ်ခြင်း ဖြစ်လေသည်။

❋ ❋ ❋

## ချစ်ရလွန်းသူ နောက်တစ်ဦး

အလုပ်လက်မဲ့ ဘဝဖြင့် ဘဝကြမ်းကြမ်းကြီးကို ရင်ဆိုင်ရပြန်ပြီ။

အလုပ်ရှိနေသည့် အချိန်မှာပင် သူ့အသုံးအစွဲနှင့် မလောက်ငနိုင်အောင် ဖြစ်နေရသည့် အထဲ၊ ကြွေးလည်ပင်းခိုက်နေသည့် အထဲ၊ ယခုလို အလုပ်လက်မဲ့ ဖြစ်ရပြန်ပြီ ဆိုတော့ သူ့ဘဝသည် ဆိုဖွယ်ရာ မရှိချေပြီ။

ရုံမန်ရုံခါ စံပြမယ် လုပ်ရသည်။ ရသည့်ငွေကလေးဖြင့် သုံးလိုက် ဖြုန်းလိုက် ပျော်လိုက် ပါးလိုက်ပြန်သည်။ ထိုသို့ ရှိနေခိုက် ဓာတ်ပုံဆရာ တွမ်ကာယ်လီနှင့် တွေ့သည်။ ပြက္ခဒိန်အတွက် ကိုယ်လုံးတီးပုံ အရိုက်ခံမည် ဆိုက တစ်နေ့ ဒေါ်လာငါးဆယ် ပေးမည် ဖြစ်ကြောင်း ပြောသည်။

ကိုယ်လုံးတီးပုံ အရိုက်ခံခြင်းဖြင့် ရုပ်ရှင်လောကမှာ မိမိနာမည် ကျသွားမည်လားဟု မွန်ရိုး စိုးရိမ်မိသည်။

ရုပ်ရှင်လောကမှာ အခြေတကျ မရပ်တည်နိုင်သေးမီ၊ ရပ်တည် နိုင်အောင် ကြိုးစားနေဆဲ ကာလမှာပင် ဤပုံကြောင့် နာမည်ပျက်ရမည် ဆိုလျှင် ခဲလေသမျှ သဲရေကျ ဖြစ်ရချေမည်။

သို့သော် လောလောဆယ် ဘဝရပ်တည်ရေးက ပိုမိုအရေးကြီးနေ သည်။ ရုပ်ရှင်နယ်မှာလည်း မိမိ၏ အခန်းသည် မည်မည်ရရ မဟုတ် သေး။ ယခုအထိ ဇာတ်ကားနှစ်ကားတွင် မထင်မရှား သာမန်မျှသာ ပါဝင်ခွင့် ရနေသေးသဖြင့် ပြောပလောက်သည် မဟုတ်။

နောက်ဆုံးတွင် ဖြစ်လိုရာဖြစ်စေတော့ ဟူသော သဘောဖြင့် တွမ်ကာယ်လီ၏ တိုက်တွန်းချက်ကို လက်ခံလိုက်သည်။

နောင် မာရီလင်မွန်ရိုးအဖြစ် ကမ္ဘာကျော် မင်းသမီး ဖြစ်လာ

သောအခါ တွမ်ကယ်လီ ရိုက်သည့် မွန်ရိုး၏ ကိုယ်တုံးလုံးပုံပါသော ပြက္ခဒိန်မှာ ကမ္ဘာကျော်သွားကာ စောင်ရေ သန်းပေါင်းများစွာ ရောင်းရလေသည်။

ကိုလံဘီယာမှ အလုပ်ဖြုတ်ခံရပြီးနောက် ဘဝကို ပင်ပန်းကြီးစွာ ရုန်းကန် အသက်မွေးနေဆဲမှာပင် သူ့ကိုယ်စားလှယ် ဟယ်ရီလစ်ပ်တန်ကလည်း အဆက်အသွယ်များများ ကြိုးစားရှာဖွေပေးနေသည်။ ဟောလီးဝုဒ်မှာ အသိအကျွမ်းလည်း အတန်အသင့် များလာသည်။

အမျိုးသားပြဇာတ် အနုပညာရှင်များ ကော်ပိုရေးရှင်း ဉက္ကဋ္ဌ ဂျော်နီဟိုက်နှင့် လစ်ပ်တန်တို့ တွေ့ကြသည်။ မွန်ရိုး ကိစ္စကို ဆွေးနွေးသည်။ ဂျော်နီဟိုက်က မွန်ရိုးကို တွေ့လိုသည်ဆိုသဖြင့် သူတို့နှစ်ဦး တွေ့နိုင်အောင် စီစဉ်ပေးသည်။

ဂျော်နီဟိုက်သည် ဟောလီးဝုဒ် ရုပ်ရှင်ကုမ္ပဏီများ လောကမှာ သြဇာတိက္ကမကြီးသူ သန်းကြွယ်သူဌေးကြီး တစ်ဦး ဖြစ်သည်။

ရုရှားပြည်မှာ မွေးပြီး အမေရိကန်သို့ သူ့မိဘများ ဦးစီးသည့် ပြဇာတ်အဖွဲ့တစ်ခုနှင့် ပါလာရင်း အခြေစိုက်နေသူ ဖြစ်သည်။ အသက်နှစ်ဆယ်ကျော်မှ စပြီး ရုပ်ရှင်ကုမ္ပဏီများမှာ အလုပ်လုပ်ရင်း အောင်မြင်လာသည်။ အုပ်ချုပ်ရေး ကျွမ်းကျင်သည်။ ငွေရသောရုပ်ရှင်ကားများကို ဖန်တီး ထုတ်လုပ်တတ်သည်။ အောင်မြင်ကျော်ကြားမည့် ဇာတ်ကောင်များကို ရွေးချယ်တတ်သည်။ ရိတာဟေးဝပ်၊ ကင်းမ်နိုဗက်၊ ဒေါရစ်ဒေး စသော မင်းသမီးများမှာ သူ့ကြောင့် ကျော်ကြားလာကြခြင်း ဖြစ်သည်။

မင်းသမီးများကို မိတ်ကပ်ခြယ်သည်ကအစ သူကိုယ်တိုင် ကြီးကြပ် ညွှန်ကြားလေ့ ရှိသည်။ မည်သည့် မင်းသမီးသည် မည်သို့သော ဇာတ်ကားနှင့် လိုက်ဖက်ကြောင်း၊ မည်သည့် အခန်းများတွင် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း အမှန်ကန်ဆုံး ရွေးချယ်ပေးနိုင်သူ ဖြစ်သည်။

"ကျွန်မ ဘဝမှာ ဂျော်နီဟာ အရေးအကြီးဆုံးပါပဲ၊ ဂျော်နီကြောင့် မာရီလင်မွန်ရိုးဆိုပြီး အောင်မြင်ကျော်ကြားလာရတာပါ။ ဘင်လိုင်ယွန်ဟာ ကျွန်မကို မာရီလင်မွန်ရိုးဆိုတဲ့ နာမည် ပေးခဲ့တယ်၊ ဂျော်နီက ကျွန်မကို ကျော်ကြားအောင် လုပ်ပေးခဲ့တယ်။ ကျွန်မ အရည်အချင်းနဲ့ အလိုက်လျောဆုံး ဖြစ်တဲ့ ဇာတ်ကားကို ရွေးပြီး ရိုက်ပေးနိုင်တဲ့ အတွက်လည်း

ကျွန်မ ကမ္ဘာကျော်ရတာပါ။ ဒါကြောင့် ဂျော်နီဟာ ကျွန်မဘဝရဲ့ အရေးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ပြီးတော့ ကျွန်မ အလွန်ချစ်ပြီး လက်မထပ်နိုင်တဲ့ အချစ်နဲ့ပတ်သတ်ပြီး အလွန်လည်း ကံဆိုးရှာတဲ့ သနားစရာ ချစ်သူကြီး တစ်ဦးပါပဲ" ဟု ဂျော်နီဟိုက်နှင့် ပတ်သက်ပြီး မွန်ရိုးက မကြာခဏ ပြောပြတတ်သည်။

ဂျော်နီတွင် ဇနီး မိုဇယ်ကရာဗင်ဟိုက်နှင့် သားလေးယောက်ရှိသည်။ အကြီးဆုံးသားက မွန်ရိုးနှင့် သက်တူရွယ်တူ ဖြစ်သည်။ မိုဇယ်သည် အမေရိကန်သူဖြစ်ပြီး ကိုယ်လုံးကိုယ်ထည် တောင့်တင်းကာ ချောမောလှပသူ ဖြစ်သည်။

ဂျော်နီနှင့် မွန်ရိုး မတွေ့မီ ချစ်သောအပျော် ဇာတ်ကားထဲတွင် မထင်မရှား အခန်းတစ်ခန်းမှ မွန်ရိုး ပါဖူးသည်။ စုံထောက်တစ်ယောက်၏ ရုံးခန်းသို့ ပြေးဝင်ပြီး မိမိနောက်သို့ လူဆိုးများ လိုက်နေသဖြင့် အကူအညီတောင်းသည့်အခန်း ဖြစ်သည်။

ထိုဇာတ်ကားတွင် မွန်ရိုးကို သတိထားမိသူမှာ ဂျော်နီဟိုက်ပင် ဖြစ်ချေသည်။သည်မိန်းကလေးကို အောင်မြင်အောင် မိမိ မြေတောင်မြှောက်ပေးနိုင်လိမ့်မည်ဟုလည်း ဂျော်နီ ထင်မှတ်ခဲ့သည်။

မွန်ရိုးနှင့်ဂျော်နီတို့ ဆုံမိကြသောအခါ ဂျော်နီ၏ ယုံကြည်ချက်သည် ပို၍ ခိုင်မာလာတော့သည်။ မွန်ရိုးကို အပြန်ပြန် အလှန်လှန် အကဲခတ်သည်။ သူနှင့် သင့်လျော်မည့် ဇာတ်ကားသည် မည်ကဲ့သို့သော ဇာတ်ကားမျိုး ဖြစ်နိုင်မည်ကို ချင့်ချိန်ကြည့်သည်။

"မင်း ဘာမှ မပူနဲ့ မင်း အောင်မြင်လာအောင် ကျုပ် လုပ်ပေးမယ်။ တစ်နေ့မှာ မင်းဟာ မုချ အောင်မြင်တဲ့ မင်းသမီး ဖြစ်ရမယ်"

မွန်ရိုးအတွက် လိုအပ်သည့် အစီအစဉ်များကို ပြုလုပ်တော့သည်။ ကုမ္ပဏီမှာ ရှိနေသည့် ဒါရိုက်တာများနှင့် တိုင်ပင်သည်။ ဇာတ်လမ်းများ ရှာဖွေသည်။ ဇာတ်ညွှန်းဆရာများနှင့် ညှိနှိုင်းသည်။ နောက်ဆုံး ဒါရိုက်တာ ဂျွန်ဟပ်စတန် ရိုက်ကူးမည့် အက်စ်ဖော့တော ဇာတ်ကားတွင် ထည့်သွင်းရိုက်ကူးရန် ဆုံးဖြတ်လိုက်ကြသည်။ ဇာတ်ညွှန်းကို မွန်ရိုးအား ပေးပြီး ဖတ်ခိုင်းသည်အထိ လိုက်လျောကြလေသည်။

သည်မှာပင် မေတ္တာဇာတ်လမ်းများ စကြပြန်၏။

အလှမကလေး၏ စပါးကြီးမြွေကဲ့သို့သော ညှို့ငင်ဖမ်းစားတတ်သည့် အလှတရားသည် ဂျော်နီကို ဖမ်းစားချေပြီ။ သူ့အလှမှာ ဂျော်နီ သစ်မူးမိချေပြီ။ အချောအလှ ရုပ်ရှင်မင်းသမီး တော်တော်များများနှင့် ဂျော်နီ ချစ်ခဲ့ကြိုက်ခဲ့ဖူးပါသည်။ သို့သော်လည်း မွန်ရိုးနှင့် ချစ်ရသည်လောက် စိတ်ချမ်းသာမှု မရှိခဲ့။ မွန်ရိုးလောက်လည်း စွဲမက်ခြင်း မရှိခဲ့။

"ရှည်ရှည်ဝေးဝေး ပြောနေရင် ကြာတယ်၊ မင်းကို ကိုယ်ချစ်နေပြီ"

ဟု တစ်ခွန်းသာ ပြောကာ မွန်ရိုးကို သူ့ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်သည်။

မွန်ရိုး လိုအပ်သမျှ အဝတ်အစား၊ စာအုပ်၊ လက်ဝတ်ရတနာ စသည်တို့ကို မညည်းမညူ ဝယ်ပေးသည်။ ဒေါ်လာ ထောင်ပေါင်းများစွာ ဘို့သည် မွန်ရိုးအတွက် ကုန်ကျလိုက်ရသည်။ တင်နေသော ကြွေးများကို လည်း ဂျော်နီကပင် ဆပ်ပေးလိုက်သည်။

တစ်နေ့တွင် သည်အခြေသို့ ဆိုက်လာမည်ဖြစ်ကြောင်း မွန်ရိုး သိပါသည်။သို့သော် သူ မရှောင်ဖြစ်။ ရှောင်နိုင်လောက်သည့် အင်အားနှင့် အခြေအနေလည်း သူ့မှာ မရှိ။ သူ့ဘဝတွင် ဂျော်နီသည် အရေးအကြီး ဆုံးသောပုဂ္ဂိုလ် ဖြစ်လာပြီကို မွန်ရိုး သဘောပေါက်ပြီး ဖြစ်သည်။ မိမိ သည်မှန်းချက်များ အထမြောက်တော့မည်ကို သိသည်၊ ထို့ကြောင့်လည်း သည်အန္တရာယ်မှ ရှောင်နိုင်ရန် ခက်ခြင်း ဖြစ်သည်။

ဂျော်နီသည် နှလုံးရောဂါသည် ဖြစ်သည်။ နှလုံးရောဂါကြောင့် ဆေးရုံသို့ နှစ်ကြိမ်တိုင်တိုင် တက်ဖူးခဲ့ပြီ။ ယခု တစ်ကြိမ် ဖြစ်မည်ဆိုလျှင် သူ့အသက်ကို ရနိုင်ရန် အကြောင်း မရှိတော့။ သေရမည့်ရက်ကို လက်ချိုး ရေတွက်နေရသည့်ကာလ ဖြစ်သည်၊ ထိုအကြောင်းများကို သူတို့ အားလုံး သိကြပြီး ဖြစ်သည်။

မွန်ရိုးသည် ဂျော်နီကို ချစ်ပါ၏။ သို့သော်လည်း လက်ထပ်ဖို့ကို စဉ်းစား၍ မရ၊ ဖရက်ဒီကာဂျာတုန်းက မိမိက လက်ထပ်လိုသည်။ ကာဂျာက ငြင်းပယ်သောကြောင့် လွဲခဲ့ရသည်။ ချစ်ခြင်းမေတ္တာတရားသည်

ရယူပိုင်ဆိုင်ခြင်း အတွက် ဖြစ်သည်ဟု ယုံကြည်ခဲ့သည်၊ ယခုအခါတွင် သူယုံကြည်ချက်များ ပြောင်းပြန်ပြီ။ ချစ်ခြင်းနှင့် ရယူပိုင်ဆိုင်ခြင်းသည် မည်သို့မျှ မသက်ဆိုင်ဟု ယုံကြည်နေပြန်ပြီ။ ထို့ကြောင့် တအံ့တွေးတွေး ဖြစ်နေသည့် ပြဿနာကို တစ်ယောက်ယောက်နှင့် တိုင်ပင်ရန် လိုအပ် လာပြီ။ ပထမဆုံး သူ ပြေးသတိရသည်မှာ ချစ်သူဟောင်း ကာဂျာပင် ဖြစ်သည်။ ကာဂျာသည် သည်လို ကိစ္စမျိုးတွင် ရင့်ကျက်သူ ဖြစ်၏။ အကောင်းဆုံး အကြံဉာဏ်ကို ပေးနိုင်မည့်သူ ဖြစ်၏။

"ဂျော်နီဟာ သနားစရာကောင်းတာ အမှန်ပါပဲ၊ သူ့ကိုလည်း ကိုယ်ချစ်ပါတယ်။ ဒါပေမယ့် သူနဲ့ လက်မထပ်နိုင်ဘူး၊ သူကလည်း လက်ထပ်ဖို့ပဲ နားပူနားဆာ လုပ်နေတယ်၊ ကိုယ် ဘာလုပ်ရမလဲ ဖရက်ဒီ"

သို့သော် ကာဂျာသည် မည်သို့သော အကြံဉာဏ်ကိုမျှ မပေးနိုင်ခဲ့။ မည်သို့သော နှစ်သိမ့်စကားကိုမျှ မပြောနိုင်ခဲ့။ သည်မိန်းကလေးသည် ချစ်ခြင်းမေတ္တာတရားနှင့် ပတ်သက်ပြီး ကံကောင်းသူလော၊ ကံဆိုးသူလော အပြောရခက်လောက်အောင်ပင် သူ့အတွေ့အကြုံများက အထူးအဆန်းများ ဖြစ်နေတတ်သည်။

ဂျော်နီသည် သူ့ဇနီး မိုဇယ်နှင့် ကွာရှင်းပြတ်စဲပစ်လိုက်သည်။ မွန်ရိုးကို လွတ်လွတ်လပ်လပ် လက်ထပ်ယူနိုင်ရန် ဖြစ်သည်။ ထို့နောက် ပိုင်းကာစပြီး သူတို့၏ အချစ်ဇာတ်လမ်းသည် အမြင့်ဆုံးသို့ ရောက်လာခဲ့၏။

တစ်ခါတစ်ရံ သန်းခေါင်ကျော် မနက် (၃) နာရီခန့်တွင် မွန်ရိုးက ဂျော်နီထံ တယ်လီဖုန်းဆက်ပြီး . . .

"ဒါလင်ရေ ချစ်စရာ အကြောင်းလေးတစ်ခုခု ပြောစမ်းပါကွယ်၊ ဒါမှ ဒါလင့်အကြောင်းကို စဉ်းစားရင်း အိပ်ပျော်သွားမယ်"

ဟု လှမ်းပြောနေတတ်သည်။

တစ်ခါတစ်ရံတွင် မိမိ ယခု ရေချိုးနေပြီ ဖြစ်ကြောင်း၊ ရေချိုးပြီးလျှင် မည်သည့်အဝတ်အစား ဝတ်ရမည်နည်းဟုလည်း လှမ်းမေးချင် မေးနေတတ်သည်။ တစ်ခါတစ်ရံ ဂျော်နီနှင့် အပြင်ထွက်ဖို့ ချိန်းထားသော အခါများတွင်လည်း ဘာအရောင် ဝတ်ခဲ့ရမည်နည်း၊ ဘယ်ဖိနပ် စီးခဲ့ရမည်နည်းဟူသည့် အသေးအဖွဲ ကိစ္စကလေးများကအစ ဂျော်နီကို မမေးဘဲ

မပြီးနိုင်ပေဘူး။

"တစ်သက်လုံး ဆင်းရဲဒုက္ခတွေနဲ့ နပန်းလုံးခဲ့ရတဲ့ သည်ကလေးမ စိတ်ချမ်းသာအောင် ထားရမယ်၊ သူ့ဘဝကို အနားပေးရမယ်"

ဟု ဂျော်နီက ပြောလေ့ရှိသည်။ ပြောသည့်အတိုင်းလည်း သူ အစွမ်းကုန် ကြိုးစားပါသည်။

ထိုအိမ်သစ်သို့ ပြောင်းလာရန် မွန်မိုးကို ခေါ်သည်။ မွန်မိုးက မပြောင်း။ နာတာရှာနှင့်အတူတူ နေမြဲနေသည်။ ထိုအိမ်သစ်သို့ ပြောင်း မသွားသော်လည်း များသောအားဖြင့် ထိုအိမ်မှာ ဂျော်နီနှင့် အတူသွားနေ သည်က များသည်။ ဟောလီးဝုဒ် တစ်လောကလုံးကလည်း ဂျော်နီနှင့် မွန်မိုးတို့ ပေါင်းသင်းနေကြပြီ ဖြစ်ကြောင်း သိနေကြပြီ။ မွန်မိုးကိုပင်လျှင် မွှစ်ဂျော်နီဟိုက် ဟူ၍ လည်းကောင်း၊ မာရီလင်မွန်မိုးဂျော်နီဟိုက် ဟူ၍ သည်းကောင်း ခေါ်ဝေါ်နေကြပြီ ဖြစ်သည်။

တကယ့်ဇာတ်လမ်း အမှန်မှာမူ သူတို့နှစ်ယောက်သည် တစ်အိမ် ဘည်း အတူ နေနေကြသော်လည်း လက်မထပ်ကြရသေး။ အမြန်ဆုံး သက်ထပ်ရန် ဂျော်နီက အမြဲ နားပူနားဆာ လုပ်နေသည်။ မွန်မိုးက ငြင်းမြဲ ငြင်းသည်။

"ဒါလင်ရယ် အခု ကိုယ်ကြိုက်သလို နေလို့ ရပြီပဲဟာ ဘာဖြစ်လို့ သက်ထပ်ရဦးမှာလဲ၊ မလိုတော့ပါဘူး"

ဟူသော စကားမျိုးဖြင့် ချေးသိပ်တတ်သည်။

"လိုတာပေါ့ကွာ၊ ငါက လောကမှာ တာရှည်နေရတော့မယ့်သူ မဟုတ်ဘူး၊ ဒီတစ်ခေါက် နှလုံးရောဂါ ပြန်ထလာရင် သေရတော့မှာ၊ ငါ သေသွားရင် မင်း မျက်နှာငယ်နဲ့ ကျန်ခဲ့မယ်။ အခုကတည်းက လက်ထပ် ထားလိုက်ရင် မင်းဘဝ ရှေ့ရေးအတွက် ဘာမှ ပူစရာ မလိုတော့ဘူး၊ ဒါကြောင့် ပြောနေတာ"

ချစ်လျှင် လက်ထပ်ရမည်သာ ဖြစ်ကြောင်း ဂျော်နီက ပြောသည်။ သခု မိမိတို့ချင်း ချစ်နေကြသည်က တစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း မွန်မိုးနှင့် လက်ထပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မိဇယ်နှင့် တွာရှင်း ပြတ်စဲခဲ့သည်က တစ်ကြောင်း၊ အိုးသစ်အိမ်သစ်များပင် ဝယ်ထားပြီး

ဖြစ်သည်က တစ်ကြောင်းတို့ကြောင်း အမြန်ဆုံး လက်ထပ်ခြင်းသည်သာလျှင် အမှန်ဆုံး ဖြစ်ကြောင်းများကို တတွတ်တွတ် ပြောပြသည်။

မွန်ရိုး၏ယုံကြည်ချက်များ ပြောင်းလဲနေပြီ။ ချစ်လျှင် လက်ထပ်ရမည်ဆိုသော ယုံကြည်ချက်သည် ကာကျာနှင့် ချစ်ရတုန်းကသာ ရှိခဲ့ဖူးသည်။ ယခု ထိုသို့ မဟုတ်တော့။ အထူးသဖြင့် ဂျော်နီနှင့် ချစ်ရသောအခါတွင် ထိုယုံကြည်ချက်သည် ပို၍ ပျောက်ကွယ်သွားတော့သည်။

အမှန်မှာတော့ ဂျော်နီကို လက်ထပ်မည်ဆိုလျှင် မိမိဘက်က မတရား။ ဂျော်နီလို သေခါနီး သူဌေးတစ်ယောက်ကို ပိုင်းခြင်းသာ ဖြစ်သည်ဟု အများက ပြောကြတော့မည်။ သည်လို အများတကာ အထင်အမြင်သေးခြင်းကိုမူ မွန်ရိုး မခံနိုင်။ မိမိအတွက် သူ့ဇနီးနှင့် ကွာရှင်းပြတ်စဲလိုက်သည်ကပင်လျှင် မိမိမတရားရာ ကျနေချေပြီ။ ထိုကြားထဲက သူ့ကို လက်ထပ်ယူပြီး သူသေသောအခါ သူ့ပစ္စည်းများကိုပါ မိမိက အပိုင်စီးဦးမည် ဆိုပါက လူအများက မိမိအပေါ် မည်သို့ မြင်ကြမည်နည်း။

ဂျော်နီကို လက်ထပ်ခြင်းသည် မရိုးသားသော အလုပ်တစ်ခုကို ကျူးလွန်လုပ်ကိုင်ခြင်းနှင့်သာ တူညီချေသည်ဟု မွန်ရိုး ယုံကြည်နေသည်။ ထို့ကြောင့် လက်ထပ်ရန် ပြောလာတိုင်း အကြောက်အကန် ငြင်းခဲ့သည်။ သူ့အိမ်သို့ ပြောင်းလာရန် ပြောတိုင်း အပြင်းအထန် ငြင်းဆန်ခဲ့သည်။ တရားဝင် ပြောင်းမလာသော်လည်း ထိုအိမ်မှာပင် ဂျော်နီနှင့် အတူနေနေပြီမို့ မလိုတော့ပါဟု မွန်ရိုးက ဆိုသည်။

ဂျော်နီကလည်း မပိုင်ဝက်မွေး မလုပ်ချင်။ ယခုလို အတူနေသည်မှာ မှန်သော်လည်း တရားဝင် မဟုတ်။ တရားဝင် ဖြစ်သွားအောင် တရားဝင် လက်ထပ်ရမည်။ တရားဝင် အတူတူ နေရမည်။

"အခုလည်း မထူးပါဘူး ဒါလင်ရယ်၊ ကျွန်မတို့ကို အကြင်လင်မယား အဖြစ်နဲ့ အားလုံးက အသိအမှတ် ပြုနေကြပြီပဲ မဟုတ်လား။ ပြီးတော့ ဒါလင့်ရင်ခွင်ထဲမှာ ကျွန်မ အမြဲတမ်း ရှိနေတယ်။ ဒါလင့်ကို ကျွန်မ ချစ်ပါတယ် ယုံပါ။ ဒါပေမယ့် ဒါလင့်ကို လက်ထပ်ရမှာ ကြောက်နေတယ်။ လက်ထပ်လိုက်ရင် အချစ်တွေ ပေါ့သွားလိမ့်မယ် ထင်တယ်၊ အခုအတိုင်း ချစ်နေရတာကမှ စိတ်ချမ်းသာသေးတယ်"

မွန်းနိုး ဘယ်လိုပြောပြော ကျော်နီ နားမဝင်။ ကျော်နီ ဘယ်လို ပြောပြော မွန်းနိုး လက်မခံနိုင်၊ ဆန့်ကျင်ဘက်နှစ်ဦးတို့၏ မေတ္တာဇာတ်လမ်း သည် သည်လိုဖြင့် တအုံ့နွေးနွေး ဖြစ်နေကြသည်။

ကျော်နီသည် မွန်းနိုး အောင်မြင်ရေး၊ သူ့ဘဝ အခြေတကျ ဖြစ်ရေး များကိုသာ အချိန်ရှိသမျှ ကြံဆ စီစဉ်နေသည်။ အောင်မြင်ကျော်ကြားမည့် ရုပ်ရှင်ကားများ တစ်ကားပြီးတစ်ကား မနားတမ်း ဆက်လက်ရိုက်ကူးနိုင် ရေးကို စီစဉ်နေသည်။ ဟောလီးဝုဒ် နယ်မြေတွင် ဩဇာတိက္ကမကြီးသူ ဖြစ်သောကြောင့် သူ့အရှိန်အဝါဖြင့် မွန်းနိုးကို ထိုးတင်ပေးရန်လည်း ကြိုးစား နေသည်။

မှန်တော့လည်း မှန်ပါသည်။ သူ့ အရှိန်အဝါကြောင့် မွန်းနိုးကို အများက လေးစားလာကြသည်။ အသိအမှတ် ပြုလာကြသည်။ ကမ်းလှမ်း သည့် ရုပ်ရှင်ကုမ္ပဏီများ ရှိလာသည်။

ရွှေပင်နား ရွှေကျေး ဆိုသည့်အတိုင်း မွန်းနိုး၏ ဘဝသည်လည်း အပြောင်းလဲကြီး ပြောင်းလဲလာ၏။ စောစောတုန်းကလို ကသီလင်တဖြင့် ဘမင်းနပ်မှန်အောင် စားရရေးကို ပြေးလွှား ရှာဖွေ မနေရတော့။ စံပြမယ် ကလေးဘဝဖြင့် ဆင်းဆင်းရဲရဲ မနေရတော့။ သူ့အတွက် လိုသမျှစရိတ်ကို ကျော်နီက စိုက်ထုတ်ပေးနေသည်။ အသုံးအစွဲကြီးသော သူ့အနေဖြင့် ငွေ အတွက် နောက်ဆံမတင်းရဘဲ ထင်သလို သုံးနိုင် စွဲနိုင်နေပြီ။

ထိုသို့ ရှိနေဆဲမှာပင် အက်စ်ဖော့တော အမည်ရှိ ဇာတ်ကား ရုံတင်ပြတော့သည်။ အများ မျှော်လင့်ကြသည့်အတိုင်း အောင်မြင်သော ဇာတ်ကားတစ်ကား ဖြစ်သွားသည်။ ပြီးတော့ မာရီလင်မွန်းနိုး ဟူသော အမည်လည်း ပရိသတ် ပါးစပ်ဖျားသို့ ရောက်သွားတော့သည်။ ရုပ်ရှင် ဝေဖန်သူများက ဇာတ်ကားကောင်းကြောင်း၊ မာရီလင်မွန်းနိုးကောင်းကြောင်း၊ အလားအလာ အလွန်ရှိသည့် မင်းသမီး ဖြစ်ကြောင်းများ ကို တခမ်းတနား ရေးကြသည်။

မွန်းနိုး အပျော်ကြီး ပျော်သွားသည်။ သူ့လိုပင် အပျော်ကြီး ပျော်သွားသူမှာ ကျော်နီ ဖြစ်သည်။ မွန်းနိုးက သူ့ဘဝအတွက် သူ မျှော်လင့် ချက်ကြီးခဲ့သလို ကျော်နီကလည်း မွန်းနိုးအတွက် မျှော်လင့်ချက်ကြီးကြီး

ထားသူ ဖြစ်ချေသည်။ သည်မိန်းကလေးကို အောင်မြင်လာအောင် သူ မြှောက်တောင်မြှောက်ပေးမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ယခု အကောင် အထည်ပေါ်လာသောကြောင့် ကျေနပ်မိခြင်း ဖြစ်သည်။

နောက်ကားများ ဆက်ရိုက်ရန် ပြင်ဆင်သည်။

ထိုသို့ ရှိနေဆဲမှာပင် ဂျော်နီ၏ နှလုံးရောဂါ အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာ၏။ ဆရာဝန်နှင့် မပြတ်ပြနေရသော အခြေအနေ သို့ ရောက်လာ၏။ ရောဂါဆိုးလာသည်နှင့်အမျှ ဂျော်နီအဖို့ လုပ်စရာတွေ များလာသည်။ မိမိ မသေမီ မွန်ရိုးအတွက် စိတ်ချရအောင် အစစ စီစဉ် ခဲ့ရမည်၊ သို့မှ မိမိ အသေဖြောင့်မည်ဟု သူ ယုံကြည်ထားသည်။

ထို့ကြောင့် သူနှင့် အလွန် ရင်းနှီးသော သူငယ်ချင်းလည်းဖြစ်၊ လုပ်ငန်းမန်နေဂျာလည်းဖြစ်သူ ဆင်မ်ဘတ်ကို ခေါ်ယူတိုင်ပင်သည်။

"ဒီကောင်မလေးအတွက် ကျုပ် အသေဖြောင့်မှာ မဟုတ်ဘူး။ သူ့အတွက် စိတ်ချရအောင် တစ်ခုခု လုပ်သွားချင်တယ်။ ဘာလုပ်ရရင် ကောင်းမလဲ၊ ပြောစမ်းပါဦး"

"သူနဲ့ လက်ထပ်ဖို့ဆိုတာက ဘယ်လိုလဲ"

"အဲဒါ ခက်တာပေါ့ဗျာ၊ ဒီကောင်မလေး သိပ်ခေါင်းမာတယ်၊ ကျုပ် အမျိုးမျိုး ပြောပြပြီးပြီ၊ ဘယ်လိုမှ နားမဝင်ဘူး၊ မာနကလည်း ခပ်ကြီးကြီးဆိုတော့ ကျုပ်ကို လက်ထပ်လိုက်ရင် ပစ္စည်းတွေကို မျှော်ကိုးပြီး သေခါနီး မသာလောင်းကြီးကို တမင်ယူလိုက်တာလို့ တခြားလူတွေ ထင်မှာ စိုးသတဲ့။ လက်ထပ်လိုက်ရင်တော့ ဘာမှ ပြဿနာ မပေါ်ပါဘူး၊ ကျုပ် လည်း စိတ်အေးသွားမယ်"

"တစ်မြို့လုံးကလည်း ခင်ဗျားတို့နှစ်ယောက် ညားနေကြတာကို သိနေတာပဲ၊ ဒီအခြေအနေ ရောက်နေမှတော့ ဘာမှ စဉ်းစားနေဖို့ မလိုပါဘူး"

"စဉ်းစားဖို့ မလိုတာက ကျွန်တော်တို့ဘက်က ပြောတာ၊ ခေါင်းမာ နေတာက သူ့ဘက်က၊ ကျုပ် သေချာပါတယ်၊ ဘယ်နည်းနဲ့မှ သူ ကျုပ်ကို လက်ထပ်မှာ မဟုတ်ဘူး၊ ဒါကြောင့် သူ့အတွက် စိတ်ချရအောင် တစ်ခုခု စီစဉ်ပေးခဲ့ချင်တယ်"

"ဒီလိုဆိုရင် အကောင်းဆုံးက ခင်ဗျား ဓါသထမ်းစာ ရေးထားဖို့ပဲ ရှိတယ်၊ ဒီလိုမှ မဟုတ်ရင် လက်ထပ်ထားတာ မဟုတ်တော့ ခင်ဗျား မရှိတဲ့ နောက် သူ ဘာမှ ရမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ ကျုပ်လည်း ဒါကိုပဲ စဉ်းစားမိလို့ ခင်ဗျားကို ခေါ်တိုင်ပင်တာ၊ လိုအပ်တာတွေ လုပ်ပေးပါဦးဗျာ"

ထိုနေ့က ဂျော်နီနှင့် ဆင်မ်ဘာတ်တို့နှစ်ဦး အကြာကြီး တိုင်ပင်ကြသည်။ မိမိ ပိုင်ဆိုင်သည့် ပစ္စည်းများ အားလုံးအနက် သုံးပုံတစ်ပုံကို မွန်ရိုးအား ပေးရန်၊ ကျန်နှစ်ပုံအနက် တစ်ပုံကိုသာ သားလေးယောက် အတွက် လည်းကောင်း၊ တစ်ပုံကို ကွာရှင်းပြတ်စဲထားပြီးဖြစ်သည့် ဇနီး ဟောင်းအတွက် လည်းကောင်း ခွဲဝေပေးရန် ဆုံးဖြတ်ကြသည်။

"နောက်တစ်ခုက မွန်ရိုးဟာ အိမ်ကောင်းကောင်းကို သိပ်ကြိုက် တယ်၊ ဒါကြောင့် ဒီအိမ် သူ့ကို ပေးရမယ်၊ ဒီအိမ်ဟာ သူစိတ်တိုင်းကျ ပြင်ထားတာ၊ ကျုပ်သေသွားတဲ့ နောက်ပိုင်းမှာ ဒီကောင်မလေးကို စောင့် ရှောက်ပါဗျာ၊ ရုပ်ရှင်လောကမှာ အောင်မြင်အောင်လည်း ကူညီပေးပါ။ ကျုပ်စိတ်ချပါရစေ၊ နောက်ပြီးတော့ နှစ်ဆယ်ရာစုမြေခွေး ရုပ်ရှင်မှာ သူ့ကို အပ်ခဲ့ချင်တယ်၊ အဲဒါလည်း အစီအစဉ် လုပ်ပေးပါဦး"

ဂျော်နီသည် မွန်ရိုးအတွက် လိုလေသေးမရှိအောင် စီစဉ်နိုင်း လိုက်သည်။ အမှန်တော့ ယခုအချိန်ကစပြီး မွန်ရိုး အမည် ကျော်ကြားစ ပြုလာပြီ။ ထိုအကြောင်းကိုလည်း ဂျော်နီ ကောင်းကောင်း သိပါသည်။ သို့မှုနှင့် စိတ်မချနိုင်ဘဲ အိပ်ရာထဲမှာပင် လိုအပ်သည်များကို ဂျော်နီ စီစဉ်နေသည်။

နှစ်ဆယ်ရာစုမြေခွေးရုပ်ရှင် အကြီးအကဲများကို မေတ္တာရပ်ခံပြီး မွန်ရိုးနှင့် စာချုပ်ရန် တိုက်တွန်းသည်။ ဂျော်နီ၏ ဩဇာကြောင့်ပင် (၁၉၅၀) ခုနှစ်၊ နိဝင်ဘာလအတွင်း၌ မြေခွေးရုပ်ရှင်နှင့် မွန်ရိုးတို့ (၇) နှစ် စာချုပ် ချုပ်ဆိုဖြစ်ကြသည်။ လောလောဆယ် တစ်ပတ်လျှင် ဒေါ်လာ (၇၅၀) ပေးမည်။ တစ်နှစ်ပြည့်ပြီးသောအခါ လုပ်ငန်းအခြေအနေနှင့် မွန်ရိုး၏ အောင်မြင်မှုကိုကြည့်ပြီး တိုးထက် ပိုပေးမည်။ တစ်ပတ်လျှင် ဒေါ်လာ (၇၅၀)ထက်တော့ မလျော့နည်းစေရဟု သဘောတူကြသည်။

သည်လောက်ဆိုလျှင် ဂျော်နီအဖို့ အတန်ငယ် စိတ်အေးသွားရပြီ။ (၇) နှစ်အတွင်း မုချ အောင်မြင်မည်ဖြစ်ကြောင်းကို သူယုံကြည်ထားသည်။

"မင်း ငါ သေရင် ခက်မယ်၊ အခုကတည်းက ကြိုးစားထား မင်းအတွက် စိတ်ချရအောင်လည်း ငါ အစွမ်းကုန် လုပ်နေတာပဲ။ အမှန်ကတော့ ငါနဲ့ လက်ထပ်လိုက်ရင် ဒါလောက် ပူပင်သောက ရောက်နေစရာမလိုဘူး။ ခုတော့ ငါ့မှာ အသေမဖြောင့်နိုင်အောင် ဖြစ်နေရတာပေါ့ကွာ"

အိပ်ရာပေါ်တွင် လဲနေရင်း သို့ကလို ဝမ်းနည်းစကား ပြောပြန်တော့လည်း မွန်ရိုး စိတ်မကောင်း ဖြစ်မိသည်။ သူ့ ရင်ဘတ်ပေါ်သို့ မျက်နှာမှောက်ချပြီး ငိုသည်။

"ဒါလင့် စေတနာတွေကို ကျွန်မ သိပါတယ် ဒါလင်ရယ်၊ ကျွန်မ စိတ်မကောင်းပါဘူး၊ ဒါလင်ကို ကျွန်မ လက်ထပ်လိုက်ရင် လူတကာက ကျွန်မကို ပိုင်းလုံးမလို့ ပြောကြတော့မယ်၊ ဒါလင့်ကို ကျွန်မ အသက်လောက် ချစ်ပါတယ်၊ လက်ထပ်ချင်ရက်နဲ့ ဇွတ်တင်းပြီး ငြင်းရတဲ့ ကျွန်မဒုက္ခကလည်း မသေးပါဘူး။ ဒါပေမယ့် အချစ်အတွက် အကြီးမားဆုံးသော စွန့်စားခြင်းနဲ့ စွန့်လွှတ်ခြင်းကို ကျွန်မ တစ်ပြိုင်တည်း လုပ်နေတာပါ"

မှန်ပါသည်။ ဂျော်နီကို မွန်ရိုး အလွန် ချစ်ပါသည်၊ စောစောပိုင်းကတော့ မိမိ၏ အောင်မြင်ကျော်ကြားရေး၊ ဘဝလုံခြုံရေးတို့အတွက် ဂျော်နီနှင့် တွဲခဲ့ခြင်း ဖြစ်သည်။ သည်လို တွဲလာရင်းဖြင့် ဂျော်နီ၏ မေတ္တာနှင့် စေတနာကို ကိုယ်တွေ့ ကြုံရသောအခါ ဂျော်နီကို နှစ်နှစ်ကာကာ ချစ်မိသည်။ သို့သော် အချစ်တစ်ခုတည်းဖြင့်တော့ ဂျော်နီကို လက်မထပ်နိုင်တော့။ ဂျော်နီ၏ ကူညီမှုကြောင့် မိမိ အောင်မြင်တော့မည်ကို အတတ်သိပြီး ဖြစ်သည်။ ထိုအောင်မြင်မှုတည်းဟူသော အမွေကိုသာ ဂျော်နီထံမှ ရယူတော့မည်၊ ကျန်သည့် စိတ်ဝေဒနာများကိုမူ အစွမ်းကုန် အံတင်းကာ ကြိတ်ခံတော့သည်။

(၁၉၅၀) ခုနှစ်၊ ဒီဇင်ဘာ (၁၆) ရက်၊ သောကြာနေ့။

ဂျော်နီဟိုက် နေမကောင်းသောကြောင့် အိမ်သို့ အမြန် ပြန်လာရန် ဂျော်နီ၏အတွင်းရေးမှူး ဗိုနာဟိုလိုဝေဇာ စတူဒီယိုထဲမှာ ရှပ်ရှင်

ရှိုက်နေသည့် မွန်ရိုးကို တယ်လီဖုန်းဆက်ပြီး လှမ်းခေါ်သည်။

မွန်ရိုးသည် ရိုက်လက်စ အခန်းများကို တန်းလန်းထားခဲ့ပြီး ကားကို ကသုတ်ကရက်မောင်းကာ အိမ်သို့ ပြန်ပြေးခဲ့သည်။ အိမ်ရောက်သောအခါ အိပ်ရာပေါ်တွင် နှလုံးရောဂါ၏ဒဏ်ကို အပြင်းအထန် ခံစားနေရသည့် ဂျော်နီကို တုန်လှုပ်ချောက်ချားဖွယ် သူတွေ့ရတော့သည်။

မိသားစု ဆရာဝန်နှင့် တိုင်ပင်သည်။ အိမ်မှာထားခြင်းထက် ဆေးရုံသို့ အမြန်ပို့ခြင်းက အကောင်းဆုံး ဖြစ်မည်ဟု နားလည်ကြသည်။ မွန်ရိုးသည် ဂျော်နီကို ယုယစွာ ပွေ့ယူကာ လီဘာနွန်ဆေးရုံသို့ အပြေးလာခဲ့သည်။ အောက်ဆီဂျင် သွင်းထားသော ဂျော်နီအနားမှ တစ်ဖဝါးမှ မခွာဘဲ အားပေးစကား ပြောသည်၊ ပြုစုသည်။

"မာရီလင်ကို ငါ့အိမ်သားတစ်ယောက် အဖြစ်နဲ့ မင်းတို့ ဆက်ဆံကြပါ၊ ငါ့ရဲ့ တရားဝင် ဇနီးတစ်ယောက်အနေနဲ့ သူ ရသင့်ရထိုက်တာတွေ အားလုံး အပြည့်အဝ ပေးကြပါ"

ဟု လေသံသဲ့သဲ့ဖြင့် ဂျော်နီက သူ့ အတွင်းရေးမှူး ဒိုနာကို အထပ်ထပ် မှာသည်။

နောက်တစ်နေ့ မနက်တွင် ဂျော်နီ၏ ဇနီးဟောင်း မိုဇယ်နှင့် သားများ ရောက်လာကြသည်။ မွန်ရိုးကို မိမိဇနီးတစ်ယောက် အဖြစ် အခွင့်အရေး အကုန်ပေးရမည် ဖြစ်ကြောင်း မိုဇယ်နှင့် သူ့ သားများကို အထပ်ထပ် ပြောပြန်သည်။

မိုဇယ်နှင့် သားများသည် ဂျော်နီအနားမှာ မွန်ရိုး ရှိနေခြင်းကို မနှစ်မြို့နိုင်ကြ။ သို့သော်လည်း ဂျော်နီကိုယ်တိုင်က မွန်ရိုးကို အနားမှ အခွာမခံနိုင်သောကြောင့် အပြောရခက်နေကြသည်။ မိုဇယ် အနေနှင့်မူ ကွာရှားပြတ်စဲပြီးသောဇနီး ဖြစ်သည့်အတွက် ဘာမှ ပြောဆိုပိုင်ခွင့် မရှိပါ။

မိမိကို သူတို့ မလိုလားကြကြောင်း မွန်ရိုးကလည်း သိပါသည်။ သို့သော် မာန အလွန်ကြီးသော မိန်းကလေးသည် ဂျော်နီအပါးမှ တစ်ဆံခြည်ပင် မခွာ။ ဂျော်နီ စိတ်ချမ်းသာအောင် သူတတ်သမျှ မှတ်သမျှနှင့် ပြုစုသည်။ အားပေးစကား ပြောသည်။ တယုတယ လုပ်သည်။ မိမိ အတွက် စိတ်ချပါမည့်အကြောင်း၊ အောင်မြင်သည့် မင်းသမီးတစ်ယောက်

ဖြစ်အောင် မိမိ မနားမနေ ကြိုးစားမည့် အကြောင်းများကို တတွတ်တွတ် ပြောကာ ဟတိပေးသည်။

သည်စကားများကို ကြားရသဖြင့် ရော်နီ ပျော်သွားသည်။ မိမိ ရေးထားခဲ့သည့် သေတမ်းစာအရ မွန်ရိုးသည် ငွေကြေးနှင့် ပတ်သက်၍ ပစ္စည်းဥစ္စာနှင့် ပတ်သက်၍ ပူပင်သောက ရောက်စရာလည်း ရှိတော့မည် မဟုတ်။ ထို့ကြောင့် မိမိ သေပျော်ပြီဟု သဘောပိုက်လိုက်တော့သည်။ စိတ်လည်း လျှော့ချလိုက်သည်။

ဒီဇင်ဘာ (၁၇) ရက်၊ စနေနေ့တွင် မွန်ရိုး၏ လက်ပေါ်မှာပင် ရော်နီ ကွယ်လွန်သွားတော့သည်။ မွန်ရိုး၏ အားကိုးရာ တောင်ကြီးကား ပြိုကျလေပြီ။ မွန်ရိုး၏ ကိုးကွယ်ရာ ပုဂ္ဂိုလ်ကြီးကား သူ့ကို ကျောခိုင်း သွားလေပြီ။

ရော်နီကို သဂြိုဟ်သည့်နေ့က ဆောက်တည်ရာ မရနိုင်အောင် ရော်နီ၏ နာမည်ကို တမ်းတပြီး ရှိုက်ကြီးတငင် ငိုနေသော မွန်ရိုးကို တွေ့မြင်ရသူတိုင်း စိတ်မထိခိုက်ဘဲ မနေနိုင်အောင်ပင် ဖြစ်ကြရသည်။ မျက်ရည် မစို့ဘဲ မနေနိုင်အောင် ဖြစ်ကြသည်။

ရော်နီ၏ သေတမ်းစာအရ သန်းပေါင်းများစွာ ချမ်းသာသော ရော်နီ၏ ပစ္စည်း သုံးပုံတစ်ပုံကို လည်းကောင်း၊ မွန်ရိုးနှင့် တွေ့ပြီး ရော်နီ ဝယ်ထားသည့် အိမ်သစ်ကို လည်းကောင်း မွန်ရိုး ရပေမည် ဖြစ်သည်။ သို့သော် ထိုအရာအားလုံးကို မွန်ရိုး စွန့်ပစ်လိုက်သည်။ အပ်တစ်ချောင်းပင် မယူဘဲ ရော်နီ၏ သားများနှင့် သူတို့မိခင် မိုဇယ်တို့ ကြိုက်သလို အသုံးပြု ရန် ကျေကျေနပ်နပ်နှင့် လွှဲပြောင်းပေးလိုက်သည်။

ထိုသတင်းကို ကြားရသူတိုင်းက မယုံကြည်နိုင်အောင် ဖြစ်ကြ သည်။ ဤမျှ များပြားသည့် ပစ္စည်းဥစ္စာများ၊ ငွေကြေးများကို စွန့်ပဲ့သော မွန်ရိုး၏ သတ္တိကို မလေးစားဘဲ မနေနိုင်အောင် ဖြစ်ကြသည်။

သတ္တိခဲမကလေးသည် တစ်ခါတစ်ရံတွင် အလွန် အသည်းမာသူ ဖြစ်၏။ ရော်နီကို ကြိုက်ခြင်းသည် ရော်နီ၏ ပစ္စည်းများကို မက်မော သောကြောင့် ဖြစ်သည်ဟူသော အထင်အမြင်မျိုးကို သူ လက်မခံနိုင်။ လူတစ်ယောက်လုံးကိုပင် စွန့်လွှတ်နိုင်ခဲ့ပါလျက် ဤမျှသော ပစ္စည်းကို

ဘာကြောင့် မစွန့်လွှတ်နိုင်ရမည်နည်း။

အကြီးမားဆုံးသော စွန့်လွှတ်ခြင်းဖြင့် ဖြူစင်သန့်ရှင်းသော သူ၏ မေတ္တာတရားကို သက်သေထူပြလိုက်လေတော့သည်။

သို့သော် ဂျော်နီသည် သူ့အသည်းနှလုံးထဲမှ ထွက်မသွားနိုင်၊ ဂျော်နီ အလောင်း မြေကျပြီးသည့် အချိန်မှစပြီး မွန်ရိုးသည် ညအိပ်ရာထဲမှ မထတော့၊ အိပ်ခန်းတွင်းမှ မထွက်တော့၊ အိပ်ပျက်ရသော ညပေါင်းလည်း မရေမတွက်နိုင်လောက်အောင် များလာသည်။ စိတ်ထိခိုက်သည့် ဝေဒနာကိုလည်း ပြင်းထန်စွာ ခံစားနေရသည်။

နောက်ဆုံး စိတ်ငြိမ်ဆေးများကိုစားပြီး သက်သာရာကို ရှာရလေတော့၏။ ရက်ပေါင်းများစွာ အိမ်ထဲမှ မထွက်ဘဲ အလွမ်းဒဏ်၊ စိတ်ဆင်းရဲမှုဒဏ်ကို ခံစားနေရသည်၊ အိပ်မပျော်လေ အိပ်ဆေးသောက်လေ၊ စိတ်ထိခိုက်လေ စိတ်ငြိမ်ဆေး သောက်လေဖြင့် ထိုကစပြီး အိပ်ဆေးများ၊ စိတ်ငြိမ်ဆေးများသည် မွန်ရိုး၏ ဘဝအတွင်းသို့ အကုသိုလ်များသဖွယ် ဝင်ရောက် တွယ်ကပ်လေတော့သည်။

ထိုကစပြီး ထိုဆေးများသောက်သည့် အကျင့်ကြီး စွဲကပ်ခြင်းကို ခံရလေတော့သည်။

* * *

## အောင်မြင်မှုများနှင့်အတူ

ဂျော်နီဟိုက် ကွယ်လွန်ပြီး နောက်ပိုင်းတွင် သူ စီစဉ်ပေးခဲ့သည့် အစီအစဉ်များအရ ရုပ်ရှင်ဇာတ်ကားများကို မြေခွေးရုပ်ရှင်တွင် အဆက်မပြတ် ရိုက်နေရသည်။

မာရီလင်မွန်ရိုး အောင်မြင်လေပြီ။

သံတင်းစာများကလည်း သူ့အကြောင်းကို ဂရုတစိုက် ရေးနေကြပြီ။ ရုပ်ရှင်ဝေဖန်သူများကလည်း သူ့ကို ချီးကျူးကြပြီ။

(၁၉၅၁) ခုနှစ် အတွင်းမှာ ပြဇာတ်ရေးဆရာ အာသာမီလာနှင့် မွန်ရိုးတို့ တွေ့ကြသည်။ အာသာမီလာသည် မွန်ရိုး၏ တတိယခင်ပွန်း ဖြစ်လာမည့်သူပင်။

မီလာကို တွေ့လျှင်တွေ့ချင်းပင် မွန်ရိုး သဘောကျသွားသည်။ ပထမခင်ပွန်း ဂျင်မီနှင့် ကွာရှင်းပြီးကတည်းက သူ မျှော်လင့်စောင့်စားနေသော ယောကျ်ားမျိုးသည် မီလာလို ရင့်ကျက်သူမျိုး ဖြစ်သည်။

ထိုအချိန်က မီလာမှာ အိမ်ထောင်နှင့် ဖြစ်သည်။ အောင်မြင်ကျော်ကြားသော ပြဇာတ်စာရေးဆရာလည်း ဖြစ်သည်။

ရုပ်ရှင်အကြောင်း၊ ပြဇာတ်များအကြောင်း၊ စာပေအကြောင်း နိုင်ငံရေးအကြောင်းများကို သူတို့ ဆွေးနွေးကြသည်။ စာအမြဲဖတ်လေ့ရှိသူ မွန်ရိုးနှင့် စကားပြောကြည့်သည့်အခါ အလွန် ဗဟုသုတ ကြွယ်ဝသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသဖြင့် မီလာ အံ့သြမိသည်။

ရုပ်ရှင်နှင့် ပြဇာတ်ကိုထား၍ နိုင်ငံရေးနှင့် စာပေအကြောင်းတို့

ကျယ်ကျယ်ပြန့်ပြန့်ကြီး ဆွေးနွေးနိုင်ကြောင်းကိုပါ တွေ့ရလေသည်။

မီလာကိုယ်တိုင်မှာ ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်သူ ဖြစ်လေရာ လက်ဝဲဝါဒသမားကလေး မွန်ရိုးနှင့် အံကိုက် ဖြစ်နေတော့သည်။

"သူနဲ့တွေ့ဆုံရတာ ကျွန်မရင်ထဲမှာ တလှပ်လှပ် ဖြစ်နေတယ်၊ ကျွန်မ ခြေဖျားကလေးတွေကိုများ သူကိုင်ကြည့်နေတာလေ ရင်ထဲမှာ ဘယ်လို ခံစားရမှန်း မသိဘူး၊ ပြီးတော့ ကျွန်မတို့နှစ်ယောက် တစ်ယောက် မျက်လုံးကို တစ်ယောက် စိုက်ကြည့်နေကြတယ်၊ တစ်ညနေလုံးပါပဲ၊ ကျွန်မ ဖြင့် သူ့မျက်လုံးတွေကို ကြည့်လို့ကို မဝနိုင်ဘူး၊ သူလည်း ဒီလို နေမှာပဲ"

ဟု အာသာမီလာနှင့် တွေ့ပြီး ပြန်လာသော မွန်ရိုးက နာတာ ရှာကို ပြန်ပြောပြသည်။

အာသာမီလာသည် ထိုစဉ်က ဘရွတ်ကလင်မြို့တွင် ဇနီးဖြစ်သူ မေရီစလက်ထရီ၊ သားကြီးရောဘတ်၊ သမီးငယ် ဂျိန်းတို့နှင့်အတူ နေထိုင် လျက်ရှိသည်။ ပြဇာတ်ကိစ္စ၊ ဇာတ်ညွှန်းကိစ္စများအတွက် ဟောလီးဝုဒ်သို့ မီလာ ရောက်လာရင်း မွန်ရိုးနှင့် တွေ့ဆုံကြခြင်း ဖြစ်သည်။

မီလာသည် မွန်ရိုး၏ အနုပညာနှင့် ပတ်သက်သည်များကိုပါ ဆွေးနွေးဝေဖန်ခြင်း၊ အကြံဉာဏ်ပေးခြင်းများ ပြုလုပ်သွားသည်။ ဘရွတ် ကလင်သို့ မီလာ ပြန်သွားသော်လည်း သူတို့ချင်း စာအဆက်အသွယ် မပြတ် ရှိနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် အချစ်အကြောင်းများ ကို မပြောကြသေးသော်လည်း စာကိုမူ အမြဲမပြတ် အပြန်အလှန် ရေးနေ ကြသည်။ ရုပ်ရှင်အကြောင်း၊ ပြဇာတ်အကြောင်း၊ စာပေအကြောင်း၊ ပြီးတော့ နိုင်ငံရေးအကြောင်းများကိုပါ ရေးကြခြင်း ဖြစ်သည်။

မြေခွေးရုပ်ရှင်ကုမ္ပဏီနှင့် ဇာတ်ကား (၆) ကားကို ရိုက်ကူးပြီး သည့်အခါ မွန်ရိုး၏ အောင်မြင်မှုသည် သိသိသာသာကြီး မြင့်တက်လာပြီ ဖြစ်၏။ လစာအဖြစ် ရက်သတ္တတစ်ပတ်လျှင် ဒေါ်လာ (၁၅၀၀)လည်း ရနေပြီ၊ စီးပွားရေးအခြေအနေ အတော်အသင့် ကောင်းလာသည်။

သို့သော်လည်း ဂျော်နီဟိုက် သေဆုံးရခြင်းသည် မွန်ရိုးကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း ဟောလီးဝုဒ်ရှိ လူအများက ယုံကြည်နေကြ သည်။ ဂျော်နီ၏ ဆန္ဒအတိုင်း လက်ထပ်လိုက်မည် ဆိုလျှင် ယခုကဲ့သို့

စောစောစီးစီး သေဦးမည် မဟုတ်။ အသက်ရှည်နိုင်သေးသည်၊ အဆင့်အတန်းမြင့်သော ရုပ်ရှင်ကားများကို ထုတ်လုပ်သွားနိုင်ဦးမည်၊ ယခုမူ သူ့ဆန္ဒကို ဆန့်ကျင်ပြီး မွန်ရိုးက ငြင်းပယ်နေသောကြောင့် စိတ်ထိခိုက်ကာ နှလုံးရောဂါ၏ ဖိစီးခြင်းကို ခံရပြီး မသေသင့်ဘဲ သေသွားရခြင်း ဖြစ်သည် ဟု ပြောဆိုနေကြသည်။

ထိုအကြောင်းများကို မွန်ရိုးလည်း ပြန်ကြားနေရသည်၊ သို့သော် သူ့တွင် ဖြေရှင်းပိုင်ခွင့် မရှိ၊ ကြာတော့ အများပြောသလိုပင် မိမိကြောင့် ဂျော်နီ အသေစောရလေသလားဟုပင် သံသယစိတ် ဝင်လာသည်၊

ထိုသို့ သံသယစိတ်ဝင်သည်နှင့် တစ်ပြိုင်တည်း မူလကတည်းက ဂျော်နီအတွက် စိတ်ထိခိုက်နေရသည့် မွန်ရိုးသည် ပိုမိုစိတ်မချမ်းသာနိုင်အောင် ဖြစ်လာတော့၏။ စိတ်မချမ်းသာသည်နှင့်အမျှ စိတ်ငြိမ်ဆေးများကို ပို၍ ပို၍ စားလာတော့၏။ စိတ်မချမ်းသာသည်နှင့်အမျှ အိပ်မပျော်သည့် အခါတိုင်း အိပ်ဆေးသောက်ရသည့် အခြေအနေသို့ ရောက်လာသည်။

မွန်ရိုး၏ အဖြစ်အပျက်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသူမှာ နာတာရှာ ဖြစ်သည်။ သူတို့နှစ်ယောက်သည် မခွဲခွာစတမ်း နှစ်ယောက်အတူ နေလျက်ပင် ရှိကြသည်၊ မွန်ရိုး၏ အောင်မြင်မှုများအတွက် အစွမ်းရှိသမျှ နာတာရှာက ဆောင်ရွက်ပေးနေသည်။ တစ်အိမ်တည်းတွင် အတူနေကြပြီး သွားအတူ၊ လာအတူ ဘဝဖော် ဖြစ်နေသောကြောင့် စိတ်ငြိမ်ဆေးနှင့် အိပ်ဆေးများကို မှီဝဲနေသည့် မွန်ရိုးအတွက် စိုးရိမ်လာသည်။

ထိုအကြောင်းနှင့် ပတ်သက်ပြီး မွန်ရိုးအတွက် သူ အတတ်နိုင်ဆုံး ဖျောင်းဖျပါသေးသည်။

"မလွယ်ဘူး နာတာရှာ၊ စိတ်ထိခိုက်စရာတွေက များလွန်းတယ်၊ ဂျော်နီသေရတဲ့အတွက်လည်း စိတ်မချမ်းမသာ ဖြစ်မိတယ်၊ ဂျော်နီဟာ ကျွန်မကြောင့် သေရတယ်ဆိုပြီး ဘေးလူတွေက စကားတင်း ဆိုကြတော့ လည်း ခံပြင်းမိတယ်၊ ကျွန်မမှာ ပြန်ဖြေရှင်းဖို့က အခွင့်အရေး မရှိဘူး၊ အိပ်မပျော်ရင် အိပ်ဆေးသောက်မှ ဖြစ်တော့မယ်၊ စိတ်ထိခိုက်ရင် စိတ်ငြိမ်ဆေးသောက်မှ ဖြစ်တော့မယ်၊ ဒီထက် ပိုပြီး အလွန်အကျွံ မသောက်မိအောင်တော့ ဆင်ခြင်ပါ့မယ်"

သည်က အစပြုပြီး ထိုဆေးများ စွဲလာခဲ့သည်။ နောက်ဆုံး သည်ဆေးများကြောင့်ပင် သူ့အသက် ဆုံးရှုံးရသည်အထိ ဖြစ်လာမည်ကို သူတို့ မသိနိုင်ကြပါချေ။

မြေခွေးရုပ်ရှင်နှင့် ဇာတ်ကားများ ရိုက်ကူးနေဆဲမှာပင် ညာ၏ ပဋိပက္ခ ဇာတ်ကားကို အာကေအိုကုမ္ပဏီနှင့် ရိုက်ကူးရန် စာချုပ်လိုက်သည်။ ထိုသို့ အခြားကုမ္ပဏီနှင့် စာချုပ်သည့်အတွက် မြေခွေးရုပ်ရှင်က မကျေနပ်။ သို့သော်လည်း ဂျော်နီဟိုက် မသေမီက မေတ္တာရှပ်ခဲ့သွားသည့် ဇာတ်ကားများကြောင့် သူတို့ လက်ပိုက်ကြည့်နေလိုက်ကြရသည်။ ဂျော်နီကို လေးစားမှုဖြင့် ခွင့်လွှတ်လိုက်ကြရသည်။

ညာ၏ပဋိပက္ခ ရုံတင်ပြသောအခါ "အလွန်တော်သည့် မင်းသမီး၊ မွေးရာပါဗီဇ ပါလာပြီး ပါရမီရင့်ကျက်သော မင်းသမီး၊ အနုပညာ အလွန် ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်သည့် မင်းသမီး" စသည်ဖြင့် သတင်းစာများ၊ ရုပ်ရှင်ဝေဖန်သူများက ဝိုင်းဝန်းရေးသား ချီးကျူးကြသည်။

ထို့ကြောင့် (၁၉၅၂) ခုနှစ် နွေလများက စပြီး မွန်ရိုး၏ အမည် သျှမ်းလျှမ်းတောက် ကျော်ကြားလာသည်ဟု ဆိုနိုင်သည်။

ထိုနှစ်ထဲမှာပင် ရှေ့အိပ်မက်များ၏သမီးပျို အမည်ရှိ ပြက္ခဒိန် ချက်နှာဖုံးတွင် မွန်ရိုး၏ ကိုယ်တုံးလုံးပုံ ပါရှိလေရာ ရုပ်ရှင်လောကမှာ ချက်ချက်သဲသဲ ဖြစ်သွားသည်။ ယင်း ဓာတ်ပုံသည် မွန်ရိုး ဆင်းရဲနေစဉ်က ဓာတ်ပုံဆရာ တွမ်ကယ်လီ ရိုက်သွားသည့် ဓာတ်ပုံပင် ဖြစ်သည်။

တစ်ဖက်က နာမည် ကျော်ကြားလာသည်နှင့်အမျှ တစ်ဖက်ကလည်း နာမည်ပျက်စရာ အကြောင်း ပေါ်လာခြင်း ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး သတင်းစာများက မွန်ရိုးကို ဝိုင်းဝန်း ရှုတ်ချကြပြန်သည်။ ဤမျှ အောင်မြင်ကျော်ကြားစ ပြုလာပြီဖြစ်သော မင်းသမီးတစ်ယောက် အနေဖြင့် ယခုကဲ့သို့ စံပြဓာတ်ပုံမျိုး အရိုက်မခံသင့်ဟု အကြောင်းပြကြသည်။

သူ့အဖို့ ရုပ်ရှင်နယ်မှာ အသိအကျွမ်းလည်း များလာပြီ။ မွန်ရိုးကို ခဲတ်ကပ်လိမ်းခြယ်ပေးရသူ စနိုက်ဒါ၊ ဆံပင် အလှပြင်ပေးရသူ အက်ဂနက် ပလာနာဂန်၊ မွန်ရိုး၏ သတင်းစာဆက်သွယ်ရေးတာဝန်ခံ ရူပတ်အလေင်

တို့သည် မွန်ရိုးနှင့် အလွန် ရင်းနှီးသူများ ဖြစ်လာကြသည်။

နာမည် ကျော်ကြားလာသည်နှင့်အမျှ သတင်းထောက်တို့သည် မွန်ရိုး၏လှုပ်ရှားမှုကို အမြဲမပြတ် စောင့်ကြည့်နေကြသည်။ ထူးထူးခြားခြား တစ်ခု ဖြစ်သည်နှင့် တစ်ပြိုင်တည်း မျက်နှာဖုံးသတင်းအဖြစ် မလွတ်တမ်း ရေးကြတော့သည်။ ထို့ကြောင့် အစစအရာရာ သတိထားနေရပြီ။

ရော်နီနှင့် ပတ်သက်၍ စိတ်မချမ်းသာမှုများကို ကျိတ်မှိတ်ခံစား နေရဆဲမှာပင် ပြက္ခဒိန်ပြသနာက ပေါ်လာလေရာ အမြဲတမ်းလို စိတ်ထိခိုက်နေသော မွန်ရိုးကို အများက သတိထားမိလာသည်။ တစ်ခါတစ်ရံ ရုပ်ရှင်ရိုက်နေခိုက် သူ့ အနားယူခန်းထဲသို့ ဝင်သွားပြီး နာရီပေါင်းများစွာ ထွက်မလာဘဲ ငိုင်နေတတ်သည်။ ငေးချင်ရာ ငေးနေတတ်သည်။

ထိုသို့ စိတ်သောက ရောက်ရလေ စိတ်ငြိမ်ဆေးများ သောက်ရလေဖြင့် စိတ်ဝေဒနာသည် စွဲကပ်စ ပြုလာပြီ ဖြစ်၏။

အလွမ်းမင်းသမီးကလေး ဘဝဖြင့် တကယ့်ဘဝတွင် အသက်ရှင် နေရသော်လည်း ရုပ်ရှင်ဝေဖန်သူများ၏ ဝေဖန်ချက်က သူ့လက်ရှိဘဝနှင့် ဆန့်ကျင်နေပြန်သည်။ မွန်ရိုးသည် အလွမ်းဇာတ်ကားများကို မရိုက်သင့်ကြောင်း၊ သူနှင့် မလိုက်ဖက်ကြောင်း၊ ပျော်ရွှင်စရာကောင်းသည့် ဇာတ်မြူးများကိုသာ ရိုက်သင့်ကြောင်း၊ ထိုသို့ ဇာတ်မြူးများ ရိုက်မည် ဆိုပါက ယခုထက် ပိုမို အောင်မြင်မည် ဖြစ်ကြောင်းများကို ရေးသား အကြံပေး လျက် ရှိကြသည်။

ထိုစကားလည်း မှန်နိုင်ပါသည်။ မြေခွေးရုပ်ရှင်နှင့် ဇာတ်ကား ပေါင်း (၁၆) ကား ရိုက်ခဲ့သည့်အနက်၊ ထူးထူးခြားခြား အောင်မြင်သော ဇာတ်ကားသည် (၅) ကားသာ ရှိသည်။ ယင်းကားများမှာ ပြန်လမ်းမရှိသော မြစ်၊ ဘတ်စ်ကားမှတ်တိုင်၊ လူကြီးလူကောင်းများသည် ဆံပင်နီမကလေး များကို ပိုမို နှစ်သက်ကြ၏၊ ခုနစ်နှစ်ကြာ ယားနာနှင့် သန်းကြွယ်သူဌေးတို့ ဘယ်လို လက်ထပ်မယ်တို့ ဖြစ်ကြသည်။

နိုင်ယာဂါရာသည် အခြားကားများလောက် ဝင်ငွေ မကောင်းလှ။ သို့သော် ထိုကားတွင် မွန်ရိုး၏ အလှသည် ထင်းထင်းကြီး ပေါ်ခဲ့သည်ဟု အများက လက်ခံခဲ့သည်။ ထိုအချိန်က မွန်ရိုး၏ ခန္ဓာကိုယ်သည်လည်း

အချိုးအစား အပြေပြစ်ဆုံးအချိန် ဖြစ်သည်။

ပရီမင်ဂျာကဲ့သို့သော ဒါရိုက်တာကောင်းများ၊ ဒါရိုင်ဇနပ်ကဲ့သို့သော ရုပ်ရှင်ထုတ်လုပ်သူကောင်းများနှင့် ဆုံစည်းရကာ သူတို့ထံမှ ပညာများ ဆည်းပူးရခြင်းသည် သူ့ဘဝတွင် အောင်မြင်မှုကို ပိုမို ရရှိစေမည့် အကြောင်းများလည်း ဖြစ်လေသည်။

သို့သော် ပရီမင်ဂျာနှင့် မှန်ရိုးသည် မျက်နှာကြော တည့်လှသည်တော့ မဟုတ်။ နာတာရှာကို ပရီမင်ဂျာက အလုပ်ထုတ်ဖူးသည်။ သို့သော်လည်း မှန်ရိုးက ထုတ်လုပ်သူ ဒါရိုင်ဇနပ်ကို အကျိုးအကြောင်း ပြောပြပြီး နာတာရှာကို အလုပ် ပြန်သွင်းနိုင်းသောကြောင့် နာတာရှာ အလုပ်ပြန်ခဲ့ရ၏။ ထိုအချက်ကို အကြောင်းပြုပြီး ပရီမင်ဂျာအပေါ် မှန်ရိုး၏ စိတ်ထဲတွင် အကျိတ်အခဲ ဖြစ်နေသည်။

ပရီမင်ဂျာကမူ ထိုသို့ မဟုတ်။ သူ့အလုပ်ကို ပျက်စီးအောင် နာတာရှာက ဝင်ရောက် အနှောင့်အယှက်ပေးသောကြောင့် အလုပ်ဖြုတ်ပစ်ခြင်း ဖြစ်သည်။ ပြန်ခန့်ရမည် ဆိုလျှင်လည်း နောင် မနှောင့်ယှက်ပါဘူးသော ကတိပေးမှသာလျှင် ပြန်ခန့်နိုင်မည်ဟု ဆိုခဲ့သည်။

မှန်ရိုး၏ အနုပညာ အရည်အသွေးကို ကောင်းစွာ သိသည့် အနုပညာသမား ဖြစ်သောကြောင့်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မှန်ရိုးနှင့် ကားကောင်းတစ်ခု ရိုက်ခွင့်ကြုံဖို့ကိုသာ မျှော်လင့်နေသူ ဖြစ်သည်။

* * *

## ဒုတိယမြောက် ရုံးစာရင်

အာသာမီလာနှင့် စာအဆက်အသွယ်များဖြင့် ရင်းနှီးနေကြခိုက် မှာပင် (၁၉၅၂) ခုနှစ်၊ ဧပြီလအတွင်းက ဂျိုးဒီမက်ဂီယိုကို တွေ့ရသည်။

"မာရီလင်၊ ကျွန်မတို့ ရှင့်ကို စောင့်နေတာ တစ်နာရီ ရှိသွားပြီ ဒီနေ့ ချိန်းထားတာ မေ့သွားပြီလား"

ဟု သူ့သူငယ်ချင်း တစ်ယောက်က တယ်လီဖုန်း လှမ်းဆက်သည်။

ရုပ်ရှင်ကားရိုက်ပြီး ပြန်လာသော မွန်ရိုးသည် အဝတ်ပါးကလေးကို ဝတ်ကာ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း မာတီနီသောက်နေခိုက် ဖြစ်သည်။ ထိုအခါကျမှပင် ယနေ့ညနေ သူတို့ ချိန်းထားသည့် အချိန်းအချက်ကို သတိရတော့သည်။

"ဟုတ်ပါရဲ့ရှင်၊ ကျွန်မ အားနာလိုက်တာ၊ တစ်ဆိတ် သူတို့ကို တောင်းပန်ပေးပါ။ ဒီနေ့ အစီအစဉ်ကို ဖျက်ပေးပါလို့၊ ကျွန်မ သိပ်ပင်ပန်း နေတယ်၊ အပြင်ကို ဘယ်နည်းနဲ့မှ ထွက်နိုင်မှာ မဟုတ်တော့ဘူး။ ကျွန်မကို ခွင့်လွှတ်ပါနော်"

သူ တောင်းပန်သည်ကို သူတို့ သဘောပေါက်နားလည်ကြပါသည်။ တစ်နေကုန် ပင်ပန်းတကြီး ရုပ်ရှင်ရိုက်ထားရသော မင်းသမီးတစ်ယောက် အဖို့ ယခုလို ညနေပိုင်းတွင် မည်မျှ ပင်ပန်းနွမ်းနယ်နေမည် ဖြစ်ကြောင်း သူတို့ နားလည်နိုင်ကြပါသည်။ ခွင့်လွှတ်နိုင်ကြပါသည်။

မွန်ရိုးနှင့် ချိန်းထားသူများထဲတွင် ဒီမက်ယို ပါသည်။

ဒီမက်ဂီယိုသည် နာမည်ကျော်ဘေ့စ်ဘော ချန်ပီယံ ဖြစ်သည်။ ကမ္ဘာ့ပြိုင်ပွဲ (၉) ပွဲတွင် အမေရိကန်ပြည်ကို ကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်

ကစားခဲ့သူ ဖြစ်သည်။ သို့သော်လည်း ယခုနှစ်မှ စတင်ပြီး ဘော့စ်ဘော အားကစားသမားအဖြစ်မှ အနားယူလိုက်သည်။ သူ၏ အငြိမ်းစားလစာ သည် တစ်နှစ်လျှင် ဒေါ်လာတစ်သိန်း ဖြစ်သည်။

သူ့နာမည်ကို (၁၉၄၁) ခုနှစ်ကတည်းက မွန်ရိုး ကောင်းစွာ ကြားခဲ့ ဖူးသည်။ထိုစဉ်က မွန်ရိုးသည်လည်း ဘော့စ်ဘော ကစားနေခိုက် ဖြစ်သည်။ မိဘမဲ့ကလေးများဂေဟာကတည်းက သူလည်း ကျောင်းတွင်း ချန်ပီယံ တစ်ဦး ဖြစ်ခဲ့သည်။

ဒီမက်ဂီယိုကို မြင်သောအခါ မွန်ရိုး သဘောကျမိပြန်သည်။ အရပ် ထောင်ထောင်မောင်းမောင်းဖြင့် အဝတ်အစား သားနားစွာ ဝတ်တတ်သော ဒီမက်ဂီယိုသည် အားကစားချန်ပီယံတစ်ဦးနှင့် မတူ။ဘဏ်တိုက်ဒါရိုက်တာ တစ်ဦးနှင့် တူနေသည်ဟု မွန်ရိုးစိတ်ထဲ ခံစားရသည်။ ပြီးတော့ တစ်ယူသန် တစ်ဇွတ်ထိုးသမား မဟုတ်။ မည်သည့် အရာတွင်မဆို မျှမျှတတ စဉ်းစား တတ်သူ ဖြစ်သည်။ ထိုအချိန်တုန်းက ဒီမက်ဂီယိုသည် ဆန်ဖရန်စစ္စကိုမြို့ အကြောင်းကို စကားစပ်မိကြသည်။ ရုပ်ရှင်ကြော်ငြာကိစ္စကို အကြောင်းပြု ပြီး မွန်ရိုး ရောက်ဖူးသည်။

"မြို့ကို ကြိုက်ရဲ့လား၊ ဘယ်လိုမြင်သလဲ"

ဟု ဒီမက်ဂီယိုက မေးသည်။

"တောင်ကုန်းပေါ်က တက်ကြည့်ရင် သိပ်လှတာပဲ၊ ဒါပေမယ့် ကျွန်မ ရောက်တဲ့နေ့က နည်းနည်း ပိုအေးတယ်လို့ ထင်ရတယ်"

"ကျွန်တော်တို့ မြို့က အမြဲ အေးနေတဲ့ မြို့ပါပဲ။ အဲဒီနေ့ တစ်နေ့ ဘည်း မဟုတ်ပါဘူး။ ဒါကြောင့် အအေးစက် တပ်ထားတဲ့ မြို့လို့တောင် ဘချို့က ခေါ်ကြပါတယ်"

သူတို့နှစ်ယောက် စတင် တွေ့ကြသည့် ရက်သတ္တတစ်ပတ်အတွင်း မှာပင် မွန်ရိုးနှင့် ဒီမက်ဂီယိုတို့နှစ်ဦး လေးကြိမ်ထက်မနည်း ညစာ အတူ စားကြသည်။ ကပွဲသို့ သွား၍လည်း ကလိုက်ကြသေးသည်။ မြို့ပြင်သို့ ထွက်ကာ ကားမောင်းကြသေးသည်။

တွေ့တွေ့ချင်းပင် သူတို့နှစ်ယောက် အပြန်အလှန် ရင်းနှီးသွားကြ သည်။ ငယ်ငယ်က မိမိ ကစားခဲ့သည့် ဘော့စ်ဘောအကြောင်းများကို

မွန်ရိုးက ပြောပြသည်။ မိမိ ငယ်ကတည်းက သူ့နာမည်ကို ကြားခဲ့ဖူး ကြောင်းများပါ ပြောပြသည်။

ထိုအချိန်က မွန်ရိုးတွင် စိတ်သောက ရောက်စရာ အကြောင်းများ ထပ်တလဲလဲ ပေါ်နေသည်။ ဂျော်နီဟိုက် ကွယ်လွန်သည့် အကြောင်း၊ ဂျော်နီ ကွယ်လွန်သည်ကို အကြောင်းပြုပြီး မိမိကို ပြစ်တင်ရှုတ်ချကြသည့် အကြောင်း၊ မိမိ ပြက္ခဒိန်ကြောင့် သတင်းစာများက ဝိုင်းဝန်းဝေဖန်နေကြ သည့် အကြောင်းများဖြင့် စိတ်ဆင်းရဲနေရသည့်ကာလ ဖြစ်သည်။

ထိုသို့သော ကာလတွင် ဒီမက်ဂီယိုနှင့် တွေ့သောအခါ သာယာ ညင်းပျောင်းစွာ နှစ်သိမ့်တတ်သူ ဒီမက်ဂီယို၏ အပြောအဆိုများကြောင့် စိတ်ချမ်းသာမှုကို ရခဲ့သည်။ စတူဒီယိုထဲမှာ ကင်မရာရှေ့မှာ တစ်နေကုန် ရုပ်ရှင်ရိုက်ရင်းဖြင့် အနားမရသည့် ခန္ဓာကိုပါ ညဘက်တွင် ဒီမက်ဂီယို နှင့်အတူ အပြင်ထွက် သွားလာလည်ပတ်နေရသောကြောင့် သက်သာမှု ရလာသည်။

ဒီမက်ဂီယိုကို မွန်ရိုးက အရေးပေးနေခိုက် မျက်နှာကြော မတည့်သူ မှာ နာတာရှာ ဖြစ်သည်။ သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်မိသည်နှင့် တစ်ပြိုင်တည်း တစ်ယောက်ကိုတစ်ယောက်က နှစ်မြို့ခြင်း မရှိကြချေ။ နာတာရှာက ဒီမက်ဂီယိုကို မျက်နှာကြော မတည့်သလို ဒီမက်ဂီယိုကလည်း နာတာရှာကို ကြည့်၍မရပေ။

" ဒီကောင်နဲ့ တွဲနေတာ ငါတော့ နည်းနည်းမှ မကြိုက်ဘူး။ ဒီကောင်ကို ကြည့်ရတာ မျက်နှာကြောကို မတည့်ဘူး။ တွဲစရာလူ ရှားလို့ လား၊ ဒါလောက်တောင် ညည်းတို့ သဲသဲလှုပ် ဖြစ်နေကြရအောင် "

မွန်ရိုးသည် နာတာရှာကို ဘာမှ ပြန်မပြောဘဲ ပြုံးနေလိုက်သည်။ နာတာရှာကမူ ထိုနေ့ တစ်ညနေလုံး မွန်ရိုးနှင့် တွေ့ပြီးချိန်မှစ၍ ဇနီးနှင့် သားများထံသို့ ပြန်သည့်အချိန် သိပ်မရှိတော့ဘဲ ဟောလီးဝုဒ်မှာသာ အနေများလာသည်။

ဒီမက်ဂီယိုနှင့် မွန်ရိုးတို့ တူညီသည့် အချက်တစ်ခုလည်း ရှိသေး သည်။ ယင်းမှာ နှစ်ဦးစလုံး စာဖတ် ဝါသနာပါကြခြင်း ဖြစ်သည်။ စာ အကြောင်း၊ ပေအကြောင်းကို မဆုံးနိုင်အောင် ပြောနိုင်ကြသည်။ ဖတ်ပြီး

သည့် ဝတ္ထုများအကြောင်းကို ပြန်လည် ဆွေးနွေးကြသည်။ ကြိုက်သည့် တအုပ်ချင်း၊ ကြိုက်သည့် စာရေးဆရာချင်းလည်း တူညီနေတတ်သည်။ ထို့ကြောင့်လည်း သူတို့နှစ်ဦး ပိုမို တွဲမိကြခြင်း ဖြစ်သည်။

(၁၉၅၃)ခုနှစ်သို့ ရောက်သောအခါ သူတို့နှစ်ဦး ချစ်သူများအဖြစ်သို့ ရောက်ကြပြီ။ ဟောလီးဝုဒ်သို့ ရောက်လာတိုင်း မွန်ရိုးအိမ်မှာ ဒီမက်ဂီယို ဘည်းလေ့ရှိပြီ။ ဟောလီးဝုဒ်မှာ နေသည့်အချိန်ကလည်း ပိုများလာသည်။

ထိုအခြေအနေသို့ ရောက်လာသည့်အတွက် မကျေမနပ် ဖြစ်နေသူမှာ နာတာရှာပင် ဖြစ်သည်။ လက်ထပ်ဖို့ကို စိတ်ကူးနေပြီ ဖြစ်သဖြင့် နာတာရှာကိုလည်း နှစ်သိမ့်နေရသေးသည်။

ဒီမက်ဂီယိုနှင့် သူ့ဇနီးတို့ ကွာရှင်းပြတ်စဲဖို့ကို အရင်လုပ်ကြရသည်။ ထိုစဉ် နိုင်ယာဂါရာ ရုပ်ရှင် ရိုက်ရန်အတွက် နိုင်ယာဂါရာရေတံခွန်သို့ သွားပြီး ရိုက်ကွင်းများ ကြည့်ရန် အကြောင်းပေါ်လာသည်။ မွန်ရိုးသည် နိုင်ယာဂါရာသို့ တိုက်ရိုက်မသွားသေးဘဲ ဒီမက်ဂီယိုရှိရာ နယူးယောက်သို့ ခေတ္တဝင်သည်။ နယူးယောက်မှာ သူတို့ လည်ပတ်နေကြသေးသည်။

ဒီမက်ဂီယိုက သူ့သူငယ်ချင်းတစ်ယောက်အိမ်တွင် တည်ခင်းမည့် ညစာစားပွဲသို့ မွန်ရိုးကို ခေါ်သွားရာ ဂျော့ဆိုလီတဲနှင့် တွေ့ရသည်။ ဆိုလီတဲကို မြင်မြင်ချင်းပင် မွန်ရိုး လေးစား ချစ်ခင်သွားသည်။ သူ့ဘဝ တစ်လျှောက်လုံးတွင် သူ့ကို သမီးအရင်းပမာ သူသေသည်အထိ ကြင်ကြင်နာနာဖြင့် စောင့်ရှောက်ခဲ့သည့် အဘိုးကြီးသုံးယောက် ရှိပါသည်။ ပထမ အဘိုးကြီးမှာ ကိုလံဘီယာတွင် မွန်ရိုးနှင့် ဇာတ်ရှုပ်ခဲ့ဖူးသည့် ဂျိုးဇက်ရှင့်ခ် ဖြစ်သည်။ ဒုတိယတစ်ယောက်မှာ တတိယခင်ပွန်း အာသာမီလာ၏ ဖခင် အိုက်စီဒိုမီလာ ဖြစ်သည်။ နောက်ဆုံးတစ်ယောက်မှာ ယခု တွေ့ရသော ဆိုလီတဲ ဖြစ်ချေသည်။

ဆိုလီတဲကလည်း မွန်ရိုးကို မြင်လျှင်မြင်ချင်းပင် သမီးအရင်းပမာ ချစ်ခင်သွားသည်။ ထိုကစပြီး သူတို့ချင်း အဆက်အသွယ် မပြတ်ကြတော့။ မွန်ရိုးကို အစစအရာရာ တတ်နိုင်သမျှ စောင့်ရှောက်သွားသော အဘိုးကြီး ဖြစ်သည်။

နယူးယောက်မှာ ဒီမက်ဂီယိုနှင့် အတူရှိနေခိုက် သူတို့သွားလာ

လှုပ်ရှားနေကြသည်များကို မျက်ခြည်ပြတ်မခံဘဲ စောင့်ကြည့်နေသည့် သတင်းထောက်များကို လွတ်အောင် မရှောင်နိုင်ခဲ့။

ရက်ပိုင်းအတွင်းမှာပင် သူတို့အကြောင်းများကို မျက်နှာဖုံးသတင်းများအဖြစ် ဖော်ပြကြတော့သည်။

မွန်ရိုးနှင့် ဘော့စ်ဘောချန်ပီယံ ဒီမက်ဂီယိုတို့နှစ်ဦး နယူးယောက်မြို့မှာ တွဲနေသည့်အကြောင်း၊ မကြာမီ လက်ထပ်ကြတော့မည်ဟု ယုံကြည်ယူဆရကြောင်း၊ ဒီမက်ဂီယိုသည် လက်ရှိဇနီးနှင့် ကွာရှင်းပြတ်စဲရန် စီစဉ်နေပြီ ဖြစ်ကြောင်းများကို ထုတ်ဖော် ရေးကြခြင်း ဖြစ်သည်။

သို့ဖြင့် သတင်းထောက်များနှင့် ဝေးရာ နိုင်ယာဂါရာရေတံခွန်သို့ သူတို့ ပြေးကြရလေတော့သည်။ သတင်းထောက်တို့၏ အန္တရာယ်ကိုကား ရှောင်တိမ်း မရပါချေ။ သတင်းစာများက သာမက၊ မွန်ရိုးနှင့် လုပ်ဖော်ကိုင်ဖက်များကလည်း မကြာမီ သူတို့နှစ်ယောက် လက်ထပ်ကြတော့မည်ဟု ယုံကြည်နေကြသည်။

ယခုလို နာမည်ကြီး မင်းသမီး ဖြစ်လာပြန်တော့လည်း အစစအရာရာ မလွတ်လပ်သည့် ဒုက္ခကို မွန်ရိုး မကျေမနပ် ဖြစ်လာပြန်သည်။ မလွတ်လပ်သောဘဝ၏ ဖိစီးနှိပ်စက်ခြင်းဒဏ်များကို ခံလာရပြန်သည်။ ကိုယ့်ဘဝကိုယ် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့် မရသည့် ကျဉ်းကျပ်မှုကို စိတ်မချမ်းမသာ ဖြစ်ရသည့်အခါများတွင် သူ့အတွက် အားကိုးရာကား အိပ်ဆေးများနှင့် စိတ်ငြိမ်ဆေးများပင် ဖြစ်ချေသည်။

"သူ့ကို မင်း မြန်မြန် လက်ထပ်လိုက်ပါတော့၊ ပြီးတော့ . . . ကလေးတွေ မွေးရင် မင်းတို့ဘဝ ဘယ်လောက်ပျော်စရာကောင်းမလဲ"

ဟု မွန်ရိုးကို မိတ်ကပ်ခြယ်ပေးရသူ စနိုက်ဒါက အကြံပေးဖူးသည်။

သတင်းစာများက မည်သို့ပင် ရေးကြစေကာမူ၊ ပတ်ဝန်းကျင်က မည်သို့ပင် ထင်မြင်ချက်ပေးကြစေကာမူ၊ သူနှင့် လက်ထပ်ဖို့ကိုမူ မွန်ရိုး မဆုံးဖြတ်ရသေး။ အကြောင်းကြောင်းများကို တွက်ရဦးမည်။ မိမိနှင့် အတူနေနေသည့် နာတာရှာကိုလည်း ထည့်တွက်ရဦးမည်။ နာတာရှာသည် မိမိဘဝတွင် အရေးကြီးသော ဘဝအဖော်တစ်ဦး ဖြစ်သည်။ မိမိနှင့် မခွဲတမ်း အတူနေနေသူလည်း ဖြစ်သည်။ ဆင်းရဲအတူ ချမ်းသာအတူ

ကောင်းတဲ့ဆိုးဖက် ရှန်းကန်နေသူလည်း ဖြစ်သည်။

သူ မနှစ်သက်သော ဒီမက်ဂီယိုနှင့် လက်ထပ်လိုက်သည့်အတွက် နာတာရှာနှင့် လမ်းခွဲရမည် ဆိုလျှင်လည်း မဖြစ်သေး။ မိမိတို့ မည်သူမျှ ခွဲတ်ချမ်းသာနိုင်ကြမည် မဟုတ်။ ထို့ကြောင့် နာတာရှာ ကျေနပ်အောင် ဘက်ဖက်ကလည်း ဖျောင်းဖျနေရသေးသည်။

ဒီမက်ဂီယိုနှင့် သူ့ဇနီးတို့လည်း တရားဝင် ကွာရှင်း ပြတ်စဲပြီးပြီ ဖြစ်သည်။သားများကို ဇနီးဖြစ်သူက ခေါ်သွားသည်။ ဒီမက်ဂီယိုမှာ လူလွတ် ဖြစ်လာ၏။ သားတာဝန်၊ မယားတာဝန် မယူရသော တာဝန်ကင်းသူ ဖြစ်လာ၏။ထိုသို့ လွတ်လပ်သည်နှင့်တစ်ပြိုင်နက် မွန်မိုးနှင့် လက်ထပ်ရန် သူ့ဘက်က စိုင်းပြင်းတော့သည်။ မွန်မိုးကိုလည်း အကြိမ်ကြိမ် ပြောတော့ သည်။

တစ်ခုတော့ ရှိပါသည်။ သူတို့နှစ်ဦး တရားဝင် လက်မထပ်ရ သေးသော်လည်း ဟောလီးဝုဒ်ရှိ မွန်မိုး၏ အိမ်မှာသော် လည်းကောင်း၊ ဆန်ဖရန်စစ္စကိုရှိ ဒီမက်ဂီယို၏ နေအိမ်မှာသော် လည်းကောင်း သူတို့ နှစ်ယောက် အတူ နေထိုင်လျက် ရှိကြပြီ ဖြစ်၏။ မည်သည့် အရပ်ဒေသ ဘွင်မဆို သူတို့နှစ်ယောက်ကို အတူတူ မြင်တွေ့နေကြရပြီ ဖြစ်၏။

ဟောလီးဝုဒ်မှာ နေရသည့် ဒုက္ခကို မွန်မိုး ငြီးငွေ့နေပြီ။ နယူး ယောက်မှာသော် လည်းကောင်း၊ ဆန်ဖရန်စစ္စကိုမှာသော် လည်းကောင်း၊ အခြားသင့်လျော်သည့် မြို့တစ်မြို့မှာသော် လည်းကောင်း ပြောင်းနေချင် ခွဲတ်ကို ဖျောက်ဖျက် မရအောင် ဖြစ်နေသည်။ ထိုအကြောင်းကိုလည်း သူနှင့် လုပ်ဖော်ကိုင်ဖက်များက သိကြသည်။

သူတို့နှစ်ယောက် လက်ထပ်ပြီးလျှင် မွန်မိုးကို ဒီမက်ဂီယိုက အခြား အရပ်ဒေသတစ်ခုသို့ အပြီးအပိုင် ခေါ်သွားလိမ့်မည်ဟုလည်း မှန်း ဆနေကြသည်။

လက်မထပ်မီ ကာလေးမှာပင် ညေ့ခံပွဲတစ်ခု၌ နယူးယောက်မှ ခတ်ပုံဆရာ မီလ်တန်ဂရင်းနှင့် မွန်မိုး တွေ့သည်။ ဂရင်းသည် ဓာတ်ပုံ သုပ်ငန်းဖြင့် နယူးယောက်မြို့မှာ အောင်မြင်နေသူ ဖြစ်သည်။ သူ့ဇနီး ကိုယ်တိုင်လည်း စံပြမယ် ဖြစ်သည်။ ဂရင်းနှင့် မွန်မိုးတို့ တွေ့ကြခြင်းသည်

လည်း နေ့ခင်းတစ်နေ့တွင် မွန်ရိုးကိုယ်ပိုင် ရုပ်ရှင်များ ရိုက်ကူးဖြစ်စေမည့် အကြောင်း ဖြစ်သည်။

"ရုပ်ရှင်ကားတစ်ခု ထုတ်လုပ်ရတယ်ဆိုတာ အခု ကျွန်တော် လုပ်နေတဲ့ အလုပ်တွေနဲ့ ဘာမှ မခြားလှပါဘူး။ ဇာတ်ကား တော်တော် များများမှာလည်း ကျွန်တော် ကြော်ငြာရုပ်သေပုံတွေ ရိုက်ပေးနေရတာပါ။ ဒီလုပ်ငန်းတွေကိုလည်း ကောင်းကောင်း လေ့လာထားတယ်။ ကျွန်တော် လုပ်မယ်ဆိုရင် ဖြစ်နိုင်ပါတယ်"

ဂရင်းက မွန်ရိုးကို ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီထောင်ပြီး ကိုယ်ပိုင် ထုတ်လုပ်ရန် တိုက်တွန်းသည်။ ယခုလောက် အောင်မြင်နေမှတော့ ကိုယ်ပိုင် ထုတ်လုပ်ခြင်းက ပိုမို အကျိုးကျေးဇူးများမည် ဖြစ်ကြောင်းများ ပြောပြသည်။ ထို့မှမက သူနှင့် စပ်တူလုပ်မည်ဆိုက လုပ်နိုင်ကြောင်း၊ ငွေကြေးအတွက် ပူပန်ရန် မလိုကြောင်း၊ နယူးယောက်မြို့ရှိ ချမ်းသာကြွယ်ဝသူများထံမှ မိမိငွေလိုသလောက် ချေး၍မရနိုင်ကြောင်းများကို ပြောပြသည်။ သူ့အပြောကို မွန်ရိုး စိတ်ဝင်စားသွားသည်။ သူတကာ ကုမ္ပဏီများမှာ ရုပ်ရှင်လိုက်ရိုက်ပေးနေခြင်းဖြင့် မိမိဘဝ ထူးခြားလာမည်မဟုတ်။ ယခု မိမိအောင်မြင်နေသည်မှာ မှန်သည်။သို့သော်လည်း မြေခွေးရုပ်ရှင်က တစ်ပတ်လျှင် ဒေါ်လာ (၁၅၀၀) သာပေးသည်။ မူလစာချုပ်ထားသည့် (၇) နှစ်ပြည့်အောင် ဤမျှသော အခကြေးငွေဖြင့်သာ တင်းတိမ်နေရမည် ဖြစ်သည်။ ယခုအချိန်တွင် မီလ်တန်ဂရင်း ပြောသလို အပြင်ထွက်ပြီး လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရမည်ဆိုပါက စီးပွားရေးအရပါ အောင်မြင်လာမည်ဖြစ်ကြောင်း တွေးမိလာသည်။

"ပြီးတော့ ဒီမက်ဂီယိုနဲ့ လက်ထပ်ပြီးရင် ခင်ဗျား ရုပ်ရှင်လောကကို စွန့်တော့မှာလား" ဟုလည်း မွန်ရိုးကို သူမေးခဲ့သေးသည်။ ထိုစဉ်က ထိုမေးခွန်းနှင့် ပတ်သက်ပြီး မွန်ရိုး ပြန်မဖြေခဲ့။ ဒီမက်ဂီယိုနှင့် လက်ထပ်သောနေ့တွင် သတင်းထောက်များက ထိုမေးခွန်းကိုပင် ဝိုင်းဝန်းမေးမြန်းကြသောကြောင့် အဖြေပေးရတော့သည်။

"ကျွန်မ ရုပ်ရှင်လောကမှာပဲ ဆက်နေပြီး ရုပ်ရှင်ရိုက်ပါ့မယ်။ တစ်ပြိုင်တည်းမှာပဲ အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်အောင်လည်း

ကြိုးစားမယ်"

ဒီမက်ဂီယိုနှင့်လက်ထပ်ရန် မွန်ရိုး ဆုံးဖြတ်လိုက်သည်။ သို့သော်
ညည်သူမျှ မသိအောင် တိုးတိုးတိတ်တိတ် လက်ထပ်ရန် ဖြစ်သည်။

(၁၉၅၄) ဇန်နဝါရီလ(၁၄) ရက်နေ့တွင် ဆန်ဖရန်စစ္စကိုမြို့၌
သူတို့ လက်ထပ်လိုက်ကြသည်။

ဒီမက်ဂီယို၏ သူငယ်ချင်း အနည်းငယ်ကိုသာ သူတို့ ဖိတ်သည်။
မွန်ရိုး၏ မိတ်ဆွေများ တစ်ယောက်မှ မလာကြ။ မည်သူ့ကိုမျှလည်း ဖိတ်
ကြား အသိပေးခြင်း မရှိ။ နာတာရှာကိုမူ တမင်ပင် မဖိတ်ဘဲ ထားခဲ့သည်။
ဖိတ်လျှင်လည်း နာတာရှာ လာမည်မဟုတ်ကြောင်း သူတို့ သိကြသည်။

မည်မျှ လျှို့ဝှက်ပြီး လက်ထပ်စေကာမူ ဆန်ဖရန်စစ္စကိုမြို့တော်
ခန်းမ၏ အပြင်ဘက်တွင် မြောက်မြားစွာသော သတင်းထောက်များက
ဘန်းစီစောင့်နေကြပြီ ဖြစ်သည်။ သူတို့စုံတွဲထွက်လာသည်နှင့် တစ်ပြိုင်
နက်တည်း သတင်းထောက်များက ဝိုင်းကြသည်။ သူတို့လမ်းကို သူတို့
ဖြောင့်ဖြောင့် မသွားနိုင်ကြ။ ဓာတ်ပုံပေါင်းများစွာ ရိုက်ကြသည်။ မေးခွန်း
ပေါင်းများစွာ မေးကြသည်။

"ခင်ဗျားက အားကစားသမား၊ မွန်ရိုးက ကမ္ဘာကျော် ရုပ်ရှင်
မင်းသမီး၊ ခင်ဗျားတို့ အိမ်ထောင်ရေး သာယာမယ်လို့ ယုံကြည်ပါသလား"

ဟူသော မေးခွန်းမျိုးအထိ ဇွတ်အဓမ္မ မေးကြသည်။

နာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ယောက်ကို လက်ထပ်ရသည့်
အတွက် လွတ်လပ်မှုသည် အလွန်တရာ နည်းပါးသွားပြီဖြစ်ကြောင်းကို
ထိုအချိန်မှာပင် ဒီမက်ဂီယို သဘောပေါက် နားလည်လိုက်သည်။

လက်ထပ်ပြီးနောက် ပျားရည်ဆမ်းခရီးထွက်ဖို့ သူတို့ စီစဉ်ကြ
သည်။ ဂျပန်ပြည်သို့သွားဖို့ အစီအစဉ်ရှိသည်။ ဒီမက်ဂီယိုသည် ဂျပန်ပြည်
ဘာစ်ဘောအသင်းက ဖိတ်ကြားထားသောကြောင့် သွားရောက်လည်ပတ်
ဘာ သရုပ်ပြကစားပြရန် ဖြစ်သည်။ ထိုသို့ သွားမည် ဆိုပါက ဂျပန်ပြည်ကို
အလွန်လိုက်ချင်နေသည့် မွန်ရိုးကိုပါ ခေါ်သွားမည်။ ထိုခရီးကိုပင် ပျားရည်
ဆမ်းခရီးအဖြစ် သတ်မှတ် အနားယူတော့မည်ဟု ဆုံးဖြတ်ပြီး လိုအပ်
သည်များ စီစဉ်ကြသည်။

မွန်းရိုးတို့ ပျားရည်ဆမ်းခရီး ထွက်နေခိုက်မှာပင် နောက်ပိုင်း၌ ကျန်ရစ်ခဲ့သည့် မွန်ရိုး၏ ရှေ့နေနှင့် ကိုယ်စားလှယ်တို့သည် မြေခွေးရုပ်ရှင် အကြီးအကဲများနှင့် အကြီးအကျယ် စကားများနေကြရတော့၏။

မွန်ရိုးမှာ ရုပ်ရှင်ဇာတ်ကားများ ရိုက်ရက်တန်းလန်းဖြစ်နေသည်။ ဇာတ်ကားများကို အချိန်မီ ပြီးစီးအောင် ရိုက်ပေးရမည်။ ကမ္ဘာ့အရပ်ရပ်မှ ကြိုတင်ငွေများကိုလည်း ယူထားကြပြီး ဖြစ်သည်။ ထိုကြားထဲက အချိန်မီ ရိုက်ကူးမပေးနိုင်လျှင် သူတို့ကုမ္ပဏီ နာမည်ပျက်မည်။ ထို့ကြောင့် ကုမ္ပဏီဘက်က မကျေမနပ် ဖြစ်ကြသည်။

မူလကတည်းက မွန်ရိုးနှင့်သူတို့ မျက်နှာကြော မတည့်ချင်သလို ဖြစ်နေလေရာ ယခုကဲ့သို့ မည်သူ့ကိုမျှ အကြောင်းမကြားဘဲ မွန်ရိုးက မျက်နှာလွှဲခဲပစ်လုပ်ကာ သူသဘောနှင့်သူ ထွက်သွားသည့်အခါ ပို၍ မကျေမနပ် ဖြစ်ကြလေတော့သည်။

မွန်ရိုးဘက်က ယခုလိုလုပ်သည့် အကြောင်းများအနက် အရေးကြီးသည့် အကြောင်းတစ်ချက်လည်း ရှိသေးသည်။ သူ့ကို တစ်ပတ်လျှင် ဒေါ်လာ (၁၅၀၀)သာ ပေးနေခြင်းကို သူလက်မခံနိုင်တော့။ ထို့ကြောင့် ပိုပေးရမည်ဟု တောင်းဆိုထားသည်။ သူ့တောင်းဆိုချက်ကို ကုမ္ပဏီဘက်က အကြောင်းမပြန်သေး။ ထိုသို့ အကြောင်းမပြန်မချင်း စတူဒီယိုအတွင်းသို့ မိမိ မဝင်။ အကြောင်းပြန်လျှင်လည်း မိမိကျေနပ်အောင် ဆောင်ရွက်ပေးမှ ရိုက်လက်စ ကားများကို ပြီးပြတ်အောင် ဆက်ရိုက်ပေးမည်ဟု ရာဇသံပေးထားသည်။

နောက်ဆုံး မွန်ရိုး၏ တောင်းဆိုချက်များ အောင်မြင်တော့သည်။ သူ့ဘဝတွင် ရုပ်ရှင်မင်းသမီးအဖြစ်ဖြင့် ကုမ္ပဏီများအပေါ် ပထမဦးဆုံး အနိုင်ရလိုက်ခြင်း ဖြစ်သည်။ အခါတိုင်းမူ နေရာတကာမှာ သူကချည်း အရှုံးပေးနေခဲ့ရသည်။

ယခု သူနာမည်ကြီးပြီ။ မြေခွေးရုပ်ရှင်က သူ့ကို မလိုချင်လျှင် သူ့ကို ကြိုက်ဈေးပေးပြီး ငှားမည့်သူတွေ အမြောက်အမြား ရှိနေသည်။ ထိုမျှမကသေး။ မီလ်တန်ဂရင်း အကြံပေးထားသည့်အတိုင်း ကိုယ်ပိုင် ရုပ်ရှင်ထုတ်လုပ်ရေးကိုလည်း သူစိတ်ကူးထားပြီ ဖြစ်သည်။ မည်သူကမျှ

ဒိမိကို မငှားလျှင် မိမိကိုယ်ပိုင် ထုတ်လုပ်မည်။ တစ်ကမ္ဘာလုံးရှိ ပရိသတ်က လက်ခံနေပြီ ဖြစ်သောကြောင့် မိမိလုပ်ငန်းများ မအောင်မြင်စရာ အကြောင်း မရှိ။ မလွဲမသွေ အောင်မြင်ရမည်သာ ဖြစ်သည်ဟု ယုံကြည်သားသည်။ ထို့ကြောင့်လည်း မြေခွေးရုပ်ရှင်အပေါ် မွန်ရိုး အကျပ်ကိုင်လိုက်ခြင်း ဖြစ်သည်။

မိမိအပေါ်မှာ သူတို့ ခေါင်းပုံဖြတ်ခဲ့သည်မှာများပြီ။ စောစောပိုင်း ဒိမိ မအောင်မြင်မီက အကြောင်း မဟုတ်။ ယခု အောင်မြင်လာပါလျက် ဒိမိရုပ်ရှင်ကားများ ဝင်ငွေကောင်းနေပါလျက် မိမိလစာကို ပြန်လည် မြှင့်ဆင်ပေးခြင်း မရှိသည်ကို ခံပြင်းနေသည်မှာ ကြာပြီ။

ထို့ကြောင့်လည်း လိုလားချက်ကို အကျပ်ကိုင်ကာ ဖွင့်အခမ့်တောင်းလိုက်ခြင်း ဖြစ်လေတော့သည်။

ဆန်ဖရန့်စစ္စကိုအနီးရှိ မာရီနာမြို့ကလေးမှာ ဒီမက်ဂီယိုပိုင် နှစ်ထပ်အိမ်တစ်လုံး ရှိသည်။ ထိုအိမ်ကလေးကို ပြန်လည်မွမ်းမံပြီး သူတို့နှစ်ယောက်နေကြသည်။ အိမ်မှုကိစ္စများကို တာဝန်ယူ ဆောင်ရွက်ပေးရန်အတွက် ဒီမက်ဂီယို၏ညီမ မေရီကို ခေါ်ထားသည်။ မွန်ရိုး၏ အလိုဆန္ဒနှင့်ဆန့်ကျင်ပြီး ဘာတစ်ခုမှ မလုပ်ရဟု တင်းကျပ်စွာ အမိန့်ပေးထားသည်။

ဒီမက်ဂီယို၏ (၁၂) နှစ်သား ဂျိုးသည် အဖေ၏ ဇနီးကို ကြည့်လိုသဖြင့် ကျောင်းကခွင့်ယူပြီး ရောက်လာသည်။ မွန်ရိုးကို တွေ့သောအခါ သူအလွန်သဘောကျသွားသည်။ မွန်ရိုးကလည်း သည်ကလေးကို ချစ်သွားသည်။ ချက်ချင်း သူတို့နှစ်ယောက် စကားပြောဖော် ဖြစ်လာကြတော့၏။

မွန်ရိုးသည် တော်တော်နှင့် ဟောလီးဝုဒ်သို့ မပြန်ဖြစ်။

နောက်ပိုင်းတွင် ဆန်ဖရန့်စစ္စကိုမြို့မှာ ဆက်လက် နေထိုင်ရန် ခက်ခဲလာပြန်သည်။ မြို့သူမြို့သားများက သူ့ကို ညာတာထောက်ထားကြသည်မှာ မှန်သည်။နာမည်ကြီးမင်းသမီးတစ်ယောက်အဖို့ လွတ်လပ်စွာ နေခွင့်ရရေးမှာ အလွန်ခက်ခဲကြောင်း သဘောပေါက်ကြသည်။ ထို့ကြောင့်လည်း တတ်နိုင်သလောက် မွန်ရိုးကို စောင့်ရှောက်ကြသည်။ လွတ်လွတ်လပ်လပ် နေခွင့်ပေးကြသည်။

မြို့သူမြို့သားများက ထိုသို့ စောင့်ရှောက်ကြသော်လည်း သူ့

လွတ်လပ်ခွင့်များကို ဖျက်ဆီးနေသူများမှာ အနယ်နယ်က လာကြသည့် ခရီးသွားများ၊ အနိုင်နိုင်ငံက လာသည့် ကမ္ဘာလှည့်ခရီးသည်များ ဖြစ်သည်။

သူတို့သည် ဆန်ဖရန်စစ္စကိုမြို့မှာ မွန်ရိုး ရှိနေကြောင်း သိသည်နှင့် တစ်ပြိုင်တည်း အချိန်ရှိသမျှ အိမ်ရှေ့သို့လာပြီး အော်ဟစ်ခေါ်နေတတ်ကြသည်။ ပြတင်းပေါက်ကိုဖွင့်ပြီး မျက်နှာ မပြပြန်လျှင်လည်း အခက်၊ မျက်နှာပြပြန်တော့လည်း ကျွက်ကျွက်ညံအောင် ဆူကြတော့သည်။

ကိုယ့်မိသားစုနှင့်ကိုယ် စိတ်အေးချမ်းသာ နားနေချင်၍လည်း မရ၊ ဘယ်အရပ်ဒေသသို့ သွားသွား မွန်ရိုးမှန်း သိသည်နှင့်တစ်ပြိုင်တည်း ရောမလူအုပ်ကြီးက ဝိုင်းလာတတ်သည်။ ကိုယ့်ကိစ္စကိုယ် မလုပ်ရအောင် စိတ်ညစ်ရတော့သည်။

ထိုအကြောင်းများကြောင့် နယူးယောက်သို့ပြောင်းရန် ဆုံးဖြတ်ကြသည်။နယူးယောက်မှာ အိမ်ခန်းတစ်ခန်း ဝယ်သည်။ မွန်ရိုး စိတ်တိုင်းကျပြင်သည်။ သို့သော်လည်း နောက်ဆုံးတော့ နယူးယောက်ကို စွန့်ခွာပြေးရပြန်သည်။ မြို့က ပိုကြီးသောကြောင့် ပို၍ပင် လွတ်လပ်မှုနည်းပါးလာသည်။ မည်သည့်နေရာကိုမျှ သွား၍ မရ၊ လူအုပ်ကြီးကို ရှောင်၍ မရသို့ဖြင့် ဟောလီးဝုဒ်သို့ ပြန်ပြောင်းလာကြရပြန်သည်။

ထိုသို့ မွန်ရိုးမှာ လွတ်လပ်မှုနည်းပါးခြင်းနှင့် ပတ်သက်ပြီး ဒီမက်ဂီယို စိတ်မချမ်းမသာ ဖြစ်လာသည်။ ကိုယ့်လင် ကိုယ့်မယား လွတ်လပ်အေးချမ်းစွာ သွားလာလည်ပတ်လိုသည်။ ပင်လယ်ကမ်းခြေမှာ၊ ပန်းခြံထဲမှာ၊ တောင်ကုန်းပေါ်မှာ သက်သောင့်သက်သာ အနားယူလိုသည်။ သို့သော် မည်သည့်နေရာသို့မျှ သူတို့ သွားခွင့်မကြုံ။

ထို့ကြောင့် လင်မယားဖြစ်သည် ဆိုသော်လည်း တစ်ယောက်တကွဲ သွားနေကြရသည်က များသည်။ အပြင်လူ အများအပြား နေထိုင်ရာအရပ်ဆိုလျှင် မွန်ရိုးက ရှောင်ရသည်။ ထိုနေရာမျိုးသို့ ဒီမက်ဂီယိုက သွားလိုသောအခါ တစ်ယောက်တည်း သွားရသည်က များလေသည်။

ဒီမက်ဂီယိုသည် သူ့အလုပ်ထဲမှာ သူ နစ်မြှုပ်ထားလိုက်တော့၏။ အခြားသူများနှင့် အစုစပ်ကုမ္ပဏီများ၊ စက်ရုံများလည်း ထောင်ထားသည်။ ထိုလုပ်ငန်းများတွင် အချိန်ဖြုန်းရင်းဖြင့် အိမ်မှာ အနေနည်းလာသည်။

မင်းသမီးကို ယူရသည့် ဒုက္ခသည် မည်မျှကြီးမားကြောင်း ယခုမှ သူကောင်းကောင်း သိတော့သည်။

တစ်ကြိမ်က မွန်ရိုး ရုပ်ရှင်ရိုက်နေရာသို့ သူသွားကြည့်သည်။ သူ့လိုပင် ရုပ်ရှင်ရိုက်သည်ကို လာကြည့်နေကြသည့် လူအုပ်ကြီးကိုလည်း မြင်တွေ့ရသည်။ မွန်ရိုးသည် ပေါင်ရင်းပေါ် ဂါဝန်တိုတိုကလေးဖြင့် ကင်မရာရှေ့မှာ ရပ်နေသည်။

"ဂါဝန်ကို အပေါ်နည်းနည်း မလိုက်ပါဦး"

ဟု ဒါရိုက်တာက လှမ်းပြောသည်။

"မ လိုက်ပါဦး၊ အပေါ်ကို ရောက်အောင် မလိုက်ပါဦး" ဟု သူ့အုပ်ကြီးကလည်း ဝိုင်းဝန်းအော်ဟစ်ကြသည်။ မွန်ရိုးသည် ဒါရိုက်တာ ခိုင်းသည့်အတိုင်း ဂါဝန်ကို အထက်သို့ မတင်လိုက်သည်။ မူလကတည်းက ပေါင်ရင်းပေါ်နေသည့် ဂါဝန်ကို အပေါ် ထပ်မံ ဆွဲတင်လိုက်သောအခါ သဘောကျသဖြင့် လက်ခုပ်လက်ဝါးတီးပြီး ရယ်မောလိုက်ကြသည့် လူအုပ်ကြီးအသံသည် ဝါလုံးကွဲ ထွက်ပေါ်လာသည်။

ဒီမက်ဂီယို၏ စိတ်ထဲမှာ နာကြည်းသလိုလို ဖြစ်သွားရသည်။ ထို့ကြောင့် လူအုပ်ထဲမှ လှည့်ထွက်လာခဲ့သည်။ သူ့အမူအရာကို စောင့်ကြည့်နေကြသည့် သတင်းထောက်များက သူ့နောက်သို့ ဝိုင်းအုံလိုက်လာကြသည်။

"သူ့ဂါဝန်တိုတိုကို အပေါ်ဆွဲမလိုက်တာနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လိုထင်သလဲ" ဟု သူ့ကို ဝိုင်းမေးကြသည်။

နဂိုကတည်းက ကွဲမြဲတိုနေရသည့်အထဲ သတင်းထောက်များက ထိုသို့ မီးလောင်ရာ လေပင့် လာလုပ်ကြသဖြင့် ပို၍ ဒေါသဖြစ်သွားသည်။ သို့သော်လည်း သူ့စိတ်ကို သူ ပြန်ထိန်းလိုက်နိုင်ပါသည်။ သူသည် ပါးစပ်မှ ဘာတစ်ခွန်းမှ မပြော။ မပြောမိအောင်လည်း သတိထားရသည်။ တစ်ခုခု မှားယွင်းပြောဆိုမိလျှင် သတင်းစာများက မတော်မတရား ရေးကြဦးမည်။ ထို့ကြောင့် ခေါင်းကိုသာ ယမ်းခါပြခဲ့ရသည်။

သူတို့နှစ်ယောက် အသွင်မတူတော့သည်ကို နှစ်ယောက်စလုံး သတိထားမိလာကြသည်။

သူတစ်ယောက်တည်း အပြင်ထွက်ပြီး မွန်ရိုးကို အိမ်မှာထားခဲ့ခြင်းနှင့် ပတ်သက်၍လည်း မွန်ရိုးက မကျေမနပ် ဖြစ်နေသည်။ ဆန်ဖရန်စစ္စကိုမှာ နေထိုင်ကတည်းက ထိုကိစ္စနှင့်ပတ်သက်ပြီး သူတို့နှစ်ယောက် အဆင်မပြေကြခြင်း ဖြစ်သည်။

မွန်ရိုးကလည်း သူ့ယောကျ်ားသွားရာနောက်သို့ တကောက်ကောက်လိုက်ချင်သည်။ တစ်နေ့လာလည်း အိမ်ထဲမှာ၊ တစ်နေ့လာလည်း အိမ်ထဲမှာ နေရခြင်းမျိုးကို မပျော်ပိုက်နိုင်ပြီ။ သူ့ကို မခေါ်ဘဲ ဒီမက်ဂီယို တစ်ယောက်တည်း အပြင်ထွက်နေခြင်းနှင့် ပတ်သက်ပြီး သူ့စိတ်ထဲမှာ မကျေမနပ် ဖြစ်နေသည်။

ဒီမက်ဂီယိုဘက်က ကြည့်ပြန်တော့လည်း မွန်ရိုးကို နေရာတကာ ခေါ်သွားရသည်မှာ မလွတ်လပ်၊ စိတ်အေးချမ်းသာနေခွင့်မရ၊ မိတ်လာဆက်သူ၊ အော်တိုလက်မှတ်ထိုးခိုင်းသူ၊ ကြိတ်ကြိတ်တိုး လာကြည့်ကြသူများဖြင့်သာ ကြုံတွေ့နေရတတ်သည်။ ထိုအကြောင်းများကြောင့် မွန်ရိုးကို မခေါ်ဘဲ သူတစ်ယောက်တည်း ထွက်နေခြင်း ဖြစ်သည်။

ထိုအချက်ကို အကြောင်းပြုပြီး ကတောက်ကဆတ်ဖြစ်ကြသည်။

ဟောလီးဝုဒ် ပြန်ရောက်ပြန်တော့လည်း ကိုယ့်လမ်းကိုယ်သွားသော သူတို့၏စရိုက်သည် ပျောက်မသွား။

မွန်ရိုးအဖို့မူ ထူးခြားလှသည် မဟုတ်။ အောင်မြင်ကျော်ကြားသော မင်းသမီးသည် ပရိသတ်က သူ့ပတ်လည်မှာ ဝိုင်းဝိုင်းလည်နေခြင်းအတွက် ကျေနပ်နေသည်သာ ဖြစ်၏။ မကျေနပ်နိုင်သူမှာ မင်းသမီး၏ ယောကျ်ားလုပ်ရသူသာ ဖြစ်ချေသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး သူတို့နှစ်ယောက်စလုံးနှင့် ရင်းနှီးသူ မွန်ရိုး၏ မိတ်ကပ်အလှခြယ်သူ စနိုက်ဒါက အောက်ပါအတိုင်း မှတ်ချက်ချဖူးသည်။

"သူတို့နှစ်ယောက်ဟာ အကြင်လင်မယားဖြစ်ဖို့ မကောင်းဘူး မိတ်ဆွေသူငယ်ချင်း အဖြစ်နဲ့ နေကြဖို့ပဲ ကောင်းတယ်။ သူတို့နှစ်ယောက်ဟာ သူငယ်ချင်းကောင်းတွေ ဖြစ်နိုင်တာတော့ အမှန်ပဲ၊ အမိုးတစ်ခုတည်းအောက်မှာ အတူနေဖို့ ဆိုတာကျတော့ အသွင်တူဦးမှလည်းဖြစ်တာ"

ချစ်စခင်စတုန်းကတော့ သူတို့နှစ်ယောက် မတူညီမှုများကို မမြင်ခဲ့ကြ။ ရှေ့ရေးများကို မတွေးခဲ့ကြ။ ချစ်သည့်အကြောင်းကလေး တစ်ခုတည်းနှင့် ဒီမက်ဂီယိုကလည်း ပထမဇနီးကို ကွာရှင်းလိုက်ကာ မွန်နိုးကို လက်ထပ်ခဲ့သည်။ မွန်နိုးကလည်း လက်ခံခဲ့သည်။

ရုပ်ရှင်လောကရောက်ပြီး ပထမဦးဆုံး အိမ်ထောင်ပြုခြင်း ဖြစ်သောကြောင့်လည်း သတင်းစာများက သူတို့ လက်ထပ်ပွဲကို ပို့မို့စိတ်ဝင်စားခဲ့ကြသည်။ ထို့ကြောင့် . . .

"ခင်ဗျားက အားကစားသမား၊ မွန်နိုးက ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး၊ ခင်ဗျားတို့ အိမ်ထောင်ရေး သာယာမယ်လို့ ယုံကြည်ပါသလား"

ဟု သူတို့ လက်ထပ်သည့်နေ့က သတင်းထောက်များက မေးခဲ့ကြခြင်း ဖြစ်သည်။ ယခု ထိုမေးခွန်းအတိုင်း ကြုံတွေ့ရချေပြီ။ သူတို့အိမ်ထောင်သက်မှာ (၁၀) လမျှပင် မပြည့်သေးဘဲ သူတို့နှစ်ယောက် ကွာရှင်းကြတော့မည် ဖြစ်ကြောင်း သတင်းစာများက ရေးကြပြန်ပြီ။

ထိုသို့သော အကြောင်းများပေါ်လာလေ၊ ဒီမက်ဂီယိုက သူ့ဘဝသူ စိတ်ပျက်လေလေ ဖြစ်လာတော့သည်။ သူ့ဘဝသူ စိတ်ပျက်သည်နှင့်အမျှ တစ်ယောက်တည်း နေရန်ကိုသာ အာရုံစိုက်နေသည်။ သူက တစ်ယောက်တည်းနေရန် အာရုံစိုက်နေချိန်မှာပင် မွန်နိုးက သူသွားလေရာသို့ လိုက်ချင်သည်။ နောက်ဆုံးတွင် လမ်းခွဲရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ကြောင်းကို သူတို့ သဘောပေါက်ကြတော့သည်။

ထိုနှစ် စက်တင်ဘာ လကုန်ပိုင်းနေ့ တစ်နေ့။

ဒီမက်ဂီယိုသည် သူ့အဝတ်အစားများကို သေတ္တာများအတွင်းသို့ ထည့်နေသည်။ သူ့လှုပ်ရှားမှုများသည် နှေးကွေး လေးလံလွန်းလှ၏။ အသက်မပါကြောင်း ထင်ရှားလှ၏။

မွန်နိုးက ဘာမှမပြော တစ်နေရာမှ ထိုင်ကြည့်နေသည်။ သူ့ ငင်ထဲမှာလည်း နာကျင်သော ဝေဒနာကို ခံစားနေရသည်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေသည်။

အဝတ်အစားများထည့်ပြီးသောအခါ ဒီမက်ဂီယိုသည် ကြေကွဲရသော မျက်နှာဖြင့် မွန်နိုးကို လှမ်းကြည့်လိုက်ကာ အိမ်ထဲမှ တစ်လှမ်းချင်း ထွက်သွား

တော့သည်။ အိမ်ထဲမှာ မွန်ရိုးရှိုက်သံသာ ဖုံးလွှမ်းကျ၊ ၊ စ်ခဲ့သည့်အချိန်၌ ဖာပြင်ဘက်တွင် သတင်းထောက်များက ဒီမက်ဂီယိုကို ဝိုင်းနေကြသည်။

"အခု ခင်ဗျား ဘယ်ကို သွားမလဲ"

"ကျုပ်အိမ် ကျုပ်ပြန်မှာပေါ့။ ဆန်ဖရန်စစ္စကိုကို ပြန်မှာပေါ့"

သူ့အဝတ်အစားသူယူပြီး သူ့အရပ်သို့ သူပြန်ပါပြီ။ (၁၀)လမျှ မကြာလိုက်သော အိမ်ထောင်သက်တမ်းသည် အသွင်မတူမှုဖြင့် ပြီးဆုံး သွားချေပြီ။ မွန်ရိုးသည် တစ်ခုလပ်မလေးဘဝမှ နှစ်ခုလပ်မကလေးဘဝသို့ ရောက်ရပြန်သည်။

ဒီမက်ဂီယိုကို သူ မချစ်၍ မဟုတ်ပါ။ ချစ်ပါသည်။ သူတို့နှစ် ယောက်စလုံး အပြန်အလှန်ချစ်ကြပါသည်။ အိမ်ထောင်ရေးတစ်ခုသည် အချစ်တစ်ခုတည်းနှင့်လည်း တည်ဆောက်၍ မရကြောင်း သူတို့ သဘော ပေါက်နားလည်ခြင်း မရှိခဲ့ကြပါ။

ချစ်လျက်နှင့် ကွဲရပြန်ပြီဆိုတော့လည်း ထိုစိတ်လှုပ်ရှားမှုဒဏ်ကို ခံစားလာရပြန်သည့် မွန်ရိုးအဖို့ အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများ အကူအညီ ကို ယူရပြန်ပြီ။ ကြီးမားသော သောကကို ဖြေသိမ့်နိုင်ရန် ဆေးဝါးများကို အားကိုးရပြန်ပြီ။ သူတို့နှစ်ဦး ကွာရှင်းပြတ်စဲလိုက်ကြောင်း ကြားသိရသူများ အနက် ဝမ်းအသာကြီး သာသွားသူမှာ နာတာရှာပင် ဖြစ်ချေသည်။

* * *

## ခြေရာပျောက်ခြင်း

ခုနစ်နှစ်ကြာယားနာ ဇာတ်ကားကို (၁၉၅၄)ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် လုံးဝ ရိုက်ကူးပြီးစီးသွားသည်။

ထိုရုပ်ရှင်ကား ရိုက်ကူး ပြီးစီးသည်နှင့် တပြိုင်တည်း မြေခွေး ရုပ်ရှင်တွင် မိမိ ဆက်လက်ရိုက်ကူးတော့မည် မဟုတ်ကြောင်း မွန်ရိုးက ကြေညာကာ စာချုပ်များကို ချိုးဖောက်တော့သည်။ စာချုပ် ဖောက်ဖျက်မှု ကြောင့် ကုမ္ပဏီဘက်က မွန်ရိုးကို တရားစွဲရန် ပြင်ဆင်သည်။ မွန်ရိုးက သည်း သူ့ရှေ့နေများဖြင့် ခုခံထုချေရန် ပြင်ဆင်သည်။

ထိုအချိန်မှာပင် သူ၏ အတွဲဟောင်း ဖရက်ဒီကာဂျာ၏ မိခင် အင်ကာဂျာနှင့် မွန်ရိုး အတူသွားနေသည်။ မည်သူ့ကိုမျှ အတွေ့မခံဘဲ ပုန်းနေလိုက်သည်။

ကန်ထရိုက်စာချုပ်ကို ချိုးဖောက်ပြီး မွန်ရိုး ပျောက်သွားခြင်းနှင့် ပတ်သက်၍ မချင့်မရဲဖြစ်သွားကြသူများမှာ သတင်းထောက်များ ဖြစ်သည်။ ဒီမက်ဂီယိုနှင့် ကွာရှင်းပြတ်စဲပြီး ရက်ပိုင်း လပိုင်း အတွင်းမှာပင် ကုမ္ပဏီ နှင့် ကန်ထရိုက်စာချုပ်ကိုဖျက်ခြင်း၊ လူအများ၏ မြင်ကွင်းမှ ပျောက်ကွယ် သွားခြင်းတို့ကြောင့် သတင်းထောက်များအဖို့ တွေးရခက်ကြီး ဖြစ်နေကြ သည်။ မာရီလင်မွန်ရိုး ဘယ်ရောက်နေသလဲ ဟူသော ခေါင်းစဉ်များဖြင့် သူပျောက်သွားကြောင်း သတင်းများကို ရေးကြသည်။ မည်သည့် အရပ်သို့ ရောက်နေလိမ့်မည်ဟု ထင်ကြေးနှင့် ရေးသည်များကိုလည်း ဖတ်ကြရ သည်။ မွန်ရိုးသည် မည်သည့်အရပ်ဒေသသို့မျှ မသွားဘဲ ဟောလီးဝုဒ် မှာပင် အိမ်တွင်းပုန်းနေခြင်းသာ ဖြစ်သည်။ ထိုအကြောင်းကို မည်သူမျှ

မသိကြ။ (၁၀)ရက်မျှ ကြာသောအခါ တိတ်တဆိတ်ပင် နယူးယောက်မြို့သို့ ထွက်လာခဲ့ကြသည်။

ပထမဆုံး မီလ်တန်ဂရင်းနှင့် သွားနေသည်။ ဂရင်းတို့ မိသားစုသည် ကွန်နက်တီးကတ်တွင် တောင်ကုန်းတစ်ခုပေါ်၌ နေထိုင်ကြသည်။ မြေက (၁၁) ဧက ကျယ်ဝန်းသောကြောင့် မွန်ရိုးအဖို့ စိတ်အေးချမ်းသာ လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ရနေသည်။ မည်သူနှင့်မျှ အတွေ့မခံဘဲ ဂရင်း၏ ခွေးသုံးကောင်ကို အဖော်လုပ်ကာ အချိန်ဖြုန်းနေလိုက်သည်။

ဂရင်း၏ဇနီး အေမီသည် နောင်အခါတွင် ဂလာမာမဂ္ဂဇင်း၌ ဆင်ယင်ထုံးဖွဲ့မှု အယ်ဒီတာ ဖြစ်လာသည်။ ယခင်က စံပြမယ်လုပ်ခဲ့သည်။ ဝတ်စားဆင်ယင်မှုလုပ်ငန်းများတွင် ကျွမ်းကျင်သည်။ ဂလာမာမဂ္ဂဇင်းသည် ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်ပြီး ထင်ရှား ကျော်ကြားသော မဂ္ဂဇင်းတစ်စောင် ဖြစ်သည်။

ဂရင်းတို့အိမ်မှာ ယာယီနေထိုင်ခိုက် ယခင်ဆွေးနွေးလက်စဖြစ်သော ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းနှင့် ပတ်သက်၍ ဂရင်းနှင့်မွန်ရိုးတို့ ဆွေးနွေးမိကြပြန်သည်။

လိုသောငွေများကို ဂရင်းက ရှာမည်။ အစုရှယ်ယာများ ခေါ်မည်။ အားလုံးပေါင်း (၁၀၁)စု ထားမည်။ မွန်ရိုးကို (၅၁)စု ထည့်ဝင်ခွင့်ပေးမည်ဟု ညှိနှိုင်းကြသည်။

သို့သော်လည်း အုပ်ချုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ မွန်ရိုးတွင် ဘာသြဇာမှမရှိ။ အငြင်းပွားဖွယ်ရာ ပြဿနာပေါ်လာလျှင်လည်း မွန်ရိုးအနေဖြင့် မဲဖြင့် အနိုင်ယူခွင့် မရှိ။ ဂရင်း စုစည်းခေါ်ယူထားသည့် အခြားအစုရှင်များဖြင့်သာ သူတို့ ကြိုက်သလို ဆုံးဖြတ်ကြမည် ဖြစ်သည်။ ထိုအချိန်က ထိုသို့ နားလှည့်ပါးလှည့် ပြုလုပ်ထားခြင်းကို မွန်ရိုး မသိသေး။ နောက်အာသာမီလာနှင့် မွန်ရိုးတို့ ပြန်လည် ဆက်သွယ်မှု ရလာသောအခါကျမှ ထိုကိစ္စ ပေါ်လာတော့သည်။

ထိုစဉ်ကမူ အစုရှယ်ယာပေါင်း (၁၀၁) စု ထားရေး၊ မွန်ရိုးကို (၅၁) စုအထိ ဝင်ခွင့်ပြုရေးများကို သဘောတူလိုက်ကြသည်။ သူတို့၏ သဘောတူညီမှုကို (၁၉၅၄) ခု၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် ပြုလုပ်ကြ

ခြင်း ဖြစ်သည်။ သတောတူညီမှု ရရှိပြီးသောအခါ လမ်း (၅၀) ရှိ ဝါးခေါ်
အဆောက်အဖုံတွင် အိပ်ခန်းတစ်ခန်းဝယ်ကာ မွန်ရိုး ပြောင်းလာခဲ့သည်။
ထိုအချိန်ထိ မွန်ရိုး ဘယ်ရောက်နေသည်ကို သတင်းစာများက ခြေရာခံ၍
နေကြသေး။ ယောင်ဝါးဝါး ရေးနေကြဆဲပင် ဖြစ်သည်။

မွန်ရိုးထံသို့ ပထမဦးဆုံး ရောက်လာသူမှာ ပြဇာတ်ရေးဆရာ အာသာမီလာ ဖြစ်သည်။ မီလာနှင့် မွန်ရိုးတို့ ပြန်လည် ဆုံကြပြီးနောက် နှစ်ယောက်အတူ အပြင်ထွက်ကြရာမှ သတင်းစာများက မွန်ရိုးကို ခြေရာ ကောက်မိသွားကြတော့သည်။

သို့သော်လည်း မည်သူ့ကိုမျှ အတွေ့မခံဘဲ ရှောင်မြဲ ရှောင်နေသည်။ မည်သည့် သတင်းစာနှင့် တွေ့ဆုံသင့်ကြောင်းကိုလည်း သူတို့ ဆုံးဖြတ်နိုင်သေး။ မိမိတို့ အကျိုးရှိမည့် သတင်းစာနှင့် မတွေ့မိဘဲ အကျိုး နည်းမည့် သတင်းစာနှင့် တွေ့မိမည်ကိုလည်း သူတို့ စိုးရိမ်ကြရသေးသည်။

မွန်ရိုး နယူးယောက်သို့ ရောက်နေကြောင်း သတင်းစာများက ရေးပြီးကြသောအခါ ကိုလံဘီယာ အသံလွှင့်ဌာနက မွန်ရိုးကို ရုပ်မြင်သံကြား ရိုက်ရန် ဂရင်းမှတစ်ဆင့် ကမ်းလှမ်းလာသည်။ ရမည့် အခကြေးငွေက သည်း ကောင်းသဖြင့် လက်ခံလိုက်သည်။ ဂရင်းတို့၏ ခြံထဲမှာပင် ရုပ်မြင် သံကြားရိုက်ရန် စီစဉ်ကြသည်။

ကင်မရာများ အသင့်ပြင်ပြီး စတင် ရိုက်မည်ပြုသောအခါ မွန်ရိုး ဝဘ်ထဲမှာ တစ်မျိုး ဖြစ်လာ၏။ သန်းပေါင်း များစွာသော ရုပ်မြင်သံကြား ကြည့် ပရိသတ်က မိမိကို ကြည့်ရှု အကဲခတ်ကြတော့မည် ဖြစ်ရာ တစ်စုံ တစ်ခု လွဲချော်သွားပါက ကိုယ်ကျိုးနည်းရချေရဲ့ဟု စိုးရိမ်စိတ် ဝင်လာခြင်း ဖြစ်သည်။

"အေမီရေ ကိုယ်တော့ လန့်နေပြီ ကိုယ့်ကို ကူညီပါဦး၊ ကင်မရာကို ကြောက်သလို ဖြစ်နေတယ်"

ဟု မွန်ရိုးက ပွင့်ပွင့်လင်းလင်းပင် ပြောသည်။ ထို့ကြောင့် မွန်ရိုး ဝဘ်ငြိမ်အောင် အေမီက အားပေးသည်။ အခြား အကြောင်းများကို လှည့် မေးသည်။ နောက်ဆုံး စိတ်တည်ငြိမ်လာသော အခါကျမှ စတင် ရိုက်ကူး ကြသည်။ အဆိုပါ ရုပ်မြင်သံကြား ဇာတ်လမ်းမှာ အအောင်မြင်ကြီး

မဟုတ်လှသော်လည်း မွန်ရိုးကို အများစုက လက်ခံကြသည်။ ရုပ်ပျက် ဆင်းပျက် ဖြစ်မသွားသည်ကို မြင်ကြရသည်။

ဂရင်းနှင့်စပ်တူ တည်ထောင်မည့် လုပ်ငန်းသည် ရုပ်ရှင်ထုတ်လုပ် ရေးလုပ်ငန်း သာမက ပြဇာတ်ကမည့် လုပ်ငန်းများပါ ပါဝင်သည်။ပြဇာတ် ကမည်ဆိုလျှင် ပြဇာတ်နှင့်ပတ်သက်သည့် အတတ်ပညာရပ်များကို မွန်ရိုး လေ့လာရန် လိုသည်။

ထို့ကြောင့် ပြဇာတ်ပေါင်း များစွာကို ဒါရိုက်တာလုပ်ပြီး ရှုံသွင်းခဲ့ ဖူးသော ဒါရိုက်တာ လီစထရာဘတ်ထံတွင် သင်တန်းတက်ရန် စီစဉ်ကြရ ဖြန်သည်။ လီစထရာဘတ်သည်လည်း ယခု အစုစပ် လုပ်ငန်းထဲတွင် ပါဝင်သူ ဖြစ်သည်။ မွန်ရိုးသည် စထရာဘတ်၏ သရုပ်ဆောင် သင်တန်း များမှာ သင်တန်းသူအဖြစ် တက်ရပြန်သည်။

(၂၀) ရာစု မြေခွေးရုပ်ရှင်က ကတိစာချုပ် ဖောက်ဖျက်မှုဖြင့် တရားစွဲရန် စီစဉ်သော်လည်း နောက်ပိုင်း၌ တရားမစွဲဖြစ်ဘဲ ပျက်ပြယ် သွားသည်။ ထိုအချိန်မှာပင် အာသာမီလာသည် မွန်ရိုး၏ ဘဝတွင်းသို့ ပြန်လည် ဝင်ရောက်လာပြီ ဖြစ်၏။ မီလာက သူ့ပြဇာတ်များ ရုံတင်နိုင်ရေး သူ့ဇာတ်ညွှန်းများ ရုပ်ရှင်ရိုက်နိုင်ရေးအတွက် ပြဇာတ်လောကနှင့် ရုပ်ရှင် လောကသို့ ဝင်လာသဖြင့် ပြန်လည် ပူးပေါင်းမိကြခြင်း ဖြစ်သည်။

(၁၉၅၅) ခု နှစ်လယ်တွင် မွန်ရိုးကို ပြဇာတ်စင်ပေါ်သို့ တင်နိုင်ပြီ ဖြစ်ကြောင်း စထရာဘတ်က ခွင့်ပြုလိုက်သည်။

"ရုပ်ရှင်နဲ့ ပြဇာတ်ဟာ နည်းနည်းမှ မတူဘူး။ ရုပ်ရှင်က အမှားခံ တယ်၊ ပြဇာတ်က အမှား မခံဘူး၊ ရုပ်ရှင်မှာ မကောင်းသေးရင် မကောင်း မချင်း ပြန်ပြင်ရိုက်လို့ရတယ်၊ ပြဇာတ်က ဒီလို မဟုတ်ဘူး၊ ကန့်လန့်ကာ မဖွင့်မီက အမှား မပါအောင် လေ့ကျင့်ထား၊ ကန့်လန့်ကာ ဖွင့်ပြီးတာနဲ့ တစ်ပြိုင်တည်း မှားရင် ဒုက္ခရောက်တော့တာပဲ"

ဟုလည်း မွန်ရိုးကို သေသေချာချာ မှာလိုက်သည်။

ပြဇာတ်ကရေး၊ ရုပ်ရှင်ရိုက်ရေးများကို လုံးပန်းနေကြဆဲမှာပင် (၂၀) ရာစုမြေခွေးရုပ်ရှင်က မွန်ရိုးနှင့် ပြန်လည် စာချုပ်ရန် မိလ်တန်ဂရင်းနှင့် ကမ်းလှမ်းလာသည်။

မွန်ရိုး မရှိသည့်နောက် သူတို့ ကုမ္ပဏီအဖို့ ဇာတ်ကားအထွက် နှေးသွားသည်။ မွန်ရိုးနှင့် သင့်လျော်မည့် ဇာတ်ညွှန်းများကို ပြင်ဆင်ထားခဲ့ရာ မွန်ရိုး ထွက်သွားသောကြောင့် သူတို့မှာ အနည်းနှင့် အများ နစ်နာမှု ရှိသည်။ထို့ကြောင့်လည်း သူတို့ဘက်က လိုက်လျောကာ မွန်ရိုးကို ပြန်လည် ကမ်းလှမ်းခြင်း ဖြစ်သည်။

သို့သော် ဂရင်းက မွန်ရိုးနှင့် ကမ်းလှမ်းခြင်းကို လက်မခံ။ ယခု မိမိတို့သည် မာရီလင်မွန်ရိုး ရုပ်ရှင်ထုတ်လုပ်ရေး ဟူသော အမည်ဖြင့် ကုမ္ပဏီထောင်ထားပြီး ဖြစ်သောကြောင့် မြေခွေးရုပ်ရှင်နှင့် မိမိတို့ကုမ္ပဏီသာ စကားပြောရမည်ဟု အရေးဆိုသည်။

သည်ဘက်ကလည်း လုပ်ငန်းက စထားပြီး ဖြစ်သောကြောင့် မွန်ရိုး အနေဖြင့် ကန့်ကွက်ရန် အကြောင်း မရှိတော့။

(၁၉၅၅) ခုနှစ်၊ ဒီဇင်ဘာလလယ်ပိုင်းတွင် ကုမ္ပဏီနှစ်ခုတို့ သဘောတူညီမှုများကို ပြုလုပ်ကြသည်။ စာချုပ်သက်တမ်းကို (၆) နှစ်သာ ထားရမည်။ မွန်ရိုးကို အခြား ကုမ္ပဏီများနှင့်လည်း လွတ်လပ်စွာ ဇာတ်ကား ရိုက်ကူးခွင့်ပြုရမည် ဟူသော အချက်များ ပါဝင်သည်။ သရုပ်ဆောင်ခ အနေဖြင့်လည်း ရုပ်ရှင်တစ်ကားလျှင် ဒေါ်လာတစ်သိန်း ပေးပါမည်ဟု သဘောတူကြသည်။ မြေခွေးရုပ်ရှင်နှင့် ညှိနှိုင်းပြီးသောအခါ မွန်ရိုးနှင့် ဂရင်းတို့ ညှိနှိုင်းကြရပြန်၏။

မွန်ရိုးကို မိမိတို့ ကုမ္ပဏီက ပိုင်သည်။ ထို့ကြောင့် မြေခွေးရုပ်ရှင်နှင့် မွန်ရိုး ရုပ်ရှင်ရိုက်ရေးကို မိမိတို့ကသာ စာချုပ်ရမည်။ မြေခွေးရုပ်ရှင်အတွက် မွန်ရိုး ရုပ်ရှင်ရိုက်ပေးခြင်းသည် မိမိတို့ ကုမ္ပဏီကို ဝင်ငွေရအောင် ရှာဖွေပေးသည့် သဘောသာ မှတ်ယူရမည်။ ထို့ကြောင့် မြေခွေးရုပ်ရှင်မှ ရသော ရုပ်ရှင်ရိုက်ခသည် မိမိတို့ ကုမ္ပဏီ၏ ဝင်ငွေဖြစ်သည်ဟု သတ်မှတ်သည်။ ထိုဝင်ငွေကို မိမိတို့ အစုရှယ်ယာများအလိုက် ခွဲဝေယူရမည်ဟု ဂရင်းက စည်းကမ်းချက်များ ရေးဆွဲသည်။

အမှန်က မွန်ရိုးကို ခေါင်းပုံဖြတ်ခြင်းသာ ဖြစ်သည်။ သူ ရိုက်ရသည့် ရုပ်ရှင်သရုပ်ဆောင်ခကို အပြည့်အဝ သူ သုံးခွင့် မရှိ။ ကုမ္ပဏီသို့ အားလုံး ပြန်အပ်ရမည်။ ပြီးတော့မှ ခွဲဝေယူမည်။ မွန်ရိုးက (၅၁) စုသာ

ပါဝင်ခွင့်ရသောကြောင့် ဝင်ငွေ၏ တစ်ဝက်ကျော်ကျော်ခန့် ရမည်၊ ကျန် တစ်ဝက်နီးပါးကို အခြား အစုရှင်များက ခွဲဝေယူကြမည် ဆိုသော သဘော ဖြစ်သည်။ရုပ်ရှင်တစ်ကားလျှင် သရုပ်ဆောင်ခ ဒေါ်လာတစ်သိန်း ပေးမည် ဖြစ်ရာ မွန်ရိုးက ဘာမှ မဆိုင်သောသူများကို ဒေါ်လာငါးသောင်း ခွဲဝေ ပေးနေရခြင်းပင် ဖြစ်သည်။

(၁၉၅၆) ခု၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြေခွေးရုပ်ရှင်နှင့် မာရီလင်မွန်ရိုးတို့ (၆) နှစ်အတွင်း ဇာတ်ကား (၄) ကား ရိုက်ရန် သဘောတူ စာချုပ် ချုပ်ဆိုကြပြီဖြစ်ကြောင်း ကြေညာလိုက်လေတော့သည်။

ထိုရက်များမှာပင် အာသာမီလာနှင့် မွန်ရိုးတို့ အတွဲကို မြင်ကြရ သည်။ သတင်းစာများကလည်း မွန်ရိုး၏ အတွဲသစ်အကြောင်းကို ထည့် ရေးကြပြန်ပြီ။ သူတို့ မကြာမီ လက်ထပ်ကြတော့မည် ဟူသည်အထိ ရေး လာခြင်း ဖြစ်သည်။

"သူမှာ လက်ရှိ အိမ်ထောင်ကြီးနဲ့ ကျွန်မက ဘယ်လို လက်ထပ် နိုင်မှာလဲ၊ ကြည့်လည်း ရေးကြပါဦးရှင်"

ဟု သတင်းထောက်များကို မွန်ရိုးက ဖွင့်ပြောရသည်အထိ ဖြစ်လာသည်။

သို့သော်လည်း သူတို့၏ အချစ်ဇာတ်လမ်းကိုမူ ဖုံးဖိ၍ မရ။ အာသာမီလာနှင့် မေရီလက်တာရီမီလာတို့၏ အိမ်ထောင်သက်မှာ (၁၅)နှစ် ရှိပြီ။ သည်အိမ်ထောင်ကြီးကို ဖျက်ဆီးရမည်ဆိုလျှင် သားရေးဘက်နှင့် သမီးကျိန်းတို့ကို မည်သို့ စီစဉ်ပေးရမည်နည်းဟု မီလာ စဉ်းစားနေရသည်။

မွန်ရိုးဘက်ကလည်း ထိုကလေးများအတွက် ထည့်သွင်း စဉ်းစား ရပြန်သည်။ မိမိတို့ကြောင့် ကလေးငယ်နှစ်ဦး၏ ဘဝ ပျက်စီးသွားနိုင် သလောဟု တွေးဆပြန်သည်။ ကလေးများအပေါ် သူ ကရုဏာသက်မိ သည်မှာ အမှန် ဖြစ်သည်။

ထိုကြားထဲကပင် နောက်ဆုံးတော့ မီလာနှင့် မေရီလက်တာရီတို့ ကွာရှင်း ပြတ်စဲလိုက်ကြတော့သည်။

မီလာက ကွာရှင်းပြတ်စဲပြီး ဖြစ်သော်လည်း သူတို့ လက်မထပ် နိုင်ကြသေး။ ဒီမက်ဂီယိုနှင့် မွန်ရိုးသည် တရားဝင် ကွာရှင်းပြတ်စဲခြင်း

မရှိသေး။ နယူးယောက်ရှိ မှန်မိုး၏ ဝါးခေါ်ဒါဗိမ်သို့ ဒီမက်ဂီယို မကြာခဏ လာနေတတ်သည်။ ထို့ကြောင့် ပယမဦးဆုံး ဒီမက်ဂီယိုနှင့် မှန်မိုးတို့ ဘာရားဝင် ကွာရှင်းပြတ်စဲပြီးအောင် လုပ်ရပေမည်။

မည်သို့ဆိုစေ သတင်းစာတို့၏ မျက်နှာဖုံးများတွင်မူ မှန်မိုးနှင့် ဓိလာတို့၏ သတင်းများသာ အဆက်မပြတ် ပါနေလေတော့သည်။

* * *

## တတိယမြောက် ဇူးစာရင်

(၂၀) ရာစုမြေခွေးရုပ်ရှင်နှင့် မွန်ရိုးတို့ စာချုပ်ပြီး ပထမဦးဆုံး ရိုက်သော ဇာတ်ကားမှာ ဘတ်စ်ကားမှတ်တိုင် ဖြစ်သည်။ ဒါရိုက်တာမှာ ဂျိုရှူဝါလိုဂင် ဖြစ်သည်။

မွန်ရိုး၏ ဘဝ တစ်လျှောက်လုံးတွင် ရိုက်ကူးခဲ့သမျှ ဇာတ်ကား များအနက် အအောင်မြင် အကျော်ကြားဆုံးနှင့် အကောင်းဆုံး ရုပ်ရှင်ကား ဖြစ်ရုံမျှမက မွန်ရိုး သရုပ်ဆောင် အကောင်းဆုံးသော ဇာတ်ကား ဖြစ်ပါ ကြောင်း အားလုံးက လက်ခံကြသည်။ ရုပ်ရှင် ဝေဖန်သူများကလည်း တညီတညွတ်တည်း လက်ခံကြသော ဇာတ်ကား ဖြစ်လေသည်။

ဟောလီးဝုဒ်မှာ ထိုဇာတ်ကား ရိုက်ကူးနေစဉ်က မွန်ရိုးသည် နယူးယောက်မှာပင် နေထိုင်လျက် ရှိသည်။ ဟောလီးဝုဒ်သို့ ပြန်ပြောင်း မည်လား ဟူသော မေးခွန်းနှင့် ပတ်သက်၍. . .

"ဟောလီးဝုဒ်ဟာ ကျွန်မ အလုပ်လုပ်တဲ့ နေရာ ဖြစ်ပါတယ် နယူးယောက်ကတော့ ကျွန်မ နေထိုင်တဲ့မြို့ ဖြစ်ပါတယ်"

ဟု ပြန်ဖြေခဲ့သည်။ ထို့ကြောင့်လည်း ဟောလီးဝုဒ်သို့ ပြန်လာပြီး နေထိုင်တော့မည် မဟုတ်ကြောင်း နားလည်ကြရသည်။

ထိုကစပြီး သူနှင့် တစ်သက်လုံး ပေါင်းသင်းခဲ့သည့် နာတာရှာ လိုက်တက်စ်နှင့် မွန်ရိုးတို့ ခွဲခွာကြခြင်း ဖြစ်သည်။ နာတာရှာနှင့် ခွဲခွာခဲ့ပြီး နောက်ပိုင်းတွင် သရုပ်ဆောင်မှုနှင့် ပတ်သက်ပြီး မွန်ရိုးကို သင်ပြနေသူမှာ ဒါရိုက်တာ စထရာဘတ်၏ဇနီး ပေါလာစထရာဘတ် ဖြစ်သည်။ ပေါလာ ကိုယ်တိုင် ပြဇာတ်များတွင် ခေါင်းဆောင်မင်းသမီးအဖြစ်နှင့် ကဖူးလေရာ

မွန်ရိုးကို ကောင်းစွာ သင်ပြနိုင်လေသည်။

ရုပ်ရှင်လောကမှ တစ်နှစ်ကျော်ခန့် ပျောက်ကွယ်သွားသော မွန်ရိုးသည် ယခု ဇာတ်ကားကို ပြန်ရိုက်သောအခါ စိတ်မတည်ငြိမ်မှုများ အလွန် များနေသည်ကို တွေ့မြင်ကြရသည်။ သူ့အတွက် အိပ်မပျော်သော ညများ ပိုမို များပြားလာသည်။ စိတ်မငြိမ်နိုင်သည့် အချိန်များ ပိုမို များပြား လာသည်။ ထို့ကြောင့် အိပ်ဆေးများနှင့် စိတ်ငြိမ်ဆေးများကို ပိုမို မှီဝဲလာ ပြန်သည်။ ပြီးတော့ သူမှာ လွတ်လပ်အေးချမ်းစွာ နေခွင့်ရသည့် အချိန် သည်လည်း အလွန်တရာ နည်းပါးလာပြီ ဖြစ်၏။ သွားလေရာရာမှာ သတင်းထောက်တို့က ဝိုင်းဝိုင်းလည်နေတတ်သည်၊ ရုပ်ရှင်လောကမှ တစ်နှစ်ကျော် ပျောက်သွားပြီး ယခုမှ ပြန်ပေါ်လာသည့်အတွက်လည်း သတင်းထောက်များအဖို့ စိတ်ဝင်စားစရာ ကောင်းနေသည်။

နောက်တစ်ကြောင်းမှာ မီလ်တန်ဂရင်းနှင့် ပေါင်းပြီး ကိုယ်ပိုင် ရုပ်ရှင်ကုမ္ပဏီ ထောင်သည့်အကြောင်း ဖြစ်သည်။ ကုမ္ပဏီထောင်သော် လည်း ရုပ်ရှင်တစ်ကားမှ မရိုက်ဖြစ်ကြသေး။

အသုံးအစွဲကြီးသော မွန်ရိုး၏ စရိတ်များကို ကုမ္ပဏီက ကျခံ နေရသဖြင့် ကုမ္ပဏီတွင်ရှိသည့် အစုငွေများအားလုံး ကုန်သွားသည်ဟု လည်း ပြောသူတို့က ပြောနေကြသည်။ ထိုသို့ ငွေကြေး မရှိတော့သော ကြောင့် ရုပ်ရှင်တစ်ကားမှ မရိုက်နိုင်ဘဲ နောက်ဆုံး မြေခွေးရုပ်ရှင်၏ ကမ်းလှမ်းခြင်းကို လက်ခံကာ ရုပ်ရှင်ပြန်ရိုက်နေခြင်း ဖြစ်သည်ဟု ရုပ်ရှင် ဂျာနယ်အချို့နှင့် သတင်းစာအချို့ကလည်း ရေးနေကြသည်။

မွန်ရိုး၏ စိတ်မတည်ငြိမ်မှုများ ပိုမို များပြားလာကြောင်းကို ပထမဦးဆုံး သတိထားမိသည့်သူမှာ ဒါရိုက်တာ ဂျော့ဂျ်ကူကာ ဖြစ်သည်။ အားလုံး အသင့်ဖြစ်နေသော်လည်း မွန်ရိုးသည် ရိုက်ကွင်းသို့ လာချင်သည့် အခါကျမှ လာတတ်သည်။ လာပြန်တော့လည်း ရုတ်တရက် မရိုက်နိုင် သေးဘဲ သူ စိတ်တည်ငြိမ်သည့် အချိန်ကို သည်းခံ စောင့်ဆိုင်းနေကြရ သည်။ ထိုသို့ စိတ်လှုပ်ရှားမှုများနှင့် ပတ်သက်ပြီး သူ့ကို နိုင်နင်းအောင် ထိန်းသိမ်းပေးနိုင်သူမှာ ယခု သူ၏ နည်းပြဆရာ ဖြစ်လာသည့် ပေါ်လာ စတရာဘတ် တစ်ဦးသာ ရှိလေသည်။

သတင်းထောက်တို့ကလည်း သူ့ပတ်လည်မှာ ဝိုင်းနေကြသည်။ မီလာနှင့် မွန်ရိုးတို့ လက်ထပ်မည့်နေ့ကို သိလိုနေကြသည်။ ထင်မြင်ချက် အမျိုးမျိုးကို မေးမြန်းနေကြသည်။ ရေးသူတွေကလည်း ရမ်းတုတ်များတို့ ရေးနေကြသည်။

စောစောက အထီးကျန်ဘဝကို စိတ်ကုန်ခန်းခဲ့သော မွန်ရိုးသည် ယခု လူတွေ ပတ်ပတ်လည် ဝိုင်းလွန်းသဖြင့် အထီးကျန်ဘဝကို ပြန်လည် မျှော်လင့် တောင့်တရသည့် အဖြစ်သို့ ဆိုက်ရောက်လာပြန်သည်။ သတင်း ထောက်များမှာ မိမိပတ်လည်မှာ ဝိုင်းနေခြင်းသည် မိမိ၏ အောင်မြင် ကျော်ကြားမှုအတွက် ကောင်းသည်မှာ မှန်ပါ၏။ သို့သော်လည်း နားခွင့် ကလေးမှ မရလောက်အောင် ဝိုင်းဝိုင်းလည်နေသောအခါ သည်းမခံနိုင် လောက်အောင် ဖြစ်လာသည်။

မီလာသည် သူ့ပထမဇနီးနှင့် ကွာရှင်းပြတ်စဲနိုင်အောင် နီဗားဒါး တွင် စောင့်ဆိုင်းနေရဆဲ ဖြစ်သည်။ ထိုအချိန်တွင် ဒီမက်ဂီယိုနှင့် မွန်ရိုးတို့ တရားဝင် ကွာရှင်းပြတ်စဲခြင်းကို ပြုလုပ်နိုင်လိုက်သည်။ (၁၉၅၆) ခုနှစ် ဇွန်လ စောစောပိုင်းတွင် မီလာသည် နယူးယောက်မြို့သို့ ပြန်လာခဲ့ပြီး ပထမဇနီးနှင့် ကွာရှင်းပြတ်စဲပြီးဖြစ်သည့် စာချုပ်စာတမ်းများ သူ့လက်ထဲ မှာ အသင့်ပါလာလေပြီ။

"ခင်ဗျားတို့ အကြောင်းကို လူထုက စိတ်ဝင်စားနေတဲ့အတွက် ကျွန်တော်တို့ နှောင့်ယှက်ရတာပါဗျာ"

ဟု သတင်းထောက်များက မီလာကို မျက်နှာချိုသွေးကြသည်။

"လုပ်ကြပါ၊ လုပ်ကြပါ။ ခင်ဗျားတို့ အလုပ်ကို ခင်ဗျားတို့ လုပ် ကြတာပဲ၊ ခင်ဗျားတို့ အလုပ်က ကျွန်တော်တို့ လွတ်လပ်ခွင့်ကို လာဆန့် ကျင်နေတာတော့ ကံတရားလို့ ဆိုရမှာပေါ့ဗျာ"

ဟု မီလာက မချိသွားဖြဲ လုပ်သည်။

သို့သော်လည်း သူတို့ လက်ထပ်မည့် ကိစ္စနှင့် ပတ်သက်၍မူ တစ်လုံးတစ်ပါဒမျှ ထုတ်ဖော်ပြောခြင်း မပြု။ ငြင်းဆိုခြင်းလည်း မပြု။ ထိုသို့ ရေငုံနှုတ်ပိတ်နေခြင်းအတွက်လည်း သတင်းထောက်များ မချင့်မရဲ ဖြစ်နေကြရသည်။

သူတို့ချင်း မေတ္တာရှိနေပြီကို အားလုံးက သိကြသည်။ လွှတ်လွှတ်လပ်လပ် လက်ထပ်နိုင်ရန်အတွက် မွန်ရိုးက ဒီမက်ဂီယိုနှင့် တရားဝင်ကွာရှင်းမှုကို အမြန်ဆုံး လုပ်ခဲ့သလို မီလာကလည်း မေရီစလက်ထရီနှင့် တရားဝင် ကွာရှင်းခြင်းကို ခွဲကောင်းကောင်းနှင့် ထိုင်ကာ စောင့်ခဲ့သည်။ သခု တရားဝင် ကွာရှင်းပြီးသည်နှင့် တစ်ပြိုင်တည်း မွန်ရိုးရှိရာ နယူးယောက်မြို့သို့ တက်သုတ်နှင်ကာ ပြေးလာသည်။ မုချ လက်ထပ်မည်ကို သိလျက်သားနှင့် ကာယကံရှင်များက တစ်စုံတစ်ရာ ထုတ်ဖော် ပြောဆိုခြင်း မပြုသောအခါ မချင့်မရဲ ဖြစ်ကြရတော့သည်။

အာသာမီလာသည် ဂျူးလူမျိုး ဖြစ်သည်။ ထို့ကြောင့် မွန်ရိုးနှင့် လက်ထပ်မည်ဆိုလျှင် တရားဝင်အောင် ဂျူးတို့ ထုံးတမ်းစဉ်လာများ အတိုင်း လက်ထပ်ရန်လည်း လိုသည်။ ထိုအတွက် လိုအပ်သည်များ စီစဉ်ရမည်။ မီလာသည် သူ့ဖခင် အိုက်စီဒိုမီလာနှင့် သွားရောက် တွေ့ဆုံကာ ဘိုင်ပင်၏။ မွန်ရိုးနှင့်လည်း မိတ်ဆက်ပေးသည်။

အိုက်စီဒိုသည် မွန်ရိုးကို မြင်လျှင်မြင်ချင်းပင် သမီးအရင်းပမာ ချစ်ခင်သွားသည်။ ထိုကစပြီး မီလာနှင့် မွန်ရိုးတို့ ကွာရှင်းကြသော်လည်း အိုက်စီဒိုနှင့် မွန်ရိုးတို့၏ ဆက်သွယ်မှုသည် ပြတ်တောက်မသွား။ သားအဖအရင်းကဲ့သို့ ဆက်သွယ်မြဲ ဆက်သွယ်နေကြသည်။

အိုက်စီဒိုသည် စက်ရုံပိုင်ရှင်တစ်ဦး ဖြစ်ခဲ့ပြီး ယခု အသက်အရွယ်ကြီးပြီ ဖြစ်သောကြောင့် အလုပ်မှ အနားယူခဲ့သည်။

ဂျူးဘာသာတရားအရ လက်ထပ်ပွဲကို ဇူလိုင် (၁) ရက်၊ ဂျူးဥပုသ်နေ့တွင် ကျင်းပရန် သူတို့ စီစဉ်ကြသည်။

ဆုံးဖြတ်ချက် ချပြီးပြီ ဖြစ်သောကြောင့် သတင်းစာ ကွန်ဖရင့်တစ်ရပ် ကျင်းပရန် မီလာက ဆုံးဖြတ်လိုက်သည်။ မွန်ရိုး၏ သတင်းစာဆက်သွယ်ရေးတာဝန်ခံ မစ္စဝက်ဘာကို လိုအပ်သည်များ စီစဉ်ရန် တာဝန်ပေးသည်။ မွန်ရိုး နယူးယောက် ပြောင်းလာသည်မှစပြီး မစ္စဝက်ဘာသည် မွန်ရိုး၏ သတင်းစာဆက်သွယ်ရေးတာဝန်ခံ အဖြစ် ဆောင်ရွက်နေသူဖြစ်သည်။

"သတင်းထောက် လေးငါးယောက်လောက် ခေါ်ပြီး ရှင်းပြလိုက်

တာပေ့ါ။ အဲဒါအတွက် လိုတာလေးတွေ စီစဉ်ထားပါ" ဟု ပြောသောအခါ ဝက်ဘာသည် သူ့ကို ကြည့်ပြီး အံ့ဩသွားသည်။

"ဘယ့်နှယ် စိတ်ကူးယဉ်နေတာလဲ မစ္စတာမီလာ၊ ရာနဲ့ချီ မရှိရင် ကျွန်မကို ကြိုက်သလိုပြော၊ ဒါလောက်တောင် ဝိုင်းဝိုင်းလည်နေကြတာ လေးငါးယောက်လောက်တော့ ဘယ်ဖြစ်နိုင်မှာလဲ"

ပြောသည့်အတိုင်းပင် ထိုနေ့က စိတ်မချမ်းမြေ့ဖွယ်ရာ တစ်ခု ဖြစ်သည်။ မွန်ရိုးနှင့်မီလာသည် မီလာ၏သူငယ်ချင်းရှိရာ မြို့ငယ်တစ်ခုသို့ သွားရန် အိမ်ထဲက ထွက်လာကြ၏။ သူတို့အိမ်ထဲမှ ထွက်လာသည်ကို မြင်သည်နှင့်တစ်ပြိုင်တည်း "ထွက်လာကြပြီဟေ့"ဟူသော သတင်းထောက်များ၏ အော်သံကို ကြားလိုက်ရကာ သူတို့ကို ဝိုင်းတော့သည်။

သူတို့ကလည်း ကားပေါ်သို့တက်ကာ အတင်းမောင်းပြေးသည်၊ မြို့ပြင်ရောက်သောအခါ သူတို့နောက်မှာ ရှည်လျားလှသည့် သတင်းထောက်တို့၏ မော်တော်ကားတန်းကြီးကို မြင်တွေ့နေရသည်။ အချိန် မကျသေးသောကြောင့် သူတို့ကလည်း သတင်းထောက်များကို အတွေ့မခံလို၊ မေးသည်ကို မဖြေကြားလို။ ထို့ကြောင့် လွတ်အောင် မောင်းပြေးခဲ့သည်။

ထိုသို့ အရှိန်နှင့် ကားမောင်းလာပြီး လိုက်တမ်း ပြေးတမ်း ကစားနေကြဆဲမှာပင် မော်တော်ကားတစ်စင်းသည် လမ်းဘေးသို့ ထိုးကျသွားကာ သစ်ပင်တစ်ပင်ကို ဝင်တိုက်လိုက်သည်။ မွန်ရိုး၏မျက်နှာသည် သွေးဆုတ်သလို ဖြူသွားသည်။ ငယ်သံပါအောင် အော်လိုက်ခြင်းနှင့်အတူ သူ မှင်တက်မိသလို ဖြစ်သွားသည်။ မီလာသည် မော်တော်ကားကို ရပ်ပြီး သစ်ပင်ကို ဝင်တိုက်သည့်ကားဆီသို့ ဆင်းပြေးသွားသည်။

ထိုကားကို လူငယ်တစ်ယောက်က မောင်းလာသည်။ သူ့မှာ ကြီးမားသည့် ဒဏ်ရာတစ်စုံတစ်ခု မရသော်လည်း ထိုင်လိုက်လာသည့် အမျိုးသမီးတစ်ဦးမှာမူ ခေါင်းတွင် ဒဏ်ရာ အကြီးအကျယ် ရနေသည်ကို မြင်တွေ့ရတော့သည်။ယင်း အမျိုးသမီးမှာ ပြင်သစ်နိုင်ငံမှ သတင်းထောက် မာရာရှဟာဘက်တော့ ဖြစ်သည်။ ထိုကားတိုက်သည့် ဒဏ်ရာဖြင့်ပင် ဆေးရုံရောက်သောအခါ ကွယ်လွန်သွားရရှာသည်။

သတင်းထောက် မော်တော်ကားတစ်စင်း သစ်ပင်ဝင်တိုက်ပြီး

သေလောက်အောင် လူတစ်ယောက် ဒဏ်ရာရနေသော်လည်း ကျန် သတင်းထောက်များသည် ထိုကိစ္စကို စိတ်မဝင်စား။ လမ်းဘေးတွင် ထိုးရပ်ထားသည့် မှုန်ရိုးတို့ ကားဆီသို့ ပြေးလာပြီး သူတို့ သိလိုသည့် မေးခွန်းများကိုသာ တတွတ်တွတ် မေးနေသည်။ မှုန်ရိုးသည် စိတ်ထိခိုက် လွယ်သည့် မိန်းကလေး ဖြစ်သဖြင့် မျက်စိအောက်တွင် မြင်လိုက်ရသော စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်ကြီးကို ချောက်ချားစွာ တွေးနေမိ သည်။ သတင်းထောက်များ၏ မေးခွန်းကို ဘာတစ်ခုမှ ပြန်မဖြေနိုင်။

သတင်းထောက်များရှိရာသို့ မိလာ ပြန်ရောက်လာပြီး မော်တော် ကားတိုက်သည့် အကျိုးအကြောင်းကို ပြောပြကာ တောင်းပန်သောအခါ ကျမှ မှုန်ရိုးကို နီးရာအိမ်တစ်ခုဆီသို့ တွဲခေါ် သွားကြပြီး အနားယူခိုင်းကြ တော့သည်။

မှုန်ရိုးသည် အလွန် စိတ်ထိခိုက်လွယ်သည့် မိန်းကလေး ဖြစ်နေ ပြီ။ ယခင်နှစ်များကနှင့် မတူတော့ဘဲ တစ်နေ့တခြား ပိုမိုဆိုးဝါးလာသည်။

အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများကလည်း သူ့ကို ဖိစီးနှိပ်စက်နေပြီ ဖြစ်သည်။ သူ့ဘဝ တစ်လျှောက်လုံးတွင် စိတ်ထိခိုက်ဖွယ်ရာ အဖြစ်အပျက် များကလည်း ထပ်ထပ်ကြုံနေသည်။ ထိုသို့ စိတ်ထိခိုက်ဖွယ်ရာများကို တွေ့တိုင်း အိပ်မပျော်နိုင်ဖြစ်လေ၊ စိတ်မငြိမ်မသက်ဖြစ်လေနှင့် နောက်ဆုံး အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများကို မှီဝဲခဲ့ရခြင်း ဖြစ်သည်။

ယခု ထိုဆေးများကို သူစွဲနေပြီ။ ထိုဆေးများ မသောက်ဘဲနှင့် ပုံမှန် အခြေအနေသို့ ပြန်မရောက်။ ဆရာဝန်များကလည်း ထိုဆေးများ လျှော့စားရန် တိုက်တွန်းကြသည်။ အခြားဆေးများကို အစားထိုးပေးသည်။

သို့သော်လည်း မအောင်မြင်နိုင်တော့ပြီ။ ဆရာဝန် ပြောနေခိုက် ဘောမှာပင် ခေါင်းညိတ်ခဲ့သည်။ ဆရာဝန်နှင့် ဝေးရာသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း ထိုဆေးများကိုသာ အားကိုးတော့သည်။ မှုန်ရိုး၏ လက်ရှိ အခြေအနေမှာ စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်နေကြောင်း သူတို့ သိကြ သည်။ သို့သော်လည်း မင်္ဂလာကိစ္စများ၊ ရုပ်ရှင် ဆက်လက် ရိုက်ကူးရမည့် ကိစ္စများက ရှိနေသေးသဖြင့် မည်သို့မျှ မတတ်နိုင်ကြ။

မိလာနှင့် လက်ထပ်ပြီးလျှင် စိတ်တစ်မျိုးပြောင်းကာ သက်သာရာ

ရကောင်း ရလိမ့်မည်ဟုသာ မျှော်လင့်ထားကြရပေဘာ့သည်။

သတင်းထောက်များ၊ ရုပ်ရှင်ပရိသတ်များ၊ လမ်းပေါ်တွင် သွားလာနေကြသည့်လူများ၊ အငှားကား ဒရိုင်ဘာများကို မွန်ရိုး ရှောင်တိမ်း၍မရ။ သူ့ဘဝမှာလည်း အလှည့်အပြောင်းများက များလွန်းလှလေသည်။ ထိုအကြောင်းများကို ဆက်တိုက်ကြုံတွေ့နေရလေ၊ စိတ်မတည်ငြိမ်မှုများ များပြားလာလေ ဖြစ်နေရသည်။

နောက်ဆုံး၌ သူတို့ လက်ထပ်သည့်နေ့သို့ ရောက်လာသည်။ ထိုနေ့တွင်လည်း ရုပ်မြင်သံကြားရိုက်သူများ၊ ရိုးရိုးဓာတ်ပုံဆရာများ သတင်းထောက်များ၊ ရုပ်ရှင်သတင်းဝေဖန်သူများဖြင့် မင်္ဂလာအခမ်းအနားမှာ ပြည့်ကျပ်နေသည်။

လက်ထပ်သည့်နေ့က မွန်ရိုး ပျော်နေသည်။ သိုက်သိုက်ဝန်းဝန်းဖြင့် ခမ်းနားကြီးကျယ်နေသည်။ ဂျူးဘာသာတရားအရ လက်ထပ်ရသဖြင့်လည်း တစ်မျိုး ဆန်းနေသည်။ စောစောကတည်းက နယူးယောက်မြို့မှာရှိသော သူ့မိတ်ဆွေများကို တယ်လီဖုန်းဆက်ကာ ဖိတ်ကြားထားသည်။ လက်ထပ်အပြီးတွင် တရားရုံးအပြင်ဘက်၌ မိမိကို လာရောက်တွေ့ဆုံပါမည့် အကြောင်း မေတ္တာရပ်ခံထားသည်။ ဖိတ်သည့်အတိုင်းလည်း လာကြပါသည်။ တိုး၍ မပေါက်လောက်အောင် ပြည့်ကျပ်နေသည့် သတင်းထောက်များကြားမှာ ရောထွေးနေသည်။

ယခုအချိန်တွင် လူများများ တွေ့ရခြင်းအတွက် မွန်ရိုးစိတ်၌ မည်သို့မျှ ထိခိုက်ခြင်း မရှိပါ။ သည်လို အချိန်မျိုးတွင် လူနည်းမည်ကို သူ စိုးရိမ်နေသေးသည်။

ရုံးမှာ လက်ထပ်ပြီးသောအခါ ကာတိုနာမြို့ကလေးသို့ သွားကြသည်။ သတင်းထောက် အနည်းငယ်ကိုသာ လိုက်ခွင့်ပြုသည်။ မိတ်ဆွေအနည်းငယ်ကိုသာ လိုက်ခွင့်ပြုသည်။ သည်လို သွားရပြန်တော့လည်း တစ်မျိုး ပျော်စရာကောင်းနေပြန်သည်။

မွန်ရိုး စိတ်ထိခိုက်လွယ်မှုကို သိထားသော မီလာက အစစ ဂရုတစိုက် စီစဉ်နေရသည်။ အထစ်အငေါ့ကလေးများ မဖြစ်အောင် သတိထားနေရသည်။ မွန်ရိုး စိတ်ချမ်းချမ်းသာသာဖြင့် ပျော်သည်ကို မြင်တွေ့ရ

သောကြောင့် မည်သည့် အထစ်အငေါ့များကိုမျှ သူ လက်မခံနိုင်၊ မဖြစ်စေချင်။ သူတို့ မျှော်မှန်းထားကြသည့် အတိုင်းပင် အားလုံး ချောမောလေသည်၊ သည်လိုဖြင့်ပင် မာရီလင်မွန်ရိုးသည် တတိယအိမ်ထောင်သည် ဘဝသို့ ဆိုက်ရောက်ရပြန်တော့သည်။

သူ အထင်ကြီးသော ပြဇာတ်ရေးဆရာ၊ ပညာတတ်၊ အတွေးအခေါ်ကြီးသူ၊ စဉ်းစားဆင်ခြင်ဉာဏ်ကြီးသူ၊ သူ့ဘဝကို ထိန်းကျောင်းပဲ့ပြင်ပေးသွားနိုင်မည့်သူဟု ယုံကြည်ထားသော အာသာမီလာ၏ ရင်ခွင်တွင်းသို့ ရောက်ရလေတော့သည်။

* * *

## မာရီလင်မွန်ရိုး ရုပ်ရှင်ထုတ်လုပ်ရေး

**အိပ်ပျော်နေသော ရွှေမင်းသား** အမည်ရှိ ပြဇာတ် တစ်ပုဒ်ကို **ရွှေမင်းသားနှင့် စံပြမယ်** ဟူသော အမည်ဖြင့် မွန်ရိုးရုပ်ရှင်မှ ရိုက်ကူး ထုတ်လုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ထိုသို့ ရုပ်ရှင်ရိုက်ရေးနှင့် ပတ်သက်ပြီး အစစအရာရာ စီစဉ် ဆုံးဖြတ်သူမှာ မီလ်တန်ဂရင်း ဖြစ်သည်။

ထိုရုပ်ရှင်ကို အင်္ဂလန်တွင် သွားရောက် ရိုက်ကူးမည်။ ဒါရိုက်တာ အဖြစ် အင်္ဂလိပ်ရုပ်ရှင်မင်းသားကြီး ဆာလောရင့်အိုလီဗီယာကို တာဝန် ပေးမည်။ ခေါင်းဆောင်မင်းသားအဖြစ်နှင့်လည်း ဆာလောရင့်အိုလီဗီယာ ကိုပင် ရွေးချယ်မည်။ ထို့ကြောင့် လိုအပ်သည့် အစီအစဉ်များအားလုံးကို ဂရင်းက စီစဉ်သည်။ အင်္ဂလန်သို့ ရုပ်ရှင်ရိုက်ရန် သွားမည်ဆိုတော့ မီလာလည်း မွန်ရိုးနှင့်အတူ လိုက်ဖို့လိုသည်။

သို့သော် (၁၉၅၄) ခုနှစ် ကတည်းက အာသာမီလာ၏ နိုင်ငံကူး လက်မှတ်ကို နိုင်ငံခြားရေးဌာနက ပြန်လည်သိမ်းယူထားသည်။ အာသာ မီလာသည် ကွန်မြူနစ်တစ်ဦး ဖြစ်ကြောင်း၊ ကွန်မြူနစ်လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း၊ သူကိုယ်တိုင် ကွန်မြူနစ် မဟုတ်သည့်တိုင်အောင် ကွန်မြူနစ်များကို အားပေးအားမြှောက် ပြုလုပ်နေသူ ဖြစ်သောကြောင့် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးကို တိတိကျကျ စစ်ဆေးရမည် ဖြစ် ကြောင်းဖြင့် ဆုံးဖြတ်ကာ ပိတ်ပင်ခဲ့ခြင်း ဖြစ်သည်။ ထို့မျှမက မီလာနှင့် အတူပူးပေါင်းပြီး ကွန်မြူနစ်လှုပ်ရှားမှုများတွင် ပါဝင်နေသူများ၏ အမည် စာရင်းများကို ထုတ်ဖော်ပြောကြားရန်နှင့် မီလာကိုယ်တိုင် ကွန်မြူနစ်

ပါတီဝင် ဟုတ်၊ မဟုတ် ပြောရန် နိုင်ငံခြားရေးဌာနက တောင်းဆိုနေသည်။

မီလာက မိမိကွန်မြူနစ်ပါတီဝင် ဟုတ်သည် မဟုတ်သည်ကို လုံးဝ မပြော။ ကွန်မြူနစ်လှုပ်ရှားမှုများတွင် မိမိ မပါဝင်ခဲ့ကြောင်းနှင့် မိမိနှင့် ရင်းနှီးသူ လက်ဝဲဝါဒသမားများ၏ အမည်ကို ထုတ်ဖော် မပြောဆိုနိုင်ကြောင်း ဖွတ်ငြင်းခဲ့သည်။

ထိုအမှုနှင့်ပတ်သက်ပြီး မီလာကို ဒဏ်ငွေ ဒေါ်လာတစ်ထောင်နှင့် ထောင်ဒဏ် တစ်နှစ်အထိ အပြစ်ပေးနိုင်သည်။ ရှေ့နေဖြင့် ကြိုးစားရင်း နောက်ဆုံး နိုင်ငံကူးလက်မှတ် ထုတ်ပေးခွင့်ပြုကြောင်း နိုင်ငံခြားရေးဌာနက ဆုံးဖြတ်လိုက်သောကြောင့် ချောချောမောမောပင် အဆင်ပြေသွားကြသည်။

အင်္ဂလန်သို့ ရောက်ကြပါပြီ။

လေဆိပ်မှာ ထုံးစံအတိုင်း သတင်းထောက် တပ်မကြီးတစ်ခုနှင့် ရင်ဆိုင်ကြရပြန်၏။ အာသာမီလာကို အပထား၍ မွန်ရိုးကိုသာ ဝိုင်းကြခြင်း ဖြစ်သည်။ သူတို့ကို ဆာလောရင့်အိုလီဗီယာနှင့် ထိုစဉ်က သူ့ဇနီး ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး ဗီဗီယံလေးတို့သည်လည်း လာရောက်ကြိုဆိုနေကြသည်ကို တွေ့ရသည်။

သတင်းထောက်များသည် မီလာကို ဂရုမစိုက်ကြဘဲ မွန်ရိုးကိုသာ ဝိုင်းဝန်း ဓာတ်ပုံရိုက်ပြီး သူတို့ သိလိုသည်များကို မေးမြန်းနေကြသည့်အတွက် သည်ပတ်ဝန်းကျင်မှာ မီလာ အနေကျပ်လာသည်။ နောက်တစ်နေ့ သတင်းစာများတွင် သူတို့ဓာတ်ပုံ ပါလာသောအခါ မွန်ရိုးဘေးမှာ ပြုံးရမလို ရယ်ရမလို အနေခက်နေသည့် မီလာ၏ပုံကို တွေ့ကြရသည်။

ထို့ကြောင့်လည်း နောက်နောင်တွင် ပြုံးတတ်အောင် ဂရုစိုက်ရတော့မည်ဟု မီလာ ဆုံးဖြတ်လိုက်သည်။

ဆာလောရင့်သည် မွန်ရိုးတို့ကို လှိုက်လှဲပျူငှာစွာ ကြိုဆိုသည်။ သည်မိန်းကလေးနှင့် အလုပ်လုပ်သည့်အခါတွင် မည်သို့သော အခက်အခဲများ တွေ့ရမည်ကိုပါ စိတ်ထဲက တွေးနေမိသည်။

"မိန်းကလေးကတော့ ဒုက္ခပေါင်းစုံကို ပေးတတ်တဲ့ မိန်းကလေး ပဲ။ ကင်မရာရှေ့မှာ သူရပ်မိပြီဆိုရင် မြန်မြန်သာ ရိုက်ပေတော့။ ပေါ်လာ

စထေရာဘတ်ဆိုတဲ့ မိန်းမကို အနားမလာစေနဲ့။ ရုပ်ရှင်ရိုက်နေတုန်း အနားကို လာခွင့်ပေးရင် အားလုံး ပျက်ပြီမှတ်။ သူဟာ မွန်ရိုးရဲ့ သရုပ်ဆောင်ဆရာမ ဖြစ်တယ်။ သူရှိနေရင် ကိုယ်ကြိုက်တာ ဘာမှ လုပ်လို့ရတော့မှာ မဟုတ်ဘူး။ အားလုံး ရှုပ်ကုန်လိမ့်မယ်"

ဟု ဘတ်စ်ကားမှတ်တိုင်ဇာတ်ကား ရိုက်ခဲ့သူ ဒါရိုက်တာ ဂျိုရှုဝါလိုဂင်က ဟောလီးဝုဒ်မှနေပြီး ဆာလေဘရင့်အိုလီဗီယာထံသို့ စာခြောက်စောင်ထက်မနည်း ရေးပြီး ကြိုတင် သတိပေးထားသည်။

ထိုစာများကို သတိရသောကြောင့် မည်သည့် အခက်အခဲများနှင့် ကြုံတွေ့နိုင်ကြောင်း သူစဉ်းစားနေခြင်း ဖြစ်သည်။

ရုပ်ရှင် တကယ် ရိုက်ကြသောအခါတွင် မွန်ရိုးနှင့် ပတ်သက်ပြီး အိုလီဗီယာခမျာ စိတ်အညစ်ကြီး ညစ်ရရှာတော့သည်။

"ဒုက္ခပါပဲဗျာ၊ ရိုက်ကွင်းတစ်ခု ရိုက်တော့မယ်ဆိုရင် ဘယ်လိုသရုပ်ဆောင်ရမယ်၊ ဘာစကားကို ပြောရမယ် ဆိုတာ ရှင်းပြလို့မှ မဆုံးသေးဘူး၊ ဆက်နားမထောင်ဘဲ သူထွက်ချင်ရာ ထွက်သွားတော့တာပဲ။ ကျုပ်မှာ တိုးလို့တန်းလန်း ကျန်ခဲ့ရပေါင်း များလှပြီ၊ ဒီဒုက္ခကို ဘယ်လိုရှောင်ရမယ် ဆိုတာတော့ ကျွန်တော့်ကို ခင်ဗျား ကြိုပြောမထားဘူး" ဟု နောက်ပိုင်းတွင် လိုဂင်အား သူ ပြောပြရသည်အထိ အထစ်အငေါ့များနှင့် တွေ့ရသည်။

သည်နေရာတွင် အာသာမီလာ ရပ်တည်ရသည်မှာလည်း တစ်ဒုက္ခ ဖြစ်နေသည်။

မွန်ရိုးသည် စတူဒီယိုတွင် မည်သည့်အချိန်မှစပြီး ရိုက်ကူးမည်ဖြစ်ကြောင်း အတိအကျ စီစဉ်ထားသော်လည်း အချိန်မီ လာချင်မှ လာသည်။ ရိုက်နေတုန်း တန်းလန်းလည်း ပြန်ချင် ပြန်သွားတတ်သည်။ သူတစ်ယောက်အတွက်နှင့် ကျန်လူများ အားလုံးမှာ ဒုက္ခရောက်ကြရသည်။ အလုပ်လည်း မတွင်ကျယ်။

ထိုသို့သော အခက်အခဲများကို ကူညီဖြေရှင်းပေးရန် အိုလီဗီယာက မီလာကို အကူအညီတောင်းသည်။ မီလာကလည်း သူ့ဇနီးဘက်တစည်းကမ်းပျက်နေသည်ကို တွေ့ရသောကြောင့် တတ်နိုင်သလောက် ကူညီ

မည်ဟု ကတိပေးပြီး အချိန်တန်လျှင် မွန်းနိုးကို သတိပေးလေ့ ရှိသည်။ သတိပေးသည့်အခါတိုင်း မွန်းနိုးက မလှုပ်သောအခါ သူ့အဖို့ အကျပ်ရိုက်ရပြန်သည်။ ရုပ်ရှင်ရိုက်မည့်သူများကလည်း တယ်လီဖုန်း တညည ဆက်နေကြသည်။

"သူတို့ ကိုယ့်ကို ခေါ်နေကြတယ်၊ သွားလိုက်ဦးမှ၊ ရုပ်ရှင်ရိုက်ရာကို မင်း အချိန်မှန်မှန် မလာတာနဲ့ ပတ်သက်ပြီး ဘာလုပ်ရမလဲလို့ သူတို့ ကိုယ်နဲ့ ဆွေးနွေးချင်ကြတယ်တဲ့"

"နေစမ်းပါဦး၊ ဒီကိစ္စဟာ ရှင်နဲ့ ဘာဆိုင်လို့ ဝင်ပါချင်ရတာလဲ"

မွန်းနိုး၏ စကားသည် ရင့်သီးလွန်းလှချေသည်။ ထိုစကားမျိုးကို ကြားရသောအခါ မီလာအဖို့ စိတ်ထိခိုက်ရုံမှတစ်ပါး ဘာမှ မတတ်နိုင်။ သူ့ဇနီး အောင်မြင်ဖို့၊ စည်းကမ်းတကျဖြစ်ဖို့၊ အများက ချစ်ခင်လေးစားဖို့ သူလိုလားသည်မှာ မှန်သည်။ သို့သော် သူ ဖြစ်ချင်သလို ဖြစ်မလာ။

မွန်းနိုးဘက်ကလည်း မိမိ ရုပ်ရှင်ရိုက်ကူးရေးသည် မီလာနှင့် ဘာမှ မဆိုင်။ မိမိ စိတ်ပါလျှင် သရုပ်ဆောင်လိုက်မည်။ စိတ်မပါလျှင် ဘာမှ မလုပ်ဘဲ နေလိုက်မည်။ အနုပညာသည် ခွတ်အမွှလုပ်ယူ၍ မရ။ ထိုကြားထဲက မိမိ အလုပ်ထဲမှာ သူ ဝင်စွက်ဖက်လာသည်ကို မကျေနပ်နိုင်။ အကြင်လင်မယား ဖြစ်လာသည်မှာ မှန်သည်။ သာမန် မွန်းနိုးသည် သူ့ဇနီး ဖြစ်သည်။ ရုပ်ရှင်မင်းသမီးမွန်းနိုးသည် သူနှင့် ဘာမှမဆိုင်ဟု သူ့စိတ်ထဲမှာ ယုံကြည်နေသည်။ ထို့ကြောင့်လည်း အစွက်ဖက်ခံရတိုင်း စိတ်မချမ်းမသာ ဖြစ်ရတော့သည်။

မီလာနှင့် မီလတန်ဂရင်းတို့မှာလည်း အဆင်မပြေကြ။ သူတို့ ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းများတွင် တစ်ခါတစ်ရံ မီလာက ဝင်ပြောလေ့ ရှိသည်။ အကြံဉာဏ် ဝင်ပေးလေ့ ရှိသည်။ သည်လုပ်ငန်းတွင် မိမိ ဇနီးသည်က အစုရှယ်ယာ အများဆုံး ပါသဖြင့် မိမိ ပြောသင့်သည်ဟု သူ နားလည်သည်။ ထိုအခါမျိုးတွင်. . .

"ဒီမှာ မီလာ၊ ခင်ဗျားဟာ မင်းသမီး ယောက်ျားပီပီ မင်းသမီး ယောက်ျားအဖြစ်နဲ့ပဲ နေပါ။ ကျုပ်တို့ ရုပ်ရှင်လုပ်ငန်းကို မွန်းနိုးရယ်၊ ကျုပ်ရယ်၊ ကျုပ်လူတွေရယ် လုပ်ပါ့မယ်၊ ခင်ဗျား ဘာမှ ဝင်မစွက်ဖက်ပါနဲ့"

ဟု ဂရင်းက ပြင်းထန်စွာ ပြောဆိုဖူးသည်။ ထို့ကြောင့်လည်း ဂရင်းနှင့် မီလာတို့၏ ဆက်ဆံရေးသည်လည်း အဆင်မပြေတော့။ရုပ်ရှင်ရိုက်ကြရာတွင် မွန်ရိုးနှင့် ဒါရိုက်တာ အိုလီဗီယာတို့သည် တစ်ယောက်အလာကို တစ်ယောက်က မသိနိုင်အောင် ဖြစ်နေကြသည်။ အမှန်တော့ မွန်ရိုး၏ မတည်ငြိမ်သော စိတ်ရောဂါသည်သာ အဓိက ဖြစ်လေသည်။ ထိုအကြောင်းကို မည်သူမျှ မသိကြ။ ကာယကံရှင် ဖြစ်သော မွန်ရိုးကိုယ်တိုင်လည်း မသိ။ တစ်နေ့တွင် အလွန်ဆိုးဝါးသော အဖြစ်တစ်ခုနှင့် သူတို့ ကြုံရသည်။

ဇာတ်ကောင်များ အသင့်ဖြစ်ပြီ။ ကင်မရာ အသင့်ဖြစ်ပြီ။ မီး အသင့်ဖြစ်ပြီ။ အိုလီဗီယာသည် မွန်ရိုး၏ မျက်နှာအမူအရာကို သေချာစွာ စိုက်ကြည့်နေသည်။

"ဒီအခန်းက အရေးကြီးတယ် မာရီလင်၊ မင်းကို ယောက်ျားတွေ မြင်ရင် ထိန်းမနိုင် သိမ်းမရလောက်အောင် ကြာပစ်နိုင်ဖို့ လိုတယ်၊ တဏှာရာဂစိတ်ကို နှိုးဆွပေးဖို့ လိုတယ်၊ ကဲ - ကြာမူကောင်းကောင်းပါအောင် သရုပ်ဆောင်စမ်းပါ"

အိုလီဗီယာ၏စကား ဆုံးသည်နှင့်တစ်ပြိုင်နက် မွန်ရိုး၏ မျက်နှာသည် ရဲရဲနီသွားသည်။ ချက်ချင်းပင် ကင်မရာရှေ့မှ ပြေးထွက်ကာ ၄ားရမ်းတည်းခိုနေသည့်အိမ်သို့ တန်းပြန်သွားသည်။

ထိုနေ့က မွန်ရိုးသည် ဆောက်တည်ရာမရနိုင်အောင် ဖြစ်နေ၏။ စိတ်ဂနာမငြိမ်နိုင်အောင် ဖြစ်နေ၏။ ဒေါသဖြစ်လွန်းသဖြင့် အသားတွေ ဆတ်ဆတ်တုန်နေ၏။ အိုလီဗီယာ အပေါ်မှာ မကျေမနပ် ဖြစ်နေ၏။ ဆောက်တည်ရာ မရတော့သည့်အဆုံး နယူးယောက်တွင် ရှိနေသော သူ့ဆရာ ဒါရိုက်တာ လီစထရာဘတ်ထံသို့ တယ်လီဖုန်း ဆက်တော့သည်။

"လီ-ယောက်ျားတွေကို ကြာပစ်ပြီး တဏှာရာဂစိတ် နှိုးဆွပေးဖို့ ဘယ်လိုလုပ်ရမှာလဲ၊ အဲဒီအမူအရာမျိုးကို ဘယ်လိုကျင့်ရမှာလဲ၊ လူယုတ်မာတွေ ကျွန်မကို မဖြစ်နိုင်တာတွေ ဇွတ်ခိုင်းနေကြတယ်" ဟု ၎င်း ပြောတော့သည်။

အခြေအနေများ ဆိုးနေပြီကို စထရာဘတ် သတိထားလိုက်မိ

သည်။သည်အတိုင်း ဆက်သွားနေလျှင် ဤရုပ်ရှင်သည် ပြီးဖို့မလွယ်တော့။ ပြီးပြန်လျှင်လည်း အပြစ်အနာအဆာကင်းမည် မဟုတ်တော့။ထို့ကြောင့် အင်္ဂလန်သို့ လိုက်သွားပြီး တတ်နိုင်သလောက် ကူညီရန် ဆုံးဖြတ်ကာ လိုက်လာခဲ့တော့သည်။

ထိုအဖြစ်အပျက်သည် မွန်ရိုးစိတ်ကို အလွန် ထိခိုက်သွားစေကာ အိပ်ရာထဲမှာ လဲတော့သည်။ အဖျားသွေးဝင်လာသည်။ သို့ဖြင့် မွန်ရိုးနေကောင်းလာသည်အထိ ရုပ်ရှင် ဆက်မရိုက်နိုင်ဘဲ စောင့်ကြရပြန်သည်။

နေကောင်းပြီး ရုပ်ရှင် ပြန်ရိုက်ကြသောအခါတွင် အဆင်ပြေမှုကလေးများကို တွေ့ကြရသည်။ ပြောပလောက်အောင်တော့ မဟုတ်။

ထိုသို့ ရှိစဉ်မှာပင် နောက်ထပ် ဒုက္ခတစ်ခုကို ထပ်မံ ကြုံကြရပြန်သည်။ တစ်နေ့တွင် မွန်ရိုးသည် သူ့စားပွဲပေါ်မှ ဇာတ်ညွှန်းကို သွားယူသည်။ သူ့ဇာတ်ညွှန်းအနီးတွင် ဖွင့်လျက်သား ချထားသော မိလာ၏ မှတ်စုစာအုပ်ကို တွေ့ရသည်၊ အမှတ်မထင် ကြည့်လိုက်သောအခါ သူ့စိတ်ကို ချောက်ချားစေတော့သည်။

မှတ်စုထဲတွင် မွန်ရိုးအပေါ် မိမိ မကျေနပ်ကြောင်း၊ မွန်ရိုး အပြုအမူများသည် မိမိကို ထိခိုက်စေလျက် ရှိကြောင်းများ ရေးထားရုံမက

"ပထမဇနီးသည် မိမိဘဝ ကျဆုံးအောင်လုပ်သည်။ ဘာတစ်ခုမှ အသုံးမကျ။ လက်ရှိဇနီး မွန်ရိုးသည် ပထမဇနီးထက် ပိုဆိုးသည့် အပြုအမူများကိုပင် မိမိအပေါ် ပြုလုပ်ကျူးလွန်နေပြီ ဖြစ်သည်"

ဟူသော မှတ်ချက် ဖြစ်လေသည်။

ပေါက်ကွဲမှု သည်မှာ စ,ပါသည်။ စိတ်မတည်ငြိမ်သော မွန်ရိုး၏ ရောဂါသည် အပြင်းအထန် ဖိစီး နှိပ်စက်လေတော့သည်။

အမေရိကန်ရှိ မွန်ရိုးကို အမြဲ ကုသပေးနေသည့် စိတ်ရောဂါအထူးကု ဆရာဝန်မကို လန်ဒန်သို့ လိုက်လာရန် ချက်ချင်း ခေါ်လိုက်ရ၏။ ဆရာဝန်မကို မွန်ရိုးနှင့်အတူနေစေပြီး ကိုယ်ဖိရင်ဖိ ကုသကြရသည်။

မူလကတည်းက စိတ်မတည်ငြိမ်သည့် ရောဂါက ကြီးမားစွာ ခွဲကပ်နေသည်က တစ်ကြောင်း၊ အိပ်ဆေးများ၊ စိတ်ငြိမ်ဆေးများကို အလွန်အကျွံ မှီဝဲသည်က တစ်ကြောင်းတို့ကြောင့် တော်တော်နှင့် နာလန်ပြန်မထ။

ရုပ်ရှင်ရိုက်ကွင်းတွင်လည်း သူစိတ်နှင့် မတွေ့နိုင်ဘဲ ဖြစ်နေသည်။ ထိုကြားထဲက မီလာ၏ ဆိုးဝါးသော မှတ်စုစာအုပ်မှ ရေးသားချက်က မီးလောင်ရာလေပင့်လုပ်သည်။ မိမိနှင့် လုပ်ငန်းတူ လုပ်နေသည့် မီလ်တာနိဂရင်းသည်လည်း ယုံကြည်စိတ်ချရသူ မဟုတ်။ သူ တစ်ယောက်တည်း၏ အစစအရာရာ လက်ဝါးကြီးအုပ်ကာ မိမိအပေါ် မှာပါ ခေါင်းပုံဖြတ်နေသည်။ နေရာတကာ သူခြေ သူလက်ပင် လုပ်ချင်သူ ဖြစ်သည်။ ထိုသို့သော အကြောင်းများကို စဉ်းစားမိလေ ဝေဒနာက ပိုဆိုးလေ ဖြစ်နေသည်။

ရက်ပေါင်းများစွာ သူတို့စောင့်ကြရသည်။ အခြား ဇာတ်ကောင်များလည်း စိတ်ထိခိုက်ကြရပြီ၊ ကြာတော့ မွန်ရိုး၏ စိတ်ဒုက္ခများကို သူတို့ သဘောပေါက် နားလည်လာနိုင်ကြပါသည်။မွန်ရိုး၏ ပင်ကိုစိတ်ရင်းသည် လေးစားဖွယ်ရာ ကောင်းသည်မှာ မှန်၏။ စိတ်ဝေဒနာကြောင့် ယခုလို ဖြစ်နေကြောင်း သိလာရသဖြင့် သူတို့ ခွင့်လွှတ်နိုင်ကြပါသည်။

သည်လိုဖြင့် ခက်ခက်ခဲခဲများကို ရင်ဆိုင်ရင်း ရုပ်ရှင်ရိုက်ကူးပြီးစီးသွားတော့သည်။ မွန်ရိုးလည်း ခြေကုန်လက်ပန်းကျကာ နယူးယောက်သို့ပြန်ခဲ့သည်။ နားလည်မှု ပျက်ပြားခြင်းမျိုးစုံ၊ အခက်အခဲမျိုးစုံ၊ စိတ်ဒုက္ခမျိုးစုံတို့ဖြင့် ပင်ပန်းတကြီး ရိုက်ကူး ပြီးစီးခဲ့ရသော ယင်း ရွှေမင်းသားနှင့် စံပြမယ်ဇာတ်ကားသည် သူတို့ မျှော်မှန်းထားကြသည်ထက် ပိုမိုအောင်မြင်ပါသည်။ ထိုမျှ မကသေးပါ။

မာရီလင်မွန်ရိုးသည် ထိုကားတွင် အလွန် သရုပ်ဆောင် ကောင်းလှသောကြောင့် အီတလီ ယဉ်ကျေးမှုဗိမာန်က ဒေးဗစ်ဒီဒိုနာတယ်လို ရွှေစင်ရုပ်ဆု ချီးမြှင့်ခြင်းကိုပင် လက်ခံရရှိသောဇာတ်ကား ဖြစ်လေသည်။

မွန်ရိုးသည် ထိုဇာတ်ကားတွင် စံပြမယ် အယ်လ်စီမာရီနာ အဖြစ် သရုပ်ဆောင်ခဲ့လေသည်။

ထိုရုပ်ရှင်ကား ရိုက်ကူးပြီးသဖြင့် အမေရိကန်သို့ပြန်ရန် သူတို့ ပြင်ဆင်နေကြခိုက် ဗြိတိန်ဘုရင်မ အယ်လီဇဘက်က မွန်ရိုးကို ဖိတ်ပြီး ညစ်ခံပွဲ ပြုလုပ်သေးသည်။ အဖိတ်ကြားခံရသောအခါ မွန်ရိုး၏ စိတ်ထဲမှာ အလွန် လှုပ်ရှားသွားသည်။ ဘုရင်မကို မည်သို့ ဆက်ဆံရမည်နည်း၊ သူ့ရှေ့မှာ မိမိ ကြောင်နေမည်လော၊ ချောချောမောမော စကားမှ ပြောတတ်

ပါမည်လော စသည်ဖြင့် တွေးတော ပူပန်ခဲ့ရသေးသည်။

တကယ်တမ်း တွေ့ကြသောအခါတွင် အစစ ချောချောမောမော ဖြစ်ပါသည်။ သူ့တစ်သက်တွင် သည်အကြောင်းကလေးကို ဘယ်သော အခါမှ မမေ့နိုင်တော့မည် မဟုတ်တော့။

* * *

## အရုရှင်များနှင့် လမ်းခွဲရို.

လန်ဒန်မှာ ရုပ်ရှင်ရိုက်ခဲ့ရသည့်အတွက် မွန်ရိုးသည် ကိုယ်ပန်းစိတ်ပန်း ဖြစ်သွားသည်။ လုံလောက်သည့် အချိန်ယူကာ အနားယူမှ ဖြစ်တော့မည်ကို ဆရာဝန်များကလည်း အကြံပေးကြသည်။ မီလာနှင့် မွန်ရိုးသည် တစ်ယောက်အပေါ် တစ်ယောက် နားလည်မှု ပျက်ပြားနေရာ ထိုအချက်ကိုလည်း ပြုပြင်ကြရမည်။နှစ်ယောက်အတူတူ စိတ်အေးချမ်းသာစွာဖြင့် လွတ်လွတ်လပ်လပ်လည်း နေဖို့ လိုသည်။

ထို့ကြောင့် လောင်းအိုင်လင်ရှိ အေမာဂင်းဆက် တောမြို့ကလေးမှာ အိမ်တစ်လုံး ဝယ်လိုက်သည်။နှယူးယောက်က အခန်းကို ပိတ်ထားခဲ့ပြီး အိမ်သစ်ကလေးသို့ ပြောင်းလာကြသည်။

ပတ်လည်မှာ ထင်းရှူးတောကလေးရှိသည်။ လူသွားလမ်းဖုံဖုံ ကလေးများလည်း ရှိသည်။ ထို လူသွားလမ်းကလေးများ အတိုင်း လျှောက်သွားလျှင် မလှမ်းမကမ်းသို့ ရောက်သောအခါ ပင်လယ်ကမ်းခြေပေါ်တွင် ခြေချမိလျက်သား ဖြစ်နေမည်။ ပင်လယ်ကမ်းခြေနှင့် ဆန့်ကျင်ရာဘက်သို့ လျှောက်မည် ဆိုလျှင် မျက်စိတစ်ဆုံးမြင်နေသည့် လယ်ကွင်းများကို တွေ့ရမည်။ ထို လယ်ကွင်းထဲမှာ နွားမွေးသည့်ခြံများ၊ အခြား မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်သည့် ခြံများကိုလည်း တွေ့ရမည်။

သည်နေရာကလေးကို မွန်ရိုး အလွန် နှစ်သက်သွားသည်။ တိတ်ဆိတ် အေးချမ်းမှုလည်းရှိသည်။ ပတ်ဝန်းကျင်လည်း သာယာသည်။ စိတ်အေးသက်သာ အနားယူနိုင်သည်။ သတင်းထောက်ပေါင်း များစွာ၊ ရုပ်ရှင်သမားပေါင်း များစွာ၊ ရုပ်ရှင်ပရိသတ်ပေါင်း များစွာတို့၏ အန္တရာယ်မှ

သည်း ကင်းဝေးသည်။

စိတ်ငြိမ်ဆေးကို တစ်နေ့လျှင် နှစ်လုံးသာစားရန် ဆရာဝန်က ဘင်းကျပ်စွာ ညွှန်ကြားထားသည်။ ဆေးပိုမသောက်မိစေရန် မီလာက အစစ တာဝန်ယူရသည်။ မီလာသည် အေမာဂင်းဆက် နေအိမ်မှာ မစ်ဖစ် အမည်ရှိ ဇာတ်ညွှန်းတစ်ခုကို စတင် ရေးသားသည်။ မွန်ရိုး၏စရိုက်နှင့် ကိုက်ညီသည့် ဇာတ်လမ်း ဖြစ်ပြီး မွန်ရိုးကိုယ်တိုင် ခေါင်းဆောင်ပါဝင် သရုပ်ဆောင်ရန် အတွက် ရည်စူးပြီး ရေးခြင်း ဖြစ်သည်။

"ဒီဇာတ်လမ်းကို အကောင်းဆုံးဖြစ်အောင် ကိုယ်ရေးမယ်၊ မင်းက နွားကျောင်းသမကလေးအဖြစ် သရုပ်ဆောင်ရမယ်။မင်းအတွက် အကောင်း ဆုံးဖြစ်အောင်ရေးပြီး၊ ဒါဟာ မင်းအဖို့ ကိုယ်ပေးတဲ့ အကောင်းဆုံး လက်ဆောင်လည်း ဖြစ်ရမယ်"

ဟု မီလာက ပြောသည်။

သူ့စကားကို မွန်ရိုး ယုံပါသည်။ထိုဇာတ်ညွှန်းနှင့် ပတ်သက်ပြီး မီလာ မည်မျှ အပင်ပန်းခံကြောင်း ကိုယ်တိုင် မြင်တွေ့နေရသောကြောင့် ဖြစ်သည်။

အေမာဂင်းဆက် နေအိမ်တွင် အနားယူနေခိုက်မှာပင် မွန်ရိုး၌ ကိုယ်ဝန်ရှိပြီဖြစ်ကြောင်း သူတို့ သိကြရတော့သည်။ ကလေးလိုချင်စိတ်ဖြင့် နေခဲ့သူ မွန်ရိုးအဖို့ ပျော်၍ မဆုံးနိုင်တော့ပေ။

သို့သော်လည်း သူတို့ ကံဆိုးပါသည်။

သန္ဓေသည် ဓမ္မတာအတိုင်း သားအိမ်တွင်းမှာ မတည်ဘဲ သား အိမ်ပြွန်အတွင်းမှာ တည်နေကြောင်း တွေ့ကြရသည်၊ အန္တရာယ် ကြီးမား သော သန္ဓေတည်မှု ဖြစ်သဖြင့် မြို့သို့ ချက်ချင်းလာကာ ဆေးရုံတက်ရ သည်။ ဆေးရုံပေါ်မှာ ခွဲစိတ်ကုသရသည်။ မွန်ရိုး ဆေးရုံတက်နေခိုက် မီလာသည် အလွန် ဂရုတစိုက် ပြုစု၏။ မိမိ ရေးနေသည့် ဇာတ်ညွှန်း မည်မျှ အောင်မြင်မည် ဖြစ်ကြောင်းကိုပါ ပြောပြပြီး နှစ်သိမ့်လျက် ရှိသည်။ ဤသည်လို အယုအယများကို မွန်ရိုး အလွန် နှစ်သက်ပါသည်။ ထိုဆေးရုံ ပေါ်မှာပင် ကြည်နူးမှုများကို ကြုံခဲ့ရသည်။

အေမာဂင်းဆက်အိမ်သို့ ပြန်ရောက်သောအခါ မွန်ရိုး၏စိတ်များ

ဖောက်လာပြန်သည်။မိမိ အရှူးအမူး လိုချင်ခဲ့သည့် ကလေးသည် ကံမကောင်း အကြောင်းမလှစွာဖြင့် မိမိနှင့် လွဲသွားရသည့်အတွက် စိတ်ထိခိုက်ခြင်း ဖြစ်သည်။ စိတ်ထိခိုက်သည့်အတွက် စိတ်ငြိမ်ဆေးများ စားပြန်သည်။ အိပ်ဆေးများ သောက်ပြန်သည်။ ဆရာဝန် ညွှန်ကြားထားသည့်အတိုင်း စနစ်တကျသောက်ခြင်း မဟုတ်ဘဲ အလွန်အကျွံ သောက်မိပြန်သည်။

တစ်ညနေ မီလာ အပြင်မှ ပြန်လာသောအခါ ကုလားထိုင်ပေါ်တွင် ဖြူဖပ်ဖြူရော်ထိုင်နေသည့် မွန်ရိုးကို တွေ့ရသည်။ သူ့ကို သေသေချာချာ ကြည့်သောအခါ သတိလက်လွတ်မတတ် ဖြစ်နေကြောင်း သိရတော့သည်။ အိမ်အနီးတွင်ရှိသော ဆေးတိုက်သို့ပြေးပြီး အကူအညီတောင်းသည်။ ချက်ချင်း အောက်ဆီဂျင် ပေးရသည်။ လောလောဆယ် သက်သာအောင် ပြုပြီးသည်နှင့် တစ်ပြိုင်တည်း နယူးယောက်ဆေးရုံသို့ အမြန်တင်ကြရပြန်သည်။

စိတ်ငြိမ်ဆေးနှင့် အိပ်ဆေးများဒဏ်ကြောင့် မွန်ရိုး၏ အဆုတ်သည် ကောင်းစွာ အလုပ်မလုပ်တော့။ ဦးနှောက် အမြှေးပါးလည်း အနည်းငယ်ရောင်စပြုပြီး အသက် ကောင်းစွာ မရှူနိုင်။ သတိ ကောင်းစွာ မရ။

ဆေးကောင်း ဝါးကောင်းများနှင့် အချိန်မီ ပြုစု ကုသနိုင်သောကြောင့်သာလျှင် မွန်ရိုး အသက် ပြန်ရှင်လာခြင်း ဖြစ်သည်။

ထိုအကြောင်းကို မွန်ရိုး ကောင်းစွာ သဘောပေါက် နားလည်ပါသည်။မီလာသည် သူ့အသက်သခင် ကျေးဇူးရှင်ဖြစ်ကြောင်း၊ သူ့ကို အလွန်တရာ ဂရုစိုက်ကြောင်း၊ ပြုစုယုယကြောင်းများကို သိသဖြင့် ကျေးဇူးတင်မဆုံးနိုင်အောင် ဖြစ်နေသည်။ လန်ဒန်မှာ ရှိစဉ်က ကတောက်ကဆတ် ဖြစ်ခဲ့ရသည်များကိုပင် ပြန်တွေးပြီး စိတ်မကောင်း ဖြစ်နေသည်။နောင်တွင် မီလာ စိတ်ချမ်းသာအောင် အစွမ်းကုန် ကြိုးစားမည်ဟုလည်း ဆုံးဖြတ်ပြီးလျက်သား ဖြစ်နေသည်။

ဆေးရုံမှဆင်းပြီး အေမာဂင်းဆက်အိမ်သို့ ပြန်ရောက်သောအခါ ကောင်းစွာ အနားယူရမည့် မွန်ရိုးတွင် အဖော်လိုလာသည်။ မီလာသည် မွန်ရိုးနားမှာ အမြဲ မနေနိုင်။ မစ်ဖစ် ဇာတ်ညွှန်းကို ကြိုးစားရေးနေရသောကြောင့် သူ့အလုပ်နှင့်သူ ရှုပ်နေသည်။

ကလေးများ ကျောင်းပိတ်ရက်နှင့်လည်း ဆုံနေသောကြောင့် သူ့ဇာတိမိတ်ဆွေ ဖရင့်တေလာ၏သား မတ်တေလာကို အလည်ခေါ်ထားရန် ဆုံးဖြတ်ကြသည်။ ဖရင့်တေလာသည် မီလာ၏ဆရာရင်း ဖြစ်သည်ဆိုက မမှားနိုင်ချေ။ အနောက်ပိုင်း ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းတွင် အယ်ဒီတာ ဖြစ်ခဲ့သည်။ အယ်ဒီတာဘဝမှ အယ်ဒီတာချုပ်အဖြစ်သို့ ရာထူးတိုးမြှင့် ပေးခြင်းခံရသူ ဖြစ်သည်။ မီလာ၏ ပထမဦးဆုံးနှင့် တစ်ခုတည်းသော လုံးချင်းဝတ္ထု တစ်အုပ်ကို တေလာက ရွေးချယ် ထုတ်ဝေပေးခဲ့သည်။ ထိုမှစပြီး မီလာ စာရေးဆရာ ဖြစ်လာသည်။သို့သော်လည်း နောက်ပိုင်းတွင် ဝတ္ထုများ မရေးဖြစ်တော့ဘဲ ပြဇာတ်များကိုသာ ရေးခဲ့သည်။ မီလာ၏ ကျွန်တော်၏သားများအားလုံး ပြဇာတ်မှာ စာပေဝေဖန်ရေး ဆရာများ အသင်းမှ ပေးသည့် အကောင်းဆုံး ပြဇာတ်ဆုကိုရခဲ့သည်။

တေလာသည် အဆိုပါ စာအုပ်ထုတ်ဝေရေးဌာနသို့ မရောက်မီ မက်ထရိုကုမ္ပဏီ၌ ရုပ်ရှင်ထုတ်လုပ်သူအဖြစ် အောင်မြင်သော ဇာတ်ကား များကို ထုတ်လုပ်ပေးခဲ့သူလည်း ဖြစ်သည်။ မီလာတို့ မိသားစုနှင့် အလွန် ရင်းနှီးသည်။

မွန်ရိုး၏ ဆန္ဒအရ ဖရင့်တေလာ၏သား မတ်တေလာသည် ကျောင်းပိတ်ရက်အတွင်း သူတို့အိမ်သို့ရောက်လာသည်။ အလွန်ချက်ချာ သည့် (၁၄)နှစ်သားကလေးကို မွန်ရိုး သံယောဇဉ်ရှိခဲ့ရသည်။ မကျန်းမာ သဖြင့် အနားယူနေခိုက် လိမ်လိမ်မာမာနှင့် ချက်ချက်ချာချာ ပြောတတ် သော သူ့လို ကလေးမျိုးတစ်ယောက် လိုနေသည်မှာ အမှန် ဖြစ်သည်။ သူမမှာတစ်ဦးအဖို့ အဖော်ကောင်းပင် ဖြစ်သည်။

သူတို့နှစ်ယောက် အတူလမ်းလျှောက်ကြ၏။ ပင်လယ်ကမ်းခြေ ဘက်သို့လည်း လျှောက်ကြသည်။ အိမ်နောက်ဘက်ရှိ လယ်ကွင်းများဆီသို့ လည်း လျှောက်ကြသည်။ တစ်နေ့တွင် မွေးမြူရေးခြံများဆီသို့ လျှောက် ကြရင်း ခြံသမားအချို့ နွားပေါက်ကလေး တစ်ကောင်ကို ထရပ်ကားပေါ်သို့ တင်နေသည်နှင့် သွားကြုံသည်။

"နွားပေါက်ကလေး သနားစရာကွယ်၊ သူတို့ဘယ်ကို ခေါ်သွား ကြမှာလဲ"

မွန်ရိုး၏စကားကို ကြားရသောအခါ နွားပေါက်ကို ကားပေါ်တင်နေသူများက ရယ်ကြသည်။

"နောက်အပတ်လောက်ဆိုရင် ခင်ဗျားတို့ ထမင်းစားပွဲပေါ်ကို သူရောက်လာပါလိမ့်မယ်" ဟု ရယ်မော ပြောဆိုသည်။

"မတ်ရေ၊ သူတို့ ဘာပြောတာလဲ" ဖြသမားများ ပြောသည်ကို မွန်ရိုး နားမလည်။ ထို့ကြောင့် လူတတ်ကလေး မတ်ကို ပြန်မေးရသည်။

"သူတို့က နွားမွေးမြူပိုင်ရှင်တွေ၊ ဒီလို နွားပေါက်ကလေးတွေ မွေးထားလို့ သူတို့အဖို့ ဘယ်အကျိုးရှိမလဲ၊ နို့စားနွားမတွေရဲ့နို့ကို ဘယ်များများ ရတော့မလဲ၊ ဒါကြောင့် သားသတ်ရုံကိုပို့ဖို့ လုပ်နေကြတာ၊ မကြာခင် ကျွန်တော်တို့ရဲ့ ထမင်းဝိုင်းမှာ အမဲသားဟင်း အဖြစ် ရောက်လာမယ့် အကောင်တွေပေါ့"

"အို. . . ဒုက္ခပါပဲ၊ ဒီနွားကလေးတွေ သားသတ်ရုံကို ရောက်ပြီး အသတ်ခံကြရတော့မှာပေါ့"

မွန်ရိုးသည် စိတ်ထိခိုက်စွာ ညည်းလိုက်သည်။ မိခင်တို့၏ ကရုဏာစိတ်များ သူ့ရင်ထဲမှာ ကြီးစိုးလာသည်။ သည်နေရာမှာ သူဆက်လက်ပြီး ရပ်တည်မနေနိုင်တော့။ သည်နွားပေါက်ကလေးများ သားသတ်ရုံသို့ သွားကြတော့မည့်ခရီးကို ဆက်လက် ကြည့်မနေရက်တော့။ မိခင်နှင့် သားငယ်တို့ ခွဲခွာကြရသည့် ဇာတ်လမ်းဆိုးဆိုးကို ဆက်လက် မမြင်ချင်တော့။ ရှင်ကွဲ ကွဲရသည်မဟုတ်ဘဲ၊ သေကွဲ ကွဲကြရမည့် အကြောင်းများကို ဆက်လက် မကြားဝံ့တော့။ ထို့ကြောင့် အိမ်သို့ ပြန်ပြေးခဲ့သည်။

အိမ်ရောက်သောအခါ အိမ်ခန်းထဲသို့ တန်းဝင်သွားသည်။ပိုက်ဆံအိတ်ကိုယူပြီး မှောက်ချလိုက်သောအခါ ဒေါ်လာ(၂၀)သာ ထွက်လာသည်။ မီလာကလည်း သူ့အလုပ်ကိစ္စများအတွက် နယူးယောက်မြို့သို့ သွားနေသည်။

"မတ်ရယ်၊ ပိုက်ဆံကလည်း ဒါပဲ ရှိတယ်၊ ဘဏ်မှာ ထုတ်နေရင် မီမှာ မဟုတ်ဘူး"

စိတ်ပျက်အားငယ်စွာဖြင့် မတ်တေလာကို သူ ပြောပြသည်။

"ဒီငွေနဲ့ ဘာလုပ်မှာလဲ အန်တီ"

"ခုန နွားပေါက်စကလေးကို သွားဝယ်မယ်လေ၊ ဒါမှ သူတို့ အသတ်မခံရမှာပေါ့၊ (၂၀) ဆိုရင် လောက်ပါတယ်နော်"

"လောက်တဲ့တိုင်အောင် ဒီတစ်ကောင်တည်းဝယ်လို့ ဘယ်ဖြစ်မလဲ အန်တီ၊ သူတို့က နွားတွေ အမြဲမွေးနေတာ၊ မွေးလာသမျှ နွားတွေကို သားသတ်ရုံရောက်အောင် အမြဲပို့နေတာ၊ မွေးလာတိုင်းသာ အန်တီ ဝယ်ရင် အဲဒီ နွားတွေ ဘယ်နား သွားထားမလဲ"

မွန်ရိုးသည် မတ်တေလာ၏ အတွေးအခေါ်ကို အလွန် သဘောကျသွားသည်။ မတ်၏ပြောစကားအရ သဘောပေါက်ကာ ထိုကိစ္စကို ခေါ့ပစ်လိုက်ရသည်။ သို့သော်လည်း မတ်၏ တွေးတတ်ခေါ်တတ်ပုံကို သူ မမေ့နိုင်။

"အလွန်တော်တဲ့ကလေး"

ဟု မီလာ ပြန်လာသောအခါ ပြန်ပြောပြရင်း မှတ်ချက်ချမိသည်။

မတ်တေလာကို အဖော်လုပ်ရင်း မွန်ရိုး၏ ကျန်းမာရေး အခြေအနေ ပြန်ကောင်းလာသည်။ မြေခွေးရုပ်ရှင်မှ စာချုပ်အရ ရုပ်ရှင်ဇာတ်ကား တစ်ကား လက်ခံရိုက်ပေးဖို့ကလည်း ရှိနေသေးသည်။ မိမိတို့ကိုယ်ပိုင် ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ပတ်သက်၍လည်း လိုအပ်သည်များ စီစဉ်ရဦးမည်။

မီလာနှင့် မွန်ရိုးတို့ ထိုကိစ္စများကို တိုင်ပင်ကြသည်။ ကိုယ်ပိုင် ရုပ်ရှင်ထုတ်လုပ်ရေးတွင် မီလ်တန်ဂရင်း ပါဝင်နေသဖြင့် ရသင့်သည့် အခွင့်အရေးများ အားလုံး ဆုံးရှုံးနေရကြောင်း၊ ထို့ကြောင့် ဂရင်းနှင့်လမ်းခွဲမှ ဖြစ်တော့မည် ဖြစ်ကြောင်းများကို မီလာက ပြောပြသည်။ မွန်ရိုးကလည်း သဘောကျသည်။

(၁၉၅၇) ခုနှစ် စောစောပိုင်းတုန်းက ရုပ်မြင်သံကြား ကုမ္ပဏီ တစ်ခုက မွန်ရိုးကို ရုပ်မြင်သံကြားရိုက်ရန် ဒေါ်လာနှစ်သန်းနှင့် ကမ်းလှမ်းသည်။ သို့သော် ဂရင်းက လက်မခံခဲ့ချေ။ ထိုသို့ နစ်နာရမှုများလည်း ပေါ်လာသည်။ ကုမ္ပဏီ အစုရှယ်ယာများ အစည်းအဝေးကို ခေါ်လိုက်သည်။ ဂရင်းကို မိမိတို့ကုမ္ပဏီမှ ထုတ်ပစ်မည်ဖြစ်ကြောင်း၊ ယခု ရိုက်ပြီးသည့် ရွှေမင်းသားနှင့် စံပြမယ်ဇာတ်ကားတွင် အမှုဆောင် ထုတ်လုပ်သူအဖြစ် ဂရင်း၏နာမည်ပါနေရာ ထိုနာမည်ကိုပါ ဖြုတ်ပစ်မည်ဖြစ်ကြောင်း

မိမိသည် ဂရင်းနှင့်ဆက်လက်ပြီး လက်တွဲမလုပ်နိုင်တော့ကြောင်း၊ ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌအဖြစ်မှပါ ထုတ်ပစ်ပြီး မိမိတို့နှင့် မည်သို့မျှ မသက်ဆိုင်တော့ဟု သဘောထားမည် ဖြစ်ကြောင်းများကို မွန်ရိုးက ရှင်းပြသည်။

တစ်ဆက်တည်းမှာပင် တရားဝင် ကြေညာချက်တစ်စောင်ကို မွန်ရိုးက ထုတ်ပြန်လိုက်ရာ . . .

"မိမိ ကုမ္ပဏီ တည်ထောင်ခြင်းသည် မိမိဝင်ငွေများပေါ်မှ (၄၉. ၅) ရာခိုင်နှုန်းကို ခုနစ်နှစ်လုံးလုံး မိလ်တာန်ဂရင်းကို အကြောင်းမဲ့ ခွဲဝေပေးနေရန် မဟုတ်။ ပိုမို ကောင်းမွန်သော ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ရန်၊ မိမိ၏ လုပ်ငန်း အဆင့်အတန်းများ မြင့်တက်လာအောင် ပြုလုပ်ရန်၊ မိမိ၏ဝင်ငွေ ကျဆင်း မသွားအောင် ထိန်းသိမ်းရန်နှင့် အခြား ပုဂ္ဂိုလ်များပါ အဆင့်အတန်းမြင့်သည့် ရုပ်ရှင်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ရေးတွင် ကူညီရန်များအတွက် တည်ထောင်ခဲ့ခြင်းဖြစ်သည်"

ဟု ဖော်ပြပါရှိသည်။

မွန်ရိုးသည် ရှယ်ယာနေများနှင့်တိုင်ပင်ကာ သူ့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ကိုပါ သူစိတ်တိုင်းကျသော သူများကို ပါဝင်စေပြီး ဖွဲ့စည်းလိုက်လေသည်။ မွန်ရိုး၏ ဆုံးဖြတ်ချက်ကို ကြားရသောအခါ ဂရင်းသည် ဒေါသူပုန်ထလေတော့သည်။

"ဒါ ဘယ်သူ့ လက်ချက်မှ မဟုတ်ဘူး၊ အာသာမီလာရဲ့ လက်ချက်ပဲ၊ သူ တို့မိန်းမှူးမီးလုပ်လို့ ဒီလို ဖြစ်ရတာ"

ဟု ကျိုသမျှဒေါ် ဝေက်ခံ လုပ်တော့သည်။ မိမိကို ကုမ္ပဏီမှ ထုတ်ပစ်သည့် အတွက် လျော်ကြေးအဖြစ် ဒေါ်လာနှစ်သန်း ပေးရမည်ဟု ရှယ်ယာနေများမှတစ်ဆင့် တောင်းဆိုလိုက်သည်။

မွန်ရိုးတို့ကလည်း တရားရုံးတွင် ရင်ဆိုင်မည်ဟု အကြောင်းပြန်သည်။ နောက်ဆုံး နှစ်ဖက်ရှယ်ယာနေများ ညှိနှိုင်းကြရာ ဒေါ်လာတစ်သိန်း ပေးလျှင် ကျေအေးမည်ဖြစ်ကြောင်း ဂရင်းက ပြောလေတော့သည်။

နှစ်သန်းတောင်းပြီး တစ်သိန်းမျှနှင့် ကျေအေးတော့မည်ဟု ဆိုခြင်းအတွက် မွန်ရိုး၏ ရှယ်ယာနေများပင် အံ့အားသင့်သွားကြသည်။

"မာရီလင်နဲ့ ကျွန်တော် အလုပ်အတူတွဲလုပ်ခဲ့တာဟာ ကျွန်တော့်

ကိုယ်ကျိုးအတွက် မပါပါဘူး၊ အမြတ်အစွန်းလိုချင်လို့ လုပ်ခဲ့တာ မဟုတ်ပါဘူး၊ ဒီအချိန်တုန်းက သူဟာ ကျွန်တော့်လို လူမျိုးတစ်ယောက် သူနဲ့အတူရှိနေဖို့ လိုအပ်တယ်၊ သူ့ရည်ရွယ်ချက်တွေ အောင်မြင်ဖို့ အစစဝိစဥ်ပေးနိုင်တဲ့ ကျွန်တော့်လို လူမျိုးရှိမှ ဖြစ်မယ်၊ ဒါကြောင့် သူနဲ့အတူ ကျွန်တော် အလုပ်လုပ်ခဲ့တာပါ"

ဟု ဂရင်းက လေပြေထိုးသည်။

သို့ဖြင့်ပင် ဂရင်း၏ ခေါင်းပုံဖြတ်မှုအောက်မှ မွန်ရိုး လွတ်မြောက်သွားတော့သည်။ သူ့ကုမ္ပဏီတွင် သူ့စိတ်တိုင်းကျ သူ့ခြေသူ့လက် လုပ်ကိုင်နိုင်တော့သည်။

* * *

## နောက်ဆုံးရုပ်ရှင်များ

မွန်ရိုးသည် (၂၀) ရာစုမြေခွေးရုပ်ရှင်နှင့် စာချုပ်အရ ဇာတ်ကား တစ်ကား ရိုက်ပေးရဦးမည် ဖြစ်သည်။

တိုနီကားတစ်နှင့် တွဲဖက်သရုပ်ဆောင်ရမည့် Somelike It Hot ဇာတ်ကားကို ဒါရိုက်တာ ဘီလီဝိုးလ်ဒါးနှင့် ရိုက်ကူးရန် ကုမ္ပဏီက ဆုံးဖြတ်လိုက်သည်။ ထိုကားကို ရိုက်ကူးမည်ဆိုလျှင် မွန်ရိုးတို့ ဟောလီးဝုဒ်သို့ ပြန်လာပြီး နေထိုင်ကြရမည် ဖြစ်သည်။

ထိုဇာတ်ကား စတင်မရိုက်ကူးမီ လောင်းဒိုင်လင်ရှိ အေမာဝင်းဆက်နေအိမ်သို့ သူတို့ ပြန်သွားကြသည်။ မွန်ရိုး အနားယူဦးမည်။ မီလာက သူ၏ မစ်ဖစ် အမည်ရှိ ဇာတ်ညွှန်းကြီးကို အချောကိုင်မည်။ ပြီးလျှင် သူတို့ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် အစီအစဉ်များ ရေးဆွဲကြရန် ဖြစ်သည်။

နောက်ဆုံး မစ်ဖစ်ဇာတ်ညွှန်း လုံးဝ ရေးသားပြီးစီးသွားသည်။ မီလာသည် သူ့ဇာတ်ညွှန်းကြီးကို တကိုင်ကိုင်နှင့် ဂနာမငြိမ် ဖြစ်နေသည်။ သူ့စိတ်တိုင်းကျ ရေးသားပြီးစီးသွားပြီ ဖြစ်သောကြောင့် အပျော်ကြီး ပျော်နေသည်။

"မာရီလင် ဒီဇာတ်ညွှန်းဟာ မင်းအတွက်ရည်စူးပြီး ရေးတာပဲ ကိုယ်တော့ သိပ်ကြိုက်နေပြီ၊ မင်းအောင်မြင်ရမယ်၊ အရင်ကားတွေ အောင်မြင်တာထက်ကို ပိုပြီး အောင်မြင်ရမယ်"

ဟု လှုပ်ရှားသောအသံဖြင့် ပြောသည်။ ခဏအကြာတွင် ဖရင့်တေလာကို သူတယ်လီဖုန်း လှမ်းဆက်သည်။ မိမိ ဇာတ်ညွှန်း တစ်ခု

ရေးပြီးသွားပြီ ဖြစ်သောကြောင့် လာကြည့်ပါဟု ပြောသည်။

နာရီ အနည်းငယ် အတွင်းမှာပင် ဖရင့်တေလာသည် သူ့ဇနီးနှင့် သားနှစ်ယောက်ကိုခေါ်ပြီး မီလာတို့ထံ ရောက်လာသည်။ ရေးပြီးသား ဇာတ်ညွှန်းကို ဖတ်ကြသည်။ မီလာ၏ ဝတ္ထုများ၊ ပြဇာတ်များကို အရည်အသွေး တောက်ပြောင်အောင် လုပ်ပေးနိုင်ခဲ့သူ၊ အမှန်ကို အကဲဖြတ်တတ်သူ ဖရင့်တေလာသည် ယခုဇာတ်ညွှန်းကို အလွန်သဘောကျသွားသည်။

"ကောင်းတယ်ဗျာ၊ သိပ်ကောင်းတယ်၊ စာမူတစ်ခုကို ဂျွန်ဟပ်စတန်ဆီ ပို့လိုက်ဖို့ ကောင်းတယ်"

ဟု အားပါးတရ ချီးကျူးကာ အကြံပေးသည်။

တေလာ၏ အကြံပေးချက်အရ စာမူတစ်ခုကို ဂျွန်ဟပ်စတန်ဆီသို့ ပို့လိုက်သည်။ ထိုအချိန်က ဟပ်စတန် မြင်သစ်သို့ ရောက်နေသည်။ ရိုက်လက်စ ကားတစ်ကားကို အပြီးသတ် အချောကိုင်နေခြင်း ဖြစ်သည်။ ဟပ်စတန်သည် မွန်ရိုးကို ခေါင်းဆောင်မင်းသမီးအဖြစ် တင်ပြီး မြေခွေးရုပ်ရှင်အတွက် အက်စ်ဖော့တောဇာတ်ကားကို ရိုက်ကူးခဲ့သည့် ဒါရိုက်တာကောင်းတစ်ယောက် ဖြစ်သည်။

*"အလွန်ကောင်းသော ဇာတ်ညွှန်းတစ်ခု ဖြစ်သည်။ ရုပ်ရှင်အနေဖြင့် မုချအောင်မြင်မည်ဟု မိမိပြောရဲသည်။ လိုအပ်သည့်အကူအညီ တောင်းပါ၊ ဝမ်းမြောက်ဝမ်းသာ ကူညီပါမည်"*

ဟု ဟပ်စတန်ထံမှ ကြေးနန်းပြန်လာသည်။

အမေရိကန် နွားကျောင်းသား အဖြစ် သရုပ်ဆောင်ရမည့် ခေါင်းဆောင်မင်းသား တစ်ယောက်ကို ရွေးကြသည်။ ကလပ်ဂေဘယ်ကို သူတို့ အားလုံး သဘောကျကြသည်။ ကလပ်ဂေဘယ်ကို သဘောအကျဆုံးမှာ မွန်ရိုး ဖြစ်သည်။ ယခု ဇာတ်ကားတွင် သူ ကြိုက်နှစ်သက်သူကို ပါဝင် သရုပ်ဆောင်စေမည် ဆိုသောကြောင့် အကျေနပ်ကြီး ကျေနပ်သွားသည်။ ဂေဘယ်ကို မွန်ရိုးငယ်ငယ် ကျောင်းသူဘဝကတည်းက သဘောကျခဲ့သည်။ သူ့အိပ်ခန်းထဲမှာ ဂေဘယ်၏ပုံကြီးတစ်ပုံ ချိတ်ထားသည်။ အခြားသူများက မေးလျှင် . . .

"ဒါ ငါ့အဖေပေါ့"ဟု မဆိုင်းမတွ ပြန်ဖြေတတ်သည်။ သူ့စိတ်

ထဲတွင်လည်း ထိုသို့ပင် စိတ်ကူးပေါက်နေသည်။ ကလပ်ဂေဘယ်သည် မိမိအဖေဖြစ်လျှင် မည်မျှကောင်းမြိမ့်မည်နည်းဟု စိတ်ကူးယဉ်ခဲ့ရသည်။

မစ်ဖစ်ဇာတ်ကား ရိုက်ကူးနေကြတုန်း တစ်ည ကပွဲတစ်ခုတွင် ထိုအကြောင်းကို မွန်ရိုးက ပြန်ပြောပြသည်။

"ကျွန်မ ငယ်ငယ်ကတည်းက ချစ်ခဲ့ရတာ၊ ကျွန်မအဖေ ဖြစ်ပါစေတော့လို့ အမြဲတမ်းဆုတောင်းခဲ့ရတယ်၊ ကျွန်မအိပ်ခန်းထဲမှာ ဒက်ကယ့်ဓာတ်ပုံကို အမြဲချိတ်ထားတယ်။ အခုအထိ ကျွန်မအဖေလို ချစ်တုန်းပဲ"

သူ့စကားကို ကြားရသောအခါ ကလပ်ဂေဘယ်သည် များစွာ ကျေနပ်သွား၏။ မိမိကလည်း မွန်ရိုးကို ရုပ်ရှင်လောကထဲ ရောက်လာသည့်အချိန်ကတည်းက စောင့်ကြည့်နေခဲ့ကြောင်း၊ သမီးကလေးလို မေတ္တာထားမိပါကြောင်း ပြန်ပြောသည်။ ထိုညက သူတို့နှစ်ယောက်သည် နှစ်ရှည်လများ ကွဲကွာနေကြရသည့် သားအဖနှစ်ယောက် ပြန်လည် တွေ့ဆုံကြ ခိုက် စကားလက်ဆုံကျကြသလို ပြောမဝ၊ နားထောင်မဝ ဖြစ်နေကြသည်။

ပြီးတော့ မောင်ဂိုမာရီကလစ်ကိုပါ သရုပ်ဆောင်အဖြစ် ကမ်းလှမ်းကြသည်။ ကလစ်ကလည်း လက်ခံသည်။

ဒါရိုက်တာ ဂျွန်ဟပ်စတန်၊ မင်းသား ကလပ်ဂေဘယ်နှင့် မောင်ဂိုမာရီကလစ်၊ မင်းသမီး မာရီလင်မွန်ရိုး စသည်ဖြင့် အစစ ပြင်ဆင်ဆုံးဖြတ်လိုက်ကြသည်။ သို့သော် သူတို့မှာ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦး လိုနေသည်။ မွန်ရိုးက ထိုတာဝန်ကို ဖရင့်တေလာမှ ယူစေချင်သည်။ နောက်တစ်ပတ်မှာပင် ဖရင့်တေလာ သူတို့အိမ်သို့ အလည်ရောက်လာသည်။

"ဖရင့်ရေ ကျွန်မတို့ အားလုံး ပြင်ဆင်ပြီးနေပြီ၊ ဒါရိုက်တာရော ဇာတ်ကောင်တွေရော အသင့် ဖြစ်ပါပြီ၊ ဒါပေမယ့် ထုတ်လုပ်သူ မရှိသေးဘူး၊ အဲဒီ တာဝန်ကို ဖရင့် ယူစေချင်တယ်၊ ကျွန်မတို့ မိတ်ဟောင်းဆွေဟောင်းတွေ မဟုတ်လား"

မွန်ရိုးက တေလာကို ဆီးကြိုပြောသည်။ သို့သော် တေလာက လက်ခံလိုစိတ် မရှိ။ ရုပ်ရှင်ထုတ်လုပ်သူ ဆိုသည်မှာ လွတ်လပ်သော အမြင်ရှိဖို့လိုသည်။ ဒါရိုက်တာ၏လုပ်ငန်းများတွင် ကောင်းသောအကြံများ

ပေးနိုင်ရန် အရေးကြီးသည်။ ကျွန်ဟပ်စတန်လို ဝါရင့်ဒါရိုက်တာ အတော်အမော်တစ်ယောက်က မိမိလိုလူမျိုးကို ထုတ်လုပ်သူအဖြစ် လက်ခံနိုင်ပါမည်လောဟု တွေးမိသည်။

အမှန်က ဖရင့်တေလာသည် ရုပ်ရှင်ဘက်တွင် လူစိမ်းမဟုတ်။ (၁၉၄၈) ခုနှစ်မှ (၁၉၅၂) ခုနှစ်အထိ (၄) နှစ်လုံးလုံး မက်ထရိုကုမ္ပဏီမှာ ထုတ်လုပ်သူ အဖြစ် တာဝန်ယူခဲ့သည်။ အောင်မြင်သောဇာတ်ကားများကို ထုတ်လုပ်ပေးနိုင်ခဲ့သည်။ နောက်ပိုင်း စာပေလောကသို့ ဝင်လိုသဖြင့် ရုပ်ရှင်နယ်ကို စွန့်ခွာသွားသူ ဖြစ်သည်။

"နောက်တစ်ခုက ဒီအလုပ် လုပ်တော့မယ်ဆိုရင် ကျွန်တော့်လက်ရှိ အလုပ်ကို စွန့်ရတော့မယ်။ ဒီလို စွန့်မယ်ဆိုရင် ရှေ့ရေးပြဿနာအားလုံးကို တွေးရမယ်။ ခင်ဗျားတို့ ရုပ်ရှင်ကို ဖြန့်ပေးမယ့် ကုမ္ပဏီကလည်း ကျွန်တော့်ကို လက်ခံဖို့ လိုသေးတယ်"

ထိုကိစ္စများ အားလုံးကို မိမိတို့ တာဝန်ယူမည်ဖြစ်ကြောင်း မွန်ရိုးကတိပေးလိုက်သည်။ ဤသို့ဖြင့် ထုတ်လုပ်သူကိစ္စလည်း ပြီးပြတ်သွားတော့သည်။

မွန်ရိုး၊ မီလာနှင့် တေလာတို့၏ ကိုယ်ပိုင် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း စကြပြီ၊ ထိုရုပ်ရှင်ကားကို စတင် ရိုက်ကူးခြင်း မပြုမီ တစ်နှစ်အတွင်းမှာပင် ကြိုတင်ပေးငွေများအဖြစ် ပေးရသဖြင့် ဒေါ်လာနှစ်သန်းခန့်ကုန်ကျသွားသည်၊ ထိုငွေများ အားလုံးကို ယူနိုက်တက်အားတစ် ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီက တာဝန်ယူ ထုတ်ပေးရခြင်း ဖြစ်သည်။ ရုပ်ရှင် မရိုက်မီပေးရမည့်ငွေ များလွန်းသော်လည်း ဖြန့်ချိသူများအနေဖြင့် စိုးရိမ်ကြောင့်ကြခြင်း မဖြစ်ကြပါ။ ဤရုပ်ရှင်ကား မုချ အောင်မြင်ရမည်ကို သူတို့လည်းယုံကြည်ထားကြသောကြောင့် ဖြစ်သည်၊

ထိုအချိန်မှာပင် မြေခွေးရုပ်ရှင်က ရုပ်ရှင်ရိုက်တော့မည် ဖြစ်သောကြောင့် မွန်ရိုးနှင့်မီလာတို့ ဟောလီးဝုဒ်သို့ ပြန်လာကြရသည်၊ ဘီဗာလီတောင်ကုန်းဟိုတယ်မှာ အိမ်ခန်းကြီးတစ်ခန်း ငှားနေလိုက်ကြသည်။

မြေခွေးရုပ်ရှင်မှ ဇာတ်ကားကို စတင် ရိုက်ကူးသည့်နေ့မှာပင် ဒါရိုက်တာဘီလီဝိုင်းလ်ဒါးနှင့် မွန်ရိုးတို့ ကတောက်ကဆတ် ဖြစ်ကြပြန်

သည်။ အမျိုးသမီးဘင်ခရာအဖွဲ့က ဘင်ခရာများတီးကာ လမ်းလျှောက်လာရမည်။ ထိုစဉ် တိုနီကားတစ် ရောက်လာပြီး သူ့လက်ထဲမှ ဝီစကီပုလင်းသည် ဘင်ခရာအဖွဲ့ဝင် မွန်ရိုး၏ခြေထောက်အနားသို့ လွတ်ကျရမည်။ ထိုအခါ မွန်ရိုးက အလွန် ထိတ်လန့်သွားသည့် အမူအရာဖြင့် သရုပ်ဆောင်ရမည်။ ကင်မရာ အသင့်ဖြစ်ပြီ။ မီးအသင့် ဖြစ်ပြီ။ ဇာတ်ကောင်များ အသင့်ဖြစ်ပြီ။ "ရိုက်"ဟူသော ဒါရိုက်တာ၏ အမိန့်ပေးသံ အဆုံးတွင် ဘင်ခရာတီးသံများနှင့် စက်မောင်းသံများ ပေါ်ထွက်လာသည်။ မွန်ရိုး၏ ခြေထောက်အနီးသို့ ဝီစကီပုလင်းတစ်လုံး ကျလာသည်။

"ရပ်၊ အထိတ်တလန့် ဖြစ်တဲ့ပုံမျိုး သိပ်မပေါ်သေးဘူး မာရီလင်၊ တစ်ခါ ပြန်ကြိုးစားပါဦး"

မျက်တောင်မခတ်ဘဲ စောင့်ကြည့်နေသည့် ဒါရိုက်တာဝိုင်းလ်ဒါးသည် ရိုက်ပြီးသားများကို ပယ်ဖျက်ပစ်လိုက်ကာ အသစ်ပြန်ရိုက်စေသည်။ စောစောကအတိုင်း ပြန်ပြီး သရုပ်ဆောင်ကြပြန်သည်။ စက်မောင်းသံများ ဘင်ခရာတီးသံများကို ကြားရပြန်သည်။

"ရပ်၊ စောစောကနဲ့ ဘာမှ ထူးမလာသေးဘူး မာရီလင်၊ ဒီအခန်းက ဘာမှ မခက်ပါဘူး၊ စိတ်ကို တင်းမထားနဲ့ စိတ်လျှော့ထား၊ နိုးနိုးကလေး လုပ်ရမယ့်အခန်းပါ၊ ကဲ ပြန်လုပ်ကြဦးစို့"

သို့သော် မာရီလင်မွန်ရိုးသည် ဘင်ခရာအုပ်စုထဲမှ ထွက်ပြီး ကင်မရာမှန်ဘီလူးနှင့် လွဲရာဘက်သို့ ပြေးထွက်သွားသည်။ သူ့နည်းပြ ဆရာမ ပေါ်လာ ရပ်ကြည့်နေရာသို့သွားပြီး ပေါ်လာနှင့် စကားပြောနေလိုက်သည်။ ဘင်ခရာတီးပြီး လမ်းလျှောက်လာခိုက် မိမိ ခြေထောက်အနီးသို့ အရက်ပုလင်းတစ်လုံး ကျရုံလောက်မျှနှင့် မည်သို့သောမိန်းကလေးသည် ကြီးကြီးကျယ်ကျယ် ထိတ်လန့်တကြား ဖြစ်နိုင်ပါမည်နည်း။ သာမန်အံ့ဩဟန်လောက်သာ ပြုလုပ်နိုင်မည် ဖြစ်သည်။

ထိုကိစ္စကို မွန်ရိုး နည်းနည်းကလေးမျှ မကျေနပ်။ ဒါရိုက်တာ သရုပ်ဆောင်ခိုင်းတိုင်း လိုက်လုပ်ရမည်ဆိုလျှင် ရုပ်ရှင်ကြည့်ပရိသတ်က မိမိကို ရယ်ကြပေတော့မည်။ အရက်ပုလင်းတစ်လုံးကျသည်ကို အဏုမြူဗုံးတစ်လုံး ကျကွဲသည်လောက် ထိတ်လန့်တကြား ဖြစ်ရပါမလားဟု ရယ်သွမ်း

သွေးကြတော့မည်။

မွန်ရိုးသည် နောက်ထပ် ဆက်လက် ရိုက်ကူးရမည့် အခန်းများကို မရိုက်တော့ဘဲ ဟိုတယ်သို့ ပြန်သွားတော့သည်။ ရုပ်ရှင် စတင် ရိုက်သည့် ပထမနေ့သည် ထိုနည်းဖြင့် အစီအစဉ်များ ပျက်သွားရပြန်တော့သည်။

ထိုနေ့မှစပြီး ပိုင်းလ်ဒါးနှင့်မွန်ရိုးတို့ မျက်နှာကြောမတည့်ပြန်ပြီ။ ပိုင်းလ်ဒါးကို ရန်သူအဖြစ် သတ်မှတ်လိုက်ပြန်ပြီ။ရန်သူကို ရန်သူလိုဆက်ဆံရမည် ဟူသော သဘောထားမျိုး မွန်ရိုးတွင် ရှိသဖြင့် ဇာတ်ကားဆုံးသည်အထိ ချောချောမောမော ဘာတစ်ခုမှ မဖြစ်ခဲ့။

တစ်ခါတစ်ရံ အားလုံး အသင့်ဖြစ်နေသော်လည်း မွန်ရိုး ထွက်မလာ။ သူ့အခန်းထဲမှာ အေးအေးဆေးဆေးထိုင်ရင်း ကော်ဖီ သောက်ချင် သောက်နေတတ်သည်။ စာဖတ်ချင် ဖတ်နေတတ်သည်။ ရုပ်ရှင်ရိုက်သည့် အခါတွင် မွန်ရိုးသည် ထိုရိုက်ကွင်းမှာ ရှိနေသူများကို ယုံကြည်မှု မရှိတတ်။ မိမိ အမှားလုပ်လျှင် ပြင်မပေးဘဲ ကြည့်နေမည့်သူများ၊ မိမိ နာမည်ကျသွားမည်ဆိုလျှင် ဝမ်းသာမည့်သူများ၊ မိမိ အကောင်းဆုံး သရုပ်ဆောင်နိုင်လျှင်လည်း မနာလိုသူများအဖြစ် မြင်တတ်သည်။

သူ ယုံကြည်သူမှာ နှစ်ဦးသာ ရှိသည်။ ၎င်းတို့မှာ သူ့ဆရာမ ပေါ်လာနှင့် သူ့ကို မိတ်ကပ်လိမ်းခြယ်ပေးရသူ စနိုက်ဒါတို့ နှစ်ဦးသာ ဖြစ်သည်။

တစ်နေ့တွင် သူ့ အခန်းထဲမှာ သူထိုင်ရင်း စာဖတ်နေသည်။ အပြင်မှာ အားလုံး အသင့်ပြင်ပြီးနေကြပြီ ဖြစ်သည်။ ဒါရိုက်တာကလည်း မင်းသမီး ထွက်လာနိုးဖြင့် စောင့်နေသည်။ ကျန်ဇာတ်ကောင်များကလည်း ဒါရိုက်တာ၏ အရိပ်အကဲကို စောင့်ကြည့်နေကြသည်။ မွန်ရိုး ထွက်မလာနိုင်သည့် အဆုံးတွင် မွန်ရိုးကို သွားခေါ်ရန် ဒါရိုက်တာက သူ့လက်ထောက်တစ်ဦးကို ခိုင်းလိုက်သည်။ လက်ထောက်ဒါရိုက်တာသည် မွန်ရိုး အခန်းသို့ သွားပြီး ဆင်နားရွက်တံခါးကို ဖွင့်လိုက်သည်။

"ဆယ့်တစ်နာရီရှိခဲ့ပြီ၊ လူတွေအားလုံးက ခင်ဗျားကို စောင့်နေကြတာ တစ်နာရီကျော်သွားပြီ"ဟု ပြောလိုက်သည်။

မွန်ရိုးသည် ထောင်းခနဲ ဒေါသထွက်သွားကာ ပါးစပ်မှ ကြမ်းတမ်း

စွာရေရွတ်ရင်း လက်ထောက်ဒါရိုက်တာ၏ မျက်နှာကို ဆင်နားရွက်တံခါး ဖြင့် ဆောင့်တွန်းလွှတ်လိုက်သည်။

တစ်ခါတစ်ရံ ဇာတ်ညွှန်းစာရွက်ကိုင်ပြီး ပေါ်လာနှင့် တိုင်ပင်နေ တတ်သည်။ မည်သူတွေ မည်မျှပင် စောင့်နေကြစေကာမူ နည်းနည်းက လေးမျှ ဂရုမစိုက်။ ဇာတ်ညွှန်းတွင်း၌ ပါသည့် အမူအရာများ သဘာဝကျ မကျ၊ ဇာတ်လမ်းသဘောအရ မိမိ မည်သို့ သရုပ်ဆောင်ရမည်၊ ပြောရ မည့်စကားများ အဆင်ပြေမှု ရှိမရှိ ဇာတ်နှင့် အံဝင်ခွင်ကျမှု ရှိမရှိများကို စိပ်ပြေနပြေ ထိုင်ပြီး ဆွေးနွေးနေတတ်သည်။

ထိုသို့သော အချိန်မျိုးတွင် ရုပ်ရှင်ရိုက်ရန် တစ်စုံတစ်ယောက်က မွန်ရိုးကို သွားခေါ်မည်ဆိုလျှင် ပေါက်ကွဲမှုများ ဖြစ်မည်မှာ သေချာတော့ သည်။

အောင်မြင်ကျော်ကြားနေပြီ ဖြစ်သောကြောင့် မွန်ရိုး အနေဖြင့် သူ့ကိုယ်သူ ထိန်းနေသည်မှာလည်း ပါ၏။ ဇာတ်ညွှန်းက ဘယ်လိုဆိုဆို ဒါရိုက်တာက ဘယ်လိုပင် ခိုင်းခိုင်း သဘာဝမကျဟု ထင်လျှင် ချက်ချင်း စောဒကတက်လေ့ ရှိသည်။ ချက်ချင်း အငြင်းပွားလေ့ရှိသည်။

သို့သော်လည်း တစ်ဆိတ်တော့ လွန်လွန်းနေသည်။ ဒါရိုက်တာ ကလည်း သူ့ကို တမင်အရွဲ့တိုက်နေသလားဟု ထင်လာသည်။ ဒါရိုက်တာ ကို စိတ်ကောက်ပြီး အရွဲ့တိုက်သည်များလည်း ပါသည်။

မွန်ရိုးသည် တစ်ဖက်ကလည်း စိတ်ရောဂါကို ခံစားနေရသူ ဖြစ်သောကြောင့် ဒါရိုက်တာသတ်လျှင် မိမိသေရမည်ကို မေ့နေတတ် သည်။ မိမိနှင့် လုပ်ဖော်ကိုင်ဖက်များက မိမိအပေါ် မကြည်ဖြူကြောင်း စဉ်းစားမိသောအခါတွင်လည်း မိမိ၏အလှနှင့် အောင်မြင်ကျော်ကြားမှုကို မနာလိုကြသောကြောင့် မကြည်ဖြူခြင်း ဖြစ်သည်ဟု တလွဲသို့ ချော်တွေး လိုက်သည်ကသာ များသည်။

ထိုဇာတ်ကားရိုက်နေဆဲမှာပင် မွန်ရိုးသည် ကိုယ်လေးလက်ဝန် ရှိလာပြန်၏။

ထိုအကြောင်းကို သိရသောအခါ မွန်ရိုး အလွန် ပျော်သွားသည်။ မိမိ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ရသည့်အတိုင်း ကလေးရတော့

မည်ကိုသိသဖြင့် အလိုလို တက်ကြွလာပြန်သည်။ ကိုယ်ဝန် ရှိနေသဖြင့် မီလာကလည်း အစစ ဂရုတစိုက် ရှိလှသည်။

ထိုကဲ့သို့သော ပတ်ဝန်းကျင်က ဖန်တီးလာပြန်သဖြင့် မွန်မိုးသည် စိတ်ကောင်းဝင်လာပြန်၏။ လူအများနှင့် အဆင်ပြေအောင် ပေါင်းသင်းတတ်လာပြန်၏။ စိတ်ချမ်းသာဖွယ်ရာ တစ်ခုကို ကြုံတွေ့ရသဖြင့် စိတ်ရောဂါ သက်သာမှု ရှိလာပြန်၏။ ဒါရိုက်တာနှင့် အဆင်ပြေလာပြန်သည်။ ရိုက်ကွင်းများတွင် ကြိုးစားပမ်းစား အလုပ်လုပ်လာပြန်သည်၊ အခြားလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်ပြေအောင် ပေါင်းသင်းလာပြန်သည်။ ပြီးတော့ နေ့ခင်းပိုင်းသာ ရုပ်ရှင်ရိုက်ကာ ညနေဘက်စောစော ပြန်ပြီး အနားယူလေ့ ရှိသည်။

"နေ့ခင်းဘက် နေရောင်ထဲမှာ အလုပ်လုပ်ပြီး ပင်လယ်ကမ်းခြေက သန့်ရှင်းတဲ့လေကို ရှူရတာ ကလေးအတွက် သိပ်ကျန်းမာစေတယ်၊ လူကြီးလည်း ကျန်းမာတာပေါ့"

ဟု မီလာကို သူ ပြန်ပြောပြတတ်သည်၊

ညနေဘက်တွင် ရုပ်ရှင်ရိုက်ရာသို့ မီလာကိုယ်တိုင် လိုက်သွားပြီး မွန်မိုးကို စောင့်ခေါ်တတ်သည်။

"မာရီလင်ဟာ ကိုယ်ဝန် ရှိနေတယ်၊ အခု လေးနာရီထိုးတော့မယ်ဗျာ၊ သူ့ကို ပြန်ခွင့်ပေးပါတော့"

ဟုလည်း ဒါရိုက်တာကို ပြောတတ်သည်။

"အာသာ၊ လေးနာရီထိုးဖို့ (၁၅) မိနစ်တောင် လိုသေးတယ်၊ ကျုပ် တစ်နေ့လုံး ဖလင်တစ်လက်မတောင် မရိုက်ရသေးဘူး"

ဟု ဒါရိုက်တာက စိတ်ပေါက်ပေါက်နှင့် ပြန်အော်သည်များကိုလည်း ခံရတတ်သည်။ ကလေး ကိုယ်ဝန် ရှိနေသည့်ကာလမှာ မွန်မိုး အစစအရာရာ ယုံကြည်တက်ကြွ စိတ်ရှည်နေသည်ကို မြင်တွေ့ရသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲကာလနှင့် နီးကပ်လာပြီး သမ္မတလောင်းများ အမည်စာရင်း တင်သွင်းနိုင်ရေးအတွက် ရီပတ်ဘလီကင်နှင့် ဒီမိုကရက်တစ်အမျိုးသားပါတီတို့ အပြင်းအထန် ကြိုးစားနေကြချိန်လည်း ဖြစ်သည်။

မွန်ရိုးသည် သမ္မတလောင်း ဂျွန်ကနေဒီ အနိုင်ရရေး အတွက် မဲဆွယ်ပွဲများမှာ အစွမ်းကုန် ပါဝင် လုပ်ဆောင်နေသည်ကို တွေ့ရသည်။ ဂျွန်ကနေဒီနှင့် သူတို့နှစ်ဦးကို မဲဆွယ်ပွဲများတွင် မကြာခဏ တွေ့ရတတ်သည်။ သမ္မတလောင်း ကနေဒီသည် မွန်ရိုးကို အလွန် နှစ်လိုဖွယ်ရာ ဆက်ဆံခဲ့သည်။ မွန်ရိုး၏ ဆောင်ရွက်ချက်များကို ချီးကျူးထောမနာ ပြုခဲ့သည်။ ဆိုဗီယက်ဝန်ကြီးချုပ် နီကေတာကရုရှက် အမေရိကသို့ လာရောက် လည်ပတ်သည်နှင့်လည်း ကြုံကြိုက်ခဲ့သေး၏။ ကမ္ဘာကျော် ဟောလီးဝုဒ် ရုပ်ရှင်မြို့တော်သို့ ကရုရှက် လာရောက်ကြည့်သည့်အခါက ဖြစ်သည်။ ညစာခံပွဲသို့ တက်ရန် မွန်ရိုး စိတ်စောနေသည်။ ကွန်မြူနစ်ဝါဒကို နှစ်သက်သဘောကျသူ ဖြစ်သောကြောင့် ကွန်မြူနစ် တိုင်းပြည်ကြီး တစ်ခု၏ ခေါင်းဆောင်ကြီးကို ကိုယ်တိုင်ကိုယ်ကျ သူတွေ့ချင်နေသည်။

မွန်ရိုးသည် ညစာခံပွဲသို့ အချိန်အများကြီးစောပြီး ရောက်သွားသည်။ စိတ်စောနေသောကြောင့် အချိန်ကို သူမေ့သွားသည်။ ရောက်သောအခါကျမှ မိမိ အချိန်စောနေပြီဖြစ်ကြောင်း သူ သိရတော့သည်။ သို့သော် သူ့ကို စောင့်နေကြသည့် သတင်းထောက်များနှင့် အချိန်ဖြုန်းလိုက်ရသောကြောင့် အဆင်ပြေသွားသည်။

"ကရုရှက်နဲ့တွေ့ရမယ့်အတွက် မာရီလင် ဘယ်လို ခံစားရပါသလဲ"

"အံ့ဩနေသလိုလိုပါပဲ၊ ပြီးတော့ သူနဲ့ တွေ့ရဖို့အတွက် ကျွန်မ ဝမ်းသာနေတယ်၊ ဂုဏ်လည်း ယူပါတယ်"

"ကရုရှက်ကရော ခင်ဗျားကို တွေ့ချင်လိမ့်မယ်လို့ ထင်သလား"

"ဟို. . . . ထင်ရဲ့ ဘယ်ကမလဲ၊ သူလည်း ကျွန်မကို တွေ့ချင်နေမှာပေ့ါ၊ သေချာပါတယ်"

မွန်ရိုး၏ စကားဆုံးသောအခါ ရယ်သံကြီး ပေါ်ထွက်လာသည်။ မွန်ရိုး ပြောသည့်စကား မမှားပါ။ ကရုရှက်နှင့် တွေ့သောအခါ သူ့ကို လှိုက်လှဲပျူငှာစွာ နှုတ်ဆက်လေသည်။

"မင်းဟာ အလွန် ချစ်စရာကောင်းတဲ့ ကလေးမလေးပါပဲ"

ဟု မွန်ရိုးလက်ကို တင်းတင်းကိုင်ကာ ကရုရှက်က ပြောသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မခင်ပွန်း အာသာမီလာတာ သူ မလာနိုင်တာကို ဝမ်းနည်းကြောင်းနဲ့ လေးစားစွာ နှုတ်ဆက်ပါကြောင်း ပြောပြပေးဖို့ ကျွန်မကို မှာလိုက်ပါတယ်၊ ကျွန်မတို့ အပြန်အလှန် လေးစားကြဖို့ လိုပါတယ်၊ ဒါမှလည်း ကျွန်မတို့ နှစ်ပြည်ထောင်ရော၊ နှစ်ပြည်ထောင်လုံးက ပြည်သူတွေပါ အချင်းချင်း နားလည်မှု ပိုမို ရရှိနိုင်ကြမှာ ဖြစ်ပါတယ်"

ထိုနေ့က အဖြစ်ကိုတွေးပြီး မွန်ရိုးသည် သူ့ကိုယ်သူ များစွာ အံ့ဩနေမိသည်။ ကမ္ဘာ့အုပ်စုကြီးတစ်ခု၏ ထိပ်တန်းခေါင်းဆောင်ကြီး တစ်ယောက် ရှေ့တွင် သူပြောလိုသည်များကို မထစ်မငေါ့ ပြောနိုင်ခဲ့သည့်အတွက်၊ ပြီးတော့ ရွှန်းရွှန်းဝေအောင် မည်သို့မည်ပုံ ပြောမိလိုက်သည်ကို မသိသည့်အတွက် အံ့ဩခြင်း ဖြစ်သည်။ ထိုသို့ပြောရုံမက သူ့စကားအဆုံးတွင် ကရုရှက်၏ လက်ကို ရဲတင်းစွာပင် တင်းတင်းကြီး ဖျစ်ထားလိုက်မိချေသေးသည်။

ယခင်ကလည်း အင်ဒိုနီးရှားသမ္မတကြီး ဆူကာနို(ကွယ်လွန်) ဟောလီးဝုဒ်သို့ အလည်လာဖူးသေးသည်။ ဆူကာနို၏ ညနေစာစားပွဲသို့လည်း မွန်ရိုး တက်ခဲ့ရသည်။ ညနေစာစားပွဲခန်းမ အတွင်းသို့ မွန်ရိုး ဝင်သွားသည်နှင့် တစ်ပြိုင်တည်း အာရှတိုက်သားများ၏ နှုတ်ဖျားမှ ထွက်ပေါ်လာသည့် အာမေဋိတ်သံက သူ့ကို ကြိုဆိုခဲ့ဖူးသည်။

ဝိုင်းလ်ဒါး ရိုက်ကူးသောရုပ်ရှင် ပြီးသွားသည်။ မိမိတို့ကိုယ်ပိုင် ရုပ်ရှင်ကိုလည်း အစစ ပြင်ဆင်ပြီး ဖြစ်သည်။

ထိုကြားထဲကပင် မြေခွေးရုပ်ရှင်က နောက်တစ်ကား ဆက်လက်ရိုက်ရန် အစီအစဉ်လုပ်သည်။ ကုမ္ပဏီနှင့် ဇာတ်ကား (၄) ကား ရိုက်ရန် ကန်ထရိုက်ချုပ်ခဲ့သည့်အတွက် ဖြစ်သည်။ သူမှာလည်း ကိုယ်ဝန်ကတစ်ဖက်၊ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးက တစ်ဖက်ဖြင့် ချစ်ကြစို့ ဇာတ်ကားကို လက်ခံရိုက်ကူးပေးလိုက်သည်။ မွန်ရိုး၏ သက်တမ်းတစ်လျှောက်လုံးတွင် မအောင်မြင်ဆုံးနှင့် အညံ့ဆုံးဇာတ်ကား ဖြစ်လေသည်။

ထိုသို့ အနားမရအောင် ရုပ်ရှင်ရိုက်နေရဆဲမှာပင် မွန်ရိုး၏ ညည်စူးမျှော်မှန်းချက်ကြီး ပြိုကွဲပျက်စီးရပြန်သည်။

ဒုတိယအကြိမ်မြောက် တည်သည့်ကိုယ်ဝန် ပျက်ကျခြင်းပေတည်း။ လူနာတင် မော်တော်ကားဖြင့် လေဆိပ်သို့ သယ်သွားပြီး ထိုမှ တစ်ဆင့် နယူးယောက်သို့ ချက်ချင်း ပို့ပေးခဲ့ရသည်။ သားပျက်သည့်ဒဏ်ကို ဆေးရုံပေါ်မှာ ပြင်းထန်စွာ ခံခဲ့ရသည်။

သည်ကလေးတစ်ယောက်ကိုတော့ ပိုးမွေးသလိုမွေးကာ အဖတ်တင်အောင်လုပ်မည်ဟု သူတို့ ဆုံးဖြတ်ခဲ့ကြ၏။ ဆုံးဖြတ်သည့်အတိုင်းလည်း အနေအထိုင်၊ အစားအသောက်ကစပြီး သတိနှင့် ဆင်ခြင်သည်။ သည်ကြားထဲကပင် ယခု ပျက်ရပြန်ပြီ။

မွန်ရိုး၏ စိတ်ဝေဒနာသည် ပြန်လည် ဖိစီးလာပြန်၏။ အလုပ်ပင်ပန်းရသည့်အထဲတွင် အလွန်အမင်း မျှော်လင့်ထားသည်တို့ ဖြစ်မလာသောကြောင့် စိတ်ထိခိုက်ရပြန်၏။

ထိုသို့သော အချိန်မျိုးတွင် မွန်ရိုးကို အရိပ်တကြည့်ကြည့်ဖြင့် ဂရုအစိုက်ဆုံး ပုဂ္ဂိုလ်မှာ မီလာ ဖြစ်သည်။ မီလာသည် သူ၏ ခင်ပွန်းသာမက အကောင်းဆုံးသော ဘဝအဖော်အဖြစ်နှင့်ပါ သူ့ကိုယ်သူ ပိုင်းဖြတ်ထားသူ ဖြစ်သည်။ ထို့အပြင် မွန်ရိုး၏ သားပျက်တတ်သောအကျင့်သည် လူကြီး၏ အသက်ကိုပါ တစ်ခါတည်း ထိခိုက်လာနိုင်သည်ကို သိထားသောကြောင့် လူတစ်ယောက်၏အသက်ကို ကယ်ဆယ်သည့်အနေဖြင့် ဂရုစိုက်ခြင်းလည်း ဖြစ်သည်။

မွန်ရိုးမှာ ရောဂါတွေစုံလှသည်။ အိပ်ဆေးများ၊ စိတ်ငြိမ်ဆေးများ၏ဒဏ်ကြောင့် ဦးနှောက်မြေးပင် အနည်းငယ် ရောင်ခဲ့ဖူးလေရာ တစ်ချက်တိမ်းသွားလျှင် အသက်ပါ ပါသွားနိုင်သူ ဖြစ်သည်။

ဆေးရုံမှ ဆင်းလာသောအခါတွင် အိပ်ဆေးများနှင့် စိတ်ငြိမ်ဆေးများကို ပြန်လည် မှီဝဲပြန်သည်။ စိတ်သောက ကြီးကြီးမားမားများကို ခံစားနေရသောကြောင့် ညဘက်ဆိုလျှင် အိပ်မပျော်။ အိပ်မပျော်သည့်အတွက် အိပ်ဆေးသောက်၊ အိပ်ဆေးသောက်သည့်အတွက် စိတ်မငြိမ်၊ စိတ်မငြိမ်သည့်အတွက် စိတ်ငြိမ်ဆေးသောက်ဖြင့် ဆေးသံသရာမှ သူ မလွတ်ကင်းနိုင်အောင် ဖြစ်လာပြန်သည်။

မစ်ဖစ်ဇာတ်ကားကို ရိုက်ကူးနေဆဲမှာပင် မွန်ရိုး၏ဘဝသည်

အပြောင်းအလဲမျိုးစုံနှင့် ကြုံတွေ့နေရသည်။

သားဖျက်ကျသောကြောင့် ဆေးရုံတက်ရသည်။ စိတ်ပန်းလူပန်းဖြစ်လာသောကြောင့် လော့စ်အိန်ဂျယ်လိဆေးရုံ တက်ရသည်။ဟောလီးဝုဒ်မှာ ပြဿနာတွေ့လာသောကြောင့် နယူးယောက်သို့ ပြန်နားရသည်။ နယူးယောက်မြို့မှာ မနေနိုင်တော့သဖြင့် လောင်းအိုင်လင်ရှိ အေမာဂင်းဆက်အိမ်သို့ အနားသွားယူရသည်။

မစ်ဖစ်ဇာတ်ကား လက်စသိမ်းနေတုန်းမှာပင် သူတစ်သက်လုံး သူ့အဖေအဖြစ် ချစ်ခင်လေးစားခဲ့ရသူ၊ ဇာတ်ကားတစ်ကားလုံး ပြီးသည်အထိ သူနှင့် တပူးတွဲတွဲ ရုပ်ရှင်ရိုက်ခဲ့သူ၊ သူ့အပေါ်တွင် သမီးငယ်တစ်ယောက်လို အစစ ညှာတာထောက်ထားပြီး ဂရုစိုက်အရေးပေးခဲ့သူ ရုပ်ရှင်မင်းသားကြီး ကလပ်ဂေဘယ်သည် (၁၉၆၀) ခုနှစ်၊ နိုဝင်ဘာ (၁၆)ရက်တွင် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားတော့သည်။

ကလပ်ဂေဘယ် မကွယ်လွန်မီ တစ်ပတ်ခန့်စော၍ နယူးယောက်နေအိမ်သို့ မွန်ရိုး ပြန်လာခဲ့သည်။ ဂေဘယ် ကွယ်လွန်ကြောင်း ကြားရသောအခါ မွန်ရိုးသည် ဆောက်တည်ရာ မရတော့။ သူ့ထင်မြင်ချက်ကို သာမေးကြသည့် သတင်းထောက်များကိုလည်း စကားတစ်ခွန်းမျှ ပြန်မပြောနိုင်တော့။ အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများကို လက်မလွှတ်နိုင်ဘဲ ရှိရပြန်သည်။

မစ်ဖစ်ဇာတ်ကားသည် သူတို့ မျှော်လင့်သကဲ့သို့ပင် အောင်မြင်ပါ၏။ ထိုကားကို နီဗားဒါးတွင် ရိုက်ကူးရာ တစ်ပြိုင်တည်း ဟောလီးဝုဒ်တွင်လည်း (၂၀) ရာစုမြေခွေးရုပ်ရှင်အတွက် ဇာတ်ကားများ လက်ခံရိုက်ကူးပေးနေရသောကြောင့် မွန်ရိုးသည် သွားချည်လာလှည့်လုပ်နေရသည်။ ထိုဒုက္ခပန်းသည့်ဒဏ်များကိုလည်း အလူးအလဲ ခံခဲ့ရသည်။

နောက်တစ်ကြောင်းမှာ မီလာနှင့်မွန်ရိုးတို့ အဆင်မပြေကြတော့ခြင်း ဖြစ်သည်။

မွန်ရိုးနှင့်မီလာတို့သည် အကြင်လင်မယား ဖြစ်ကြသော်လည်း အမိုးတစ်ခုတည်းအောက်မှာ အတူနေပြီး ဘဝနှစ်ခုကို သီးခြား တည်ဆောက်နေသူများနှင့် တူလာသည်။

မီလာသည် သူ့ကိုယ်ပိုင်လုပ်ငန်းများ ရှိသည်။ ထိုလုပ်ငန်းများနှင့် အချိန်ကုန်သည်က များနေသည်။ ရုပ်ရှင်နှင့်ပတ်သက်၍ သူ့ဇာတ်ညွှန်းလည်းဖြစ်၊ သူမျှော်လင့်ချက်ထားသည့် ဇာတ်လမ်းလည်းဖြစ်သည့် မစ်ဖစ်ဇာတ်ကား ရိုက်ကူးနေသည့် အခိုက်အတန့်မှာပင် ရုပ်ရှင်ရိုက်ကွင်းမှာ သူ့ကို မြင်ရသည်။

မွန်ရိုးကလည်း သူ့ဘဝကို သူ တည်ဆောက်နေသည်။ သူမျှော်မှန်းခဲ့သည့်အတိုင်း ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး ဖြစ်လာသဖြင့် ထိုအဆင့်မှ လျှောကျမသွားအောင် အပြင်းအထန် ကြိုးစား ထိန်းသိမ်းနေရသည်။

* * *

## နီဂုံးချုပ် ချစ်ရသူများ

မွန်ရိုးနှင့် အာသာမီလာတို့၏ ဘဝတွင်းသို့ ပြင်သစ် ရုပ်ရှင် မင်းသား၊ မင်းသမီး လင်မယားဖြစ်သော မွန်တန်းနှင့်ရှိမွန်ဆစ်ဂ်နိုရေးတို့ နှစ်ဦး ဝင်လာသည်။

သူတို့လင်မယားသည် ဟောလီးဝုဒ်သို့လာပြီး ရုပ်ရှင်ရိုက်နေကြ သူများ ဖြစ်သည်။ လင်မယားနှစ်ယောက်စလုံး ရုပ်ရှင်ရိုက်ခြင်း သာမက ပြဇာတ်များ ကခြင်း၊ သီချင်းဆိုခြင်း၊ ရုပ်မြင်သံကြားများ လက်ခံပြီး ရိုက် ပေးခြင်းများ ပြုလုပ်နေကြသည်။ မွန်တန်းတို့လင်မယားသည် မွန်ရိုးတို့ နေသော ဘီဗာလီတောင်ကုန်းဟိုတယ်တွင် နံရံတစ်ချပ်ခြားပြီး အတူနေ ကြသူများ ဖြစ်သည်။ မွန်ရိုးနှင့်မီလာသည် တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေကြ။ သူ့အလုပ်နှင့်သူ၊ ကိုယ့်အလုပ်နှင့်ကိုယ် ဗျာများနေကြ ရသည်။ "ညမှာသာ လင်မယားဖြစ်ပြီး နေ့ဘက်မှာ ဘဝခြားနေကြရတာ ပါဗျာ" ဟု မီလာက သူတို့အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး ပြောပြသည်။

သူတို့နှစ်ယောက် ပြန်အဆင်ပြေရေးကို ဒါရိုက်တာဂျွန်ဟပ်စ် ဘန်နှင့် ထုတ်လုပ်သူ ဖရင့်တေလာတို့နှစ်ဦးက အများကြီး ကြိုးစားကြပါ သည်။ ရုပ်ရှင် မပြီးမီ ကွာရှင်းပြတ်စဲလိုက်ကြမည် ဆိုပါက သူတို့လုပ်ငန်း ကိုလည်း ထိခိုက်လာနိုင်မည် ဖြစ်သည်။ ပြီးတော့ အားလုံးနှင့် ခင်မင်ရင်းနှီး နေကြသူများလည်း ဖြစ်သောကြောင့် အဆင်ပြေစေချင်သည်။

ဘဝချင်းက ကွာခြားလာပြန်ပြီမို့ ကွာရှင်းပြတ်စဲခြင်းသည်သာ သျှင် နှစ်ဦးစလုံးအဖို့ အကောင်းဆုံးဖြစ်သည်ကိုလည်း မွန်ရိုးရော မီလာပါ သဘောပေါက်နေကြပြီ။

သို့သော် နာမည်ကြီးများ ဖြစ်သောကြောင့် ထင်တိုင်းလုပ်၍ မဖြစ်သေး။ ယခုပင်လျှင် သူတို့နှစ်ယောက် အဆင်မပြေတော့သည့် အကြောင်းများကို သတင်းစာများက ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးနေကြပြီ။ တစ်ယောက်နှင့် တစ်ယောက် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေကြသည့် အကြောင်းများကို ဇာတ်လမ်းဖွဲ့နေကြပြီ။

ရိုက်လက်စရုပ်ရှင်သည် မွန်ရိုးဘဝအတွက် အရေးကြီးသော ရုပ်ရှင်ဖြစ်သလို မီလာအတွက်လည်း အရေးကြီးသောရုပ်ရှင် ဖြစ်ကြောင်း နှစ်ယောက်စလုံးက လက်ခံထားသည်။ ထို့ကြောင့် ဤရုပ်ရှင် မပြီးမီ စပ်ကြားတွင် ဟန်မပျက်နေကြရန်ကိုသာ မတိုင်ပင်ရဘဲနှင့် နှစ်ယောက်သား သဘောတူပြီး ဖြစ်ကြသည်။

ထိုအချိန်မှာပင် မွန်ရိုး၏ဘဝတွင်းသို့ မွန်တန်း ဝင်လာခြင်း ဖြစ်သည်။

မွန်ရိုးသည် သူ့အနားမှာ ယောကျ်ားတစ်ယောက်ယောက်တော့ အမြဲရှိနေမှ နေတတ်သည့် မိန်းကလေးဖြစ်ကြောင်း အများက ပြောကြသည်မှာ မလွန်ပါ။ မီလာနှင့် ဘာသိဘာသာ နေကြချိန်တွင် မွန်တန်း မဟုတ်လျှင်လည်း အခြား တစ်ယောက်ယောက်ကို မွန်ရိုး တွဲမည်သာ ဖြစ်သည်။

"မီလာနဲ့ မင်း ကွာပြီးရင် မင်းကို ကိုယ်လက်ထပ်မယ်၊ ကိုယ်လည်း ရှီမွန်ဆစ်ဂ်နိုရေးနဲ့ ကွာမယ်"

ဟူသော မွန်တန်း၏ စကားကို မွန်ရိုး အယုံကြီးယုံခဲ့သည်။

မွန်တန်းနှင့်ဆိုလျှင် နှစ်ယောက်စလုံး ရုပ်ရှင်သမားများ ဖြစ်ကြသောကြောင့် အသွင်မတူသည့် ဒုက္ခက ဝေးမည်ဟု ထင်စားခဲ့၏။ ယုံကြည်ချက်တူ၊ ဘဝတူ၊ လုပ်ငန်းတူ ဖြစ်သောကြောင့် မျှော်မှန်းချက်များ အားလုံး ပြည့်ဝမည်ဟု မှတ်ယူခဲ့၏။

သည်ကစပြီး မွန်တန်းနှင့်မွန်ရိုးတို့အတွဲကို ဟောလီးဝုဒ်မှာ နယူးယောက်မှာ၊ လော့စ်အိန်ဂျယ်လီမှာ လူအများတို့ မြင်တွေ့ကြရသည်။ ညစ်ခံပွဲများ၊ ကပွဲများသို့လည်း သူတို့နှစ်ယောက် အတူသွားလျက် ရှိကြသည်။ သူတို့အတွဲကို လူအများက အသိအမှတ်ပြုကြသည့်အတွက် မွန်ရိုး

စိတ်ထဲမှာ ကျေနပ်မှုပင် ရနေသေးတော့သည်။

"အမှန်ကတော့ မာရီလင်ဟာ ကျောင်းသူကလေး တစ်ယောက်က ရုပ်ရှင်မင်းသားတစ်ယောက်ကို ကြိုက်သလို ကျွန်တော့်ကို စကြိုက်တာပါပဲ"

ဟု မွန်တန်းက သတင်းထောက်များကိုပြောသည်။

မွန်ရိုးကလည်း မငြင်း။

အာသာမီလာသည် မွန်ရိုးနှင့် လမ်းခွဲရတော့မည်ကို သိထားပြီဖြစ်သဖြင့် အရွယ်ရောက်ကာ ကျောင်းမှထွက်လာကြပြီဖြစ်သော သူ့သားကြီးရောဘတ်နှင့် သမီးဂျိန်းတို့နှစ်ဦး၏ ဘဝအတွက် လိုအပ်သည်များ စီစဉ်ပေးရန်ကိုသာ အာရုံစိုက်နေသည်။မွန်တန်းနှင့် မွန်ရိုးတို့ တွဲနေသည်ကို သူ ဘာမှ မပြော။ သူတို့ တွဲနေခိုက်မှာပင် နှစ်ယောက်စလုံးကို အိမ်သို့ ခေါ်ပြီး ညစာကျွေးသည်။

"ကျွန်တော့် သားနဲ့သမီးကို မတွေ့ရတာကြာပြီ၊ သူတို့လည်း ကျောင်းထွက်လာကြပြီ၊ သူတို့ကို ပြန်တွေ့ဦးမှ ဖြစ်မယ်"

ဟု မွန်တန်းတို့ လင်မယားကို မီလာက ပြောပြသည်။

အမှန်မတော့ ထိုအချိန်မှာပင် မီလာနှင့် ရှီမွန်ဆစ်ဂ်နိုရေးတို့သည်လည်း တစ်ယောက်ကိုတစ်ယောက် ကြိုက်နေကြပြီ ဖြစ်၏။ သူတို့နှစ်ယောက်၏ အတွဲကိုလည်း နေရာတကာမှာ မြင်တွေ့နေရသည်။

ထိုကြားထဲက မွန်ရိုး စိတ်ကူးယဉ်နေသည့် အချက်တစ်ခုရှိသည်။ သူနှင့် မွန်တန်းတို့ လက်ထပ်ပြီးသော်လည်း ရှီမွန်နှင့် သူငယ်ချင်းလိုပင် ဆက်လက် ပေါင်းသင်းနေချင်သည်။ ရှီမွန်ကို သူခင်မိသည်။ ထို့ကြောင့် မိမိတို့နှစ်ယောက် လက်ထပ်ပြီးသော်လည်း သူ့ကို ပြင်သစ်သို့ မပြန်စေဘဲ ဟောလီးဝုဒ်မှာပင် ဆက်လက် နေထိုင်စေကာ အလုပ်အတူလုပ်ကြရန် စဉ်းစားထားသည်။ ဟောလီးဝုဒ်ရုပ်ရှင်လောကမှာ ဤသို့သော အဖြစ်အပျက်မျိုးသည် အထူးအဆန်းတော့ မဟုတ်ပါ။ ဖြစ်လေ့ဖြစ်ထရှိသော အဖြစ်အပျက်ပင် ဖြစ်သည်။

မစ်ဖစ်ဇာတ်ကား ရိုက်ကူးနေခိုက် မီလာနှင့် ဇာတ်လမ်း မှတ်တမ်းတင်သူ အင်ဂျီလာအေလင်တို့နှစ်ဦးသည် တပူးတွဲတွဲ ရှိနေကြသည်။

မိလာပျောက်သဖြင့် ရှာလျှင် အင်ဂျီလာအေလင်ထံ ရောက်နေသလို အင်ဂျီလာအေလင် ပျောက်၍ရှာလျှင်လည်း မိလာထံ ရောက်နေသည်ကို တွေ့ရသည်။ သူတို့နှစ်ယောက်၏ သတင်းသည်လည်း တဖြည်းဖြည်း လူသိများလာသည်။ မွန်ရိုးကမူ မိလာနှင့် အဆင်မပြေဖြစ်နေသည့်အချိန်မို့ မသိလိုက် မသိဘာသာ နေလိုက်သည်။ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား သဘောထားလိုက်သည်။ ထိုသဘောမျိုးကို မထားနိုင်သူမှာ မိလာ၏ သူငယ်ချင်းများ ဖြစ်ကြသည်။

"မင်းဟာ မိလာနဲ့ ဇာတ်ရှုပ်နေတယ်လို့ ကြားတယ်၊ ဒီလိုနေရတာ မင်းပျော်တယ်ပေါ့၊ သိပ် စိတ်ချမ်းသာနေတယ်ပေါ့"

ဟုပြောပြီး အင်ဂျီလာကို အလုပ်ထုတ်ပစ်လိုက်ကြသည်။

"ဒါများ အထူးအဆန်းလုပ်လို့ ရှင်တို့ပြောနေကြတယ်။ ရှင်တို့ လူတွေရော ဘာတွေ လုပ်နေကြသလဲ၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ကြပါဦး"

ဟု ပြောကာ လက်ထဲမှ ဇာတ်လမ်းမှတ်တမ်းများကို လွှင့်ပစ်ပြီး ထွက်သွားလေသည်။

အင်ဂျီလာသည် ထိုအကြောင်းကို မွန်ရိုးအား ပြောပြသည်။ ဤ ကိစ္စမျိုးသည် ထူးဆန်းသော ကိစ္စမဟုတ်ကြောင်း၊ ဟောလီးဝုဒ်မှာ ရှိနေကြသူများအနက် မည်သူကင်းနိုင်သနည်းဟု မေးခွန်းထုတ်ခဲ့သည်။

နောက် နှစ်ရက်ခန့်ကြာသောအခါ အင်ဂျီလာကို သူတို့ အလုပ်ပြန်ခန့်လိုက်ကြရတော့သည်။ ဒါရိုက်တာဟပ်စတန်၏ မေတ္တာရပ်ခံ စေ့စပ်ပေးချက်အရ ဖြစ်သည်။ ရိုက်လက်စကား အနှောင့်အယှက်ဖြစ်သွားမည်စိုးသောကြောင့် အင်ဂျီလာကို ပြန်လည် လက်ခံကြခြင်း ဖြစ်လေသည်။

ထိုအခိုက် အလုပ်ပင်ပန်းသည့်ဒဏ်ကြောင့် လော့စ်အိန်ဂျယ်လိ ဆေးရုံသို့ မွန်ရိုး တက်ရောက် ကုသနေရကြောင်း မွန်ရိုး၏ သတင်းစာ ဆက်သွယ်ရေးတာဝန်ခံ မေရိစ်က ကြေညာချက်တစ်စောင် ထုတ်လိုက်လေသည်။ ထိုဆေးရုံသို့ အာသာမီလာက တစ်ခေါက် လာတွေ့သည်။ သို့သော်လည်း သူတို့နှစ်ယောက်သည် အကြင်လင်မယားလို ဆက်ဆံခြင်း မပြုကြ။ မိတ်ဆွေတစ်ယောက် နာမကျန်းဖြစ်သဖြင့် ဆေးရုံတက်နေခိုက်

အခြား မိတ်ဆွေတစ်ယောက်က သတင်းလာမေးသည့်အနေမျိုးသာ ဖြစ်သည်။ ဆေးရုံအပြင်မှာလည်း သတင်းထောက်များ ဝိုင်းဝိုင်းလည်အောင် စောင့်နေကြသည်။ ဆေးရုံတွင်းမှ မီလာ ပြန်ထွက်လာသောအခါ အတျိုးအကြောင်း ဝိုင်းမေးကြသည်။ ဘယ်တော့ ကွာရှင်းပြတ်စဲကြမလဲ၊ ဘာအစီအစဉ်ရှိသလဲ၊ မွန်မိုးနှင့် ကွာရှင်းပြတ်စဲပြီးလျှင် အင်ဂျီလာအေလင်ကို ယူမည်လော၊ ရှီမွန်ဆစ်ဂ်နိုရေးကို ယူမည်လော။

မီလာ မည်သည့် မေးခွန်းကိုမျှ မဖြေဘဲ သတင်းထောက်များကြားမှ လွတ်မြောက်လာအောင်သာ ဖွတ်ထွက်ပြေးခဲ့သည်။ သို့သော်လည်း နောက်တစ်နေ့ သတင်းစာများတွင်မူ မွန်မိုး ဆေးရုံတက်နေရာသို့ မီလာ လာကြည့်ကြောင်း၊ သာမန် မိတ်ဆွေတစ်ဦးလို လာရောက် သတင်းမေးသည့် သဘောမျိုးသာ ဖြစ်ကြောင်း၊ ပန်းကလေးတစ်ပွင့်မျှပင် လက်ဆောင်အဖြစ် ယူဆောင်လာခြင်း မရှိကြောင်းများကို ရေးကြသည်။

ဆေးရုံသို့ မွန်မိုး၏ ဒုတိယခင်ပွန်း ဒီမက်ဂီယိုလည်း တစ်ခေါက်ရောက်လာသည်။ ထိုကာလများက မွန်မိုးနှင့် ဒီမက်ဂီယိုတို့ မကြာခဏပြန်တွဲနေကြသည်ကို တွေ့ရသည်။ နီဘားဒါးသို့ ရုပ်ရှင်ရိုက်ရန်အသွားမှာပင် ဒီမက်ဂီယိုနှင့်ချိန်းပြီး နယူးယောက်မှာ သူတို့နှစ်ယောက် တွေ့ခဲ့ကြသေးသည်။ သို့သော်လည်း ယခု ဆေးရုံသို့ ဒီမက်ဂီယို လာရောက် တွေ့ဆုံခြင်းသည် သူတို့ဘဝတွင် နောက်ဆုံး တွေ့ဆုံခြင်းပင် ဖြစ်လေသည်။ မွန်မိုးကွယ်လွန်သည်အထိ သူတို့နှစ်ယောက် ပြန်လည် တွေ့ဆုံခြင်း မရှိကြတော့ချေ။

မီလာနှင့် ကွာရှင်းပြတ်စဲဖို့ကို အချိန်စောင့်ဆိုင်းနေကြရသည်။ သတင်းစာများတွင် အုတ်အော်သောင်းတင်း ပါမည်ကိုလည်း စိုးရိမ်ရသေးသည်။

သူတို့နှစ်ယောက်သည် အတူနေထိုင်လျက်ပင် ရှိကြ၏။ နယူးယောက်အိမ်မှာသော် လည်းကောင်း၊ ဟောလီးဝုဒ်အိမ်မှာသော် လည်းကောင်း သူတို့ကို အတူတွေ့ရသည်။ သို့သော် မေးထူး ခေါ် ပြောလောက်မျှသာ ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် လင်ခန်း မယားခန်းသည် ပြတ်စဲသလောက် ဖြစ်နေကြပြီ။

အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများကိုသာ မှီဝဲရုံ မဟုတ်၊ အရက်ကိုပါ သောက်လာပြန်သည်။ သူ့ဆရာဝန်များကလည်း သူ့အတွက် စိတ်ညစ်ကြပြီ။ စိတ်ရောဂါကုဆရာဝန် ဒေါက်တာဂရင်းဆန်သည် နေ့စဉ်နေ့တိုင်းလို မွန်ရိုးကို လာကြည့်နေရသည်။

ညဘက်ရောက်လျှင် တစ်ညလုံး မအိပ်ဘဲ မာတ်စက်ဖွင့်ပြီး နားထောင်သည့်အခါ နားထောင်နေတတ်သည်။ စာဖတ်ချင်လည်း ဖတ်နေတတ်သည်။ သူ့ပတ်လည်မှာမူ အရက်ပုလင်းများ၊ အိပ်ဆေးများ၊ စိတ်ငြိမ်ဆေးများ ဝိုင်းဝိုင်းလည်နေသည်ကို တွေ့ရတတ်သည်။

နောက်ဆုံးတွင် သူတို့နှစ်ယောက် ကွာရှင်းပြတ်စဲကြဖို့ ရက်ကို (၁၉၆၁) ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့ကို ရွေးချယ်လိုက်ကြသည်။ ထိုနေ့သည် ဒီမိုကရက်တစ်သမ္မတ ကနေဒီ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည့်နေ့ ဖြစ်သည်။ ထို့ကြောင့် နောက်တစ်နေ့ သတင်းစာများတွင် သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ သတင်းကိုသာ ဦးစားပေးပြီး မိမိတို့သတင်း တိမ်မြုပ် ပျောက်ကွယ်သွားရန် ထိုနေ့ကို တမင် ရွေးချယ်ရခြင်းဖြစ်သည်။

မွန်ရိုးနှင့် မီလာတို့သည် ရှေ့နေများနှင့်အတူ ဒါးလတ်စ်မြို့သို့ လေယာဉ်ဖြင့် ရောက်လာကြသည်။ မက်ဆီကိုသွားပြီး တရားရုံးတော်တွင် ကွာရှင်း ပြတ်စဲကြရန် ဖြစ်သည်။ လေယာဉ်ပျံက ဒါးလတ်စ်မြို့တွင် (၂) နာရီကြာမျှ ရပ်နားမည် ဖြစ်သောကြောင့် မွန်ရိုးတို့ လေဆိပ်တွင်းသို့ ခေတ္တဝင်ကြသည်။သည်နေရာမှာပင် သူတို့အနံ့ကို မပြတ်ခံနေကြသည့် သတင်းထောက်များနှင့် ပက်ပင်းတိုးတော့သည်။ ဝိုင်းပိတ်ကာ သူတို့သိချင်သည့် မေးခွန်းကို မွန်ရိုးအား ဝိုင်းမေးကြသည်။

*မီလာနှင့် ကွာရှင်းပြတ်စဲရန် ယခု မက်ဆီကိုမြို့သို့ သွားခြင်း မဟုတ်ပါလော။*

*မီလာနှင့် ကွာရှင်းပြတ်စဲပြီးလျှင် မွန်တန်းနှင့် မည်သည့်နေ့တွင် လက်ထပ်ကြမည်နည်း။*

*မွန်တန်းနှင့် မွန်ရိုးတို့အကြောင်းများကို ပြင်သစ်ရှိ သတင်းစာများ၊ အီတလီရှိ သတင်းစာများကပါ ဝိုင်းဝန်းရေးနေကြခြင်းကို မည်သို့*

သဘောထားပါသနည်း။

မွန်တန်း၏ဇနီး ရှိမွန်နှင့် မီလာတို့ရော မည်သည့် နေ့ရက်တွင် လက်ထပ်ကြမည်နည်း။

စသည်ဖြင့် မေးခွန်းပေါင်း များစွာတို့ကို စက်သေနတ်ပစ်သလို မေးကြသည်။သတင်းထောက်များ မသိအောင် မက်ဆီကိုမြို့သို့ တိတ်တဆိတ် သွားရောက်ကွာရှင်းရန် စီစဉ်ခြင်းမှာ ပျက်ပြားသွားရချေတော့သည်။ မိမိတို့ အစီအစဉ်များ အားလုံးကို သူတို့က ကြိုတင် သိထားကြပြီး ဖြစ်သည်။

မီလာနှင့်မွန်ရိုးသည် မယုတ်မလွန်များကိုသာဖြေကာ လေယာဉ်ပျံ ထွက်ခွာချိန် ကျသောအခါကျမှ သတင်းထောက်တို့ ဘေးအန္တရာယ်မှ လွတ်ကင်းလေတော့သည်။

အာသာမီလာသည် မွန်ရိုးနှင့် ကွာရှင်းပြတ်စဲပြီး ထိုနှစ်အတွင်း မှာပင် ဂျာမန်အမျိုးသမီး ဓာတ်ပုံဆရာမ အင်ဂျီမိုရပ်သ်နှင့် လက်ထပ် လိုက်သည်။

သူတို့ ကွာရှင်းပြတ်စဲသောအခါ မွန်ရိုး ဆေးရုံတက်ရပြန်သည်။ ရောဂါ ထွေထွေထူးထူးကား မဟုတ်။ ကိုယ်ပန်းလူပန်း စိတ်ပန်းနေပြီ ဖြစ်သဖြင့် ဆေးရုံသို့ တက်ရောက်အနားယူခြင်း ဖြစ်သည်။

မွန်ရိုး ဆေးရုံမှ ဆင်းလာသောနေ့မှာပင် သူ့မျှော်လင့်ချက် တောင်ကြီး ပြိုကျရပြန်သည်။ ပြင်သစ်အဆိုကျော် ရုပ်ရှင်မင်းသားမွန်တန်း နှင့် သူ့ဇနီး ရုပ်ရှင်မင်းသမီး ရှိမွန်ဆစ်ဂ်နိုရေးတို့သည် သူဆေးရုံမှ ဆင်း သောနေ့မှာပင် ပြင်သစ်ပြည်သို့ ပြန်ကြမည် ဖြစ်သည်။

လေဆိပ်အပြင်ဘက်မှာ မွန်ရိုးသည် ကားကိုရပ်ပြီး နောက်ခုံတွင် ထိုင်နေ၏။ သူ့ဘေးမှာ ဆိတ်ငြိမ်စွာ ထိုင်နေသူမှာ မွန်တန်း။

"ကိုယ် အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်တယ်၊ ကိုယ်တို့ နှစ်ယောက် လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ ကိုယ်တို့နှစ်ယောက်ရဲ့ ဘဝနဲ့ ရည်ရွယ်ချက်တွေဟာ တူညီပေမယ့် ယဉ်ကျေးမှုချင်း၊ စရိုက်ချင်းက ကွဲနေပြန်တယ်၊ ဒါကြောင့် တစ်နေ့ကျရင် စိတ်ဆင်းရဲကြရုံပဲ ရှိမှာပဲ၊ ဒါကြောင့် ကိုယ့်ဇနီးနဲ့ကိုယ် ပြင်သစ်ကို ပြန်တာပဲ ကောင်းတယ်၊ အားလုံး အတွက်လည်း မှန်တယ်လို့ ကိုယ်ဆုံးဖြတ်လိုက်တယ်"

မွန်တန်းက သူ့ကို တစ်လုံးချင်း ပြောပြနေသည်။ သည်စကားများကို ကြားရသောအခါတွင် သူ့မျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားပြီဖြစ်ကြောင်း နားလည်လိုက်သည်။

သို့သော် သူ မငိုပါ။ ငိုစရာ မျက်ရည်လည်း မရှိတော့ပါ။ သူ့ဘဝတစ်လျှောက်လုံး ငိုခဲ့ရသည့်ရက်များ၊ အဖြစ်အပျက်များနှင့်သာ အမြဲ နပန်းလုံးနေခဲ့ရသည်။ ထို့ကြောင့်လည်း သူ့တွင် ငိုစရာ မျက်ရည် ခြောက်ခန်းသွားပြီထင့်။

မွန်တန်း၏စကားများကို နားထောင်ရင်း ပြုံးနေသည်။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

အသည်းကွဲသော ရယ်မောသံ ဖြစ်ကြောင်းကိုမူ သုံးခုလပ်မကလေး မွန်ရိုးမှတစ်ပါး မည်သူ သိနိုင်တော့မည်နည်း။

ရတာမလို၊ လိုတာမရသော ဘဝ၏လောကဓံလှိုင်းများကို မချိမဆံ့ ခံစားရရာမှ လက်မြှောက်အရှုံးပေးသည့် ကြွေးကြော်သံ ဖြစ်ကြောင်း မွန်ရိုးမှတစ်ပါး မည်သူ သိနိုင်တော့မည်နည်း။

* * *

## စိတ်သောကနှင့် သမီးပျို

သောကသည် သူ့ဘဝကို ဆိုးဝါးစွာ ဖိစီးလေပြီ။

ရုပ်ရှင်မင်းသမီး တစ်ယောက်အနေဖြင့် သူအောင်မြင်သည်မှာ မှန်ပါ၏။ လျှမ်းလျှမ်းတောက် အောင်မြင်သည်မှာ မှန်ပါ၏။

သို့သော် လောက၏သာယာမှုများ၊ အောင်မြင်မှုများနှင့် ဝတ်သက်ပြီး ရောင့်ရဲတင်းတိမ်တတ်သည့် စိတ်ထားမျိုး မှန်ရိုးမှာ လုံးဝ မရှိပါ။ မည်သည့် အရာကိုပင်မဆို ရောင့်ရဲတင်းတိမ်နိုင်မှု ကင်းမဲ့လွန်းသော မိန်းကလေး ဖြစ်သည်။ မရောင့်ရဲနိုင်သည့်အတွက် ချစ်သူ တစ်ယောက်ပြီး တစ်ယောက် ရှာသည်။ တွေ့သမျှ ချစ်သူများအပေါ် ရောင့်ရဲတင်းတိမ်နိုင်ခြင်း ကင်းမဲ့လာပြန်သည်။

သာယာမှုမျိုးစုံကို ရှာသည်။ အောင်မြင်မှုကို ရှာသည်။ သာယာမှုရော အောင်မြင်မှုများပါ ရလိုက်သည်။ သို့သော် ထိုသာယာမှုနှင့် အောင်မြင်မှုများပေါ်မှာ တင်းတိမ်ရောင့်ရဲနိုင်ခြင်း ကင်းပြန်သည်။

သည်ကစပြီး အိပ်မပျော်သောညများဖြင့် ဘဝကို တန်ဆာဆင်ရတော့သည်။

ဂနာမငြိမ်သော စိတ်များဖြင့် လူ့လောကမှာ အသက်ရှင်ရတော့သည်။

အိပ်မပျော်သောညများ ကုန်ဆုံး လွန်မြောက်စေရန်အတွက် အိပ်ဆေးများကို မှီဝဲရသည်။ စိတ်မငြိမ်သောအချိန်ကာလများ နည်းပါးစေရန်အတွက် စိတ်ငြိမ်ဆေးများကို အားကိုးရသည်။ သည်လိုဖြင့် သူ့ဘဝမှာ သောကပေါင်းစုံတို့ ရောပြွမ်းလာခြင်း ဖြစ်လေသည်။

စိတ်သောကများနှင့် လုံးထွေးနေခိုက် မွန်ရိုးအနားမှာ အားပေးနေသူကား အာသာမီလာ၏ ဖခင် အိုက်စီဒိုမီလာ ဖြစ်ချေသည်။

အိုက်စီဒိုသည် မိမိသားဖြစ်သူနှင့် ကွာရှင်းပြီး ဖြစ်သော်လည်း ချွေးမဖြစ်သူ မွန်ရိုးကို သမီးအရင်းကလေးနှင့်မခြား ချစ်သူ ဖြစ်သည်။ သံယောဇဉ်ကြီးသူ ဖြစ်သည်။ သည်ကလေးမ စိတ်သောက ရောက်နေရကြောင်းကို သိသဖြင့်လည်း သူထံသို့ မကြာခဏသွားပြီး အားပေးလေ့ရှိသည်။ မွန်ရိုး တစ်သက်လုံး မခံစားခဲ့ရသည့် ဖခင်၏မေတ္တာကို အပြည့်အဝ ပေးနိုင်ခဲ့သူ ဖြစ်သည်။ သည်သမီးကို သူစောင့်ရှောက်ရုံသာမက စိတ်ချမ်းသာရေး အတွက်ကိုပါ အတတ်နိုင်ဆုံး ဖန်တီးပေးခဲ့သည်။

သမ္မတကနေဒီ၏ မွေးနေ့ပွဲသို့ ခေါ်သွားခဲ့ဖူးသည်။ ကနေဒီ၏ မွေးနေ့ကို မက်ဒီဆန်စကွဲယား ပန်းခြံ၌ ကြီးကျယ်စွာ ကျင်းပ ပြုလုပ်သည်။

ထိုပွဲသို့ သွားရသည့်အကြောင်းကို မွန်ရိုး မမေ့နိုင်ပါ။ အလွန်ကြီးကျယ်ခမ်းနားသည့် ပွဲလမ်းသဘင်ကြီးတစ်ခုကို တက်ခဲ့ရရုံမျှ မဟုတ်။ ထိုကြီးကျယ်ခမ်းနားသည့်ပွဲကြီးတွင် အများတကာက မွန်ရိုးကို အလွန်တရာ အရေးပေး ဂရုစိုက်ပြီး ဆက်ဆံကြသောကြောင့် ဖြစ်သည်။

ထိုထက်ပို၍ သူ့အသည်းစွဲစေသော အဖြစ်အပျက်သည် သမ္မတကနေဒီ ကိုယ်တိုင် သူ့အနားမှာ အေးအေးဆေးဆေးနေပြီး အရေးယူ ညှိခံ စကားပြောနေသောကြောင့် ဖြစ်သည်။

ကနေဒီ၏ သမ္မတလောင်း အမည်စာရင်း တင်နိုင်ရန် မဲဆွယ်ပွဲများ ကျင်းပကြစဉ်က မွန်ရိုးသည် ကနေဒီကို ထောက်ခံကာ အစွမ်းကုန် ကူညီခဲ့ဖူးသည်။ ထိုစဉ်ကတည်းက သူနှင့် ကနေဒီတို့ ရင်းနှီးခဲ့ကြသည်။ ယခု မွေးနေ့ပွဲကိုလည်း အဖိတ်ကြားခံရသောကြောင့် သူတို့ ပြန်တွေ့ကြပြန်သည်။ ကနေဒီ၏ ဂရုတစိုက် ဆက်ဆံခြင်းကို ခံစားရပြန်ပြီ။ အခြားအခြားသော နိုင်ငံခေါင်းဆောင်များ၏ အရေးတယူ ညှိဝတ်ပြုခြင်းကို ခံစားရပြန်ပြီ။ မွန်ရိုးသည် မီလာနှင့် ကွာရှင်းပြတ်စဲပြီးနောက် ပြင်သစ်မင်းသားမွန်တန်းက သူ့ကို စွန့်ခွာကာ သူ့ဇနီးနှင့် ပေါင်းမြဲပေါင်းမည်ဟု ပြောကာ ပြင်သစ်သို့ ပြန်သွားပြီးနောက် ရုပ်ရှင်ရိုက်ခြင်းများကို ခေတ္တနားထားသည်။အခြားလုပ်ငန်းများနှင့် ပတ်သက်၍လည်း တတ်နိုင်သလောက်

ရှောင်ကာ သက်သာသလိုသာ နေလျက် ရှိသည်။

လောကဓံလှိုင်းတံပိုးတို့၏ ရိုက်ပုတ်ခြင်းဒဏ်ကို တစ်သက်လုံး ခံစားခဲ့ရသူ ဖြစ်သောကြောင့် သူ့စိတ်ကို သူလျှော့ထားသည်။

သူ့ပတ်လည်မှာ ယောက်ျားအဖော် မရှိပါ။ အိပ်ဆေးများ၊ စိတ်ငြိမ်ဆေးများ။ ရှုန်ပိန်အရက်များကိုသာ အဖော်ပြုလုပ်နေရသည်။

သို့သော်လည်း မွန်ရိုးသည် ယောက်ျားဖော် မရှိလျှင် နေတတ်သော မိန်းကလေး မဟုတ်။ သူ့မှာ ဆန့်ကျင်ဘက်လိင် အတွဲလေးတစ်ခု ရှိနေမှ နေသာထိုင်သာရှိတတ်သော မိန်းကလေး ဖြစ်သည်။

ထို့ကြောင့် သူ့မှာ အတွဲတစ်ခုရလာပြန်သည်။ အခြားအခြားသော အတွဲများနှင့် လွန်စွာခြားနားသောအတွဲ ဖြစ်သည်။ သူ့အမည်ကိုပင် ဖော်ထုတ်၍မရေးသာသော၊ သတင်းစာဆရာများကပါ ဝိုင်းဝန်းဖုံးဖိထားကြရသောအတွဲ ဖြစ်သည်။

အမေရိကန်သတင်းစာဆရာတို့သည် လည်းကောင်း၊ ဥရောပတိုက်ရှိ အရင်းရှင်နိုင်ငံများမှ သတင်းစာဆရာတို့သည် လည်းကောင်း မာရီလင်မွန်ရိုးလို ကမ္ဘာကျော်သော ရုပ်ရှင်မင်းသမီး တစ်ယောက်၏ အကြောင်းကို အဆိုးအကောင်းမချန် ရေငတ်သလို ရေးလေ့ရှိကြသည်။ အလွတ်မခံ ရေးသားလေ့ ရှိကြသည်။

ယခုကိစ္စတွင်မူ အားလုံး အံ့အားသင့်သွားကြကာ သူတစ်ပါး အကြောင်းကို မညာမတာရေးလေ့ရှိသော သတင်းစာများပင်လျှင် ရေငုံနှုတ်ပိတ်လိုက်ကြလေတော့သည်။ မသိကျိုးကျွံ ပြုလိုက်ကြလေတော့သည်။ အရိပ်အမြွက်ကလေးမျှ မဟဘဲ ပြည်ဖုံးကား ချလိုက်ကြလေတော့သည်။

သတင်းစာများက တစ်ခွန်းတစ်ပါဒမျှ မဖွင့်ဟဘဲ ရေငုံနှုတ်ပိတ်နေကြသလို မွန်ရိုးနှင့် သူ၏ တိတ်တိတ်ပုန်း ချစ်သူတို့သည်လည်း လူသိမခံဝံ့ဘဲ သူတို့ဇာတ်လမ်းကို တတ်နိုင်သလောက် လျှို့ဝှက်ထားကြရသည်။ သူအများ မြင်သာသည့် အရပ်ဒေသများသို့ ပြောင်တွဲပြီး မသွားရဲကြ။ နေရာတကာမှာ ခိုးကြောင်ခိုးဝှက် တွေ့ဆုံနေကြရသည်။

သူတို့နှစ်ယောက် လက်ထပ်ဖို့ကို ဆွေးနွေးကြပါသေးသည်။ သူလိုလူကို လက်ထပ်ရမည်ဆိုလျှင် မွန်ရိုးအဖို့ ငြင်းစရာ ဘာအကြောင်းမှ

မရှိပါ။ ထို့ကြောင့်လည်း သူနှင့် လက်ထပ်ခွင့်ကို မွန်ရိုး မျှော်လင့်စောင့်စား မိခဲ့သည်။ တမ်းတ မျှော်ကိုးမိခဲ့သည်။

သူချစ်သူဘက် ကြည့်ပြန်တော့လည်း ဤကိစ္စမှာ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်စရာအကြောင်း မရှိ။ မွန်ရိုးကို သူချစ်ပါသည်။ မွန်ရိုးနှင့် လက်ထပ်ရမည်ဆိုလျှင်လည်း အချိန်မရွေး လက်ထပ်နိုင်ပါသည်။

သို့သော် သူမှာ လက်ရှိအိမ်ထောင်နှင့် ဖြစ်သည်။

သူတို့တိုင်းပြည်တွင် အိမ်ထောင်လက်ရှိ ဆိုသော ဘဝမျိုးမှာ ဘာမှ အခက်အခဲ မဟုတ်။ အချိန်မရွေး ကွာရှင်းပြတ်စဲနိုင်သည်။

ပို၍ ဆိုးသည်မှာ သူ့ဘဝ ဖြစ်သည်။ လက်ရှိအိမ်ထောင်ကို မည်သို့မျှ ကွာရှင်းပြတ်စဲ၍ မသင့်လျော်သောဘဝ၊ အများမျက်စိတွင် အထင်အမြင်သေးစေမည့်ဘဝ၊ မွန်ရိုးလို ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး သုံးခုလပ်မ၊ လုံးတီးပုံများ အရိုက်ခံခဲ့သူ စသည်ဖြင့် တစ်ကမ္ဘာလုံး ဟိုးဟိုး ကျော်နေသည့် မင်းသမီးမျိုးကို လက်ထပ်မယူနိုင်သောဘဝ ဖြစ်ချေသည်။

သည်ကြားထဲက ဇွတ်လုပ်မည်ဆိုလျှင် သူ့ဘဝကြီး တစ်ခုလုံး တိုင်းပြည်၏ ကံကြမ္မာကြီးတစ်ခုလုံး၊ နိုင်ငံရေးလောကတွင် ဩဇာအာဏာ ကြီးမားသည့် သူ့ဆွေစဉ်မျိုးဆက်ကြီး တစ်ခုလုံး၏ ဘဝသည် ရေစုန်မျော ချေတော့မည်။ ရုပ်ရှင်လောကနှင့် မည်သို့မျှ မပတ်သက်သော တိုင်းသူ ပြည်သားတို့ လေးစားအားထားရသည့် သူ့ဘဝကြီး ပျက်စီးသွားချေတော့ မည်။ ကမ္ဘာ့နိုင်ငံ အသီးသီးတို့ကလည်း သူ့ကို ပြက်ရယ်ပြုကြတော့မည်။ သူ့ကို ပြက်ရယ်ပြုခြင်းနှင့်ပတ်သက်၍ သူခံနိုင်ရည်ရှိပါသည်။ သို့သော် သူ့တိုင်းပြည် သူ့လူမျိုးကို ပြက်ရယ်ပြုခြင်းနှင့်ပတ်သက်၍ သူမခံနိုင်ပါ။

သူ့တိုင်းပြည်နှင့် သူ့လူမျိုးကို ပြက်ရယ်ပြုခြင်း ခံရမည်ဆိုလျှင် ကမ္ဘာ့အရေးအခင်းများ ရှုပ်ထွေးနေဆဲ ကာလ၌ သူ့တိုင်းပြည်၏ ကံကြမ္မာ သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်စရာ အကြောင်း ရှိသည်။

ထိုသို့သော အကြောင်းများကြောင့်လည်း အသည်းနှလုံးပြဿနာ ကို နောက်တန်း ပို့လိုက်ကြရတော့သည်။

သူနှင့် မွန်ရိုးတို့ နွေဦးတစ်ရက်မှာ တွေ့ခဲ့ကြသောကြောင့် သူ့ကို နွေဦးချစ်သူ ဟု မွန်ရိုးက အမည်ပေးထားသည်။ သူတို့ တိတ်တဆိတ်

တွေ့ဆုံကြသည်။ တိတ်တဆိတ် တယ်လီဖုန်းဖြင့် စကားပြောကြသည်။ ယခင့်ယခင်အတွဲများလို လူမြင်ကွင်းမှာ ပြောင်ပြောင်တင်းတင်း သွားလာလည်ပတ်၍ မဖြစ်သောကြောင့်လည်း မှောင်ထဲက ချစ်သူများလည်း ဖြစ်ကြပါသည်။

ရတာမလို လိုတာမရသော သူ့ဘဝအကျိုးပေးကို မွန်မိုး စိတ်နာလာသည်။ လိုတာကို ရပြန်တော့လည်း ရောင့်ရဲတင်းတိမ်နိုင်ခြင်း မရှိသည့် သူ့စိတ်ဓာတ်ကို မွန်မိုး စိတ်ပျက်လာသည်။ နောက်ဆုံး အားငယ်စိတ်များ၊ လူအများကို မယုံကြည်သည့်စိတ်များ ဖုံးလွှမ်းလာတော့သည်။

စိတ်ထိခိုက်လေ၊ စိတ်မငြိမ်သက်လေ၊ စိတ်ငြိမ်ဆေးများ သောက်လေဖြင့် သူ့ဘဝသည် နားခိုရာပင် မရှိရှာတော့။

ဟောလီးဝုဒ်မှ နယူးယောက်သို့ ပြန်လာခဲ့သည်။ နယူးယောက် ပြန်ရောက်ပြီး ရက်အနည်းငယ်ခန့် အတွင်းမှာပင် ပိုမို စိတ်ထိခိုက်စရာ အကြောင်းတစ်ခု ပေါ်လာပြန်သည်။

ကွယ်လွန်သူ ကလပ်ဂေဘယ်၏ဇနီး ကေးဂေဘယ်က သူ့ယောက်ျား သေဆုံးရခြင်းသည် မာရီလင်မွန်ရိုးကြောင့်ဖြစ်ကြောင်း၊ ရုပ်ရှင်ဇာတ်ကားမှာ စောစောပြီးနိုင်ပါလျက်နှင့် မွန်ရိုးက အချိန်ဆွဲပြီး ရိုက်ရက်ပေးနေသောကြောင့် နှလုံးရောဂါ ပြန်ထလာကာ ကွယ်လွန်ရခြင်းဖြစ်ကြောင်း၊ ထုံးတမ်းစဉ်လာအတိုင်း ရိုက်ရန်မှန်မှန်ပေးကာ ပြီးချိန်တန်ပြီးမည်ဆိုလျှင် သူ့ယောက်ျား ယခုလို နှလုံးရောဂါဖြင့် ကွယ်လွန်မည် မဟုတ်ကြောင်းဖြင့် သတင်းထောက်များနှင့် တွေ့ရာတွင် စွပ်စွဲပြောဆို ချွတ်ချသွားခြင်း ဖြစ်သည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသကဲ့သို့ ဘယ်အရပ်ဒေသသို့ ရောက်ရောက် အကြောင်းတစ်ခုခုက သူ့ကို နှိပ်စက်စမြဲ ဖြစ်သည်။ တစ်စုံတစ်ယောက်က သူ့ကို နှိပ်စက်စမြဲသာ ဖြစ်သည်။ သူ စိတ်ထိခိုက်ဖွယ်ရာ အကြောင်း တစ်ခုခု ပေါ်လာစမြဲ ဖြစ်သည်။

ဂါလပ်ဂေဘယ်ကို မွန်ရိုး မည်မျှချစ်ကြောင်း မည်သူမျှ မသိပါ။ သူငယ်စဉ်ကတည်းက သူ့အဖေအရင်းလို အိပ်ခန်းထဲမှာ ဓာတ်ပုံချိတ်ထားခဲ့ရသော အိပ်မက်ထဲက အဖေ ဖြစ်သည်။ ရုပ်ရှင် အတူရိုက်ပြန်တော့

လည်း ဖခင်မေတ္တာကို ကလပ်ဂေဘာယ်ထံမှ ရရှိခဲ့လေရာ မွန်ရိုး များစွာ စိတ်ချမ်းသာခဲ့ရသည်။

ထိုသို့ သူ့ဖခင်ရင်းနှင့် မခြား သံယောဇဉ်ကြီးခဲ့ရသူ ရုတ်တရက် ကွယ်လွန်သွားသည် ဆိုတော့ မွန်ရိုး ဖြေမဆည်နိုင်ခဲ့။ ဂေဘာယ်ကြောင့် အိမ်ခန်းတွင်းမှာ ရက်ပေါင်းများစွာ အောင်းပြီး ငိုကြွေးခဲ့ရသည်။ ပူဆွေးသောက ရောက်ခဲ့ရသည်။ အိပ်ဆေးပေါင်း များစွာ၊ စိတ်ငြိမ်ဆေးပေါင်း များစွာတို့ဖြင့် သက်သာရာကို ရှာခဲ့ရသည်။

ထိုသို့ စိတ်ဝေဒနာကို ခံစားရပါလျက်နှင့် ယခု ကေးဂေဘာယ်က ရက်ရက်စက်စက် စွပ်စွဲပြောဆိုလာသောအခါ သူ့ရင်ထဲမှာ မီးဟုန်းဟုန်း တောက်တော့သည်။

လူတိုင်းက၊ အရာရာတိုင်းက မိမိကို သည်လောက် ဝိုင်းဝန်း နှိပ်စက်နေကြပြီဆိုလျှင် သည်လောကအတွင်းက ထွက်ပြေးတိမ်းရှောင် ခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်ချေတော့မည်။

မွန်ရိုးသည် ပြတင်းပေါက်ကို ဖွင့်လိုက်သည်။အောက်သို့ ငုံ့ကြည့် လိုက်သည်။ အထပ်က မြင့်လွန်းသောကြောင့် လမ်းပေါ်မှာ သွားလာ လှုပ်ရှားနေကြသည့် လူများ၊ ကားများကို ဖျဖျသာ မြင်ရသည်။

သည်ပေါ်က ခုန်ချလိုက်လျှင် မိမိဘဝ ကိစ္စတုံးမည်။ အမြင့်မှ ခုန်ချပြီး မိမိကိုယ်မိမိ သေကြောင်းကြံကြသူများသည် မြေကြီးနှင့် မထိမီ သတိလစ်သွားပြီး မြေကြီးနှင့်ထိသောအခါ ဘာဝေဒနာကိုမှ မခံစားရတော့ ဟု သူကြားဖူးသည်။ အလွန်ကောင်းသော သေနည်း ဖြစ်သည်။

သူ့စိတ်ကိုသူ အားယူလိုက်သည်။ ထိုအခိုက်မှာပင် အွယ်တော အင်္ကျီအညိုရောင် ဝတ်ထားသော မိန်းမတစ်ယောက် ဖြတ်လျှောက်သွား သည်ကို မြင်လိုက်ရသည်။ သေသေချာချာ ကြည့်သောအခါ သူ့အသိ မိန်းမတစ်ယောက် ဖြစ်နေတော့သည်။ သူ့စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိ မှုများ ကြီးစိုးလာပြန်၏။ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး အခန်းတွင်းသို့ ပြန်ပြေးလာခဲ့သည်။

သူ့အဖြစ်ကို စောင့်ကြည့်နေကြသော သူ့အဖော်များက မွန်ရိုး စိတ်ဖောက်ပြန်လာပြီကို သိကြသည်။ သူ့ကို အမျိုးမျိုးချော့ကာ အကျိုး

အကြောင်း မေးကြသည်။ အကျိုးအကြောင်း သိသည်နှင့်တစ်ပြိုင်တည်း ဟောလီးဝုဒ်သို့ ချက်ချင်းပင် ဖွတ်ပြန်ပြောင်းလာခဲ့ကြသည်။

"လောကမှာ အသက်ရှင်နေရတာ ပင်ပန်းလှပြီ။ကျွန်မ သေချင်တယ်၊ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားတုန်းက သေလို့ မရအောင်၊ ကျွန်မ အသက် အမြဲရှင်နေအောင် ဝိုင်းလုပ်ကြသူတွေကို ကျွန်မ စိတ်ဆိုးတယ်။ လူတစ်ယောက် သေချင်နေတဲ့အခါမှာ မသေအောင် တားဆီးဖို့ တခြားလူတွေမှာ အခွင့်အရေး မရှိပါဘူး"

ဟု ထိုကိစ္စနှင့် ပတ်သက်ပြီး နောက်ပိုင်းတွင် ပြန်ပြောသည်။

သူ့အပေါင်းအသင်းများ၊ သူ့အမှုထမ်းများက မွန်ရိုး စိတ်လှုပ်ရှားမှု အရှိန်မြင့်မားနေပြီကို သိသောကြောင့် စိတ်အပြောင်းအလဲ ဖြစ်နိုင်အောင် စီစဉ်နေကြသည်။ မွန်ရိုး၏ စိတ်ရောဂါ အထူးကုဆရာဝန် ဒေါက်တာဂရင်းဆန်းကလည်း တစ်နေ့မပြတ် သူ့ကိုကြည့်ပြီး စောင့်ရှောက်ပေးနေသည်။ စိတ်သက်သာရာရကြောင်းအတွက် ကုသပေးနေသည်။

မြေခွေးရုပ်ရှင်နှင့် ဇာတ်ကားလေးကား ရိုက်ပေးရန် စာချုပ်ခဲ့ရာ ယခု နောက်ဆုံးကားဖြစ်သော ပေးစရာတစ်ခုခုရှိသည်ကို ရိုက်လက်စ ဖြစ်သည်။ မွန်ရိုး စိတ်မတည်ငြိမ်သေးသောကြောင့် ကုမ္ပဏီကလည်း အလိုလိုက်ပြီး ကြည့်နေခြင်း ဖြစ်သည်။ ထိုကားကို မြန်မြန်ပြီးအောင် ဆက်လက် ရိုက်ကူးလျှင် အလုပ်ထဲတွင် စိတ်ဝင်စားနေသည့်အတွက် သူ့အဖို့ ဖြေသာရာတစ်ခု ဖြစ်မည်ဟု အများက သဘောရကြသည်။ ဒေါက်တာဂရင်းဆန်းကလည်း ခွင့်ပြုသည်။

လက်ကျန် အခန်းများကို ဆက်လက် ရိုက်ကူးရန် (၁၉၆၂) ခုနှစ် မေလကုန်တွင် ပြင်ဆင်ကြသည်။ ထိုဇာတ်ကားတွင် မင်းသားဒီးန်မာတင်နှင့် တွဲဖက်သရုပ်ဆောင်ရသည်။

ဒါရိုက်တာ၊ လက်ထောက်ဒါရိုက်တာ၊ ဇာတ်လမ်းမှတ်တမ်းတင်သူ၊ ကင်မရာဆရာများ၊ အခြား ဇာတ်ကောင်များ အားလုံးကို ကုမ္ပဏီ အကြီးအကဲများက သေသေချာချာ မှာထားသည်။ မွန်ရိုးနှင့်ပတ်သက်၍ အစစ သတိထားပြီး ဆက်ဆံကြရန်၊ မွန်ရိုး စိတ်ထိခိုက်သွားလျှင် မိမိတို့

လုပ်ငန်း ပျက်ပြားရုံသာ မဟုတ်၊ သူ့အသက်ပင် စိုးရိမ်ရကြောင်းများကို ပြောဆိုထားသည်။ ထို့ကြောင့် ရုပ်ရှင်ရိုက်ကြသည့်နေ့တွင် အားလုံးက မွန်ရိုးကို မျက်နှာချိုသွေးကြသည်။ သူစိတ်ချမ်းသာအောင် အစစ အလိုလိုက်ကြသည်။

ထိုနေ့က ရိုက်ရမည့်အခန်းသည် အဝတ်အစား မပါဘဲ ရေကူးကန်တွင် မွန်ရိုး ရေကူးနေသည့်အခန်း ဖြစ်သည်။ ရေကန်တွင်း၌ မွန်ရိုး ရေကူးနေသည်ကို အခြား အိမ်အပေါ်ထပ်တစ်ခုမှ ဒီနိမာတင်က လှမ်းကြည့်နေသောအခန်း ဖြစ်သည်။

ယင်းအခန်းကို ရိုက်ကူးရာတွင် အခြား ရုပ်ရှင်စာစောင်များမှ ဓာတ်ပုံသတင်းထောက်များကိုပါ မွန်ရိုး၏ ခွင့်ပြုချက်ဖြင့် လာရောက် ဓာတ်ပုံ ရိုက်ယူစေသည်။ သို့သော် ထိုဓာတ်ပုံများကို မဂ္ဂဇင်းများ၌ အသုံးမပြုမီ မွန်ရိုး၏ သဘောတူညီချက်ကို ရယူရမည် ဖြစ်သည်။

ပြင်သစ်မဂ္ဂဇင်းမှ လောရင့်ရှိလာနှင့် ဝီလျံဝုဒ်ဖီးတို့နှစ်ဦး လာ ရိုက်ကြခြင်း ဖြစ်သည်။

အဝတ်မပါဘဲ ရေကူးသည့်အခန်းကို စတင် ရိုက်ကူးကြပါပြီ။

မွန်ရိုးသည် ရေကန်ထဲသို့ဆင်းပြီး ဒါရိုက်တာ ညွှန်ကြားသည့်အတိုင်း ကျိုးကျိုးနွံနွံ့ သရုပ်ဆောင်ပေးနေသည်။ အဝတ်မပါဟု ဆိုသော်လည်း အသားရောင်နှင့် တစ်ထပ်တည်းသော အသားကပ် အဝတ်အစားများကိုဝတ်၍ ရိုက်ကူးခြင်း ဖြစ်သည်။

တစ်ကတ်ရိုက်ပြီး နောက်တစ်ကတ် ရိုက်ကူးနေဆဲမှာပင် မွန်ရိုး စိတ်ဖောက်ပြန်မှု စတော့သည်။

"ဒီအသားကပ် အဝတ်တွေနဲ့ ကျွန်မ မကူးတတ်ဘူး။ စိတ်ထဲမှာ ကျဉ်းကျပ်သလိုပဲ။ အားလုံး ချွတ်ပြီး ကူးလို့ရတယ် မဟုတ်လား"

ဟု ဒါရိုက်တာကူကာကို လှမ်းအော်လိုက်သည်။ ထိုသို့အော် ပြောရင်းဖြင့် သူ့ကိုယ်ပေါ်မှာရှိနေသော အဝတ်များကိုချွတ်ကာ ကန်ပေါင် ပေါ်သို့ ပစ်တင်လိုက်သည်။

မွန်ရိုး စိတ်ပြောင်းသွားပြန်ပြီကို အားလုံးက သတိထားလိုက်မိကြသည်။ သို့သော်လည်း သူတို့ အသက်မရှူရဲ နောင်ခါလာ နောင်ခါရေး

ဖလင်တည်းဖြတ်သည့်အခါကျမှ ကြည့်ပျော်ရှုပျော် ဖြစ်အောင် ကြည့်လုပ်ကြတော့မည်ဟု ဆုံးဖြတ်ကာ ဟန်မပျက် ဆက်လက် ရိုက်ကူးကြသည်။

မှုန်ရိုးသည် ရေကန်ထဲမှာ သူစိတ်ထင်တိုင်း သရုပ်ဆောင်ခွင့်ရနေသဖြင့် အလွန် ပျော်မြူးနေပုံရပါသည်။ ထိုနေ့က ရိုက်ရန်ရှိသည်များအားလုံးကို ချောချောမောမော ရိုက်လိုက်နိုင်ကြပါသည်။

ရုပ်ရှင်ရိုက်၍ပြီးသည်နှင့် တစ်ပြိုင်တည်း မှုန်ရိုးသည် ကန်ပေါ်သို့ တက်လာကာ သည်အတိုင်း ကင်မရာဆရာများထံသို့ မျက်နှာမူပြီး ပြုံးလျက် လျှောက်လာသည်။ သူ့ကိုကြည့်ပြီး အားလုံး ရုတ်တရက်ကြက်သေ သေသွားကြသည်။သူတို့ သတိပြန်ဝင်လာသောအခါကျမှ သူတို့လက်ထဲမှ မှန်ဘီလူးများ အကြိမ်ပေါင်း များစွာ ပွင့်ကြလေတော့သည်။

ဒါရိုက်တာကူကာသည် စကားတစ်ခွန်းမျှ မပြောနိုင်တော့ဘဲ ပက်လက်ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ဘယ်လိုလဲ၊ စိတ်တိုင်းကျပုံတွေ ရပဲ့မလား"ဟု လောရင့်မှီလာနှင့် ဝုဒ်ဖီးတို့နှစ်ဦးထံ လျှောက်လာပြီး မေးသည်။ ဓာတ်ပုံဆရာနှစ်ယောက်အလွန် ကျေနပ်နေကြသည်ကို တွေ့ရသဖြင့် မှုန်ရိုးသည် သူတို့ဆံပင်ကိုလှမ်းဆွဲပြီး ပြုံးရယ်ကာ သူ့အခန်းတွင်းသို့ ဝင်သွားတော့သည်။

နောက်တစ်နေ့ မှုန်ရိုးရှိရာသို့ လိုက်လာသူများမှာ ပလေးဘွိုင်းမဂ္ဂဇင်းနှင့် လိုက်ဖ်မဂ္ဂဇင်းတို့ ဖြစ်ကြသည်။

ပလေးဘွိုင်းက မှုန်ရိုး ရေကူးသည့်အခန်းကို ဓာတ်ပုံဇာတ်လမ်းအဖြစ် ထည့်သွင်း ဖော်ပြလိုသည်။ မျက်နှာဖုံးနှင့် နောက်ကျောဖုံးပုံကိုလည်း အသုံးပြုလိုသည်။ ထိုအတွက် ဒေါ်လာတစ်သောင်းပေးပါမည်ဟုဆိုသည်။ လိုက်ဖ်မဂ္ဂဇင်းက အမေရိကန်မဂ္ဂဇင်းများအနက် မိမိတို့ မဂ္ဂဇင်းအား ပထမဦးဆုံး ဖော်ပြခွင့်ကိုပေးပါ။ ဒေါ်လာတစ်သောင်း ပေးပါမည်ဟုခေျးပြောသည်။ မှုန်ရိုးက မည်သူ့ကိုမျှ အဖြေမပေး။ မိမိ ပြန်စဉ်းစားဦးမည်၊ ဓာတ်ပုံများကို ကြည့်ဦးမည်၊ မိမိ စိတ်ကြိုက်ပုံများကို ရွေးဦးမည်၊ ိတ်တိုင်းကျပုံများရမှ အဖြေပေးမည်ဟု ပြန်ပြောလိုက်သည်။

မကြာမီပင် လောရင့်မှီလာက အသင့် ကူးပြီးသားဖြစ်သောဓာတ်ပုံများကို လာပြလေသည်။ မှုန်ရိုးသည် သူ့ပုံများကို သူပြန်ကြည့်ပြီး

အံ့အားသင့်နေသည်။

"ကျွန်မ ကိုယ်ရေ တော်တော် စစ်သွားတာပဲ၊ အခု သိပ်လှနေတာပေါ့၊ ကြည့်ပါဦး။ တင်တွေ ဘာတွေတောင် ဖိုတင်းလာသလားလို့ အောက်မေ့ရတယ်"ဟု အံ့ဩတကြီး ပြောနေသည်။

ပြောသည့်အတိုင်းလည်း မှန်ပါသည်။ ယခင် နှစ်နှစ်လောက်တုန်းက မွန်ရိုး၏ ကိုယ်ခန္ဓာသည် အတန်ငယ် ဝခဲ့၏။ ယခု နောက်ပိုင်း နှစ်များတွင် စိတ်ဒုက္ခကို ဆက်တိုက် ခံစားလာရသောကြောင့် သူ့ကိုယ်ရေ အများကြီး စစ်သွားသည်။ လေ့စ်အိန်ဂျယ်လိဆေးရုံမှ ဆင်းလာကတည်းက ဖြစ်သည်။ ကိုယ်ရေစစ်သွားသောအခါကျမှ မူလ သူ့အလှက ပိုမို ပေါ်လွင်လာသည်။

"ကန်ပေါင်ပေါ် တက်လာတုန်း ရှေ့တည့်တည့်ကနေ ရိုက်တဲ့ ဓာတ်ပုံကို ပလေးဘွိုင်းမဂ္ဂဇင်းအဖုံးမှာ သုံးမယ်၊ ကန်စပ်မှာ နောက်ကျော ဘက်က ရိုက်တဲ့ဓာတ်ပုံကို နောက်ကျောဖုံးက သုံးမယ်၊ မာရီလင် သဘော ကျတယ်မဟုတ်လား"ဟု လောရင့်က မေးသည်။

သူပြောသည့် နှစ်ပုံစလုံး အလွန်ကောင်းပါသည်။ သို့သော်လည်း ဤကိစ္စနှင့် ပတ်သက်ပြီး မွန်ရိုးတွင် စဉ်းစား ဆုံးဖြတ်ပြီးခြင်း မရှိသေးချေ။

"ပုံတွေ ထားခဲ့ဦးလေ၊ ကျွန်မ ဖြည်းဖြည်းစဉ်းစားပြီး အဖြေပေး ပါ့မယ်"

လောရင့်ရှီလာကို ပလေးဘွိုင်းမဂ္ဂင်းက ချဉ်းကပ်ပြီး ဖြစ်သည်။ ထိုပုံများကို အသုံးပြုခွင့်ရမည် ဆိုပါက မွန်ရိုးကို ဒေါ်လာတစ်သောင်း လောရင့်ကို ဒေါ်လာတစ်သောင်း ပေးမည် ဖြစ်သည်။

အမှန်တော့ ရုပ်ရှင်ရိုက်နေစဉ်က သူ့စိတ်များ မည်သို့ ပြောင်းလဲ သွားသည်မသိ။ ထို့ကြောင့်လည်း ကိုယ်ပေါ်မှာရှိသည့်အဝတ်များကို ချွတ်ကာ စိတ်လွတ်လက်လွတ် သရုပ်ဆောင်လိုက်ခြင်း ဖြစ်သည်။ယခု အိမ်ပြန် ရောက်ပြန်တော့လည်း သွေးက အေးသွားပြန်ပြီ။ မိမိပုံများ မဂ္ဂဇင်းများမှာ ထည့်သွင်း အသုံးပြုခွင့်ပေးရေး မပေးရေးကို ပြန်လည် စဉ်းစားရပြန်သည်။

မဂ္ဂဇင်းအဖုံး မှန်သမျှတွင် အခြား မင်းသမီးများ၏ ဓာတ်ပုံများ ပါနေရာမှ ထိုမင်းသမီးများ အားလုံးတို့၏ နေရာတွင် မိမိ တစ်ဦးတည်း ဖြစ်လိုသည့်စိတ်ကလည်း တစ်ဖက်က ပေါ်နေသည်။ စာနယ်ဇင်းလောက

တစ်ခုလုံးကို (၆)လ ဖြစ်စေ၊ တစ်နှစ် ဖြစ်စေ မိမိ တစ်ယောက်တည်း လက်ဝါးကြီးအုပ်ထားလိုသည့်စိတ်က ပေါ်လာပြန်သည်။

ထိုကိစ္စကြီး မတင်မကျဖြင့် (၁၉၆၂) ခု၊ ဇွန်လ (၁) ရက်နေ့သို့ ရောက်လာသည်။ မွန်မိုး၏ (၃၆) နှစ်ပြည့်မြောက် မွေးနေ့ ဖြစ်သည်။

နှစ်ဆယ်ရာစု မြေခွေးရုပ်ရှင် စတူဒီယိုအတွင်းရှိ ဇာတ်ခုံအမှတ် (၁၄) မှာ သူ့မွေးနေ့ပွဲ ကျင်းပသည်။ ရုပ်ရှင်ခြံအတွင်း ရှိနေသူများ၊ သူနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ရင်းနှီးသူများကို ဖိတ်သည်။

မွန်မိုးမွေးနေ့အတွက် အားလုံးက ဆုမွန်ကောင်းများ တောင်းကြသည်။ မွန်မိုး အလွန် လှပပြီး ပြုံးပျော်နေသည်ကို သူတို့ မြင်ကြရသဖြင့် စိတ်ချမ်းသာကြရသည်။

မွန်မိုးသည် မွေးနေ့ကိတ်မုန့်ကြီးကို ဓားဖြင့် ခွဲချပြီးသည်နှင့် တစ်ပြိုင်တည်း မျက်နှာပျက်သွားကာ မျက်ရည်များ တွေတွေကျလာသည်။ ထိုအဖြစ်ကို ရုတ်တရက် လှမ်းမြင်လိုက်သော စနိုက်ဒါက မွန်မိုးကို ဖြေးတွဲကာ ခုံလွတ်တစ်ခုသို့ခေါ်သွားပြီး ထိုင်ခိုင်းထားသည်။ ခုံပေါ်မှာ ထိုင်မိပြန်တော့လည်း သူ ဘာမှ မဖြစ်သလို ပြုံးနေပြန်သည်။

ထိုအခိုက် ဓာတ်ပုံဆရာ လောရင့်ရှီလာ ရောက်လာသည်။

"မစ္စမာရီလင်၊ ဓာတ်ပုံတွေကိစ္စ စဉ်းစားပြီးပါပြီလား။ ဒီအခွင့် အရေးကိုသာ ကျွန်တော် ရမယ်ဆိုရင် ထီပေါက်တာပါပဲ။ ပလေးဘွိုင်း မဂ္ဂဇင်းတင် မဟုတ်ဘူး။ တခြားမဂ္ဂဇင်းတွေ၊ စာစောင်တွေကပါ ငွေရမယ်၊ ဟုတ်တယ်။ ကျွန်တော့်ငွေတွေ အများကြီးရမယ်။ အိမ်ကောင်းကောင်း တစ်လုံးလည်း ကျွန်တော် ဝယ်နိုင်တော့မှာ သေချာပါတယ်"

မွန်မိုးသည် လောရင့်ကို စိုက်ကြည့်ပြီး တွေတွေကြီး စဉ်းစားနေသည်။ ပြီးတော့ အပြင်ဘက်သို့ လှမ်းငေးကာ စဉ်းစားနေပြန်သည်။ သူ့ ဘေးမှာ ရှိသူများ အားလုံးနှင့်အတူ လောရင့်သည် အသက်ပြင်းပြင်းပင် မရှူဘဲ မွန်မိုး၏ အဆုံးအဖြတ်ကို ရင်တထိတ်ထိတ် စောင့်နေသည်။

"အင်း. . ရှင့်မိန်းမ စိတ်ချမ်းသာသွားအောင်တော့ အနည်းဆုံး ကျွန်မ ကူညီပါ့မယ်။ ကျွန်မကို အကြောင်းပြုပြီး သူတို့စိတ်ချမ်းသာကြမယ် ဆိုရင် ကျွန်မလည်း စိတ်ချမ်းသာတာပါပဲ။ သူတို့တင် မဟုတ်ပါဘူးလေ။

ကျွန်မကြောင့် ဘယ်သူပဲဖြစ်ဖြစ် စိတ်ချမ်းသာမယ်ဆိုရင် ကျွန်မလည်း စိတ်ချမ်းသာမှာပါပဲ။ ကျွန်မ သိပ်ကို စိတ်ချမ်းသာချင်နေတယ်"

ဟု တစ်လုံးချင်း ခပ်လေးလေးပြောသည်။

"မာရီလင်၊ ခင်ဗျားဟာ အလွန် အောင်မြင်ကျော်ကြားနေပါပြီ၊ ကျွန်တော့်ကိုလည်း အောင်မြင်ကျော်ကြားအောင် လုပ်ပေးပါဦး"

လောရင့်သည် မွန်ရိုးစကားကြောင့် အားတက်လာကာ အားတက်သရော ပြောလေတော့သည်။ သို့သော်လည်း မွန်ရိုးမျက်နှာသည် အမူအရာ တစ်မျိုးပြောင်းသွားကာ "စဉ်းစားသေးတာပေါ့"ဟုသော အဖြေကို ပေးပြီး စကားဝိုင်း ပြတ်သွားပြန်၏။ ထိုကိစ္စကြီးမှာ ပြီးတော့မလိုလို နှင့် တစ်ဝိုင်းတန်းလန်း ဖြစ်သွားပြန်၏။

စကားပြတ်သည်အထိပင် မစောင့်တော့ဘဲ မွန်ရိုးသည် နေရာမှ ထကာ အခန်းပြင်သို့ထွက်ပြီး ကားမောင်းထွက်သွားလေသည်။ သူ့မွေးနေ့ ပွဲသို့လာကြသည့် ဧည့်သည်များမှာ အလျှုရှင်မရှိဘဲ ကျန်ရစ်ခဲ့ကြရသည်။

ထိုအချိန်ကစပြီး မွန်ရိုး ပျောက်သွားသည်။ ထိုအခန်းထဲမှ ထွက်ခဲ့ပြီး လေယာဉ်ပျံကွင်းသို့ တန်းလာကာ နယူးယောက်သို့ ပြန်ခဲ့သည်။ ထိုအကြောင်းကို မည်သူမျှ မသိလိုက်ကြ။

နောက်နေ့မှစပြီး ဒါရိုက်တာ ကူကာနှင့် ရုပ်ရှင်ကုမ္ပဏီ အကြီးအကဲများ ဒုက္ခရောက်ကြရပြန်သည်။ ရိုက်လက်စ အခန်းများ မပြီးပြတ်သေးသောကြောင့် အနှောင့်အယှက် ဖြစ်ကြရပြန်သည်။

မွန်ရိုး တစ်နေ့ ပြန်လာနိုးနှင့် စောင့်ကြသည်။ ကြေးနန်းရိုက်ခေါ်သည်။ လူလွှတ်ခေါ်သည်။ မွန်ရိုးက မည်သို့မျှ အကြောင်းမပြန်။ ဟောလီးဝုဒ် ဆိုသော အသံကိုပင် မကြားချင်လောက်အောင် ဖြစ်နေပြန်သည်။ ဆရာဝန်များက မွန်ရိုးကိုစမ်းသပ်ပြီး လိုအပ်သည့် ဆေးကုသမှုများ လုပ်နေသည်။ မည်သို့ပင် ဆရာဝန်များက ကုသကြစေကာမူ မွန်ရိုးကလည်း သူလုပ်ချင်ရာကို လုပ်နေသည်။ ဆရာဝန် တိုက်သည့်ဆေးကို စားချင်မှစားသည်။ ဆရာဝန် တားမြစ်သည့်ဆေးကို စားချင်စားသည်။ အိမ်ထဲက အိမ်ပြင်လည်း မထွက်။ စာဖတ်လိုက်၊ ဓာတ်စက်ဖွင့် နားထောင်လိုက်၊ ငူငူကြီး ငေးနေလိုက်ဖြင့် စိတ်ဂနာမငြိမ် ဖြစ်နေသည်။

(၁၉၆၂) ခု၊ ဇွန်လ (၈) ရက်၊ သောကြာနေ့။

မစ္စမာရီလင်မွန်ရိုးသည် မိမိတို့ကုမ္ပဏီနှင့် ချုပ်ဆိုထားသော သဘောတူစာချုပ်များကို တမင်ရည်ရွယ်ချက်ဖြင့် ဖောက်ဖျက်သော ကြောင့် မွန်ရိုးအား ကုမ္ပဏီမှ ထုတ်ပယ်ပစ်လိုက်ပြီဖြစ်ကြောင်း (၂၀)ရာစု မြေခွေးရုပ်ရှင်က တရားဝင် ကြေညာချက်တစ်စောင် ထုတ်လိုက်သည်။ မွန်ရိုးနှင့် ရိုက်လက်စကားကို လုံးဝ ပယ်ဖျက်လိုက်ပြီး အခြား မင်းသမီး တစ်ဦးနှင့် အစမှ ပြန်ရိုက်သည်။ မင်းသားကိုမူ ဒီးန်မာတင်နှင့်ပင် ဆက် ရိုက်မည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

မြေခွေးရုပ်ရှင်က ထိုသို့ ကြေညာသည်နှင့် တစ်ပြိုင်နက်တည်း မာတင်က ကန့်ကွက်သည်။ မိမိသည် စာချုပ်ကို မဖောက်ဖျက်။ မူလ စာချုပ်တွင် မွန်ရိုးနှင့် ရိုက်မည်ဟု ဆိုထားသည်။ ထိုစာချုပ်အတိုင်း မွန်ရိုး ကလွဲပြီး မည်သည့်မင်းသမီးနှင့်မျှ မိမိ တွဲမရိုက်နိုင်ဟု ပြောသည်။ ထို အချိန်က မွန်ရိုးပါသော ရုပ်ရှင်ဆိုလျှင် ကြိုတင်ငွေ သောက်သောက်လဲ ရနေသည့်အချိန် ဖြစ်သဖြင့် မွန်ရိုးနှင့်သာ တွဲချင်ကြခြင်းလည်း ဖြစ်သည်။

သွေးရူးသွေးတန်း ဖြစ်နေသည့် မြေခွေးရုပ်ရှင်က ဒီးန်မာတင် ကန့်ကွက်သည်ကို အကြောင်းပြုပြီး မိမိတို့နစ်နာသည့်အတွက် လျော်ကြေး ဒေါ်လာ (၂၃၃၉၀၀၀)နှင့်အတူ မိမိတို့ အသရေပျက်ရသည့်အတွက် နောက်ထပ် ဒေါ်လာတစ်သန်း စုစုပေါင်း ဒေါ်လာ (၃၃၃၉၀၀၀) ရလို ကြောင်း ရုံးတင်တရားစွဲတော့သည်။

ဒီးန်မာတင်ကလည်း မိမိကန့်ကွက်သည့်အတွက် နစ်နာမှုမရှိ ပါဘဲလျက် လျော်ကြေးတောင်းမှု၊ အသရေ မပျက်ပါဘဲနှင့် လျော်ကြေး တောင်းမှုများကြောင့် မိမိ များစွာ နစ်နာရသည်။ ထို့ကြောင့် မြေခွေးရုပ်ရှင် ထံမှာ နစ်နာကြေးအဖြစ် ဒေါ်လာ (၆၈၅၀၅၀၀) ရယူလိုကြောင်း တန်ပြန် တရားစွဲလေသည်။

မွန်ရိုးတစ်ယောက်အတွက် အားလုံး ပြဿနာများ ထွေပြားကုန် ရသည်။ ကုမ္ပဏီမှာလည်း အလုပ်ပျက်သည်။ အခြား ဇာတ်ကောင်များ လည်း အလုပ်ပျက်သည်။ တရားတဘောင် ဖြစ်ကြရသည့်အတွက်လည်း ဘရားစရိတ်များ ကုန်ကျကြရသည်။

ထိုသို့ ဟောလီးဝုဒ်မှာ ကြောင်းဆန်အောင် ဖြစ်နေကြခိုက်၊ မွန်ရိုး ကမူ မိမိနှင့်မသက်ဆိုင်သလို နယူးယောက်အိမ်မှာ အေးအေးသက်သာ နေလျက်ပင် ရှိသည်။ ထိုရုပ်ရှင်ကို ပြီးဆုံးအောင် ဆက်လက်ရိုက်မပေးလို သည်မှာ ဇာတ်ညွှန်းကို မကျေနပ်သောကြောင့်ဖြစ်သည်ဟု အေးအေးပင် ပြောနေတော့သည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး အလုပ်ရှုပ်နေကြသူများမှာ မွန်ရိုး၏ ရှေ့နေများ ဖြစ်သည်။ ဤပြဿနာ ပြီးပြေသွားအောင် အေးအေးချမ်းချမ်း ဖြေရှင်းကြဖို့ ပြောသည်။ မြေခွေးရုပ်ရှင်ကို ချဉ်းကပ်ရုံသာ မဟုတ်၊ မွန်ရိုး ကိုလည်း သူတို့ ဖျောင်းဖျနေကြသည်။

အမှန်တော့ ဇာတ်ညွှန်းနှင့် ပတ်သက်ပြီး မွန်ရိုးတွင် ဘာမှ ကန့်ကွက်ပိုင်ခွင့် မရှိ။ စာချုပ်အတိုင်း ရိုက်ပေးရန် ဖြစ်သည်။ မူလက ဇာတ်ညွှန်းကိုကြည့်ပြီး မကြိုက်နှစ်သက်ပါက မူလကတည်းက ကန့်ကွက်ရန် ဖြစ်သည်။ယခု တစ်ပိုင်းတန်းလန်းရိုက်ပြီး အဆုံးသတ်ခါနီးမှ ဇာတ်ညွှန်းကို မကြိုက်ဆိုခြင်းမှာ သက်သက် အနိုင်ကျင့်ရာကျချေသည်။

သို့ဖြင့် ရှေ့နေများ ကြားဝင်ပြီး ဖျန်ဖြေပေးချက်အရ ထိုကားကို ပြီးစီးအောင် ပြန်လည် ရိုက်ကူးပေးရန် မွန်ရိုး သဘောတူလိုက်သည်။ ကုမ္ပဏီကလည်း မွန်ရိုးကို ပြန်လည် လက်ခံရန် သဘောတူလိုက်သည်။

ဟောလီးဝုဒ်သို့ မွန်ရိုး ပြန်လာပြန်သည်။ မြေခွေးရုပ်ရှင်၏ **ပေးစရာတစ်ခုခုရှိသည်** ဇာတ်ကား လက်ကျန်များကို ဆက်လက် ရိုက် ပေးလိုက်သည်။ သို့သော် ထိုဇာတ်ကားသည် လက်စသတ်မသွားပါ။ မပြီး ဆုံးမီ မွန်ရိုး ကွယ်လွန်သွားသောကြောင့် ရိုက်ပြီးသားများကို နောက်ဆုံး မီးရှို့ ဖျက်ဆီးပစ်လိုက်ကြရသည်။

မြေခွေးရုပ်ရှင်နှင့် လေးကား စာချုပ်ထားရာ နောက်ဆုံးကား ဖြစ်သည်။ မွန်ရိုး ကြိုက်ရာ ကုမ္ပဏီမှာ ရိုက်နိုင်ပြီ။ ကြိုက်သူနှင့် ရိုက်နိုင်ပြီ။ မြေခွေးရုပ်ရှင်နှင့် ရိုက်မည်ဆိုလျှင်လည်း တစ်ကားချင်း စာချုပ်ကာ ရိုက် နိုင်ပြီ။ မွန်ရိုး၏ သရုပ်ဆောင်ခမှာလည်း ဇာတ်ကား တစ်ကားလျှင် ဒေါ်လာတစ်သန်း ဈေးပေါက်လျက် ရှိလေပြီ။

ဇာတ်ကား ဆက်လက် ရိုက်ကူးနေဆဲ တာဟိုးရေကန်သို့ သွား

ရောက် ဒနားယူသည်။ ထိုရေကန်မှာ အနားယူနေရင်း ကြီးမားသော ပြဿနာကြီးတစ်ခုနှင့် ရင်ဆိုင်ရပြန်သည်။

မွန်ရီးမှာ ကိုယ်လေးလက်ဝန် ရှိနေခြင်းပင်တည်း။

ထိုနေ့သည် (၁၉၆၂)ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ ဖြစ်သည်။ နောက်ဆုံးနှင့် တတိယခင်ပွန်းဖြစ်သူ အာသာမီလာနှင့် ကွာရှင်းပြတ်စဲခဲ့ပြီး တစ်နှစ်နှင့် ခြောက်လတိတိ ပြည့်သောနေ့လည်း ဖြစ်သည်။

နီးရာ လီဘာနွန်ဆေးရုံသို့ ပြေးရတော့သည်။ ယင်းဆေးရုံသည် မွန်ရီးကို အရှူးအမူး စွဲလမ်းပြီး လက်ထပ်ရန် ဇွတ်အမွ တောင်းဆိုခဲ့သူ၊ မွန်ရီးဘဝ အောင်မြင်ကျော်ကြားအောင် အစစ စီစဉ်ပေးခဲ့သူ၊ သေတမ်းစာ ရေးပြီး အမွေ ဒေါ်လာသန်းပေါင်း များစွာပေးခဲ့သူ ဂျော်နီဟိုက် ကွယ်လွန် သည့် ဆေးရုံပင် ဖြစ်သည်။

ဆေးရုံရောက်သောအခါ သူ့ကိုယ်ဝန်သည် မွေ့တာနှင့်ဆန့်ကျင် ပြီး တည်နေသည့် ကိုယ်ဝန်ဖြစ်ကြောင်း တွေ့ကြရသည်။ အာသာမီလာ နှင့် ပထမဦးဆုံးရသည့် ကိုယ်ဝန်အတိုင်း သားအိမ်ထဲမှာ သန္ဓေမတည်ဘဲ သားအိမ်ပြွန်တွင်းမှာသာ သန္ဓေတည်ခြင်း ဖြစ်သည်။

ထို့ကြောင့် အမြန်ဆုံး ခွဲစိတ် ဖယ်ရှားပစ်ရန် ဆရာဝန်များ ဆုံးဖြတ်ကြရသည်။ ဆေးရုံတက်သည့် ဇူလိုင်လ (၂၀) ရက်နေ့မှာပင် ခွဲစိတ်ကုသပြီး ကိုယ်ဝန်ကို ဖယ်ရှားပစ်ရလေသည်။

မွန်ရီး များစွာ စိတ်ထိခိုက်သွားပြန်သည်။ သည်တစ်သက်တွင် အမေ အခေါ် ခံရပါဦးမည်လားဟု တွေးတောပြီး စိတ်သောက ရောက်ရ ပြန်သည်။ မိမိ၏ ဘဝအကျိုးပေးကို စဉ်းစားပြီး စိတ်မချမ်းမသာ ဖြစ်ရပြန် သည်။ စိတ်ပန်းလူပန်း နွမ်းလှပြီ။ ထို့ကြောင့် ဆေးရုံပေါ်မှာပင် အချိန် အကြာကြီး အနားယူမည်ဟု ဆုံးဖြတ်လိုက်သည်။ စိတ်အား လူအား ပြန်လည် ပြည့်ဖြိုးလာသောအခါကျမှ ဆင်းတော့မည်ဟု ဆုံးဖြတ်လိုက် သည်။ ဆရာဝန်များကလည်း ထိုအတိုင်း အကြံပေးသည်။ ကောင်းစွာ အနားယူဖို့ လိုပြီ ဖြစ်ကြောင်း၊ လုံလောက်သော ဆေးဝါးကုသမှုကို ခံယူဖို့ လိုပြီ ဖြစ်ကြောင်း၊ အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများ စွဲနေသည့်အကျင့်ကို ပျောက်ကင်းအောင် ကုသသွားရန် လိုကြောင်းများကို အကြံပေးသည်။

သို့သော် တစ်ရက်၊ နှစ်ရက်အတွင်း မွန်ရိုး စိတ်ပြောင်းသွားပြန်၏။ ဆေးရုံပေါ်မှာ အထီးကျန်ဘဝနှင့် နေရသည်ကို မပျော်ပိုက်နိုင်အောင် ဖြစ်လာပြန်၏။ လူနာကြီးဘဝဖြင့် ဆေးရုံခုတင်ပေါ်မှာ နေရသည့် ဒုက္ခကို ငြီးငွေ့လာပြန်၏။ ထို့ကြောင့် လေးရက်အကြာ ဇူလိုင်လ (၂၄) ရက်နေ့မှာပင် ဆေးရုံပေါ်မှ ဆင်းလာခဲ့တော့သည်။

သူ၏ ဆရာဝန်များ ဖြစ်ကြသော ဒေါက်တာဂရင်းဆန်းနှင့် ဒေါက်တာဟိုင်းမင်းအိန်ဂျယ်ဘတ်တို့က မွန်ရိုးကို စိတ်တိုင်းကျ စမ်းသပ်ကြည့်ကာ သည်းခြေအိတ်ကို ခွဲစိတ်ကုသရန် ဆုံးဖြတ်ကြသည်။ ထိုသို့ ခွဲစိတ်ရန်အတွက် အားရှိရန် လိုအပ်သည်။ လုံလောက်သော အနားယူမှု ရှိထားရန် လိုသည်။ ပစ္စည်းစုံသော နယူးယောက်ဆေးရုံသို့ တက်ရောက်ပြီး သူတို့၏ ကြီးကြပ်မှုဖြင့် ခွဲစိတ်ရန် ဖြစ်သည်။

မွန်ရိုးကလည်း သဘောတူသည်။ ထို့ကြောင့် အိမ်တစ်လုံးကို ဝယ်ယူကာ အေးအေးဆေးဆေး အနားယူပြီး အားမွေးမည်။ အားရှိသည်နှင့် တစ်ပြိုင်တည်း ခွဲစိတ်ပါမည်ဟု ကတိပေးသည်။

နယူးယောက်မှာ သူ ပြန်မနေချင်တော့။ ဟောလီးဝုဒ်ရှိ ဘီဗာလီတောင်ကုန်းဟိုတယ်မှာလည်း မနေချင်တော့။ ထို့ကြောင့် ထိုအခန်းများကို ထိုအတိုင်း ပိတ်ထားလိုက်သည်။

အိမ်ရှာကြရာတွင် ဒေါက်တာဂရင်းဆန်းကလည်း ကူညီရှာပေးသည်။ နောက်ဆုံး လော့စ်အိန်ဂျယ်လိနှင့် မနီးမဝေး ဘရင့်ဝုဒ်ရွာကလေးမှာ သူတို့ ကြိုက်သောအိမ်ကိုတွေ့သည်။ ငါးပေမျှမြင့်သည့် အုတ်တံတိုင်းများ ကာရံထားပြီး ခြံထဲမှာ အိမ်နှစ်လုံးဆောက်ထားသည်။ အိမ်ကလေးများမှာ သပ်သပ်ရပ်ရပ် ဖြစ်သောကြောင့် သဘောကျသွားသည်။ ထိုအိမ်ကိုပင် ချက်ချင်း ဝယ်ပြီး ချက်ချင်း ပြုပြင်ကြသည်။ အိမ်နှစ်လုံး ကူးသည့်ကြားမှာလည်း စင်္ကြံကလေးတစ်ခု လုပ်လိုက်သည်။ ပြီးတော့ ဧည့်သည်ဆောင်ကလေးတစ်ခု ဆောက်လိုက်သည်။

စိတ်တိုင်းကျ ပြုပြင်ပြီးစီးသောအခါ သည်အိမ်ကလေးမှာပင် စိတ်အေးချမ်းသာ အနားယူတော့မည်ဟု မွန်ရိုး ဆုံးဖြတ်သည်။

သူ့ကို နေ့ရောညပါ ကြည့်ရှုစောင့်ရှောက်မည့် အဖော်တစ်ယောက်

လိုသည်ကို ဒေါက်တာဂရင်းဆန်းက သတိထားမိသည်။ ထို့ကြောင့် ယခင်က အိမ်တွင်းအလှုပြင်သည့် ကုမ္ပဏီတစ်ခုတွင် အလုပ် လုပ်ခဲ့သူ ယူနစ်မာရေး ဆိုသော အမျိုးသမီးကြီးတစ်ဦးကို မှန်ရိုးအတွက် ငှားပေးသည်။ မစ္စစ်မာဇရေးသည် မှန်ရိုး စိတ်တိုင်းကျအောင် အိမ်တွင်းကိုလည်း လှပအောင် ပြင်ပေးသည်။ သူကြိုက်တတ်သည့် အစားအစာများကိုလည်း တတ်နိုင်သမျှ စီစဉ်ပေးသည်။ အစစအရာရာ စိတ်ချရသော အမျိုးသမီးကြီး ဖြစ်သည်။

ဒေါက်တာဂရင်းဆန်းသည် မှန်ရိုး စိတ်သက်သာမှုရစေရန် သူ့မိသားစုနှင့်အတူ နေ့စဉ်နေ့တိုင်း လာရောက် လည်ပတ်သည်။ သူ့ကျန်းမာရေး အခြေအနေကို နေ့စဉ် စမ်းသပ်ကြည့်သည်။ လိုအပ်သည်များကို ညွှန်ကြားသည်။ဒေါက်တာဂရင်းဆန်း၏သမီးဂျူဒီနှင့် မှန်ရိုးတို့သည် အလွန်ရင်းနှီးကြ၏။ ချစ်စရာကောင်းသောဂျူဒီကို မှန်ရိုး ခင်နေမိပြီ။ ထို့ကြောင့် ဂျူဒီလာလျှင် သူ အမြဲ ပျော်နေတတ်သည်။

သူ့ဆရာမပေါ်လာ၊သူ့ သတင်းစာဆက်သွယ်ရေးတာဝန်ခံဟောင်း ပက်ထရီရှာ စသော သူနှင့်ရင်းနှီးသူများကို မကြာခဏ လာရောက်လည်ပတ်အောင် ဒေါက်တာဂရင်းဆန်းက ပြောပြထားသည်။

ထိုသို့ ရင်းနှီးသူများ လာရောက် လည်ပတ်နေခြင်းဖြင့် မှန်ရိုး၏ ဘဝမှာ စိတ်သောကရောက်စရာများကို မေ့ပျောက်နေမည် ဖြစ်သည်။ ရင်းနှီးသူများ ဖြစ်သောကြောင့် သူ့အတွက်လည်း အနှောင့်အယှက် ဖြစ်မည် မဟုတ်။ စိတ်လွတ်လက်လွတ် နေနိုင်မည်။

ညနေပိုင်းတွင် ရွာပြင်သို့ထွက်ပြီး လမ်းလျှောက်နိုင်သည်။ လေထုညစ်ညမ်းသော မြို့ကြီးပြကြီးများလို မဟုတ်သဖြင့် သန့်ရှင်းသော လေကို တဝကြီး ရှူရှိုက်နိုင်သည်။

တစ်ညနေ လမ်းလျှောက်ထွက်ရင်း မိဘမဲ့ကလေးများဂေဟာ တစ်ခုသို့ သူရောက်သွားသည်။ မက်ဆီကိုနှင့် အိန္ဒိယကပြားကလေးများ အများအပြား ရှိသည့်ဂေဟာ ဖြစ်သည်။

ကလေးများကို ကျောင်းတွင်းမှာ လှည့်လည် ကြည့်ရှုရင်းဖြင့် ငယ်စဉ်က မိဘမဲ့ကလေးကျောင်းတွင် နေခဲ့ရသော သူ့ဘဝကို ပြန်လည်

စဉ်းစားမိသည်။ သည်ကလေးများကိုကြည့်ပြီး ကိုယ်ချင်းစာစိတ် ပေါက်လာသည်။ မိခင်စိတ် ဝင်လာသည်။ သည်တစ်သက်တွင် မိမိ ကလေးရဖို့ မလွယ်တော့သည့်အကြောင်း၊ အမေဟု အခေါ်ခံနိုင်ဖို့ အခွင့်အလမ်း နည်းနေပြီ ဖြစ်သည့်အကြောင်းများကို စဉ်းစားမိလာသည်။

ထို့ကြောင့် ထိုမိဘမဲ့ဂေဟာမှ ကလေးတစ်ဦးကိုသော် လည်းကောင်း၊ ထို့ထက်ပို၍သော် လည်းကောင်း မိမိမွေးစားရန် လျှောက်လွှာတင်ဖို့ ဆုံးဖြတ်လိုက်သည်။

ချက်ချင်းပင် ဂေဟာမှူးများကို အကျိုးအကြောင်း ပြောပြသည်။ ဂေဟာမှူးများက သူ၏မွန်မြတ်သောစိတ်ထားကို လေးစားကြပါသည်။ တန်ဖိုးထားကြပါသည်။ သို့သော်လည်း မာရီလင်မွန်ရိုးကဲ့သို့ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး တစ်ဦးသည် မွေးစားသော မိဘမဲ့ကလေးများအပေါ် လုံလောက်သည့် စောင့်ရှောက်မှုမျိုး၊ ပြည့်ဝသည့် မေတ္တာတရားမျိုး ထားနိုင်ပါမည်လောဟု သံသယဖြစ်ကြသည်။ သို့ဖြင့် ထိုကိစ္စကို အရေးတယူ မဆောင်ရွက်ကြလေရာ လိပ်ခဲတည်းလည်းဖြင့်ပင် မပြီးပြတ်ဘဲ ကျန်နေရစ်သည်။နောက်တော့လည်း အခြားအကြောင်းများကို ကြုံတွေ့နေရင်းဖြင့် ထိုကိစ္စကို မွန်ရိုး မေ့သွားလေတော့သည်။

ယင်းကာလမှာပင် ပန်းစပရိန်းဆေးရုံမှ သူနာပြုဆရာမတစ်ဦးက မွန်ရိုးကို တယ်လီဖုန်း လှမ်းဆက်ပြီး မွန်ရိုး၏ဖခင် မစ္စတာဂစ်ဖို့က တွေ့လိုကြောင်း အကြောင်းကြားသည်။ သူ့စိတ်များ ကယောက်ကယက် ဖြစ်သွားရပြန်သည်။

"တင်ဆိတ် သူ့ကိုပြောပြပေးပါရှင်၊ကျွန်မအဖေဆိုတာကို ကျွန်မ တစ်ခါမှ မမြင်ဖူးပါဘူး။ ဒါပေမယ့် ကျွန်မကို တွေတွေထူးထူး ပြောစရာရှိနေတယ် ဆိုရင်တော့ ကျွန်မရှေ့နေနဲ့ ဆက်သွယ်ပါလို့ ပြောပေးပါ။ ကျွန်မရှေ့နေရဲ့ တယ်လီဖုန်းနံပါတ် ယူထားဦးမလား"

ဟ ပြန်မေးကာ တယ်လီဖုန်းကို ပစ်ချခဲ့သည်။

သူ့စိတ်ထဲမှာ လှုပ်ရှားမှုများ ဖြစ်ပေါ်လာပြန်ပြီ။ သောကများ ရောက်လာပြန်သည်။ အိပ်ဆေးများ သောက်ရပြန်သည်။ စိတ်ငြိမ်ဆေးများ သောက်ရပြန်သည်။ ထိုအကြောင်းကို ဒေါက်တာဂရင်းဆန်းအား

ပြောမပြဘဲ တိတ်တဆိတ် သက်သာရာကို ရှာမိပြန်သည်။

အိုက်စီဒိုမီလာသည် မကြာခဏ တယ်လီဖုန်းဆက်ပြီး အားပေးစကား ပြောရှာ၏။ သူ့နောက်ဆုံးအချိန်များအထိ ဖခင်မေတ္တာကို တစ်ရံမလပ် ပေးသွားသောအဘိုးကြီး ဖြစ်သည်။ သူ့ကို မွန်းရိုး ကျေးဇူးတင်ပါသည်။ ဒုတိယခင်ပွန်း ဒီမက်ဂီယို၏သားဖြစ်သူ ဂျိုးသည်လည်း သူ့ကို မကြာခဏ တယ်လီဖုန်းဆက်၏။ သည်ကလေးကို သူ သံယောဇဉ်တွယ်မိသည်။ သူ့သားလေးအရင်းလို ချစ်နေမိသည်။ သို့သော်လည်း သူတို့ဘဝချင်းက ခြားကုန်ကြပြီ။

သူ့ဘဝသည် အထီးကျန် ဖြစ်ရပြီ။

သည်လို အထီးကျန် ဖြစ်နေရဆဲမှာပင် သူ့ရှေ့ဦးချစ်သူ (သို့) အမှောင်ထဲက ချစ်သူသည် သူ့ကို နေ့စဉ်နေ့တိုင်းလို တယ်လီဖုန်းဆက်နေပြန်၏။ သူတို့ချင်း နီးစပ်နိုင်ကြမည် မဟုတ်သည်ကို သိသည့်အတွက် မတတ်သာ ခပ်ခွာခွာ နေနေရသည်။

သည်ကြားထဲက အဟောင်းတွေအသစ်ဖြစ်အောင် လုပ်နေသည်နှင့် တူလှသည်။ လူသိရှင်ကြား တွေ့မရ။ လက်မထပ်နိုင်သည့်တိုင်အောင် ကိုယ်သွားချင်သည့် အရပ်သို့ လွတ်လွတ်လပ်လပ် နှစ်ယောက်အတူတူ သွားခွင့်ရမည်ဆိုလျှင် ဖြေသာသေးသည်။ ယခုမူ ထိုသို့လည်း မဟုတ်။ လူမသိ သူမသိအောင် တစ်နေရာမှ တိတ်တဆိတ် တယ်လီဖုန်းနှင့် စကားပြောရုံကလွဲပြီး ဘာမှမတတ်နိုင်။ တွေ့ရပြန်တော့လည်း ခိုးကြောင်ခိုးဝှက်။ မွန်းရိုး စိတ်ညစ်လှပြီ။ ကြီးမားလှသော ချစ်ခြင်းမေတ္တာတရား၏ ဒုက္ခဒဏ်များကို မခံနိုင်ပြီ။ ချစ်လျက်နှင့် ကွေကွင်းရသော ဒုက္ခဒဏ်ကို မခံနိုင်ပြီ။

မိမိ ဖြတ်သန်း ကျော်လွှားခဲ့ရသည့် ဘဝတစ်လျှောက်လုံးကို ပြန်တွေးကြည့်မိသည်။ မိမိ ရည်မှန်းချက်အတိုင်း အောင်မြင်လာသည်မှလွဲ၍ ကျေနပ်စရာ ဘာများ ရှိပါသနည်း။ ကြည်နူးစရာ ဘာတွေများ ရှိပါသနည်း။ တွေးမိတိုင်း စိတ်ချမ်းသာရသည့်အရာ ဘာများ ရှိပါသနည်း။

မိမိဘဝသည် နည်းနည်းကလေးမျှ လှပ၍မရ။ အကောင်းလုပ်ပြန်လျှင်လည်း လုပ်ပြန်ပြီ၊ အဆိုးလုပ်ပြန်လျှင်လည်း လုပ်ပြန်ပြီဟု ဝိုင်းဝန်းဝေဖန်နေကြသည်ကိုသာ အမြဲ ရင်ဆိုင်နေရသည်။ လူသားတစ်ယောက်

အနေဖြင့် ကိုယ်စိတ်ချမ်းသာရမည့် အလုပ်ကလေးများကို လုပ်ချင်သည်။ ကိုယ့်လွတ်လပ်ခွင့်ကလေးများနှင့် ကိုယ် နေချင်သည်။

ယခု ဘာမှ လုပ်၍မရ။ မိမိပတ်လည်မှာ သတင်းထောက်တွေ ဝိုင်းဝိုင်းလည်နေသည်။ သူတို့ကို ရှောင်၍ တိမ်း၍ မရ။ သူတို့ အန္တရာယ်မှ လွတ်အောင် ရှောင်တိမ်း ပုန်းကွယ်၍ မရ။ သူတို့ရှိနေသည့်အတွက် မိမိ၏ ကိုယ်ပိုင်လွတ်လပ်ခွင့် ဆိုသည်များ ဆုံးရှုံးခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာလှပြီ။ ကိုယ်က ကောင်းသည်ဟု ယုံကြည်ပြီးလုပ်သော အလုပ်သည် ကိုယ့်အတွက် ကောင်းသည်ပဲ ဖြစ်၏။ သူတစ်ပါးအတွက် ကောင်းချင်မှ ကောင်းမည်။ ထိုသို့ သူတို့ဘက်ကကြည့်ပြီး မကောင်းဟု မြင်သောအခါ ကိုယ့်ဘက်က လာမကြည့်တော့ဘဲ မကောင်းဟု ပြောခြင်းသည် တရားပါသလော။

လူသည် ကိုယ်ဘဝကိုယ် တည်ဆောက်ခြင်း ဖြစ်သည်။ ကိုယ့်ဘဝကို ကိုယ်ဖြစ်စေလိုသည့် ပုံသဏ္ဌာန် ဖြစ်လာအောင် ကိုယ့်လွတ်လပ်ခွင့်နှင့်ကိုယ် တည်ဆောက်ခွင့်ရှိသည်။ ကိုယ့်ဘဝကိုယ် တည်ဆောက်ရာတွင် အများကို အနှောင့်အယှက် မဖြစ်စေလျှင် ပြစ်မှုကျူးလွန်သည် မမည်။ ယခု ထိုသို့ မဟုတ်တော့။ ကိုယ့်ဘဝကို လွတ်လပ်စွာ ကိုယ်တည်ဆောက်ခွင့် မရတော့။ ပုံဖော်ခွင့် မရတော့။

အားလုံး ရှုပ်ကုန်ပြီ။

သည်အကြောင်းများကို ပြန်တွေးလျှင် ပို၍ပို၍ ရှုပ်ထွေးကုန်ပြီ။

ကောင်းသော အစ ဆို၍ ဘာတစ်ခုမှ ရှာမရ။

ကောင်းသော အဖြစ်အပျက် ဟူ၍ ဘာတစ်ခုမှ ရှာမရ။

စိတ်မောရလွန်းလှပါတကား။

* * *

## အလှမကလေး၏ မှန်းတိမ်းချိန်များ

ဘရင့်ဝုဒ် အိမ်သစ်ကလေးမှာ နေထိုင်ရင်း အနားယူဖို့၊ အားရှိလာဖို့၊ စိတ်ချမ်းသာဖို့၊ သောကအပေါင်းတို့ ပျောက်ကင်းစေဖို့ ကြိုးပမ်းရင်း ဖြင့်ပင် မနက်ဖြန် မရှိသောရက်များသည် မွန်ရိုး ဘဝအတွင်းသို့ ပြေးဝင်နိုအောင်းလာကြချေပြီ။

တစ်ကိုယ်တည်း ဖြစ်နေသောမွန်ရိုးသည် တစ်နေကုန်တစ်နေခန်း ငူငူကြီးထိုင်ကာ အတွေး ပိုနေသည်က များသည်။ သူမှာ တွေးစရာတွေကလည်း များသည်။

အဘယ်သူများသည် မိမိရန်သူများ ဖြစ်သနည်း။အဘယ်သူများသည် မိတ်ဆွေစစ်များ ဖြစ်သနည်း။အဘယ်သူများသည် သာပေါင်းညာစားများ ဖြစ်သနည်း။ သူ့ပတ်လည်မှာ ရှိနေခဲ့သည့်သူများနှင့် ပတ်သက်ပြီး ပြန်လည် စဉ်းစား သုံးသပ်နေမိသည်က များသည်။

သူ ဖြတ်သန်း ကျော်လွှားခဲ့ပြီးဖြစ်သည့် အတိတ်ဘဝကို ပြန်လှန် သုံးသပ်နေသည်။လတ်တလော ရင်ဆိုင်နေရသည့် ဘဝကို လေ့လာကြည့်သည်။ ရှေ့ဆက်လက်ပြီး သူရင်ဆိုင်ရှုန်းကန်ရဦးမည့် အနာဂတ်ဘဝကို လှမ်းမျှော်တွေးကြည့်သည်။

အရာရာတို့သည် မပီပြင်ဘဲ ဝိုးတဝါးသာ ဖြစ်နေသည်။

တွေးစရာတွေ များလာသောကြောင့် အိပ်မပျော်သည့်ညတွေ များလာသည်။

၁၉၆၂-ခု၊ ဇူလိုင် ၃၁-ရက်၊ အင်္ဂါနေ့ည။

ဒေါက်တာဂရင်းဆန်းနှင့်ဂျူဒီတို့ ပြန်သွားကတည်းက အထီးကျန်

ဘဝလို ဖြစ်ကျန်ရစ်ခဲ့သည်။ ခြံဝင်းကြီး တစ်ခုလုံးအတွင်းမှာ မိမိ အတွက် အဖော် မရှိ။ အိပ်ယူကိစ္စများကို ကြီးကြပ်ရသူ မစ္စစ်မာရေးသည်လည်း သူ့အလုပ်နှင့်သူ ရှိနေသည်။

အိပ်ခန်းထဲသို့ ဝင်လာပြီး အိပ်ကြည့်သည်။ မပျော်။ ဖရင့်စိန့်နာထရာ၏ သီချင်းများကို ဓာတ်စက်ဖွင့်ပြီး နားထောင်ကြည့်သည်။ စိတ်တရွှင်လန်းမလာ။ နောက်ကျိလာသောစိတ်ကို ငြိမ်စေရန် ဒေါက်တာအိန်ဂျယ်ဘတ် ပေးထားသည့် ဆေးများကို ထသောက်သည်။ ဘာမှ မထူးခြား။

ဆေးသောက်ပြီး အိပ်လိုစိတ် ပေါ်ကောင်း ပေါ်ချေရဲ့ဟုသော မျှော်လင့်ချက်ဖြင့် အိပ်ကြည့်သည်။မျက်လုံးသည် ကြောင်မြကြောင်နေ၏။ ဘယ်လူးညာလှိမ့်ဖြင့် သန်းခေါင်ကျော်လာသည်။သည်ဒဏ်ကို မခံနိုင်တော့။ သူ့အိပ်ရာဘေးမှာ တယ်လီဖုန်း အသင့်ရှိသည်။ သူ၏ ကိုယ်ပိုင်သုံး တယ်လီဖုန်း ဖြစ်သည်။ထိုနံပါတ်ကိုလည်း သူနှင့်ရင်းနှီးသော ဆရာဝန်နှစ်ဦး အပါအဝင် လူ (၆) ယောက်ထက် ပိုမသိ။ အခြားသူများကို အသိပေးမထား။

"ရောဘတ် ကိုယ် သိပ်စိတ်ထိခိုက်နေတယ်၊ တစ်ကိုယ်လုံးလည်း ကိုက်ခဲနေပြီ၊အရိုးတွေကွဲပြီး အဆစ်တွေ ပြုတ်ထွက်ကုန်တော့မယ့် အတိုင်းပဲ၊ ကိုယ့်ဆီကို အခု ခဏ လာနိုင်မလား"

ရုပ်ဖ်ရောဘတ်သည် မွန်ရိုးနှင့် ရင်းနှီးသော မင်းသားတစ်ဦး ဖြစ်သည်။ ဘရင့်ဝုဒ်အိမ်သို့ မွန်ရိုး ရောက်လာကတည်းက အလွန်နည်းပါးသည့် အဖော်ထဲတွင် သူလည်း တစ်ယောက် အပါအဝင် ဖြစ်သည်။ သူ့ဆီကို တယ်လီဖုန်းဆက်သောအချိန်မှာ သန်းခေါင်ကျော် (၂)နာရီ ထိုးနေပြီ ဖြစ်သည်။ (၁၅) မိနစ် အကြာတွင် ရောဘတ် ရောက်လာသည်။ မွန်ရိုး၏ အိပ်ခန်းထဲသို့ တန်းဝင်သွားသည်။ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ တစ်ကိုယ်လုံး အသားများ တဆတ်ဆတ်တုန်နေသည့် မွန်ရိုးကို သူ တွေ့ရသည်။

"ဘယ်လို ဖြစ်တာလဲ၊ နေမကောင်းဘူးလား၊ ကိုယ်ဘာလုပ်ပေးရမလဲ ပြော"

"ပထမဆုံး မီးပိတ်လိုက်ပါ။ ဒီမီးကြောင့် ကိုယ်အိပ်မရအောင် ဖြစ်နေတယ်၊ မျက်စိကြောင်နေတယ်၊ ပြီးတော့ ဘာဖြစ်မှန်းလဲ မသိဘူး။

တစ်ကိုယ်လုံး ကိုက်နေတယ်၊ အဆစ်တွေ ပြုတ်ကျတော့မယ် ထင်တယ်၊ ကိုယ့်ဇက်ကျောနဲ့ ခနောက်ကျောတွေကို နှိပ်ပေးစမ်းပါ"

ရောဘတ်သည် မွန်ရိုး ပြောသည့်အတိုင်း ဇက်ကျောများ လျှော့အောင် တစ်နာရီခန့် နှိပ်ပေးနေသည်။အခန်းထဲမှာ မီးမှောင်နေသော်လည်း မည်သည့်နေရာတွင် အရက်ပုလင်းထားကြောင်း ရောဘတ် သိသည်။ ထို့ကြောင့် အရက် ထယူပြီး သောက်ရင်း နှိပ်ပေးနေသည်။

မွန်ရိုးသည် အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများကိုသာ စွဲသည် မဟုတ်။ အရက်ကိုလည်း စွဲစွဲမြဲမြဲ သောက်နေသည်မှာ ကြာပြီ။

"ကဲ . . . တော်ပါပြီ၊ ကျေးဇူးပါပဲ၊ နေသာထိုင်သာ ရှိသွားတယ်၊ ဆရာဝန်ပေးတဲ့ဆေးထက် ကောင်းတယ်၊ ဆေးသာ အားကိုးနေရင်တော့ ဒီည ကိုယ်သေမှာ အမှန်ပဲ"

"မင်း အကူအညီလိုတဲ့အခါပြော မာရီလင်၊ အချိန်မရွေးပြော၊ ကိုယ် ချက်ချင်း ရောက်လာမယ်"

ရောဘတ် ပြန်သောအခါ မွန်ရိုးသည် ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ကာ မှောက်အိပ်လျက် ကျန်ခဲ့သည်။ အရှေ့ဘက်မှလည်း အရုဏ်ဦး လင်းရောင်ခြည်ကို မြင်တွေ့နေရပြီ။

၁၉၆၂-ခု၊ ဩဂုတ် ၁-ရက်၊ ဗုဒ္ဓဟူးနေ့။

ဘရင့်ဝုဒ်နေအိမ်တွင် မွန်ရိုး နေမကောင်းကြောင်း သူ့ဆရာမ ပေါလာစထရာဘတ် ကြားသိသည်။ ထို့ကြောင့် မီရာလေယာဉ်ပျံဖြင့် နယူးယောက်မြို့မှ လာခဲ့သည်။ လော့စ်အိန်ဂျယ်လိသို့ ရောက်သောအခါ ဘယ်မှ မဝင်တော့ဘဲ ဘရင့်ဝုဒ်နေအိမ်သို့ တန်းလာခဲ့သည်။

"ဝမ်းသာလိုက်တာ ပေါလာရယ်၊ကလေးတွေရောမင်းယောက်ျား ရော အကုန်ခေါ်ခဲ့ရောပေါ့၊ တို့ ဒီမှာ ဘယ်လောက် ပျော်စရာကောင်းမလဲ"

ပေါလာကို မြင်သောအခါ မွန်ရိုး အလွန် ဝမ်းသာနေသည်။ ဆီးကြိုမွေ့ဖက်ကာ နမ်းမဝအောင် ဖြစ်နေသည်။

အမှန်တော့ နယူးယောက်တုန်းက ပေါလာ ကြားခဲ့သလို မွန်ရိုးသည် အိပ်ရာပေါ်မှာ လဲနေသောလူမမာကြီး မဟုတ်။ထူထူထောင်ထောင်

နေနိုင်သည်ကို တွေ့ရသည်။ မွန်ရိုး ခံစားနေရသည်မှာ စိတ်ဝေဒနာသာ ဖြစ်သည်။ မွန်ရိုး၏ ရောဂါများအကြောင်းကို ကောင်းကောင်း သိထားသော ပေါ်လာက စိုးရိမ်သွားသည်။ မွန်ရိုး စိတ်ချမ်းသာမည့် စကားများကို ရွေးပြောသည်။

စားဖို့သောက်ဖို့ကို ကိုယ်တိုင် ဝင်စီမံသည်။ ရေခဲသေတ္တာထဲကို ဖွင့်ကြည့်သောအခါ ဘာမှ မရှိ။ ထို့ကြောင့် သူညီမ ဘီးထံသို့ တယ်လီဖုန်း လှမ်းဆက်ပြီး အသားနှင့် ဟင်းသီးဟင်းရွက်များ ဝယ်လာရန် ပြောလိုက်သည်။ ထိုနေ့ ညနေတုန်းက သူတို့နှစ်ယောက် စိတ်ချမ်းသာကြသည်။

ပေါ်လာသည် မွန်ရိုးနှင့် ကြာကြာ မနေနိုင်၊ နယူးယောက်သို့ ပြန်ရဦးမည်။ သူ့ယောက်ျားနှင့် အလုပ်ကိစ္စများရှိသည်။ ထိုကိစ္စများကို ရက်ရှည် ပစ်ထားခဲ့၍ မဖြစ်။

"ပေါ်လာရယ် . . . အေးအေးဆေးဆေး နေသွားပါဦး၊ လီကို တယ်လီဖုန်း လှမ်းဆက်လိုက်ပါ၊ သူ့ကို ဒီလိုက်လာဖို့ ခေါ်လိုက်တာပေါ့"

ပေါ်လာ ပြန်မည် ဆိုတော့လည်း မွန်ရိုး စိတ်အားငယ်သွားပြန်သည်။ လီစထရာဘတ်ကို လှမ်းခေါ်ပြီး သည်မှာ သူနှင့်အတူနားရန် ပြောသည်။

"မဖြစ်ဘူး မာရီလင်၊ ရိုက်လက်စကားတွေ ကျန်နေခဲ့တယ်။ လက်စသတ်ပေးရဦးမယ်။နောက်အပတ်ထဲ ပြန်လာခဲ့မယ်၊ဒီမှာ အေးအေး ဆေးဆေးနေမယ်၊ အခု လက်စနဲ့ကား ပြီးသွားရင် ကိုယ်အားပါပြီ"

၁၉၆၂-ခု၊ ဩဂုတ် ၂-ရက်၊ ကြာသပတေးနေ့။

ပေါ်လာစထရာဘတ် နယူးယောက်သို့ ပြန်သွားသည်။

မွန်ရိုးသည် အထီးကျန်ဘဝဖြင့် ကျန်ရစ်ခဲ့ပြန်သည်။ သည်မြို့ ကလေးမှာ ယခုလို အထီးကျန်ဘဝဖြင့် စိတ်ဆင်းရဲဖွယ် ကောင်းလောက် အောင် နေနေရမည့်အစား မိမိလည်း နယူးယောက်သို့ ပြန်ပြောင်းရန် ဝိုင်းဖြတ်လိုက်သည်။

ထို့ကြောင့် နယူးယောက်ရှိ သူ့ကိုယ်စားလှယ်ထံသို့ တယ်လီဖုန်း ဆက်ပြီး နောက်အပတ်အတွင်း၌ မိမိပြန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်

အိမ်ကို အသင့်ရှင်းထားပေးစေလိုကြောင်း ပြောလိုက်သည်။

၁၉၆၂-ခု၊ ဩဂုတ် ၃-ရက်၊ သောကြာနေ့။

နေအတော်မြင့်မှ အိပ်ရာမှနိုးလာသည်။ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုက နွေးနွေးထွေးထွေးရှိပြီး နေထိုင်ကောင်းနေသည်။ သူ့ကိုယ်ပေါ်မှ ညဝတ် အဝတ်များကို ချွတ်လိုက်ပြီး အဝတ်ပါးပါး တစ်ထည်ကို အောက်ခံ မပါဘဲ ဝတ်လိုက်သည်၊ ရွှေဝါရောင်ဆံပင်များကို ပခုံးပေါ်သို့ ဖြန့်ကျဲချလိုက်သည်။ နံနက် ရွှေရောင်နေနှင့် ရွှေရောင်ဆံပင်တို့သည် အလွန် လှပနေကြသည်။

ကော်ဖီတစ်ခွက်ကို ကိုယ်တိုင် ဖျော်သည်။ သစ်သီးဖျော်ရည်တစ်ခွက်ကိုပါ သကြား နည်းနည်း ထည့်ပြီး ဖျော်သည်။

တံခါးဖွင့်ပြီး သူနှင့်အတူ မွေးထားသည့် ခွေးကလေးကို အပြင်သို့ ထွက်ခိုင်းလိုက်သည်။ စားပွဲမှာ အေးအေးချမ်းချမ်း ထိုင်ပြီး ကော်ဖီနှင့် သစ်သီးဖျော်ရည်ကို တစ်ယောက်တည်း သောက်နေသည်။ မလှမ်းမကမ်းမှာ ယနေ့ထုတ်သည့် သတင်းစာများ ပုံထားသည်ကိုတွေ့ရ၏။ သတင်းစာကို စောစောစီးစီး မဖတ်ချင်။ မတော်တရော်တွေ တွေ့နေလျှင် စိတ်ထိခိုက်ရဦးမည်။

မနေ့ညက ဒေါက်တာဂရင်းဆန်းနှင့် သမီးဂျူဒီတို့ လာသွားသည်။ သူ့ကို သေသေချာချာ စမ်းသပ်ပြီး လိုသည့်ဆေးများ တိုက်သွားသည်၊ ထို့ကြောင့် ညက ကောင်းကောင်း အိပ်ခဲ့ရသည်။ ယနေ့မနက် အိပ်ရာက ထတော့ လန်းနေသည်။ သည်လို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာကြုံရသည့်နေ့သည် နည်းပါးလွန်းလှသောကြောင့် ယခုလို ရှားရှားပါးပါး ရလာသည့်အခါ စိတ်ညစ်စရာများကို မတွေ့အောင် ရှောင်ခြင်းက ကောင်းသည်ဟု သဘောပိုက်ထားသည်။

အိမ်ပြင်သို့ ထွက်လာခဲ့သည်။ သူ့အရင် အပြင်ရောက်နှင့်နေသော ခွေးကလေးက သူ့ကို အိမ်တံခါးအဝမှ ဆီးကြိုသည်။

အိမ်နှစ်ဆောင်ကြားရှိ ဆောက်ပြီးစ ဧည့်သည်ဆောင်ကလေးဆီသို့ လျှောက်ခဲ့သည်။ အင်ဂျင်နီယာများကို သူ သေသေချာချာ ပြောပြပြီး

စိတ်တိုင်းကျ ဆောက်ခိုင်းထားသည့် အဆောက်အအုံအသစ်ကလေး ဖြစ်သည်။ ဆေးနံ့များပင် မပြယ်သေးဘဲ ရှိသည်။

ပစ္စည်း အားလုံး နေထားတကျ ဖြင့်ဆင်ပြီးလျှင် ရင်းနှီးသော မိတ်ဆွေများကို ဖိတ်ဦးမည်။ သည်ဧည့်ခန်းကလေးထဲမှာ ဧည့်ခံဦးမည်ဟု စိတ်ကူးယဉ်လိုက်သည်။ စိတ်ထဲမှာပင် အစီအစဉ်များကို ရေးဆွဲလိုက်သည်။ သူ ဖိတ်မည့်သူများထဲမှာ ပေါ်လာတို့ပါရမည်။ ယောက္ခမဟောင်း အိုက်စီဒိုမိလာ ပါရမည်။ အခြား သူငယ်ချင်းများလည်း ပါရမည်။

ပေါ်လာကိုမူ သေသေချာချာ ပြောပြလိုက်ပြီး ဖြစ်၏။ သူ့ ယောက်ျား လီစထရာဘတ်ကို စိတ်ကြောင်း၊ မိမိနှင့်အတူ အေးအေး ဆေးဆေး လာရောက် အနားယူစေလိုကြောင်း၊ အလွန် လွတ်လပ်သည့် နေရာ ဖြစ်ကြောင်း၊ မိမိလည်း အဖော် မရှိသဖြင့် အထီးကျန်ဘဝတွင် ပျင်းရိငြီးငွေ့နေရကြောင်းများ ပြန်ပြောပြရန် သေသေချာချာ မှာလိုက်ပြီ ဖြစ်၏။

အိုက်စီဒိုကိုလည်း တယ်လီဖုန်းနှင့် အကြောင်းကြားပြီးပြီ။ မိမိ ဧည့်ခံပွဲလုပ်သည့်အခါ မပျက်မကွက် ဆက်ဆက်လာရန်နှင့် ဧည့်ခံပွဲပြီးလျှင်လည်း ချက်ချင်း မပြန်သေးဘဲ မိမိအိမ်တွင် တစ်လခန့် အေးအေး ဆေးဆေး အနားယူနေပါမည့် အကြောင်းများကို ကြိုတင် ပြောပြထားပြီး ဖြစ်သည်။ အဆင်သင့်မည်ဆိုလျှင် သမီးယောက္ခမနှစ်ယောက် တစ်နေရာရာသို့ အလည်သွားကြမည်။ နိုင်ငံခြားတိုင်းပြည် တစ်ခုခုသို့သော် လည်းကောင်း၊ နိုင်ယာဂါရာသို့သော် လည်းကောင်း၊ မီယာမီကမ်းခြေသို့ သော် လည်းကောင်း အဆင်ပြေသည့် တစ်နေရာသို့သွားကာ အနားယူရန်ကိုပါ ပြောပြထားသည်။

ကောင်းစွာ အနားယူရမည်။ စိတ်ချမ်းသာမှုကို အတတ်နိုင်ဆုံး ဖန်တီးရမည်။ နှစ်ပေါင်းများစွာ ခံစားခဲ့ရသည့် သောကများ ပျောက်ကင်းအောင် ကုစားရမည်။ သို့မှသာ မိမိ အားရှိလာမည်။ ဒေါက်တာအိန်ဂျယ်ဘတ်နှင့် ဒေါက်တာဂရင်းဆန်းတို့၏ အစီအစဉ်အတိုင်း အောင်မြင်စွာ ခွဲစိတ်ကုသခြင်းကို ခံရမည်။ ခွဲစိတ်ကုသပြီးကာမှ ကျန်းမာလာသည့်အခါတွင် မိမိ တည်ဆောက်လိုသည့် ဘဝကလေးကို စိတ်တိုင်းကျ တည်

ဆောက်နိုင်မည် ဖြစ်သည်။

မွန်ရိုးသည် စိတ်ကူးဖြင့် ကျေနပ်နှစ်သိမ့်နေ၏။ ရာသီဥတုသာယာသည်က တစ်ကြောင်း၊ ညက ကောင်းစွာ အိပ်စက်ခဲ့ရသည်က တစ်ကြောင်း၊ ရှေ့ရေးနှင့် ပတ်သက်ပြီး မိမိ စိတ်ကူးထားသည်များက ချောမောနေသည်က တစ်ကြောင်းတို့ကြောင့် ယနေ့မနက် ပျော်သွားသည်။

ထိုအခိုက် တယ်လီဖုန်းလာကြောင်း မစ္စစ်မာရေးက လာပြောသည်။

"မာရီလင်၊ ကိုယ် ပက်ထရီရှာပါ၊ မင်းဆီကို ဒီနေ့လာမယ် ပြောထားပေမယ့် မလာနိုင်တော့ဘူးထင်တယ်၊ ကိုယ်လည်ချောင်းနာနေတယ်၊ အသံတောင် ဝင်ချင်သလိုလို ဖြစ်နေတယ်၊ နားထောင်ကြည့်ပါလား"

မွန်ရိုး၏ သတင်းစာဆယ်သွယ်ရေးတာဝန်ခံဟောင်း ပက်ထရီရှာဖြစ်သည်။ ယနေ့ညနေတွင် ပက်ထရီရှာသည် မွန်ရိုးဆီလာပြီး နှစ်ညအိပ်ခန့် အတူတူနေမည်ဟု စောစောက အစီအစဉ်လုပ်ထားခဲ့ကြသည်။

"ပက်ရယ်၊ လည်ချောင်းနာတာများ ဘာကြီးကျယ်တာ မှတ်လို့၊ တခြားလူတွေ ဒီထက် ကြီးကျယ်တဲ့ ရောဂါဝေဒနာကိုတောင် ခံစားနေရသေးတာပဲ၊ ကိုယ့်ဆီလာပြီး နားလိုက်ရင် အကောင်းဆုံးပေါ့၊ ရေကူးကန်ထဲမှာ တစ်နာရီလောက် ရေစိမ်နေလိုက်၊ ကိုယ်ဆေးရှာပေးမယ်၊ ကိုယ်တစ်ယောက်တည်း ဒုက္ခဖြစ်နေတယ်ကွယ်၊ လာဖြစ်အောင် လာပါနော်"

မွန်ရိုး စကားကို ကြားရသောအခါ ပက်ထရီရှာ စိတ်မကောင်းဖြစ်သွားသည်။ သူမှာ တစ်ယောက်တည်း အထီးကျန်ဘဝဖြင့် စိတ်ဆင်းရဲနေရကြောင်း သိသည်။ ပြီးတော့ "တခြားလူတွေ ဒီထက်ကြီးကျယ်တဲ့ ဝေဒနာတောင် ခံစားနေရသေးတာပဲ"ဟူသော စကားကိုကြားရသည့် အခါပို၍ စိတ်မကောင်း ဖြစ်သွားမိသည်။

"ကောင်းပြီလေ၊ ဒါဖြင့်လည်း နေ့ခင်းပိုင်းလောက်ကျရင် ကိုယ်လာခဲ့မယ်၊ မြို့ထဲက ဘာဝယ်ခဲ့ရဦးမလဲ"

"ကိစ္စမရှိဘူး အခု ကိုယ် မြို့ထဲ ထွက်မလို့၊ လိုတာရှိရင်လည်း တစ်ခါတည်း ဝယ်ခဲ့တော့မယ်၊ ဆက်ဆက်လာနော် ကိုယ်စောင့်နေမယ်"

မွန်ရိုးသည် တယ်လီဖုန်း ချခဲ့ပြီး ရေဝင်ချိုးသည်။ အဝတ်အစား

လဲသည်။ ဂိုဒေါင်ထဲမှ မော်တော်ကားကိုထုတ်ပြီး မြို့ထဲသို့ မောင်းထွက်လာခဲ့သည်။

ဒေါက်တာအိန်ဂျယ်ဘတ်ရှိရာ ဘီဇာလီတောင်ကုန်းသို့ သွားပြီး တွေ့သည်။ စောစောကပေးထားသည့် ဆေးများကိုသောက်သော်လည်း မိမိရောဂါ မသက်သာကြောင်း၊ ညတိုင်လျှင် အိပ်မပျော်ဘဲ ကယောင်ချောက်ချား ဖြစ်နေရကြောင်း၊ တစ်ကိုယ်လုံး အကျိုးအဆစ်များ ကိုက်ခဲကာ မနေနိုင် မထိုင်နိုင်လောက်အောင် ခံစားရကြောင်း ပြောပြသည်။ ဒေါက်တာအိန်ဂျယ်ဘတ်က အိပ်ဆေးတမျိုး၏အမည်ကိုရေးပြီး မွန်ရိုးလက်ထဲသို့ ထည့်လိုက်သည်။ မည်သို့ သောက်ရမည်ဖြစ်ကြောင်း၊ မည်သည့် အရေအတွက်ထက် ပို၍ မသောက်သင့်ကြောင်းများပါ ပြောပြလိုက်သည်။

ဆေးဆိုင်များတွင် လိုသည့်ဆေးများကို လိုက်ရှာသည်။ ပက်ထရီရှာ အတွက်လည်း လည်ချောင်းနာပျောက်ဆေးကို ဆရာဝန်နှင့် မေးပြီး တစ်ခါတည်း ဝယ်ခဲ့သည်။ ထိုမှတစ်ဆင့် ဒေါက်တာဂရင်းဆန်းထံ ဝင်သည်။ ယခုရက်များအတွင်း မိမိ ခံစားနေရသည့်ဝေဒနာကို ပြောပြသည်။ အစမ်းသပ်ခံသည်။ လိုအပ်သည့် ဆေးများ မေးသည်။ ညွှန်ကြားချက် ရေးပေးခိုင်းသည်။ ပြီးလျှင် ရှာမရသေးသည့်ဆေးများ ရှာဝယ်ဦးမည်ဆိုကာ ထွက်လာခဲ့သည်။ မွန်ရိုး ငွေစာရင်းဖွင့်ထားသော ဆင်ဗီဆင်တီဖော်လီဗတ်ဆေးတိုက်သို့သွားကာ နောက်ထပ်လိုသည့် ဆေးများ ဖြည့်တင်းဝယ်ယူသည်။

မွန်ရိုး အိမ်ပြန်ရောက်သောအခါ ပက်ထရီရှာ ရောက်နှင့်နေသည်ကို တွေ့ရသည်။ ပက်ထရီရှာသည် ရေကူးဝတ်စုံဖြင့် ရေကူးကန်ထဲမှာ ကူးနေပြီ။ မွန်ရိုးကို လှမ်းခေါ်သော်လည်း ဝင်မကူးတော့။ ရေကူးကန်တစ်ခု တူးထားသော်လည်း ရေကူးကန်အတွင်း၌ မည်သို့ကူးရမည်ကို မွန်ရိုး ကောင်းစွာ မသိ။ ရေလည်း ကျွမ်းကျင်စွာ ကူးတတ်လှသည် မဟုတ်။ မိတ်ဆွေများ လာကြသည့်အခါ ကူးလိုသူများ ကူးနိုင်အောင်သာ အသင့်တူးထားခြင်း ဖြစ်သည်။

အိမ်ထဲသို့ တန်းဝင်လာခဲ့သည်။ ဝယ်လာသည့် ဆေးဝါးများကို အိပ်ခန်းတွင်းသို့ သွင်းလိုက်သည်။

ပက်ထရီရှာ ရေကူးပြီး တက်လာသောအခါ ဧည့်ခန်းထဲမှာ ထိုင်နေသော မွန်ရိုးကို တွေ့ရသည်၊ တစ်ဖအောင့်ကြာတော့ ဧည့်ခန်းတွင်းမှာပင် သူတို့နှစ်ယောက် စကားထိုင်ပြောနေကြသည်၊

ညစာအတွက် အိမ်မှာ ထူးထူးခြားခြား မရှိ၊ ထို့ကြောင့် အထွေအထူး လုပ်မနေတော့ဘဲ အိမ်နှင့်မလှမ်းမကမ်းရှိ ပြင်သစ် စားသောက်ဆိုင်တစ်ခုမှာ နှစ်ယောက်သွားစားကြရန် ဆုံးဖြတ်လိုက်ကြသည်။

ညစာစားပြီး ပြန်လာကြသောအခါ ဧည့်ခန်းမှာထိုင်ရင်း သူတို့နှစ်ယောက် ထွေရာလေးပါး စကားပြောနေကြသေးသည်။

ထို့နောက် နှုတ်ဆက်ပြီး သူ့အိပ်ခန်းအတွင်းသို့ ဝင်သွားသည်။ အချိန်မှာ ည (၁၀) နာရီခန့်မျှသာ ရှိသေးသည်။

၁၉၆၂-ခု၊ ဩဂုတ် ၄-ရက်၊ စနေနေ့၊

မနက်စောစော ကတည်းက မွန်ရိုးအိပ်ခန်းအတွင်းမှ ထွက်လာပြီး သူ့အတွက် ကော်ဖီကို ကိုယ်တိုင် ဖျော်သောက်နေသည်၊

ဒေါက်တာဒိန်ဂျယ်ဘတ် ပေးလိုက်သည့် ဆေးများကို အညွှန်းအတိုင်း သောက်ပါမည်ဟု သူကတိပေးခဲ့သည်။ ကတိအတိုင်း သောက်သည်။ သို့သော် ထိုဆေးသည် သူ့အဖို့ လုံးဝ မစွမ်းတော့။ သူ့ကို စိတ်ငြိမ်သက်အောင် မတတ်နိုင်တော့။ သူ့ကို အိပ်ပျော်အောင် တန်ခိုး မပြနိုင်တော့။ ထို့ကြောင့် ညက တစ်ညလုံး မအိပ်နိုင်ဘဲ စိတ်ကယောင်ချောက်ချားဖြစ်ကာ မိုးထိန်ထိန်လင်းခဲ့ရသည်။

နံနက်စာ စားကြသောအခါ ပက်ထရီရှာ၏ ရှေ့တည့်တည့်မှာ ထိုင်ပြီး တိတ်ဆိတ် ငြိမ်သက်နေသည်၊ သူ့မျက်နှာသည် မနေ့ကထက် ကျသွားကာ မျက်လုံးများ ကြောင်နေသည်ကိုလည်း မြင်တွေ့ရသည်။ ဘာစကားမှ မပြောဘဲ တွေတွေကြီး ငေးနေသည်၊ စားပွဲအစွန်းကို သူ့လက်များနှင့်ခေါက်ပြီး တစ်စုံတစ်ရာကို စဉ်းစားသလို လုပ်နေသည်။

သူ့စိတ် မငြိမ်မသက် ဖြစ်နေကြောင်းကို သိသဖြင့် ပက်ထရီရှာက စိတ်ပြေလက်ပျောက်ဖြစ်စေမည့် စကားများကို ရှာကြံ ပြောသည်။ သို့သော်လည်း မွန်ရိုး၏အမူအရာ ပြောင်းလဲမလာချေ။ သည်လို အချိန်မျိုး

တွင် မွန်ရိုးအနီး၌ မိမိထက်ကောင်းသော အဖော်တစ်ယောက် ရှိနေဖို့ လိုအပ်ပြီဖြစ်ကြောင်း ပက်ထရီရှာ စဉ်းစားမိသည်။

မွန်ရိုးသည် စားပွဲမှထကာ အိပ်ခန်းထဲဝင်သွားပြီး စိတ်ငြိမ်ဆေး များ သောက်နေသည်။

"မာရီလင်ရေ ဆေးသောက်တာက မစောလွန်းဘူးလား၊ ခုပဲ အိပ်ရာက ထတယ်၊ ဆေးချည်း သိပ်အားမကိုးနဲ့၊ ကိုယ့်စိတ်နဲ့ ကိုယ်လည်း ပြန်ကုဦး"

"ဟုတ်တယ်ပက်၊ ဒါပေမယ့် လောလောဆယ်တော့ ကုလို့ မရ သေးဘူး၊ တော်တော်ကြာရင် တယ်လီဖုန်းတွေ လာတော့မယ်၊ ဧည့်သည် ရောက်ချင်လည်း ရောက်လာမယ်၊ ကိုယ့်အာရုံကြောတွေ ငြိမ်သွားအောင် စောစောစီးစီး ကြိုလုပ်ထားမှ"

ထိုသို့ မွန်ရိုးက ပြန်ပြောသောအခါ သူ့တွင် ထူးခြားချက် တစ်စုံ တစ်ရာရှိ နေသည်ကို ပက်ထရီရှာ သတိမထားမိ။ ခါတိုင်းလိုသွား၊ ခါတိုင်း လိုလာ၊ ခါတိုင်းလို စကားပြောနေသည်ကိုသာ တွေ့ရသည်။ သို့သော် ယခင် ရက်များနှင့်စာလျှင် ကျန်းမာရေးအခြေအနေ ပိုမို ကျဆင်းလာ ကြောင်းကိုမူ သတိပြုမိခဲ့၏။

"ကိုယ်တစ်ယောက်တည်း နေလို့ မရတော့ဘူး၊ ကိုယ့်အနားမှာ အဖော်ရှိနေမှ ဖြစ်တော့မယ်၊ ပက်ရယ် ပြန်လာပါဦး၊ ကိုယ်နဲ့အေးအေး ဆေးဆေး လာနေပါဦး၊ တစ်ယောက်တည်းနေရရင် ရောဂါက ဆိုးသလိုပဲ"

မွန်ရိုးသည် ပက်ထရီရှာကိုကြည့်ပြီး သနားစဖွယ် ပြောနေသည်။ ယနေ့ နေ့လယ်မှာပင် ပက်ထရီရှာ ပြန်မည်။ သူ့မှာလည်း သူ့ကိစ္စနှင့်သူမို့ မပြန်လျှင် မဖြစ်။ မွန်ရိုး၏စိတ်ဝေဒနာကို သူသိပါသည်။ အထီးကျန်ဘဝ တွင် ခက်ခဲပင်ပန်းစွာ အသက်ရှင်နေရကြောင်း သူ သိပါသည်။

သည်လို အချိန်ခါမျိုးတွင် မွန်ရိုးအတွက် အကောင်းဆုံးအဖော် မဟုတ်သည့်တိုင်အောင် မိမိတို့ကဲ့သို့ ရင်းနှီးသူတစ်ဦးဦး အမြဲတမ်း ရှိနေဖို့ လိုသည်။

"စိတ်ချပါ။ကိုယ်ပြန်လာခဲ့ပါ့မယ်၊ အလုပ်ပြီးတာနဲ့ တစ်ပြိုင်တည်း ပြန်လာခဲ့မယ်၊ မြန်မြန် ပြီးအောင်လည်း လုပ်မယ်"

ထိုနေ့ညနေပိုင်းက ပက်ထရီရှာ ပြန်သွားသောအခါ မွန်နိုးသည် အိမ်ဝအထိ လိုက်ပို့ပြီး ရီဝေကြေကွဲသော မျက်လုံးများဖြင့် ငေးစိုက် ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ခပ်လှမ်းလှမ်းရောက်မှ ပက်ထရီရှာ ပြန်ကြည့်သောအခါ မွန်နိုးသည် ရပ်မြဲရပ်လျက်ပင်။ ပက်ထရီရှာက လက်လှမ်းပြသည်။ သို့သော် မွန်နိုးထံမှ လှုပ်မလာ၊ သူ့ကိုကြည့်နေသော်လည်း သူ့ကိုမမြင်တော့ကြောင်း ပက်ထရီရှာ သိလိုက်သည်။ မတတ်သာသောကြောင့်သာ ပြန်ခဲ့ရသဖြင့် စိတ်မကောင်းဖြစ်မိသည်။ သက်ပြင်းချရုံမှတစ်ပါး ဘာမှ မတတ်နိုင်ပြီ။ ထိုသို့ ပက်ထရီရှာ မပြန်မီကလေးက ဓာတ်ပုံဆရာ လောရင့်ရှိလာရောက်လာသေးသည်။ ပလေးဘွိုင်းမဂ္ဂဇင်းတွင် ဓာတ်ပုံများ ထည့်ရေးနှင့်ပတ်သက်ပြီး စာချုပ်လက်မှတ်ထိုးရေး ကိစ္စနှင့် ပတ်သက်၍ မည်သို့ဆုံးဖြတ်ကြောင်း သိနိုင်ရန် ဖြစ်သည်။

"လက်မှတ်ထိုးဖို့ နေနေသာသာ ဘာမှတောင် မဆုံးဖြတ်ရသေးပါဘူးရှင်" ဟု ပြောပြီး သူ့ပခုံးကို တွန်းပြလိုက်သည်။

လောရင့် ရောက်လာသောကြောင့် မွန်နိုး ပျော်သွားသည်။ ယခုဘရင့်ဝုဒ်အိမ်ကလေးသို့ ရောက်လာကတည်းက ညှိုးသည်ကိုသာ မျှော်နေရသော အချိန်များဖြင့် ပြည့်နေသည်။ ပလေးဘွိုင်းမဂ္ဂဇင်း ရှေ့ဖုံးနှင့် ကျောဖုံးများတွင် သူ့ပုံများ ထည့်ခွင့်ပြုရေးကို ပက်ထရီရှာနှင့် မွန်နိုးတို့ ဆွေးနွေးကြသေးသည်။

ထိုပုံများသည် မိန်းမလှတစ်ယောက်၏ အလှကို ဖော်ကျူးသည် ထက် ယောက်ျားများကို မိမွေးတိုင်း ဖမွေးတိုင်း အမြင်ဖြင့် ဖမ်းစားခြင်းသဘောမျိုးသာ သက်ဝင်နေကြောင်း၊ မိမိကဲ့သို့ အောင်မြင်ကျော်ကြားပြီးဖြစ်နေသည့် ရုပ်ရှင်မင်းသမီးတစ်ယောက် အနေဖြင့် ဤပုံမျိုးကို ခွင့်ပြုသင့် မပြုသင့် စဉ်းစားရန် လိုကြောင်းများဖြင့် ပက်ထရီရှာက ပြောပြသည်။

ပုံများကို မွန်နိုး သေသေချာချာ ပြန်ကြည့်သောအခါ ပက်ထရီရှာ ပြောသည်မှာ မှန်ကန်ကြောင်း တွေ့ရသည်။ မျက်နှာဖုံးတွင် ထည့်လိုသည်ဆိုသော ပုံသည် ရှေ့တည့်တည့်မှ ရိုက်ထားသည့်ပုံ ဖြစ်သဖြင့် မှိုင်းတွေနေသည်။ အပြောစာအုပ်များ၊ အပြာဓာတ်ပုံများအဆင့်သို့ ရောက်သွားမည်။

နောက်ကျောဖုံးမှာ သုံးရန်ဆိုသော ဓာတ်ပုံသည် မိမိကို ကျော

ဘက်မှ ရိုက်ထားသည်မှာ မှန်၏။ မိမိ၏တင်များကို နောက်ဘက်သို့ ပစ်ထားပြီး မကုန်းမကွ ဖြစ်နေသည့် မိမိ၏ ကိုယ်ဟန်မှာ ဓာတ်ပုံအနု ပညာ သဘောအရ လှပသည်မှာ မှန်၏။ သို့သော် မိမိကိုယ်ပေါ်မှာ ဘာ အဝတ်အစားမှ မရှိ။ အဝတ်အစား အပြည့်အစုံ ဝတ်ထားလျှင် အနုပညာ မြောက်သည့်ပုံပင် ဖြစ်သည်။ ယခု အဝတ်အစား မပါသောပုံ ဖြစ်သဖြင့် အနုပညာပျက်ကာ အကြည့်ရအမြင်ရ ရိုင်းစေပြန်သည်။

ထိုအကြောင်းများကြောင့် ဤပုံများကို ထည့်ခွင့်ပြုရန် လက် တွန့်နေသည်။ ပက်ထရီရှာကပါ ဝင်ရောက် ကန့်ကွက်သောကြောင့် မိမိ ခွင့်မပြုသင့်တော့ကြောင်း သဘောရသည်။ ထိုအကြောင်းကိုမူ လောရင့် ရှိလာအား ဘာမှ ပြောမပြသေး။ မစဉ်းစားရသေးကြောင်း သာမန်မျှသာ ပြောပြသည်။

မွန်ရိုး ကွယ်လွန်ပြီး နောက်ရက်အနည်းငယ်အတွင်းမှာပင် ထိုပုံ များကို ပလေးဘွိုင်းမဂ္ဂဇင်းတွင် ထည့်ခွင့်မပြုကြောင်း၊ မထည့်ရန် မွန်ရိုးနှင့် မိမိတို့ သဘောတူခဲ့ကြကြောင်း၊ ထို့ကြောင့် ထိုအစီအစဉ်ကို ပယ်ဖျက် ပေးရန် ပက်ထရီရှာက ပလေးဘွိုင်းမဂ္ဂဇင်း ထုတ်ဝေသူ ဟက်ဖနာကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြားလိုက်သည်။ သို့ဖြင့် မွန်ရိုး ကွယ်လွန် သွားပြီးသည့်တိုင်အောင် ယင်းဓာတ်ပုံများကို ကမ္ဘာ့ပြည်သူများ မမြင် တွေ့လိုက်ကြရချေ။

"လောရင့်ရေ၊ ကျွန်မ ဆောက်ထားတဲ့ ညှော်ခန်းဆောင်လေး လိုက်ကြည့်ပါဦး"

ဆောက်လုပ်ပြီးစ ညှော်ခန်းဆောင်လေးရှိရာသို့ မွန်ရိုးက ခေါ် သွားသည်။ သူ့ညှော်ခန်းဆောင်ကလေးကို သူအလွန်သဘောကျနေသည်။ ဂုဏ်ယူမဆုံးလည်း ဖြစ်နေသည်။ တစ်နေ့တစ်နေ့ သည်အဆောင်ကလေး ကိုပင် အရိပ်တကြည့်ကြည့်ဖြင့် ကြည်နူးနှစ်သိမ့်နေရသည်။

"သုတ်ထားတဲ့ ဆေးတွေက မခြောက်သေးလို့ ဆေးနံ့ထွက်နေတဲ့ အတွက် တောင်းပန်ပါတယ်၊ ဒီအနံ့ ခံနိုင်ပါတယ်နော်"

"ရပါတယ် မာရီလင်၊ ကိစ္စ မရှိပါဘူး၊ ခင်ဗျား စိတ်ကူး အလွန် ကောင်းတယ်ဗျာ၊ သိပ်လှတာပဲ"

သူ့ ကြိုးပမ်းချက်ကလေးကို ချီးကျူးသောအခါ သူကျေနပ်ဝမ်းသာသွားသည်။ စိတ်ချမ်းသာသွားသည်။

"ဒါလေးနဲ့ပတ်သက်ပြီး ကျွန်မစိတ်ကူးထားတာတွေ အများကြီးပဲ၊ ဒါလေးပြီးရင် ကျွန်မ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေကိုဖိတ်မယ်၊ ဒီမှာ ဧည့်ခံပွဲကလေးတစ်ခုကို ပျော်ပျော်ပါးပါး လုပ်မယ်၊ အမှန်တော့ ကျွန်မ သူငယ်ချင်းမိတ်ဆွေတွေအတွက် ဒါလေးဆောက်တာပဲ၊ ဖိတ်မယ့်လူတွေ စာရင်းတောင် ကျွန်မ ရေးထားပြီ၊ အဲဒီ စာရင်းထဲမှာ လောရင့်လည်း ပါပါတယ်၊ လာဖြစ်အောင် လာနော်၊ နေဦး . . . နေဦး ကျွန်မ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ သိလား"

"ဆိုပါဦး"

"ကျွန်မ တစ်ယောက်တည်း မနေတတ်လို့ပေါ့ရှင်၊ တစ်ယောက်တည်း နေရတဲ့ ဒုက္ခဟာ ဘယ်လောက်ကြီးတယ်ဆိုတာ ကိုယ်တိုင် ကြုံဖူးတော့မှ လူတွေ သိကြမှာ၊ ကျွန်မက ကိုယ်တိုင် ကြုံနေခံစားနေရတဲ့လူ၊ ဒါကြောင့် သူငယ်ချင်းတွေကို ဒီမှာ ထားမယ်၊ သူတို့ ပျော်သလောက်နေခိုင်းမယ်၊ အထီးကျန်ဖြစ်နေတဲ့ ကျွန်မ ဘဝကနေ ပြန်လည် လွတ်မြောက်အောင် ကိုယ့်ဘဝကိုယ် တည်ဆောက်ယူဖို့ ကြိုးစားတာပါပဲရှင်"ဟု သူ့အစီအစဉ်များကို စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

ထိုသို့ ပြောစဉ်က မွန်ရိုးမျက်နှာပေါ်တွင် စောစောက ရှိခဲ့သည့် ပျော်ရွှင်ဟန်များမှာ ပျောက်ကွယ်သွားသည်။ သူ့မျက်လုံးများ ရီဝေကာ ဝမ်းနည်းကြေကွဲရိပ်များ သန်းလာသည်ကို လောရင့် သတိထားမိသည်။

လောရင့် ပြန်သွားသောအခါ မွန်ရိုးသည် သူ့ဓာတ်ပုံခန်းထဲသို့ ဝင်ပြီး ဗီလျံဝုဒ်ဖီး ရိုက်ထားသည့် ဓာတ်ပုံများကို တစ်ပုံပြီးတစ်ပုံ ကြည့်နေသည်။ လောရင့် ရိုက်သည့်ပုံများကို ပလေးဘွိုင်းမဂ္ဂဇင်းတွင် အသုံးပြုခွင့် မပေးနိုင်လျှင် အခြား ကြည့်ပျော် ရှုပျော်ရှိသည့်ပုံများကို ရွေးချယ်ခွင့် ပြုနိုင်ရန် ဖြစ်သည်။

သို့သော်လည်း သူ့စိတ်တိုင်းကျ တစ်ပုံမျှ မရ။ ထူးမခြားနားသော ပုံများသာ ဖြစ်နေသည်။ လွဲမှားသော နည်းလမ်းဖြင့် ယောက်ျားများကို ဖမ်းစားသည့်ပုံများသာ ဖြစ်နေသည်။ ထို ရှားရှားပါးပါးထဲမှ အတန်ငယ်

အင်္ဂလျော်သည့် ပုံတစ်ပုံကို တွေ့သည်။ နောက်ကျောဘက်မှ ရိုက်ထား သောပုံပင် ဖြစ်သည်။ မိမိ၏ တင်ပါးများကို အသားပေးရိုက်ထားသောပုံ ဖြစ်သည်။ အရုပ်အဆိုးကြီး မဟုတ်လှ။ သည်လောက်ဆိုလျှင် ခွင့်ပြုနိုင် လောက်သည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ဓာတ်ပုံနောက်ကျော ဘက်တွင် ပလေးဘွိုင်းမဂ္ဂဇင်းအတွက် ဟူသော စာတန်းကို ကန့်လန့် ဖြတ် ရေးလိုက်လေသည်။

မွန်ရိုး ကွယ်လွန်ကြောင်း ကြားသိရသည့် ညနေတွင် ယင်းပုံများ သည် လောရင့်နှင့် ဝုဒ်ဖီးတို့၏ ဓာတ်ပုံစတူဒီယိုတံခါးအောက်မှာ တွေ့ကြရ သည်။ စာအိတ်ထဲမှာ ထည့်ထားခြင်း ဖြစ်သည်။ စာအိတ်ကို ပိတ်မထား။ ဘာအမှတ်အသားမှ မပါ။ တံဆိပ်ခေါင်း ကပ်ထားခြင်းလည်း မရှိ။

ထိုသို့ စာအိတ်ထဲတွင် အကျအနထည့်ပြီး မိမိတို့ စတူဒီယိုသို့ ယင်း ဓာတ်ပုံများ ထူးဆန်းစွာ ရောက်လာခြင်းနှင့်ပတ်သက်၍ အဖြစ်မှန်ကို မည်သူမျှ မသိကြ။ ပတ်ထရီရှာကလည်း သူလာမပို့ပါဟု ပြောသည်။ အခြားသူများကလည်း ထိုဓာတ်ပုံကိစ္စနှင့်ပတ်သက်၍ လုံးဝ မသိပါဟု ပြောကြသည်။ သို့ဆိုလျှင် မာရီလင်မွန်ရိုး ကိုယ်တိုင် လာထားသွားခြင်း လော။ သူတို့ စတူဒီယိုသို့ မွန်ရိုး လာမည်ဆိုလျှင် တစ်ယောက်မဟုတ် တစ်ယောက်တော့ မြင်ဖို့ကောင်းသည်။ ယခု မည်သူကမျှ မွန်ရိုး လာသည် ကို မြင်သည်ဟု မပြောကြ။ ထိုနေ့က သူတို့နှစ်ယောက်စလုံးလည်း အပြင် သွားနေကြသည်။ စတူဒီယို အခန်းတံခါးကို ပိတ်ထားခဲ့သည်။

ယင်းဓာတ်ပုံများ ကိစ္စသည် ယနေ့ထက်တိုင်အောင် အဖြေမှန် ရှာဖွေမရနိုင်ကြဘဲ ရှိလေသည်။

ထိုနေ့ ညနေပိုင်းလောက်တွင် အိမ်ရှေ့မှ မော်တော်ကား တံခါး ပိတ်သံကို ကြားလိုက်ရလေသည်။ မွန်ရိုးက ရုပ်ဖိရောဘတ်လာသည်ဟု ထင်မှတ်ပြီး ပြတင်းပေါက်သို့ထသွားကာ ဖွင့်ကြည့်သည်။ သို့သော်လည်း ရောဘတ် မဟုတ်ဘဲ ဒေါက်တာဂရင်းဆန်း ဖြစ်နေသည်။ ထို့ကြောင့် တံခါး သွားဖွင့်ပေးလိုက်သည်။

ဒေါက်တာဂရင်းဆန်းသည် ယခုလို စောစောစီးစီး လာဖူးခြင်း မရှိ။ ယနေ့မှ လာနေကျ အချိန်ထက်စောပြီး ရောက်လာခြင်း ဖြစ်သည်။

လူနာပါးချိန် ဖြစ်သောကြောင့် အေးအေးဆေးဆေး စကားပြောနိုင်ရန်လာခြင်း ဖြစ်သည်ဟု ဆိုသည်။ မွန်ရိုးကို အေးအေးဆေးဆေး အချိန်ယူတာစမ်းသပ်ပြီး စကားပြောနေသည်။

ထိုအချိန်က ရောဘတ်သည် သူ့စတူဒီယိုမှာရှိနေပြီး ရှူပတ်အေလင်နှင့် တယ်လီဖုန်းစကားပြောနေခိုက် ဖြစ်သည်။ ရှူပတ်အေလင်သည် ယခင်က မွန်ရိုး၏ သတင်းစာ ဆယ်သွယ်ရေးတာဝန်ခံအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ယခင်က လွတ်ခ်မဂ္ဂဇင်း၏ ဖျော်ဖြေရေးအယ်ဒီတာ ဖြစ်သည်။ မွန်ရိုးနှင့် စိတ်သဘောချင်း မတိုက်ဆိုင်သောကြောင့် လမ်းခွဲခဲ့ကြသည်။ သို့သော်လည်း သူတို့ချင်းသည် မိတ်ဆွေများအဖြစ်နှင့်မူ ဆက်ဆံနေကြဆဲပင် ဖြစ်သည်။

"ခင်ဗျား လိုက်ဖ်မဂ္ဂဇင်း ဖတ်ပြီးပြီလား"

ဟု ရောဘတ်က အေလင်ကို လှမ်းမေးသည်။ အေလင်က မဖတ်ရသေးကြောင်း ပြန်ပြောသဖြင့် မြန်မြန်ဖတ်ဖို့ ရောဘတ်က တိုက်တွန်းသည်။

လိုက်ဖ်မဂ္ဂဇင်းတွင် ရစ်ချတ်မယ်ရီမန်ရေးသော မွန်ရိုးအကြောင်း ဆောင်းပါးများပါသည်။ မယ်ရီမန်သည် မွန်ရိုးနှင့် တွေ့ဆုံ မေးမြန်းကာ မေးမြန်းချက်များကို တိပ်ခွေများဖြင့် အသံသွင်းယူသွားပြီး နောက် တွေ့ဆုံမေးမြန်းချက် ဆောင်းပါးအဖြစ် ပြန်လည်ရေးခြင်း ဖြစ်သည်။

ထိုမဂ္ဂဇင်း ထွက်လာချိန်မှာပင် ဖတ်ရသူများက မွန်ရိုးကိုလှမ်းပြီး တယ်လီဖုန်းဆက်ကြသည်။ ရေးသူလည်း တော်ကြောင်း၊ ပြောသူလည်း ကောင်းကြောင်းဖြင့် ချီးကျူးကြသည်။

"ဒီဆောင်းပါးကိုဖတ်ရတာနဲ့တစ်ပြိုင်တည်း ကျွန်မဟာ ဘယ်လိုမိန်းမမျိုး ဖြစ်တယ်ဆိုတာ တစ်ခါတည်း ပေါ်သွားစေချင်တယ်။ အဲဒီလို ပေါ်လွင်လာအောင် ဘာတစ်ခုမှ မချွင်းမချန်ဘဲ အကုန်လုံးကို ကျွန်မကြိုးစား ပြောပြပါတယ်ရှင်" ဟု မွန်ရိုးက ပြန်ပြောလေ့ရှိသည်။

ထိုဆောင်းပါး၌ ဖတ်ရသူတိုင်း သဘောအကျဆုံးမှာ မွန်ရိုး၏ အတွေးအခေါ် ဖြစ်သည်။

*"ကျော်ကြားမှုနှင့်အောင်မြင်မှုကို ရှေးရှုကြိုးပမ်းနေရင်း ထိုသို့*

ကြိုးပမ်းသည့်အတိုင်းလည်း ရယူနေရင်းဖြင့် တစ်ပါတည်း ကျဆုံးရှုံးနိမ့်နေရခြင်းသည် လူ့ဘဝ ဖြစ်ပါသည်"

ဟူသော မွန်ရိုး၏ အယူအဆပင် ဖြစ်ချေသည်။

ရောဘတ်က ထိုအကြောင်းများ ပြောပြပြီး မွန်ရိုးနှင့် သွားရောက်တွေ့ဆုံဖို့ကောင်းကြောင်း၊တစ်ခါတစ်ရံ အလည်သွားခြင်းဖြင့် စိတ်သောကရောက်နေရသည့် မိန်းကလေးတစ်ဦး စိတ်သက်သာရာရစေနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းသည်။

"မလုပ်ပါနဲ့ဗျာ၊ ကျုပ်သွားတော့မှ အဟောင်းတွေ အသစ်ဖြစ်ပြီး ခေါင်းကိုက်လာလို့ ဆေးတွေသောက်ရပြီး ရောဂါ ရနေပါဦးမယ်၊ သူက ကျွန်တော့်ကို စိတ်ဆိုးချင်ဆိုးနေမှာ၊ ခင်ဗျားကြုံရင် ကျွန်တော့်ဆီ အလည်ခေါ်ခဲ့ပါဦးလား" ဟု ဖေလင်က ပြန်ပြောသည်။

တစ်ချိန်တည်းမှာပင် ဒေါက်တာဂရင်းဆန်းနှင့် မွန်ရိုးတို့သည် မွန်ရိုး၏ ဧည့်ခန်းထဲမှာ ထိုင်စကားပြောနေကြသည်။ဒေါက်တာဂရင်းဆန်းသည် စိတ်ရောဂါကုပါရဂူ ဖြစ်သောကြောင့် မွန်ရိုးနှင့် ထိုင်စကားပြောရင်း၊ သည်မိန်းကလေးစိတ်ထဲ၌ မည်သည့်ဝေဒနာများ ရှိနေကြောင်းကို စူးစမ်းရင်း စိတ်ရောဂါကုသသည့်နည်းဖြင့် ကုသနေခိုက် ဖြစ်သည်။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ မွန်ရိုးက ထမည်ပြုရာ ဒေါက်တာဂရင်းဆန်းက ထခွင့် မပြုဘဲ သူကိုယ်တိုင် သွားကိုင်သည်။ တစ်ဖက်က တယ်လီဖုန်းဆက်သူသည် ရပ်ဖ်ရောဘတ် ဖြစ်သည်။ တစ်နေရာတွင် ညစာ သွားစားမည်ဖြစ်ရာ မွန်ရိုးကို သူနှင့်အတူ ခေါ်သွားရန်အတွက် ဆက်ခြင်း ဖြစ်သည်။

"သူအခု ဒီမှာ မရှိဘူး" ဟု ပြောပြီး တယ်လီဖုန်းကို ဒေါက်တာဂရင်းဆန်းက ချထားခဲ့သည်။ မွန်ရိုးကို မိမိကုသနေဆဲအချိန် ဖြစ်သဖြင့် မည်သူနှင့်မျှ စကားပြောခွင့် မပေးနိုင်။ ရောဘတ်လည်း ဘာမှဆက်မမေးတော့ဘဲ ညစာစားရန် သူတစ်ယောက်တည်းပင် ထွက်ခွာသွားလေသည်။

ဒေါက်တာဂရင်းဆန်း ရောက်လာကတည်းက မွန်ရိုး၏ စိတ်လှုပ်ရှားမှုသည် ခါတိုင်းနေ့များနှင့်မတူဘဲ ယနေ့ ပိုမိုကြီးမားနေကြောင်း တွေ့ရလေသည်။ အိပ်ဆေးများနှင့် စိတ်ငြိမ်ဆေးများကို သူနှင့်ဒေါက်တာ

အိန်ဂျယ်ဘာတ်တို့ ညွှန်ကြားသည့်အတိုင်း မသောက်ဘဲ အတိုင်းအဆမရှိ ဝိုဝိုသောက်နေခြင်းကြောင့် ယခုလို ဖြစ်ရကြောင်း စစ်ဆေးတွေ့ရှိရသည်။

သည်မိန်းကလေးကို သည်အတိုင်းထား၍ မဖြစ်တော့။ ကြွစ်ကြပ်မတ်မတ်ဖြင့် ဆေးကို စနစ်တကျတိုက်မှ ဖြစ်တော့မည်။ ထိုသို့မှ မဟုတ်လျှင် မိမိတို့ မည်မျှပင် ကုသပေးနေသော်လည်း အရာထင်မည် မဟုတ်။ ရောဂါက သက်သာလာမည် မဟုတ်၊ အကောင်းဆုံးနည်းမှာ ဆေးရုံတင်ထားခြင်းသာ ဖြစ်သည်ဟု သဘောပေါက်လာသည်။ ထိုကဲ့သို့ ဆေးရုံတင်နိုင်အောင် လိုအပ်သည်များကို စီစဉ်ရဦးမည်။ ဒေါက်တာ အိန်ဂျယ်ဘာတ်နှင့် တိုင်ပင်ရဦးမည်။ သူ့ကို ဆေးရုံတင်မည် ဖြစ်ကြောင်း ပြောင်ဖွင့်ပြော၍ မဖြစ်သေး။ စိတ်ရောဂါဝေဒနာရှင်တစ်ဦးကို ကုသရသည်မှာ အလွန် သတိထားနိုင်မှ တော်ကာကျသည်။

"ပန္စီဖိတ်ကမ်းခြေရောက်အောင် ခရီးရှည်ကြီးတစ်ခု မော်တော်ကားမောင်းသွားပါလား၊ မင်း စိတ်သိပ်ရွှင်လန်းသွားမယ်၊ ဝေးနိုင်သမျှ အဝေးဆုံးထိ မောင်းပေါ့၊ မပျော်တော့မှ ပြန်လှည့်လာတာပေါ့၊ အဖော်လိုရင် သမီးဂျူဒီကို ခေါ်သွားမလား"

ခရီးရှည်ကြီးများ ကားမောင်းသွားရသည်ကို မွန်ရိုး သဘောကျပါသည်။ သို့သော်လည်း ထိုသို့ ဒေါက်တာဂရင်းဆန်း ပြောနေချိန်က သူ စိတ်မဝင်စားလှ။ သွားလိုစိတ်လည်း မရှိလှ။ တစ်ကိုယ်လုံး နွမ်းနယ်နေသောကြောင့် အိမ်ထဲမှ အိမ်ပြင်သို့ ထွက်ချင်စိတ် လုံးဝ မရှိအောင် ဖြစ်နေသည်။ ဒေါက်တာဂရင်းဆန်းသည် မွန်ရိုးနှင့် တစ်နာရီကျော်ကျော် ထိုင်စကားပြောပြီး လိုအပ်သည်များ ညွှန်ကြားကာ ပြန်သွားသည်။

မွန်ရိုးသည် တစ်အိမ်လုံးကို လှည့်လည်ကြည့်ရှုသည်။ အိမ်တွင်းရော အိမ်ပြင်ပါ ကြည့်ရှုပြီးသောအခါ ပန်းခြံထဲဆင်းပြီး သူ့ခွေးနှင့် ဆော့နေသည်။ သူ့လက်ထဲမှာ တင်းနစ်ဘောလုံးတစ်လုံးရှိသည်။ ထို ဘောလုံးကို ပစ်လိုက်၊ သူ့ အချစ်တော်ခွေးကလေးကကောက်ယူပေးလိုက်ဖြင့် မိနစ်အတော်ကြာ ကစားနေသည်၊ ထိုသို့ ကစားနေသည်ကို အိမ်နီးချင်းများက လှမ်းကြည့်ကြသည်။ မွန်ရိုးမျက်နှာ ပြုံးရွှင်နေသည်ကိုလည်း သတိထားမိကြသည်။

ညမှောင်ခါနီးတွင် မစ္စစ်မာရေး ဆင်းလာသည်ကို တွေ့သော အခါကျမှ သူ အကာစားရပ်သည်။ ခွေးကို သန့်ရှင်းပေးရန်နှင့် အစာ ကျွေးရန် မစ္စစ်မာရေးလက်သို့ အပ်လိုက်သည်။ သူလည်း အိမ်တွင်းသို့ ပြန်ဝင်လာသည်။ အိမ်ထဲ ရောက်သောအခါ တယ်လီဖုန်းခေါင်းလောင်း မြည်နေသံကို ကြားရသည်။ ကောက်ယူ နားထောင်သောအခါ တစ်ဖက်မှ ပြောသူသည် မိတ်ဆွေရှေ့နေတစ်ယောက် ဖြစ်သည်။

မိမိတို့နှင့်အတူ ညစာလာစားစေလိုကြောင်း၊ မိမိဇနီးသည် ခရီး သွားနေသော်လည်း မိမိတို့နှင့်အတူ အခြား မိန်းကလေးနှစ်ယောက် ရှိနေ ကြောင်း၊ ထို့ကြောင့် မိန်းမဖော်ရှိသဖြင့် လာစေလိုကြောင်း ဖိတ်ခေါ် ခြင်း ဖြစ်သည်။

မွန်ရိုးသည် သူ့စိတ်ကိုသူ မထိန်းနိုင်လောက်အောင် ဒေါသထွက် သွားသည်။ မိမိကို သက်သက် စော်ကားခြင်း ဖြစ်သည်ဟု ထင်မှတ်လိုက် သည်။ ထို့ကြောင့် တိုတိုတုတ်တုတ်နှင့် ပြတ်ပြတ်တောင်းတောင်းပြောကာ တယ်လီဖုန်းကို ပစ်ချခဲ့သည်။ အမှန်တော့ မွန်ရိုးကို မိတ်ဆွေရှေ့နေ တစ်ဦးက ရိုးရိုးသားသားပင် စေတနာဖြင့် ဖိတ်ခေါ်ခြင်း ဖြစ်သည်။

စိတ်ဂနာမငြိမ် ဖြစ်နေသည့် မွန်ရိုးက ရိုးရိုးသားသား ဖိတ်ခေါ် ခြင်းဟု မတွေးမိ။ မိမိကို တမင် စော်ကားခြင်း ဖြစ်သည်၊ မိမိ၏ လွတ်လပ် ခွင့်ကို တမင် နှောင့်ယှက်ခြင်း ဖြစ်သည်ဟု ထင်သွားသည်။ ထိုသို့ ရှေ့နေ ထံမှ တယ်လီဖုန်းလာပြီး ခဏအကြာ သူ့မိတ်ဆွေတစ်ယောက် တယ်လီဖုန်း လှမ်းဆက်သည်နှင့် ကြုံနေရာ ထိုမိတ်ဆွေကို ထိုအကြောင်း ပြန်ပြောပြ သည်။ ထိုမိတ်ဆွေနှင့်စကားပြောသည်အထိ မွန်ရိုး၏ အသံသည် ဒေါသ ကြောင့် ကတုန်ကယင် ဖြစ်နေသေးသည်။ ဘာမှ မကြီးကျယ်သော ထို အကြောင်းကလေးသည် မွန်ရိုး၏စိတ်ကို ပိုမို ချောက်ချားအောင် ဖန်တီး ပေးလေတော့သည်။

စောစောက ဒေါက်တာဂရင်းဆန်းနှင့် ထိုင်စကားပြောခဲ့သည့် အတွက် စိတ်သက်သာမှု များစွာ ရခဲ့သည်။ တည်ငြိမ်မှု များစွာ ရခဲ့သည်။ 'ဒေါက်တာဂရင်းဆန်း ပြန်သွားပြီးနောက်တွင် ခွေးတစ်ကောင်နှင့်ပန်းခြံထဲ မှာ ဆော့ကစားနေသည့်အတွက်လည်း စိတ်ချမ်းသာမှုကို ရခဲ့သည်။

သို့ကလို ရတောင့်ရခဲ ရရှိထားသည့် စိတ်တည်ငြိမ်မှုကလေး၊ စိတ်ချမ်းသာရွှင်လန်းမှုကလေးသည် ရှေ့နေ၏ ဖိတ်ခေါ်ချက်ကြောင့် လုံးဝ ပျက်ပြားသွားရလေတော့သည်။ ဆောက်တည်ရာ မရနိုင်လောက်အောင် ရောဂါတိုးလာချေတော့သည်။

ရှေ့နေ၏ တယ်လီဖုန်းလာပြီး နောက်ပိုင်းတွင်လည်း တယ်လီဖုန်း ခေါ်င်းလောင်းများသည် နာရီဝက်လျှင် တစ်ကြိမ်ကျလောက် မှန်မှန် မြည်လျက် ရှိသည်။ မိတ်ဆွေသူငယ်ချင်းများက အကြောင်းအမျိုးမျိုးဖြင့် ဆက်နေကြသည့် တယ်လီဖုန်းများ ဖြစ်သည်။

ရှပ်ရှင်မင်းသမီး မာရီလင်မွန်ရိုးဘဝတွင် ထိုတယ်လီဖုန်းများကလည်း တစ်ဒုက္ခ ဖြစ်သည်။ သူ၏ ကိုယ်ပိုင် လွတ်လပ်ချိန်ကလေးများသည် တယ်လီဖုန်းများကြောင့် ပျက်ပြား ဆုံးရှုံးခဲ့ရသည်သာ ဖြစ်သည်။ တစ်ယောက်တည်း အေးအေးချမ်းချမ်း နေလိုသည့်အခါများတွင် ထိုဆန္ဒကို တယ်လီဖုန်းခေါ်သံများက ဖျက်ဆီးပစ်စမြဲ ဖြစ်သည်။ အထီးကျန်ဘဝကို ငြီးငွေ့ပြီး အဖော်ရှာရသည့်အခါများတွင်မူ ထိုတယ်လီဖုန်းခေါ်သံတို့သည် သူ့အတွက် စိတ်ဖြေရာများ ဖြစ်နေပြန်၏။

သို့သော် တယ်လီဖုန်းဆက်သူတွေ များလွန်းတော့လည်း စိတ်ညစ်ရပြန်သည်။ တစ်ခါတစ်ရံ ညလုံးပေါက်လောက်နီးပါး တစ်ယောက်ပြီး တစ်ယောက် ဆက်နေသည်များကိုလည်း ကြုံရတတ်သည်။ ထိုသို့သော အခါများတွင် သူ့အဖို့ ကြီးစွာသော အနှောင့်အယှက် ဖြစ်ရတော့သည်။ ပြောကြသည့် အကြောင်းများကလည်း အရေးတကြီး အကြောင်းများ မဟုတ်။ ပေါက်ကရကိုးဆယ် ပြောကြရင်းဖြင့် အိပ်ကောင်းခြင်း မအိပ်ရအောင်၊ ငြိမ်းချမ်းစွာ နေရမည့် အချိန်ကလေးကို ဖျက်ဆီးပစ်ခြင်းသာလျှင် ဖြစ်သည်။ ထိုနေ့ညက တယ်လီဖုန်းဆက်သူများထဲတွင် သူ၏ဒုတိယ ယောက်ျား ဒီမက်ဂီယိုသား ဂျိုးလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

ဂျိုးက သူနှင့်မိန်းကလေးတစ်ယောက်တို့ စေ့စပ်ကြောင်းလမ်းထားရာ ယခု ထိုစေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်လိုက်ရပြီဖြစ်ကြောင်းများ ပြောပြသည်။

"ဂျိုးဟာ အရင် ကျွန်မသားပေါ့၊ မိန်းကလေး တစ်ယောက်နဲ့

စေ့စပ်ထားတာ၊ အခုတော့ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်လိုက်ပြီတဲ့၊ ဒါပေမယ့် သူ့အသံက စိတ်သောကရောက်နေရတဲ့ အသံမျိုး မဟုတ်ဘူး ဘာမှ မဖြစ်သလိုဘဲ ကျွန်မကို ပြောပြနေတယ်၊ သူတကယ်ပဲ စိတ်မဆင်းရဲဘူးဆိုရင် ကောင်းပါတယ်၊ သူ့အတွက် ကျွန်မ စိတ်ချမ်းသာပါတယ်”ဟု တယ်လီဖုန်းချပြီးသောအခါ မစ္စစ်မာရေးဘက်သို့လှည့်ပြီး ပြောပြနေသည်။

ဒီမက်ဂီယိုနှင့် မွန်ရိုးတို့မှာ ကွာရှင်းပြတ်စဲပြီးခဲ့ကြသော်လည်း ဂျိုးနှင့် မွန်ရိုးသည် အဆက်အသွယ်မပြတ်။ ဂျိုးသည် မွန်ရိုးကို ချစ်ခင်သလို မွန်ရိုးကလည်း သူ့ကို သားအရင်းကဲ့သို့ ချစ်ခင်ခဲ့သည်။ မကြာခဏလည်း မွန်ရိုးထံ အလည်လာပြီး အတူနေထိုင်လေ့ ရှိသည်။ သူ့မှာ အကြောင်းကြီးငယ်ရှိလျှင်လည်း မွန်ရိုးကို ပြောပြတတ်သည်။

ဂျိုး တယ်လီဖုန်းဆက်သည့် အချိန်သည် ည (၈) နာရီခန့် ဖြစ်သည်။ သူတို့နှစ်ယောက် အတော်ကြာအောင် တယ်လီဖုန်းဖြင့် စကားပြောနေကြသေးသည်။ ထိုအချိန်တွင် မွန်ရိုး၏အမူအရာမှာ အေးချမ်းသလိုဖြစ်နေပြန်သည်။ မစ္စစ်မာရေးနှင့် စကားပြောနေသည်မှာလည်း ဘာမှ ထူးခြားပုံမပေါ်။ ပင်ပန်းနွမ်းနယ်ပြီး မျက်နှာမှာ အနည်းငယ် ကျနေသည်မှတစ်ပါး တည်တည်ငြိမ်ငြိမ်ပင် ဖြစ်သည်။

“ကဲ - ကျွန်မ အိပ်တော့မယ်နော်၊ ဂွတ်နိုက်”

ဟု ပြောပြီး သူ့အိပ်ခန်းထဲသို့ ဝင်သွားသည်။

သူ့အိပ်ခန်းထဲတွင် သာမန်ထက် ပိုမို ကြီးမားသည့် ခုတင်တစ်လုံးကို သူ့အိပ်ရာအဖြစ် ပြင်ဆင်ထားသည်။ အလှပြင်သည့် မှန်တင်ခုံရှိသည်။ အဝတ်အစား ချိတ်သည့် ချိတ်များ ရှိသည်။ အရက်ထည့်သော ဗီရို ရှိသည်။ အဝတ်အစားဗီရိုများ ရှိသည်။ အိပ်ရာဘေးမှာ သီးသန့် တယ်လီဖုန်းနှစ်လုံးနှင့် ခရီးဆောင်ဓာတ်စက် ရှိသည်။

မွန်ရိုး ဝင်သွားပြီး တစ်အောင့် ကြာသောအခါ ဓာတ်စက်ဖွင့်သံကို ကြားရသည်။ ဖရင့်စီနာထရာ၏ သီချင်းများ ဖွင့်နေသည်။ ဓာတ်စက်သည် သူ့ အိပ်ရာဘေး ကြမ်းပြင်ပေါ်မှာ ချထားသောကြောင့် အိပ်ရာပေါ်မှာ လှဲနေရင်း အလွယ်တကူ ဖွင့်နိုင် ပိတ်နိုင်သည်။

သီချင်း နားထောင်နေရင်းပင် စိတ်ကယောင်ချောက်ချား ဖြစ်

လာပြန်၏၊ အာရုံကြောများ မခံမရပ်နိုင်လောက်အောင် လှုပ်ရှားလာပြန်၏။ အရိုးအဆစ်များ ပြုတ်ထွက်ဟော့မတတ် ခံစားလာရပြန်၏။

ဝေဒနာကို မခံနိုင်တော့သည့်အဆုံးတွင် ဒေါက်တာဂရင်းဆန်းထံသို့ တယ်လီဖုန်း လှမ်းဆက်သည်။ သို့သော်လည်း ဒေါက်တာဂရင်းဆန်း အပြင်သွားနေသည်နှင့် ကြုံနေ၏။ ထို့ကြောင့် ဒေါက်တာအိန်ဂျယ်ဘတ်ထံသို့ တယ်လီဖုန်းဆက်ပြန်သည်။ သူလည်း အပြင်သွားနေသည်။

ဆရာဝန် နှစ်ယောက်စလုံးနှင့် လွဲနေသောအခါ ပက်ထရီရှာကို ဆက်ပြန်၏။ မွန်ရိုး ကံဆိုးရှာပါသည်။ ပက်ထရီရှာလည်း အိမ်မှာမရှိဘဲ အပြင်မှ ပြန်မရောက်သေးကြောင်း အကြောင်းပြန်ကြားချက်ကိုရသည်။

ထိုအချိန်မှာပင် စောစောက သူ့ကို ညစာစားရန် ခေါ်သည့် ရှေ့နေက သူ့ကို ဖုန်းဆက်ပြန်သည်။ မိမိ အိပ်ဆေးသောက်ထားသဖြင့် အိပ်တော့မည်ဟု ပြောပြီး တယ်လီဖုန်းကို မွန်ရိုးကပင် အရင်ချပစ်လိုက်သည်။ ယင်းရှေ့နေသည် ထိုမျှနှင့် မကျေနပ်နိုင်သေးဘဲ မစ်ကီရှုဒင်ထံသို့ လှမ်းပြီး တယ်လီဖုန်းဆက်သေး၏။ မွန်ရိုးကို ယနေ့ည အပြင်ထွက်ဖြစ်အောင် ခေါ်ပေးရန်၊ မိမိတို့နှင့် လာရောက် ပိုင်းဖွဲ့ရန် ပြောပေးဖို့ ဖြစ်သည်။ မစ်ကီရှုဒင်သည်လည်း အပြင်သွားနေသောကြောင့် သူတို့ချင်း မဆုံလိုက်။ ရှုဒင်သည် ဟောလီးဝုဒ်တွင်ရှိနေသော မွန်ရိုး၏ရှေ့နေ ဖြစ်လေသည်။

ထိုညက မွန်ရိုး နောက်ဆုံး တယ်လီဖုန်းဆက်သူမှာ ရပ်ဖ်ရောဘတ် ဖြစ်သည်။

သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ မခံမရပ်နိုင်အောင် ဖြစ်လာသဖြင့် တစ်ယောက်ပြီး တစ်ယောက်ကို ရှာသော်လည်း မည်သူ့ကိုမျှ မတွေ့ရ။ စိတ်ကလည်း ရှုပ်လှပြီ။ ဝေဒနာကလည်း ကြီးမားလှပြီ။ ယင်းအချိန်မှာပင် ယမန်နေ့က ရောဘတ်ကိုခေါ်ပြီး နှိပ်ခိုင်းသဖြင့် သက်သာသွားသည့် အကြောင်းကို စဉ်းစားမိသည်။ ထို့ကြောင့် ရောဘတ်ထံ လှမ်းဆက်ခြင်း ဖြစ်သည်။

ကံဆိုးမကလေးသည် ကံဆိုးမြဲ ဆိုးပါသည်။

ရောဘတ်၏ တယ်လီဖုန်း လက်ခံစကားပြောသူက ရောဘတ် ညစာစားရန် ထွက်ခွာသွားကြောင်း၊ ယခုအချိန်အထိ ပြန်မလာသေး

ကြောင်း၊ မည်သည့်အချိန်တွင် ပြန်ရောက်မည်ကို မသိကြောင်းဖြင့် ပြန်ပြောသည်။

ရောဘတ်သည် မွန်ရိုးကို ညစာ အတူသွားစားဖို့ ခေါ်ရန် ညဦးပိုင်းက တယ်လီဖုန်းဆက်သေးသည်။ ဒေါက်တာဂရင်းဆန်းနှင့် တွေ့ပြီး မွန်ရိုး မရှိကြောင်း ပြောသဖြင့် သူတစ်ယောက်တည်း ထွက်သွားခဲ့သည်။ ဒေါက်တာဂရင်းဆန်းကလည်း မွန်ရိုး၏ စိတ်ဝေဒနာကို ကုသနေဆဲ ဖြစ်သောကြောင့် အခြားလူနှင့် စကားပြောခွင့် မပေးခဲ့ခြင်း ဖြစ်သည်။

"တယ်လီဖုန်းဆက်သူဟာ မိန်းမတစ်ယောက်ပါပဲ၊ သူ့အသံကို နားထောင်နေရတာ အင်မတန် ဒုက္ခရောက်နေကြောင်း၊ စိုးရိမ်ထိတ်လန့်နေကြောင်း၊ဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားနေရကြောင်း သိသာလှပါတယ်။ ရောဘတ် မရှိဘူးဆိုတော့ ဘာမှ မပြောတော့ဘဲ တယ်လီဖုန်း ပြန်ချသွားတယ်၊ သူ ဘယ်သူလို့လဲ ပြောမသွားဘူး၊ သူ့တယ်လီဖုန်းနံပါတ်လည်း ပေးမသွားဘူး"

ဟု ရောဘတ်၏ တယ်လီဖုန်း လက်ခံစကားပြောသူက နောက်ပိုင်းတွင် ပြန်ပြောပြသည်။

မွန်ရိုး ကွယ်လွန်သောအခါ သူ့လက်တစ်ဖက်သည် တယ်လီဖုန်းစကားပြောခွက်ကိုကိုင်လျက်နှင့် အသက်ကုန်နေသည်ကို တွေ့ကြရသည်။ ထို့ကြောင့် သူ မကွယ်လွန်မီ သူနှင့် နောက်ဆုံး စကားပြောသွားရသောလူသားတစ်ဦးသည် ရောဘတ်၏ တယ်လီဖုန်းလက်ခံသူပင် ဖြစ်ရပေလိမ့်မည်ဟု ခန့်မှန်းကြသည်။

ကြေကွဲဝမ်းနည်းဖွယ် အဖြစ်အပျက်ကြီးနှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည်ဖြစ်သော မွန်ရိုး၏အိမ်သည် အလွန်တရာ တိတ်ဆိတ်နေသည်။ မစ္စစ်မာရေးကလည်း လုံးဝ အသံမမြည်အောင် ဂရုစိုက်နေသည်။ မွန်ရိုး အိပ်ရေးဝဖို့ အရေးကြီးသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ခွင့်ရဖို့ အရေးကြီးသည်။ နှစ်ခြိုက်စွာ အိပ်ရခြင်းသည် မွန်ရိုး အတွက် အကောင်းဆုံးသောအားဆေးပင် ဖြစ်သည်။ ဆရာဝန်များကလည်း ထိုအကြောင်းကို မစ္စစ်မာရေးအား သေချာစွာ မှာကြားထားသည်။

တစ်အိမ်လုံး အပ်ကျသံကြားရမလောက် တိတ်ဆိတ်နေဆဲမှာ

ပင် အမြင်ဘက်ခန်းရှိ မစွစ်မာရေးအနီးမှ တယ်လီဖုန်းခေါင်းလောင်း မြည် လာသည်။ တယ်လီဖုန်းခေါင်းလောင်းသံ ဆက်မမြည်အောင် ခပ်သုတ် သုတ် ပြေးကိုင်လိုက်သည်။ ခေါင်းလောင်းသံကြောင့် မွန်ရိုးကို အနှောင့် အယှက် ဖြစ်မည် စိုးရိမ်ရသေးသည်။

"မစွစ်မာရေးလား၊ ဒေါက်တာဂရင်းဆန်းပါ"

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်မ ဘာလုပ်ပေးရမလဲ"

"မာရီလင် နေကောင်းရဲ့လား၊ ဘာထူးခြားသေးသလဲ"

"ဘာမှ မထူးခြားပါဘူး ဒေါက်တာ၊ စောစောက ကျွန်မနဲ့ စကား လာပြောပြီး အိပ်တော့မယ်လို့ နှုတ်ဆက်သွားတယ်၊ တစ်အောင့်ကြာတော့ ဓာတ်စက်ဖွင့်ပြီး သီချင်းနားထောင်နေတာ ကြားရတယ်"

"အခု အိပ်နေသလား၊ ဘာလုပ်နေသလဲ"

"ခဏကိုင်ထားပါ ဒေါက်တာ၊ ကျွန်မ သွားကြည့်ပြီး ပြန်ပြောပါ့ မယ်"

မစွစ်မာရေးသည် တယ်လီဖုန်းကို ဘေး၌ထားခဲ့ကာ မွန်ရိုး၏ အခန်းသို့ လျှောက်လာခဲ့သည်။ ပိတ်ထားသော အိပ်ခန်းတံခါး၏အောက် ဘက်မှ မီးရောင် ထွက်နေသည်ကို မြင်တွေ့ရသည်၊ အတွင်းမှ ဘာသံမှ မကြားရသောကြောင့် မီးဖွင့်လျက်နှင့် အိပ်ပျော်နေသည်ဟု ထင်သည်။ ထို့ကြောင့် အိပ်ရေးပျက်သွားမည် စိုးရိမ်သဖြင့် တံခါးမခေါက်တော့ဘဲ တယ်လီဖုန်း ရှိရာသို့ ပြန်လာသည်။

"အိပ်ပျော်နေတယ် ဒေါက်တာ၊ မီးကိုတော့ သူပိတ်မထားဘူး၊ မပိတ်မိဘဲ အိပ်ပျော်သွားတယ်နဲ့တူတယ်၊ ကျွန်မ နှိုးပေးရမလား"

"နေပါစေ၊ နေပါစေ၊ မနှိုးနဲ့တော့၊ ဂွတ်နိုက်"

ဒေါက်တာဂရင်းဆန်း တယ်လီဖုန်း ပြန်ချသွားသည်၊ ညနေက မွန်ရိုးကို သူကြည့်ရသည်မှာ အားမရ၊ ရောဂါသည် ယခု တစ်ရက်နှစ်ရက် အတွင်း ပိုမို ဆိုးဝါးလာနေသည်ကို သူတွေ့ရသည်၊ ထို့ကြောင့်လည်း စိတ်မချသဖြင့် တယ်လီဖုန်း ပြန်ဆက်ခြင်း ဖြစ်သည်။ သူဆက်ချိန်သည် သန်းခေါင်တိုင်တော့မည် ဖြစ်သည်။

မစွစ်မာရေးလည်း ပြန်အိပ်သွားသည်။ သူအိပ်ရာမှ တစ်ရေးနိုး

သည့် အချိန်သည် နံနက် သုံးနာရီ ထိုးလုပြီ ဖြစ်သည်။ မွန်ရိုး၏ အခန်း ဘက်သို့ လှမ်းကြည့်လိုက်သောအခါ ယခုအချိန်တိုင်အောင် မီးပွင့်လျက် ရှိနေသေးသည်ကို တွေ့ရသည်။

ထို့ကြောင့် မွန်ရိုးအခန်းဆီသို့ လျှောက်သွားကြည့်သည်။ အတွင်းမှ မီးရောင်သည် စောစောကအတိုင်း တံခါးအောက်မှ ထိုးထွက်နေဆဲ ရှိသည်။ အတွင်းမှာလည်း တိတ်ဆိတ် ငြိမ်သက်နေသည်။ ဘာသံကိုမှ မကြားရ။စိတ်ထဲမှာ စနိုးစနောင့်နှင့် မသက်သာသလို ဖြစ်လာသည်။ ထို့ကြောင့် တံခါးကိုခေါက်ပြီး ခပ်တိုးတိုး ခေါ်ကြည့်သည်။ အတွင်းမှ ပြန်မထူး။ အသံ အနည်းငယ်မြှင့်ပြီး တံခါးကိုပါ ခပ်ပြင်းပြင်း ခေါက်ကာ ခေါ်ကြည့်သည်။ အတွင်းက ဘာမှ မတုံ့ပြန်။ မရသည့်အဆုံး အသံအကျယ်ဆုံးဖြင့် အကြိမ်များစွာ ခေါ်ကြည့်သည်။ တုတ်တုတ်မျှ မလှုပ်။

မစ္စစ်မာရေးသည် အိမ်တံခါးမကြီးကိုဖွင့်ကာ အိမ်ပြင်သို့ ထွက်လိုက်သည်။ အိမ်ဘေးမှ လှည့်သွားပြီး မွန်ရိုး၏အိပ်ခန်းအတွင်းသို့ ပိတ်ထားသော ပြင်သစ်တံခါးရွက်ကလေးများကြားမှ ချောင်းကြည့်လိုက်သည်။

သူမြင်တွေ့လိုက်ရသော မွန်ရိုး၏ပုံသဏ္ဌာန်မှာ ရိုးရိုးသားသား အိပ်ပျော်နေသည့်ပုံမျိုး မဟုတ်။ လက်တစ်ဖက်သည် ပျော့ပျောင်းစွာဖြင့် အိပ်ရာပေါ်သို့ ကန့်လန့်ဖြတ်ကျနေသည်။ကျန်လက်တစ်ဖက်က တွဲလောင်းကျနေရုံမက၊ ထိုလက်ထဲမှာပင် တယ်လီဖုန်း စကားပြောခွက်ကြီး ကိုင်လျက်သား ရှိသည်။ညဝတ်အင်္ကျီက ကိုယ်ပေါ်မှာ မလုံမလဲ ဖြစ်နေသည်။

အိပ်ဆေးအသောက်လွန်ပြီး အိပ်မောကျနေသလားဟု သူထင်သည်။ သူ့အိပ်ရာသို့ပြန်လာသည်။ တစ်စုံတစ်ယောက်နှင့် တယ်လီဖုန်း စကားပြောနေရင်း အိပ်ဆေးတန်ခိုး ပြလာသောကြောင့် တယ်လီဖုန်းကို နေရာတကျပြန် မထားနိုင်တော့ဘဲ အိပ်ပျော်သွားလေသလားဟု တွေးနေမိသည်။ သို့သော်လည်း သူမြင်နေရသော မြင်ကွင်းသည် သက်သာစရာ မဟုတ်။ အိပ်ဆေးကြောင့် မည်မျှပင် အိပ်မောကျနေသည် ဆိုစေကာမူ ပိမိ တကြော်ကြော် အော်ခေါ် နေခြင်းကြောင့် နိုးကိုနိုးရမည်။ ယခုလောက် အော်ခေါ်သော်လည်း မနိုးသည့်အတွက် တစ်စုံတစ်ခုဖြစ်ပြီဟု တွေးလိုက်မိသည်။

ချက်ချင်း တယ်လီဖုန်းဆီသို့ ပြေးသည်။ ဒေါက်တာဂရင်းဆန်းထံ ဆက်လိုက်သည်။ မိနစ်ပိုင်းအတွင်း ဒေါက်တာဂရင်းဆန်း ရောက်လာသည်။ အပြင်ဘက်မှထွက်ပြီး စောစောက ပြတင်းပေါက်မှ အတွင်းသို့ ချောင်းကြည့်ကြသည်။ မွန်ရိုးသည် စောစောကအတိုင်း ပုံမပျက်ပင် ရှိနေသည်။ ထို့ကြောင့် ယင်းပြတင်းပေါက်ကိုဖျက်ပြီး အိပ်ခန်းတွင်းသို့ ကျော်ဝင်ကြသည်။

**ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး အလှမကလေး မာရီလင်မွန်ရိုး ကွယ်လွန်ရှာပါပြီ။**

ဆိုးဝါးသော ဘဝတွင် အောင်မြင်မှုများ၊ ကျော်ကြားမှုများ၊ ရှုံးနိမ့်မှုများ၊ အပြုံးပန်းများ၊ မျက်ရည်စက်များဖြင့် ရှုန်းရင်းကန်ရင်း၊ လူးရင်းလွန့်ရင်းဖြင့်ပင် အထီးကျန်ဘဝဖြင့် မွန်ရိုး ကွယ်လွန်ရှာပါပြီ။

ဒေါက်တာအိန်ဂျယ်ဘတ်ကို တယ်လီဖုန်းဆက်ခေါ်လိုက်သည်။ မိနစ်ပိုင်းအတွင်း ရောက်လာသည်။

ဆရာဝန်နှစ်ယောက် သေချာစွာ စစ်ဆေး ကြည့်ရှုကြသည်။ မွန်ရိုး အမှန်တကယ် သေပြီဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး အတည်ပြုလိုက်ကြသည်။

နံနက် လေးနာရီ မထိုးမီ ရဲအဖွဲ့ဝင်များ ရောက်လာကြသည်။ အခန်း၏ အခြေအနေများ၊ ပတ်ဝန်းကျင်၏ အခြေအနေများကို စစ်ဆေးကြည့်ရှုသည်။ မွန်ရိုး၏အိပ်ရာပတ်လည်မှာ အိပ်ဆေးပုလင်းများ ပွစာကျဲနေသည်။ အချို့ ပုလင်းများသည် ဆေးတစ်ပြားမျှ မရှိတော့ဘဲ၊ အချို့ပုလင်းများသည် တစ်ဝက်တစ်ပျက်နှင့် လည်းကောင်း၊ အချို့သည် မဖောက်ရသေးဘဲ အသစ်အတိုင်း လည်းကောင်း မြင်တွေ့ကြရသည်။ ဖြစ်ပျက်ပုံ အစအဆုံး မေးသည်။

ကြီးမဲ့ကြေးနန်းအဖွဲ့မှ တပ်ကြပ်ကြီးဂျက်ကလီမွန်သည် အပြင်ခန်းရှိ တယ်လီဖုန်းဆီသို့ လာပြီး နံပါတ်တစ်ခုကို လှည့်လိုက်သည်။

"ဂျင်မီလား၊ ဂျက်ပါ၊ မာရီလင် ဆုံးသွားပြီ၊ ကိုယ် အခု သူ့အိမ်ကနေ ပြောနေတာ၊ အိပ်ဆေးလွန်သွားတာနဲ့တူတယ်။ ဆေးရုံပို့ပြီး ခွဲစိတ်ကြည့်မှ ပိုသေချာမယ်၊ ဒီအကြောင်းကို မင်း သိချင်မယ် ဆိုတာ သိလို့

ကိုယ်လှမ်းဆက်တာ၊ ဒါပါပဲ"

ဂျင်မီသည် မွန်ရိုး၏ ပထမခင်ပွန်း ဂျင်မီဒေါ်ဂါတီ ဖြစ်သည်။ သူသည် နောက်အိမ်ထောင်ဖြင့် လော့စ်အိန်ဂျယ်လိ ရဲတပ်ဖွဲ့သို့ ရောက်နေသည်။

သူသည် အိပ်ရာမှ ထလိုက်ပြီး မီးဖွင့်လိုက်သည်။ ဘေးခုတင်မှာ အိပ်နေသော ဇနီးဆီသို့ ထလာသည်။ တယ်လီဖုန်းလာကတည်းက သူ့ဇနီးလည်း နိုးနှင့်နေပြီ ဖြစ်လေသည်။ သူ့အနီးသို့ မရောက်မီမှာပင် အိပ်ရာမှ ထနှင့်ပြီး ဖြစ်နေသည်။

"ဘာဖြစ်တာလဲ ဂျင်မီ"

"နော်မာဂျိန်း ကောင်းရာသုဂတိ ရောက်ဖို့ ဆုတောင်းပေးပါ၊ အခု သူ ဆုံးသွားပြီ"

ဂျင်မီသည် ခုတင်စွန်းမှာ ထိုင်ရင်း ငိုင်နေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း များစွာသို့ သူ့အတွေးများ ပြန်ရောက်နေသည်၊ အလွန် လှပသည့်၊ ချစ်စရာကောင်းသည့် လောကအကြောင်း ဘာမှ မသိသေးသည့် နော်မာဂျိန်းကလေးကို သူ မြင်ယောင်နေသည်။ အထူးသဖြင့် ညကပွဲက အပြန် မြို့ပြင်ထွက်ပြီး ထင်းရှူးတောစပ်မှာ နှစ်ယောက်အတူ ကြည်နူးခဲ့ကြသည့်ညကို ပို၍ သတိရနေသည်။ ကလေးငယ်ကလေးလို ပျော်မြူးနေသည့် နော်မာ၏မျက်နှာကလေးကို ပြန်စဉ်းစားနေမိသည်။

ဖြူစင်ရိုးသားသော၊ လောကအကြောင်း မသိရှာသော ထိုနော်မာဂျိန်းကလေးသည် အောင်မြင်ကျော်ကြားသည့် ရုပ်ရှင်မင်းသမီး အဖြစ်နှင့် လျှမ်းလျှမ်းတောက်ရင်း တိတ်တဆိတ် ကွယ်လွန်သွားရရှာချေပြီတကား။

ရဲအဖွဲ့ဝင်များ အိမ်တွင်းမှာ လှည့်လည်စစ်ဆေးကြသည်၊ မွန်ရိုး၏ ရေချိုးခန်းအတွင်းသို့ ဝင်လိုက်သောအခါ အိပ်ဆေးပုလင်းများ၊စိတ်ငြိမ်ဆေးပုလင်းများကို အများအပြား မြင်တွေ့ရပြန်သည်။ သူ့အိပ်ရာ အနီးမှ ပုလင်းများကဲ့သို့ပင် အချို့လည်း တစ်ဝက်တစ်ပျက်၊ အချို့လည်း အပြည့်၊ အချို့လည်း ပုလင်းခွံများကို တွေ့ကြရခြင်း ဖြစ်သည်။

မွန်ရိုး၏ အိပ်ခန်းအတွင်းမှာ သူ့အတွက် တယ်လီဖုန်း နှစ်လုံးရှိသည်။ ထိုတယ်လီဖုန်းနံပါတ်များကို လူ (၆) ဦးထက် ပိုမသိ။

သူ့လက်ထဲမှ တယ်လီဖုန်းကို တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ကိုင်ထားသည်။ သူ့ကို ဆေးရုံသို့သယ်သွားရန် လက်ထဲမှ တယ်လီဖုန်းကို ဖြုတ်ကြသောအခါ တော်တော်နှင့် ဖြုတ်၍ မရ။ ထို့ကြောင့်လည်း တယ်လီဖုန်းကို ပြန်တင်ရန် ကြိုးစားရင်း အသက်ကုန်သွားသည်ဟု ယူဆကြသည်။

သူ့သတင်းသည် နာရီ အနည်းငယ်အတွင်း တစ်ကမ္ဘာလုံးသို့ ပြန့်သွားတော့သည်။ နိုင်ငံတကာမှ တယ်လီဖုန်းများ လာကြသည်။

"ဘာဖြစ်တာလဲ"

"ဘယ်လိုဖြစ်တာလဲ"

"သူ့ကိုယ်သူ သတ်သေတာမျိုးလား"

မေးခွန်းပေါင်းစုံ ဖြစ်ပါသည်။ပြင်သစ်၊ဂျပန်၊အီတလီ၊အင်္ဂလန်စသည်ဖြင့် မြောက်မြားစွာသော တိုင်းပြည်များမှ မေးမြန်းကြခြင်း ဖြစ်သည်။မရေမတွက်နိုင်လောက်သည့် ကြေးနန်းပေါင်း များစွာတို့သည်လည်း ရောက်လာမစဲ တသဲသဲ ဖြစ်နေသည်။

*ကျော်ကြားမှုနှင့် အောင်မြင်မှုကို ရှေးရှုကြိုးပမ်းနေရင်း၊ ထိုသို့ကြိုးပမ်းသည့်အတိုင်းလည်း ရယူနေရင်းဖြင့် တစ်ပါတည်း ကျဆုံးရှုံးနိမ့်နေရခြင်းသည် လူ့ဘဝ ဖြစ်ပါသည်။*

ဟု အတွေးအခေါ် တစ်ရပ်ကို တင်ပြခဲ့သူ မာရီလင်မွန်ရိုးသည် သူ့အတွေးအခေါ် မှန်ကန်ကြောင်း လက်တွေ့ပြသွားခြင်းပင် ဖြစ်သည်။

သေခြင်းတရားကို မည်သူမျှ မလွန်ဆန်နိုင်ပါတကား။

လော့စ်အိန်ဂျယ်လိဆေးရုံသို့ သူ့အလောင်းကို ယူသွားသည်။ မွန်ရိုးသည် သူ့ကိုယ်သူ သတ်သေသွားခြင်း ဖြစ်ကြောင်း၊ သတင်းစာများနှင့် ရုပ်မြင်သံကြားများ၊ ရေဒီယိုများက ရေးကြ၊ ပြောကြပြီ။

သို့သော် ခွဲစိတ်ပြီး စစ်ဆေးစမ်းသပ်ကြည့်သည့် ဆရာဝန်များ၏ ကောက်ချက်မှာ သူ့ကိုယ်သူ သတ်သေခြင်း မဟုတ်။ ရိုးရိုးသားသားပင် အိပ်ဆေး အသောက်လွန်ပြီး ကွယ်လွန်သွားခြင်းသာ ဖြစ်ပါသည်ဟု ဆိုသည်။ ထို ကောက်ချက်ကို ကြေညာသောအခါ ထိုပြဿနာ ပြီးပြေသွားသည်။ စောစောကတည်းက စိတ်ဝေဒနာကို ပြင်းထန်စွာ ခံစားနေခဲ့ရသည့် စိတ်ရောဂါရှင်တို့ ဖြစ်တတ်သည့် သဘောမျှပင်။

မွန်ရိုး ကွယ်လွန်သွားကြောင်း သိရသူများအနက် ဖြေမဆည်နိုင်ဆုံးသောသူမှာ ပက်ထရီရှာ ဖြစ်သည်။ ပက်ထရီရှာသည် မွန်ရိုး သေမည့်ညနေပိုင်းလောက်ကလေးအထိ သူနှင့်အတူ ရှိနေသည်။ သူ့ကို မပြန်ရန် အတန်တန် တားသည်။ တား၍ မရသည့်အခါတွင် မကြာခင် ပြန်လာခဲ့ပါဦးဟု အထပ်ထပ် မှာလိုက်သည်။ သူတို့နှစ်ယောက် ခွဲကြတော့ သူ့မျက်နှာမှာ ညှိုးမှိုင်းနေသည်၊ မျက်လုံးများမှာ ရီဝေနေသည်။ သူထွက်သွားရာသို့ မျက်စိတစ်ဆုံးအထိ ငေးမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ သို့သော်လည်း သူ့ကို မွန်ရိုး မမြင်။ ခတ်လှမ်းလှမ်းသို့ ရောက်မှ လက်ပြန်ပြသောအခါ မလှုပ်တော့။ သူတွေးချင်ရာ တွေးနေပြီး ငေးချင်ရာ ငေးနေပြီ။ အထီးကျန်ဘဝကို စိတ်နာစွာဖြင့် စိတ်ထိခိုက်သည့်ဒဏ်ကို ခံစားနေရပြီ။

"ကျွန်မသာ မပြန်ဘဲ ဒီည ဒီမှာအိပ်ဖြစ်ရင် မာရီလင် မသေပါဘူးရှင်၊ သူ့ဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါတယ်၊ ကျွန်မဆီ သူတယ်လီဖုန်းဆက်ချိန်မှာလည်း ကျွန်မက အိမ်မှာ မရှိဘူး။ ရှိနေလို့ သူနဲ့ စကားပြောရရင်လည်း တစ်မျိုးတစ်ဖုံတော့ ပြောင်းသွားနိုင်သေးတာပါပဲ"

ဟု သတင်းထောက်များကို ပြောပြသည်။

အများ ဖြစ်စေလိုသည့် အကြောင်းတို့သည် တစ်ခုမှ ဖြစ်မလာချေ။ အများ မျှော်လင့်သည့် အရာတို့သည် တစ်ခုမှ ပေါ်ပေါက်မလာချေ။

ပက်ထရီရှာသည်လည်း စိတ်ထိခိုက်ခြင်း ကြီးစွာဖြင့် မွန်ရိုး အလောင်း မြေမကျမီမှာပင် ဆောက်တည်ရာ မရဘဲ နယူးယောက်သို့ ထွက်ခွာသွားလေတော့သည်။ မွန်ရိုး သေရသည့်မြို့မှာ မနေချင်တော့ဟု ပြောပြီး ထွက်ခွာသွားခြင်း ဖြစ်လေသည်။

မရဏတရားကို မည်သူ တားဆီးနိုင်မည်နည်း။

* * *

## လူ့လောကမှ အပြန်ခရီး

အလှမကလေး နော်မာဂျိန်း၏ဘဝကို ပြန်စဉ်းစားကြည့်လျှင် ကြည်နူးချမ်းမြေ့ရမည့်အကြောင်း ဘာတစ်ခုမှ မတွေ့ရ။ သူစိမ်းတစ်ရံစာတို့၏ ထိန်းသိမ်း စောင့်ရှောက်မှုအောက်မှာ ရှုန်းရင်းကန်ရင်း။ မိဘမဲ့ကလေးများဂေဟာမှာ ငိုရင်း ရှိုက်ရင်း၊ အရွယ်ရောက်ပြီးသူ ယောကျ်ားသားကြီးတစ်ဦး၏ ရင်ခွင်တွင်းမှာ ကြောက်ရင်း လန့်ရင်း၊ အမိအဖ၏ မေတ္တာမိုးခေါင်သည့် ဘဝမှာ လွမ်းရင်း ဆွေးရင်းဖြင့် ရင်မောဖွယ်အတိတို့ ပြီးခဲ့ရသည်။

ဂျင်မီဒေါ် ဂါတီနှင့် လက်ထပ်ပြီးသည့်နောက် အိမ်တောင်သည့်မကလေးဘဝဖြင့် လှုပ်ရင်းရှားရင်း၊ ကမ္ဘာစစ်ဒဏ်ကို ခံစားနေရသည့် မိန်းမငယ်ကလေး ဘဝဖြင့် ငတ်ရင်း ပြတ်ရင်း။ ချစ်လင်နှင့် ကမ္ဘာတစ်ဝက်ခြားကာ တကွဲတပြား နေရသည့်ဘဝဖြင့် တမ်းရင်း တရင်း စိတ်မောဖွယ်ဘဝ ခရောင်းတော လမ်းကြမ်းကြမ်းကို ဖြတ်သန်းခဲ့ရသည်။

သည်ကစပြီး သူ့ဘဝသည် နားခိုရာ မရှိရှာတော့ပါ။ ဘဝခရောင်းတောကြမ်းကြမ်းထဲမှာ ဇရမ်းဇတာ ရှုန်းကန်လှုပ်ရှားခဲ့ရလေတော့သည်။

မြောက်မြားစွာသော ချစ်သူများနှင့် အသည်းနှလုံး ပြဿနာများ၊ မေတ္တာစစ်ပွဲများကို ပင်ပန်းတကြီး ဆင်နွှဲခဲ့ရသည်။

တစ်ယောက်ပြီးတစ်ယောက်သော ခင်ပွန်းသည်များနှင့် အသွင်မတူသည့် ကြင်သူ့ဘဝတွင် ဘဝခရီးဖော် လွန်ဆွဲပွဲများကို ကြုံတွေ့ခဲ့ရသည်။

မရေမတွက်နိုင်သော လုပ်ဖော်ကိုင်ဖက်များ၊ ဒါရိုက်တာများနှင့် အနုပညာရေးရာ ပဋိပက္ခများကို သူနိုင်ကိုယ်နိုင် ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။

မြင့်မားလှသည့် အောင်မြင်ကျော်ကြားမှုဒဏ်ကို မခံနိုင်ရှာဘဲ အထီးကျန်ဘဝသို့ ပြေးဝင်လိုက်၊ အထီးကျန်ဘဝမှ ပြေးထွက်ပြီး လူပေါင်းများစွာ၏ အလစ်မပေးသော မျက်လုံးပေါင်း သောင်းခြောက်ထောင် အောက်သို့ ရောက်လာလိုက်ဖြင့် ပဋာမြေလူး အရှုံးမီးပိုင်းဖြစ်ကာ စိတ်နားနေခွင့် ကင်းမေးခဲ့ရသည်။

ပြီးတော့ . . .

အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများ။ မှန်ပါသည်၊ သူ့ဘဝ အမောဒဏ်ကို ကြံ့ကြံ့ခံနိုင်သယောင်ယောင်နှင့် နောက်ဆုံး ဘဝနိဂုံးတိုင်အောင် သူ့ကိုပို့လိုက်သည့် အိပ်ဆေးနှင့် စိတ်ငြိမ်ဆေးများ။

(၃၆)နှစ်တည်း ဟူသော လူ့ဘဝ သက်တမ်းတစ်လျှောက်လုံးတွင် စိတ်နားနေခွင့်၊ ကိုယ်နားနေခွင့်ကို တစ်ချက်ကလေးမျှ မရလိုက်ရှာသည့် မိန်းမလှကလေး မာရီလင်မွန်ရိုး၏ ခန္ဓာကိုယ်သည် ယခု အနားယူခွင့် ကြုံပါပြီ။

လော့စ်အိန်ဂျယ်လိဆေးရုံ ရေခဲတိုက်အတွင်းရှိ ကျောက်စားပွဲပေါ်မှာ သူလဲလျောင်းရင်း အနားယူနေပါပြီ။

ရွှေရောင်ဆံပင်တို့သည် ပျောင်းညံ့နူးအိကာ ဖွာရရာ လွင့်ကျနေပါသည်။

သူ့တစ်ကိုယ်လုံးသည် အေးစက်နေပါသည်။

နှစ်ခြိုက်စွာ အိပ်ပျော်နေသည့်အလား သူ့မျက်လုံးများကို စုံမှိတ်ထားပါသည်။ နှုတ်ခမ်းအစုံတို့သည်လည်း အားပါးတရ ပြုံးလိုက်တော့မည်လို ထင်မှတ်ရပါသည်။

သူ့အလှသည် ထင်းထင်းကြီး ပေါ်လွင်နေသည်။ ကျောက်စားပွဲပေါ်မှာ မလှုပ်မယှက် ငြိမ်သက်နေသည့် သူ့မျက်နှာကလေးကို ငုံ့ကြည့်လိုက်မိလျှင် သူနှင့်ဝေးရာသို့ ထွက်မသွားချင်လောက်အောင် သူ့အလှက ဖမ်းစားနေတုန်းပင် ဖြစ်ပါသည်။

ပါးမို့ကလေးများသည် နှင်းဆီရောင်နှုတ်ခမ်းနှင့် အပြိုင်အဆိုင်

ပန်းနုရောင် မပြေးနိုင်တော့သော်လည်း ဖျော့တော့သော ပန်းနုရောင် လက်ကျန်ကိုမူ မြင်တွေ့နေရဆဲ ဖြစ်သည်။

အကြောစိမ်းစိမ်းများ မယှက်သန်းနိုင်တော့သော်လည်း ပြည့်ဖြိုးသည့်လည်တိုင်သည် ချောမွတ်တင်းရင်းကာ ထိရက်စရာမရှိအောင် လှပနေမြဲပင် ဖြစ်ပါသည်။

ပိတ်ကားပေါ်တွင် လူ့အလှ ပိုမို တောက်ရှုန်းစေရန် မိတ်ကပ်အလှ ခြယ်သပေးရသူ စနိုက်ဒါက မွန်ရိုး၏မျက်နှာကို နောက်ဆုံးအကြိမ်အဖြစ် စိတ်တိုင်းကျ အစွမ်းကုန် အလှပြင်ပေးသည်။ မျက်နှာကလေးက မစွန်းပစ်ရက်လောက်အောင် အလှကြီး လှလာပြန်သည်။

ရုပ်ရှင်ထဲမှာ လိုအပ်သည့် ဇာတ်ဝင်ခန်းများ အလိုက် အဝတ်အစားများ ပြုပြင်ပေးရသူ မာဂျိုပလက်ချာက မွန်ရိုး၏ ကိုယ်ပေါ်မှာ အလိုက်ဖက်ဆုံးသော အဝတ်အစားများကိုချုပ်ပြီး နောက်ဆုံး အနေဖြင့် ဝတ်ဆင်ပေးသည်။ သူ့ဘဝ တောက်ပြောင်ခဲ့သလို သူ့ခန္ဓာကိုယ်ကလေးသည်လည်း တောက်တောက်ပြောင်ပြောင် ဖြစ်သွားပြန်သည်။

သူ့ဇာတ်ကားမရိုက်မီ သူ့ဆံပင်အလှကို အမြဲတမ်း ပြင်ပေးခဲ့ရသူ အဂ္ဂနက်ဖလာနာဂန်က သူ့ဆံပင်ကို အစွမ်းကုန် အလှပြင်ပေးသည်။ နောက်ဆုံး နှုတ်ဆက်ခြင်းလည်း ဖြစ်သည်။ အသက်ဝင်နေသည့်အလားသူ့အလှက လှဲဝင်းလာပြန်သည်။

အလှမကလေးသည် ကျောက်စားပွဲပေါ်မှာ အစွမ်းကုန် လှပနေသည်မှာ မှန်ပါသည်။

သို့သော်လည်း လူ့လောကအတွင်းမှ ပြန်လည် ထွက်ခွာသွားရသည့် သူ့အပြန်ခရီးသည် မလှပပါ။ လူ့လောကအတွင်းသို့ သူဝင်ရောက်လာသည့် အလာခရီးတုန်းကလိုပင် ၊အရုပ်ဆိုး အကျည်းတန်လှသည်။ ကြေကွဲဝမ်းနည်းဖွယ် ကောင်းလှသည်။

ရဲအရေးပိုင်သော အမှု ဖြစ်သဖြင့် သေမှုသေခင်းအရ အမှုဖွင့်ခဲ့ရသည်။ ပြီးတော့မှ သေမှုသေခင်းအရပင် ထိုအမှုကို ပိတ်ခဲ့သည်။

သို့ကလို ရဲက အမှုဖွင့်ရသည့်အတွက် မာရီလင်မွန်ရိုး၏ ခန္ဓာကိုယ်မှာ ရဲအမှုတွဲအမှတ် (၈၁၁၂၈) နံပါတ်ပြားကြီးက တွဲလောင်း ချိတ်

လျက် အကျဉ်းတန် အရုပ်ဆိုးလွန်းစေတော့သည်။

ထို့ပြင် ပိုဆိုးသည်မှာ သူ့ဗျာပနာကိစ္စ ဖြစ်သည်။

မွန်ရိုး၏အလောင်းကို တာဝန်ယူ သဂြိုဟ်မည့် ဆွေရင်းမျိုးချာ မရှိကြောင်း၊ ထို့ကြောင့် ယခုအချိန်တိုင်အောင် မသဂြိုဟ်နိုင်သေးကြောင်း ဖြင့် ရေဒီယိုက မနားတမ်း အသံလွှင့် ကြေညာနေကြသည်။ သတင်းစာ များက အဆက်မပြတ် ရေးသားနေကြသည်။ ရုပ်မြင်သံကြားများကလည်း တကျော်ကျော် အော်နေကြသည်။

ထိုအကြောင်းကို ဖရင့်တေလာ ကြားသောအခါ နီးစပ်ရာများကို တယ်လီဖုန်းဆက်သည်။ စနိုက်ဒါကို တာဝန်ယူရန် တိုက်တွန်းသည်။ သို့သော်လည်း စနိုက်ဒါသည် မွန်ရိုးနှင့် သွေးသားတော်စပ်သူ မဟုတ်။ မွန်ရိုး၏ လခစားသာလျှင် ဖြစ်သည်။

နောက်ဆုံး ဖလော်ရီဒါမှာ ရှိနေသည့် ဘားနီးစ်မိုင်ရာကယ်နှင့် ဖရင့်တေလာတို့ အဆက်အသွယ် ရကြသည်။ ဘားနီးစ်သည် မွန်ရိုး၏ အမေတူ အဖေကွဲအစ်မ ဖြစ်သည်။ ဘားနီးစ်က မိမိ ချက်ချင်း လိုက်လာ မည် ဖြစ်ကြောင်း၊ မိမိ မလာမီ အသုဘကိစ္စများကို တစ်ယောက်ယောက် က တာဝန်ယူ ဆောက်ရွက်ပေးစေလိုကြောင်း အကြောင်းကြားသည်။

ထိုအချိန်မှာပင် ဒုတိယခင်ပွန်း ဒီမက်ဂီယို ရောက်ရှိလာသည်။ ဆောင်ရွက်ရန် ရှိသမျှ အားလုံးကို မိမိ တာဝန်ယူကြောင်း ပြောသည်။ ဘားနီးစ် ရောက်မလာမီ စပ်ကြား မိမိလုံးဝတာဝန်ယူကြောင်း ပြောသည်။

ထိုအခါကျမှပင် အလှမကလေး၏ လူ့လောကမှ အပြန်ခရီး သည် ချောချောမောမော ဖြစ်ရလေတော့သည်။

(၃၆) နှစ် တည်းဟူသော လူ့ဘဝသက်တမ်း တစ်လျှောက်လုံး စိတ်နားနေရာ၊ ကိုယ်နားနေရာ မရခဲ့ရှာသည့် ခရောင်းတော ခရီးကြမ်းမှ သူလွတ်မြောက်ပြီး နားခိုရာကို သူရပါပြီ။

သည်လိုဖြင့်ပင် လူအများကြားမှာ လှုပ်ရှားနေတတ်သော မာရီလင်မွန်ရိုးသည် လူအများကို ကျောခိုင်းကာ လူ့လောကမှ အပြီးတိုင် အပြန်ခရီးကို စခဲ့ချေသည်။

သို့သော် . . .

သူ့ရုပ်ပုံလွှာကား လူပေါင်း များစွာတို့၏ စိတ်အာရုံအတွင်းမှာ၊ အသည်းနှလုံးအကြားမှာ နှစ်ပေါင်း များစွာ ကြာသည့်တိုင်အောင် ကိန်းဝပ်စွဲမြဲ ကြီးစိုးနေဦးမည်သာ။

**အထောက်တော်လှအောင်**

သုဝဏ္ဏ၊
၁၉၇၄၊ အောက်တိုဘာလ-၂၃